ဟာဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး (အ်)

၏

ကုရ်အာန်သဖ်စီရ် (အှူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၁၈

အာယသ်တော် ၂၃ း ၁ မှ ၂၅ း ၂၀ အထိ

ပြန်ဆိုရေးသားတည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၁၈]
စူရာဟ် မုအ်မိနူန်
ယုံကြည်သူများ ကဏ္ဍ

၂၃ း ၁ မှ ၂၃ း ၁၁ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂
၂။ စူရာဟ်မုအ်မင်နံ၏ ထူးမြတ်မှုများနှင့် အာနိသင်များအကြောင်း ၃
၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄
၄။ فلاح (အောင်မြင်မှု) သည် မည်သည့်အရာများဖြစ်ပါသနည်း။ မည်သည့်နေရာ၌ ရှိပါသနည်း။ မည်သို့ ရရှိနိုင်မည်နည်း။ ၄
၅။ ပြည့်ဝသော မုအ်မင်နံ၏ ဂုဏ်ရည် (၇) မျိုးအပေါ် ဖော်ပြပါအာယသ်တော်များတွင် 'လောကီနှင့် လောကုတ္တရာ နှစ်ဌာနစလုံး၌ အောင်မြင်မှု ရရှိမည့် ကတိတော်' ထားရှိခြင်း ၇
၆။ နမာဇ်တွင် 'ခုရှုအ်' (တည်ငြိမ်မှု) ရှိရန် လိုအပ်သောအဆင့် ၈
၇။ ပြည့်ဝသော မွတ်စ္စလင်မ်၏ ဒုတိယဂုဏ်ရည် ၈
၈။ တတိယဂုဏ်ရည် ၉
၉။ စတုတ္ထဂုဏ်ရည် ၁၀
၁၀။ ပဉ္စမဂုဏ်ရည် ၁၁
၁၁။ ယုံကြည်၍ အပ်နှံမှုအပေါ် တာဝန်ကျေပွန်စွာ ဆောင်ရွက်ခြင်း ၁၁
၁၂။ ဆဌမဂုဏ်ရည် ၁၂
၁၃။ သတ္တမဂုဏ်ရည် ၁၃

၂၃ း ၁၂ မှ ၂၃ း ၂၂ အထိ

၁၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆
၁၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၆။	လူသားအား ဖန်ဆင်းခြင်း အဆင့် (၇) ဆင့်	၁၈
၁၇။	ဟာဇရသ်အိမ်နေအဖွားစ် ﷺ သခင်မှ အံ့ဖွယ်ဖြစ်ရပ်တစ်ခု	၁၉
၁၈။	လူသားအား ဖန်ဆင်းခြင်း၏ နောက်ဆုံးအဆင့် (သို့မဟုတ်) ဝိညာဉ်ထည့်သွင်းခြင်းနှင့် အသက်ရှင်သန်စေခြင်း	၂၁
၁၉။	'ရှုးဟ်ဟကီကီး' နှင့် 'ရှုဟ်ဟိုင်ဝါနီ'	၂၁
၂၀။	လူသားများအတွက် ရေရောက်ရှိစေသော တန်ခိုးတော်၏ အံ့ဖွယ်အစီအမံ	၂၄
	၂၃ း ၂၃ မှ ၂၃ း ၃၀ အထိ	
၂၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၀
၂၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၂
	၂၃ း ၃၁ မှ ၂၃ း ၄၁ အထိ	
၂၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၄
၂၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၆
	၂၃ း ၄၂ မှ ၂၃ း ၅၀ အထိ	
၂၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၈
	၂၃ း ၅၁ မှ ၂၃ း ၅၆ အထိ	
၂၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၁
၂၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၄၂
	၂၃ း ၅၇ မှ ၂၃ း ၆၂ အထိ	
၂၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၅
၂၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၄၆
	၂၃ း ၆၃ မှ ၂၃ း ၇၇ အထိ	
၃၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၅၀
၃၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

၃၂။ 'အေရှာဟ်' ပြီးနောက် ပုံပြင် ပြောဆိုခြင်းကို တားမြစ်ချက် လာရှိခြင်းနှင့် အထူး ညွှန်ကြားချက်များ ၅၅

၃၃။ မက္ကာဟ်သားတို့အပေါ်၌ ကပ်ဆိုက်ခြင်း အစားဝ်အပြစ်ဒဏ်နှင့် တမန်တော်မြတ် ﷺ ၏ ဆုမွန်ဒိုအာဖြင့် ၎င်းတို့၏ အစားဝ်အပြစ်ဒဏ်မှ ကင်းလွတ်ခြင်း ၅၇

၂၃ : ၇၈ မှ ၂၃ : ၉၂ အထိ

၃၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၁

၃၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၃

၂၃ : ၉၃ မှ ၂၃ : ၁၀၀ အထိ

၃၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၅

၃၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၆

၂၃ : ၁၀၁ မှ ၂၃ : ၁၁၅ အထိ

၃၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၂

၃၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၆

၄၀။ ဟာရှရ်ကွင်းပြင်၌ မုအ်မင်န်များနှင့် ကာဖိရ်တို့၏ကွာခြားမှုရှိသောအခြေအနေများ ၇၇

၄၁။ ကျင့်စဉ်များ ချိန်ဆွဲခြင်း၏ ပုံပန်းသဏ္ဌာန် ၈၀

၂၃ : ၁၁၆ မှ ၂၃ : ၁၁၈ အထိ

၄၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၃

၄၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၃

စူရာဟ်နူးရ်
ရောင်ခြည်တော်ကဏ္ဍ

၂၄ : ၁ မှ ၂၄ : ၂ အထိ

၄၄။ 'စူရာဟ်နူးရ်' ၏ ထူးခြားမှုအချို့ ၈၅

၄၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၆

၄၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၇
၄၇။ 'ဇေနော' သည် ကြီးမားသော ပြစ်မှုကြီးတစ်ခုဖြစ်၍ များစွာသော ပြစ်မှုတို့၏ ပေါင်းစုရာ အချုပ်ဖြစ်သောကြောင့် အစ္စလာမ်တွင် ၎င်း၏ အပြစ်ဒဏ်ကို အကြီးမားဆုံးအဖြစ် သတ်မှတ်ထားခြင်း ၈၇
၄၈။ ကြိမ်ဒဏ် (သားရေကျာပွတ်) အချက်တစ်ရာ ရိုက်ရန်ဟူသော ဖော်ပြပါအပြစ်ဒဏ်သည် အိမ်ထောင်သည်မဟုတ်သော အမျိုးသားနှင့် အမျိုးသမီးများအတွက်သာဖြစ်၍ အိမ်ထောင်ကျပြီးသော သူတို့၏အပြစ်ဒဏ်မှာ ခဲပေါက်၍ အပြစ်ပေးခြင်း ၉၁
၄၉။ အရေးကြီးသော သတိပေးချက်တစ်ရပ် ၉၉
၅၀။ 'ဇေနော'အမှုအတွက် အပြစ်ဒဏ်ပေးခြင်းတွင် အဆင့် (၃) ဆင့်ရှိခြင်းအကြောင်း ၉၉
၅၁။ အစ္စလာမ့်ဥပဒေတွင် ကြီးလေး ပြင်းထန်သည့် အပြစ်ဒဏ်ရှိခြင်းနှင့် ပြစ်မှုအတည်ဖြစ်ခြင်းအတွက် စည်းကမ်းသတ်မှတ်ချက်များကိုလည်း ပြင်းထန်စွာသတ်မှတ်ထားခြင်း ၁၀၀
၅၂။ အရေးကြီးသော သတိပေးခြင်းတစ်ရပ် ၁၀၀
၅၃။ အစ္စလာမ်သာသနာတွင် ပြစ်မှုများ၏အစဉ် လျှို့ဝှက်ဖုံးအုပ်ထားရန် အမိန့်ရှိထားသော်လည်း ပြစ်မှုသည် သက်သေထွက်ဆိုခြင်းဖြင့် အတည်ဖြစ်သွားပါလျှင်၊ အပြစ်ကျူးလွန်သူများအပေါ် ပြည့်ဝသော သေးသိမ်မှု ဖြစ်စေခြင်းသည်လည်း အဓိကအမြော်အမြင်အဖြစ် သတ်မှတ်ထားခြင်း ၁၀၁

၂၄ း ၃
၅၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၂
၅၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၃
၅၆။ 'ဇေနော' နှင့် စပ်လျဉ်းသော ဒုတိယအမိန့် ၁၀၃

၂၄ း ၄ မှ ၂၄ း ၅ အထိ
၅၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၈
၅၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၈
၅၉။ 'ဇေနော'နှင့် စပ်လျဉ်းသည့် တတိယအမိန့် ၁၀၈
၆၀။ မတရားစွပ်စွဲခြင်း၏ ပြစ်မှုကျူးလွန်ခြင်းနှင့် ထိုပြစ်မှုအပေါ် တရားတော်နှင့်အညီ အပြစ်ပေးခြင်း ၁၀၈

၆၁။	သံသယတစ်ခုနှင့် အဖြေ	၁၀၉
၆၂။	'မုဟ်ဆွနားသ်'သည် မည်သူများ ဖြစ်သနည်း။	၁၁၀
	၂၄ း ၆ မှ ၂၄ း ၁၀ အထိ	
၆၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၄
၆၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၄
၆၅။	'ဇေနာ'နှင့် စပ်လျဉ်းမှုများတွင် စတုတ္ထအမိန့်သည် لِعَان 'လိအာန်' ၏ အမိန့်ဖြစ်ခြင်း	၁၁၄
	၂၄ း ၁၁ မှ ၂၄ း ၂၆ အထိ	
၆၆။	အာယသ်တော်များ၏ ဆက်စပ်မှု	၁၂၇
၆၇။	စွပ်စွဲခြင်းဖြစ်ရပ်	၁၂၈
၆၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၃၀
၆၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၈
၇၀။	ဟဇရသ်စိဒ္ဒီကဟ်အာအေရှာဟ် ﷺ သခင်မ၏ အထူးမြင့်မြတ်မှုများနှင့် ပြည့်စုံသူဖြစ်ခြင်း၊ ၎င်းနောက် စွပ်စွဲခြင်းဖြစ်ရပ်မှ ကျန်ရှိသောအကြောင်းများ	၁၃၈
၇၁။	ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ ထူးခြားချက်အချို့	၁၄၄
၇၂။	အရေးကြီးသော သတိပေးခြင်းတစ်ရပ်	၁၅၁
၇၃။	သံသယတစ်ခုနှင့် အဖြေ	၁၅၃
၇၄။	မကောင်းမှုဒုစရိုက်များကို ပိတ်ပင်တားဆီးခြင်းဆိုင်ရာ ကုရ်အာန်ကျမ်းတော်မြတ်၏ အစီအမံနှင့် အရေးကြီးသော လုပ်ဆောင်ချက်တစ်ရပ်အား အလေးမမူ၊ မနှစ်သက်ခြင်း၏ အကျိုးဆက်သည် မျက်မှောက်ခေတ်၌ အရှက်ကင်းမဲ့မှုများ များပြားလာခဲ့ရခြင်း	၁၅၄
၇၅။	ဆွဟာဗာများအဖို့ မြင့်မားသော စာရိတ္တမွန်များအား သင်ကြားပေးခြင်း	၁၅၅
၇၆။	အရေးကြီးသော သတိပေးခြင်းတစ်ရပ်	၁၅၈
	၂၄ း ၂၇ မှ ၂၄ း ၂၉ အထိ	
၇၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၁
၇၈။	ပဋ္ဌမအမိန့်	၁၆၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၉။	ခွင့်တောင်းခြင်းနှင့် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရန် စည်းကမ်းချက်များ၊ တစ်ဦး တစ်ယောက်၏အိမ်သို့ ဝင်လိုလျှင် ဦးစွာ ခွင့်တောင်းခံရခြင်းအကြောင်း	၁၆၃
၈၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၄
၈၁။	ကုရ်အာန်ကျမ်းရှိ လူ့ယဉ်ကျေးမှု စည်းကမ်းများဆိုင်ရာ အခန်းကဏ္ဍတစ်ရပ်၊ တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံရန် သွားသောအခါ ဦးစွာပထမ အခွင့်ယူရမည်။ အခွင့်မရှိဘဲ တစ်ဦးတစ်ယောက်၏အိမ်တွင်းသို့ ဝင်ရောက်ခြင်းမပြုရ။	၁၆၄
၈၂။	အိမ်သို့ဝင်ရန် ခွင့်တောင်းခံခြင်း၏ အမြော်အမြင်နှင့် လျှို့ဝှက်ချက်များ	၁၆၄
၈၃။	ဝင်ခွင့်တောင်းခံခြင်းဆိုင်ရာ 'စွန္နသ်'ပုံသဏ္ဍာန်	၁၆၈
၈၄။	အရေးကြီးသော သတိပေးချက်	၁၇၁
၈၅။	ဝင်ခွင့်တောင်းခံခြင်းနှင့် စပ်လျဉ်းသည့် အချို့ဓမ္မသတ်များ	၁၇၆
၈၆။	တယ်လီဖုန်းနှင့် စပ်လျဉ်းသော အချို့ဓမ္မသတ်များ	၁၇၇
	၂၄ း ၃၀ မှ ၂၄ း ၃၁ အထိ	
၈၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၀
၈၈။	ဆဌမမြောက်အမိန့်	၁၈၀
၈၉။	အမျိုးသမီးများအဖို့ 'ပရ်ဒဟ်'လုံခြုံစွာ ဝတ်ဆင်ခြင်းဆိုင်ရာအမိန့်ပညတ်ချက်...	၁၈၀
၉၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၃
၉၁။	မကောင်းမှုလုပ်ရပ်များကို တားဆီး ပိတ်ပင်ခြင်းနှင့် သန့်ရှင်း စင်ကြယ်ခြင်းကို ထိန်းသိမ်း ကာကွယ်ခြင်း၌ အရေးပါသည့် အခန်းကဏ္ဍတစ်ရပ် ဖြစ်သော အမျိုးသမီးများ၏ 'ပရ်ဒဟ်'အကြောင်း	၁၈၃
၉၂။	အမွေးအမျှင် မပေါက်သေးသည့် ယောကျ်ားကလေးများအား ရည်ရွယ်လျက် ကြည့်ရှုခြင်းသည်လည်း ဤအမိန့်၌ပင် ပါဝင်ခြင်း	၁၈၆
၉၃။	'နေကာဟ်'ပြုပိုင်သော အမျိုးသမီးများအားကြည့်ရှုခြင်း 'ဟရာမ်'ဖြစ်ကြောင်း ရှင်းလင်းချက်	၁၈၆
၉၄။	'ပရ်ဒဟ်' ၏ အမိန့်မှ ဖယ်ထုတ် (မပါဝင်) ခြင်း	၁၈၈
၉၅။	သတိပြုရန်အချက်	၁၉၂
၉၆။	လက်ဝတ်လက်စားတို့၏ အသံကို 'နေကာဟ်' ပြုပိုင်သော အမျိုးသားများ အား ကြားစေခြင်း မပိုင်။	၁၉၆

စဉ်	အကြောင်းအရာ	စာမျက်နှာ

၉၇။ အမျိုးသမီး၏ အသံနှင့် စပ်လျဉ်းသည့် ဓမ္မသတ် ၁၉၇
၉၈။ အမျိုးသမီး၏အသံသည် ပင်ကိုယ်မူလအရပင် ဖုံးအုပ်ရမည့်အရာဖြစ်ပါသလော။ သူစိမ်းအမျိုးသားများအား အသံကြားစေခြင်း ပိုင်ပါသလော။ ၁၉၇
၉၉။ အမွေးအကြိုင်သုတ်လိမ်း၍ အပြင်ထွက်ခြင်း ၁၉၇
၁၀၀။ အလှဆင်ထားသည့် ဗွရ်ကအ်ကိုဝတ်၍ ထွက်ခြင်းသည်လည်း မပိုင်ကြောင်း ... ၁၉၈

၂၄ ႏ ၃၂ မှ ၂၄ ႏ ၃၃ အထိ

၁၀၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၀
၁၀၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၁
၁၀၃။ 'နေကာဟ်' ၏ ပညတ်ချက်အချို့ ၂၀၁
၁၀၄။ 'နေကာဟ်'ပြုခြင်းသည် 'ဝါဂျိဗ်'ဖြစ်ပါသလော။ (သို့)'စွန္နသ်'ဖြစ်ပါသလော။ (သို့) အခြေအနေ ကွဲလွဲသည့်အတိုင်း အမိန့်ကွဲလွဲမှုရှိပါသလော။ ၂၀၃
၁၀၅။ သတိပြုရန်အချက် ၂၀၈

၂၄ ႏ ၃၃

၁၀၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၉
၁၀၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၁၀
၁၀၈။ စီးပွားရှာဖွေခြင်းဆိုင်ရာ ပညာရပ်နှင့်စပ်လျဉ်းသော အရေးကြီးသည့် ဓမ္မသတ် တစ်ခုနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ စီရင်ဆုံးဖြတ်ချက် ၂၁၂

၂၄ ႏ ၃၄ မှ ၂၄ ႏ ၄၀ အထိ

၁၀၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၉
၁၁၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၄
၁၁၁။ 'နူရ်' (ရောင်ခြည်) အား ရှင်းလင်းခြင်း ၂၂၅
၁၁၂။ မုအ်မင်န်၏ 'နူရ်' (ဟောဒါယသ်) ၂၂၆
၁၁၃။ နဗီတမန်တော်မြတ် ﷺ ၏ 'နူရ်' ရောင်ခြည်တော် ၂၂၈
၁၁၄။ သံလွင်ဆီ၏ 'ဗရ်ကသ်' မင်္ဂလာတော်များ ၂၂၉
၁၁၅။ ဗလီဝတ်ကျောင်းတော်များသည် အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်များ ဖြစ်၍ ၎င်းအိမ်တော်များကို ရိုသေလေးစားရန်မှာ 'ဝါဂျိဗ်'ဖြစ်ခြင်း ၂၃၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၁၆။ ဗလီဝတ်ကျောင်းတော်များကို မြှင့်တင်ခြင်း (ရိုသေလေးမြတ်ခြင်း) ၏အဓိပ္ပာယ် ၂၃၁
ဗလီဝတ်ကျောင်းတော်၏ အချို့ထူးမြတ်မှုများ ၂၃၃
၁၁၇။ ဗလီနှင့် စပ်လျဉ်းသော စည်းကမ်းချက် (၁၅) ချက် ၂၃၅
၁၁၈။ အသျှင်မြတ်အား တသမှု၊ ကုရ်အာန်သင်ကြားမှုနှင့် သာသနာ့ပညာ သင်ကြားမှုများအတွက် သတ်မှတ်ထားသည့် နေရာများသည်လည်း ဗလီဝတ်ကျောင်းတော်များ၏ အမိန့်အတိုင်းဖြစ်ခြင်း ၂၃၆
၁၁၉။ أَذِنَ اللَّهُ أَنْ تُرْفَعَ တွင် اذن ဟူသော စာလုံးနှင့် စပ်လျဉ်း၍ အထူးအမြော်အမြင် ၂၃၆
၁၂၀။ ဆွဟာဗာတို့သည် များသောအားဖြင့် ကုန်သည် (အရောင်းအဝယ်) ပြုကြသူများ ဖြစ်ခြင်း ၂၃၈

၂၄ း ၄၁ မှ ၂၄ း ၄၅ အထိ

၁၂၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၂
၁၂၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄၃

၂၄ း ၄၆ မှ ၂၄ း ၅၄ အထိ

၁၂၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၇
၁၂၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅၀
၁၂၅။ အလိုဆန္ဒပြည့်ဝအောင်မြင်ရန် စည်းကမ်းချက် (၄) ရပ် ၂၅၁
၁၂၆။ အံ့ဖွယ်ဖြစ်စဉ်တစ်ရပ် ၂၅၁

၂၄ း ၅၅ မှ ၂၄ း ၅၇ အထိ

၁၂၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၃
၁၂၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅၅
၁၂၉။ အာယသ်တော် ကျရောက်လာခြင်းအကြောင်း ၂၅၅
၁၃၀။ ဖော်ပြပါ အာယသ်တော်အားဖြင့် 'ခုလဖာအေရာရှိဒီးန်' တို့၏ 'ခိလာဖသ်' ရာထူးနှင့် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံခြင်းခံရသူများဖြစ်ကြောင်း အထောက်အထား ၂၅၈

၂၄ း ၅၈ မှ ၂၄ း ၆၀ အထိ

၁၃၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၆၁

၁၃၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၃

၁၃၃။ ဆွေမျိုးရင်းချာနှင့် 'နေကာဟ်' မပြုပိုင်သူများအတွက် သီးသန့်အချိန်များတွင် 'ဝင်ခွင့်တောင်းခံခြင်း' ဆိုင်ရာ အမိန့်တော် ၂၆၃

၁၃၄။ ကုရ်အာန်ကျမ်းတော်မြတ်သည် စင်ကြယ်သန့်ရှင်းသော လူမှုဆက်ဆံရေးကို သင်ကြားပေးခြင်း ၂၆၈

၁၃၅။ အမျိုးသမီးအတွက် 'ပရ်ဒဟ်' အမိန့်၏ လေးနက်မှုနှင့် ထိုအမိန့်များအနက်မှ ထပ်မံ ဖယ်ထုတ်ခြင်းတစ်ခု ၂၆၈

၂၄ း ၆၁

၁၃၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၀

၁၃၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၁

၁၃၈။ အိမ်များတွင် ဝင်ရောက်ပြီးနောက် အချို့သော အမိန့်တော်များနှင့် လူမှုရေး စည်းကမ်းများ ၂၇၁

၂၄ း ၆၂ မှ ၂၄ း ၆၄ အထိ

၁၃၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၇

၁၄၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၉

၁၄၁။ နဗီတမန်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းကို အထူးပြု၍လည်းကောင်း၊ လူအများနှင့် သက်ဆိုင်သော ထိုင်ဝိုင်းအတွက်လည်းကောင်း၊ အချို့သော စည်းကမ်းများနှင့် အမိန့်ပညတ်ချက်များ ၂၇၉

၁၄၂။ အမေးအဖြေကဏ္ဍ ၂၈၀

၁၄၃။ သတိပြုရန်အချက် ၂၈၂

စူရာဟ်ဖုရ်ကာန်

အမှားအမှန် ခွဲခြားပေးသော ကဏ္ဍ

၂၅ း ၁ မှ ၂၅ း ၃ အထိ

၁၄၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၈၄

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၄၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၈၅

၁၄၆။ စူရာဟ်၏ ထူးခြားမှုများ ၂၈၅

၁၄၇။ ဖန်ဆင်းခံများအနက် အရာတိုင်းတွင် ထူးခြားသောလျှို့ဝှက်ချက်များရှိခြင်း ၂၈၆

၂၅ း ၄ မှ ၂၅ း ၉ အထိ

၁၄၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၈၈

၁၄၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၉၀

၂၅ း ၁၀ မှ ၂၅ း ၂၀ အထိ

၁၅၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၉၄

၁၅၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၉၈

၁၅၂။ အဖန်ဆင်းခံများတွင် လူနေမှုအဆင့် မတူညီခြင်းတို့သည် ကြီးမားစွာသော အမြော်အမြင် လျှို့ဝှက်ချက်အပေါ် မူတည်ခြင်း ၃၀၀

ပါရာ [၁၈]

စူရာဟ် မုအ်မိနူန်

ယုံကြည်သူများ ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قَدۡ اَفۡلَحَ الۡمُؤۡمِنُوۡنَ ①

၂၃ ： ၁ ။ ။ စကန်အလွဲ (အကြင်) မုအ်မင်န်သက်ဝင်ယုံကြည်သူတို့သည် အောင်မြင်ခဲ့ကြလေပြီ။

الَّذِيۡنَ هُمۡ فِىۡ صَلَاتِهِمۡ خَاشِعُوۡنَ ②

၂၃ ： ၂ ။ ။ ထို (မုအ်မင်န်သက်ဝင် ယုံကြည်) သူတို့သည် 'ဆွလားသ်' ဝတ်ပြုရာ၌ မိမိကိုယ်ကို ကျိုးနွံနှိမ့်ချသူများ ဖြစ်ကြကုန်၏။

وَالَّذِيۡنَ هُمۡ عَنِ اللَّغۡوِ مُعۡرِضُوۡنَ ③

၂၃ ： ၃ ။ ။ ၎င်းပြင် ထို (မုအ်မင်န်သက်ဝင်ယုံကြည်) သူတို့သည် အချည်းအနှီး အကျိုးမဲ့သော အမှုကိစ္စတို့မှ ရှောင်ဖယ်သူများလည်း ဖြစ်ကြကုန်၏။

وَالَّذِيۡنَ هُمۡ لِلزَّكٰوةِ فَاعِلُوۡنَ ④

။ ။ ထို့ပြင် ၎င်း (မုအ်မင်န်) သက်ဝင်ယုံကြည်သူတို့သည် 'ဇကားသ်' ပေးလှူခြင်းကိုလည်း လိုက်နာကျင့်သုံးကြကုန်၏။

وَالَّذِيۡنَ هُمۡ لِفُرُوۡجِهِمۡ حٰفِظُوۡنَ ⑤

။ ။ ထို့ပြင် ၎င်း (မုအ်မင်န်) သက်ဝင်ယုံကြည်သူတို့သည် (ကာမဂုဏ် ကျူးလွန်ခြင်းမှ) မိမိတို့၏ အရှက်အင်္ဂါများကို စောင့်စည်းထိန်းသိမ်းသူများလည်း ဖြစ်ကြကုန်၏။

إِلَّا عَلَىٰٓ أَزْوَاجِهِمْ أَوْ مَا مَلَكَتْ أَيْمَانُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ ۝٦

၂၃ : ၆ ॥ ॥ မိမိတို့ ဇနီးကြင်ရာများ၊ သို့မဟုတ် မိမိတို့၏ လက်ယာလက်များက (ရှရီအသ်တရားတော်အရ) ပိုင်ဆိုင်သော (တရားဝင်) ကျွန်မိန်းမများမှအပ (ယင်းကဲ့သို့ မိမိတို့၏ အရှက်အင်္ဂါများကို ၎င်းတို့က စောင့်ထိန်းခြင်း ဖြစ်၏။) အကြောင်းမူ (မိမိတို့၏ ဇနီးကြင်ရာများနှင့် မိမိတို့၏ တရားဝင် ကျွန်မိန်းမများကို သံဝါသပြုခြင်းကြောင့်) ၎င်းတို့သည် ပြစ်တင်ခြင်းခံထိုက်သူများ မဟုတ်ကြသောကြောင့်ပင် (ဖြစ်၏။)

فَمَنِ ابْتَغَىٰ وَرَآءَ ذَٰلِكَ فَأُولَٰٓئِكَ هُمُ الْعَادُونَ ۝٧

၂၃ : ၇ ॥ ॥ သို့ရာတွင် မည်သူမဆို ထို (ဇနီးကြင်ရာများနှင့် တရားဝင် ကျွန်မိန်းမများ) မှ ကျော်လွန်၍ (အခြားအမျိုးသမီး) ကို တောင့်တရှာဖွေသော သူတို့သည်သာလျှင် စည်းကမ်းကို ကျူးလွန်ကြသူများ ဖြစ်ကြကုန်၏။

وَالَّذِينَ هُمْ لِأَمَانَاتِهِمْ وَعَهْدِهِمْ رَاعُونَ ۝٨

၂၃ : ၈ ॥ ॥ ၎င်းပြင် ထို (မုအ်မင်န်သက်ဝင် ယုံကြည်) သူတို့သည် မိမိတို့ ယုံကြည်လွှဲအပ်ခြင်း ခံရသော တာဝန်များကိုလည်းကောင်း၊ မိမိတို့၏ ကတိဝန်ခံချက်များကိုလည်းကောင်း စောင့်ထိန်းသူများလည်း ဖြစ်ကြကုန်၏။

وَالَّذِينَ هُمْ عَلَىٰ صَلَوَاتِهِمْ يُحَافِظُونَ ۝٩

၂၃ : ၉ ॥ ॥ ထို့ပြင် ၎င်း (မုအ်မင်န်သက်ဝင် ယုံကြည်) သူတို့သည် မိမိတို့၏ 'ဆွလာသ်' ဝတ်ပြုမှု (တာဝန်) ကို ဂရုပြု (၍ မပျက်မကွက်) ဆောက်တည်ကြကုန်၏။

أُولَٰٓئِكَ هُمُ الْوَارِثُونَ ۝١٠

၂၃ : ၁၀ ॥ ॥ ထို (မုအ်မင်န်သက်ဝင် ယုံကြည်) သူတို့သည်ပင်လျှင် အမွေဆက်ခံမည့်သူများ ဖြစ်ကြကုန်၏။

الَّذِينَ يَرِثُونَ الْفِرْدَوْسَ هُمْ فِيهَا خَالِدُونَ ۝١١

၂၃ : ၁၁ ॥ ॥ ၎င်းတို့သည် 'ဖိရ်ဒေါက်စ်' (တည်းဟူသော 'ဂျန္နသ်' သုခဘုံ) ကို အမွေဆက်ခံကြရပေမည်။ ၎င်းတို့သည် ယင်း (ဖိရ်ဒေါက်စ် သုခဘုံ) တွင် အမြဲထာဝရ နေထိုင်စံမြန်းကြရမည့်သူများပင် ဖြစ်ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်အမှန် ထိုမုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် ('အာခိရေသ်' တမလွန်တွင်) အောင်မြင်ခဲ့ကြလေပြီ။ ၎င်းတို့သည် (မှန်ကန်သည့် ယုံကြည်ချက်များနှင့်တကွ အောက်ပါဂုဏ်ရည်များနှင့်လည်း ပြည့်စုံသူများ ဖြစ်ကြသည်။ ၎င်းတို့သည်ကား) မိမိတို့၏ နမာဇ်ဝတ်ပြုမှုများတွင် ('ဖွရဇ်' ဖြစ်စေ၊ 'ဖွရဇ်'

မဟုတ်သည့် နမာဇ်၌ဖြစ်စေ) ရိုက်ကျိုးမှုပြုကြသူများ ဖြစ်သည်။ ထို့နောက် ၎င်းတို့သည် အချည်းနှီး အကျိုးမဲ့ဖြစ်သော အချက်များ ပြောဆိုခြင်းမှ (စကားအားဖြင့်ဖြစ်စေ၊ လုပ်ရပ်အားဖြင့်ဖြစ်စေ) ရှောင်ဖယ်သူများဖြစ်ကြသည်။ ထို့နောက် ၎င်းတို့သည် (ကျင့်စဉ်လုပ်ရပ်များနှင့် စာရိတ္တတို့တွင်) မိမိတို့ကိုယ်မိမိ သန့်ရှင်းစင်ကြယ်အောင် ပြုသူများ ဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အရှက်အင်္ဂါများကို (မပြုပိုင်သောရာဂဖောက်ပြန်မှုများမှ) စောင့်ထိန်းသူများ ဖြစ်ကြသည်။ သို့သော် မိမိတို့၏ ဇနီးကြင်ရာများ (သို့) မိမိတို့၏ (တရားတော်အရ) ကျွန်မများဖြင့် (စောင့်စည်းထိန်းသိမ်းခြင်းကား မပြုကြပေ။) အဘယ်ကြောင့်ဆိုသော် ထိုသူတို့အပေါ် (ဇနီးနှင့် ကျွန်မများဖြင့် သံဝါသပြုခြင်းသည်) မည်သည့်ပြစ်တင် ရှုတ်ချရန်မျှမရှိသောကြောင့် ဖြစ်သည်။ သို့ရာတွင် ထိုသူမတို့မှအပ (အခြားတစ်နေရာတွင် (ရာဂဖောက်ပြန်မှုများ) ရှာဖွေခဲ့မှု ဤကဲ့သို့သော သူများသည် စည်းကမ်း (တရားတော်) ကို ချိုးဖောက်သူများ ဖြစ်ကြသည်။

ထို့ပြင် ထိုသူတို့သည် (ယုံကြည်၍ အပ်နှံမှုအား လက်ခံထားသည့်) အပ်နှံပစ္စည်းများကိုလည်းကောင်း၊ မိမိတို့၏ ကတိခံဝန်ချက်များကိုလည်းကောင်း၊ (မည်သည့်အလုပ်အတွက်ပင် ကတိပြုသည်ဖြစ်စေ၊ (သို့) ဤအတိုင်းပင် စတင်ပြုလုပ်သည်ဖြစ်စေ) စောင့်ထိန်းကြသူများပင် ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ (ဖွရ်ဇ်) နမာဇ်များ စွဲမြဲစွာ ဆောက်တည်ကြလေသည်။ ဤကဲ့သို့သော သူများသည်ပင် အမွေဆက်ခံသူများ ဖြစ်ကြပေသည်။ ထိုသူတို့သည် 'ဖိရ်ဒေါက်စ်' (ဟူသော 'ဂျန္နသ်'ဉယျာဉ်) ၏ အမွေဆက်ခံကြပေမည်။ ၎င်းတို့သည် ဤ 'ဖိရ်ဒေါက်စ်' တွင် အမြဲထာဝရ နေကြရပေမည်။

စူရာဟ်မုအ်မင်နိ၏ ထူးခြားမှုများနှင့် အာနိသင်များအကြောင်း

မုစ်နဒ်အဟ်မဒ်ကျမ်းတွင် ဖာရူးက်အအ်ဇမ်၊ အုမရ်ဗင်န် ခတ္တာဗ် ﷺ သခင်၏ ဆင့်ပြန်ချက်လာရှိသည်မှာ 'တမန်တော်မြတ် ﷺ အပေါ်၌ 'ဝဟီ'ကျရောက်လာလျှင် အနီး၌ ရှိသူတို့၏ နားများတွင်ပျားပိတုန်းတို့၏ အသံကဲ့သို့သော အသံများ ကြားကြရသည်။ တစ်နေ့သ၌ ကိုယ်တော်၏ အနီးတွင် ဤကဲ့သို့သော အသံကို ကြားကြရသည့်အခါ ကျွန်ုပ်တို့သည် အသစ်ကျရောက်လာမည့် 'ဝဟီ' နားထောင်ရတော့မည်ဟု စောင့်ဆိုင်းနေကြသည်။ 'ဝဟီ'ကျရောက်ခြင်း ပြီးဆုံးသွားသည့်အခါ တမန်တော်မြတ် ﷺ သည် 'ကိဗ်လာဟ်'ဘက်သို့ မျက်နှာမူ၍ ထိုင်လိုက်သည်။ ထို့နောက်

اَللّٰهُمَّ زِدْ نَا وَلَا تَنْقُصْنَا وَاَكْرِمْنَا وَلَا تُهِنَّا وَاَعْطِنَا وَلَا تَحْرِمْنَا

وَاٰ ثِرْنَا وَلَاتُؤْ ثِرْ عَلَيْنَا وَارْضَ عَنَّا وَاَرْضِنَا

'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးအား များမြောင်စွာ ပေးသနားတော်မူပါ။ လျော့နည်းအောင်ပြုတော်မမူပါနှင့်။ ကျွန်တော်မျိုး၏ ဂုဏ်သိက္ခာကို တိုးတက်စေတော်မူပါ။ သေးသိမ်စေခြင်း ပြုတော်မမူပါနှင့်။ ထို့အပြင် ကျွန်တော်မျိုးအား ချီးမြှင့်တော်မူပါ။ နဖူးစာမဲ့သူ ဖြစ်တော်မမူပါနှင့်။ ထို့နောက်

ကျွန်တော်မျိုးတို့အား အခြားသူများအပေါ် ထူးမြတ်မှု ပြုတော်မူပါ။ ကျွန်တော်မျိုးတို့အပေါ် အခြားသူများကို ထူးမြတ်မှုပြုတော်မမူပါနှင့်။ ကျွန်တော်မျိုးတို့အား နှစ်သက်လက်ခံတော်မူပါ။ ကျွန်တော်မျိုးတို့အား မိမိ၏ ကျေနပ်နှစ်သက်မှုဖြင့် ကျေနပ်နှစ်သက်စေတော်မူပါ'ဟု ဒိုအာဆုပန်တော်မူသည်။ ထို့နောက် မိန့်ကြားတော်မူသည်မှာ 'ကျွန်ုပ်အပေါ်သို့ ဤအချိန်၌ အာယသ်တော် (၁၀) ပါး ကျရောက်လာသည်။ ထိုအာယသ်တော်များအပေါ်၌ အပြည့်အဝ ကျင့်သုံးမှုပြုပါလျှင် ထိုသူသည် (ဖြောင့်မတ်စွာ) 'ဂျန္နသ်'သုခဘုံသို့ ဝင်ရမည်' ဟု မိန့်ကြားပြီး ထိုအာယသ်တော်များကို ဖတ်ကြားပြသတော်မူလေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ထို့နောက် နစအီသည် 'ကိသာဗွသ်သဖ်စီးရ်'ကျမ်းတွင် ယဇီးဒ်ဗင်နိဗာဗနူးစ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ ၎င်းက ဟဇရသ်အာအေရှာဟ် ﷺ သခင်မအား 'ကိုယ်တော်မြတ် ﷺ ၏ စာရိတ္တမွန်သည် အဘယ်ကဲ့သို့ပါနည်း။ အဘယ်အရာများ ဖြစ်ပါသနည်း'ဟု မေးရာ သခင်မက 'ကိုယ်တော်မြတ် ﷺ ၏ စာရိတ္တမွန်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှိသည်'ဟု ဖြေကြားပြီး ထိုအာယသ်တော် (၁၀) ပါးကို ဖတ်ရွတ်ပြလျက် 'ဤအာယသ်တော်များသည်ပင် ကိုယ်တော်မြတ် ﷺ ၏ စာရိတ္တတော် ဖြစ်ပေသည်'ဟု ပြောကြားလေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فلاح (အောင်မြင်မှု) သည် မည်သည့်အရာများဖြစ်ပါသနည်း၊ မည်သည့်နေရာ၌ ရှိပါသနည်း၊ မည်သို့ ရရှိနိုင်မည်နည်း၊

قَدْ اَفْلَحَ الْمُؤْ مِنُوْنَ

فلاح 'ဖလားဟ်'ဟူသော စာလုံးသည် ကုရ်အာန်နှင့် ဇွန္နသ် (ဟဒီးစ်) တို့တွင် မြောက်မြားစွာ အသုံးပြုလေ့ ရှိသည်။ 'အဇာန်'နှင့် 'အိကာမသ်'တွင် (၅) ကြိမ် အသုံးပြုလေ့ ရှိပြီး မွတ်စ္စလင်မ်များအား فلاح အောင်မြင်မှုဘက်သို့ ဖိတ်ခေါ်ရသည်။ فلاح 'ဖလားဟ်'၏ အဓိပ္ပာယ်မှာ ရည်ရွယ်ချက်တိုင်း ပြည့်စုံ၍ ဒုက္ခတိုင်းမှ ကင်းဝေးခြင်းဟု ဖြစ်သည်။ *[ကာမူးစ်ကျမ်း]*

ဤစာလုံးသည် တိုတောင်းမှုရှိသကဲ့သို့ နက်နဲပြည့်စုံမှု ရှိသည်မှာ 'လူတစ်ဦးသည် ထို့ထက်ပို၍ အရာတစ်ခု၏ လိုလားတောင့်တချက်ကို ပြုနိုင်ခြင်းပင် မရှိ'ဟု ဖြစ်သည်။ 'မပြည့်ဝ' ဟူသော ရည်ရွယ်ချက်တစ်ခုမျှ မရှိခြင်းနှင့် ဝေးကွာလွင့်ပြယ်ခြင်း မရှိသော ဒုက္ခတစ်ခုမျှ မရှိခြင်းတို့သည် ပြည့်ဝသော အောင်မြင်မှု ဖြစ်သည်မှာ ပေါ်လွင်ပေသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ဘုရင်၊ တစ်ကမ္ဘာလုံးကို စိုးပိုင်သော ဘုရင် (သို့) အကြီးဆုံးသော ရစူလ်တမန်တော်ဖြစ်စေ၊ ပြည့်စုံသောသူ မရှိနိုင်ပေ။ စိတ်မှ လိုလားတောင့်တမှု ဖြစ်သည်နှင့် မဆိုင်းမတွ ရရှိသောသူ၊ စိတ်နှင့် မတိုက်ဆိုင်သော အရာများ မကြုံဘူးသူဟူ၍ ဤကမ္ဘာ

တွင် မည်သူမျှ မရှိကြပေ။ အကယ်၍ မည်သည့်အချက်မှမရှိဟု ဆိုလျှင်လည်း 'စည်းစိမ်တိုင်းအတွက် ပျက်စီးဆုံးရှုံးသွားမည်' ဟူသော စိုးရိမ်စိတ်၊ 'ဒုက္ခများနှင့် ကြုံတွေ့ရမည်' ဟူသော စိုးရိမ်စိတ်တို့မှ မည်သူမှ လွတ်ကင်းသူဟူ၍ မရှိပေ။

ထိုအချက်ဖြင့် သိရှိရသည်မှာ 'ပြည့်ဝသော အောင်မြင်မှုဟူသည် ဤကမ္ဘာလောက၌ မရရှိနိုင်ပေ။ အကြောင်းမှာ ဤကမ္ဘာလောကသည် ဒုက္ခခံ ကြိုးပမ်းရသည့် ဌာနဖြစ်သောကြောင့်ပင် ဖြစ်သည်။' ဤကမ္ဘာလောကရှိ မည်သည့်အရာမျှ တည်မြဲကျန်ရှိမည့် အရာဟူ၍လည်း မရှိပေ။

အခြားလောက ကမ္ဘာတစ်ခု၌ ရရှိမည့် အရာ၏ အမည်မှာ 'ဂျန္နသ်' ဥယျာဉ်ဘုံနန်းဖြစ်သည်။ ထို 'ဂျန္နသ်'သည်ပင် လူသားအဖို့ လိုလားတောင့်တမှုတိုင်းကို အချိန်တိုင်း၌ မဆိုင်းမတွ ချက်ချင်း ရရှိပေမည်။

وَلَهُمْ مَّا يَدَّعُوْنَ

(ဆိုလိုသည်မှာ ၎င်းတို့ လိုလားတောင့်တသော အရာတိုင်း ရရှိပေမည်။) ထို့ပြင် ထို 'ဂျန္နသ်' တွင် မပြောပလောက်သော အသေးအဖွဲ့ သောက၊ ဒုက္ခများပင် ကြုံတွေ့ရမည် မဟုတ်။ လူတိုင်းသည် 'ဂျန္နသ်'အတွင်းသို့

اَلْحَمْدُ لِلّٰهِ الَّذِىْٓ اَذْهَبَ عَنَّا الْحَزَنَ اِنَّ رَبَّنَا

لَغَفُوْرٌ شَكُوْرُ ۨ الَّذِىْٓ اَحَلَّنَا دَارَ الْمُقَامَةِ مِنْ فَضْلِهٖ

ချီးမွမ်းထောမနာပြုခြင်းအပေါင်းတို့သည် အလ္လာဟ်အသျှင်မြတ်အတွက် ဖြစ်သည်။ ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့မှ သောကကို ဝေးကွာစေတော်မူခဲ့သည်။ မုချကေန် ကျွန်ုပ်တို့၏ အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ တန်ဖိုးသိတတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့နောက် ကျွန်ုပ်တို့အား မိမိ၏ ကျေးဇူးတော်ဖြင့် အရာရာကို တည်မြဲမှုရှိသော နေရာဌာနတစ်ခုသို့ ပို့ဆောင်ပေးတော်မူခဲ့သည်။ [၃၅ : ၃၄]

ဤအာယသ်တော်တွင် 'လောက၌ မည်သည့်သောက ဗျာပါဒမျှ မကြုံဖူးသူဟူ၍ မရှိသည့်အတွက် 'ဂျန္နသ်'၌ ခြေချသည်နှင့် လူတိုင်းသည် 'ယခု ကျွန်ုပ်တို့၏ သောကဗျာပါဒများ ကင်းဝေးသွားပြီ' ဟု ပြောဆိုသည့်အကြောင်းကို ညွှန်းဆိုချက်လည် ပါရှိပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် 'စူရာဟ်အအ်လာ'တွင် 'မိမိကိုယ်မိမိ အပြစ်ဒုစရိုက်များမှ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ကြကုန်' ဟူ၍ အောင်မြင်မှု ရရှိမည့် လမ်းညွှန်ကို ပြသထားတော်မူသည်။ ထိုအမိန့်နှင့်အတူ 'ပြည့်ဝသည့် အောင်မြင်မှု၏ နေရာသည် အဓိကအားဖြင့် တမလွန်ဖြစ်သည်။ လောကီရေးအပေါ် စွဲလွန်းနေမှုသည် အောင်မြင်မှုကို ရှာဖွေသူတို့၏ အလုပ်မဟုတ်ဟူ၍လည်း ညွှန်းဆို ပြသထားတော်မူသည်။ ထိုညွှန်းဆိုချက်၌ မိန့်ကြားတော်မူထားသည်မှာ-

بَلۡ تُؤۡثِرُوۡنَ الۡحَيٰوةَ الدُّنۡيَا وَالۡاٰخِرَةُ خَيۡرٌ وَّ اَبۡقٰى

ဆိုလိုသည်မှာ 'အသင်တို့သည် လောကီရေးရာများကို တမလွန်ရေးရာများအပေါ်၌ ဦးစားပေးကြသည်။ စင်စစ် တမလွန်သည် အကောင်းမြတ်ဆုံးလည်း ဖြစ်သည်။ (ထိုတမလွန်တွင် လိုလားမှုဟူသမျှ ရရှိပြီး ဒုက္ခအပေါင်းမှ ဝေးကွာစေနိုင်ပါသည်။) ထို့နောက် ထိုတမလွန်သည် အမြဲထာဝရ တည်ရှိနေမည်လည်း' ဖြစ်သည်။

အချုပ်ဆိုရသော် ပြည့်စုံကုံလုံသည့် အောင်မြင်မှုသည် 'ဂျန္နသ်'၌သာ ရရှိနိုင်သည်။ လောကသည် ထိုသို့ ရရှိမည့် နေရာမဟုတ်ပေ။ သို့ရာတွင် အများစု အဖြစ်အပျက် အခြေအနေများကို ထောက်ရှုခြင်းအားဖြင့် အောင်မြင်မှု ရရှိခြင်းနှင့် ဒုက္ခများမှ ကင်းလွတ်ငြိမ်းမှု ရရှိခြင်းကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန်များကို ချီးမြှင့်တော်မူထားသည်။ ဖော်ပြပါအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုဂုဏ်ရည် (၇) မျိုးနှင့် ပြည့်စုံသည့် မုအ်မင်န်များအား အောင်မြင်မှု ရရှိမည်ဟု ကတိပြုထားပါသည်။ ၎င်းတို့၏ အကြောင်းကို ဤအာယသ်တော်များတွင် ပါရှိပေသည်။ ဤအောင်မြင်မှုတွင် တမလွန်၏ အောင်မြင်မှုလည်း ပါဝင်သည်။ လောက၌လည်း ရရှိနိုင်သမျှ အောင်မြင်မှုလည်း ပါဝင်ပေသည်။

ဤနေရာတွင် မေးခွန်းတစ်ခု ဖြစ်ပေါ်လာနိုင်သည်မှာ 'ဖော်ပြပါ ဂုဏ်ရည်များရှိသည့် မုအ်မင်န် သက်ဝင် ယုံကြည်သူများအဖို့ တမလွန်တွင် ပြည့်ဝသည့် အောင်မြင်မှု ရရှိမည်ကိုမူ သဘောပေါက်ပေသည်။ သို့ရာတွင် လောက၌ အောင်မြင်မှုသည် ကာဖိရ်များအတွက် ဖြစ်နေပါသည်။ ခေတ်ကာလတိုင်းမှ နဗီတမန်တော်များနှင့် သူတော်စင်များသည် များသောအားဖြင့် ဒုက္ခများ၌ နစ်မွန်းခဲ့ရပါသည်' ဟု ဖြစ်သည်။

ထိုမေးခွန်း၏ အဖြေမှာ 'လောကတွင် မည်သည့်ဒုက္ခမျှ မရောက်ရှိစေဘဲ ပြည့်ဝသည့် အောင်မြင်မှု ရရှိမည်ဟု ကတိတော် ပြုမထားပေ။ ထိုမျှမက ဤလောကတွင် ဒုက္ခတစ်စုံတစ်ရာသည် ကောင်းမြတ်သူ၊ ပြစ်မှုရှောင်ကြဉ်သူများလည်း ကြုံတွေ့ခံစားရမည်။ ကာဖိရ်နှင့် ဆိုးယုတ်သူများလည်း တွေ့ကြုံခံစားရမည်မှာ မုချပင် ဖြစ်သည်။ အတိုင်းအတာတစ်ခုအထိ ကောင်းမြတ်သူနှင့် ပြစ်မှုရှောင်ကြဉ်သူဖြစ်စေ၊ ကာဖိရ်နှင့် ဆိုးယုတ်သူဖြစ်စေ၊ ရည်ရွယ်ချက်တစ်စုံတစ်ရာ ရရှိခြင်းသည်ပင် လိုလားတောင့်တမှု ရရှိခြင်းပင် ဖြစ်ပေသည်။ တစ်ဖန် ထိုအုပ်စုနှစ်စုတွင် မည်သူသည် အောင်မြင်မှု ရရှိသူ ဖြစ်ပါသနည်းဟု ဆိုရလျှင် ၎င်း၏ နိဂုံးချုပ် ရလဒ်ကို ထောက်ရှုရပေမည်။

လောက၌ အတွေ့အကြုံနှင့် သက်သေသာဓကများရှိသည်မှာ ပြုပြင်မှုများဖြင့် ထိုဂုဏ်ရည် (၇) မျိုးနှင့် ပြည့်စုံသူတို့သည် လောကတွင် အခိုက်အတန့်မျှ ဒုက္ခများနှင့် တွေ့ကြုံရပေမည်။ သို့ရာတွင် အဆုံးခန်းတွင် ၎င်းတို့၏ ဒုက္ခများမှာ လျင်မြန်စွာ ဝေးလွင့်သွားပေသည်။ လိုလားတောင့်တချက်များ ရရှိသွားကြသည်။ တစ်လောကလုံးက ၎င်းတို့အား လေးစားကြရသည်။ လောကတွင် ၎င်းတို့၏ အမည်ကောင်း ကျန်ရစ်ခဲ့သည်။ လောက၏ အဖြစ်အပျက်၊ အခြေအနေများအပေါ် သေချာကျနစွာ လေ့လာဆန်းစစ်နိုင်သမျှ ခေတ်ကာလတိုင်း၊ နေရာဒေသတိုင်းတွင် ထိုအကြောင်းများ၏ သက်သေသာဓကများကို တွေ့ရှိရမည်သာ ဖြစ်သည်။

ပြည့်ဝသော မုအ်မင်န်၏ ဂုဏ်ရည် (၇) မျိုးအပေါ် ဖော်ပြပါအာယသ်တော်များတွင် 'လောကီနှင့် လောကုတ္တရာ နှစ်ဌာနစလုံး၌ အောင်မြင်မှု ရရှိမည့် ကတိတော်' ထား၍ရှိခြင်း

ပထမဦးဆုံး ဂုဏ်ရည်မှာ မုအ်မင်န်ဖြစ်ရမည်ဟု ဖြစ်သည်။ သို့ရာတွင် ဤသည်မှာ အခြေခံ အချက်တစ်ခု ဖြစ်ခြင်းနှင့် ဥပဒေများအနက်မှ ဥပဒေတစ်ခု ဖြစ်သည်။ ၎င်းကို သီးခြားထား၍ ဂုဏ်ရည် (၇) မျိုးကိုသာ တင်ပြပါမည်။ ၎င်းတို့မှာ-

(၁) နမာဇ်အတွင်း၌ خشوع 'ခုရှုအ်' (တည်ငြိမ်မှု) ရှိခြင်း၊ 'ခုရှုအ်'၏ အဘိဓါန်အဓိပ္ပာယ်မှာ 'တည်ငြိမ်မှု' ဟု ဖြစ်သည်။ ရှရီအသ်၏ အသုံးအနှုန်းတွင် 'ခုရှုအ်'၏ အဓိပ္ပာယ်မှာ 'နှလုံးသား၌ တည်ငြိမ်မှုရှိခြင်း' ဟု ဖြစ်သည်။ (ဆိုလိုသည်မှာ နှလုံးသားတွင် အလ္လာဟ်မှအပ ကျန်အရာအားလုံး ကို ရည်ရွယ်လျက် မရောက်ရှိစေခြင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများသည်လည်း အလဟဿ၊ အချည်းနှီး ဖြစ်သော လှုပ်ရှားမှုများမှ ကင်းငြိမ်း တည်ငြိမ်စွာရှိခြင်း ဖြစ်သည်။) *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

အထူးသဖြင့် တမန်တော်မြတ် ﷺ က နမာဇ်အတွင်း မပြုရန် တားမြစ်ထားသည့် လှုပ်ရှားမှုများ နှင့် ဖိကာဟ်ပညာရှင်တို့က နမာဇ်အတွင်း 'မက္ကရူးဟ်'ဖြစ်စေသည့် အချက်များဟု ခေါင်းစဉ်တပ်၍ စုစည်းတင်ပြထားသည့် အရာများမှ ကင်းငြိမ်းတည်ငြိမ်ရန် ဖြစ်သည်။

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် 'ခုရှုအ်'နှင့် စပ်လျဉ်း၍ ဟဇရသ်အမရ်ဗင်န်ဒီနားရ်က ဤအတိုင်းပင် ဆင့်ပြန်ခဲ့သည်။ အခြားပညာရှင်များထံတွင် 'ခုရှုအ်'နှင့် စပ်လျဉ်း၍ ကွဲလွဲမှုအမျိုးမျိုးဖြင့် ဆင့်ပြန်ချက်များ လာရှိပေသည်။ အမှန်စင်စစ် ထို 'ခုရှုအ်'သည် နှလုံးသား၌ တည်ငြိမ်မှုနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ၌ လည်း တည်ငြိမ်မှုတို့၏ ရှင်းလင်းချက်ပင် ဖြစ်သည်။ ဥပမာ- ဟဇရသ်မုဂျာဟိဒ် (ရဟ) က 'အကြည့် နှင့် အသံကို နှိမ့်ချခြင်း၏ အမည်မှာ 'ခုရှုအ်' ဖြစ်သည်'ဟု ဆိုသည်။ ဟဇရသ်အလီ ؓ သခင်က လက်ဝဲ၊ လက်ယာဘက်သို့ အာရုံမရောက်စေခြင်း၊ ဆိုလိုသည်မှာ မျက်စိစောင်း၍ ကြည့်ရှုခြင်းမှပင် ရှောင်ကြဉ်ခြင်း' ဟု ဆိုသည်။ ဟဇရသ်အသ္ဘာက 'ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းဖြင့်မျှ ဆော့ကစားမှု မပြုခြင်းမှာ 'ခုရှုအ်'ဖြစ်သည်'ဟု ဆိုသည်။ ဟဒီးစ်တော်၌ ဟဇရသ်အဗူဇရ် ؓ သခင်က ဆင့်ပြန်ခဲ့သည် မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် နမာဇ်ဝတ်ပြုနေသည့် အချိန်တွင် မိမိ၏ ဇန္နာဟ်ကျေးကျွန်ဘက်သို့ ကောင်းစွာ အာရုံပြုနေတော်မူသည်မှာ ထိုနမာဇ်ဝတ်ပြုနေသူ ကျွန်လူသားသည် အခြားတစ်ဘက်သို့ အာရုံမပြုသရွေ့ ဖြစ်သည်။ အခြားတစ်ဖက်သို့ အာရုံပြု၍ (ဆိုလို သည်မှာ မျက်စိစောင်း၍ ကြည့်လိုက်သည့်အခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းဘက်မှ မျက်နှာကို လွှဲဖယ် တော်မူလိုက်သည်။ *[မဇ္ဇဟရီကျမ်း]*

တမန်တော်မြတ် ﷺ သည် ဟဇရသ်အနတ်စ် ؓ အား မိန့်တော်မူသည်မှာ 'မိမိ 'စဂျ်ဒဟ်' ဦးချမည့် နေရာကို အာရုံစူးစိုက်၍ ကြည့်ပါ။ နမာဇ်အတွင်း ဟိုဘက်၊ ဒီဘက် မကြည့်လေနှင့်။ *[ဗိုင်ဟကီကျမ်း]*

ဟဇရေသ်အဗူဟုရိုင်ရာဟ် ﷺ သခင်က ဆင့်ပြန့်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် နမာဇ်အတွင်း၌ မိမိ၏ မုတ်ဆိတ်ဖြင့် ဆော့ကစားနေသူတစ်ဦးအား တွေ့မြင်တော်မူပြီး

لو خشع قلب هذا لخشعت جوارحة

'အကယ်၍ ထိုသူ၏ စိတ်နှလုံးတွင်လည်းကောင်း၊ ၎င်း၏ ခန္ဓာကိုယ် အစိတ်အပိုင်းများတွင်လည်းကောင်း 'ခုရှုအ်' (တည်ငြိမ်မှု) ရှိမည်ဆိုလျှင် (ဤသို့ ပြုမည်မဟုတ်) ဟု မိန့်ကြားတော်မူလေသည်။

[မဇှ်ဟရီကျမ်း]

နမာဇ်တွင် 'ခုရှုအ်' (တည်ငြိမ်မှု) ရှိရန် လိုအပ်သော အဆင့်

အေမာမ်ဂဇာလီ၊ ကုရ်သုဗီနှင့် အခြားသော ပညာရှင်အချို့က မိန့်ဆိုကြသည်မှာ နမာဇ်တွင် 'ခုရှုအ်' သည် 'ဖွရဇ်' ဖြစ်သည်။ အကယ်၍ နမာဇ်တစ်ခုလုံးသည် 'ခုရှုအ်' မပါဘဲ ပြီးဆုံးသွားလျှင် ထိုနမာဇ်သည် ပိုင်မည်ပင် မဟုတ်ပေ။ အခြားသော ပညာရှင်တို့က 'ခုရှုအ်' သည် နမာဇ်၏ ဝိညာဉ်ဖြစ်သည်။ 'ခုရှုအ်' မပါသော နမာဇ်သည် အသက်မပါသည့် နမာဇ်ဖြစ်သည်ဆိုခြင်းမှာ သံသယမရှိဟု ဆိုကြသည်။ သို့ရာတွင် 'ခုရှုအ်' မရှိလျှင် နမာဇ်ပင် မပိုင်ဟု ဆို၍ ထိုနမာဇ်အား ပြန်ဖတ်ရန်အတွက် 'ဖွရဇ်' သတ်မှတ်ရန်ဖြစ်သော နမာဇ်၏ 'ရုကွန်' အဆင့် သတ်မှတ်ခြင်းကား မပြုနိုင်ပေဟု ဖြစ်သည်။

ဟဇရေသ်ဟကီမွလ်အွမ္မသ် (ရဟ) က ဗယာနုလ်ကုရ်အာန်ကျမ်းတွင် မိန့်ဆိုထားသည်မှာ 'ခုရှုအ်' သည် နမာဇ်ပိုင်ရန် မူတည်သော အချက်မဟုတ်ပေ။ ထိုအဆင့်အတွက် 'ခုရှုအ်' သည် 'ဖွရဇ်' မဟုတ်ပေ။ သို့ရာတွင် နမာဇ်လက်ခံခြင်းပြုရန် မူတည်ခြင်းနှင့် ထိုအဆင့်အတွက် 'ဖွရဇ်' ဖြစ်သည်။ သွဗ်ရာနီက မုအ်ဂျမ်ကဗီးရ်ကျမ်းတွင် 'ဟစန်' စနဒ်ဖြင့် ဟဇရေသ်အဗူဒရ်ဒါ ﷺ သခင်ထံမှ ဆင့်ပြန့်ခဲ့သည့် ဟဒီးစ်တော်တွင် 'ပထမဦးဆုံး ဤအွမ္မသ်အတွင်းမှ ရုပ်သိမ်းခြင်းခံရမည့် အရာသည် 'ခုရှုအ်' ဖြစ်သည်။ လူများတွင် 'ခုရှုအ်' ဖြင့် ဝတ်ပြုသူတစ်စုံတစ်ဦးကိုမျှ မတွေ့ရတော့သည့်အထိ ဖြစ်သွားပေမည်။'

ပြည့်ဝသော မွတ်စ္စလင်မ်၏ ဒုတိယဂုဏ်ရည်

ဤဂုဏ်ရည်မှာ အကျိုးမဲ့သော အချည်းအနှီးကိစ္စများမှ ရှောင်ကြဉ်ခြင်း ဖြစ်သည်။

وَالَّذِيْنَ هُمْ عَنِ اللَّغْوِ مُعْرِضُوْنَ

لَغْو ၏ အဓိပ္ပာယ်မှာ အချည်းနှီးဖြစ်သော စကားများ (သို့) လုပ်ရပ်များဖြစ်၍ ထိုကိစ္စများတွင် သာသနာရေးအကျိုး တစ်စုံတစ်ရာမျှ မရှိခြင်းဖြစ်သည်။ **لَغْو** 'လဂ်ဝ်' (အချည်းနှီးဖြစ်ခြင်း) ၏ အမြင့်ဆုံး အဆင့်မှာ အပြစ်ဒုစရိုက် ကျူးလွန်ခြင်း ဖြစ်သည်။ ထိုအဆင့်တွင် သာသနာရေးအကျိုးတစ်စုံတစ်ရာ မရှိခြင်းနှင့်အတူ သာသာသနာနစ်နာဆုံးရှုံးမှုသာ ရှိပေသည်။ ထိုလုပ်ရပ်မှ ရှောင်ကြဉ်ရန် 'ဝါဂျိဗ်' ဖြစ်သည်။ ထို 'လဂ်ဝ်' (အချည်းနှီးဖြစ်စေခြင်း) ၏ အနိမ့်ဆုံးအဆင့်မှာ အကျိုးလည်းမရှိ၊ ဆုံးရှုံးနစ်နာမှုလည်း

မရှိပေ။ ထိုလုပ်ရပ်အား စွန့်လွှတ်ခြင်း၏ အနိမ့်ဆုံးအဆင့်မှာ ချီးမွမ်းထိုက်သည့် အဆင့် ဖြစ်ပေသည်။ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

من حسن اسلام المرأ تركه ما لايعنيه

လူသား၏ အစ္စလာမ်သာသနာသည် အကျိုးမဲ့သော လုပ်ရပ်များကို ရှောင်ကြဉ်ခြင်းပြုပါလျှင် ၎င်း၏ အစ္စလာမ်သာသနာသည် ကောင်းမြတ်သော သာသနာဖြစ်နိုင်ပေသည်။ ထို့ကြောင့် အာယသ်တော်တွင် ထိုကဲ့သို့သော သူများကို ပြည့်ဝသော မုအင်မင်န်၏ ဂုဏ်ရည်ဟု သတ်မှတ်ခြင်းဖြစ်သည်။

တတိယဂုဏ်ရည်

زكوة 'ဇကားသ်'ဟု ဖြစ်သည်။ 'ဇကားသ်'၏ အဓိပ္ပာယ်မှာ အဘိဓါန်တွင် 'သန့်ရှင်းအောင် ပြုလုပ်ခြင်း'ဟု ဖြစ်သည်။ ဝေါဟာရအသုံးအနှုန်းတွင် ဥစ္စာပစ္စည်း၏ သတ်မှတ်ထားသည့် အပုံတစ်ပုံကို အချို့စည်းကမ်းချက်များဖြင့် 'စွဒ်ကာဟ်'ပြုခြင်းကို 'ဇကားသ်'ဟု ခေါ်ဆိုသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် များသောအားဖြင့် ဤစာလုံးသည် ဤသည့် ဝေါဟာရအဓိပ္ပာယ်ကိုသာ အသုံးပြုထားသည်။ ဤအာယသ်တော်တွင် ဤစာလုံး၏ အဓိပ္ပာယ် ဖြစ်နိုင်သည်။ 'ဤအာယသ်တော်သည် 'မက္ကီ' (မက္ကာဟ်မြို့၌ ကျရောက်ခဲ့သည့် အာယသ်တော်ဖြစ်သည်။ မက္ကာဟ်တွင် 'ဇကားသ်'သည် 'ဖွရဇ်' မဖြစ်သေးပေ။ မဒီနာသို့ 'ဟိဂျ်ရသ်' ပြောင်းရွှေ့ပြီးမှ 'ဖွရဇ်' ဖြစ်ခဲ့သည်' ဟု သံသယဖြစ်ဖွယ် ရှိပေသည်။ ထိုသံသယ၏ အဖြေကို အိဗ်နေကစီးရ် စသော အဖွင့်ပညာရှင်တို့၏ ဘက်မှ ဖြေကြားထားသည်မှာ 'ဇကားသ်'၏ 'ဖွရဇ်'သတ်မှတ်ခြင်းသည် မက္ကာဟ်၌ပင် ဖြစ်ခဲ့ပြီးဖြစ်သည်။ အွမွှသ်တစ်ရပ်လုံးက မက္ကာဟ်တွင် ကျရောက်ခဲ့ကြောင်း လက်ခံပြီးဖြစ်သော 'စူရာဟ်မုဇ်ဇမ်မိလ်'တွင် اَقِيۡمُوا الصَّلٰوةَ နှင့်အတူ اٰتوا الزَّكٰوةَ ဟု လာရှိထားသည်။

သို့ရာတွင် အစိုးရအသွင်သဏ္ဍာန်ဖြင့် 'ဇကားသ်'ကောက်ခံခြင်း၊ အစီအမံများနှင့် တာဝန်ထိုက်သက်ခြင်း၏ ပမာဏ စသည်တို့၏ ရှင်းလင်းခြင်းများသည် မဒီနာရောက်ပြီးမှ ပြဌာန်းနိုင်ခဲ့သည်။ 'ဇကားသ်' ပေးဆောင်ခြင်းအား မဒီနာအမိန့်ပညတ်တော်များအဖြစ် သတ်မှတ်သူတို့၏ ရည်ရွယ်ချက်မှာ ဤအတိုင်းပင် ဖြစ်သည်။ မဒီနာသို့ ရောက်ရှိပြီးမှ 'ဇကားသ်'၏ 'ဖွရဇ်'တာဝန် သတ်မှတ်ခံရသည်ဟု ဆိုသူတို့က ဤနေရာတွင် 'ဇကားသ်'၏ အကြောင်းအရာမှာ အဘိဓါန်အဓိပ္ပာယ်ဖြစ်သော 'မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ပြုခြင်း'ဟု သတ်မှတ်ကြသည်။ ဖွင့်ဆိုချက်အနှစ်ချုပ်တွင်လည်း ဤအဓိပ္ပာယ်ကိုပင် မှတ်ယူခဲ့သည်။ ဤအဓိပ္ပာယ်အား ကုရ်အာန်ကျမ်းတော်မြတ်တွင် များသောအားဖြင့် 'ဇကားသ်'သည် 'ဖွရဇ်'ဖြစ်သော တင်ပြချက်များတွင် اِيۡتَآءِ الزَّكٰوةِ ဟုလည်းကောင်း၊ يُؤۡتُوۡنَ الزَّكٰوةَ ဟုလည်းကောင်း၊ اٰتُوا الزَّكٰوةَ ဟုလည်းကောင်း တင်ပြထားပေသည်။ ဤနေရာတွင် لِلزَّكٰوةِ فَاعِلُوۡنَ ဟု ပြောင်းလဲ၍

မိန့်ကြားတော်မူထားသည်။ စကားဆက်စပ်မှု ရှိခြင်းမှာ ဤနေရာတွင် 'ဇကားသ်'သည် ဝေါဟာရအဓိပ္ပာယ်ကို ကောက်ယူခြင်းမရှိပေ။ ထို့အပြင် فَاعِلُوْنَ ဟူ၍ ရိုးရှင်းစွာဖြင့် فعل (အလုပ်) နှင့် အဆက်အသွယ်ပြုထားပေသည်။

'ဇကားသ်'သည် ဝေါဟာရအရ فعل (အလုပ်) မဟုတ်ပေ။ ထိုမျှသာမက ပစ္စည်းဥစ္စာ၏ အပုံတစ်ပုံသာ ဖြစ်သည်။ ထိုအပုံတစ်ပုံအတွက် فَاعِلُوْنَ ဟု ဆိုရန် သွယ်ဝိုက်ခြင်းမပါဘဲ မဖြစ်နိုင်ပေ။ အကယ်၍ အာယသ်တော်တွင် 'ဇကားသ်' ၏ အဓိပ္ပာယ်သည် ဝေါဟာရအဓိပ္ပာယ်ကို ယူမည်ဆိုလျှင် ထို 'ဇကားသ်' သည် 'ဖွရဇ်'ဖြစ်ခြင်းနှင့် မှအ်မင်န်များအဖို့ တာဝန်ထိုက်သက်ခြင်းမှာ ပေါ်လွင်သည့်ကိစ္စ ဖြစ်ပေသည်။ အကယ်၍ 'ဇကားသ်' ၏ အဓိပ္ပာယ်အား 'မိမိကိုယ်မိမိ ယုတ်ညံ့မှုများမှ သန့်ရှင်းအောင် ပြုလုပ်ခြင်း'ကို ကောက်ယူမည်ဆိုလျှင် ဤသည်မှာလည်း 'ဖွရဇ်'ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှရစ်က်၊ 'ရိယာ' (ပြစားမှု)၊ မာန၊ မနာလိုဝန်တိုမှု၊ ရန်ငြိုးထားမှု၊ လောဘနှင့် စေးနဲမှု စသော အရာများမှ မိမိကိုယ်မိမိ သန့်ရှင်းစင်ကြယ်အောင် ပြုခြင်းကို 'သဇ်ကိယာဟ်' ဟု ခေါ်ဆိုသောကြောင့် ဖြစ်သည်။ ဤအရာအားလုံးသည် ကြီးလေးသော အပြစ်ဒုစရိုက်နှင့် 'ဟရာမ်'ဖြစ်သည်။ 'နဖ်စ်'ကို ထိုအရာများမှ သန့်ရှင်းမှုပြုရန်မှာ 'ဖွရဇ်'ဖြစ်သည်။

စတုတ္ထဂုဏ်ရည်

အရှက်အင်္ဂါကို 'ဟရာမ်'လုပ်ရပ်များမှ ထိန်းသိမ်းခြင်းဖြစ်သည်။

وَ الَّذِيْنَ هُمْ لِفُرُوْ جِهِمْ حَا فِظُوْنَ اِلَّا عَلٰى اَزْوَا جِهِمْ اَوْمَا مَلَكَتْ اَيْمَا نُهُمْ

ဆိုလိုသည်မှာ 'မိမိတို့၏ ဇနီးကြင်ရာများနှင့် တရားတော်အရ ပြုပိုင်သော 'ကျွန်မ'တို့မှအပ မိမိတို့၏ အရှက်အင်္ဂါများကို စောင့်ထိန်းမှုပြုပြီး ထိုနှစ်မျိုးနှစ်စားသော အမျိုးသမီးများဖြင့်သာ တရားတော်၏ ဥပဒေများနှင့်အညီ ကာမစိတ်ကို ဖြည့်ဆည်းခြင်းမှတစ်ပါး အခြားမပြုပိုင်သည့် မည်သည့်အမှုကိစ္စတွင်မှ နစ်မွန်းမှုကို မပြုခြင်းဖြစ်သည်။ ဤအာယသ်တော်၏ နောက်ဆုံးတွင်

فَاِ نَّهُمْ غَيْرُ مَلُوْ مِيْنَ

ဆိုလိုသည်မှာ 'တရားတော်၏ ဥပဒေအမိန့်များနှင့်အညီ မိမိ၏ ဇနီး (သို့) ကျွန်မတို့ဖြင့် မိမိ၏ ရာဂစိတ်ကို တည်ငြိမ်အောင် ပြုလုပ်သူများအပေါ် မည်သည့်ပြစ်တင်ရှုချခြင်းမျှ မရှိ' ဟု မိန့်ကြားတော်မူထားသည်။ ဤမိန့်ကြားချက်တွင် လိုအပ်ချက်အား လိုအပ်ချက်၏ အဆင့်၌သာ ထားရမည်။ ဘဝသက်တမ်း၏ ရည်ရွယ်ချက်အဖြစ် မပြုလုပ်ရ။ ၄င်း၏ အဆင့်မှာ 'ရှုတ်ချခံထိုက်သည့် အဆင့်သို့လည်း မရောက်ရှိစေရ' ဟု ညွှန်းဆိုချက်များ ပါရှိသည်။

فَمَنِ ابْتَغَى وَرَآءَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْعٰدُوْنَ

ဆိုလိုသည်မှာ 'နေကာဟ်'ပြု ထိမ်းမြားထားသည့် ဇနီးသည် (သို့) တရားတော်၏ သတ်မှတ်ချက်အရ ရရှိထားသည့် 'ကျွန်မ' တို့ဖြင့် တရားတော်၏ ဥပဒေနှင့်အညီ ရာဂစိတ်ကို ဖြည့်ဆည်းခြင်းမှအပ အခြားမည်သည့်ပုံစံဖြင့်မှ ရာဂစိတ်ကို ဖြည့်ဆည်းခြင်း မပိုင်။ ဤအချက်တွင် 'ဇိနာ'ကာမေသုမိစ္ဆာကံလည်း ပါဝင်ပေသည်။ တရားတော်အရ 'ဟရာမ်'ဖြစ်သော အမျိုးသမီးနှင့် 'နေကာဟ်'ပြုခြင်းသည်လည်း 'ဇိနာ'၏ အမိန့်ဖြစ်သည်။ မိမိ၏ ဇနီး (သို့) ကျွန်မတို့သည် 'ဟိုက်ဇ်' (ရာသီသွေး)၊ (သို့) 'နေဖား‌စ်' (မီးတွင်း သားဖွားသွေး) ဖြစ်ပေါ်နေသည့် အခါမျိုး၌လည်းကောင်း၊ (သို့) သဘာဝနှင့် ဆန့်ကျင်သည့်ပုံသဏ္ဍာန်ဖြင့်လည်းကောင်း ဆက်ဆံမှုပြုခြင်းတို့သည်လည်း ဤအမိန့်၌ပင် အကျုံးဝင်သည်။ ဆိုလိုသည်မှာ ယောက်ျားတစ်ဦးဦး (သို့) ကလေးတစ်ယောက်ယောက် (သို့) တိရစ္ဆာန်တစ်ကောင်ကောင်ဖြင့် ရာဂစိတ်ကို ဖြည့်ဆည်းခြင်းများ ဖြစ်သည်။ အများစုပညာရှင်တို့ထံတွင် လက်ကို အသုံးပြု၍ 'မနီ'သုက်ရည်ထုတ်ခြင်းသည်လည်း ဤအမိန့်တွင် ပါဝင်သည်ဟု ဆိုကြသည်။

[သဖ်စီးရ်ဗယာနုလ်ကုရ်အာန်၊ ကုရ်သုဗီ၊ ဗဟာရ်မုဟီးသ်ကျမ်း။]

ပဥ္စမဂုဏ်ရည်

ယုံကြည်၍ အပ်နှံမှုအပေါ် တာဝန်ကျေပွန်စွာ ဆောင်ရွက်ခြင်း

وَالَّذِيْنَ هُمْ لِاَمٰنٰتِهِمْ وَعَهْدِهِمْ رٰعُوْنَ

اَمَانَتٌ 'အမာနသ်'ဟူသော စာလုံး၏ အဘိဓါန်အဓိပ္ပာယ်မှာ 'ယုံကြည်မှုအလျောက် အပ်နှံလာသည့်အပေါ် တာဝန်ယူထိုက်သူ၏ တာဝန်ဟူသမျှသည် ဤစာလုံး၏ အဓိပ္ပာယ်၌ အကျုံးဝင်ပေသည်။ ၎င်း၏ အမျိုးအစားများစွာ ရှိသည်။ ထို့ကြောင့် ဤစာလုံးသည် مَصْدَرْ 'မဆ္ဒရ်'ဖြစ်ပါလျက် ၎င်းအား 'ဂျမအ်' (အများကိန်း) စာလုံးဖြင့် သုံးနှုန်းထားသည်။ သို့မှသာ အပ်နှံခြင်းအမျိုးအစားအားလုံး အကျုံးဝင်ပေမည်။ ဤအကျုံးဝင်ခြင်းသည် 'ဟုကူကွလ္လာဟ်' အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်သည့် ဝတ္တရားများသည်လည်းကောင်း၊ 'ဟုကူကွလ်အိဗား‌ဒ်' အဖန်ဆင်းခံများနှင့် ပတ်သက်သည့် ဝတ္တရားများသည်လည်းကောင်း အကျုံးဝင်ပေသည်။ 'ဟုကူကွလ္လာဟ်' (အလ္လာဟ်အသျှင်မြတ်နှင့် သက်ဆိုင်သည့် ဝတ္တရားများ) နှင့် စပ်လျဉ်းသော အပ်နှံမှုဆိုသည်မှာ ရှရီအသ်တရားတော်၏ 'ဖွရ်ဇ်'တာဝန်များနှင့် 'ဝါဂျိဗ်တာဝန်များကို ထမ်းဆောင်ခြင်းနှင့် 'ဟရာမ်'လုပ်ရပ်များနှင့် 'မက္ကရူးဟ်' လုပ်ရပ်များမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်သည်။

'ဟုကူကွလ်အိဗား‌ဒ်' (ဗန္ဒာဟ်အဖန်ဆင်းခံများနှင့် သက်ဆိုင်သည့် ဝတ္တရားများ) နှင့် စပ်လျဉ်းသော 'အမာနသ်'အပ်နှံမှုဆိုသည်မှာ ဥစ္စာပစ္စည်းများ အပ်နှံခြင်းဆိုသည်မှာမူ အထင်အရှားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးသည် အခြားလူတစ်ဦးထံတွင် မိမိ၏ တစ်စုံတစ်ရာ ပစ္စည်းကို အပ်နှံမှုအနေဖြင့်

ထားရှိသည်။ ဤပစ္စည်းသည် လက်ခံထားသူအဖို့ 'အမာနသ်' (အပ်နှံပစ္စည်း) ဖြစ်သည်။ ၎င်းပစ္စည်းအား ထိန်းသိမ်းရန် ထိုပစ္စည်းအား ပြန်ပေးသည့် အချိန်အထိ တာဝန်ဖြစ်သည်။ ထို့အပြင် လူတစ်ဦးသည် အခြားတစ်ဦးအား လျှို့ဝှက်ရမည့် စကားတစ်ခုကို ပြောထားပါလျှက် ထိုစကားကို လျှို့ဝှက်ထားရန်မှာလည်း 'အမာနသ်'အပ်နှံတာဝန်ဖြစ်သည်။ တရားတော်၏ ခွင့်ပြုချက်မရှိဘဲ လူတစ်ဦး၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်ခြင်းမှာ 'အမာနသ်' (အပ်နှံမှု) တွင် 'ခယာနသ်' (အလွဲသုံးစားမှု) ပြုခြင်းဖြစ်သည်။ အလုပ်သမား၊ ဝန်ထမ်းတစ်ဦးအဖို့ ပေးအပ်ခံရသည့် အလုပ်တာဝန်နှင့် ထိုအလုပ်အတွက် အသုံးပြုရမည့်အချိန်တို့ကို နှစ်ဦးနှစ်ဘက် သတ်မှတ်ထားသည့်အတိုင်း ထိုအလုပ်ကို တာဝန်ကျေအောင် ထမ်းဆောင်ခြင်း၊ လုပ်အားခအတွက် သတ်မှတ်ထားသည့်အချိန်ကို ထိုအလုပ်အတွက် သုံးစွဲခြင်းတို့သည်လည်း 'အမာနသ်'အပ်နှံမှုဖြစ်သည်။ အလုပ်ခိုခြင်း၊ (သို့) အချိန်ခိုခြင်းများသည် 'ခယာနသ်' (အလွဲသုံးစား) ပြုခြင်း ဖြစ်သည်။ ထိုအချက်ဖြင့် သိရှိရသည်မှာ 'အမာနသ်'အပ်နှံမှုအား စောင့်ထိန်းခြင်းနှင့် 'အမာနသ်'၏ တာဝန်ကို ထမ်းဆောင်ခြင်း ဟူသည်မှာ ပြည့်စုံသော စာလုံးဖြစ်သည်။ ဖော်ပြပါ ခွဲခြားရှင်းလင်းချက်များအားလုံး ထိုစာလုံး၌ အကျုံးဝင်ပေသည်။

ဆဋ္ဌမဂုဏ်ရည်

ထိုအချက်မှာ ခံဝန်ချက်ကို ပြည့်ဝအောင် ဆောက်တည်ခြင်း ဖြစ်သည်။ ခံဝန်ချက် ပြုခြင်းတစ်ခုမှာ နှစ်ဦးနှစ်ဘက်မှ ကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်၍ ခံဝန်ချက်ပြုခြင်း ဖြစ်သည်။ ထိုခံဝန်ချက်အား ဆောင်ရွက်ရန်မှာ 'ဖွရဇ်'ဖြစ်ပြီး ခံဝန်ချက်အား ချိုးဖောက်မှုပြုခြင်းသည် 'ဟရာမ်'အပြစ်ဖြစ်သော လုပ်စားခြင်းပင် ဖြစ်သည်။ ဒုတိယအချက်မှာ ကတိပြုခြင်းဟု ခေါ်သည်။ ဆိုလိုသည်မှာ တစ်ဖက်တည်းမှ ပြုသည့် ပုံသဏ္ဍာန်ဖြင့် လူတစ်ဦးသည် တစ်ဦးအား အရာတစ်ခုခု ပေးမည်၊ (သို့) အလုပ်တစ်ခုခုကို ပြုလုပ်ပေးမည်ဟု ကတိပြုခြင်းဖြစ်သည်။ ထိုကတိအတိုင်း ဆောင်ရွက်ခြင်းမှာလည်း တရားတော်အရ အရေးကြီး၍ 'ဝါဂျိဗ်'ဖြစ်သည်။ ဟဒီးစ်တော်တွင် العدة دين 'ကတိပြုခြင်းသည် အကြွေးတစ်မျိုး ဖြစ်သည်'ဟု လာရှိထားသည်။ အကြွေးယူထားခြင်းအား ပြန်ပေးရန် 'ဝါဂျိဗ်'ဖြစ်သကဲ့သို့ ကတိအား ပြည့်ဝအောင် ဆောင်ရွက်ခြင်းသည်လည်း 'ဝါဂျိဗ်' ဖြစ်သည်။ တရားတော်အရ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကတိကို ချိုးဖောက်ခြင်းမှာ အပြစ်ထိုက်သည်။

ဤပုံသဏ္ဍာန်နှစ်မျိုးတွင် ကွာခြားမှုရှိသည်မှာ ပထမအမျိုးအစားအား ပြည့်ဝအောင် ဆောင်ရွက်စေရေးအတွက် ဒုတိယလူသည် ခံဝန်ချက် ချိုးဖောက်သူအား တရားရုံးအားဖြင့်လည်း ကိုင်တွယ်နိုင်သည်။ တစ်ဖက်တည်းမှ ကတိပြုထားခြင်းအား ပြည့်ဝအောင် ဆောင်ရွက်စေရေးအတွက်မူ တရားရုံး၌ တိုင်တန်း၍ မပြုနိုင်ပေ။ သမာဓိရှိသည့်အနေနှင့် ထိုကတိအား ပြည့်ဝအောင် ဆောင်ရွက်ခြင်းမှာလည်း 'ဝါဂျိဗ်' ဖြစ်သည်။ ရှရီအသ်တရားတော်၏ အကြောင်းပြချက်မရှိဘဲ ချိုးဖောက်ခြင်းမှာ အပြစ်ထိုက်သည်။

သတ္တမဂုဏ်ရည်

ငင်းမှာ နမာဇ်ကို စောင့်ထိန်းခြင်းဖြစ်သည်။

وَالَّذِيْنَ هُمْ عَلٰى صَلَوٰتِهِمْ يُحَافِظُوْنَ

နမာဇ်အား စောင့်ထိန်းခြင်းဟူသည့် သဘောမှာ နမာဇ်အား စွဲမြဲစွာ ဆောက်တည်ခြင်း ဖြစ်သည်။ နမာဇ်အချိန်တိုင်းကို 'မွတ်စ်သဟာဗ်'အချိန်၌ ဆောက်တည်ခြင်း ဖြစ်သည်။

ဤနေရာတွင် صلوات ဟူသော စာလုံးအား 'ဂျမအ်'အများကိန်းဖြင့် သုံးနှုန်းရခြင်းမှာ နမာဇ် (၅) ကြိမ်ကို ဆိုလိုခြင်းကြောင့် ဖြစ်သည်။ ထိုနမာဇ် (၅) ကြိမ်ကို ငင်းတို့၏ 'မွတ်စ်သဟာဗ်'အချိန်များ၌ စွဲမြဲစွာ ဆောက်တည်မှုပြုရန် ရည်ရွယ်ခြင်းဖြစ်သည်။ အစကနဦးတွင် 'ခုရှုအ်'အကြောင်း တင်ပြထားရာတွင် ထိုနေရာ၌ مفرد 'မုဖ်ရဒ်' '၁' ကိုသာ ပြသည့် စာလုံးကို သုံးနှုန်းထားပြီး ကန့်သတ်ချက်မရှိဘဲ 'ဖွရဇ်'ဖြစ်စေ၊ 'ဝါဂျိဗ်'ဖြစ်စေ၊ 'စွန္နသ်'ဖြစ်စေ၊ 'နဖွလ်'ဖြစ်စေ နမာဇ်အမျိုးအစားအားလုံး၏ ဝိညာဉ်မှာ 'ခုရှုအ်'ဖြစ်ကြောင်း တင်ပြထားသည်။

လေးနက်စွာ ကြည့်ရှုမည်ဆိုလျှင် ဖော်ပြပါ ဂုဏ် (၇) မျိုးတွင် 'ဟုကူကွလ္လာဟ်'နှင့် 'ဟုကူကွလ်အိဗားဒ်' အားလုံးနှင့် ငင်းတို့နှင့် စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များ လာရှိပေသည်။ အကြင်သူသည် ထိုဂုဏ်ရည် (၇) မျိုးနှင့် ပြည့်စုံပြီး ထိုဂုဏ်ရည်များအပေါ် မြဲမြံစွာ ရပ်တည်ပါလျှင် ထိုသူသည် ပြည့်ဝသော မုအ်မင်န်နှင့် လောကီ၊ လောကုတ္တရာနှစ်ဌာနစလုံး၌ အောင်မြင်မှု ရထိုက်သူပင် ဖြစ်သည်။

ထိုဂုဏ်ရည် (၇) မျိုးတွင် အစပြုရာ၌လည်း နမာဇ်ဖြင့် ဖြစ်ပြီး အဆုံးသတ်ရာ၌လည်း နမာဇ်ဖြင့်ပင် ဖြစ်သည်ကို စဉ်းစားဖွယ်ရာ တွေ့ရပေမည်။ ဤနေရာတွင် အကယ်၍ နမာဇ်ကို နမာဇ်နှင့်တူအောင် ဂရုစိုက် ဆောက်တည်ခြင်းနှင့် နမာဇ်၏ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပါလျက် ကျန်ရှိဂုဏ်ရည်များသည်လည်း အလိုအလျောက် ပေါ်ပေါက်လာလိမ့်မည်' ဟု ညွှန်းဆိုပြသထားသည်။

اُولٰٓئِكَ هُمُ الْوٰرِثُوْنَ ۝ الَّذِيْنَ يَرِثُوْنَ الْفِرْدَوْسَ

ဖော်ပြပါဂုဏ်ရည်များကို ပိုင်ဆိုင်သူတို့အား ဤအာယသ်တော်၌ 'ဂျန္နသ်ဖိရ်ဒေါက်စ်'၏ အမွေခံများဖြစ်သည်ဟု မိန့်ကြားထားသည်။ وارث ဟူသော စာလုံးသည် အမွေပေးမည့်သူ၏ ဥစ္စာပစ္စည်းသည် အမွေခံသူပင် ရမည်ဆိုသည်မှာ မုချပင် ဖြစ်သည်။ ဤအတိုင်းပင် ထိုဂုဏ်ရည်များနှင့် ပြည့်စုံသူတို့သည် 'ဂျန္နသ်'၌ ဝင်ရောက်ရမည်မှာ ကေန်မလွဲပင် ဖြစ်ကြောင်း ညွှန်းဆိုပြသထားသည်။ ထို့နောက် قَدْ اَفْلَحَ ၏ နောက်တွင် مُفْلِحِيْنَ ၏ ဂုဏ်ရည်များကို အပြည့်အဝ တင်ပြပြီးသောအခါ ပြည့်ဝသော အောင်မြင်မှုနှင့် စစ်မှန်သော အောင်မြင်မှု ၏ နေရာသည် 'ဂျန္နသ်'သုခဘုံဖြစ်သည့် အကြောင်းကိုလည်း ညွှန်းဆိုထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ خَلَقْنَا الْإِنسَانَ مِن سُلَالَةٍ مِّن طِينٍ ﴿١٢﴾

၂၃ : ၁၂ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် လူသားကို ရွှံ့မြေ၏ အဆီအနှစ်ဖြင့် (တစ်နည်း) မြေစိုမြေစေးဖြင့် ဖန်ဆင်းတော်မူခဲ့၏။

ثُمَّ جَعَلْنَاهُ نُطْفَةً فِي قَرَارٍ مَّكِينٍ ﴿١٣﴾

၂၃ : ၁၃ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းအား ကာလလရေကြည်အဖြစ်ဖြင့် လုံခြုံသော နေရာတစ်ခု (ဖြစ်သည့် သားအိမ်အတွင်း၌) ထားတော်မူခဲ့၏။

ثُمَّ خَلَقْنَا النُّطْفَةَ عَلَقَةً
فَخَلَقْنَا الْعَلَقَةَ مُضْغَةً فَخَلَقْنَا الْمُضْغَةَ عِظَامًا فَكَسَوْنَا الْعِظَامَ
لَحْمًا ثُمَّ أَنشَأْنَاهُ خَلْقًا آخَرَ ۚ فَتَبَارَكَ اللَّهُ أَحْسَنُ الْخَالِقِينَ ﴿١٤﴾

၂၃ : ၁၄ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ယင်းကာလလရေကြည်ကို သွေးခဲအဖြစ် ဖန်ဆင်းတော်မူခဲ့ပြန်၏။ တစ်ဖန် ငါအသျှင်မြတ်သည် ယင်း (သွေးခဲ) ကို အသားတုံးအဖြစ် ဖန်ဆင်းတော်မူခဲ့ပြန်၏။ တစ်ဖန် ငါအသျှင်မြတ်သည် ယင်း (အသားတုံး) ကို အရိုးများအဖြစ် ဖန်ဆင်းတော်မူခဲ့ပြန်၏။ ထို့နောက် ငါအသျှင်မြတ်သည် ယင်း (အရိုးများ) ကို အသားဖြင့် (ဖုံးအုပ်ကာ) တန်ဆာဆင်မြန်း၍ ပေးတော်မူခဲ့၏။ ထို့နောက် ငါအသျှင်မြတ်သည် ယင်း (အသားဖြင့် ဆင်မြန်းပြီးဖြစ်သော အရိုးများ) ကို အခြားဖန်ဆင်းအပ်သော အရာတစ်ခုအဖြစ်၊ ဖြစ်ပေါ်၍ လာစေတော်မူခဲ့၏။ သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှပါဘိသနည်း။

ثُمَّ إِنَّكُم بَعْدَ ذَٰلِكَ لَمَيِّتُونَ ﴿١٥﴾

၂၃ : ၁၅ ။ ။ တစ်ဖန် စေကန်အမှန် အသင်တို့သည် ထို (ထူးဆန်းအံ့ဖွယ်ဖြစ်သော အခြေအနေတို့ကို ကျော်လွန်ပြီး) နောက် အမှန်ပင် အသက်သေဆုံးကြရမည့်သူများ ဖြစ်ကြကုန်၏။

ثُمَّ إِنَّكُمْ يَوْمَ الْقِيَامَةِ تُبْعَثُونَ ﴿١٦﴾

၂၃ : ၁၆ ။ ။ တစ်ဖန် စေကန်အလွဲ အသင်တို့သည် 'ကေယာမသ်' နေ့တွင် ရှင်ပြန်ထစေခြင်းကို ခံကြရပေလိမ့်မည်'

وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَائِقَ وَمَا كُنَّا عَنِ الْخَلْقِ غَافِلِينَ ﴿١٧﴾

၂၃ : ၁၇ ။ ။ ၎င်းပြင် စေကန်အမှန် ငါအသျှင်မြတ်သည် အသင်တို့၏ထက်ဝယ် လမ်းခုနစ်သွယ်ကို၊ (တစ်နည်း၊ မိုး) ခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် အဖန်ဆင်းခံတို့ကို လျစ်လျူရှုထားတော်မူသော အသျှင်မြတ် မဟုတ်ပေ။

وَأَنْزَلْنَا مِنَ السَّمَاءِ مَاءً بِقَدَرٍ فَأَسْكَنَّاهُ فِي الْأَرْضِ ۖ وَإِنَّا عَلَىٰ ذَهَابٍ بِهِ لَقَادِرُونَ ﴿١٨﴾

၂၃ : ၁၈ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ (မိုး) ရေကို (သင့်တော်သော) အတိုင်းအတာ ချိန်ဆချက်နှင့်တကွ ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ငါအသျှင်မြတ်သည် ထို (မိုး) ရေကို ပထဝီမြေဝယ် ရပ်တည်စေတော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် ထို (မိုး) ရေကို ပပျောက် (ကုန်ခမ်း) သွားအောင်လည်း အမှန်ပင် ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

فَأَنْشَأْنَا لَكُمْ بِهِ جَنَّاتٍ مِنْ نَخِيلٍ وَأَعْنَابٍ لَكُمْ فِيهَا فَوَاكِهُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ ﴿١٩﴾

၂၃ : ၁၉ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ထို (မိုး) ရေဖြင့်၊ အသင်တို့အဖို့ စွန်ပလွံခြံများနှင့် စပျစ်ခြံများကို ဖန်ဆင်း (ပေါက်ရောက်) စေတော်မူခဲ့၏။ ယင်းခြံများတွင် အသင်တို့အဖို့ မြောက်မြားစွာသော သစ်သီးဝလံများသည် ရှိ၏။ ထို့ပြင် အသင်တို့သည် ယင်း (ခြံများ) မှ (အသီးများကို) စားသုံးကြကုန်၏။

وَشَجَرَةً تَخْرُجُ مِنْ طُورِ سَيْنَاءَ تَنْبُتُ بِالدُّهْنِ وَصِبْغٍ لِلْآكِلِينَ ﴿٢٠﴾

၂၃ : ၂၀ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) သံလွင်ပင်ခေါ် သစ်ပင်တစ်မျိုးကိုလည်း (ပေါက်ရောက်စေတော်မူခဲ့၏။) ထိုသစ်ပင်သည် 'ဆိုင်နာ' (သိန) တောင်ပေါ်၌ ပေါက်ရောက်လေ့ရှိ၏။ ထိုသစ်ပင်သည် ဆီကိုလည်းကောင်း၊ စားသုံးသူတို့အဖို့ ဟင်းလျာကိုလည်းကောင်း ထွက်စေသည်။

وَإِنَّ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً ۖ نُسْقِيكُمْ مِمَّا فِي بُطُونِهَا وَلَكُمْ فِيهَا مَنَافِعُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ ﴿٢١﴾

၂၃ : ၂၁ ။ ။ ထို့ပြင် ကေန်စင်စစ် အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန် (များဖြစ်သော ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်) တို့တွင်လည်း ဆင်ခြင်သုံးသပ်ရန် အချက်သည် အမှန်ပင် ရှိပေသည်။ ငါအသျှင်မြတ်သည် အသင်တို့အား ၎င်းတို့၏ ဝမ်းဗိုက်အတွင်းရှိသော အရာ (နို့ရည်) ကို တိုက်ကျွေးတော်မူပေသည်။ ထို့ပြင် အသင်တို့အဖို့ ယင်း (ခြေလေးချောင်း တိရစ္ဆာန်များ) ၌ အခြားမြောက်မြားစွာသော အကျိုးကျေးဇူးများသည်လည်း ရှိကြလေ၏။ ထို့ပြင် အသင်တို့သည် ၎င်းတို့ အနက်မှ စားသုံးကြလေသည်။

وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُونَ ﴿٢٢﴾

၂၃ : ၂၂ ။ ။ ထို့ပြင် အသင်တို့သည် ယင်းတိရစ္ဆာန်များအပေါ်၌လည်းကောင်း၊ ရွက်သင်္ဘောများအပေါ်၌လည်းကောင်း၊ (သွားလာတင်ဆောင်) စီးနင်းကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ပထမဦးစွာ တင်ပြသည်မှာ လူသား၏ အစကနဦးဖြစ်ပေါ်လာမှု ဖြစ်သည်။) ထို့နောက် ကေန်မုချ ငါအသျှင်မြတ်သည် လူသားကို မြေ၏ အဆီအနှစ် မြေစိုး မြေစေး (အစာအဟာရ) ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ (ဆိုလိုသည်မှာ အစပထမတွင် မြေကြီးဖြစ်သည်။ တစ်ဖန် ထိုမြေကြီးမှ သစ်ပင်များ၏ အကြောင်းခံဖြင့် စားသောက်ဖွယ် အစာအဟာရများ ရရှိပေသည်။) ထို့နောက် ငါအသျှင်မြတ်သည် ထိုလူသားအား ကာလလ ရေကြည်ဖြင့် (သတ်မှတ်သည့် ကာလတစ်ခုတိုင်) လုံခြုံသော နေရာတစ်ခု (သားအိမ်) တွင် ဖန်ဆင်းထားတော်မူသည်။ (ထိုကာလလရေကြည်သည် အစာအဟာရမှ ရရှိသည်။) ထို့နောက် ငါအသျှင်မြတ်သည် ထိုကာလလရေကြည်ကို သွေးခဲအဖြစ် ဖန်ဆင်းတော်မူသည်။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုသွေးခဲအား (အသား) အတုံးအဖြစ်လည်းကောင်း၊ တစ်ဖန် ငါအသျှင်မြတ်သည် ယင်းအသားတုံး (၏ အစိတ်အပိုင်းများ) ကို အရိုးများအဖြစ် ဖန်ဆင်းတော်မူသည်။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုအရိုးများအပေါ်၌ အသားများဖြင့် တန်ဆာဆင်ပေးတော်မူသည်။ (ဤသို့ ပြုခြင်းဖြင့် ထိုအရိုးများသည် ဖုံးကွယ်သွားလေသည်။) ထို့နောက် (ဤပြောင်းလဲခြင်းများ ဖြစ်ပြီးနောက်) ငါအသျှင်မြတ်သည် (ထိုရုပ်ခန္ဓာတွင် အသက်ဝိညာဉ်ထည့်သွင်း၍) ၎င်းအား အခြားသော (ပုံသဏ္ဌာန်) တစ်ခုအဖြစ် ဖန်ဆင်းတော်မူလိုက်သည်။ (ဤသည်မှာ ဖြစ်ခဲ့ပြီးသည့် အခြေအနေများနှင့် အလွန်ပင် ကွာခြားမှုဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ မဖြစ်မီက ပြောင်းလဲဖြစ်ပေါ်ခဲ့သည့် အခြေအနေအားလုံးသည် တိုးပွားမှု မရှိသော သက်မဲ့အဖြစ် ရှိနေခဲ့ပြီး ယခု အသက်ရှိသော လူသားတစ်ဦးအဖြစ်သို့ ဖြစ်ရှိသွားသောကြောင့် ဖြစ်သည်။

သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် 'ဗရ်ကသ်' တိုးပွားသည့် မင်္ဂလာတော်အပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် တီထွင်သူအပေါင်းတို့ထက် သာပိုသော အသျှင်မြတ် ဖြစ်တော်မူသည်။ (အဘယ်ကြောင့်ဆိုသော် အခြားသော တီထွင်သူများမှာ အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းတော်မူထားသည့် အရာများ၌ ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့်သာ တီထွင်ပြုလုပ်နိုင်ကြသည်။ အသက်ဝိညာဉ်ရှင်သန်မှုကို ဖန်ဆင်းခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အထူးလုပ်ရပ် ဖြစ်သည်။ ကာလလရေကြည်အပေါ် ဖော်ပြပါ ပြောင်းလဲမှုများ၏ ရှင်းလင်းချက်များကို ဤအစဉ်အလိုက်အတိုင်း ဆေးကျမ်းများ၌ ဖော်ပြထားသည်။ ရှေ့တွင် လူသား၏ နောက်ဆုံး ရလဒ်ပျက်စီးခြင်းအကြောင်း တင်ပြထားသည်)

ထို့နောက် ဧကန်မလွဲ အသင်တို့သည် ထို (ထူးဆန်းအံ့ဖွယ်အခြေအနေများကို ဖြတ်သန်းပြီး) နောက် မုချ သေဆုံးကြရမည့်သူများဖြစ်ကြသည်။ (ရှေ့၌ အသျှင်မြတ်ထံတော်သို့ ရှင်ပြန်ထလျက် ရောက်ရှိကြရမည့်အကြောင်း လာရှိသည်။) ထို့နောက် အသင်တို့သည် 'ကေယာမသ်' နေ့တွင် ပြန်လည် ရှင်ထကြရပေမည်။ (ငါအသျှင်မြတ်သည် အသင်တို့အား အကစကနဦး ဖြစ်ပေါ်မှုကို ချီးမြှင့်တော်မူခဲ့သကဲ့သို့ အသင်တို့အတွက် အမြဲထာဝရရှိမည့် အရာများကိုလည်း ချီးမြှင့်တော်မူခဲ့ပေသည်။) ထို့နောက် ငါအသျှင်မြတ်သည် အသင်တို့၏ အထက်၌ မိုးကောင်းကင်ခုနစ်ထပ် (ထိုမိုးကောင်းကင်များတွင် ဖရစ်ရှ်သာဟ်များ သွားလာရန်လမ်းများ ရှိသည်) ကို ဖန်ဆင်းတော်မူခဲ့သည်။ (ထိုလမ်းများသည် အသင်တို့အတွက်လည်း

အချို့ကောင်းခြင်းများ ရှိသည်။) ထို့နောက် ငါအသျှင်မြတ်သည် အဖန်ဆင်းခံတို့ (၏ ကောင်းကျိုး) ကို လျစ်လျူထားတော်မူသော အသျှင်မြတ် မဟုတ်ပေ။ (သို့သာမက အဖန်ဆင်းခံတိုင်းကို ကောင်းသော အစီအမံများကို ရှေ့ရှုလျက် ဖန်ဆင်းတော်မူခဲ့သည်။) ထို့နောက် ငါအသျှင်မြတ်သည် (လူသား၏ ရပ်တည်နေနိုင်မှုနှင့် ဖူးငုံ သီးပွင့်နိုင်ရန်အတွက်) မိုးကောင်းကင်မှ (သင့်လျော်သည့်) အတိုင်းအတာ ပမာဏဖြင့် မိုးရွာသွန်းစေတော်မူသည်။ ထို့နောက် ငါအသျှင်မြတ်သည် ထိုမိုးရေကို (ကာလရှည်ကြာစွာ) ပထဝီမြေအတွင်း၌ ကိန်းဝပ်စေတော်မူခဲ့သည်။ (အချို့ရေများသည် မြေပထဝီအပေါ်၌ တင်ကျန်ရှိနေပြီး အချို့နေရာများမှာ မြေကြီးအတွင်းသို့ စိမ့်ဝင်ကိန်းဝပ်သွားသည်။ ထိုရေသည် တဖြည်းဖြည်းချင်း ထွက်ရှိလာလျက် ရှိပေသည်။)

ထို့နောက် ငါအသျှင်မြတ်သည် (မိုးရွာသွန်းစေခြင်းကို ပြုစွမ်းနိုင်တော်မူသကဲ့သို့) ထို (မိုးရေ) အား ကုန်ခမ်းစေခြင်းအပေါ်၌ (လည်း) စွမ်းဆောင်နိုင်တော်မူသည်။ (လေအဖြစ် ပြောင်းလဲခြင်းဖြင့်လည်းကောင်း၊ စက်ကိရိယာများဖြင့် စုပ်၍ ထုတ်ယူရန် မစွမ်းနိုင်သော မြေပထဝီ၏ ဝေးကွာနက်ရှိုင်းမှုအတွင်း၌ ကျရောက်ခြင်းဖြင့်လည်းကောင်း ပြုစွမ်းနိုင်တော်မူသည်။ သို့ရာတွင် ငါအသျှင်မြတ်သည် ထိုရေကို ကျန်ရှိနေစေတော်မူသည်။) ထို့နောက် ငါအသျှင်မြတ်သည် ထိုမိုး (ရေ) အားဖြင့် အသင်တို့အဖို့ စွန်ပလွံခြံနှင့် စပျစ်ခြံများ ပေါက်စေတော်မူခဲ့သည်။ ထို (စွန်ပလွံနှင့် စပျစ်) ခြံများတွင် အသင်တို့အဖို့ မြောက်မြားစွာသော သစ်သီးဝလံများ ရှိပေသည်။ (၎င်းတို့အား လတ်လတ်ဆတ်ဆတ် စားလိုက်မည်ဆိုပါက သစ်သီးဝလံများဟု ထင်မှတ်ရသည်။) ထို့နောက် ၎င်းတို့အနက် (ချန်ထားပြီး အခြောက်ခံထားသည်တို့အား အဟာရအဖြစ်) စားသုံးမှုလည်း ပြုကြရသည်။ ထို့နောက် (ထိုမိုးရေဖြင့်ပင်) သစ်ပင် ('ဇိုက်သွန်း' သံလွင်ပင်) တစ်မျိုးကိုလည်း (ငါအသျှင်က ဖန်ဆင်းတော်မူခဲ့သည်။) ထိုသစ်ပင်သည် 'ဆိုင်နာ' တောင်ပေါ်တွင် (မြောက်မြားစွာ) ပေါက်ရောက်သည်။ ထိုအပင်သည် ဆီထွက်သော အပင်ဖြစ်သည်။ စားသုံးသူများအတွက် ဟင်းလျာဖြစ်သည်။ (၎င်း၏ အသီးမှ အကျိုးနှစ်ခု ရရှိသည်။ အလင်းရောင်ရရှိရန်အတွက်နှင့် လိမ်းရန်လည်းကောင်း၊ ရိုတီမုန့်နှင့် စိမ်၍ စားခြင်းအတွက်လည်းကောင်း ပြုနိုင်သည်။ ဖော်ပြပါအရာများသည် မြေကြီးနှင့် သစ်ပင်များမှ ရရှိခြင်းဖြစ်သည်။) ထို့နောက် ရှေ့တွင် ခြေလေးချောင်းတိရစ္ဆာန်များအားဖြင့် လူသားတို့အတွက် အကျိုးကျေးဇူးများနှင့် လွယ်ကူမှုများအကြောင်း တင်ပြထားသည်။) အမှန်စင်စစ် အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန်များ၌ (လည်း) ဆင်ခြင်သုံးသပ်ရန် အခွင့်အလမ်းများ ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်သည် အသင်တို့အား ၎င်းတို့၏ ဝမ်းဗိုက်၌ရှိသော အရာ (နို့ရည်) ကို သောက်သုံးရန် ချီးမြှင့်တော်မူခဲ့သည်။ ထို့ပြင် အသင်တို့အဖို့ ၎င်းတို့တွင် များစွာသော အကျိုးကျေးဇူးများလည်း ရှိပေသည်။ (၎င်းတို့၏ အမွေးအမျှင်များမှာ အသုံးဝင်ပေသည်။) ထို့နောက် (အလားတူ) ၎င်းတို့မှ အချို့တို့ကို စားသုံးခြင်းလည်း ပြုကြသည်။ ထို့နောက် အသင်တို့သည် ၎င်းတို့ (တွင် ဝန်စည်စလွယ် ထမ်းမနိုင်သည်တို့) အပေါ်၌လည်းကောင်း၊ လှေ၊ သင်္ဘောများ၌လည်းကောင်း စီးနင်း (သွားလာတင်ဆောင်) ခြင်း ပြုကြကုန်၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပြီးသည့် အာယသ်တော်များတွင် လူသား၏ လောကီ၊ လောကုတ္တရာ၏ အောင်မြင်မှု၏ နည်းလမ်းကို အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'ပြုခြင်းနှင့် ထိုအသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာခြင်း၌ မိမိ၏ အတွင်းပိုင်း၊ အပြင်ပိုင်းကို သန့်ရှင်းစွာ ထားရခြင်းနှင့် လူသားအားလုံးတို့၏ တာဝန်များ ကျေပွန်ရန် အကြောင်းများကို တင်ပြထားသည်။ ဖော်ပြပါအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်များအကြောင်းနှင့် လူသားအား ဖန်ဆင်းမှုတွင် ၎င်း၏ ထူးခြားသော ပေါ်လွင်မှုများအကြောင်း တင်ပြထားသည်။ ထိုတင်ပြချက်ဖြင့် လူသားအဖို့ အထက်ပါအကြောင်းများ၏ တင်ပြချက်များမှအပ အခြားလမ်းကို ရွေးချယ်စရာ မရှိနိုင်ကြောင်း အသိတရားဖြစ်ပေါ်လာမည်မှာ ထင်ရှားပေမည်။

وَلَقَدْ خَلَقْنَا الْاِنْسَانَ مِنْ سُلٰلَةٍ مِّنْ طِيْنٍ

سُلٰلَةٍ 'စုလာလဟ်'သည် အကောင်းဆုံး (အဆီအနှစ်) ဟု ဖြစ်သည်။ طِيْنٍ 'သွီးန်'သည် မြေစိုဖြစ်သည်။ အဓိပ္ပာယ်မှာ မြေပထဝီမှ မြေကြီး၏ အထူးအစိတ်အပိုင်းကို ထုတ်ယူ၍ ထိုအစိတ်အပိုင်းဖြင့် လူသားကို ဖန်ဆင်းခြင်း'ဟု ဖြစ်သည်။ လူသား၏ ဖန်ဆင်းမှုအစသည် ဟဇရသ်အာဒမ် ﷺ ဖြစ်ပြီး ၎င်းအား ဖန်ဆင်းခြင်းသည် ထိုမြေကြီး၏ အကောင်းဆုံး အစိတ်အပိုင်းဖြင့် ဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းခြင်းအစကို မြေကြီးဘက်သို့ ညွှန်းရခြင်းဖြစ်သည်။ ထို့နောက် လူသားတစ်ဦး၏ ကာလလရေကြည်သည် အခြားလူသားတစ်ဦး ဖန်ဆင်းမှု၏ အကြောင်းခံ ဖြစ်လာပြန်သည်။ ရှေ့အာယသ်တော်တွင် ထိုအကြောင်း တင်ပြချက်ကို

ثُمَّ جَعَلْنٰهُ نُطْفَةً

ဟု မိန့်ကြားတော်မူထားသည်။ ဆိုလိုသည်မှာ ဖန်ဆင်းမှု၏ အစပထမသည် မြေကြီးဖြင့် ဖြစ်သည်။ တစ်ဖန် ရှေ့၌ ဖန်ဆင်းမှု၏ အစဉ်အဆက်သည် ထိုမြေကြီး၏ ပါးလွှာသော အစိတ်အပိုင်းဖြစ်သည့် 'နွှသ်ဖဟ်' ကာလလရေကြည်ဖြင့် ဖြစ်သည်။ အဖွင့်ပညာရှင်အများစုတို့သည် ဖော်ပြပါအာယသ်တော်၏ အဖွင့်ကို ဤအတိုင်းပင် ရေးသားခဲ့ကြသည်။ ထို့ပြင် سُلٰلَةٍ مِّنْ طِيْنٍ သည်လည်း လူသား၏ ကာလလရေကြည်၏ အလိုသဘောဖြစ်ကြောင်း ပြောဆိုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကာလလရေကြည်သည် အစာအဟာရဖြင့် ဖြစ်ပေါ်ပြီး လူသား၏ အစာအဟာရသည် မြေကြီးဖြင့် ဖြစ်သောကြောင့် ဖြစ်သည်။

လူသားအား ဖန်ဆင်းခြင်း အဆင့် (၇) ဆင့်

ဖော်ပြပါအာယသ်တော်များတွင် လူသားအား ဖန်ဆင်းသည့်အဆင့် (၇) ဆင့်ကို ဖော်ပြထားသည်။ ၎င်းတို့မှာ-

(၁) မြေကြီး၏ အကောင်းဆုံးအစိတ်အပိုင်းဖြင့် ဖန်ဆင်းခြင်း၊

(၂) ကာလလရေကြည်ဖြင့် ဖန်ဆင်းခြင်း၊

၃) သွေးခဲအဖြစ် ဖန်ဆင်းခြင်း၊
၄) အသားတုံးအဖြစ် ဖန်ဆင်းခြင်း၊
၅) အရိုးများအဖြစ် ဖန်ဆင်းခြင်း၊
၆) အရိုးများအပေါ် အသားများ ဖြစ်ရှိစေရန် ဖန်ဆင်းခြင်း၊
၇) ပြည့်စုံသော ဖန်ဆင်းမှုအဖြစ် ဝိညာဉ်ထည့်သွင်း ဖန်ဆင်းခြင်းတို့ ဖြစ်သည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်မှ အံ့ဖွယ်ဖြစ်ရပ်တစ်ခု

သဖ်စီးရ်ကုသုဗီကျမ်းတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် ﷺ သခင်ထံမှ ဤအာယသ်တော်၏ အထောက်အထားဖြင့် 'ကဒရ်'ညဉ့်၏ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အံ့ဖွယ်ဖြစ်ရပ်တစ်ခု ဆင့်ပြန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဟဇရသ်ဖာရူးက်အအ်ဇမ် ﷺ သခင်သည် တစ်ခါက ဆွဟာဗာအကြီးအကဲအုပ်စုအား 'ကဒရ်ညဉ့်မြတ်သည် ရမ်ဇာန်၏ မည်သည့်ရက်တွင် ဖြစ်ပါသနည်း' ဟု မေးရာ ဆွဟာဗာအားလုံးတို့က 'အလ္လာဟ်အသျှင်မြတ်သာ အသိဆုံးဖြစ်တော်မူပါသည်' ဟုသာ ဖြေကြားကြပြီး မည်သည့်နေ့ရက်၏ သတ်မှတ်ချက်ကိုမျှ ဖြေကြားခြင်းမရှိပေ။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သည် ၎င်းတို့အားလုံးတွင် အငယ်ဆုံး ဖြစ်သည်။ ဟဇရသ်အုမရ် ﷺ က ၎င်းအား ဦးတည်၍ 'အသင် မည်သည့်အရာ ပြောဆိုနိုင်ပါသနည်း' ဟု မေးရာ ၎င်းက 'အို၊ မုအ်မင်န်တို့၏ ခေါင်းဆောင်ကြီး၊ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်ခုနစ်ထပ်ကိုလည်းကောင်း၊ မြေပထဝီခုနစ်ထပ်ကိုလည်းကောင်း လူသား၏ ဖန်ဆင်းခြင်းအဆင့် (၇) ဆင့်ကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့ပါသည်။ လူသား၏ အစာအဟာရတွင်လည်း (၇) မျိုးကို ဖန်ဆင်းတော်မူထားသည့်အတွက် ကျွန်ုပ်၏ ယူဆချက်အရ 'ကဒရ်'ညဉ့်မြတ်သည် နှစ်ဆယ့်ခုနစ်ညမြောက်၌ ဖြစ်ပါလိမ့်မည်' ဟု ဖြေကြားလေသည်။ ဟဇရသ်အုမရ် ﷺ သည် ဤအံ့ဖွယ်အထောက်အထားကို ကြားရပြီး ဆွဟာဗာအကြီးအကဲတို့အား 'အသင်တို့ မဖြေကြားနိုင်သည်ကို ဦးခေါင်း၌ ဆံပင်များပင် ပြည့်စုံအောင် မပေါက်သေးသည့် ကလေးငယ်က ဖြေကြားလိုက်သည်' ဟု မိန့်ကြားလေသည်။ ဤရှည်လျားသည့် ဟဒီးစ်တော်သည် အိဗ်နေအာဘီရှိုင်ဗာဟ်၏ မွတ်စ်နဒ်ကျမ်းတွင် ရှိသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်သည် လူသား၏ ဖန်ဆင်းခြင်းအဆင့် (၇) ဆင့်ကို ဤအာယသ်တော်ဖြင့် အလိုသဘော ကောက်ယူသည်။ လူသား၏ အဟာရ (၇) မျိုးကို 'စူရာဟ်အဗစ' ၏ အောက်ပါအာယသ်တော်တွင် အထောက်အထားပြဆိုခြင်း ဖြစ်သည်။

فا نبتنا فيها حَبًّا وّ عِنبا وّ قَضبًا وَّزَ يتو نًا وّنخلا وّ حَد ا ئق غُلبًا وًّ فا كهة وًّا بًّا

ဤအာယသ်တော်တွင် (၈) မျိုး ဖော်ပြထားရာ ပထမ (၇) မျိုးသည် လူသား၏ အစာအဟာရဖြစ်ပြီး နောက်ဆုံးအမျိုးအစားများမှာ တိရစ္ဆာန်များ၏ အစာဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

လူသား၏ ဖန်ဆင်းခြင်းအဆင့် (၇) ဆင့် ဖြတ်သန်းရခြင်းအား တင်ပြရာ၌ ကုရ်အာန်ကျမ်းတော်မြတ်၏ ပြည်စုံကုံလုံမှုကို ကြည့်မည်ဆိုလျှင် တွေ့မြင်ရမည်မှာ ထိုအရာအားလုံးကို တစ်မျိုးတည်းပုံစံဖြင့် တင်ပြတော်မူခြင်းမပြုဘဲ ကာလတစ်ခုမှ ကာလတစ်ခုအထိ ပြောင်းလဲခြင်းများကို အချိန်အနည်းငယ်ကြာသည့်အတွက် သုံးနှုန်းသော ثُمَّ ဟူသော စာလုံးကို သုံးနှုန်းထားတော်မူသည်။ အချို့နေရာများတွင် ပြောင်းလဲမှုတင်ပြခြင်းကို فـ 'ဖာအ်' အက္ခရာဖြင့် သုံးနှုန်းထားသည်။ ယင်းအက္ခရာသည် အချိန်ကြန့်ကြာမှု မရှိခြင်းအပေါ် ညွှန်းဆိုသည့်အက္ခရာ ဖြစ်သည်။ ဤညွှန်းဆိုချက်တွင် ပြောင်းလဲမှုတစ်ခုနှင့် တစ်ခုအကြား ဖန်ဆင်းခြင်းသဘာဝ၏ အစီအစဉ်တကျ အစဉ်လိုက်ကို ညွှန်ပြထားသည်။ အချို့ပြောင်းလဲမှုများသည် လူသား၏ ဦးနှောက်အသိဉာဏ်အရ အလွန်ခက်ခဲ၍ အလွန်ကြာမြင့်သော အချိန်လိုအပ်သည်။ အချို့မှာ ဤမျှကြာမြင့်သော အချိန်မလိုအပ်ပေ။ သို့ဖြစ်ပေရာ ကုရ်အာန်ကျမ်းတော်မြတ်သည် ပထမ ကာလ (အဆင့်) (၃) မျိုးတွင် ثُمَّ ဟူသော စာလုံးဖြင့် တင်ပြထားသည်။ ပထမဦးစွာ سلا له طين မြေကြီး၏ အထူးအစိတ်အပိုင်းဖြင့် ဖန်ဆင်းထားခြင်း၊ တစ်ဖန် ထိုအစိတ်အပိုင်းကို ကာလလရေကြည်အဖြစ် ပြောင်းလဲဖန်ဆင်းခြင်း၊ ထိုသို့ အဆင့်ပြောင်းလဲ၍ ဖန်ဆင်းခြင်းကို ثُمَّ ဟူသော စာလုံးဖြင့် ثُمَّ جَعَلْنٰهُ نُطْفَةً ဟု မိန့်ကြားတော်မူထားသည်။ အဘယ်ကြောင့်ဆိုသော် မြေကြီးဖြင့် အစာအဟာရဖြစ်ခြင်းသည်လည်းကောင်း၊ တစ်ဖန် အစာအဟာရမှ ခန္ဓာကိုယ်၏ အစိတ်အပိုင်းဖြစ်ခြင်းသည်လည်းကောင်း၊ တစ်ဖန် ၎င်းတို့မှ အထူးအစိတ်အပိုင်းဖြစ်သော ကာလလရေကြည်၏ ပုံသဏ္ဌာန်အဖြစ် ပြောင်းလဲသွားခြင်းသည်လည်းကောင်း လူသား၏ တွေးခေါ်သုံးသပ်မှု ရှုထောင့်အရ အချိန်များစွာ လိုအပ်ပေသည်။ အလားတူ ထိုသို့ ဖြစ်ပြီးနောက် တတိယအဆင့် ထိုကာလလရေကြည်မှ အသားတုံးအဖြစ် ပြောင်းလဲခြင်းဖြစ်ပေါ်သည်။ ဤသို့ ပြောင်းလဲခြင်းသည်လည်း ရှည်ကြာသော အချိန်တစ်ခု လိုအပ်ပေသည်။ ထိုသို့ ဖြစ်ပေါ်ခြင်းကိုလည်း

ثُمَّ خَلَقْنَا النُّطْفَةَ عَلَقَةً

ဟု မိန့်ကြားထားသည်။ ထို့နောက် ကာလသုံးခုဖြစ်သော သွေးခဲမှ အသားတုံးအဖြစ်လည်းကောင်း အသားတုံးမှ အရိုးများအဖြစ်လည်းကောင်း၊ ထို့နောက် အရိုးများပေါ်တွင် အသားများ ဖုံးအုပ်ခြင်းကိစ္စများအားလုံးသည် အနည်းငယ်မျှသော ကာလအတွင်း၌ ဖြစ်သွားရခြင်းမှာ ဝေးကွာမှု မရှိဟု ယူဆရသောအခါ ထိုကာလ (၃) ခုကို فـ 'အက္ခရာ'ဖြင့် တင်ပြထားတော်မူသည်။ ထို့နောက်တစ်ဖန် နောက်ဆုံးကာလဖြစ်သော ဝိညာဉ်ထည့်သွင်းခြင်းနှင့် အသက်ရှင်သန်မှု ဖြစ်ပေါ်စေခြင်းတို့ကိုလည်း ثُمَّ ဟူသော စာလုံးဖြင့် သုံးနှုန်း မိန့်ကြားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် အသက်ဝိညာဉ်မဲ့သော အရာတစ်ခုအား ဝိညာဉ်နှင့် အသက်ရှင်သန်မှု ဖြစ်ပေါ်စေခြင်းတို့မှာ လူသားတို့၏ တွေးခေါ်သုံးသပ်မှု ဦးနှောက်အသိဉာဏ်အရ အချိန်ကာလများစွာ လိုအပ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင်လည်း ထပ်မံ၍ ثُمَّ ဟူသော စာလုံးကို သုံးနှုန်းခြင်းဖြစ်သည်။

အချုပ်ဆိုရသော် ကာလတစ်ခုမှ ကာလတစ်ခုသို့ ပြောင်းလဲခြင်းတို့သည် လူသား၏ ဦးနှောက် အတွေးအခေါ် သုံးသပ်ခြင်းများအရ ကာလရှည်ကြာစွာ လိုအပ်ပေသည်။ ထိုသို့သော နေရာများတွင် ثُمَّ ဟူသော စာလုံးဖြင့်လည်းကောင်း၊ လူသား၏ ဦးနှောက်အတွေးအခေါ် သုံးသပ်ခြင်းများအရ ရှည်ကြာသည့် ကာလ မလိုအပ်သည့်နေရာများတွင် ف (ـف) 'ဖာအ်'အက္ခရာဖြင့်လည်းကောင်း သုံးနှုန်း၍ ညွှန်ပြထားတော်မူသည်။ ထို့ကြောင့် ထိုသို့ ညွှန်ပြခြင်းအပေါ် 'ကာလတစ်ခုမှ အခြားကာလတစ်ခုသို့ ပြောင်းလဲမှုဖြစ်ခြင်းသည် ရက်ပေါင်း (၄၀) စီ ကြာမြင့်သည်'ဟူသော ဟဒီးစ်တော်အား ဒွိဟသံသယမဖြစ်နိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ ဖြစ်ပေါ်ပြောင်းလဲခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်၏ အလုပ်ဖြစ်ပြီး လူသား၏ တွေးခေါ်သုံးသပ်ခြင်းများအရ မဖြစ်သောကြောင့်ပင် ဖြစ်သည်။

လူသားအား ဖန်ဆင်းခြင်း၏ နောက်ဆုံးအဆင့် (သို့မဟုတ်) ဝိညာဉ်ထည့်သွင်းခြင်းနှင့် အသက်ရှင်သန်စေခြင်း

ဤအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်သည် အထူးခွဲခြားတင်ပြသည့် ပုံသဏ္ဍာန်ဖြင့် မိန့်ကြားထားသည်မှာ-

ثُمَّ اَنْشَاْنٰهُ خَلْقًا اٰخَرَ

'ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည် ထို (လူသား) အား အထူးဖြစ်သည့် အခြားဖန်ဆင်းခြင်း တစ်ရပ်ကို ဖန်ဆင်းတော်မူသည်။' *[၂၃ : ၁၄]*

ဤကဲ့သို့ ခွဲခြားတင်ပြရသည့် အကြောင်းမှာ ပထမဖန်ဆင်းခြင်းကာလ (၆) ခုတွင် ဓါတ်ကြီး လေးပါးနှင့် အခြေခံအရင်းအမြစ်များမှ ပြောင်းလဲမှုအဆင့်ဆင့် ဖြစ်ပေါ်လာခြင်းတို့နှင့် စပ်လျဉ်းပေသည်။ ယခု ဤနောက်ဆုံးကာလ သတ္တမမြောက်ကာလတွင် ဝိညာဉ်လောကမှ ဝိညာဉ်ကို ၎င်း၏ ခန္ဓာကိုယ် အတွင်း၌ ပြောင်းရွှေ့ရသော ကာလဖြစ်သည်။ ထို့ကြောင့် ထိုကာလ (အဆင့်) ကို خلقا اخر ဟူ၍ သုံးနှုန်းမိန့်ဆို တော်မူခြင်း ဖြစ်သည်။

'ရူးဟ်ဟကီကီး' နှင့် 'ရူဟ်ဟိုင်ဝါနီ'

ဤနေရာတွင် خلقا اخر ၏ သဖ်စီးရ်ကို ဟဇရတ်အိဗ်နေအဗ္ဗားစ် ﵄၊ မုဂျာဟိဒ် (ရဟ)၊ ရှအ်ဗီ (ရဟ)၊ အက္ကရိမာဟ် (ရဟ)၊ ဒွဟ်ဟားက် (ရဟ) နှင့် အဗွလ်အာလိယဟ် (ရဟ) စသည် တို့က 'ရူးဟ်'ဝိညာဉ် ထည့်သွင်းခြင်းဟု ဖွင့်ဆိုကြသည်။ သဖ်စီးရ်မဇွ်ဟရီကျမ်းတွင် ထို 'ရူးဟ်'၏ အလိုသဘော ကို 'ရှုဟေဟိုင်ဝါနီ'ဟု ဆိုကြသည်။ ထို 'ရူးဟ်'ဝိညာဉ်သည်လည်း မူလဓာတ်မြစ်နှင့် ပါးလွှာသိမ်မွေ့ သည့် ခန္ဓာကိုယ် ထုထည်တစ်ခု ဖြစ်သည်။ ထို 'ရူးဟ်'သည် 'ဟိုင်ဝါနီ' သက်ရှိသတ္တဝါတိုင်း၏ ခန္ဓာ

ကိုယ်၏ အစိတ်အပိုင်း ဟူသရွေ့တွင် ဝင်ဆန့်နိုင်ခြင်း ရှိသည်။ ဤသည်ကိုပင် ဆေးပညာရှင် သမားတော်နှင့် အတွေးအခေါ်ပညာရှင်တို့က 'ရူးဟ်'ဟု ခေါ်ဆိုသည်။ ဤဝိညာဉ်အား ဖန်ဆင်းခြင်းသည်လည်း လူသား၏ ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးကို ဖန်ဆင်းပြီးနောက်မှ ဖြစ်သည်။ ထို့ကြောင့် ၎င်းကို ثم ဟူသော စာလုံးဖြင့် သုံးနှုန်းမိန့်ဆိုတော်မူခြင်း ဖြစ်သည်။ ထို့နောက် ဝိညာဉ်လောကနှင့် ဆက်နွယ်သည့် 'ဟကီကီးရူးဟ်' ဝိညာဉ်အစစ်ကို ယူဆောင်လာပြီး ဤ 'ရူးဟ်ဟိုင်ဝါနီ'သက်ရှိသတ္တဝါတို့၏ ဝိညာဉ်နှင့် ဆက်နွယ်ပေါင်းစပ်မှုတစ်ခုကို အလ္လာဟ်အသျှင်မြတ်သည် မိမိ၏တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူသည်။ ဤအကြောင်းဇစ်မြစ်ကို သိနားလည်ရန် လူသားတွင် စွမ်းအားမရှိပေ။ ဤ 'ရူးဟ်ဟကီကီး' (ဝိညာဉ်အစစ်) အားဖန်ဆင်းခြင်းသည် လူသားအားလုံးတို့အား မဖန်ဆင်းမီ ကာလများစွာအလျှင်ကပင် ဖြစ်သည်။ ဤ 'ရူးဟ်ဟကီကီး' (ဝိညာဉ် အစစ်) များအား ဝိညာဉ်လောက (အဇလ်) တွင် စုရုံးစေပြီး الست بربكم ဟု မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ အားလုံးတို့က بلى ဟူသော စကားလုံးဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဖန်ဆင်းမွေးမြူတော်မူသော အသျှင် ဖြစ်ကြောင်းကို မြွက်ဟ ဝန်ခံခဲ့ကြသည်။ သို့သော် ထိုဝိညာဉ်သည် လူသား၏ ခန္ဓာကိုယ်နှင့် ပေါင်းစပ်သည်မှာ လူသား၏ ခန္ဓာကိုယ်အဆစ်အပိုင်းအားလုံး ဖန်ဆင်းပြီးနောက်မှ ဖြစ်သည်။ အကယ်၍ ဤနေရာ၌ 'ရူးဟ်'ဝိညာဉ်ကို ထည့်သွင်းရာတွင် 'ရူးဟ်ဟိုင်ဝါနီ' (သက်ရှိသတ္တဝါ) တို့၏ ဝိညာဉ်နှင့် 'ရူးဟ်ဟကီကီး' (ဝိညာဉ်အစစ်) တို့သည် ထိုအချိန်၌ ပေါင်းစပ်ဖန်ဆင်းတော်မူသည်ဟု အဓိပ္ပာယ်ကောက်ယူပါလျှင် ဤအချက်သည်လည်း ဖြစ်နိုင်ပေသည်။

အမှန်စင်စစ် လူသား၏ အသက်ရှင်နေမှုသည် ထို 'ရူးဟကီကီး' (ရူးဟ်အစစ်) နှင့်သာ သက်ဆိုင်ပေသည်။ ထို 'ရူဟ်ဟကီကီး' (ဝိညာဉ်အစစ်) သည် 'ရူဟ်ဟိုင်ဝါနီ' (သက်ရှိသတ္တဝါ) တို့၏ ဝိညာဉ်နှင့် ပေါင်းစပ်လိုက်သည့်အခါ လူသည် အသက်ရှင်သန်လာသည်။ ထိုဝိညာဉ်နှင့် အဆက်ပြတ်သွားသည့်အခါ လူသည် သေဆုံးသွားလေသည်။ ထို 'ရူဟ်ဟိုင်ဝါနီ' (သက်ရှိသတ္တဝါ) တို့၏ ဝိညာဉ်သည်လည်း မိမိ၏ အလုပ်များကို စွန့်လွှတ်လိုက်ရတော့သည်။

فَتَبٰرَكَ اللّٰهُ اَحۡسَنُ الۡخٰلِقِيۡنَ

خلق 'ခလ်က်'နှင့် تخليق 'သခ်လီးက်'၏ မူရင်းအဓိပ္ပာယ်မှာ 'အရာတစ်ခုကို အစမှအဆုံးတိုင် မည်သည့်အရင်းအမြစ် အရာပစ္စည်းတစ်ခုမျှ မပါဘဲ ပြုလုပ်ဖန်ဆင်းခြင်း ဖြစ်သည်။ ဤသို့ ပြုလုပ်ဖန်ဆင်းခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အထူးဂုဏ်တော်တစ်ပါး ဖြစ်သည်။ ဤအဓိပ္ပာယ်ကို ထောက်ရှုခြင်းအားဖြင့် 'ခါလိက်' (ဖန်ဆင်းရှင်) ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သာ ဖြစ်တော်မူသည်။ အခြားသော သူများအနေဖြင့် ဖရစ်ရှ်သာဟ်ဖြစ်စေ၊ (သို့) လူသားတစ်ဦးဖြစ်စေ၊ မပြောပလောက်သော အသေးအဖွဲ့ အရာတစ်ခုခု ၏ ဖန်ဆင်းရှင်ပင် မဖြစ်နိုင်ပေ။ သို့ရာတွင် တစ်ခါတစ်ရံ ဤ 'ခလ်က်' နှင့် 'သခ်လီးက်' စာလုံးသည် တီထွင်မှု၏ အဓိပ္ပာယ်၌လည်း သုံးစွဲလေ့ရှိသည်။ အလ္လာဟ်အသျှင်မြတ်သည် မူလအရင်း

အမြစ်နှင့် ခါတ်ကြီးလေးပါးကို ဤလောကအတွင်း၌ မိမိ၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်များဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူထားသည်များကို ပေါင်းစပ်ဖွဲ့စည်း၍ သစ်ဆန်းသော အရာတစ်ခု တီထွင်ပြုလုပ်ခြင်းမှာမူ လူတိုင်း ပြုလုပ်နိုင်သည့် အလုပ်ဖြစ်သည်။ ထိုအဓိပ္ပာယ်ကို ထောက်ရှုခြင်းအားဖြင့် လူသားတစ်ဦးဦးကိုလည်း သီးခြားအရာများ၏ 'ခါလိက်'ဟု ပြောဆိုကြသည်။

ကုရ်အာန်ကျမ်း တော်မြတ်၌ပင် يَخْلُقُوْنَ اِفْكًا ဟုလည်းကောင်း၊ ဟဇရတ်အီစာ عليه السلام နှင့် စပ်လျဉ်း၍ اَنِّيْ اَخْلُقُ لَكُمْ مِنَ الطِّيْنِ كَهَيْئَةِ الطَّيْرِ ဟုလည်းကောင်း မိန့်ကြားထားသည်။ ထိုနေရာအားလုံးတွင် خلق 'ခလ်က်'ဟူသော စာလုံးသည် သွယ်ဝိုက်သောနည်းဖြင့် တီထွင်ခြင်း၏ အဓိပ္ပာယ်ကို ပြောဆိုခြင်းဖြစ်သည်။

အလားတူ ဤနေရာတွင် خالقين 'ခါလိကီးန်'ဟူသော အများကိန်း၏ စာလုံးကို သုံးနှုန်းရခြင်းမှာ လူသားတို့သည် မိမိတို့၏ တီထွင်မှုအတတ်ပညာများအားဖြင့် မိမိတို့ကိုယ်ကို မိမိတို့ အရာတစ်ခုခု၏ ဖန်ဆင်းသူဟု ယူဆကြသည်။ အကယ်၍ ၎င်းတို့အား သွယ်ဝိုက်သောနည်းဖြင့် خالق 'ခါလိက်'ဟု ပြောဆိုခြင်းပြုသည် ဆိုပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ထို 'ခါလိက်' (ဖန်ဆင်းသူများ) တွင် အကောင်းဆုံး တီထွင် (ဖန်ဆင်း) သူ ဖြစ်တော်မူသည်။

ثُمَّ اِنَّكُمْ بَعْدَ ذٰلِكَ لَمَيِّتُوْنَ

ပထမသုံးအာယသ်တော်တွင် လူသား၏ အစကနဦးဖြစ်စဉ်များအကြောင်း တင်ပြထားသည်။ ယခုအာယသ်တော်နှစ်ပါးတွင် ထိုလူသား၏ နိဂုံးနှင့် စပ်လျဉ်း၍ တင်ပြထားသည်။ ဖော်ပြပါအာယသ်တော်တွင် မိန့်ကြားတော်မူသည်မှာ 'တစ်ဖန် အသင်တို့အားလုံးသည် ဤလောကတွင် ရောက်ရှိနေထိုင်ကြပြီးနောက် သေခြင်းတရားနှင့် ရင်ဆိုင်ကြရမည့်သူများ ဖြစ်ကြသည်။ ထိုသေခြင်းတရားမှ လွတ်ကင်းသူဟူ၍ မည်သူမျှ မရှိနိုင်ပါ'ဟု ဖြစ်သည်။ ထို့နောက် ထပ်မံ၍ မိန့်ကြားတော်မူသည်မှာ-

ثُمَّ اِنَّكُمْ يَوْمَ الْقِيٰمَةِ تُبْعَثُوْنَ

ဆိုလိုသည်မှာ 'သေဆုံးကွယ်လွန်ပြီးနောက် တစ်ဖန် 'ကေယာမသ်'နေ့တွင် အသင်တို့အားလုံးသည် ပြန်လည်ရှင်ထစေခြင်း ခံရပေမည်။ သို့မှသာလျှင် အသင်တို့၏ ကျင့်စဉ်များ၏ စာရင်းကို ယူ၍ အဓိကနေရာဌာနဖြစ်သည့် 'ဂျန္နသ်' (သို့) 'ဂျဟန္နမ်'သို့ ပို့ဆောင်ပေးရမည် ဖြစ်သည်။ ဤသည် လူသား၏ နိဂုံး ရလဒ်ဖြစ်သည်။ ရှေ့တွင် လူသား၏ နိဒါန်းနှင့် နိဂုံးတို့၏ ကြားအလယ်တွင် လူသားအပေါ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များ ချီးမြှင့်ပေးကမ်းမှုများအကြောင်းနှင့် ရှေ့အာယသ်တော်တွင် မိုးကောင်းကင်၏ ဖန်ဆင်းခြင်းအကြောင်းများ အစပြုထားပေသည်။

وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَائِقَ

طَرَائِقَ သည် طَرِيقَة ၏ အများကိန်းဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်သည် 'အဆင့်၊ အထပ်' ဟုလည်း ကောက်ယူနိုင်သည်။ ထိုသို့ ကောက်ယူလျှင် အာယသ်တော်၏ အလိုသဘောမှာ 'အဆင့်ဆင့် အထပ်ထပ် မိုးခုနစ်ထပ်သည် အသင်တို့အထက်၌ ဖန်ဆင်းထားတော်မူသည်' ဟု ဖြစ်သည်။ طَرِيقَة 'သွရီကဟ်'၏ အဓိပ္ပာယ်သည် ကျော်ကြားသည့်လမ်းဟုလည်း ဖြစ်သည်။ ဤသို့ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဤမိုးကောင်းကင်များသည် ကမ္ဘာမြေပြင်၌ အမိန့်တော်များ ယူဆောင်လျက် သွားလာနိုင်ရန် ဖရစ်ရှ်သာဟ်များအတွက် လမ်းများဖြစ်သည်' ဟူသော အဓိပ္ပာယ်ရသည်။

وَمَا كُنَّا عَنِ الْخَلْقِ غَافِلِينَ

ဤအာယသ်တော်တွင် 'ငါအသျှင်မြတ်သည် လူသားတို့အား ဖန်ဆင်းခြင်းသာ ပြုတော်မူပြီး စွန့်ပစ်ထားသည်မဟုတ်။ ၎င်းအား မေ့လျော့ခြင်း ပြုထားသည်မဟုတ်ဘဲ လူသား၏ တိုးတက်အောင်မြင်မှု၊ နေထိုင်မှုနှင့် စိမ်ခံပစ္စည်းများလည်း အသင့်ပြုပေးတော်မူထားသည်။ လူသား၏ မူလအစသည် မိုးကောင်းကင်များအား မဖန်ဆင်းမီကပင် ဖြစ်သည်။ ထို့နောက်တစ်ဖန် မိုးကောင်းကင်မှ မိုးရေ ရွာသွန်းစေ၍ လူသားတို့အတွက် အစာအဟာရနှင့် အရသာ၏ အသုံးအဆောင်များဖြစ်သော သစ်သီးဝလံ၊ ပန်းမန်များကိုလည်း ဖန်ဆင်းပေးတော်မူထားသည်။ ထိုအကြောင်းအရာများကို အောက်ပါအာယသ်တော်များတွင် မိန့်ကြားထားသည်မှာ-

وَأَنْزَلْنَا مِنَ السَّمَاءِ مَاءً بِقَدَرٍ فَأَسْكَنَّهُ فِي الْأَرْضِ ۖ وَإِنَّا
عَلَىٰ ذَهَابٍ بِهِ لَقَادِرُونَ

၎င်းပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ (မိုး) ရေကို (သင့်တော်သော) အတိုင်းအတာ ချိန်ဆချက်နှင့်တကွ ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ငါအသျှင်မြတ်သည် ထို (မိုး) ရေကို ပထဝီမြေဝယ် ရပ်တည်စေတော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် ထို (မိုး) ရေကို ပပျောက် (ကုန်ခမ်း) သွားအောင်လည်း အမှန်ပင် ပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ *[၂၃ : ၁၈]*

လူသားများအတွက် ရေရောက်ရှိစေသော တန်ခိုးတော်၏ အံ့ဖွယ်အစီအမံ

ဤအာယသ်တော်တွင် မိုးကောင်းကင်မှ မိုးရွာသွန်းစေတော်မူကြောင်း တင်ပြခြင်းနှင့်အတူ သတ်မှတ်ချက်တစ်ခုအဖြစ် بِقَدَرٍ ဟူသော စာလုံးကို အပိုထည့်သွင်းသုံးနှုန်းလျက် လူသားသည် မိမိ၏ အသက်ရှင်သန်ခြင်း၏ အဓိကဖြစ်သော အရာများအတွက်ပင် စွမ်းဆောင်ခြင်း မပြုနိုင်သည့် ဖန်ဆင်းခံဖြစ်သည့်အကြောင်း ညွှန်ပြလိုက်ခြင်း ဖြစ်သည်။ အကယ်၍ ထိုအရာသည် ရှိရမည်ဖြစ်သော အတိုင်းအတာ ပမာဏထက် ကျော်လွန်များပြားသွားခဲ့ပါလျှင် ထိုအရာသည် လူသားအဖို့ အသက်အန္တရာယ်နှင့် 'အစားဗ်'အပြစ်ဒဏ်

ဖြစ်သွားရသည်။ ရေကဲ့သို့သော အရာမရှိဘဲ လူသားနှင့် တိရစ္ဆာန်သက်ရှိသတ္တဝါများအဖို့ အသက်ရှင်သန်ခြင်း မဖြစ်နိုင်ပေ။ အကယ်၍ လိုအပ်သည်ထက် ပို၍ မိုးရွာသွန်းလိုက်မည်ဆိုပါက ရေကြီးခြင်းများဖြစ်ပေါ်လာပေမည်။ ထိုအခါ လူသားနှင့် ၎င်း၏ အသုံးအဆောင်များအဖို့ အသက်အန္တရာယ်နှင့် 'အဓားဗ်' အပြစ်ဒဏ် ဖြစ်သွားရတော့သည်။ ထို့ကြောင့် မိုးကောင်းကင်မှ မိုးရွာသွန်းစေခြင်း၌လည်း လူသားများ၏ လိုအပ်ချက်ဖြည့်ဆည်းခြင်းဖြစ်ပြီး ရေလွှမ်းမိုးမှု မဖြစ်စေရန် အတိုင်းအတာဖြင့် ရွာသွန်းစေတော်မူခြင်းဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်အရ အကြောင်းတစ်စုံတစ်ရာကြောင့် ရေလွှမ်းမိုးမှု ဖြစ်ပေါ်စေသော နေရာများမှာ သီးခြားဖြစ်သည်။

လေးနက်စွာ စဉ်းစားထိုက်သည့် ဓမ္မသတ်မှာ ရေသည် အကယ်၍ နေ့စဉ် လိုအပ်သမျှအတွက် နေ့စဉ် မိုးရွာသွန်းပေးပါလျှင်လည်း လူသားအဖို့ ဒုက္ခရောက်ရပေမည်။ နေ့စဉ် မိုးရွာသွန်းခြင်းသည် ၎င်း၏ အလုပ်အကိုင်များနှင့် ၎င်း၏ စိတ်သဘောထားတို့နှင့် ဆန့်ကျင်သည်။ အကယ်၍ တစ်နှစ်ပတ်လုံး (သို့) ၆ လ (သို့) ၃ လ အတွက် လိုအပ်သည့်ရေများကို တစ်ကြိမ်တည်း ရွာချပြီး ထိုရေများကို တစ်နှစ်၊ ခြောက်လအတွက် မိမိတို့၏ အိုးများ၌ ဖြည့်တင်းထားပါဟု အမိန့်ပေးပါလျှင် လူအားလုံးကို မဆိုထားနှင့်။ လူအများစုသည်ပင် ဤမျှ ရေများကို စုဆောင်းဖြည့်တင်းရန် မည်သို့ ပြုနိုင်ပါမည်နည်း။ မည်သည့်နည်းနှင့် မဆို ရေကန်ကြီးများ၌ စုဆောင်းဖြည့်တည်းတင်းသည့် အစီအမံများ ပြုလုပ်ပါလျှင်လည်း ရက်အနည်းငယ်နောက်ပိုင်းတွင် ထိုရေများ မကောင်း ဖြစ်သွားပေမည်။ ထိုရေဆိုးရေပုပ်များအား သောက်ရန် မဆိုထားနှင့်။ အသုံးပြုရန်ပင် ခက်ခဲသွားပေလိမ့်မည်။ ထို့ကြောင့် တန်ခိုးတော်အရှင်က ထိုအစီအမံများကို ပြုထားတော်မူသည်မှာ 'မိုးရွာသွန်းသည့်အချိန်တွင် ရှိသမျှ သစ်ပင်များနှင့် မြေကြီးသည် စုပ်ယူနိုင်သမျှ စုပ်ယူလိုက်ကြသည်။ ထို့အပြင် မြေပေါ်ရှိ ရေကန်အမျိုးမျိုးနှင့် သဘာဝအင်း၊ အိုင်များတွင် ထိုရေများသည် စုပေါင်းလျက် ရှိနေကြသည်။ ထိုရေများအား လူနှင့် တိရစ္ဆာန်တို့သည် လိုအပ်သည့်အချိန်၌ အသုံးပြုကြရသည်။ သို့ရာတွင် ဤရေများသည် ရက်အနည်းငယ်အတွင်း ကုန်ဆုံးသွားသည်မှာ ထင်ရှားပေသည်။ နေရာဒေသတိုင်း၌ နေထိုင်သူတို့အဖို့ ရရှိနိုင်သည့် သန့်ရှင်းလတ်ဆတ်သည့် ရေကို အမြဲတမ်းပုံသဏ္ဌာန်ဖြင့် နေ့စဉ် မည်သို့ ရောက်ရှိပါမည်နည်း။

ထိုအစီအမံများကို တန်ခိုးတော်အသျှင်မြတ်က ပြုလုပ်ထားတော်မူသည်မှာ 'ရေ အလွန်ကြီးမားသည့် အစိတ်အပိုင်းကို ရေခဲပုံသဏ္ဌာန်ဖြင့် ပင်လယ်တစ်ခုကို ခဲစေပြီး ဖုံမှုန့်၊ သဲမှုန့်များ၊ လူနှင့် တိရစ္ဆာန်များ မရောက်ရှိစေခြင်းဖြင့်လည်းကောင်း၊ ပုပ်သိုးခြင်း မဖြစ်စေခြင်းဖြင့်လည်းကောင်း တောင်ထိပ်များ၌ သန့်ရှင်းစွာ ထားတော်မူသည်။ ထို့နောက် ထိုရေခဲမှ ရေတို့သည် တဖြည်းဖြည်းနှင့် တောင်ကြောများမှ တစ်ဆင့် မြေကြီးအတွင်းသို့ စိမ့်ဝင်စီးဆင်း၍ ပျံ့နှံ့သွားသည်။ ထို့နောက် ဤသဘာဝ ပိုက်လိုင်းများသည် ကမ္ဘာမြေကြီး၏ ထောင့်နေရာတိုင်းသို့ ရောက်ရှိသွားသည်။ ထိုနေရာများမှ အချို့တို့သည် စိမ့်စမ်းများ ပေါက်ထွက်လာသည်။ ချောင်းရေ၊ မြောင်းရေများအသွင်ဖြင့် ကမ္ဘာမြေပေါ်၌ စီးဆင်းလာကြသည်။ သန့်ရှင်းလတ်ဆတ်၍ စီးဆင်းနေသည့် ရေသည် ကုဋေပေါင်းများစွာသော လူသားများနှင့် တိရစ္ဆာန်များကို တိုက်ကျွေး

နေပေသည်။ ဤရေခဲတောင်မှ အချို့တို့သည် စီးဆင်း၍ မြေကြီးအတွင်း စိမ့်ဝင်စီးဆင်းလျက် ရှိသည်။ ထိုရေများအား ရေတွင်းတူးခြင်းအားဖြင့် နေရာတိုင်းမှ ထုတ်ယူနိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဖော်ပြပါ အာယသ်တော်တွင် ထိုအစီအမံအားလုံးကို فَاَسْكَنّٰهُ فِى الْاَرْضِ ဟူသော စာလုံးတစ်လုံးဖြင့် ဖော်ပြမိန့်ကြားထားပေသည်။ နောက်ဆုံးတွင် 'မြေကြီး၏ အောက်အတွင်းမှ ရေကို ရေတွင်းများ တူးဖော်ခြင်းဖြင့် ထုတ်ယူနိုင်ကြခြင်းတွင်လည်း အလွန်များပြားစွာ နက်ရှိုင်းခြင်းမရှိဘဲ အနည်းငယ်မျှ တွင်းအနက်တွင်သာ 'ရေ'ကို ထားသည်မှာလည်း တန်ခိုးတော်အသျှင်မြတ်၏ ဘက်တော်မှ လွယ်ကူမှု ပြုထားကြောင်း ညွှန်ပြခြင်းလည်း ဖြစ်သည်။ ထိုသို့သာမဟုတ်ပါက ရေ၏ သဘောသဘာဝအလျောက် လူသားတို့ထံ မရောက်ရှိနိုင်သည့် ပုံသဏ္ဌာန်ဖြင့် မြေကြီး၏ နက်ရှိုင်းခြင်းအောက်သို့ စိမ့်ဝင်ဆင်းသက်သွားခြင်းလည်း ဖြစ်နိုင်ပေသည်။ ဤအကြောင်းကို အာယသ်တော်၏ နောက်ဆုံးအပိုဒ်တွင်

وَاِنَّا عَلٰى ذَهَابٍۭ بِهٖ لَقٰدِرُوْنَ

ဟု မိန့်ကြားတော်မူထားသည်။ ရှေ့၌ ဆက်လက်၍ ရေ၏ အကြောင်းခံဖြင့် ဖြစ်ပေါ်လာသည့် သီးသန့်အရာများကို အာရဗ်လူတို့၏ သဘောသဘာဝနှင့် ကိုက်ညီစွာ မိန့်ကြားတော်မူထားသည်မှာ 'စွန်ပလွံနှင့် စပျစ်ဥယျာဉ်တို့သည် ထိုရေ၏ အကြောင်းခံဖြင့် ပေါက်ရောက်လာကြသည်'ဟု ဖြစ်သည်။ ထို့နောက် အခြားသော သစ်သီးဝလံများကို ခြုံငုံမှု အဓိပ္ပာယ်ရှိသော စကားလုံးဖြင့်

لَكُمْ فِيْهَا فَوَاكِهُ كَثِيْرَةٌ

ဟု မိန့်ကြားတော်မူထားသည်။ ဆိုလိုသည်မှာ 'ထိုဥယျာဉ်များတွင် အသင်တို့အတွက် စွန်ပလွံနှင့် စပျစ်သီးများအပြင် ထောင်ပေါင်းများစွာသော အခြားသစ်သီးဝလံများလည်း သီးစေတော်မူသည်။ ယင်းတို့အား အသင်တို့သည် စိတ်တိုင်းကျ ပျော်ရွှင်စွာ စားသုံးခြင်းလည်း ပြုကြသည်။ ယင်းတို့အနက် အချို့သစ်သီးများကို စုဆောင်း၍ အမြဲတန်းစားသုံးရန်အတွက်လည်း ပြင်ဆင်ထားကြသည်။ وَمِنْهَا تَاْكُلُوْنَ ၏ အလိုသဘောမှာ ဤအတိုင်းပင် ဖြစ်သည်။

ဆက်လက်၍ အထူးကောင်းမွန်သည့် အာနိသင်ရှိသော 'ဇိုက်သူးန်' သံလွင်ပင်နှင့် ထိုသံလွင်၏ အဆီကို ဖန်ဆင်းတော်မူထားသည့်အကြောင်း တင်ပြမိန့်ကြားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ထိုသံလွင်၏ အကျိုးအာနိသင်သည် များပြားစွာရှိသောကြောင့်ပင် ဖြစ်သည်။ 'ဇိုက်သူးန်'ပင်သည် 'သူရ်ဆိုင်နာ' တောင်ပေါ်၌ များစွာ ပေါက်ရောက်သောကြောင့် ထိုတောင်အား ရည်ညွှန်း၍

وَشَجَرَةً تَخْرُجُ مِنْ طُوْرِ سَيْنَآءَ

ဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။ سيناء 'ဆိုင်နာ'နှင့် سنين 'စိနီးန်'သည် 'သူရ်'တောင်တည်ရှိသည့် နေရာ၏ အမည်ဖြစ်သည်။

'ဖိုက်သူးန်' (သံလွင်) ဆီသည် ခန္ဓာကိုယ်အား ပွတ်လိမ်းခြင်းနှင့် မီးရှူးမီးတိုင် ထွန်းညှိရာတို့တွင် အသုံးဝင်သည်။ ထို့အပြင် ဟင်းလျာအဖြစ် စားသုံးရာ၌လည်း အသုံးဝင်သည်။ ထို့ကြောင့် ဤသည့်အကြောင်းများအတွက်

تَنۢبُتُ بِالدُّهۡنِ وَصِبۡغٍ لِّلۡاٰكِلِيۡنَ

ဟု မိန့်ကြားထားသည်။ 'ဖိုက်သူးန်'ပင်အတွက် 'သူရ်'တောင်သည် အထူးနေရာတစ်ခု ဖြစ်သည်။ အကြောင်းမှာ ဤသစ်ပင်သည် ပထမဦးဆုံး 'သူရ်'တောင်ပေါ်၌သာ ပေါက်ရောက်သောကြောင့် ဖြစ်သည်။ အချို့ပညာရှင်များက နူးဟ် ﷺ ၏ ခေတ်သမယတွင် ရေလွှမ်းမိုးခြင်း ဖြစ်ပေါ်ပြီးနောက် ကမ္ဘာမြေပေါ်တွင် ပထမဦးဆုံး ပေါက်ရောက်သည့် အပင်မှာ 'ဖိုက်သူးန်'သံလွင်ပင်ဖြစ်သည်ဟု ဆိုကြသည်။

[မဇ္ဇဟရီကျမ်း]

ထို့နောက် ခြေလေးချောင်းသတ္တဝါများ၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်က လူသားတို့အား ချီးမြှင့်တော်မူထားသည့် ကျေးဇူးတော်များအကြောင်းကို တင်ပြမိန့်ကြားထားသည်။ သို့မှသာ ၎င်းတို့မှ သတိသံဝေဂတရားများ ရယူနိုင်ကြပေမည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်များနှင့် ကရုဏာတော်တို့အား အထောက်အထားပြု ကိုးကား၍ 'သောင်ဟီးဒ်'နှင့် 'အေဟာဒသ်'များတွင် မွေ့လျော်နိုင်ကြပေမည်။ ထို့ကြောင့်

وَ اِنَّ لَكُمۡ فِى الۡاَ نۡعَامِ لَعِبۡرَةً

ဆိုလိုသည်မှာ 'အသင်တို့အတွက် ခြေလေးချောင်းသတ္တဝါတို့တွင် သတိ သံဝေဂတရားများ ရှိသည်' ဟု ဖြစ်သည်။ ရှေ့ဆက်လက်၍ ရှင်းလင်းမိန့်ကြားသည်မှာ-

نُسۡقِيۡكُمۡ مِّمَّا فِىۡ بُطُوۡنِهَا

ထိုသတ္တဝါများ၏ ဝမ်းဗိုက်တွင် ငါအသျှင်မြတ်သည် အသင်တို့အတွက် သန့်ရှင်းစင်ကြယ်သော နို့ကို အသင့်ဖြစ်စေတော်မူထားသည်။ ထိုနို့သည် လူသားတို့အတွက် အကောင်းဆုံးသော အဟာရဖြစ်သည်။ ထို့နောက် ဆက်လက်၍ မိန့်ကြားတော်မူထားသည်မှာ 'နို့တစ်ခုတည်းမှ မဟုတ်ပါ။ ထိုသတ္တဝါများတွင် အသင်တို့အတွက် မြောက်မြားစွာသော အကျိုးအာနိသင်များ ရှိသည်။

وَلَكُمۡ فِيۡهَا مَنَا فِعُ كَثِيۡرَةٌ

လေးနက်စွာ ကြည့်ရှုမည်ဆိုလျှင် သတ္တဝါများ၏ ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုချင်းစီတွင် လူသားများအတွက် အသုံးဝင်သော အရာများပင် ဖြစ်သည်။ ထိုအရာများဖြင့် လူသား၏ ဘဝသက်တမ်းအတွက် မရေမတွက်နိုင်သော အသုံးအဆောင်များ ပြုလုပ်ကြသည်။ တိရစ္ဆာန်တို့၏ အမွေးအမျှင်၊ အရိုး၊ အူနှင့် အကြော စသော အရာအားလုံးတို့အား လူသားသည် မိမိတို့၏ ဘဝသက်တမ်းအတွက် အသုံးအဆောင် မည်မျှ ပြုလုပ်ခဲ့ပါသနည်း။ ၎င်းတို့အား ရေတွက်ရန်ပင် ခက်ခဲလှပါသည်။ ထိုမရေမတွက်နိုင်သော အကျိုး

ကျေးနွားများအပြင် ကြီးမားသည့် အကျိုးအာနိသင်တစ်မျိုးမှာ 'ငင်းတို့အနက် စားပိုင်ခွင့်ရှိသော တိရစ္ဆာန်၏ အသားသည်လည်း လူသားတို့အတွက် အကောင်းဆုံးသော အစာအဟာရဖြစ်သည်။

وَ مِنْهَا تَأْكُلُوْنَ

နောက်ဆုံးတွင် ထိုတိရစ္ဆာန်များ၏ ကြီးမားသည့် အကျိုးတစ်ရပ်ကို တင်ပြမိန့်ကြားထားသည်မှာ 'အသင်တို့သည် ထိုတိရစ္ဆာန်များအပေါ်၌ စီးနင်းခြင်းလည်း ပြုကြသည်။ ဝန်စည်စလွယ်များအတွက်လည်း ထိုတိရစ္ဆာန်များကိုပင် အသုံးချကြရသည်။ ထိုနောက်ဆုံးအကျိုးတွင် တိရစ္ဆာန်များနှင့်အတူ မြစ်ပင်လယ်၌ သွားလာလျက်ရှိသော လှေ၊ သင်္ဘောများလည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'စီးနင်းခြင်းနှင့် ဝန်စည်စလွယ်တင်ဆောင်ခြင်း' ဟူသော ကြီးမားသည့် အလုပ်သည် ငင်းတို့နှင့် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် လှေ၊ သင်္ဘောများကိုလည်း ထိုသတ္တဝါများနှင့်အတူ တင်ပြမိန့်ကြားတော်မူခြင်းဖြစ်သည်။ ထို့နောက်

وَ عَلَيْهَا وَ عَلَى الْفُلْكِ تُحْمَلُوْنَ

ထို လှေ၊ သင်္ဘောများ၏ အမိန့်တွင် ဘီးများဖြင့် သွားလာသည့် အစီးအနင်းများအားလုံး ပါဝင်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ أَرْسَلْنَا نُوحًا إِلَىٰ قَوْمِهِ فَقَالَ يَٰقَوْمِ ٱعْبُدُوا۟ ٱللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُۥٓ ۚ أَفَلَا تَتَّقُونَ ﴿٢٣﴾

၂၃ : ၂၃ ။ ။ ငင်းပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်အား ငင်း၏ အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့၏။ ထိုအခါ ငင်း (နူးဟ်) က 'အို၊ ငါ၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ (စင်စစ်) အသင်တို့ထံ၌ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျဉ်းမရှိပြီ။ သို့ပါလျက် အသင်တို့သည် (အခြားအရာများကို) ထိုအသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်ခြင်းမှ ကြောက်ရွံ့ခြင်း မရှိကြလေသလော' ဟု ပြောကြားခဲ့လေသည်။

فَقَالَ ٱلْمَلَؤُا۟ ٱلَّذِينَ كَفَرُوا۟ مِن قَوْمِهِۦ مَا هَٰذَآ إِلَّا بَشَرٌ مِّثْلُكُمْ يُرِيدُ أَن يَتَفَضَّلَ عَلَيْكُمْ وَلَوْ شَآءَ ٱللَّهُ لَأَنزَلَ مَلَٰٓئِكَةً مَّا سَمِعْنَا بِهَٰذَا فِىٓ ءَابَآئِنَا ٱلْأَوَّلِينَ ﴿٢٤﴾

၂၃ : ၂၄ ။ ။ ထိုအခါ ငင်း (နူးဟ်) ၏ အမျိုးသားတို့အနက်မှ မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော အကြီးအကဲတို့က (အချင်းတို့) 'ဤသူသည် အသင်တို့ကဲ့သို့ပင် လူသားတစ်ယောက်မှအပ အခြားမဟုတ်ပြီ။ ငင်းသည် အသင်တို့ထက်

ကြီးကဲမြင့်မြတ်ရန် ကြံရွယ်နေခြင်းပင် ဖြစ်ချေသည်။ စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် (ကျွန်ုပ်တို့အား တရားလမ်းမှန်သို့ ရောက်စေရန်) အလိုရှိတော်မူခဲ့ပါလျှင် 'မလာအေ့ကာဟ်' ကောင်းကင်တမန်များကိုသာ စေလွှတ်တော်မူခဲ့ပေမည်။ (စင်စစ်) ကျွန်ုပ်တို့သည် ဤ (တစ်ဆူတည်းသော ကိုးကွယ်ရာအသျှင်ဟူသည့်) စကားကို မိမိတို့၏ ရှေးသူဟောင်းများဖြစ်သော ဘိုး၊ ဘေးတို့ထံမှ (တစ်ခါဘူးမျှပင်) မကြားခဲ့ဘူးကြချေ။'

إِنْ هُوَ إِلَّا رَجُلٌ بِهِ جِنَّةٌ فَتَرَبَّصُوا بِهِ حَتَّىٰ حِينٍ ﴿٢٥﴾

၂၃ : ၂၅ ။ ။ '(စင်စစ်) ဤသူ (နူးဟ်) သည် ရူးသွပ်ခြင်း (ဝေဒနာစွဲကပ်လျက်) ရှိသော သူ (အရူး) တစ်ဦးမျှပင် ဖြစ်ပေရာ အသင်တို့သည် ၎င်းနှင့် ပတ်သက်၍ ကာလ အတန်ကြာသည့်တိုင်အောင် စောင့်မျှော် (၍သာ ကြည့်နေ) ကြလေကုန်။'

قَالَ رَبِّ انصُرْنِي بِمَا كَذَّبُونِ ﴿٢٦﴾

၂၃ : ၂၆ ။ ။ ၎င်း (နဗီတမန်တော်) နူးဟ်က 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောကြောင့် အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူပါ' ဟု လျှောက်ထား အသနားခံခဲ့လေသည်။

فَأَوْحَيْنَا إِلَيْهِ أَنِ اصْنَعِ الْفُلْكَ بِأَعْيُنِنَا وَ
وَحْيِنَا فَإِذَا جَاءَ أَمْرُنَا وَفَارَ التَّنُّورُ ۙ فَاسْلُكْ فِيهَا مِن كُلٍّ
زَوْجَيْنِ اثْنَيْنِ وَأَهْلَكَ إِلَّا مَن سَبَقَ عَلَيْهِ الْقَوْلُ
مِنْهُمْ ۖ وَلَا تُخَاطِبْنِي فِي الَّذِينَ ظَلَمُوا ۖ إِنَّهُم مُّغْرَقُونَ ﴿٢٧﴾

၂၃ : ၂၇ ။ ။ (ထိုအခါ) ငါအသျှင်မြတ်သည် ၎င်း (နူးဟ်) ထံသို့ (ဤသို့) 'ဝဟီ' အမိန့်တော် ထုတ်ပြန်တော်မူခဲ့၏။ (အို၊ နူးဟ်) 'အသင်သည် ငါအသျှင်မြတ်၏ အမိန့်တော်နှင့်အညီ ငါအသျှင်မြတ်၏ မျက်စိအောက်တွင် သင်္ဘော (တစ်စင်း) ကို ပြုလုပ်တည်ဆောက်ပါလေ။ ထို့နောက် ငါအသျှင်မြတ်၏ အမိန့်တော် ရောက်ရှိလာ၍ မုန့်ဖို (မြေမျက်နှာပြင်) သည်လည်း ဆူပွက်လာသောအခါ အသင်သည် (တိရစ္ဆာန်) အမျိုးအစား အသီးသီးတို့မှ (ဖို၊ မ) တစ်စုံစီနှင့် မိမိ၏ အိမ်သူအိမ်သားတို့အနက် အမိန့်တော် ထုတ်ပြန်ပြီးဖြစ်သော သူမှအပ၊ ကျန်အိမ်သူအိမ်သားတို့ကို ယင်းသင်္ဘော (ပေါ်) သို့ တင်ဆောင်ပါလေ။ သို့ရာတွင် အသင်သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) မတရား နှိပ်စက်ကလူ ပြုမူကြကုန်သော သူတို့နှင့် ပတ်သက်၍မူ ငါအသျှင်မြတ်ထံတော်တွင် (တစ်စုံတစ်ရာကို) လျှောက်ထားပန်ကြားခြင်း မပြုပါလေနှင့်။ ကေန်မလွဲ ၎င်းတို့သည် နစ်မြုပ်စေခြင်း ခံကြရမည့်သူများပင် ဖြစ်ကြကုန်သည်။'

فَاِذَا اسْتَوَيْتَ اَنْتَ وَمَنْ مَّعَكَ عَلَى الْفُلْكِ فَقُلِ الْحَمْدُ لِلّٰهِ الَّذِىْ نَجّٰنَا مِنَ الْقَوْمِ الظّٰلِمِيْنَ ۝٢٨

၂၃ : ၂၈ ။ ။ တစ်ဖန် အသင်နှင့်တကွ အသင်နှင့်အတူ (လိုက်ပါကြကုန်သော) အဖော်များပါ၊ သင်္ဘောပေါ်တွင် ကျနစွာ ထိုင်ပြီးကြသောအခါ အသင်သည် ‘ကျွန်တော်မျိုးအား မတရားသဖြင့် နှိပ်စက်ကြကုန်သော အမျိုးသားတို့ (၏ ဘေးအန္တရာယ်များ) မှ ကင်းလွတ်စေတော်မူသော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောမနာအပေါင်းတို့ကို ခံယူ ထိုက်တော်မူပါသည်’ ဟု ရွတ်ဆိုပါလေ။

وَقُلْ رَّبِّ اَنْزِلْنِىْ مُنْزَلًا مُّبٰرَكًا وَّاَنْتَ خَيْرُ الْمُنْزِلِيْنَ ۝٢٩

၂၃ : ၂၉ ။ ။ ထို့ပြင် အသင်သည် (သင်္ဘောပေါ်မှ ဆင်းသောအခါ) ‘အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော် မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော နေရာသို့ ဆင်းသက်စေတော် မူပါ။ စင်စစ် အသျှင်မြတ်သည် နေရာချပေးသော သူတို့တွင် အကောင်းဆုံးသော နေရာချပေးတော်မူသည့် အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်’ ဟု လျှောက်ထားပန်ကြားပါလေ။

اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ وَّاِنْ كُنَّا لَمُبْتَلِيْنَ ۝٣٠

၂၃ : ၃၀ ။ ။ ဤ (အဖြစ်အပျက်အကြောင်း) တွင် (အလ္လာဟ်အသျှင်မြတ်၏ မြောက်မြားစွာသော) သက်သေလက္ခဏာများ သည် ကေန်မလွဲ ရှိကြပေသည်။ ၎င်းပြင် ကေန်စင်စစ် ငါအသျှင်မြတ်သည် စမ်းသပ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤအာယသ်တော်များ၏အလျှင် အာယသ်တော်များတွင် လူသားအား ဖန်ဆင်းမှု၊ ထိုလူသား၏ တည်ရှိမှုအကြောင်းနှင့် ဘဝသက်တမ်းအတွက် အမျိုးမျိုးသော အရာများဖန်ဆင်းထားသည့်အကြောင်း တင်ပြခဲ့သည်။ ရှေ့၌ ဆက်လက်၍ ၎င်း၏ ဝိညာဉ်ပိုင်းဆိုင်ရာ ပြုပြင်မှုများနှင့် သာသနာရေးဆိုင်ရာ အောင်မြင်မှုများအကြောင်း တင်ပြထားပေသည်။) ထို့နောက် ငါအသျှင်မြတ်သည် နူးဟ် (عليه السلام) အား ၎င်း၏ အမျိုးသားများထံ နဗီတမန်တော်အဖြစ် ခန့်အပ်၍ စေလွှတ်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ ထိုနူးဟ် (عليه السلام) သည် (မိမိ၏ အမျိုးသားများအား) အို၊ ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကို သာလျှင် ‘အေဗာဒသ်’ ခဝပ်မှု ပြုကြကုန်။ ထိုအသျှင်မြတ်မှတစ်ပါး အသင်တို့အတွက် ကိုးကွယ်သူအဖြစ် ပြုလုပ်ရန် မည်သူမျှ ထိုက်သက်သူမရှိပါ။ (ဤသို့ ဖြစ်ပါလျက်) အသင်တို့သည် (အခြားသူတို့အား ကိုးကွယ်ရာအဖြစ် ပြုခြင်းအား) မကြောက်ရွံ့ကြလေသလော’ ဟု မိန့်ကြားလေသည်။ သို့ဖြစ်ပေရာ (နူးဟ် (عليه السلام) ၏ ဤစကားကို ကြားပြီး) ၎င်း၏ အမျိုးသားများအနက် ကာဖိရ်ခေါင်းဆောင်ဖြစ်သူက (လူထု ပရိသတ်အား) ‘ဤသူသည် အသင်တို့ကဲ့သို့ပင် (သာမန်) လူသားတစ်ဦးပင် ဖြစ်သည်။ ဤထက်ပို၍ အခြား (ရစူလ်တမန်တော်များ) မဟုတ်ပါ။ (ဤကြွေးကြော်မှုအားဖြင့်) ၎င်း၏ (အဓိက) ရည်ရွယ်ချက်မှာ အသင်တို့ထက် ကြီးကဲမြင့်မြတ်နေစေရန် ဖြစ်သည်။ (၎င်း၏ ရည်ရွယ်ချက်သည် သိက္ခာကြီးမြတ်မှု ရှိရန် ဖြစ်သည်။) အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် (ရစူလ်တမန်တော် စေလွှတ်ရန်) အလိုတော်ရှိ

ခဲ့ပါလျှင် (ဤရစူလ်စေလွှတ်ခြင်းအတွက်) ဖရစ်ရှ်သာဟ်များကိုသာ စေလွှတ်တော်မူပေမည်။ (ထို့ကြောင့် ၎င်း၏ ကြွေးကြော်မှုသည် မှားယွင်းပါသည်။ ထို့အတူ 'သောင်ဟီးဒ်' ဘက်သို့ ၎င်းက 'ဒအ်ဝသ်' ဖိတ်ခေါ်မှု ပြုခြင်းသည်လည်း ဒုတိယအမှားပင် ဖြစ်သည်။ အကြောင်းမှာ) ကျွန်ုပ်တို့သည် ဤ (အခြားသော ကိုးကွယ်ရာများ မသတ်မှတ်ရဟူသော) အချက်ကို မိမိတို့အလျင် ရှေးလူကြီးသူမများထံမှ (မည်သည့်အခါကမျှ) မကြားဘူးခဲ့ကြပါ။ (စင်စစ်) ဤသူသည် ရူးသွပ်ခြင်းဝေဒနာ ဖြစ်ပေါ်နေသူတစ်ဦး ဖြစ်သည်။ (ထို့ကြောင့် တစ်လောကလုံးနှင့် ဆန့်ကျင်သည့် ကျွန်ုပ်သည် ရစူလ်တမန်တော်ဖြစ်သည်။ ကိုးကွယ်ရာအသျှင်တစ်ပါးသာ ရှိသည်ဟူသော စကားများကို ပြောကြားနေခြင်းဖြစ်သည်။) သို့ဖြစ်ပေရာ (၎င်းသေဆုံးမည့်) အထူးအချိန်တစ်ချိန်အထိ ၎င်း (၏ အခြေအနေ) ကို စောင့်မျှော်နေ ကြလေကုန်' ဟု ပြောဆိုလေသည်။ (နောက်ဆုံးအချိန်တစ်ချိန် ရောက်ရှိလာလျှင် ပြီးဆုံးသွားပေလိမ့်မည်။ ပြဿနာအားလုံး ပြတ်တောက်သွားပေလိမ့်မည်။)

နူးဟ် عليه السلام က (၎င်းတို့ အီမာန်သက်ဝင် ယုံကြည်ခြင်းမှ မျှော်လင့်ချက်ကင်းမဲ့၍ အသျှင်မြတ်ထံတော်၌) လျှောက်ထားသည်မှာ အို့ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသောကြောင့် ကျွန်တော်မျိုးအား ကူညီတော်မူပါ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် (၎င်း၏ ဒိုအာကို လက်ခံတော်မူလိုက်သည်။) ၎င်းထံသို့ အမိန့်တော် ပို့ချတော်မူလိုက်သည်မှာ အသင်သည် ငါအသျှင်မြတ်၏ မျက်စိအောက်တွင် ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် သင်္ဘောကို ပြုလုပ်တည်ဆောက်ပါလေ။ (အကြောင်းမှာ ယခု ရေလွှမ်းမိုးခြင်း ဖြစ်ပေတော့မည်။ အသင်နှင့် အီမာန်သက်ဝင် ယုံကြည်သူတို့သည် ထိုသင်္ဘောအားဖြင့် ဘေးကင်းကြမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။) ထို့နောက် ငါအသျှင်မြတ်၏ အမိန့်တော် ('အဇားဗ်' အပြစ်ဒဏ် နီးကပ်စွာ) ရောက်ရှိလာပြီး (ထို 'အဇားဗ်' ၏ သင်္ကေတလက္ခဏာမှာ) မြေကြီးအတွင်းမှ ရေများ ဆူပွက်လာသောအခါ (တိရစ္ဆာန်) အမျိုးမျိုးတို့အနက် (လူသားတို့အတွက် အသုံးဝင်ပြီး ရေထဲတွင် အသက်ရှင်ရန် မဖြစ်နိုင်သည့်) သိုး၊ ဆိတ်၊ ကျွဲ၊ နွား၊ ကုလားအုတ်၊ မြင်းနှင့် လား စသည့် သတ္တဝါများအနက်) အထီးတစ်ကောင်၊ အမတစ်ကောင် တစ်စုံစီကို ဤ (သင်္ဘောတွင်) တင်ဆောင်ပါလေ။ ထို့နောက် အသင်၏ အိမ်သူအိမ်သားများအနက် (နစ်မြုပ်စေမည်ဟူသော) အမိန့်ထုတ်ပြန်ပြီးသော သူများမှအပ ကျန်အိမ်သူအိမ်သားတို့ကို ထိုသင်္ဘောပေါ်၌ တင်ဆောင်ပါလေ။ (အသင်၏ အိမ်သူအိမ်သားများအနက် ကာဖိရ်ဖြစ်သူအား စီးနင်းစေခြင်း မပြုလေနှင့်။) ထို့နောက် ('အဇားဗ်'အပြစ်ဒဏ် ရောက်ရှိလာသော အချိန်တွင်) ငါအသျှင်မြတ်အား ကာဖိရ်များ (၏ လွတ်မြောက်မှု) နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ လျှောက်ထားပန်ကြားခြင်း မပြုလေနှင့်။ (အဘယ်ကြောင့်ဆိုသော်) ဧကန်မုချ နစ်မြုပ်စေခြင်း ခံရမည့်သူများ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ထို့နောက် အသင်နှင့်တကွ အသင်၏ မိတ်ဆွေ (မွတ်စ္စလင်မ်) တို့သည် သင်္ဘောပေါ်တွင် ထိုင်ပြီးသည့်အခါ 'အသင်က 'ချီးမွမ်းထောမနာပြုခြင်းအပေါင်းတို့သည် ကျွန်ုပ်တို့အား ကာဖိရ်များမှ (၎င်းတို့၏ လုပ်ရပ်များမှလည်းကောင်း၊ အန္တရာယ်ပေးခြင်းများမှလည်းကောင်း) ကင်းလွတ်စေတော်မူသော အသျှင်မြတ်အတွက်သာလျှင် ဖြစ်သည်ဟု ရွတ်ဆိုပါလေ။ ထို့နောက် (ရေလွှမ်းမိုးခြင်း မုန်တိုင်းပြီးဆုံး၍ သင်္ဘော

ပေါ်မှ မြေပြင်ပေါ်သို့ ရောက်ရှိလာသည့်အခါ) 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးအား (မြေပြင်ပေါ်တွင်) မင်္ဂလာနှင့် ပြည့်စုံသော နေရာ၌ ဆင်းသက်စေတော်မူပါ။ (ဆိုလိုသည်မှာ အတွင်းပိုင်းနှင့် အပြင်ပိုင်းတို့တွင် အေးချမ်းသာယာစွာ ထားတော်မူပါဟု ဖြစ်သည်။) ထို့ပြင် အသျှင်မြတ်သည် (မိမိထံတော်ပါး၌ ဧည့်သည်ဖြစ်သူတို့အား) နေရာချပေးသောသူတို့တွင် အကောင်းဆုံး နေရာချထားတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်ဟု ရွတ်ဆိုပါလေ။ (လူတို့သည် ဧည့်သည်ကို နေရာ ချပေးခြင်းကား ပြုကြပါသည်။ မိမိတို့ ဧည့်သည်များကို ဘေးဒုက္ခအန္တရာယ်များမှ လွတ်ကင်းစေရန် ပြုနိုင်စွမ်း မရှိကြပေ။ အသျှင်မြတ်သည်ကား ထိုအရာအားလုံးကို ပြုစွမ်းနိုင်သော အသျှင်မြတ် ဖြစ်တော်မူပါသည်' ဟု ဆိုလိုသည်။) ထို (ဖော်ပြပါဖြစ်ရပ်) အကြောင်းတွင် (အသိတရား ရှိသူတို့အတွက် ငါအသျှင်မြတ်၏ တန်ခိုးတော်များ၏) များစွာသော သက်သေလက္ခဏာတော်များ ရှိသည်။ ထို့နောက် ငါအသျှင်မြတ်သည် (ဤသက်သေလက္ခဏာတော်များကို သိရှိစေ၍ မိမိ၏ ကျွန်များကို) စမ်းသပ်တော်မူသည်။ (အဘယ်ကြောင့်ဆိုသော် မည်သူသည် ထိုသက်သေလက္ခဏာတော်များအားဖြင့် အကျိုးရယူသည်ကိုလည်းကောင်း၊ မည်သူသည် ဤသက်သေလက္ခဏာတော်များအားဖြင့် အကျိုးမရယူသည်ကိုလည်းကောင်း စမ်းသပ်တော်မူခြင်း ဖြစ်သည်။ ထိုသက်သေလက္ခဏာတော်များမှာ ရစူလ်တမန်တော်များ စေလွှတ်ခြင်း၊ အီမာန်ရှင်များကို ကယ်မခြင်း၊ ကာဖိရ်များကို ဖျက်ဆီးခြင်း၊ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခြင်းနှင့် သင်္ဘောအား ကာကွယ်စောင့်ရှောက်တော်မူခြင်း စသည်တို့ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَفَارَ التَّنُّورُ

تَنُّور 'သန်နူးရ်' ဟူသော စာလုံးသည် မုန့်ဖုတ်ရန် ပြုလုပ်ထားသည့် အထူးနေရာ (မုန့်ဖို) ကိုလည်း ခေါ်ဆိုသည်။ ဤအဓိပ္ပာယ်မှာ ထင်ရှားကျော်ကြားသည့် အဓိပ္ပာယ်ဖြစ်သည်။ ဒုတိယအဓိပ္ပာယ်အရ تَنُّور 'သန်နူးရ်' သည် ကမ္ဘာမြေတစ်ခုလုံးကိုလည်း ခေါ်ဆိုသည်။ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ထိုအဓိပ္ပာယ်ဖြင့်ပင် ဘာသာပြန်ဆိုခဲ့သည်။ အချို့ပညာရှင်များက ဤ تَنُّور 'သန်နူးရ်' ကို မုန့်ဖုတ်သူတစ်ဦးဟူ၍ အဓိပ္ပာယ်ကောက်ယူကြပြီး ထိုသူသည် 'ကူဖဟ်'ဇလီတွင် ဖြစ်သည်ဟု ဆိုကြသည်။ အချို့ကမူ ဆီးရီးယားနိုင်ငံရှိ နေရာတစ်ခုဖြစ်သည်ဟု ဆိုကြသည်။ ထို تنور 'သန်နူးရ်'မှ ရေများ ဆူပွက်၍ ထွက်လာခြင်းကို နူးဟ် ﷺ အတွက် ရေကြီးခြင်း၊ မုန်တိုင်း ဖြစ်ပေါ်လာမည့် နိမိတ်လက္ခဏာ သင်္ကေတအဖြစ် သတ်မှတ်တော်မူခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

ဟဇရတ်နူးဟ် ﷺ ရေလွှမ်းမိုးခြင်းအကြောင်း၊ သင်္ဘောတို့နှင့် စပ်လျဉ်းသည့် အဖြစ်အပျက်များကို အရှေ့မှ စူရာဟ်များတွင် အကျယ်တဝင့် ဖော်ပြခဲ့ပြီး ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ثُمَّ أَنشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ ﴿٣١﴾

၂၃ : ၃၁ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့၏နောက်တွင် အခြားအမျိုးအနွယ် (အုပ်စု) ကို ဖန်ဆင်း (ပေါ်ထွန်း) တော်မူခဲ့၏။

فَأَرْسَلْنَا فِيهِمْ رَسُولًا
مِّنْهُمْ أَنِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ ۖ أَفَلَا تَتَّقُونَ ﴿٣٢﴾

၂၃ : ၃၂ ။ ။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုမျိုးနွယ်တို့တွင် ၎င်းတို့အနက်မှပင် ရစူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူ၍ (ဤသို့) မိန့်တော်မူခဲ့၏။ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ ထိုအသျှင်မြတ်မှတစ်ပါး အသင်တို့အဖို့ (အခြား) ခဝပ်ကိုးကွယ်ရာအသျှင်ဟူ၍ အလျှဉ်းမရှိပြီ။ သို့ပါလျက် အသင်တို့သည် မကြောက်ရွံ့ကြလေသလော။

وَقَالَ الْمَلَأُ مِن قَوْمِهِ الَّذِينَ كَفَرُوا وَكَذَّبُوا بِلِقَاءِ الْآخِرَةِ وَأَتْرَفْنَاهُمْ
فِي الْحَيَاةِ الدُّنْيَا مَا هَٰذَا إِلَّا بَشَرٌ مِّثْلُكُمْ يَأْكُلُ مِمَّا تَأْكُلُونَ مِنْهُ
وَيَشْرَبُ مِمَّا تَشْرَبُونَ ﴿٣٣﴾

၂၃ : ၃၃ ။ ။ သို့ရာတွင် ၎င်း (ရစူလ်တမန်တော်) ၏ အမျိုးသားတို့အနက်မှ အကြင်အကြီးအကဲတို့သည် မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြ၏။ ၎င်းပြင် တမလွန်ဘဝနှင့် တွေ့ကြုံရင်ဆိုင်ရမည်ကိုလည်း မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ကြသေး၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုသူတို့အား (ဤမျက်မှောက်) လောကီဘဝတွင် စည်းစိမ်ချမ်းသာကိုလည်း ပေးသနားတော်မူခဲ့၏။ ၎င်းတို့က (မိမိတို့အမျိုးသားတို့အား၊ အချင်းတို့) 'ဤသူသည် အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာ ဖြစ်၏။ ၎င်းသည် အသင်တို့ စားသုံးကြကုန်သော အရာများကိုပင် စားသုံးလေသည်။ ၎င်းပြင် အသင်တို့ သောက်သုံးကြကုန်သော အရာများကိုပင် သောက်သုံးလေသည်' ဟု ပြောဆိုခဲ့ကြကုန်၏။

وَلَئِنْ أَطَعْتُم بَشَرًا مِّثْلَكُمْ إِنَّكُمْ إِذًا لَّخَاسِرُونَ ﴿٣٤﴾

၂၃ : ၃၄ ။ ။ (သို့ပါလျက်) 'အသင်တို့သည် မိမိတို့ကဲ့သို့သော လူသားတစ်ဦး (၏ အမိန့်ကို လိုက်နာခဲ့ကြသည်ရှိသော်) ဧကန်မလွဲ အသင်တို့သည် ဆုံးရှုံးသူများသာလျှင် ဖြစ်ကြပေမည်။'

أَيَعِدُكُمْ أَنَّكُمْ إِذَا مِتُّمْ وَكُنتُمْ تُرَابًا وَعِظَامًا أَنَّكُم مُّخْرَجُونَ ﴿٣٥﴾

၂၃ : ၃၅ ။ ။ ဤသူသည် အသင်တို့ သေဆုံးကြပြီးနောက်၊ မြေကြီးဖြစ်၍ အရိုးများသာ ကျန်သောအခါ ဧကန်အမှန် အသင်တို့သည် (သင်္ချိုင်းတွင်းမှ) ပြန်လည် ထွက်ကြရမည့်သူများ ဖြစ်ကြသည်' ဟု အသင်တို့အား ပြောဆိုသည် မဟုတ်လော။

هَيْهَاتَ هَيْهَاتَ لِمَا تُوعَدُونَ ﴿٣٦﴾

၂၃ : ၃၆ ॥ ॥ 'ဝေးလေစွ။ ဝေးလေစွ။' အသင်တို့ ကတိပေးပြောဆိုခြင်း ခံကြရသော ဤကိစ္စသည် လုံးဝ မဖြစ်နိုင်ပြီ။

إِنْ هِيَ إِلَّا حَيَاتُنَا الدُّنْيَا نَمُوتُ وَنَحْيَا وَمَا نَحْنُ بِمَبْعُوثِينَ ﴿٣٧﴾

၂၃ : ၃၇ ॥ ॥ 'စင်စစ် အသက်ရှင်ခြင်းဟူသည် ကျွန်ုပ်တို့၏ (အနက် အချို့) မှာ အသက်ရှင်လျက် ရှိနေကြပေသည်။ သို့ရာတွင် (အချို့) သည် သေဆုံးကြလေသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့ (အနက် အချို့) မှာ အသက်ရှင်လျက် ရှိနေကြပေသည်။ သို့ရာတွင် (စင်စစ်) ကျွန်ုပ်တို့သည် (အသက်သေဆုံးပြီးနောက်) ရှင်ပြန်ထကြရမည့်သူများ အလျှဉ်းမဟုတ်ပြီ။'

إِنْ هُوَ إِلَّا رَجُلٌ افْتَرَىٰ عَلَى اللَّهِ كَذِبًا وَمَا نَحْنُ لَهُ بِمُؤْمِنِينَ ﴿٣٨﴾

၂၃ : ၃၈ ॥ ॥ 'ဤသူသည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ မဟုတ်မမှန် လီဆယ်စွပ်စွဲ၍ မုသားပြောဆိုသူတစ်ဦးမျှ ဖြစ်ပေရာ ကျွန်ုပ်တို့သည် ၎င်းအား (မည်သည့်အခါ၌မျှ) ယုံကြည်လက်ခံကြမည့်သူ အလျှဉ်းမဟုတ်ကြချေ။'

قَالَ رَبِّ انصُرْنِي بِمَا كَذَّبُونِ ﴿٣٩﴾

၂၃ : ၃၉ ॥ ॥ (ထိုအခါ) ၎င်းရစူလ်တမန်တော်က 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြသည်နှင့် စပ်လျဉ်း၍ အသျှင်မြတ်သည်ပင်လျှင် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူပါ'ဟု လျှောက်ထားပန်ကြားခဲ့လေသည်။

قَالَ عَمَّا قَلِيلٍ لَّيُصْبِحُنَّ نَادِمِينَ ﴿٤٠﴾

၂၃ : ၄၀ ॥ ॥ (ထိုအခါ) အသျှင်မြတ်က (အို၊ နဗီတမန်တော်) '၎င်းတို့သည် အမှန်ပင်၊ မကြာမီကာလအတွင်း နောင်တရမည့်သူများ ဖြစ်ကြသည်' (ဟု မိန့်ကြားတော်မူခဲ့လေသည်။)

فَأَخَذَتْهُمُ الصَّيْحَةُ بِالْحَقِّ فَجَعَلْنَاهُمْ غُثَاءً ۚ فَبُعْدًا لِّلْقَوْمِ الظَّالِمِينَ ﴿٤١﴾

၂၃ : ၄၁ ॥ ॥ ထို့နောက် မှန်ကန်သော ချိန်းဆိုချက် (ကတိ) နှင့်အညီ အလွန် ပြင်းထန်ကျယ်လောင်လှစွာသော အသံ (ပြစ်ဒဏ်) တစ်ခုသည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့၏။ ထိုအခါ ငါအသျှင်မြတ်သည် ၎င်းတို့အား အမှိုက်သရိုက်များ (ကဲ့သို့) ချေမှုန်းတော်မူခဲ့၏။ သို့ဖြစ်ပေရာ မတရားကျူးလွန်သော (ထို) အမျိုးသားတို့သည် (ကရုဏာတော်မှ) ကင်းဝေးခဲ့ကြရကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (နူးဟ် عليه السلام ၏ အမျိုးသားများ၏ နောက်ပိုင်းတွင်) ငါအသျှင်မြတ်သည် အခြားမျိုးနွယ် အုပ်စုတစ်စုကို ဖန်ဆင်းတော်မူခဲ့သည်။ (အား‌ဒ် သို့မဟုတ် စမူး‌ဒ်မျိုးနွယ်ကို ဆိုလိုသည်။) ထို့နောက်

ငါအသျှင်မြတ်သည် ၎င်းတို့ထံသို့ ၎င်းတို့၏ အမျိုးသားများအတွင်းမှပင် နဗီတမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ (ဟူးဒ် ﷺ သို့မဟုတ် ဆွာလိဟ် ﷺ ကို ဆိုလိုသည်။ ထိုတမန်တော်က ပြောကြားသည်မှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာ 'အဗာဒသ်' ခဝပ်ကိုးကွယ်ခြင်း ပြုကြလေကုန်။ ထိုအသျှင်မြတ်မှအပ အသင်တို့အဖို့ အခြားသော ကိုးကွယ်ထိုက်သူ (အစစ်အမှန်) ဟူ၍ မည်သူမျှ မရှိပေ။ အသင်တို့သည် (ရှရစ်ကပ်ပြုခြင်းမှ) မကြောက်ရွံ့ကြလေသလော။ ထို့နောက် ထိုရစူလ်တမန်တော်၏ အမျိုးသားများအနက် ငါအသျှင်မြတ် လောကီရေးအောင်မြင်မှု ချီးမြှင့်တော်မူထားသည့် ကာဖိရ်ခေါင်းဆောင်တို့သည် တမလွန်နှင့် တွေ့ကြုံရင်ဆိုင်ရမည်တို့ကို ငြင်းဆိုခဲ့ကြသည်။ ထို့အပြင် ၎င်းတို့က 'ဤသူသည် အသင်တို့ကဲ့သို့ပင် (သာမန်) လူသားတစ်ဦးသာ ဖြစ်သည်။ (သို့ဖြစ်ပေရာ) ၎င်းသည် အသင်တို့ စားသုံးသော အရာကိုပင် စားသုံးသူ ဖြစ်သည်။ အသင်တို့ သောက်သုံးသည့် အရာကိုပင် သောက်သုံးသူ ဖြစ်သည်။ (အသင်တို့အနက်မှ အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာ ဖြစ်သည့်အခါ) အကယ်၍ အသင်တို့သည် မိမိတို့ကဲ့သို့သော (သာမန်) လူသားတစ်ဦး၏ ပြောဆိုခြင်းနောက်သို့ လိုက်ကြမည်ဆိုလျှင် ဧကန်မုချ အသင်တို့သည် (အသိတရား၏) ဆုံးရှုံးနစ်နာသူများ ဖြစ်ကြပေမည်။ (အလွန်တရာ အသိဉာဏ်ခေါင်းပါးခြင်းကို ဆိုလိုသည်။) ထိုသူက အသင်တို့ သေဆုံးကြရလိမ့်မည်။ ထို့နောက် (သေဆုံးပြီးနောက်) မြေကြီးနှင့် အရိုးများ ဖြစ်သွားကြပေလိမ့်မည်။ (လူ့ခန္ဓာမှ အသားတို့သည် မြေကြီးဖြစ်သွားသည့်အခါ အရိုးများ၌ အသားမရှိဘဲ ကျန်ခဲ့လိမ့်မည်။ တစ်ဖန် များမကြာမီ ထိုအရိုးများသည်လည်း မြေကြီးဖြစ်သွားလိမ့်မည်။ ဤသို့ ဖြစ်သွားလိမ့်မည်ဟု ထိုသူက ပြောဆိုပါသလောဟု ဆိုလိုသည်။)

သို့ဖြစ်ပေရာ (တစ်ဖန် ပြန်လည် ရှင်ထ၍ မြေကြီးထဲမှ) ပြန်ထွက်စေခြင်း ခံရသူများ ဖြစ်သည်ဟု အသင်တို့အား ပြောဆိုခဲ့သည် မဟုတ်ပါသလော။ (ထို့ကြောင့် ထိုသူသည် အမိန့်နာခံရန် ထိုက်သူ၊ နောက်လိုက်ပြုထိုက်သူ ဖြစ်နိုင်ပါမည်လော။) အလွန်ပင် အလှမ်းဝေးလှပါသည်။ အသင်တို့အား ကတိပေးခြင်း ခံရသည့် ဤကိစ္စသည် အလျှင်း မဖြစ်နိုင်ပေ။ အသက်ရှင်ခြင်းဟူသည် ကျွန်ုပ်တို့၏ လောကီဘဝ၌ အသက်ရှင်ခြင်းမှတစ်ပါး အခြားမရှိပြီ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့တွင် အချို့သူတို့ သေဆုံးကြသည်။ အချို့သူတို့ မွေးဖွားလာကြသည်။ ကျွန်ုပ်တို့သည် ရှင်ပြန်ထကြရမည့်သူများ အလျှင်းမဟုတ်ပေ။ ဤသူသည် အလ္လာဟ်အသျှင်မြတ်အပေါ် မဟုတ်မမှန်သော စကားကို လီဆယ်စွပ်စွဲသူသာ ဖြစ်သည်။ (ထိုအသျှင်မြတ်က ကျွန်ုပ်အား ရစူလ်တမန်တော်အဖြစ် ခန့်အပ်စေလွှတ်တော်မူသည်။ ထိုအသျှင်မြတ်မှအပ အခြားကိုးကွယ်ရာမရှိ။ 'ကေယာမသ်'ဖြစ်ပေါ်လာလိမ့်မည်ဟု ပြောဆိုသူဖြစ်သည်။) ကျွန်ုပ်တို့သည် ၎င်းအား မှန်ကန်သည်ဟု လုံးဝ ယုံကြည်ကြမည် မဟုတ်ပေဟု ပြောဆိုကြသည်။ (ထိုအခါ) ရစူလ်တမန်တော်က 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြပါသည်။ သို့ဖြစ်ပေရာ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကူညီတော်မူပါ'ဟု လျှောက်ထားပန်ကြားခဲ့သည်။ (ထိုအခါ) အလ္လာဟ်အသျှင်မြတ်က 'ဤသူတို့သည် မကြာမြင့်မီ ကာလအတွင်း နောင်တရမည့်

သူများ ဖြစ်ကြသည်'ဟု မိန့်ကြားတော်မူလေသည်။ သို့ဖြစ်ပေရာ အလွန်ပြင်းထန်သည့် အသံတစ်ခု (သို့မဟုတ် ပြင်းထန်သည့် 'အဇားဗ်'အပြစ်ဒဏ်) သည် မှန်ကန်သော ကတိတော်

لَيُصْبِحُنَّ نٰدِمِيْنَ

နှင့်အညီ ဖမ်းဆီးလိုက်လေသည်။ (ထိုသို့ ပြုခြင်းဖြင့် ၎င်းတို့အားလုံး သေကြေပျက်စီးသွားကြလေသည်။) ထို့နောက်တစ်ဖန် (သေကြေပျက်စီးပြီးနောက်) ငါအသျှင်မြတ်သည် ၎င်းတို့အား အမှိုက်သရိုက်များ (ကဲ့သို့ အစိတ်စိတ်အမွှာမွှာ အဖြစ်) ပြုလုပ်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ မတရားမှုပြုသူ (ထိုကာဖိရ်) တို့မှာ (ကရုဏာတော်မှ) ကင်းဝေးခဲ့ကြရလေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များ၏ အလျင် အာယသ်တော်များတွင် ဟဇရသ်နူးဟ် ﷺ ၏ ဖြစ်ရပ်ကို 'ဟေဒါယသ်'တရားလမ်းမှန် ညွှန်ပြခြင်းများနှင့်အတူ တင်ပြခဲ့သည်။ ရှေ့တွင် အခြားနဗီတမန်တော်များနှင့် ၎င်းတို့၏ အွမ္မသ်သားများ၏ အချို့အခြေအနေ အဖြစ်အပျက်များကို အကျဉ်းသဘောဖြင့် အမည်မတပ်ဘဲ ဖော်ပြထားသည်။ အရိပ်အမြွက် သင်္ကေတများအရ အဖွင့်ပညာရှင်တို့က 'ထိုနဗီတမန်တော်တို့၏ အွမ္မသ်များဆိုသည်မှာ အာဒ်အမျိုးသားများ (သို့မဟုတ်) စမူဒ်အမျိုးသားများ ဖြစ်သည်ဟုလည်းကောင်း (သို့မဟုတ်) ထိုအမျိုးသားအုပ်စု နှစ်စုလုံး ဖြစ်သည်ဟုလည်းကောင်း ဆိုကြသည်။ အာဒ်အမျိုးသားများထံသို့ ဟဇရသ်ဟူးဒ် ﷺ ကိုလည်းကောင်း၊ စမူဒ်အမျိုးသားများထံသို့ ဟဇရသ်ဆွာလိဟ် ﷺ ကိုလည်းကောင်း စေလွှတ်တော်မူခဲ့သည်။ ဤဖြစ်ရပ်တွင် ထိုအမျိုးသားတို့ ပျက်စီးသွားရခြင်းကို **صيحه** 'ဆွိုင်ဟဟ်' ပြင်းထန်သည့် အသံတစ်ခုကြောင့် ဖြစ်သည်ဟု မိန့်ကြားတော်မူထားသည်။ ထို **صيحه** 'ဆွိုင်ဟဟ်'ကြောင့် ပျက်စီးရခြင်းကို အခြားသော အာယသ်တော်များတွင် စမူဒ်အမျိုးသားများဖြစ်ကြောင်း တင်ပြထားသည်။ ထိုအချက်ဖြင့် အချို့ပညာရှင်များက ထိုအာယသ်တော်များ၌

قَوْمًا اٰخَرِيْنَ

သည် စမူဒ်အမျိုးသားများကို ဆိုလိုသည်ဟု ဆိုကြသည်။ သို့ရာတွင် **صيحه** ဟူသော စာလုံးအား ဤနေရာ၌ အတိအကျ သတ်မှတ်ခြင်းမရှိသည့် 'အဇားဗ်'၏ အဓိပ္ပာယ်ကောက်ယူထားသည့်အတွက် ဤနေရာတွင် 'အာဒ်' အမျိုးသားများလည်း ဖြစ်နိုင်ပေသည်။

اِنْ هِيَ اِلَّا حَيَاتُنَا الدُّنْيَا نَمُوْتُ وَ نَحْيٰى وَمَا نَحْنُ بِمَبْعُوْثِيْنَ

ဤလောက၏ အသက်ရှင်ခြင်းမှ အခြားသော အသက်ရှင်ခြင်း၊ ဘဝသက်တမ်းဟူ၍ မရှိ။ သို့ဖြစ်ပေရာ သေခြင်း၊ ရှင်ခြင်းတို့သည် ဤလောက၌သာ ရှိသည်။ ပြန်လည်ရှင်ထရခြင်းဟူသည်မှာ

မရှိ။) ဤစကားများသည် 'ကေယာမသ်'နေ့ ဖြစ်ပေါ်မည်ကို မယုံကြည် ငြင်းဆိုသည့် ကာဖိရ်များ၏ ပြောစကားများ ဖြစ်သည်။ ဤငြင်းဆိုမှုသည် ၄င်းတို့၏ နှုတ်လျှာမှ ပွင့်လင်းစွာ ပြောဆိုခဲ့သည်ဖြစ်ရာ ၄င်းတို့သည် ထင်ရှားသော ကာဖိရ်များပင် ဖြစ်ကြသည်။ သို့ရာတွင် ဝမ်းနည်းခြင်းနှင့် လွန်စွာသောက ဖြစ်ရသည့် အချက်မှာ 'ယခုခေတ်အခါ၌ များစွာသော မွတ်စ္စလင်မ်များသည် အပြုသဘောအရ ဤငြင်းဆိုမှုကို ၄င်းတို့၏ လုပ်ရပ်အားဖြင့်လည်းကောင်း၊ ပြောဆိုသည့် စကားအားဖြင့်လည်းကောင်း တမလွန်နှင့် 'ကေယာမသ်'တို့ကို မည်သည့်အခါမျှ အာရုံပင် မထားကြသည်ကို တွေ့မြင်ရပါသည်။ အသျှင်မြတ်သည် မွတ်စ္စလင်မ်အပေါင်းတို့ကို ဤဒုက္ခမှ ကင်းလွတ်ရန် ကယ်တင်တော်မူပါ။ (အာမီးန်)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ثُمَّ أَنشَأْنَا مِن بَعْدِهِمْ قُرُونًا آخَرِينَ ﴿٤٢﴾

၂၃ : ၄၂ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၄င်းတို့၏နောက်တွင် အခြားသော အမျိုးအနွယ် (အုပ်စု) တို့ကို ဖန်ဆင်း (ပေါ်ထွန်း) တော်မူခဲ့၏။

مَا تَسْبِقُ مِنْ أُمَّةٍ أَجَلَهَا وَمَا يَسْتَأْخِرُونَ ﴿٤٣﴾

၂၃ : ၄၃ ။ ။ မည်သည့်အုပ်စုမျှပင် မိမိတို့နှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သော အချိန်ကာလထက် စောနိုင်သည်လည်း မဟုတ်ပေ။ နောက်ကျနိုင်သည်လည်း မဟုတ်ချေ။

ثُمَّ أَرْسَلْنَا رُسُلَنَا تَتْرَا ۖ كُلَّ مَا جَاءَ أُمَّةً رَّسُولُهَا كَذَّبُوهُ ۚ فَأَتْبَعْنَا بَعْضَهُم بَعْضًا وَجَعَلْنَاهُمْ أَحَادِيثَ ۚ فَبُعْدًا لِّقَوْمٍ لَّا يُؤْمِنُونَ ﴿٤٤﴾

၂၃ : ၄၄ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် မိမိရစူလ်တမန်တော်များအား တစ်ပါးပြီးတစ်ပါး (အဆက်မပြတ်) စေလွှတ်တော်မူခဲ့၏။ မည်သည့်အခါမျိုးမဆို အုပ်စုတစ်စုထံသို့ ၄င်းတို့၏ ရစူလ်တမန်တော်သည် (ပွင့်) ရောက်ခဲ့ပါလျှင် ၄င်းအုပ်စုသည် ယင်း (ရစူလ်တမန်တော်) အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည်သာ (ဖြစ်၏။) သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ထိုလူမျိုးတို့အား လူမျိုး တစ်မျိုးပြီးတစ်မျိုး ပျက်စီးစေတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းတို့အား (တရားရဖွယ်ရာ အဖြစ်အပျက်) ပုံပြင်မျှသာ ပြုလုပ်တော်မူခဲ့၏။ သို့ဖြစ်ပေရာ အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိသော သူတို့သည် (ကရုဏာတော်မှ) ကင်းဝေးခဲ့ကြရလေသည်။ (တစ်နည်း) ကောင်းစွာ သုတ်သင်ဖယ်ရှားခြင်း ခံကြရလေသည်။

ثُمَّ أَرْسَلْنَا مُوسَىٰ وَأَخَاهُ هَارُونَ بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ ﴿٤٥﴾

၂၃ : ၄၅ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာနှင့် ၄င်း၏ နောင်တော် (နဗီတမန်တော်) ဟာရူးန်တို့အား မိမိ၏ အမိန့်တော်များနှင့် ထင်ရှားလှစွာသော သက်သေသာဓကနှင့်တကွ စေလွှတ်တော်မူခဲ့၏။

إِلَىٰ فِرْعَوْنَ وَمَلَإِيهِۦ فَٱسْتَكْبَرُوا۟ وَكَانُوا۟ قَوْمًا عَالِينَ ﴿٤٦﴾

၂၃ : ၄၆ ။ ။ (ထိုနဗီတမန်တော် နှစ်ပါးအား) ဖိရ်အောင်နှင့် ၎င်း၏ မှူးမတ်ထံသို့ (စေလွှတ်တော်မူခဲ့ခြင်း ဖြစ်၏) သို့ရာတွင် ၎င်းတို့သည် မောက်မာခဲ့ကြကုန်၏။ စင်စစ် ၎င်းတို့သည် (ရှေးဦးမဆွကပင်) မောက်မာသူများ ဖြစ်ခဲ့ကြကုန်၏။

فَقَالُوٓا۟ أَنُؤْمِنُ لِبَشَرَيْنِ مِثْلِنَا وَقَوْمُهُمَا لَنَا عَٰبِدُونَ ﴿٤٧﴾

၂၃ : ၄၇ ။ ။ သို့အတွက်ကြောင့်ပင် ၎င်းတို့သည် (ဤသို့) ပြောဆိုခဲ့ကြကုန်၏။ 'ကျွန်ုပ်တို့သည် မိမိတို့ကဲ့သို့သော လူသားနှစ်ဦးကိုပင် ယုံကြည်ကြရမည်လော။ အမှန်စင်စစ် ၎င်းတို့နှစ်ဦး၏ အမျိုးသားတို့မှာ ကျွန်ုပ်တို့၏ လက်အောက်ခံ ကျေးကျွန်များပင် ဖြစ်ကြကုန်၏။'

فَكَذَّبُوهُمَا فَكَانُوا۟ مِنَ ٱلْمُهْلَكِينَ ﴿٤٨﴾

၂၃ : ၄၈ ။ ။ အချုပ်မှာ ၎င်းတို့သည် ထို (နဗီတမန်တော်မူစာနှင့် ဟာရွန်) နှစ်ပါးစလုံးကို မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်လျက် ရှိခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ နောက်ဆုံးတွင် ယင်း (ဖိရ်အောင်နှင့် ၎င်း၏ မှူးမတ်) တို့သည် ဖျက်ဆီးခြင်း ခံကြရသော သူတို့တွင် ပါဝင်ခဲ့ကြကုန်၏။

وَلَقَدْ ءَاتَيْنَا مُوسَى ٱلْكِتَٰبَ لَعَلَّهُمْ يَهْتَدُونَ ﴿٤٩﴾

၂၃ : ၄၉ ။ ။ အမှန်စင်စစ် (ဖိရ်အောင်နှင့် ၎င်း၏ မှူးမတ်များ သေကြေပျက်စီးကြပြီးနောက်) ယင်း (အိစ်ရာအီလီ) အမျိုးသားများ တရားလမ်းမှန်ကို ရရှိကြရန်အလို့ငှာ ငါအသျှင်မြတ်သည် တမန်တော်မူစာအား (သောင်ရားသ်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။

وَجَعَلْنَا ٱبْنَ مَرْيَمَ وَأُمَّهُۥٓ ءَايَةً وَءَاوَيْنَٰهُمَآ إِلَىٰ رَبْوَةٍ ذَاتِ قَرَارٍ وَمَعِينٍ ﴿٥٠﴾

၂၃ : ၅၀ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မရ်ယမ်၏ သားတော် (အီစာ) နှင့် ထိုသားတော်၏ မယ်တော် (မရ်ယမ်) အား ကြီးကျယ်စွာသော သက်သေလက္ခဏာတစ်ပါး ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ထို (သားအမိ) နှစ်ပါး စလုံးကို တည်းခိုရန် သင့်လျော်စိုပြေ၍ စီးတွေသော ရေများလည်း ရှိသည့် 'ကမူ' (ကုန်းမြင့်ပေါ်) ၌ ခိုလှုံစေတော်မူခဲ့၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက်တစ်ဖန် ထို (အား်ဒ် သို့မဟုတ် စမူးဒ်အမျိုးသားတို့ သေကြေပျက်စီးကြပြီး) နောက် ငါအသျှင်မြတ်သည် အခြားသော မျိုးနွယ်တို့ကို ဖန်ဆင်းတော်မူခဲ့သည်။ (ရစူလ်တမန်တော်အား ငြင်းပယ်ခြင်းကြောင့် ထိုမျိုးနွယ်များသည်လည်း ပျက်စီးကြရလေသည်။ ၎င်းတို့ သေကြေပျက်စီးရသည့် ကာလ အတိုင်းအတာသည် အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်တွင် သတ်မှတ်ပြီးဖြစ်သည်။) မည်သည့်

မျိုးနွယ်အုပ်စုမဆို (ထိုမျိုးနွယ်အုပ်စုများအနက်) မိမိတို့၏ (ထို) သတ်မှတ်ထားသည့် ကာလထက် ပို၍ (ပျက်စီးကြရခြင်း) ကို သတ်မှတ်ကာလထက် ပို၍ မနေနိုင်ကြပေ။ ထို့အပြင် (ထိုသတ်မှတ်ကာလထက်) ထိုသူတို့သည် နောက်သို့ ဆုတ်၍ ဆိုင်းငံ့ခြင်းလည်း မပြုနိုင်ကြပေ။ (ထိုမျှမက သတ်မှတ်ကာလတွင် ဖျက်ဆီးခြင်းခံရသည်သာ ဖြစ်သည်။ အချုပ်မှာ ထိုအွမ္မသ်များသည် ပထမဦးစွာ ဖန်ဆင်းခံရသူများ ဖြစ်သည်) တစ်ဖန် (ထိုအွမ္မသ်များသို့) ငါအသျှင်မြတ်သည် ရစူလ်တမန်တော်များကို (၎င်းတို့ တရားလမ်းမှန် ရရှိစေရန်) တစ်ပါးပြီးတစ်ပါး စေလွှတ်တော်မူခဲ့သည်။ (မျိုးနွယ်အုပ်စုများ တစ်စုပြီးတစ်စု ပေါ်ပေါက်လာသော်လည်း ၎င်းတို့၏ အခြေအနေမှာ) မျိုးနွယ်တစ်စုထံသို့ ထိုမျိုးနွယ်အွမ္မသ်၏ (အထူး) ရစူလ်တမန်တော်သည် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်တော်များ ယူဆောင်၍) လာပါလျှင် ၎င်းတို့သည် ထိုရစူလ်တမန်တော်အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည်သာ ဖြစ်သည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် (လည်း ဖျက်ဆီးတော်မူရာတွင်) ထိုလူမျိုးတို့အား တစ်မျိုးပြီးတစ်မျိုး ပျက်စီးစေတော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား ပုံပြင်မျှသာ ပြုလုပ်တော်မူခဲ့သည်။ (ဆိုလိုသည်မှာ ပုံပြင်တစ်ပုဒ်အဖြစ်မှအပ မည်သည့်အစအနမျှ မရှိတော့ခြင်း ဖြစ်သည်။)

သို့ဖြစ်ပေရာ အသျှင်မြတ်၏ အပြစ်ဒဏ်သည် (နဗီတမန်တော်များ၏ ဖိတ်ခေါ် သွန်သင်ခြင်းများ ပြုခံရပါလျက်) အီမာန်သက်ဝင်ယုံကြည်မှု မရှိသူများ အပေါ်၌ ဖြစ်ပေသည်။ ထို့နောက် ငါအသျှင်မြတ်သည် မူစာ عليه السلام နှင့် ၎င်း၏အစ်ကို ဟာရူးန် عليه السلام တို့အား မိမိ၏ အမိန့်ပညတ်တော်များနှင့် ထင်ရှားလှစွာသော အထောက်အထားသာဓကများ ('နဗူဝသ်'၏ အထောက်အထားဖြစ်သော ထင်ရှားသည့် 'မုအ်ဂျိဇာဟ်'များ) ပေး၍ ဖိရ်အောင်န်နှင့် ၎င်း၏ မှူးမတ်တို့ထံသို့ (လည်း နဗီတမန်တော်အဖြစ် ခန့်အပ်၍) စေလွှတ်တော်မူခဲ့သည်။ (ဗနီအိစ်ရာအီးလ်တို့ထံ စေလွှတ်တော်မူခြင်းလည်း ဖြစ်သည်။) သို့ဖြစ်ပေရာ ထိုသူများသည် (နဗီတမန်တော်နှစ်ပါးအား ထောက်ခံခြင်းနှင့် လိုက်နာခြင်းမှ) မောက်မာထောင်လွှားခဲ့ကြသည်။ ထိုသူများသည်ပင် မောက်မာပလွှားသည့် မျိုးနွယ်အုပ်စုများ ဖြစ်ခဲ့ကြသည်။ (၎င်းတို့၏ ဦးနှောက် အယူအဆတို့သည် ကနဦးမှပင် ပျက်စီးခဲ့ပြီးဖြစ်သည်။) သို့ဖြစ်ပေရာ ၎င်းတို့က (အချင်းချင်း) ကျွန်ုပ်တို့သည် မိမိတို့ကဲ့သို့ (မည်သည့်ခြားနားမှုမျှ မရှိသည့်) လူသားနှစ်ဦးအား သက်ဝင်ယုံကြည်ရမည်လော။ (၎င်းတို့၏ အမိန့်နာခံမှုကို ပြုကြရမည်လော။) အမှန်စင်စစ် ၎င်းတို့နှစ်ဦး၏ အမျိုးသားများ (ကိုယ်တိုင်) ပင် ကျွန်ုပ်တို့၏ လက်အောက်ခံများ ဖြစ်ကြပေသည်။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့သည်သာ ၎င်းတို့၏ အမျိုးသားများအပေါ်၌ အုပ်ချုပ်မှုအာဏာ ရှိသည်။ သို့ပါလျက် ၎င်းတို့နှစ်ဦး၏ နောက်လိုက်ခြင်းနှင့် ၎င်းတို့၏ အုပ်ချုပ်မှုကို ကျွန်ုပ်တို့ မည်သို့ လက်ခံနိုင်ပါမည်နည်းဟု ဖြစ်သည်။ ထိုသူတို့သည် လောကီရေးကြီးမြတ်မှုကို တမလွန်၏ ကြီးမြတ်မှုနှင့် နှိုင်းယှဉ်၍ 'ကျွန်ုပ်တို့သည် လောကီရေး၌ ကြီးမြတ်မှုအဆင့်အတန်း ရရှိသူများဖြစ်သည့်အခါ အခြားသော အရာများ၌လည်း ကျွန်ုပ်တို့သည်သာ ကြီးမြတ်မှု ဖြစ်ရပေမည်။ ထိုသူတို့သည်ကား လောကီရေးကြီးမြတ်မှုပင် မရရှိကြသည့်အခါ သာသနာရေး ကြီးမြတ်မှုသည်လည်း မည်ကဲ့သို့ ရရှိနိုင်ကြပါမည်နည်း'ဟု ပြောဆိုကြသည်။ ပြဿနာသည် ဤနှိုင်းယှဉ်သုံးသပ်ခြင်းကြောင့်

ဖြစ်ကြောင်း ထင်ရှားပေသည်။) အချုပ်မှာ ၄င်းတို့သည် ထိုနဗီတမန်တော်နှစ်ပါးတို့အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ (ထိုသို့ ငြင်းလိုက်ကြသည့်အတွက်) ၄င်းတို့ ပျက်စီးခဲ့ကြရသည်။

ထို့နောက် (၄င်းတို့ ပျက်စီးခဲ့ကြပြီးနောက်) ငါအသျှင်မြတ်သည် မူစာ عليه السلام အား ကျမ်းဂန် (သောင်ရားသ်) ကို ပေးသနားတော်မူခဲ့သည်။ သို့မှသာ (ထိုကျမ်းဂန်အားဖြင့်) ထိုသူတို့ (မူစာ عليه السلام ၏ အမျိုးသားများဖြစ်သော ဗနီအိစ်ရာအီးလ်လူမျိုးတို့) သည် 'ဟေဒါယသ်' တရားလမ်းမှန် ရရှိကြပေမည်။ ထို့နောက် ငါအသျှင်မြတ် (မိမိ၏ တန်ခိုးတော်နှင့် 'သောင်ဟီးဒ်'တရားတို့ကို ညွှန်ပြနိုင်ရန်အတွက်သော်လည်းကောင်း၊ ဗနီအိစ်ရာအီးလ်တို့၏ 'ဟေဒါယသ်'တရားလမ်းမှန်အတွက်သော်လည်းကောင်း) မရ်ယမ်၏ သားတော် (အီစာ عليه السلام) နှင့် ၄င်း၏ မိခင် (ဟဇရသ်မရ်ယမ် عليه السلام သခင်မ) တို့ကို ကြီးမားစွာသော သက်သေလက္ခဏာတော် (မိမိ၏ တန်ခိုးတော်နှင့် ထိုတန်ခိုးတော်များ၏ မှန်ကန်မှု) အဖြစ် ပြုတော်မူခဲ့သည်။ (ဖခင်မရှိဘဲ မွေးဖွားခြင်းဖြစ်သည်။ ထိုသားအမိ နှစ်ဦးစလုံးသည် အလွန်ကြီးမားသည့် သက်သေလက္ခဏာတော်ဖြစ်သည်။) ထို့နောက် (မရ်ယမ်၏ သားအီစာအား နဗီတမန်တော်အဖြစ် ခန့်အပ်ရန် လိုလားတော်မူခဲ့သည်။ ဆိုးယုတ်သည့် ဘုရင်တစ်ပါးသည် တမန်တော်အီစာ عليه السلام အား ငယ်ရွယ်စဉ်မှာပင် သတ်ဖြတ်ရန် လိုလားခဲ့သည်။ ထို့ကြောင့်) ငါအသျှင်မြတ်သည် (ထိုအန္တရာယ်များမှ ကာကွယ်လျက် ကယ်မ၍) ၄င်းတို့ (သားအမိ) နှစ်ဦးကို မြေကုန်းမြင့် တစ်နေရာသို့ ခေါ်ဆောင်၍ ခိုလှုံခွင့်ပေးတော်မူခဲ့သည်။ ထိုနေရာသည် (သီးနှံနှင့် သစ်သီးဝလံများ ထွက်ပေါ်သည့် နေရာဖြစ်၍) တည်းခိုနေထိုင်ရန် သင့်လျော်၍ (မြစ်ချောင်းများ စီးဆင်းမှုရှိသည့်အတွက်) စိုပြေစိမ်းလန်းသည့် နေရာ ဖြစ်သည်။ (အေးချမ်းသာယာစွာဖြင့် ထိုနေရာ၌ အရွယ်ရောက် ခဲ့သည်အထိ ဖြစ်သည်။ ထို့နောက် 'နဗူဝသ်' ချီးမြှင့်ခြင်းခံရသည်။ သို့ရှိရာ 'သောင်ဟီးဒ်'နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်း၊ ကြွေးကြော်ကြေညာမှု ပြုရာတွင် ၄င်းအား ထောက်ခံရန် အရေးကြီးသည်။ သို့ရာတွင် အချို့လူတို့မှာ ထောက်ခံမှု မပြုခဲ့ကြပေ။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلرُّسُلُ كُلُوا۟ مِنَ ٱلطَّيِّبَٰتِ وَٱعْمَلُوا۟ صَٰلِحًا ۖ إِنِّى بِمَا تَعْمَلُونَ عَلِيمٌ ﴿٥١﴾

၂၃ : ၅၁ ။ ။ 'အို၊ ရစူလ်တမန်တော်အပေါင်းတို့၊ အသင်တို့သည် (ဟလာလ်) သန့်ပြန့်စင်ကြယ်သော စားသောက်ဖွယ်ရာများကို စားသုံးကြလေကုန်။ ၄င်းပြင် အသင်တို့သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြလေကုန်။ စင်စစ်အမှန် ငါအသျှင်မြတ် အသင်တို့ ကျင့်မူကြသည်တို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏'

وَإِنَّ هَٰذِهِۦٓ أُمَّتُكُمْ أُمَّةً وَٰحِدَةً وَأَنَا۠ رَبُّكُمْ فَٱتَّقُونِ ﴿٥٢﴾

၂၃ : ၅၂ ။ ။ ၄င်းပြင် ဧကန်မလွဲ ဤသည် အသင်တို့၏ သာသနာပင် (ဖြစ်၏။ ၄င်းသည်) တစ်ခုတည်းသော သာသနာပင် ဖြစ်၏။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေရာ အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်။

فَتَقَطَّعُوٓا۟ أَمْرَهُم بَيْنَهُمْ زُبُرًا ۖ كُلُّ حِزْبٍۭ بِمَا لَدَيْهِمْ فَرِحُونَ ﴿٥٣﴾

၂၃ : ၅၃ ॥ ॥ သို့ရာတွင် လူတို့သည် မိမိတို့အချင်းချင်းတွင် မိမိတို့၏ သာသနာကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်(ကာ အုပ်စုအသီးသီး ဖြစ်သွား) ခဲ့ကြကုန်၏။ အုပ်စုတိုင်းသည် မိမိတို့၌ရှိသော အကြင်အရာ (အယူဝါဒ) နှင့်ပင် ပျော်ပိုက်လျက် ရှိကုန်၏။

فَذَرْهُمْ فِى غَمْرَتِهِمْ حَتَّىٰ حِينٍ ﴿٥٤﴾

၂၃ : ၅၄ ॥ ॥ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား ၎င်းတို့၏ မှောက်မှားမှု၌ပင် သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် စွန့်ထားပါလေ။

أَيَحْسَبُونَ أَنَّمَا نُمِدُّهُم بِهِۦ مِن مَّالٍ وَبَنِينَ ﴿٥٥﴾

၂၃ : ၅၅ ॥ ॥ မည်သို့ပါနည်း။ ၎င်းတို့သည် ထင်မှတ်ကြလေသလော။ ငါအသျှင်မြတ်သည် ၎င်းတို့အား ဥစ္စာပစ္စည်းနှင့် သားသမီးများကို (ချီးမြှင့်) ပေးသနားတော်မူလျက် ရှိသည်မှာ-

نُسَارِعُ لَهُمْ فِى ٱلْخَيْرَٰتِ ۚ بَل لَّا يَشْعُرُونَ ﴿٥٦﴾

၂၃ : ၅၆ ॥ ॥ 'ငါအသျှင်မြတ်သည် ၎င်းတို့အား ကောင်းကျိုးများကို ဆောလျင်စွာ ပေးတော်မူသည်'ဟု (ထင်မှတ်ကြသလော။) ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာ ၎င်းတို့သည် (အကြောင်းရင်းကို) မသိနားမလည်ကြချေ။ (တစ်နည်း) မရိပ်စားမိကြချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် အသင်တို့အား မိမိ၏ ကျေးဇူးတော်များအား သုံးစွဲခွင့်ပြု၍ 'အေဗာဒသ်'ပြုလုပ်ရန် အမိန့်ပေးတော်မူသကဲ့သို့ နဗီတမန်တော်အားလုံးတို့ကို ၎င်းတို့အတွက်နှင့် ၎င်းတို့၏ အမွှသ်များအတွက်ကိုလည်း အမိန့်ပေးတော်မူသည်မှာ) အို၊ ရစူလ်တမန်တော်အပေါင်းတို့၊ အသင်တို့ (နှင့် အသင်တို့၏ အမွှသ်များ) သည် ကောင်းမွန်သန့်ရှင်းသော အရာများကို စားသောက်ကြကုန်။ (အသျှင်မြတ်၏ ကျေးဇူးတော်များကို စားသုံးကြလေကုန်။) ထို့နောက် (စားသုံးပြီးသော ကျေးဇူးတရား နားလည်ကြလေကုန်။) ကောင်းမြတ်သော ကျင့်စဉ်များ ပြုကျင့်ကြလေကုန်။ (ဆိုလိုသည်မှာ 'အေဗာဒသ်' ပြုကြလေကုန်။) ကေန်အမှန် ငါအသျှင်မြတ်သည် အသင်တို့အားလုံး ပြုမူကျင့်ဆောင်သည့် လုပ်ရပ်များကို ကောင်းစွာသိတော်မူသည်။ ('အေဗာဒသ်'နှင့် ကောင်းမြတ်သော လုပ်ရပ်များ၏ အကျိုးအစားများကို ချီးမြှင့်တော်မူမည်ဟု ဆိုလိုသည်။) ထို့နောက် (အသင်တို့အဖို့ သာသနာ့လမ်းစဉ်ကိုလည်း ယခု ပြသမည်ဟူ၍ ၎င်းတို့အား ငါအသျှင်မြတ်သည် မိန့်ကြားခဲ့သည်။ အသင်တို့၏ သာသနာလမ်းစဉ်မှာ (ထိုလမ်းစဉ်အပေါ် လျှောက်လှမ်းရန်နှင့် ရပ်တည်နေရန်မှာ အသင်တို့အဖို့ 'ဝါဂျိဗ်'ဖြစ်သည်။) တစ်ခုတည်းသော သာသနာ့လမ်းစဉ်ဖြစ်သည်။ (နဗီတမန်တော်အားလုံးနှင့် ၎င်းတို့၏ အမွှသ်များ၏ မည်သည့် ရှရီအသ်တရားတော်တွင်မျှ

ဤလမ်းစဉ်သည် မပြောင်းလဲခဲ့ပါ။) ထို့နောက် ငါအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အသင်တို့သည် ငါအသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ (ငါအသျှင်မြတ်၏ အမိန့်တော်များကို ဆန့်ကျင်ခြားနားမှု မပြုကြလေနှင့်။ အကြောင်းမှာ ﺭﺏ 'ရဗ်' ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဖြစ်ခြင်းကြောင့် အသင်တို့၏ ဖန်ဆင်းရှင်နှင့် စိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်ပေသည်။ တစ်ဖန် ﻣُﻨﻌِﻢ 'မွန်အင်မ်' ကျေးဇူးတော်အရှင်ဖြစ်ခြင်းကြောင့် အသင်တို့အား မရေမတွက်နိုင်သော ကျေးဇူးတော်များလည်း ပေးသနားတော်မူသည်။ ထိုကျေးဇူးတော်များ ရရှိစေရန်မှာ အမိန့်နာခံမှု ပြုရမည် ဖြစ်သည်။) သို့ဖြစ်ပေရာ (ထိုသို့ ပြုခြင်း၏ ရလဒ်မှာ အားလုံးတို့သည် ဖော်ပြပါ တစ်ခုတည်းသော သာသနာ့လမ်းစဉ်ပေါ်၌ နေကြရပေမည်။ သို့ရာတွင် ဤကဲ့သို့ မပြုကြဘဲ) ထိုသူတို့သည် မိမိသာသနာ၊ မိမိတို့ လမ်းစဉ်များကို သီးခြားပြုလုပ်၍ ကွဲလွဲမှုများ ပြုလုပ်ခဲ့ကြသည်။ အုပ်စုတိုင်းသည် (မိမိတို့ ပြုလုပ်ထားသော) မိမိတို့၏ သာသနာအပေါ်၌ မွေ့လျော်ပျော်ပိုက်လျက် ရှိကြသည်။ (မိမိတို့၏ သာသနာ့လမ်းစဉ်သည် မှားယွင်းနေပါလျက် အမှန်ဟု ထင်မြင်ယူဆကြသည်။)

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့၏ အသိတရား ခေါင်းပါးခြင်း၌ပင် ၎င်းတို့အား သတ်မှတ်ကာလတစ်ခုအထိတိုင် စွန့်ထားပါလေ။ (ဆိုလိုသည်မှာ ၎င်းတို့၏ အသိတရားခေါင်းပါးခြင်းအပေါ် အသင်သည် ပူဆွေးသောက မဖြစ်လေနှင့်။ သတ်မှတ်ချိန်တွင် ၎င်းတို့၏ သေခြင်းတရား ဆိုက်ရောက်လာပါက ဇစ်မြစ်အမှန်အားလုံး ပေါ်လွင်သွားပါလိမ့်မည်။ ယခု ၎င်းတို့အပေါ်သို့ ချက်ချင်း 'အဇာဗ်' အပြစ်ဒဏ် ကျရောက်ခြင်း မရှိသောအခါ) ၎င်းတို့သည် ငါအသျှင်မြတ်က ၎င်းတို့အား ဥစ္စာပစ္စည်းနှင့် သားရတနာများပေးသနားတော်မူခြင်းအပေါ် ငါအသျှင်မြတ်သည် ၎င်းတို့အား ကောင်းကျိုးများကို စောလျင်စွာ ပေးတော်မူသည်ဟု ထင်မြင်ယူဆနေကြပါသလော။ (ထိုသို့ အလျဉ်းမဟုတ်ပါ။) ထိုမျှမက ဤသူတို့သည် (ထိုဆိုင်းငံ့ထားသည့် အကြောင်းအရင်း) ကို သိနားလည်ခြင်း မရှိကြပေ။ (ဤဆိုင်းငံ့ခြင်းသည် ၎င်းတို့အဖို့ အစဉ်အလာနှင့် ဆန့်ကျင်၍ ပေးသနားတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ပေးသနားတော်မူခြင်း၏ နောက်ဆုံးရလဒ်သည် ၎င်းတို့အဖို့ 'အဇာဗ်' အပြစ်ဒဏ် ပိုမိုများပြားစေရန် အကြောင်း ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်၏ ဆိုင်းငံ့ထားတော်မူခြင်းအပေါ် ၎င်းတို့သည် မောက်မာပလွှားလျက် ဆိုးသွမ်းမှုများနှင့် အပြစ်ဒုစရိုက် ကျူးလွန်ခြင်းများကို ပို၍ ပြုကြပေလိမ့်မည်။ ၎င်းတို့အဖို့ 'အဇာဗ်' အပြစ်ဒဏ်သည် ပို၍ များပြားပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

يَـٰٓأَيُّهَا الرُّسُلُ كُلُوا مِنَ الطَّيِّبٰتِ وَاعْمَلُوا صَالِحًا

طَيِّبَات 'သွိုင်ယိဗာဟ်' ဟူသော စာလုံး၏ အဘိဓါန်အဓိပ္ပာယ်မှာ 'သန့်ရှင်းကောင်းမွန်သော အရာများ' ဟု ဖြစ်သည်။ အစ္စလာမ့်တရားတော်တွင် 'ဟရာမ်'ပြုလုပ်ထားသည့် အရာများသည် မသန့်

သော အရာများပင် ဖြစ်သည်။ အသိတရားရှိသူတို့အတွက် ကောင်းသောအရာ၊ နှစ်သက်ဖွယ်အရာလည်း မဟုတ်ပေ။ အကြောင်းမှာ طيبات ၏ အလိုသဘောမှာ အတွင်းပိုင်းအရဖြစ်စေ၊ အပြင်ပိုင်းအရဖြစ်စေ၊ သန့်ရှင်း၍ ကောင်းမွန်သော 'ဟလာလ်'ပစ္စည်းများကိုသာ ဆိုလိုသောကြောင့် ဖြစ်သည်။ ဤအာယသ်တော်တွင် နဗီတမန်တော်အားလုံးကို မိမိတို့၏ ခေတ်ကာလတွင် ညွှန်ကြားချက်နှစ်မျိုး ပေးတော်မူကြောင်း ပြသထားသည်။ တစ်မျိုးမှာ 'ဟလာလ်'နှင့် သန့်ရှင်းစင်ကြယ်သည့် အရာများကို စားသုံးကြလေကုန်ဟု ဖြစ်ပြီး အခြားတစ်မျိုးမှာ ကောင်းမြတ်သော ကျင့်စဉ်များ ပြုကျင့်ကြလေကုန်ဟု ဖြစ်သည်။ အသျှင်မြတ်က 'မအ်ဆွူးမ်'အပြစ်မဲ့သူများအဖြစ် သတ်မှတ်ထားသည့် နဗီတမန်တော်တို့ကိုပင် ဤသို့ မိန့်ကြားခြင်း ပြုတော်မူသည့်အခါ ၎င်းတို့၏ အုမ္မသ်သားများအတွက်မူ ဤအမိန့်သည် ပို၍ပင် အလေးအနက်ထားရမည် ဖြစ်ပေသည်။ ဤမိန့်ကြားချက်၏ အဓိကရည်ရွယ်ချက်မှာလည်း အုမ္မသ်သားများကိုသာ ဤအမိန့်အပေါ်၌ လျှောက်လှမ်းစေရန် ဖြစ်သည်။

ဤအမိန့်နှစ်ခုကို တစ်နေရာတည်း၌ ယှဉ်တွဲလျက် မိန့်ကြားထားခြင်းကို သာသနာ့ပညာရှင်များက 'ဟလာလ်'အစားအစာသည် ကောင်းမြတ်သော ကျင့်စဉ်များအတွက် အဓိကအချက်ဖြစ်သည်'ဟု မိန့်ဆိုကြသည်။ စားသောက်မှု 'ဟလာလ်'ဖြစ်သည့်အခါ ကောင်းမြတ်သော ကျင့်စဉ်များ ပြုကျင့်နိုင်စွမ်းသည်လည်း အလိုအလျောက် ဖြစ်ပေါ်လာသည်။ စားသောက်မှု 'ဟရာမ်'ဖြစ်လျှင် ကောင်းမြတ်သော အလုပ်များ ပြုကျင့်ရန် ရည်ရွယ်သည့်တိုင် 'အခက်အခဲ အတားအဆီးများ ပေါ်ပေါက်လာလေ့ ရှိသည်။ ဟဒီးစ်တော်တွင် 'အချို့လူတို့သည် ရှည်လျားသော ခရီးကို နှင်ကြသည်။ ဖုန်အလိမ်းလိမ်း တက်နေသည်။ သို့တိုင်အောင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ဒိုအာဆုပန်ရန် လက်ဖြန့်၍ 'ယာရဗ်၊ ယာရဗ်' (အို၊ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်) ဟူ၍ ဟစ်ခေါ်တောင်းခံပါသော်လည်း ၎င်းတို့၏ စားခြင်းက 'ဟရာမ်'၊ သောက်ခြင်းက 'ဟရာမ်'၊ ဝတ်ဆင်ခြင်းက 'ဟရာမ်'ဖြစ်နေသည်။ 'ဟရာမ်'အစားအစာသာလျှင် ၎င်းတို့အတွက် ရရှိကြပေသည်။ ဤသို့သော သူများ၏ ဒိုအာသည် အဘယ်မှာလျှင် လက်ခံနိုင်စရာ ရှိပါမည်နည်း' ဟု လာရှိပေသည်။ *[ကုရ်သုဗီးကျမ်း]*

ဤဟဒီးစ်တော်အားဖြင့် သိရှိရသည်မှာ 'အေဗာဒသ်'နှင့် ဒိုအာ တောင်းခံခြင်းတို့ လက်ခံမှု ရှိစေရန်မှာ 'ဟလာလ်'အစားအစာသည် အဓိက အကျုံးဝင်သည်။ အစားအစာ 'ဟလာလ်'မဖြစ်သည့်အခါ 'အေဗာဒသ်'နှင့် ဒိုအာများ လက်ခံမှုပြုရန်လည်း မထိုက်ကြောင်း သိရှိရသည်။

وَ اِنَّ هٰذِهٖۤ اُمَّتُكُمْ اُمَّةً وَّاحِدَةً

أُمَّة အုမ္မသ်ဟူသော စာလုံးသည် 'အုပ်စုတစ်စု' ဟုလည်းကောင်း၊ နဗီတမန်တော်တစ်ပါးပါး၏ အမျိုးသားအုပ်စုဟုလည်းကောင်း အဓိပ္ပာယ်တွင် ကျော်ကြားမှု ရှိသည်။ တစ်ခါတစ်ရံ ဤစာလုံးသည် 'လမ်းစဉ်'နှင့် 'သာသနာ'ဟူသော အဓိပ္ပာယ်၌လည်း လာရှိသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်

وَجَدْنَا اٰبَآءَنَا عَلٰٓى اُمَّةٍ

တွင် اُمَّةٌ (အုမ္မသ်) ၏ အလိုသဘောမှာ သာသနာတစ်ခု၊ လမ်းစဉ်တစ်ခု ဖြစ်သည်။ ဤနေရာတွင်လည်း ဤအဓိပ္ပာယ်အတိုင်းပင် ဖြစ်သည်။

فَتَقَطَّعُوْٓا اَمْرَهُمْ بَيْنَهُمْ زُبُرًا

زُبُرٌ သည် زَبُوْرٌ 'ဇဗူရ်'ဟူသော စာလုံး၏ အများကိန်းဖြစ်သည်။ 'ကျမ်းဂန်' ဟူ၍ အဓိပ္ပာယ်ရသည်။ ထိုအဓိပ္ပာယ်ကို ထောက်ရှု၍ အာယသ်တော်၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်အားလုံးနှင့် ၄င်းတို့၏ အုမ္မသ်များကို အခြေခံဥပဒေများနှင့် ယုံကြည်ချက်ဆိုင်ရာ ဓမ္မသတ်များတွင် တစ်ခုတည်းသော သာသနာနှင့် တစ်မျိုးတည်းသော လမ်းစဉ်အပေါ် လျှောက်လှမ်းရန် ညွှန်ကြားတော်မူခဲ့သည်။ သို့ရာတွင် အုမ္မသ်များသည် ဤသည်တို့ကို လက်မခံကြပေ။ အချင်းချင်း ကွဲလွဲမှုများ ပြုခဲ့ကြသည်။ ကိုယ်စီကိုယ်စီ မိမိတို့လမ်းစဉ်များ၊ မိမိတို့ ကျမ်းဂန်များဖြင့် သီးခြားစီ ပြုခဲ့ကြသည်။ زُبُرٌ သည် တစ်ခါတစ်ရံ زُبْرَةٌ ၏ အများကိန်းအဖြစ်လည်း လာတတ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ 'အုပ်စု' ဟူ၍ ဖြစ်သည်။ ဤအဓိပ္ပာယ်သည်ပင် ဤနေရာ၌ ပို၍ ရှင်းလင်းသည်။ ဤအဓိပ္ပာယ်ဖြင့်ဆိုလျှင် အာယသ်တော်၏ အလိုသဘောမှာ 'ဤသူတို့သည် ယုံကြည်ချက်များနှင့် ဥပဒေစည်းကမ်းများတွင်လည်း ကွဲလွဲသော အုပ်စုများ ဖြစ်သွားကြပေသည်။ သို့ရာတွင် 'မုဂျ်သဟိဒ်'အဗောမ်များ၏ အကိုင်းအလက် ကွဲလွဲခြင်းများသည် ဤအချက်၌ မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုကွဲလွဲမှုများဖြင့် သာသနာ့လမ်းစဉ်သည် သီးခြားစီ ဖြစ်မသွားသောကြောင့် ဖြစ်သည်။ ဤသို့ အကိုင်းအလက်၌ ကွဲလွဲမှုပြုသူတို့ကို သီးခြားအုပ်စုဟု မဆိုနိုင်ပေ။ 'အိဂျ်သိဟာဒ်' (ဓမ္မသတ်ကောက်နုတ်ခြင်း) နှင့် အကိုင်းအလက်၌ ကွဲလွဲမှုပြုသူများကို အုပ်စုကွဲများဟု သတ်မှတ်ခြင်းမှာ အသိတရားခေါင်းပါးခြင်းသာ ဖြစ်ပေသည်။ ဤသည် မည်သည့် 'မုဂျ်သဟိဒ်'ထံတွင်မျှ မပိုင်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اِنَّ الَّذِيْنَ هُمْ مِّنْ خَشْيَةِ رَبِّهِمْ مُّشْفِقُوْنَ ﴿٥٧﴾

၂၃ : ၅၇ ။ ။ စင်စစ် အကြင်သူတို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ရိုသေ ခံညားမှုကြောင့် စိုးရိမ်မကင်း ဖြစ်နေကြသူတို့သည်လည်းကောင်း။

وَالَّذِيْنَ هُمْ بِاٰيٰتِ رَبِّهِمْ يُؤْمِنُوْنَ ﴿٥٨﴾

၂၃ : ၅၈ ။ ။ ထို့ပြင် အကြင်သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကို ယုံကြည်ကြသူတို့သည်လည်းကောင်း။

وَالَّذِينَ هُم بِرَبِّهِمْ لَا يُشْرِكُونَ ﴿٥٩﴾

၂၃ : ၅၉ ။ ။ ၎င်းပြင် အကြင်သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် (တစ်စုံတစ်ရာကိုမျှ) တွဲဖက်နိုင်းယှဉ် (ကိုးကွယ်) မှုကို မပြုကြသော သူတို့သည်လည်းကောင်း။

وَالَّذِينَ يُؤْتُونَ مَا آتَوا وَّقُلُوبُهُمْ وَجِلَةٌ أَنَّهُمْ إِلَىٰ رَبِّهِمْ رَاجِعُونَ ﴿٦٠﴾

၂၃ : ၆၀ ။ ။ ထို့ပြင် အကြင်သူတို့သည် မိမိတို့ ပေးကမ်း (စွန့်ကြဲ) လျက် ရှိကြသော်ငြားလည်း၊ မိမိတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်သွားကြရမည်ဖြစ်သောကြောင့် ၎င်းတို့၏ စိတ်နှလုံးများမှာမူ ထိတ်လန့်စိုးရိမ်လျက် ရှိကြကုန်၏။

أُولَٰئِكَ يُسَارِعُونَ فِي الْخَيْرَاتِ وَهُمْ لَهَا سَابِقُونَ ﴿٦١﴾

၂၃ : ၆၁ ။ ။ (၎င်း) ထိုသူတို့သည် ကောင်းမှုများကို အဆောတလျင် ကြိုးပမ်းဆောင်ရွက်ကြသည်ဖြစ်ပေရာ၊ ၎င်းတို့သည်ပင် ယင်းကောင်းမှုများ၏ အကျိုးဆက်ကို ရှေးဦးစွာ ရရှိကြမည့်သူများ ဖြစ်ကြကုန်၏။

وَلَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَا ۖ وَلَدَيْنَا كِتَابٌ يَنطِقُ بِالْحَقِّ ۚ وَهُمْ لَا يُظْلَمُونَ ﴿٦٢﴾

၂၃ : ၆၂ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် မည်သည့်တစ်ဦးတစ်ယောက်ကိုမျှ ၎င်း၏ စွမ်းရည်ထက် ပို၍ တာဝန် ထမ်းဆောင်စေတော်မူသည် မဟုတ်ပေ။ ၎င်းပြင် ငါအသျှင်မြတ်၏ ထံတော်တွင် (လူတိုင်းလူတိုင်း၏ အကြောင်းကို) တိကျမှန်ကန်စွာ ထုတ်ဖော်ပြောဆိုမည့် မှတ်တမ်းစာအုပ် တစ်အုပ် ရှိပေသည်။ သို့ရာတွင် ၎င်းတို့သည် (စိုးစဉ်းမျှပင်) မတရားနှိပ်စက်ခြင်းကို ခံကြရမည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်စင်စစ် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ရှိသေမှုကြောင့် စိုးရိမ်မကင်း ဖြစ်နေသူများဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို ယုံကြည်သူများ ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင်) အသျှင်မြတ် ပေးကမ်းထားသည်တို့အနက်မှ လှူဒါန်းသုံးစွဲကြသည်။ ထို့နောက် (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ပေးကမ်းစွန့်ကြဲ လှူဒါန်းသုံးစွဲကြသည့်တိုင်) ၎င်းတို့၏ စိတ်နှလုံးသားများသည် မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံ ပြန်သွားရမည့်အပေါ် ကြောက်ရွံ့လျက် ရှိကြသည်။ (အသျှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိပြီး 'စွာဒ်ကာဟ်' လှူဒါန်းမှုများသည် မည်သို့ ဖြစ်လာမည်နည်း။ ဤပေးကမ်းလှူဒါန်းခြင်းသည် အမိန့်တော်နှင့်အညီ မဟုတ်ဘဲ ဥပမာ- ဥစ္စာပစ္စည်းသည် 'ဟလာလ်'မဖြစ်ခြင်း၊ (သို့) 'နီယသ်' သည် အလ္လာဟ်အသျှင်မြတ်အတွက်

သက်သက် မဟုတ်ခြင်းနှင့် 'နီယသ်' တွင် စိတ်ထားဖြူစင်မှု မပြည့်ဝခြင်း၊ (သို့) ပစ္စည်းသည် 'ဟရာမ်' ဖြစ်နေသည်ကို ကျွန်ုပ်တို့ မသိရှိပါက ထိုလှူဒါန်းသုံးစွဲခြင်းအပေါ် ပြောင်းပြန်ဖြစ်၍ အရေးယူခြင်းပင် ခံရမည်ဟူ၍ စိုးရိမ်နေကြခြင်း ဖြစ်သည်။ ၎င်းတို့၌ ရှိသည့် ဂုဏ်ရည်များမှာ) ဤသူတို့သည် မိမိတို့၏ အကျိုးအမြတ်များကို အလျှင်အမြန် ရယူသူများ ဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့သည် ထိုကောင်းမှုများဘက်သို့ ဦးစွာ ရောက်ရှိကြသူများ ဖြစ်ကြသည်။ (ဤဖော်ပြပါလုပ်ရပ်များသည် ကျင့်ဆောင်ရန် ခက်ခဲသော လုပ်ရပ်များ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် မည်သူ့ကိုမျှ ၎င်းတို့၏ တတ်စွမ်းနိုင်မှုထက် ပိုသော တာဝန်ကို ပြုလုပ်ရန် မိန့်ကြားခြင်းမရှိပေ။ (ထို့ကြောင့် ဤလုပ်ရပ်အားလုံးသည် လွယ်ကူမှုရှိပြီး ထိုလုပ်ရပ်များ၏ ရလဒ်မှာ ကောင်းမွန်၍ ကောင်းသော အစားရမည်မှာ မုချပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်၏ ထံတော်တွင် စာရင်းစာအုပ် (ကောင်းမှု၊ မကောင်းမှု ကျင့်စဉ်များ ရေးသားထားသည့် မှတ်တမ်းစာအုပ်) ရှိနေပေသည်။ ထိုမှတ်တမ်းစာအုပ်သည် မှန်ကန်တိကျစွာ (အားလုံးတို့၏ အခြေအနေကို) ထုတ်ဖော်ပြသပေမည်။ ၎င်းတို့အပေါ် အနည်းငယ်မျှ မတရားပြုလုပ်မည်မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَالَّذِيْنَ يُؤْتُوْنَ مَآ اٰتَوْا وَّ قُلُوْ بُهُمْ وَجِلَةٌ

يُؤْتُوْنَ ဟူသော စာလုံးသည် اِيْتَاء ဆိုသော စာလုံးမှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ ပေးကမ်းခြင်း၊ သုံးစွဲမှုပြုခြင်းဟုဖြစ်သည်။ ထို့ကြောင့် ဤစာလုံး၏ ဖွင့်ဆိုချက်ကို 'ဇကာတ်' ဟူ၍ ဖွင့်ဆိုခြင်းဖြစ်သည်။ ဟဇရတ်အာအေရှာဟ် ؓ သခင်မထံမှ ဤစာလုံးနှင့်စပ်လျဉ်း၍ يأتو ماأتو ဟူသော 'ကိရအသ်'တစ်ခုလည်း ဆင့်ပြန်ချက် လာရှိသည်။ ဆိုလိုသည်မှာ 'အမလ်'ကျင့်ဆောင်ချက်များ ပြုမှု ကျင့်ဆောင်ကြသည်ဟု ဆိုရာ၌ 'ဇကာတ်'၊ 'နမာဇ်'၊ 'ရိဇာဟ်'နှင့် ကောင်းမှုအားလုံး ပါဝင်သည်' ဟု ဆိုလိုခြင်းဖြစ်သည်။ ကျော်ကြားသော 'ကိရအသ်'အရ ဤနေရာတွင် 'ဇကာတ်'၏ အဓိပ္ပာယ်သာ ဖြစ်သည်။ သို့သော်လည်း အလိုသဘောမှာ ကောင်းမှုအားလုံး အကျုံးဝင်သည်။ ဥပမာဆိုရလျှင် ဟဒီးစ်တော်တစ်ပါးတွင် ဟဇရတ်အာအေရှာဟ် ؓ သခင်မက မိန့်ဆိုသည်မှာ 'ကျွန်မသည် ဤအာယသ်တော်နှင့်စပ်လျဉ်း၍ တမန်တော်မြတ် ﷺ အား 'ဤကောင်းမှုများ ပြုကျင့်ပြီး ကြောက်ရွံ့စိုးရိမ်နေကြသူများမှာ အရက်သေစာ သောက်စားသူ၊ (သို့) ခိုးဝှက်သူများ ဖြစ်ကြပါသလော' ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ် ﷺ က 'အို၊ စိဒ္ဒီးက်၏ သမီး၊ ဤသို့ မဟုတ်ပါ။ ဤသူတို့သည် 'ရိဇာဟ်'များထားကြသည်။ နမာဇ်များ ဝတ်ပြုကြသည်။ 'ဇကာတ်'များလည်း ပေးလှူကြသည်။ သို့တိုင်အောင်လည်း ဤသူများသည် ကျွန်ုပ်တို့၏ ဤကျင့်စဉ်များသည် အလ္လာဟ်အသျှင်မြတ်၏ထံတော်၌ (ကျွန်ုပ်တို့၏ ချွတ်ချော်

များယွင်းမှုတစ်ခုခုကြောင့်) လက်မခံခြင်းဖြစ်မည်လော' ဟူ၍ ကြောက်ရွံ့စိုးရိမ်နေကြသူများဖြစ်သည်။ ဤသို့သော သူများသည်ပင် ကောင်းမှုလုပ်ရပ်များတွင် အလျင်အမြန်ပြုလျက် ရှေ့သို့ ကျော်လွန်ရောက်ရှိသူများဖြစ်ကြသည်' ဟု မိန့်ကြားတော်မူလေသည်။ *[အဟ်မဒ်၊ သိရ်မေဇီ၊ အိဗ်နေမာဂျာဟ်နှင့် မဇ္ဇဟရီကျမ်း။]*

ဟစန်ဗစ္စရီ (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ကောင်းမှုပြု၍ ဤမျှ ကြောက်ရွံ့စိုးရိမ်နေကြသူများကို တွေ့မြင်ဖူးသည်။ အသင်တို့မှာမူ မကောင်းမှုများ ကျူးလွန်လျက်ပင် ဤမျှ ကြောက်ရွံ့စိုးရိမ်ခြင်း မရှိကြချေ။' *[ကုရ်သုဗီကျမ်း]*

اُولٰٓئِكَ يُسَارِعُوْنَ فِى الْخَيْرٰتِ وَهُمْ لَهَا سٰبِقُوْنَ

(၄င်း) ထိုသူတို့သည် ကောင်းမှုများကို အဆောတလျင် ကြိုးပမ်းဆောင်ရွက်ကြသည် ဖြစ်ပေရာ၊ ၄င်းတို့သည်ပင် ယင်းကောင်းမှုများ၏ အကျိုးဆက်ကို ရှေးဦးစွာ ရရှိကြမည့်သူများဖြစ်ကြကုန်၏။ *[၂၃ : ၆၁]*

'ကောင်းမှုများ၌ အလျင်အမြန်ပြုခြင်း' ဆိုသည်မှာ လူအများစုတို့သည် လောကီရေးအကျိုးအမြတ်များနောက်သို့ လိုက်ကြပြီး လောကီရေးတွင် အခြားသူများထက် ရှေ့သို့ သာလွန်ရန်သာ သောကဖြစ်ကြသည်။ ဤပုဂ္ဂိုလ်များမှာမူ သာသနာရေးရာ အကျိုးအမြတ်များတွင် ဤကဲ့သို့ ကျင့်ဆောင်ကြသည့်အတွက် ၄င်းတို့သည် သာသနာရေးကိစ္စများတွင် အခြားသူများထက် ရှေ့သို့ ကျော်လွန်လျက် ရှိကြပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

بَلْ قُلُوْبُهُمْ فِىْ غَمْرَةٍ مِّنْ هٰذَا وَلَهُمْ اَعْمَالٌ مِّنْ دُوْنِ ذٰلِكَ هُمْ لَهَا عٰمِلُوْنَ ۝٦٣

၂၃ : ၆၃ ။ ။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာ ၄င်းတို့၏ စိတ်နှလုံးများသည် ဤအချက်နှင့် စပ်လျဉ်း၍ မေ့လျက်ရှိပြီး မသိမိုက်မဲမှု၌ပင် ရှိနေကြပေသည်။ ထို့ပြင် ၄င်းတို့၌ ၄င်းတို့ လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြကုန်သော အခြားဆောင်ရွက်ချက်များလည်း ရှိကြသေးရာ၊ ၄င်းတို့သည် ယင်းကိစ္စများ၌ ဆက်လက်လုပ်ဆောင်လျက် ရှိကြပေမည်။

حَتّٰٓى اِذَآ اَخَذْنَا مُتْرَفِيْهِمْ بِالْعَذَابِ اِذَا هُمْ يَجْئَرُوْنَ ۝٦٤

၂၃ : ၆၄ ။ ။ နောက်ဆုံးတွင် ငါအသျှင်မြတ်သည် ၄င်းတို့အနက်မှ စည်းစိမ်ရှင်တို့အား ပြစ်ဒဏ်ဖြင့် ဖမ်းဆီးအရေးယူတော်မူသောအခါ ၄င်းတို့သည် ရုတ်တရက် အော်ဟစ်ငိုကြွေးကြပေမည်။

لَا تَجْئَرُوا الْيَوْمَ اِنَّكُمْ مِّنَّا لَا تُنْصَرُوْنَ ۝٦٥

၂၃ : ၆၅ ။ ။ (ထိုအခါ ၄င်းတို့သည် ငါအသျှင်မြတ်ထံတော်မှ) အသင်တို့သည် (ဤနေ့တွင်) အော်ဟစ်ငိုကြွေးခြင်းကို မပြုလုပ်ကြကုန်လင့်။ အကြောင်းမှာ (ယနေ့ပင်) 'အသင်တို့သည် ငါအသျှင်မြတ်၏ ထံတော်မှ (မည်သို့မျှ) ကူညီစောင်မတော်မူခြင်းကို ခံကြရမည်မဟုတ်ပြီ' (ဟု အဖြေရရှိကြရမည် ဖြစ်၏။)

قَدْ كَانَتْ ءَايَٰتِى تُتْلَىٰ عَلَيْكُمْ فَكُنتُمْ عَلَىٰٓ أَعْقَٰبِكُمْ تَنكِصُونَ ﴿٦٦﴾

၂၃ : ၆၆ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်၏ အာယသ်တော်များသည် အသင်တို့ရှေ့ဝယ် ဖတ်ကြားခြင်းကို ခံခဲ့ကြရလေသည်။ ထိုအခါ အသင်တို့သည် မိမိတို့၏ ခြေဖနောင့်များဘက်သို့ (နောက်သို့) ပြန်လှည့်၍ ထွက်ပြေးလေ့ ရှိခဲ့ကြလေသည်။

مُسْتَكْبِرِينَ بِهِۦ سَٰمِرًا تَهْجُرُونَ ﴿٦٧﴾

၂၃ : ၆၇ ။ ။ မထီလေးစား ပြုလုပ်လျက် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) နှင့် စပ်လျဉ်း၍ ညဥ့်အချိန်များတွင် (၎င်းတို့သည်) အကြောင်းမဲ့ အချည်းနှီးသော စကားများကို ပြောဆိုကြလျက် (ရှိခဲ့ကြကုန်၏။)

أَفَلَمْ يَدَّبَّرُوا۟ ٱلْقَوْلَ أَمْ جَآءَهُم مَّا لَمْ يَأْتِ ءَابَآءَهُمُ ٱلْأَوَّلِينَ ﴿٦٨﴾

၂၃ : ၆၈ ။ ။ သို့ပါလျက် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ (ဤ) အာယသ်တော် (များ) ကို နက်နဲစွာ ဆင်ခြင်သုံးသပ်ခြင်း မပြုခဲ့ကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့၏ ရှေးဟောင်း၊ (လူကြီးများ) ဖြစ်ကြသော အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့ထံ ရောက်ရှိမလာခဲ့ဘူးသော အရာသည် (ယခု) ၎င်းတို့ထံ ရောက်ရှိလာခဲ့လေသလော။

أَمْ لَمْ يَعْرِفُوا۟ رَسُولَهُمْ فَهُمْ لَهُۥ مُنكِرُونَ ﴿٦٩﴾

၂၃ : ၆၉ ။ ။ သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့ (ထံ ပွင့်ရောက်လာသော) ရစူလ်တမန်တော်အား မသိခဲ့ကြသောကြောင့်၊ ထိုရစူလ်တမန်တော်အား ငြင်းပယ်ခဲ့ကြလေသလော။

أَمْ يَقُولُونَ بِهِۦ جِنَّةٌۢ ۚ بَلْ جَآءَهُم بِٱلْحَقِّ وَأَكْثَرُهُمْ لِلْحَقِّ كَٰرِهُونَ ﴿٧٠﴾

၂၃ : ၇၀ ။ ။ သို့တည်းမဟုတ် ၎င်းတို့သည် ထိုရစူလ်တမန်တော်၌ ရူးသွပ်ခြင်းဝေဒနာ ရှိနေသည်ဟု ပြောဆိုကြလေသလော။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာ ထိုရစူလ်တမန်တော်သည် ၎င်းတို့ထံ အမှန်တရားကို ဆောင်ယူခဲ့လေသည်။ သို့ရာတွင် ၎င်းတို့အနက် အများစုမှာမူ အမှန်တရားကို စက်ဆုပ်သူများပင် ဖြစ်ကြကုန်၏။

وَلَوِ ٱتَّبَعَ ٱلْحَقُّ أَهْوَآءَهُمْ
لَفَسَدَتِ ٱلسَّمَٰوَٰتُ وَٱلْأَرْضُ وَمَن فِيهِنَّ ۚ بَلْ أَتَيْنَٰهُم بِذِكْرِهِمْ فَهُمْ
عَن ذِكْرِهِم مُّعْرِضُونَ ﴿٧١﴾

၂၃ : ၇၁ ။ ။ စင်စစ် အကယ်၍သာ အမှန်တရား (အလ္လာဟ်အသျှင်မြတ်သည်) ၎င်းတို့၏ အလိုဆန္ဒများကို လိုက်နာခဲ့ပါလျှင် မိုးကောင်းကင်များနှင့် ပထဝီမြေသည်လည်းကောင်း၊ ယင်းမိုးကောင်းကင်နှင့် ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊

အမှန်ပင် ပျက်စီးသွားခဲ့ကြမည်သာ (ဖြစ်၏။) ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့ထံသို့ (၎င်းတို့၏ အကျိုးငှာ) အဆုံးအမတရားကို ထုတ်ပြန်ပို့ဆောင်တော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့သည် မိမိတို့အဖို့ဖြစ်သော အဆုံးအမတရားကိုပင် မျက်နှာလွဲခဲ့ကြကုန်၏။

أَمْ تَسْأَلُهُمْ خَرْجًا فَخَرَاجُ رَبِّكَ خَيْرٌ ۖ وَهُوَ خَيْرُ الرَّازِقِينَ ﴿٧٢﴾

၂၃ : ၇၂ ။ ။ သို့တည်းမဟုတ် အသင်သည် ၎င်းတို့ထံမှ တစ်စုံတစ်ရာ အခကြေးငွေကို တောင်းဆိုလေသလော။ (ထိုသို့လည်း အလျှဉ်းမဟုတ်။ အဘယ်ကြောင့်ဆိုသော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ အခကြေးငွေသည် အကောင်းဆုံးပင် (ဖြစ်၏။) စင်စစ် ထိုအသျှင်မြတ်သည် ရိဇ္ဇာပေးသူတို့အနက် အကောင်းဆုံးသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَإِنَّكَ لَتَدْعُوهُمْ إِلَىٰ صِرَاطٍ مُّسْتَقِيمٍ ﴿٧٣﴾

၂၃ : ၇၃ ။ ။ ဧကန်စင်စစ် အသင်တို့သည် ၎င်းတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းမှန်သို့ အမှန်ပင် ဖိတ်ခေါ်လျက် ရှိပေသည်။

وَإِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ عَنِ الصِّرَاطِ لَنَاكِبُونَ ﴿٧٤﴾

၂၃ : ၇၄ ။ ။ သို့ရာတွင် တမလွန်ဘဝကို မယုံကြည်သော သူတို့မှာမူ ထို (ဖြောင့်မတ်မှန်ကန်သော) တရားလမ်းမှန်မှ မုချ သွေဖည်လွဲဖယ်လျက် ရှိသူများပင် ဖြစ်ကြကုန်၏။

وَلَوْ رَحِمْنَاهُمْ وَكَشَفْنَا مَا بِهِم مِّن ضُرٍّ لَّلَجُّوا فِي طُغْيَانِهِمْ يَعْمَهُونَ ﴿٧٥﴾

၂၃ : ၇၅ ။ ။ စင်စစ် ငါအသျှင်မြတ်သည် အကယ်၍ ၎င်းသူတို့အပေါ်၌ သနားကရုဏာ ပြုတော်မူခဲ့သော်၊ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းသူတို့၌ သက်ရောက်နေသော ဘေးဒုက္ခကို ပပျောက်စေတော်မူခဲ့သော်၊ ၎င်းတို့သည် မိမိတို့၏ လမ်းမှားမှု၌ပင် တဝဲလည်လည် ဖြစ်ကြလျက် ခေါင်းမာမြဲ မာနေကြမည်သာ (ဖြစ်၏။)

وَلَقَدْ أَخَذْنَاهُم بِالْعَذَابِ فَمَا اسْتَكَانُوا لِرَبِّهِمْ وَمَا يَتَضَرَّعُونَ ﴿٧٦﴾

၂၃ : ၇၆ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုသူတို့အား ပြစ်ဒဏ်ဖြင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့လေသည်။ သို့တစေလည်း ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ကျိုးနွံ နိမ့်ကျလာခဲ့ကြသည်လည်း မရှိပေ။ တိုလျှိုးတောင်းပန် အသနားခံခဲ့ကြသည်လည်း မရှိချေ။

حَتَّىٰ إِذَا فَتَحْنَا عَلَيْهِم بَابًا ذَا عَذَابٍ شَدِيدٍ إِذَا هُمْ فِيهِ مُبْلِسُونَ ﴿٧٧﴾

၂၃ : ၇၇ ။ ။ နောက်ဆုံးတွင် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်တွင် ပြင်းထန်လှသော ပြစ်ဒဏ်တစ်ခုခု၏ တံခါးကို ဖွင့်လှစ်တော်မူခဲ့ပါလျှင် ထိုအခါ၌ ၎င်းတို့သည် ရုတ်တရက် မျှော်လင့်ချက် လုံးဝ ကင်းမဲ့သွားကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤအထက်တွင် မုအ်မင်န်တို့၏ အခြေအနေများကို တင်ပြခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ကာဖိရ်တို့၏ အခြေအနေမှာ ဤသို့ မဟုတ်ပေ။) ထိုမျှမက (ဆန့်ကျင်ဘက်ဖြစ်သည့်) ၎င်းတို့၏ စိတ်နှလုံးသားများတွင် ထိုသာသနာနှင့် စပ်လျဉ်း၍ (بِاٰيٰتِ رَبِّهِمْ အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို ယုံကြည်ကြသည်ဟူသော အကြောင်းမှ) အသိမဲ့ခြင်း (နှင့် သံသယဖြစ်ခြင်းတို့) တွင် (နစ်မွန်းလျက်) ရှိကြပေသည်။ (၎င်းတို့၏ အခြေအနေကို အထက်၌လည်း (فذرهم في غمرتهم တွင် သိရှိခဲ့ပြီး ဖြစ်သည်။) ထို (အသိမဲ့ခြင်းနှင့် ငြင်းဆိုခြင်းများ) အပြင် ထိုသူတို့၏ အခြားသော (မကောင်းမှု) လုပ်ရပ်များလည်း ရှိပေသည်။ ထိုအလုပ်များကို (၎င်းတို့သည် တစိုက်မတ်မတ်) ပြုလုပ်လျက် ရှိကြပေသည်။ (၎င်းတို့သည် ရှရစ်ကနှင့် မကောင်းသော လုပ်ရပ်များကို စွဲမြဲစွာ ပြုလုပ်သော အကျင့်ဖြစ်သွားပေမည်။) နောက်ဆုံးတွင် ငါအသျှင်မြတ်သည် ၎င်းတို့အနက်မှ စည်းစိမ်ရှင်တို့အား (၎င်းတို့တွင် ဥစ္စာပစ္စည်းများနှင့် အစေခံ၊ အလုပ်သမား စသည်များ ရှိသည်။) 'အဇာဗ်'အပြစ်ဒဏ်ဖြင့် (သေဆုံးပြီးနောက်) ဖမ်းဆီးအရေးယူတော်မူလိမ့်မည်။ (ဆင်းရဲနွမ်းပါးသူများ၏ အရေအတွက် မည်မျှရှိမည်နည်း။ ၎င်းတို့အဖို့ 'အဇာဗ်'မှ လွတ်ကင်းရန် မည်သို့ တတ်စွမ်းနိုင်ပါမည်နည်း။ အချုပ်မှာ ၎င်းတို့အားလုံးအပေါ် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ပေလိမ့်မည်။)

ထိုအခါ ရုတ်တရက် (၎င်းတိုသည်) အော်ဟစ်ငိုကြွေးကြပေလိမ့်မည်။ (ငြင်းပယ်၍ မောက်မာပလွှားခဲ့သူအားလုံး၏ အကျင့်စရိုက်များ ပပျောက်သွားပေလိမ့်မည်။ ထိုအခါ ၎င်းတို့အား မိန့်ဆိုပြောကြားမည်မှာ) ယခုမူ ဟာစ်အော်ငိုကြွေးခြင်း မပြုကြလေနှင့်။ (မည်သို့မျှ အကျိုးမထူးတော့ပေ။ အကြောင်းမှာ) ယနေ့ အသင်တို့ သည် ငါအသျှင်မြတ်ထံတော်မှ အသင်တို့အဖို့ မည်သည့်ကူညီစောင်မမှုမျှ ရရှိလိမ့်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဤနေရာသည် دار الجزاء (အကျိုးအစားပေးသည့်နေရာ) ဖြစ်၍ دار العمل 'ဒါရွလ်အမလ်' ('အမလ်'ကျင့်ဆောင်မှု ပြုသည့်နေရာ) မဟုတ်သောကြောင့်ပင် ဖြစ်သည်။ ဤနေရာတွင် 'ဒါရွလ်အမလ်' ('အမလ်'ကျင့်ဆောင်မှုပြုသည့် နေရာ) ကဲ့သို့ ဟာစ်အော်ငိုကြွေးခြင်း၊ ကျိုးငှဲ့နှိမ့်ချခြင်း အကျိုးမရှိနိုင်ပေ။ ဤနေရာတွင် အသင်တို့ ကြုံတွေ့ရမည့် အခြေအနေမှာ) စင်စစ်မှုချ ငါအသျှင်မြတ်၏ အာယသ်တော်သည် အသင်တို့အား ဖတ်ကြားပြသခြင်းကို (ရစူလ်၏ နှုတ်တော်ဖြင့်) ခံခဲ့ရလေပြီ။ ထိုအခါ အသင်တို့သည် မာနထောင်လွှားခြင်းဖြင့်လည်းကောင်း၊ ကုရ်အာန်အား လှောင်ပြောင်ပျက်ရယ်မှုပြုခြင်းဖြင့်လည်းကောင်း၊ (ထိုကုရ်အာန်၏ ကြီးကျယ်မြင့်မြတ်ခြင်းတို့တွင်) အကျိုးမဲ့ အချည်းနှီးဖြစ်သော စကားများ ပြောဆိုခြင်းဖြင့်လည်းကောင်း၊ အနောက်သို့ ပြန်လှည့်ထွက်ပြေးလေ့ ရှိခဲ့ကြသည်။ (ကုရ်အာန်အား အချို့က ကဗျာ၊ လင်္ကာဟုလည်းကောင်း၊ အချို့က ပယောဂ မှော်ပညာဟုလည်းကောင်း ပြောဆိုလေ့ ရှိခဲ့ကြသည်။ လှောင်ပြောင်ပျက်ရယ်ပြုခြင်း ဆိုသည်မှာလည်း ဤသဘောပင် ဖြစ်သည်။

သို့ရှိရာ အသင်တို့သည် دار العمل 'ဒါရုလ်အမလ်' ('အမလ်'ကျင့်ဆောင်မှုပြုသည့်နေရာ) တွင် ပြုလုပ် ကျင့်ဆောင်ခဲ့သည့်အတိုင်း دار الجزاء 'ဒါရုလ်ဂျဇာ' (အကျိုးအစားပေးသည့်) နေရာတွင် ခံစားပေတော့ဟု ဆိုလိုခြင်း ဖြစ်သည်။ ကုရ်အာန်နှင့် ကုရ်အာန်ကျမ်းကို ယူဆောင်လာသူအား မဟုတ်မမှန် ငြင်းဆိုဆန့်ကျင်မှုပြုလျက် ရှိနေခဲ့ကြသည့် အကြောင်းမှာ အဘယ်ကြောင့်ပါနည်း။) ၎င်းတို့သည် (အသျှင်မြတ်၏ ဤ) ကုရ်အာန်ကျမ်းတော်တွင် နက်နဲစွာ စဉ်းစားဆင်ခြင်ခြင်း မပြုကြလေသလော။ (ထိုသို့ နက်နဲစွာ စဉ်းစားဆင်ခြင်ခြင်းဖြင့် ထိုကျမ်းမြတ်၏ 'မုအ်ဂျိဇာဟ်' တန်ခိုးတော်များ ပေါ်လွင်လာပြီး ထိုကျမ်းအပေါ် ၎င်းတို့ အီမာန်သက်ဝင် ယုံကြည်လာစေရန် ဖြစ်သည်။) သို့တည်းမဟုတ် (မဟုတ်မမှန်ဟု ငြင်းဆိုရသည့် အကြောင်းမှာ) ၎င်းတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့ထံ ရောက်ရှိမလာဖူးခဲ့သည့် အရာသည် ၎င်းတို့ထံသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသလော။ (အသျှင်မြတ်၏ အမိန့်တော်များ ကျရောက်ခြင်းကို ဆိုလိုသည်။ ဤသည်မှာ အသစ်အဆန်း မဟုတ်ပေ။ အမြဲတစေ နဗီတမန်တော်တို့၏ အကြောင်းခံဖြင့် ၎င်းတို့၏ အွမ္မသ်များထံသို့ ဤအမိန့်တော်များ ပို့ချပေးလေ့ ရှိခဲ့သည်။ သို့ရှိရာ ဤမဟုတ်မမှန်ဟု ငြင်းပယ်ခြင်းသည်လည်း မှားယွင်းခဲ့လေသည်။ ဤငြင်းဆိုသည့် အကြောင်းခံနှစ်ခုတို့သည် ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ ဖြစ်သည်။ ရှေ့ဖြ ကုရ်အာန်ကျမ်းတော်မြတ်ကို သယ်ဆောင်လာသူနှင့် စပ်လျဉ်း၍ မိန့်ကြားထားသည်မှာ) သို့တည်းမဟုတ် (ငြင်းဆိုရသည့် အကြောင်းမှာ) ဤသူတို့သည် မိမိတို့၏ ရစူလ်တမန်တော် (၏ သာသနာရေး၊ ဂုဏ်ရည်တော်များ မှန်ကန်မှုနှင့် သစ္စာရှိခြင်းတို့) ကို မသိ၍ ၎င်းတို့သည် ထိုရစူလ်တမန်တော်အား ငြင်းပယ်ခြင်း ဖြစ်ပါသလော။ (ဤငြင်းပယ်ခြင်းသည်လည်း မှားယွင်းသည့် အကြောင်းမှာ ကိုယ်တော်မြတ် ﷺ ၏ မှန်ကန်မှုနှင့် သစ္စာရှိမှုတို့သည် အားလုံးတို့ထံတွင် တစ်ညီတစ်ညွတ်တည်း လက်ခံသောကြောင့် ဖြစ်သည်။)

သို့တည်းမဟုတ် (အကြောင်းတစ်ခုမှာ) ဤသူတို့သည် ရစူလ်တမန်တော်မြတ်အား ရူးသွပ်သူဟု ပြောဆိုကြလေသလော။ (ကိုယ်တော်မြတ် ﷺ သည် အမြင့်မားဆုံး အသိဉာဏ်ရှိသူ ဖြစ်သည်မှာ ထင်ရှားပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ မည်သည့်အကြောင်းပြချက်မှ လက်ခံနိုင်စရာ မရှိပေ။) ထိုမျှမက (အဓိကအကြောင်းမှာ) စင်စစ် ထိုရစူလ်တမန်တော်သည် ၎င်းတို့ထံသို့ အမှန်တရားကို ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့အနက် အများစုတို့မှာ အမှန်တရားကို လက်မခံလိုသောကြောင့်သာ ဖြစ်သည်။ ၎င်းတို့သည် ဤမှန်ကန်သည့် သာသနာအပေါ် လိုက်နာရန် မဆိုထားနှင့်။ ထိုမှန်ကန်သည့် သာသနာသည် ၎င်းတို့၏ အတွေးအခေါ်များ၏ နောက်လိုက်မှုပြုရန်နှင့် ၎င်းတို့နှင့် ဆန့်ကျင်ခြားနားမှုရှိသော ကုရ်အာန်ပါ အကြောင်းအရာများကို ထုတ်ပစ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ ပြုရန် လိုလားကြသူများ ဖြစ်ကြသည်။

قال الذين لا يرجون لقا ئنا ئت بقراٰنٍ غير هٰذ ا او بدّله

ဟူ၍ 'ယူနုစ်'ရာဟ်ယူနုတ်စ်'၌ လာရှိသကဲ့သို့ဖြစ်သည်။) ထို့ပြင် အကယ်၍သာ မှန်ကန်သော သာသနာသည် ၎င်းတို့၏ လိုအင်ဆန္ဒများကို လိုက်နာခဲ့ပါလျှင် (ကမ္ဘာလောကအပေါင်းတွင် ကုဖ္ဖရ်နှင့် ရှရစ်က်

လုပ်ရပ်တို့သည် ပြန့်နှံ့သွားပြီး ထိုဖြစ်ရပ်ကြောင့် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်သည် ကမ္ဘာလောက အပေါင်းတို့အပေါ် လှည့်လာပေလိမ့်မည်။ ထိုသို့ ဖြစ်ရန် အကြောင်းခံမှာ) မိုးကောင်းကင်များနှင့် မြေပထဝီများသည်လည်းကောင်း၊ ထိုမိုးကောင်းကင်နှင့် မြေပထဝီအတွင်း၌ ရှိသူတို့သည်လည်းကောင်း ပျက်စီးသွားကြမည်သာ ဖြစ်သည်။ ('ကေယာမသ်'နေ့တွင် လူသားတို့၏ လမ်းမှားမှုများစွာ ဖြစ်ကြခြင်းကြောင့် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်သည်လည်း အားလုံးအပေါ် ကျရောက်လာပေမည်။ အသျှင်မြတ်၏ အမျက်တော် ကျရောက်ခြင်းသည် ပျက်စီးရခြင်း၏ အကြောင်းခံ ဖြစ်ပေမည်။ ပထမဦးစွာ အလုပ်တစ်ခုသည် အမှန်တရားဖြစ်ရန် လိုအပ်သည်။ ထိုအမှန်တရားကို လက်မခံခြင်းသည်ပင် အပြစ်ဖြစ်ပေသည်။ သို့ရာတွင် ထိုသူများတွင် ဤအပြစ်တစ်မျိုးတည်းသာ မဟုတ်ပါချေ။ ၎င်းတို့သည်ကား အမှန်တရားကို စက်ဆုပ်သူများ ဖြစ်ကြသည်။) ထို့မှုမက (ထို့အပြစ်ထက် ကျော်လွန်၍ အခြားသော အပြစ်ဒုစရိုက်လည်း ရှိပေသည်။ ၎င်းတို့အဖို့ အကျိုးဖြစ်ထွန်းစေမည့် အရာဖြစ်သော အမှန်တရားကို လိုက်နာခြင်းမှ ကျောခိုင်းထွက်ပြေးကြသူများ ဖြစ်ကြသည်။) ငါအသျှင်မြတ်သည် ၎င်းတို့ထံသို့ (၎င်းတို့အဖို့ အကျိုးဖြစ်ထွန်းစေမည့်) အဆုံးအမ ဩဝါဒတရားကို ပို့ချပေးတော်မူခဲ့သည်။ သို့ပါလျက် ၎င်းတို့သည် မိမိတို့အဖို့ဖြစ်သော အဆုံးအမ ဩဝါဒတရားများကိုပင် မျက်နှာလွှဲဖယ်ခဲ့ကြလေသည်။ သို့တည်းမဟုတ် (ဖော်ပြပါအကြောင်းတရားများအပြင် ၎င်းတို့ ငြင်းဆိုရသည့် အကြောင်းမှာ ၎င်းတို့အဖို့ ဒွိဟသံသယဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုသံသယမှာ) အသင်သည် ၎င်းတို့ထံမှ အခကြေးငွေတစ်စုံတစ်ရာ ရယူလိုခြင်းဖြစ်ပါသလောဟုဆိုလျှင် (ဤသည်လည်း မှားယွင်းသည့်အကြောင်းမှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ အခကြေးငွေသည် အကောင်းဆုံးပင်ဖြစ်သည်။ စင်စစ် ထိုအသျှင်မြတ်သည် ပေးကမ်းချီးမြှင့်သူတို့အနက် အကောင်းဆုံးဖြစ်တော်မူသည် (ကို အသင်သိရှိသောကြောင့် ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်သည် လူတို့ထံမှ အဘယ်သို့ တောင်းခံပါမည်နည်း။)

ထို့ပြင် (၎င်းတို့၏ အခြေအနေကို အကျဉ်းချုံးဖော်ပြရပါလျှင်) ဧကန်စင်စစ် အသင်သည် ၎င်းတို့အား လမ်းမှန်တရားဘက်သို့ ဖိတ်ခေါ်လျက် ရှိပေသည်။ တမလွန်အား မယုံကြည်သူတို့၏ အခြေအနေမှာမူ ထို (ဖြောင့်မတ်မှန်ကန်သည့်) လမ်းမှ မုချ သွေဖည်သွားကြပေသည်။ (ဆိုလိုသည်မှာ အမှန်တရားဖြစ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းနှင့် အကျိုးဖြစ်ထွန်းစေခြင်းတို့၏ တောင်းဆိုချက်သည် အီမာန်၏ ပေါင်းစုရာဖြစ်သည်။ အဟန့်အတားဖြစ်စေနိုင် သော အကြောင်းအရာများမှာမူ မည်သို့မျှ အခြေအမြစ်မရှိပေ။ တစ်ဖန် အီမာန်သက်ဝင်မှု မပြုခြင်းသည် အဆိုးဆုံး အသိတရားခေါင်းပါးခြင်းနှင့် လမ်းမှားခြင်းအဆင့်ပင် ဖြစ်သည်) ထို့အပြင် (၎င်းတို့၏ စိတ်နှလုံးသား ခက်ထန်မာကျောခြင်းနှင့် အမိန့်ဖီဆန်ခြင်းတို့မှာ ၎င်းတို့သည် ရှရီအသ်တရားတော်၏ အာယသ်တော်များအားဖြင့် စူးရှသက်ရောက်ခြင်း မရှိသကဲ့သို့ 'အဇားဗ်'အပြစ်ဒဏ်ဆိုင်ရာ အာယသ်တော်များအားဖြင့်လည်း စူးရှသက်ရောက်ခြင်း မရှိကြပေ။ ဒုက္ခရောက်သည့်အခါ သဘာဝအလျောက် ငါအသျှင်မြတ်အား ခေါ်ဝေါ်တသခြင်းလည်းပြုကြသည်။ သို့ရာတွင် ဤသည်မှာလည်း လှည့်စားမှုတစ်ရပ်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ) အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အပေါ် ကရုဏာပြုတော်

မှုပြီး ၎င်းတို့အပေါ် ကျရောက်နေသော ဘေးဒုက္ခကို ပပျောက်စေတော်မူခဲ့ပါလျှင်လည်း ထိုသူတို့သည် (တစ်ဖန်ပြန်၍) မိမိတို့၏ လမ်းမှားခြင်း၌ပင် တဝဲလည်လည် ဖြစ်ကြလျက် ခေါင်းမာမြဲ မာနေကြမည်သာ ဖြစ်သည်။ (ဒုက္ခနှင့် ကြုံတွေ့ရစဉ်က ဝန်ခံပြောဆိုခဲ့သည့် ကတိစကားများအားလုံး ပျောက်ဆုံးသွားကြပေလိမ့်မည်။ ထို့ကြောင့် အသျှင်မြတ်က

اذا مس الانسان الضرّ دعانا

ဟုလည်းကောင်း၊ اذا ركبوا فى الفلك ဟုလည်းကောင်း မိန့်ကြားတော်မူထားသည်။ ထို့နောက် မလွဲဧကန် (တစ်ခါတစ်ရံ) ငါအသျှင်မြတ်သည် ၎င်းတို့အား အပြစ်ဒဏ်ဖြင့် ဖမ်းဆီးတော်မူခြင်းလည်း ပြုခဲ့သည်။ ထိုအခါ ၎င်းတို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော် မှောက်တွင် (ပြည့်ဝသော ပုံစံဖြင့်) ကျိုးနွံနှိမ့်ချခြင်း ပြုသည်လည်း မရှိ။ တိုလျှိုးတောင်းပန်မှုလည်း မပြုကြပေ။ (ကိုယ်တော်မြတ် ﷺ ၏ ကျိန်စာဖြင့် မက္ကာဟ်မြို့၌ ဖြစ်ပေါ်ခဲ့သော 'အဇားဗ်' ဟုပင် ဆိုနိုင်သည့် ပြင်းထန်သော ဘေးဒုက္ခများ ကြုံတွေ့ရသည့် အချိန်တွင်ပင် ၎င်းတို့သည် ကျိုးနွံခြင်းကို မပြုခဲ့ကြပေ။ သို့ဖြစ်ပေရာ ဒုက္ခများမှ ဝေးကွာပြီးနောက် ကျိုးနွံမှုပြုရန်ဆိုသည်မှာ ပို၍ပင် မဖြစ်နိုင်တော့ပါချေ။ သို့ရာတွင် ၎င်းတို့၏ အလေးမမူခြင်းနှင့် ကြံစည်မှုအားလုံးတို့သည် သတ်မှတ်ကာလတစ်ခုအထိသာ ဖြစ်သည်။) နောက်ဆုံးတွင် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြင်းထန်သော 'အဇားဗ်'အပြစ်ဒဏ်၏ တံခါးကို ဖွင့်လှစ်ပေးတော်မူလိုက်ပါလျှင် (ထို 'အဇားဗ်'သည် ခံစားနိုင်ရန် အင်အားနှင့် မမျှသော 'အဇားဗ်' ဖြစ်ပေလိမ့်မည်။ လောက၌ပင် အကွယ်မှ ဘေးဘယာ ဒုက္ခများ ကျရောက်ခြင်းဖြင့်ဖြစ်စေ၊ (သို့) သေပြီးနောက်ဖြစ်စေ မုချ ရင်ဆိုင်ကြုံတွေ့ရပေမည်။) သို့ဖြစ်ပေရာ ထိုအချိန်တွင် ၎င်းတို့သည် အံ့သြတုန်လှုပ် ချောက်ခြားကာ မျှော်လင့်ချက် လုံးဝကင်းမဲ့သွားကြပေမည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

'ဂမ်းရဟ်'ဟူသော စာလုံးသည် လူနစ်မြုပ်သွားပြီး ထိုအတွင်း၌ ဝင်ရောက်လာသူကို မိမိအတွင်း၌ ဖုံးအုပ်လိုက်သည့် နက်ရှိုင်းသော ရေကို ခေါ်ဆိုသည်။ ထို့ကြောင့် 'ဂမ်းရဟ်'ဟူသော စာလုံးသည် ဖုံးအုပ်သော အကာအကွယ်ပြုသော အရာအတွက်လည်း သုံးနှုန်းခြင်းဖြစ်သည်။ ဤနေရာတွင် ၎င်းတို့၏ စိတ်နှလုံးသားအတွင်း၌ လျှို့ဝှက်ဖုံးအုပ်ထားပြီး မည်သည့်ဘက်ကမှ ၎င်းတို့ထံသို့ အလင်းရောင် မရောက်ရှိနိုင်သော မှရ်ရစ်က်တို့၏ အသိတရားခေါင်းပါးမှုကို ဆိုလိုသည်။

وَلَهُمْ اَعْمَالٌ مِّنْ دُوْنِ ذٰلِكَ

၎င်းတို့၏ လမ်းမှားခြင်းအတွက် မေ့လျော့စေပြီး အကာအကွယ်ဖြစ်သော ရှရစ်က်နှင့် ကုဖ္ဖရ်ပင် လုံလောက်ပေသည်။ သို့ရာတွင် ၎င်းတို့သည် ဤမျှနှင့် မပြီးကြဘဲ ထိုလုပ်ရပ်များနှင့်အတူ အခြားသော ဆိုးယုတ်သည့် လုပ်ရပ်များကိုလည်း အဆက်မပြတ် ပြုလျက်ရှိကြသည်။

مُتْرَفِيهِمْ ဟူသော စာလုံးသည် مُتْرَف နှင့် تَرَف စာလုံးတို့မှ ဆင်းသက်လာသည့်စာလုံး ဖြစ်သည်။ အဓိပ္ပာယ်မှာ 'စည်းစိမ်ဥစ္စာများဖြင့် တင့်တယ်စွာရှိခြင်းနှင့် ကောင်းမွန်သည့် အခြေအနေ၌ ရှိခြင်းတို့ ဖြစ်သည်။ ဤနေရာတွင် ထိုအမျိုးသားများအား 'အဇားဗ်'အပြစ်ဒဏ်ဖြင့် ဖမ်းကိုင်ခြင်းဟု တင်ပြရာ၌ အားလုံး ပါဝင်ပေမည်။ သို့ရာတွင် ချမ်းသာကြွယ်ဝသူ စည်းစိမ်ရှင်များကို အထူးတင်ပြရခြင်းမှာ ဤသူတို့သည် လောကီရေး ဘေးအန္တရာယ်များမှ မိမိတို့ လွတ်မြောက်နိုင်ရန်ဟူ၍ ကာကွယ်မှုများ ပြင်ဆင်ထားလေ့ ရှိကြသောကြောင့် ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'အဇားဗ်' အပြစ်ဒဏ် ကျရောက်လာသောအခါ ၎င်းတို့သည် မည်သို့မှ ပြုနိုင်စွမ်း မရှိကြတော့ချေ။ ဤအာယသ်တော်တွင် ၎င်းတို့အပေါ် ကျရောက်လာမည့် 'အဇားဗ်'နှင့် စပ်လျဉ်း၍ တင်ပြထားသည်ကို ဟဇရသ်အိဗ်နေ အဗ္ဗားစ် ﵄ သခင်က မိန့်ဆိုသည်မှာ 'ဤ 'အဇားဗ်'၏ အလိုသဘောမှာ 'ဗဒရ်'စစ်ပွဲတွင် မွတ်စ္စလင်မ်တို့၏ ဓါးများဖြင့် ၎င်းတို့၏ အကြီးအကဲခေါင်းဆောင်များကို ကျဆုံးစေခဲ့ခြင်းကို ဆိုလိုသည်။ အချို့ပညာရှင်များက ဤ 'အဇားဗ်'၏ အလိုသဘောမှာ 'ကပ်ဆိုက်ခြင်း အဇားဗ်' ဖြစ်သည်။ ထိုကပ်ဆိုက်ခြင်းသည် တမန်တော်မြတ် ﷺ ၏ ကျိန်စာဖြင့် မက္ကာဟ်သားတို့အပေါ်တွင် ကျရောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထိုကပ်ဆိုက်ခြင်းကာလတွင် ၎င်းတို့သည် တိရစ္ဆာန်အသေကောင်များ၊ ခွေးများနှင့် အရိုးများကို စားရသည်အထိ ဖြစ်ခဲ့ကြသည်။ ကိုယ်တော်မြတ် ﷺ သည် ကာဖိရ်များအတွက် ကျိန်စာကို အကြိမ်ပေါင်း အလွန်နည်းပါးစွာ ပြုခဲ့တော်မူပေသည်။ ၎င်းတို့၏ ညှဉ်းပန်းနှိပ်စက်မှုများသည် မွတ်စ္စလင်မ်များအပေါ်၌ အလွန်ပင် များစွာ ပြုခဲ့ခြင်းကြောင့်သာ ဤသို့ ကျိန်စာပြုခဲ့ရခြင်းဖြစ်သည်။ ထို 'ဗဒ်ဒုအာ'ကျိန်စာမှာ-

اَللّٰهم اشد د وطأ تك على مضروا جعلها عليهم سنين كسنى يوسف

ဟူ၍ ဖြစ်သည်။ *[ဘုခါရီ၊ မွတ်စ္စလင်မ်၊ ကုရ်သုဗီ၊ မဇ္ဇဟရီကျမ်း]*

مُسْتَكْبِرِيْنَ بِهِ سٰمِرًا تَهْجُرُوْنَ

တွင် بِهِ ၏ နာမ်စားကို အဖွင့်ပညာရှင်အများစုတို့က 'ဟရာမ်'ဘက်သို့ ညွှန်းဆိုသတ်မှတ်ကြသည်။ စင်စစ် အထက်တွင် 'ဟရာမ်'နှင့် စပ်လျဉ်း၍ မည်သည့်နေရာတွင်မှ တင်ပြခဲ့ခြင်း မရှိပေ။ သို့ရာတွင် 'ဟရာမ်'သည် မက္ကာဟ်မြို့သား ကုရိုက်ရှ်တို့နှင့် နက်ရှိုင်းပတ်သက်မှုရှိပြီး ထို 'ဟရာမ်'နှင့် စပ်လျဉ်း၍ ၎င်းတို့၏ ဂုဏ်ယူဝံ့ကြွားမှု၏ ကျော်ကြားမှုမှာ တင်ပြရန်ပင် မလိုအပ်ပါချေ။ အဓိပ္ပာယ်မှာ မက္ကာဟ်မြို့သား ကုရိုက်ရှ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို ကြားနာပြီးနောက် လှည့်ပြေးကြလေသည်။ ထိုသို့ လက်မခံသည့်အကြောင်းမှာ မက္ကာဟ်ရှိ 'ဟရာမ်'နှင့် စပ်လျဉ်း၍လည်းကောင်း၊ ထို 'ဟရာမ်'အပေါ်၌ အကျိုးဆောင်မှုများ ပြုရခြင်းအပေါ်၌လည်းကောင်း မောက်မာခြင်းနှင့် ကြွားဝါခြင်းများ ပြုကြသောကြောင့် ဖြစ်သည်။

سٰمِرًا ဟူသော စာလုံးသည် سَمَرٌ ဟူသော စာလုံးမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ၎င်း၏ မူရင်းအဓိပ္ပာယ် မှာ 'လပြည့်ည' ဟု ဖြစ်သည်။ အာရဗ်တို့သည် လပြည့်ညများတွင် ထိုင်၍ ပုံပြင်များ၊

ဒဏ္ဍာရီများ ပြောဆိုလေ့ ရှိကြသည်။ ထို့ကြောင့် سَمَر အား ပုံပြင်၊ ဒဏ္ဍာရီ၏ အဓိပ္ပာယ်တွင် သုံးစွဲမှု ပြုလာကြတော့သည်။

سَامِر သည် ပုံပြင်ပြောဆိုသောသူကို ခေါ်ဆိုသည်။ ဤစာလုံးသည် စင်စစ် တစ်ဂဏန်းကို ပြသသည့် စာလုံးဖြစ်သည်။ သို့သော်လည်း အဓိပ္ပာယ်တွင် အများကိန်းအတွက် သုံးနှုန်းလေ့ရှိသည်။ ဤနေရာ၌ سَامِر သည် سَامِرِين ဟူသော အများကိန်းအတွက် သုံးနှုန်းထားသည်။ မုရှ်ရစ်က်တို့အနေနှင့် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ရသည့် အကြောင်းခံဖြစ်သော အခြေအနေတစ်ရပ်မှာ ၎င်းတို့သည် မက္ကာဟ်၏ 'ဟရာမ်'နှင့် ပတ်သက်ဆက်နွယ်ခြင်းနှင့် ၎င်းအပေါ်၌ အကျိုးဆောင်မှုများ ပြုကြရခြင်းအပေါ် ဂုဏ်ယူဝံ့ကြွားခြင်းကြောင့် ဖြစ်သည်။ ဒုတိယအခြေအနေတစ်ရပ် မှာ ၎င်းတို့သည် အခြေအမြစ်မရှိသော ဒဏ္ဍာရီ၊ ပုံပြင်များ ပြောဆိုခြင်းကို ဝါသနာထုံကြပြီး အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ စိတ်ဝင်စားခြင်း မရှိကြပေ။

تَهْجُرُوْنَ ဟူသော စာလုံးသည် هُجْر ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ အချည်းနှီးစကားများ ပြောဆိုခြင်းနှင့် ဆဲရေးခြင်းဖြစ်သည်။ ဤသည်မှာ မုရှ်ရစ်က်တို့၏ တတိယ အခြေအနေကို တင်ပြခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အချည်းနှီးဖြစ်သော စကားများ ပြောဆိုခြင်းနှင့် ဆဲရေးခြင်းပြုသော အလေ့အထရှိကြသောကြောင့် ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်ကို ထိခိုက်စေသော စကားလုံးများကို ပြောဆိုလေ့ရှိခဲ့ကြသည်။

'အေရှာဟ်' ပြီးနောက် ပုံပြင်ပြောဆိုခြင်းကို တားမြစ်ချက် လာရှိခြင်းနှင့် အထူး ညွှန်ကြားချက်များ

ညဥ့်အခါ၌ ဒဏ္ဍာရီပုံပြင် ပြောဆိုခြင်းသည် အာရဗ်နှင့် အာရဗ်မဟုတ်သူများတွင် အစဥ်အလာ အဖြစ် ရှိနေခဲ့သည်။ ထိုသို့ ပြုရာတွင် များစွာသော ဆိုးကျိုးများနှင့် အချိန်ကို အလဟဿ ဖြုန်းတီးခြင်းများ ဖြစ်ပေါ်လာသည်။ ကိုယ်တော်မြတ် ﷺ သည် ထိုဓလေ့ကို ပယ်ဖျက်ရန်အတွက် 'အေရှာဟ်'မတိုင်မီ အိပ်စက်ခြင်းနှင့် 'အေရှာဟ်'ပြီးနောက် အချည်းနှီးစကားများ ပြောဆိုခြင်းတို့ကို တားမြစ်တော်မူခဲ့သည်။ ထိုသို့ တားမြစ်ရသည့် အမြော်အမြင်မှာ 'လူသား၏ တစ်နေ့တာ ကျင့်စဥ်လုပ်ရပ်များသည် 'အေရှာဟ်' နမာဇ် ဝတ်ပြုခြင်း၌ ကုန်ဆုံးစေရန်ဖြစ်သည်။ ထိုနမာဇ်သည် တစ်နေ့တာ ကျူးလွန်ခဲ့သော အပြစ်ဒုစရိုက် များ၏ 'ကဖ္ဖာရာဟ်'လည်း ဖြစ်နိုင်သည်။ ဤနမာဇ်ဝတ်ပြုခြင်းသည် တစ်နေ့တာ၏ နောက်ဆုံးကျင့်စဥ် ဖြစ်ရခြင်းမှာ အကောင်းမြတ်ဆုံး ဖြစ်သည်။ အကယ်၍ 'အေရှာဟ်'ပြီးနောက် အကျိုးမဲ့ အချည်းနှီးဖြစ် သော ပုံပြင်ပြောဆိုခြင်းများ ပြုပါက ဦးစွာပထမ အချည်းနှီးဖြစ်သော လုပ်ရပ်ပြုလုပ်ခြင်းနှင့် 'မက္ကရူးဟ်' ဖြစ်သည်။ ထို့ပြင် အတင်းအဖျင်း ပြောဆိုခြင်းနှင့် လိမ်ညာ မုသားများ အပါအဝင် အမျိုးမျိုးသော

မကောင်းမှုများ ကျူးလွန်မှုဖြစ်ပေမည်။ ဆိုးကျိုးရှိသော အကြောင်းတစ်ခုမှာ ညဉ့်အချိန်တွင် ကြာမြင့်စွာ နိုးကြားနေခြင်းကြောင့် နံနက်တွင် နမာဇ်ဝတ်ပြုရန် စောစီးစွာ မထနိုင်သောအချက် ဖြစ်သည်။ ထို့ကြောင့် ဟဇရသ်အုမရ် ﷺ သည် 'အေရှာဟ်'ပြီးနောက် အချည်းနှီးဖြစ်သော ပုံပြင်ပြောဆိုမှုများ၌ မွေ့လျော်သူတို့ ကို တွေ့လျှင် သတိပေးတော်မူလေ့ ရှိသည်။ အချို့ကို အပြစ်ပေးခြင်းများလည်း ပြုလေ့ရှိသည်။ ထို့နောက် 'ညဉ့်သန်းခေါင်ယံအချိန်တွင် 'သဟဂျွဒ်နမာဇ်' ရနိုင်ရန် စောစီးစွာ အိပ်စက်ကြကုန်'ဟုလည်း မိန့်ကြား လေ့ရှိသည်။

أَفَلَمْ يَدَّبَّرُوا الْقَوْلَ أَمْ جَاءَهُم مَّا لَمْ يَأْتِ آبَاءَهُمُ الْأَوَّلِينَ أَمْ لَمْ يَعْرِفُوا رَسُولَهُمْ فَهُمْ لَهُ مُنكِرُونَ
أَمْ يَقُولُونَ بِهِ جِنَّةٌ

အထက်ပါအာယသ်တော်တွင် မုရှ်ရစ်က်များအဖို့ တမန်တော်မြတ် ﷺ အပေါ် အီမာန်သက်ဝင်ယုံကြည် ခြင်းကို အဟန့်အတားဖြစ်စေသော အကြောင်းပြချက်ငါးချက်အနက် မည်သည့်အကြောင်းပြချက်မှ မှန်ကန် စွာ မရှိပါချေ။ ၎င်းတို့ အီမာန်သက်ဝင်ရန်ဟူ၍ အကြောင်းပြ ကြွေးကြော်ချက်အားလုံးတို့မှာ မှန်ကန်စွာ တည်ရှိနေသည်။ ထို့ကြောင့် ၎င်းတို့၏ ငြင်းဆိုမှုများသည် အမိန့်ဖီဆန်မှုနှင့် အမှန်တရားအား သွေဖည်ခြင်းမှ အပ အခြားမရှိပေ။ ထိုအကြောင်းကို နောက်မှလာသည့် အာယသ်တော်တွင်

بَلْ جَاءَهُم بِالْحَقِّ وَأَكْثَرُهُمْ لِلْحَقِّ كَارِهُونَ

ဟု တင်ပြထားသည်။ ဆိုလိုသည်မှာ တမန်တော်ဖြစ်ခြင်းအပေါ် ငြင်းဆိုရန် ဦးနှောက်အတွေး အခေါ်ဆိုင်ရာ အကြောင်းပြချက်ဖြစ်စေ (သို့) သဘာဝဆိုင်ရာ အကြောင်းပြချက်ဖြစ်စေ မည်သည့်အကြောင်း ပြချက်မျှ မရှိပါ။ သို့တိုင်အောင်လည်း ငြင်းဆိုရသည့် အကြောင်းမှာ 'တမန်တော်မြတ် ﷺ သည် အမှန် တရားကို ယူဆောင်လာတော်မူသည်။ ၎င်းတို့သည်ကား အမှန်တရားကို မကောင်းထင်မှတ်၍ နား မထောင်လိုကြပေ။ ထိုသို့ နားမထောင်လိုခြင်းမှာလည်း စိတ်ရိုင်း၏ လှုံ့ဆော်မှု အလိုရမ္မက်များကြောင့် လည်းကောင်း၊ အကြီးအကဲခေါင်းဆောင်များဖြစ်သော အသိတရားခေါင်းပါးသူများ၏ ချစ်ခင်မှုနှင့် ၎င်းတို့၏ နောက်လိုက် အန္ဓအတာပြုခြင်းတို့ကြောင့်လည်းကောင်း ဖြစ်သည်။ ၎င်းတို့၏ အီမာန်သက်ဝင်ယုံကြည်မှု နှင့် နဗီဖြစ်ခြင်းအား မြွက်ဟပြောဆို လက်ခံမှုကို အဟန့်အတားဖြစ်စေသော အကြောင်းခံ (၅) ခု၏ အဆင့်ကို တင်ပြရာ၌

أَمْ لَمْ يَعْرِفُوا رَسُولَهُمْ

ဟူသော အကြောင်းလည်း ပါဝင်ပေသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ငြင်းဆိုမှု၏ အကြောင်းပြချက် တစ်ခု ဖြစ်နိုင်သည်မှာ အမှန်တရားဘက်သို့ ဖိတ်ခေါ်မှုနှင့် နဗီဖြစ်ကြောင်း ကြွေးကြော်၍ နဗီတမန်တော်၏ တာဝန်ကို ယူဆောင်လာသူသည် အခြားနေရာဒေသတစ်ခုမှ ရောက်ရှိလာသူဖြစ်ပြီး ၎င်းတို့သည် ထိုနဗီ၏ အမည်နာမ၊ မျိုးနွယ်၊ အကျင့်စာရိတ္တနှင့် လုပ်ဆောင်ချက်များကို မသိရှိကြခြင်းဖြစ်မှု 'ကျွန်ုပ်တို့သည်

ထိုပုဂ္ဂိုလ်၏ အခြေအနေအရပ်ရပ်ကို မသိရှိကြသည့်အခါ ၎င်းသူအား နဗီ၊ ရစူလ်ဖြစ်ကြောင်း လက်ခံယုံကြည်၍ မိမိတို့၏ ခေါင်းဆောင်အဖြစ် မည်သို့ ပြုရမည်နည်း' ဟူ၍ ပြောဆိုနိုင်ပါသည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် ကုရိုက်ရှ်တို့၏ အမြင့်ဆုံးမျိုးနွယ်မှ ဖြစ်၍ ထိုမက္ကာဟ်မြို့၌ပင် မွေးဖွားခဲ့သူဖြစ်သည်။ ကလေးဘဝမှစ၍ အရွယ်ရောက်သည့် အချိန်အထိသော်လည်းကောင်း၊ နောက်ပိုင်းအချိန်ကာလများသည်လည်းကောင်း ထိုသူတို့၏ ရှေ့မှောက်၌ပင် နေထိုင်ဖြတ်သန်းလာခဲ့သူ ဖြစ်ပါသည်။ ကိုယ်တော်မြတ် ﷺ ၏ လုပ်ဆောင်ချက်များနှင့် အကျင့်စာရိတ္တတို့ကို ၎င်းတို့ မသိကြသည်လည်း မဟုတ်ပါ။ နဗီဖြစ်ကြောင်း မကြေညာမီအထိ မက္ကာဟ်မြို့ရှိ ကာဖိရ်အားလုံးတို့သည် ကိုယ်တော်မြတ် ﷺ အား 'စွာဒိက်' (မှန်ကန်သူ) ဟုလည်းကောင်း၊ 'အမီးန်' (သစ္စာရှင်) ဟုလည်းကောင်း၊ ကင်ပွန်းတပ် ခေါ်ဝေါ်ခဲ့ကြသည်။ ကိုယ်တော်မြတ် ﷺ ၏ လုပ်ဆောင်ချက် 'အမလ်'ကျင့်စဉ်များအပေါ် မည်သူကမျှ၊ မည်သည့်အခါကမျှ သံသယတစ်စုံတစ်ရာဖြစ်ကြောင်း ထုတ်ဖော်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပေရာ ယခုအခါတွင်မှ ထိုသူ့အား မသိပါဟူသော ၎င်းတို့၏ ဤအကြောင်းပြချက်သည်လည်း အချည်းနှီးသာ ဖြစ်ပေသည်။

وَلَقَدْ اَخَذْنٰهُمْ بِالْعَذَابِ فَمَا اسْتَكَانُوْا لِرَبِّهِمْ وَمَا يَتَضَرَّعُوْنَ

ဤအာယသ်တော်၏ အလျှင် အာယသ်တော်တွင် မုန့်ရှရစ်ကနှင့် စပ်လျဉ်း၍ မိန့်ကြားထားသည်မှာ ဤသူတို့သည် 'အဇားဗ်'အပြစ်ဒဏ်၌ နစ်မွန်းနေကြသည့်အချိန်တွင် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ (သို့) ရစူလ်တမန်တော်အားလည်းကောင်း၊ တိုင်တန်းလျှောက်ထားမှု ပြုကြသည်။ အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့၏ တိုင်တန်းလျှောက်ထားမှုကို သနားတော်မူပြီး 'အဇားဗ်'အပြစ်ဒဏ်ကို ဖယ်ရှားပေးတော်မူလိုက်မည်ဆိုပါလျှင် ၎င်းတို့၏ သဘာဝအလျောက် ဆိုးသွမ်းမှု၊ အမိန့်ဖီဆန်မှုများသည် 'အဇားဗ်' အပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိပြီးသည်နှင့် တစ်ဖန် ပြန်၍ မိမိတို့၏ ဆိုးသွမ်းမှု၊ အမိန့်ဖီဆန်မှုများ၌ မွေ့လျော်သွားကြပေလိမ့်မည်။

ဤအာယသ်တော်တွင် ၎င်းတို့၏ အဖြစ်အပျက်အခြေအနေကို တင်ပြထားသည်မှာ '၎င်းတို့သည် 'အဇားဗ်'အပြစ်ဒဏ်တစ်ခု၌ ဖမ်းဆီးဒဏ်ခတ်ခြင်း ခံရသော်လည်း 'အဇားဗ်'အပြစ်ဒဏ်မှ ကိုယ်တော်မြတ် ﷺ ၏ ဆုမွန်ဒိုအာဖြင့် လွတ်ကင်းမှု ရပြီးနောက်တွင်လည်း ၎င်းတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ရှေ့၌ ဦးမညွတ်ကြပေ။ နဂိုမူလအတိုင်း မိမိတို့၏ ကုဖွရ်နှင့် ရှရစ်ကလုပ်ရပ်များ၌သာ သိရှိနေကြပေသည်။

မက္ကာဟ်သားတို့အပေါ်၌ ကပ်ဆိုက်ခြင်း 'အဇားဗ်' အပြစ်ဒဏ်နှင့် တမန်တော်မြတ် ﷺ ၏ ဆုမွန်ဒိုအာဖြင့် ၎င်းတို့၏ 'အဇားဗ်'အပြစ်ဒဏ်မှ ကင်းလွတ်ခြင်းအကြောင်း

တမန်တော်မြတ် ﷺ သည် မက္ကာဟ်သားတို့အပေါ် ကပ်ဆိုက်ခြင်း 'အဇားဗ်'အပြစ်ဒဏ် ချပေးရန် ဒိုအာပြုတော်မူခဲ့သည့်အကြောင်း ကနဦးမှ တင်ပြပြီးဖြစ်သည်။ ထို 'အဇားဗ်'၏ ဒိုအာဖြင့် မက္ကာဟ်သား

တို့မှာ ကပ်ဆိုက်ခြင်း ဘေးအန္တရာယ်၌ နစ်မွန်းခဲ့ကြရသည်။ အသေကောင် စသည်များကို စားသုံးရသည်အထိ အကျပ်တွေ့ခဲ့ကြရသည်။ ဤအခြေအနေကို တွေ့မြင်ရပြီး အဗူစုဖ်ယာန်သည် တမန်တော်မြတ် ﷺ ၏ မဒီနာသို့ ရောက်ရှိလာခဲ့ပြီး 'ကျွန်ုပ်သည် အသင့်အား အလ္လာဟ်အသျှင်မြတ်ကို တိုင်တည်ကျိန်ဆို၍ လည်းကောင်း၊ ဆွေမျိုးသားချင်းတို့အား တိုင်တမ်း၍သော်လည်းကောင်း ပြောဆိုပါသည်။ အသင်သည် 'ကျွန်ုပ် လောကအပေါင်းအတွက် ကရုဏာတော်အရှင်အဖြစ် စေလွှတ်ခြင်းခံရသူဖြစ်သည်' ဟု အသင် ပြောဆိုခဲ့သည် မဟုတ်ပါသလော' ဟု ပြောဆိုလေရာ ကိုယ်တော်မြတ် ﷺ က 'မုချ ဤသို့ ပြောဆိုခဲ့ပါ သည်။ ဤအတိုင်း အမှန်ဖြစ်သည်' ဟု မိန့်ကြားလိုက်လေသည်။ အဗူစုဖ်ယာန်က 'အသင်သည် မိမိအမျိုး သားတို့၏ ခေါင်းဆောင်များကို 'ဗဒရ်'စစ်ပွဲတွင် ဓါးလက်နက်ဖြင့် သတ်ဖြတ်ခဲ့ပါသည်။ ယခု တစ်ဖန် ကျန်ရှိသူများအားလည်း ငတ်မွတ်စေခြင်းဖြင့် သတ်ဖြတ်နေပြန်ပါသည်။ ဤ 'အဓားဗ်'အပြစ်ဒဏ်သည် ကျွန်ုပ်တို့အပေါ်မှ ကင်းလွတ်သွားစေရန် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဆုမွန်ဒိုအာပြုပေးပါ' ဟု ပြောဆို လေသည်။ တမန်တော်မြတ် ﷺ သည် ဆုမွန်ဒိုအာပြုတော်မူသည့်အခါ ထို 'အဓားဗ်'အပြစ်ဒဏ်သည် ထိုအချိန်မှာပင် ကင်းလွတ်သွားလေတော့သည်။ ထိုဖြစ်ရပ်အပေါ် ဖော်ပြပါအာယသ်တော် ကျရောက် လာခဲ့သည်။

وَلَقَدْ اَخَذْ نٰهُمْ بِالْعَذَابِ فَمَا اسْتَكَانُوْا لِرَبِّهِمْ

ဤအာယသ်တော်တွင် 'ငင်းတို့သည် 'အဓားဗ်'၌ နစ်မွန်းခြင်းနှင့် တစ်ဖန် 'အဓားဗ်'မှ လွတ်ကင်း ပြီးနောက်တွင်လည်း မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ဦးညွတ် ခြင်း မပြုကြသည့်အကြောင်း မိန့်ကြားထားသည်။ တမန်တော်မြတ် ﷺ ၏ 'အဓားဗ်'မှ လွတ်ကင်းရန် ဆုပန်မှုဖြင့် ငင်းတို့သည် 'အဓားဗ်'မှ လွတ်ငြိမ်းခွင့် ရရှိသွားခဲ့သည်။ သို့သော်လည်း ငင်းတို့သည် မိမိ တို့၏ 'ကုဖ်ရ်'နှင့် ရှရစ်ကလုပ်ရပ်များ၌သာ ရပ်တည်လျက်ရှိခဲ့ကြသည်။ *[မဇ္ဇ်ဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَهُوَ الَّذِيْٓ اَنْشَاَ لَكُمُ السَّمْعَ وَالْاَبْصَارَ وَالْاَفْـِٕدَةَ ۗ قَلِيْلًا مَّا تَشْكُرُوْنَ ﴿٧٨﴾

၂၃ : ၇၈ ။ ။ စင်စစ် ထိုအသျှင်မြတ်သည်ပင် အသင်တို့အဖို့ နားများ၊ မျက်စိများ၊ စိတ်နှလုံးများကို ဖန်ဆင်းတော် မူခဲ့၏။ (သို့ရာတွင်) အသင်တို့သည် အနည်းငယ် စိုးစဉ်းမျှသာလျှင် ကျေးဇူးသိတတ်ကြကုန်၏။

وَهُوَ الَّذِيْ ذَرَاَكُمْ فِي الْاَرْضِ وَاِلَيْهِ تُحْشَرُوْنَ ﴿٧٩﴾

၂၃ : ၇၉ ။ ။ ငင်းပြင် ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ပထဝီမြေဝယ် (အနှံ့အပြားတွင်) ပြန့်နှံ့ပွားများ (နေရာ ချပေး) တော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ငင်းပြင် အသင်တို့သည် ထိုအသျှင်မြတ်ထံတော်သို့ပင် စုရုံးကြရပေမည်။

وَهُوَ الَّذِیْ یُحْیٖ وَ یُمِیْتُ وَلَهُ اخْتِلَافُ الَّیْلِ وَالنَّهَارِ ؕ اَفَلَا تَعْقِلُوْنَ ﴿۸۰﴾

၂၃ : ၈၀ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် အသက်ရှင်စေတော်မူ၍၊ ထိုအသျှင်မြတ်သည်သာလျှင် အသက်သေစေတော်မူ၏။ ထို့ပြင် ညဉ့်နှင့် နေ့တို့၏ (အလှည့်ကျ) ပြောင်းလဲမှုသည်လည်း ထိုအသျှင်မြတ် (၏ လက်တော်တွင်း) ၌သာ ရှိပေသည်။ သို့ပါလျက် အသင်တို့သည် အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ခြင်း မပြုကြလေသလော။

بَلْ قَالُوْا مِثْلَ مَا قَالَ الْاَوَّلُوْنَ ﴿۸۱﴾

၂၃ : ၈၁ ။ ။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာ ၎င်းတို့သည် ရှေးလူဟောင်းများ ပြောဆိုခဲ့ကြသည့်နည်းတူ ပြောဆိုကြခြင်းသာ ဖြစ်၏။

قَالُوْۤا ءَاِذَا مِتْنَا وَكُنَّا تُرَابًا وَّعِظَامًا ءَاِنَّا لَمَبْعُوْثُوْنَ ﴿۸۲﴾

၂၃ : ၈၂ ။ ။ ၎င်း (ရှေးလူဟောင်း) တို့က ပြောဆိုခဲ့ကြသည်မှာ 'ကျွန်ုပ်တို့သည် သေဆုံးကြပြီးနောက်၊ မြေကြီးဖြစ်၍ အရိုးများသာ ကျန်ရှိကြသောအခါ ကျွန်ုပ်တို့သည် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။'

لَقَدْ وُعِدْنَا نَحْنُ وَاٰبَآؤُنَا هٰذَا مِنْ قَبْلُ اِنْ هٰذَاۤ اِلَّاۤ اَسَاطِیْرُ الْاَوَّلِیْنَ ﴿۸۳﴾

၂၃ : ၈၃ ။ ။ 'ကေန်အမှန် ဤသည်ကို ကျွန်ုပ်တို့သည်လည်း ဤကတိပေး ချိန်းချက်မှု (ခြိမ်းခြောက်မှု) ကို ခံခဲ့ကြရ၏။ ကျွန်ုပ်တို့အလျှင် ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘီ၊ ဘင်တို့သည်လည်း ရှေးယခင်ကပင် ဤနည်းအတိုင်း ကတိပေးချိန်းချက်ခြင်းကို ခံခဲ့ကြရလေပြီ။ (စင်စစ်) ဤသည် ရှေးလူဟောင်းတို့၏ (ယုတ္တိ ကင်းမဲ့သော) ပုံပြင်မျှသာ ဖြစ်ချေသည်။'

قُلْ لِّمَنِ الْاَرْضُ وَمَنْ فِیْهَاۤ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۸۴﴾

၂၃ : ၈၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ယင်းမက္ကာဟ်မြို့သား မုရှ်ရစ်က်တို့အား ဤသို့) ပြောဆို (မေးမြန်း) ပါလေ။ (အချင်းတို့) အကယ်၍ အသင်တို့ သိရှိကြပါလျှင် (ငါ့အား ပြောပြကြလေကုန်။) ပထဝီမြေကိုလည်းကောင်း၊ ထိုပထဝီမြေ၌ ရှိသူတို့ကိုလည်းကောင်း မည်သူ စိုးပိုင်သနည်း။

سَیَقُوْلُوْنَ لِلّٰهِ ؕ قُلْ اَفَلَا تَذَكَّرُوْنَ ﴿۸۵﴾

၂၃ : ၈၅ ။ ။ ၎င်းတို့က 'အလ္လာဟ်အသျှင်မြတ် စိုးပိုင်တော်မူသော အရာများ ဖြစ်သည်'ဟု အမှန်ပင် ဖြေကြားကြပေလိမ့်မည်။ (ထိုအခါ) အသင်သည် (၎င်းတို့အား အချင်းတို့) 'သို့ပါလျက် အသင်တို့သည် မဆင်မခြင် မသုံးသပ်ကြလေသလော'ဟု ပြောကြားပါလေ။

قُلْ مَنْ رَّبُّ السَّمٰوٰتِ السَّبْعِ وَرَبُّ الْعَرْشِ الْعَظِیْمِ ﴿۸۶﴾

၂၃ : ၈၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ အချင်းတို့) 'မိုးခုနစ်ထပ်ကို စိုးပိုင်တော်မူသော အသျှင်မြတ်သည်လည်းကောင်း၊ မြင့်မြတ်လှစွာသော 'အရ်ရှ်'ပလ္လင်တော်ကို စိုးပိုင်တော်မူသော အသျှင်မြတ်သည်လည်းကောင်း မည်သူနည်း'ဟု မေးမြန်းပါလေ။

سَيَقُوْلُوْنَ لِلّٰهِ ۗ قُلْ اَفَلَا تَتَّقُوْنَ ﴿٨٧﴾

၂၃ : ၈၇ ။ ။ (ဤသည်တို့သည်လည်း) ‘အလ္လာဟ်အသျှင်မြတ် စိုးပိုင်တော်မူသော အရာများသာ ဖြစ်သည်’ဟု ၎င်းတို့က အမှုမဲ့ အမှတ်မဲ့ ဖြေကြားကြပေလိမ့်မည်။ (ထိုအခါ) အသင်သည် (၎င်းတို့အား၊ အချင်းတို့) ‘သို့ပါလျက် အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော’ဟု ပြောကြားပါလေ။

قُلْ مَنْ بِيَدِهٖ مَلَكُوْتُ كُلِّ شَیْءٍ وَّهُوَ يُجِيْرُ وَلَا يُجَارُ عَلَيْهِ اِنْ
كُنْتُمْ تَعْلَمُوْنَ ﴿٨٨﴾

၂၃ : ၈၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောဆို (မေးမြန်း) ပါလေ။ (အချင်းတို့) ‘အကယ်၍ အသင်တို့သည် သိရှိကြပါလျှင် (ငါ့အား၊ ပြောပြကြလေကုန်။) အရာခပ်သိမ်းတို့ကို စိုးပိုင်တော်မူသော တန်ခိုးတော်၊ ဂုဏ်တော်သည် မည်သူ့လက်ဝယ် ရှိသနည်း။ ထိုအသျှင်မြတ်၏ လက်တော်အတွင်း၌သာ ရှိ၏။ ၎င်ပြင် ထိုအသျှင်မြတ် ကာကွယ်စောင့်ရှောက်တော်မူ၏။ သို့ရာတွင် ထိုအသျှင်မြတ်နှင့် ဆန့်ကျင်၍မူ မည်သူတစ်ဦးတစ်ယောက်မျှပင် ကာကွယ်စောင့်ရှောက်နိုင်ခြင်း မရှိချေ။’

سَيَقُوْلُوْنَ لِلّٰهِ ۗ قُلْ فَاَنّٰى تُسْحَرُوْنَ ﴿٨٩﴾

၂၃ : ၈၉ ။ ။ (ဤမည်သော ဂုဏ်တော်များလည်း) အလ္လာဟ်အသျှင်မြတ်၌သာ ရှိကြောင်း၊ အမှန်ပင် ၎င်းတို့က ဖြေကြားကြပေလိမ့်မည်။ (ထိုအခါ၊ ၎င်းတို့အား) အသင်က ‘သို့ဖြစ်လျှင် အသင်တို့သည် အဘယ်ကြောင့် တွေဝေစေခြင်း (စုန်းပြုစားခြင်း) ကို ခံနေကြရသနည်း’ဟု ပြောကြားပါလေ။

بَلْ اَتَيْنٰهُمْ بِالْحَقِّ وَاِنَّهُمْ لَكٰذِبُوْنَ ﴿٩٠﴾

၂၃ : ၉၀ ။ ။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာ ငါအသျှင်မြတ်သည် ၎င်းတို့ထံ အမှန်တရားကို ထုတ်ပြန် ပို့ဆောင်တော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့သည် မုသားပြောဆိုသူများပင် ဖြစ်ကြကုန်သည်။

مَا اتَّخَذَ اللّٰهُ مِنْ
وَّلَدٍ وَّمَا كَانَ مَعَهٗ مِنْ اِلٰهٍ اِذًا لَّذَهَبَ كُلُّ اِلٰهٍۭ بِمَا خَلَقَ
وَلَعَلَا بَعْضُهُمْ عَلٰى بَعْضٍ ۗ سُبْحٰنَ اللّٰهِ عَمَّا يَصِفُوْنَ ﴿٩١﴾

၂၃ : ၉၁ ။ ။ အလ္လာဟ်အသျှင်မြတ်သည် သားတော်ဟူ၍ တစ်ဦးတစ်ယောက်ကိုမျှပင် ရွေးချယ်ပြုလုပ်ထားတော်မူသည်မဟုတ်ပေ။ ထိုနည်းတူစွာ ထိုအသျှင်မြတ်နှင့်အတူ ကိုးကွယ်ရာဟူ၍လည်း (အခြား) တစ်ဦးတစ်ယောက်မျှပင် အလျှင်း မရှိချေ။ သို့ရှိခဲ့ပါမူ ကိုးကွယ်ရာတိုင်းသည် မိမိဖန်ဆင်းထားသော အရာခပ်သိမ်းတို့ကို (ယူကာ) အမှန်ပင် ခေါ်ဆောင်၍

ထွက်ခွာသွားခဲ့မည်သာမက ထိုကိုးကွယ်ရာတို့အနက် တစ်ဦးသည် တစ်ဦးအပေါ်၌ မုချ လွှမ်းမိုးခဲ့မည်သာ (ဖြစ်၏။) အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့ ကြံဖန်စွပ်စွဲ ပြောဆိုကြကုန်သော အကြောင်းကိစ္စတို့မှ လုံးဝ သန့်ရှင်းစင်ကြယ်တော်မူ၏။

عٰلِمِ الْغَيْبِ وَالشَّهَادَةِ فَتَعٰلٰى عَمَّا يُشْرِكُوْنَ ﴿٩٢﴾

၂၃ : ၉၂ ။ ။ (ထိုအသျှင်မြတ်သည်) မျက်ကွယ်၌ ရှိသမျှသော အရာခပ်သိမ်းတို့နှင့် မျက်မှောက်၌ ရှိသမျှသော အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ၎င်းတို့ တွဲဖက် နှိုင်းယှဉ် ကိုးကွယ်ကြသည်တို့ထက် လွန်စွာ မြင့်မြတ်လှတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့အပြင် ထို (အလ္လာဟ်) အသျှင်မြတ်သည် အသင်တို့အတွက် နားများ၊ မျက်စိများနှင့် ဖန်ဆင်းတော်မူခဲ့သော (စွမ်းဆောင်နိုင်တော်မူသော၊ ကျေးဇူးပြုတော်မူသော) အသျှင်မြတ် ဖြစ်တော်မူပေသည်။ (သာသနာတော်ကို နားလည်နိုင်ရန်အတွက် ဖြစ်သည်။ သို့ရာတွင်) အသင်တို့သည် အလွန်နည်းပါးစွာ ကျေးဇူးသိတတ်သူများ ဖြစ်ကြသည်။ (အဘယ်ကြောင့်ဆိုသော် အဓိကကျေးဇူးသိတတ်ခြင်းဆိုသည်မှာ ထိုကျေးဇူးပြုတော်မူသော အသျှင်မြတ် နှစ်သက်တော်မူသော သာသနာကို လက်ခံပြီး 'ကေယာမသ်' နေ့တွင် ပြန်လည်ရှင်ထရမည်တို့ကို ငြင်းဆိုမှု မပြုခြင်းတို့ ဖြစ်သည်။ ထို့အပြင် ထိုအသျှင်မြတ်သည် အသင်တို့အား ကမ္ဘာမြေပြင်ပေါ်တွင် ဖြန့်၍ (နေရာချ) ထားပေးတော်မူသော အသျှင် ဖြစ်တော်မူသည်။ ထို့ပြင် အသင်တို့အားလုံးသည် ('ကေယာမသ်' နေ့တွင်) ထိုအသျှင်မြတ်ထံတော်၌ပင် စုရုံးခြင်း ခံကြရပေမည်။ (ထိုအချိန်တွင် ကျေးဇူးတော်များကို ငြင်းဆိုသည့် အစစ်အမှန် ဇစ်မြစ်ကို သိရှိကြရပေလိမ့်မည်။) ထို့အပြင် ထိုအသျှင်မြတ်သည် ရှင်စေတော်မူသော၊ သေစေတော်မူသော အသျှင် ဖြစ်တော်မူပေသည်။ ထို့ပြင် နေ့နှင့် ည တို့၏ ပြောင်းလဲမှုများသည် ထိုအသျှင်မြတ်၏ လက်ဝယ်၌ ရှိသည်။ သို့ဖြစ်ပေရာ အသင်တို့သည် (ဤမျှပင်) သိနားလည်ခြင်း မရှိကြလေသလော။ (တန်ခိုးတော်အသျှင်မြတ်၏ ဤအထောက်အထားများသည် 'သောင်ဟီးဒ်' နှင့် 'ကေယာမသ်' နေ့တွင် ပြန်လည်ရှင်ထခြင်း၊ နှစ်မျိုးစလုံးအပေါ်၌ ညွှန်းဆိုပြသနေသည်။ သို့ရာတွင်) ထိုသို့ ဖြစ်သည့်တိုင် လက်ခံခြင်းမပြုကြဘဲ ရှေးခေတ်အခါက (ကာဖိရ်) များ ပြောဆိုလာခဲ့ကြသည့်အတိုင်း ပြောဆိုနေကြခြင်းသာ ဖြစ်သည်။ (ဆိုလိုသည်မှာ) ကျွန်ုပ်တို့ သေဆုံးသွားကြမည်ဆိုလျှင် မြေကြီးနှင့် အရိုးများသာ ဖြစ်သွားပေမည်။ ထိုအခါ ကျွန်ုပ်တို့သည် ပြန်လည်ရှင်ထစေခြင်းကို ခံကြရမည်လော။ ဤခြိမ်းခြောက်မှုသည် ကျွန်ုပ်တို့သည်လည်းကောင်း (ကျွန်ုပ်တို့၏) အလျင်က ကျွန်ုပ်တို့၏ ဘိုး၊ ဘွားတို့သည်လည်းကောင်း ဤနည်းအတိုင်းပင် ကတိပေးခြင်း ခံလာရသည် ဖြစ်သည်။ ဤသည်တို့ ရှေးဟောင်းသူတို့မှ ဆင့်ပြန်ကြားလာခဲ့သည့် အထောက်အထားမဲ့သော စကားများသာ ဖြစ်ပေသည်။

(ဤစကားပြောဆိုခြင်းသည် တန်ခိုးတော်အရှင်အား ငြင်းဆိုခြင်းဖြစ်သည်။ ထိုစကားနှင့် အလားတူ ပြန်လည်ရှင်ထစေခြင်းကို ငြင်းပယ်ခြင်းများလည်း 'သောင်ဟီးဒ်' ကို ငြင်းပယ်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ထိုစကားများ၏ အဖြေတွင် တန်ခိုးတော်အရှင် ရှိခြင်းနှင့်အတူ 'သောင်ဟီးဒ်' သည်လည်း

အမှန်ပင် ရှိကြောင်း မိန့်ကြားထားသည်မှာ အို, နဗီတမန်တော်) အသင်သည် (၎င်းတို့၏ စကားများအပေါ် ဖြေကြားရာတွင်) ဤသို့ ပြောကြားပါလေ။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာမြေကြီးနှင့် ထိုကမ္ဘာမြေပေါ်တွင် နေထိုင်ကြသူတို့ကို မည်သူက စိုးပိုင်ပါသနည်း။ အကယ်၍ အသင်တို့ သိရှိကြလျှင် ဖြေကြားပါလေ။ ထိုအခါ ၎င်းတို့သည် 'အလ္လာဟ်အသျှင်မြတ်သာ စိုးပိုင်တော်မူပါသည်' ဟု မုချမလွဲ ပြောဆိုကြပေလိမ့်မည်။ (သို့ဖြစ်ပေရာ) အသင်သည် ၎င်းတို့အား 'သို့ပါလျက် အသင်တို့သည် အဘယ်ကြောင့် စဉ်းစားဆင်ခြင်မှု မပြုကြပါသနည်း' ဟု ပြောကြားပါလေ။ (ပြန်လည်ရှင်ထစေခြင်းအပေါ် ပြုဖွမ်းနိုင်မှုနှင့် 'သောင်ဟီးဒ်' နှစ်မျိုးစလုံး၏ အဓိပ္ပါယ်သည် အတည်ဖြစ်သွားပေမည်။ ထို့နောက် အို, နဗီတမန်တော်) အသင်သည် ဤအကြောင်းကိုလည်း ပြောကြားပါလေ။ အဘယ်ကြောင့်ဆိုသော် ထိုမိုးကောင်းကင်ခုနစ်ထပ်၏ စိုးပိုင်တော်မူသော အသျှင်မြတ်နှင့် မြင့်မြတ်လှစွာသော အရ်ရှ်ပလ္လင်တော်တို့ကို စိုးပိုင်တော်မူသော အသျှင်မြတ်သည် မည်သူဖြစ်သနည်း။ (ဆိုသည်ကို အသင်တို့ ပြောကြားပါလေ။ (ထိုအကြောင်းတွင်လည်း) ၎င်းတို့က ဤနေရာ (အားလုံး) သည်လည်း အလ္လာဟ်အသျှင်မြတ်သည်ပင် စိုးပိုင်တော်မူပါသည်ဟု မလွဲမသွေ ဖြေကြားကြပေလိမ့်မည်။ (ထိုအခါ) အသင်တို့သည် (ထိုအသျှင်မြတ်အား) အဘယ်ကြောင့် မကြောက်ရွံ့ကြသနည်းဟု အသင် ပြောကြားပါလေ။ (ထိုအသျှင်မြတ်၏ တန်ခိုးတော်နှင့် ရှင်ပြန်ထစေနိုင်မှု၏ သက်သေလက္ခဏာများကို ငြင်းပယ်ခြင်း ပြုနေကြသလော။ ထို့နောက်) အသင်သည် (၎င်းတို့အား) အရာခပ်သိမ်းတို့ကို စိုးပိုင်တော်မူသော တန်ခိုးတော်ဂုဏ်သည် မည်သူ၏ လက်တွင်းဝယ် ရှိပါသနည်း။ ၎င်းနောက် ထိုအသျှင်မြတ်သည် (မိမိအလိုရှိသူကို) ခိုလှုံခွင့်ပေးတော်မူသည်၊ ထိုအသျှင်နှင့် ဆန့်ကျင်၍ မည်သူကမျှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခိုလှုံခွင့်ပေးနိုင်မည် မဟုတ်ကြောင်းကို အကယ်၍ အသင်တို့ သိလျှင် ဖြေကြားပါ' ဟု ပြောကြားပါလေ။

(ထိုအခါ ဖြေကြားရာတွင်) ၎င်းတို့က 'ဤဂုဏ်တော်အားလုံးသည်လည်း အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်သည်' ဟု မလွဲမသွေ ပြောကြပေလိမ့်မည်။ (ထိုအခါ) အသင်သည် ၎င်းတို့အား ဤသို့ဖြစ်ပါလျက် အသင်တို့သည် အဘယ်သို့သော ရူးသွပ်ခြင်း ဖြစ်နေကြပါသနည်းဟု ပြောကြားပါလေ။ (ထိုတင်ပြချက်အားလုံးကို လက်ခံမည်ဖြစ်သည်။ သို့သော် 'သောင်ဟီးဒ်' နှင့် 'ကေယာမသ်' နေ့ကို လက်ခံယုံကြည်ခြင်း မရှိကြပေ။ ဤသည်ကိုပင် ၎င်းတို့အား ဖြေကြားရမည့် အထောက်အထားများ၏ ရည်ရွယ်ချက် ဖြစ်သည်။ ရှေ့တွင် ၎င်းတို့ အငြင်းအခုံပြုခြင်းများ၏ အထောက်အထားဖြစ်သော အောက်ပါ အာယသ်တော်

اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ

သည် မှားယွင်းကြောင်း တင်ပြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ 'ကေယာမသ်' နေ့သည် အမှန်ပင် ဖြစ်ပေါ်လာပေမည်။ သေပြီးသူများ ရှင်ပြန်ထကြရပေမည်။ ဤသည် اَسَاطِيْرُ الْاَوَّلِيْنَ မဟုတ်ပါ' ဟူ၍ ၎င်းတို့ကို တင်ပြလိုခြင်း ဖြစ်သည်။)

ထိုမျှမက ငါအသျှင်မြတ်သည် ၎င်းတို့ထံသို့ အမှန်တရားကို ပို့ချပေးတော်မူခဲ့သည်။ ထို့နောက် မုချဧကန် ၎င်းတို့ (ကိုယ်တိုင်ပင်) မုသားပြောဆိုသူများ ဖြစ်ကြသည်။ (နောက်ဆုံးတွင် အပြန်အလှန်

ပြောဆိုမှုများ ပြီးဆုံးသွားသည်။ 'သောင်ဟီးဒ်'နှင့် ရှင်ပြန်ထခြင်း နှစ်မျိုးစလုံး မှန်ကန်ကြောင်း အတည် ဖြစ်သွားခဲ့သည်။ သို့ရာတွင် ထိုဓမ္မသတ်နှစ်ခုအနက် 'သောင်ဟီးဒ်' ၏ ဓမ္မသတ်သည် သာပို၍ အလေး အနက်ထားရန် ကြီးကျယ်သော ဓမ္မသတ်ဖြစ်ပြီး အမှန်စင်စစ် 'ကေယာမသ်'နှင့် တမလွန်တို့၏ ဓမ္မသတ် သည်လည်း အစိကကျပြီး အငြင်းပွားဖွယ်ရာ ဖြစ်ပေသည်။ ထို့ကြောင့် နိဂုံးချုပ်အနေဖြင့် ထိုအကြောင်း အရာကိုပင် အခိုင်အမာ မိန့်ကြားတော်မူသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် သားတော်ဟူ၍ မည်သူ့ကိုမျှ ရွေးချယ်သတ်မှတ်ထားတော်မူခြင်း မရှိပေ။ (မုရှ်ရစ်က်များသည် 'မလာအေ့ကာဟ်'ကောင်းကင်တမန်များ ကို အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များဖြစ်သည်ဟု ဆိုကြသည်။) ထိုအသျှင်မြတ်နှင့်အတူ (အခြား) ကိုးကွယ်ရာအသျှင်ဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ အကယ်၍သာ ဤသို့ ရှိခဲ့မည်ဆိုလျှင် ကိုးကွယ်ရာ အရှင်တိုင်းသည် မိမိတို့၏ အဖန်ဆင်းခံများကို (ခွဲဝေ၍) သီးခြားခွဲထွက်သွားကြမည်သာ ဖြစ်သည်။ (တစ်ဖန် လောကရှိ ဘုရင်တို့၏ အကျင့်ဓလေ့များနှင့်အညီ အခြားကိုးကွယ်ရာတို့၏ အဖန် ဆင်းခံများကို လုယူရန်အတွက်) တစ်ဦးနှင့်တစ်ဦးအပေါ် တိုက်ခိုက်လွှမ်းမိုးကြမည် ဖြစ်ပေသည်။ (တစ်ဖန် အဖန်ဆင်းခံများကို ဖျက်ဆီးစေနိုင်ရန် ဝေးစွ။ သို့သော် လောကအပေါင်း၏ အစီအမံများသည် ပုံမှန် အတိုင်း ဖြစ်တည်လျက်ပင် ရှိသည်ဖြစ်ရာ) အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့ လုပ်ကြံစွပ်စွဲပြောဆိုသော အကြောင်းကိစ္စတို့မှ သန့်ရှင်းစင်ကြယ်တော်မူသည်။ ထိုအသျှင်မြတ်သည် မျက်ကွယ်၌ ရှိသည်တို့ကိုလည်း ကောင်း၊ မျက်မှောက်၌ ရှိသည်တို့ကိုလည်းကောင်း အကြွင်းမဲ့ သိတော်မူသော အသျှင် ဖြစ်တော်မူသည်။ အချုပ်မှာ ထိုသူတို့ တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြသူတို့ထက် အလွန်မြင့်မား (သန့်ရှင်း) တော်မူသော အသျှင် မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَهُوَ يُجِيْرُ وَلَا يُجَارُ عَلَيْهِ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အလိုတော်ရှိသူကို 'အဇားဗ်'အပြစ်ဒဏ်၊ ဒုက္ခနှင့် ပူပင် သောကများမှ ခိုလှုံခွင့် ပေးတော်မူသည်။ ထို့အပြင် ထိုအသျှင်မြတ်အား ဆန့်ကျင်၍ ထိုသူ၏ 'အဇားဗ်' နှင့် ဘေးဒုက္ခများမှ ကယ်တင်ရန်လည်း မည်သူ့တွင်မှ စွမ်းအားမရှိပါချေ။

ဤအချက်သည် လောကီ၏ ရှုထောင့်မှလည်း မှန်ကန်မှု ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် လူသားတစ်ဦးကို ကောင်းမြတ်သော အကျိုးသက်ရောက်စေတော်မူပါလျှင် ဤသည်ကို မည်သူကမျှ တားဆီးပိတ်ပင်ခြင်း မပြုနိုင်ပေ။ အလားတူ လူတစ်ဦးအား 'အဇားဗ်'နှင့် ဒုက္ခ များပေးရန် အလိုတော်ရှိပါလျှင် ဤသည်ကိုလည်း မည်သူကမျှ ကယ်တင်နိုင်စွမ်း မရှိပါချေ။ တစ်ဖန် တမလွန်၏ ရှုထောင့်မှ ကြည့်ပါလျှင်လည်း ဤအကြောင်းသည် မှန်ကန်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်သည် 'ဂျဟန္နမ်'အပယ်ငရဲ၏ 'အဇားဗ်'အပြစ်ဒဏ်၌ ကျရောက်စေတော်မူပါလျှင် ဤသည်ကို မည်သူကမျှ ကယ်တင်နိုင်မည် မဟုတ်ပေ။ အလားတူ 'ဂျန္နသ်'ဥယျာဉ်ဘုံနန်းနှင့် စည်းစိမ်ချမ်းသာ ပေးသနား တော်မူပါလျှင်လည်း မည်သူကမျှ ပိတ်ပင်တားဆီးနိုင်မည်မဟုတ်ပေ။ *[ကုရ်သုဗီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قُل رَّبِّ إِمَّا تُرِيَنِّي مَا يُوعَدُونَ ﴿٩٣﴾

၂၃ : ၉၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပါလေ။ 'အို၊ ကျွန်တော်မျိုး၏ အသျှင်မြတ်၊ အကယ်၍ အသျှင်မြတ်သည် ထို (ကာဖိရ်သွေဖည်ငြင်းပယ်သော) သူတို့ (အား ကတိပေး) ချိန်းချက်ခြင်း ခံကြရကုန်သော အကြင်အရာ (ပြစ်ဒဏ်) ကို ကျွန်တော်မျိုးအား ပြသတော်မူပါလျှင်။'

رَبِّ فَلَا تَجْعَلْنِي فِي الْقَوْمِ الظَّالِمِينَ ﴿٩٤﴾

၂၃ : ၉၄ ။ ။ 'အို၊ ကျွန်တော်မျိုး၏ အသျှင်မြတ်၊ ထိုအခါ အသျှင်မြတ်သည် ကျွန်တော်မျိုးအား (၎င်း) မတရား ကျူးလွန်သော အမျိုးသားတို့တွင် ပါဝင်စေတော်မမူပါနှင့်။'

وَإِنَّا عَلَىٰ أَن نُّرِيَكَ مَا نَعِدُهُمْ لَقَادِرُونَ ﴿٩٥﴾

၂၃ : ၉၅ ။ ။ စင်စစ် ကေန်မလွဲ ငါအသျှင်မြတ်သည် ၎င်းတို့အား (ကတိပေး) ချိန်းချက်တော်မူသော အရာ (ပြစ်ဒဏ်) ကို အသင့်အား ပြသတော်မူရန် တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ် အမှန်ပင် ဖြစ်တော်မူ၏။

ادْفَعْ بِالَّتِي هِيَ أَحْسَنُ السَّيِّئَةَ ۚ نَحْنُ أَعْلَمُ بِمَا يَصِفُونَ ﴿٩٦﴾

၂၃ : ၉၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ထိုကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏) ဆိုးရွားသော ပြုမူချက်တို့ကို အကောင်းဆုံးသော နည်းလမ်းဖြင့် တွန်းလှန်ပါလေ။ ငါအသျှင်မြတ်သည် (အသင့်အား) ၎င်းတို့ ကြံဖန်ပြောဆို စွပ်စွဲကြသည်များကို ကောင်းစွာ သိရှိတော်မူပေသည်။

وَقُل رَّبِّ أَعُوذُ بِكَ مِنْ هَمَزَاتِ الشَّيَاطِينِ ﴿٩٧﴾

၂၃ : ၉၇ ။ ။ ထို့အပြင် အသင်သည် (ဤသို့) လျှောက်ထားပန်ကြားပါလေ။ 'အို၊ ကျွန်တော်မျိုး၏ အသျှင်မြတ်၊ ကျွန်တော်မျိုးသည် ရှိုက်သွာန်တို့၏ တိုက်တွန်းနှိုးဆော်ချက်တို့မှ (လွတ်ကင်းရန်) အသျှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏။'

وَأَعُوذُ بِكَ رَبِّ أَن يَحْضُرُونِ ﴿٩٨﴾

၂၃ : ၉၈ ။ ။ 'အို၊ အသျှင်မြတ်၊ ရှိုက်သွာန်များသည် ကျွန်တော်မျိုးထံသို့ ရောက်ရှိမလာနိုင်ကြရန်လည်း အသျှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏' (ဟု လျှောက်ထားပန်ကြားပါလေ။)

حَتَّىٰ إِذَا جَاءَ أَحَدَهُمُ الْمَوْتُ قَالَ رَبِّ ارْجِعُونِ ﴿٩٩﴾

၂၃ : ၉၉ ။ ။ (ထိုကာဖိရ်တို့သည် နောင်တရကြမည့်သူ မဟုတ်ပေ။) နောက်ဆုံးတွင် သေခြင်းတရားသည် ၎င်းတို့အနက် တစ်ဦးတစ်ယောက်ထံသို့ ရောက်ရှိလာသောအခါ ထိုသူသည် (ဤသို့) လျှောက်ထားလေ၏။ 'အို၊ ကျွန်တော်မျိုး

အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား (လူ့လောကသို့ တစ်ဖန်) ပြန်လွှတ်တော်မူပါ။'

لَعَلِّيٓ أَعۡمَلُ صَٰلِحٗا فِيمَا تَرَكۡتُۚ كَلَّآۚ إِنَّهَا كَلِمَةٌ هُوَ
قَآئِلُهَاۖ وَمِن وَرَآئِهِم بَرۡزَخٌ إِلَىٰ يَوۡمِ يُبۡعَثُونَ ١٠٠

၂၃ : ၁၀၀ ။ ။ 'ကျွန်တော်မျိုးသည် (လောကသို့ ပြန်ရောက်သောအခါ) မိမိစွန့်လွှတ်ထားခဲ့သော ကောင်းမြတ်သည့် အကျင့်သီလကို ကျင့်မှုဆောက်တည်နိုင်မည်ဟု မျှော်လင့်ရပါသည်' (ဟူ၍ ပြောဆိုမည်။ ထိုသို့) အလျှင်းမဖြစ်နိုင်ပြီ။ ဧကန်စင်စစ် ဤသည်မှာ ထိုသူသည် (မိမိ၏ နှုတ်ဖြင့်သာ) ပြောဆိုနေသော စကားတစ်ခွန်းမျှပင် (ဖြစ်၏။) စင်စစ် ၎င်းတို့ရှေ့ဝယ် ၎င်းတို့ ရှင်ပြန်ထကြရမည့်နေ့တိုင်အောင် 'ဗရ်ဇခ်' တည်းဟူသော အကာအဆီးတစ်ခု ရှိချေသည်။ ('ဗရ်ဇခ်' သည် သေပြီးနောက်နှင့် 'ကေယာမသ်' အထိ ကြားကာလကို ဆိုသည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် (အလ္လာဟ်အသျှင်မြတ်ထံတော်တွင်) 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ထိုကာဖိရ်တို့အပေါ် ကတိပြုထားတော်မူသော 'အဇာဗ်' အပြစ်ဒဏ်ကို (**إِذَا فَتَحۡنَا عَلَيۡهِم** ဟူသော အာယသ်တော်ဖြင့် အထက်တွင် သိရှိခဲ့ပြီး ဖြစ်သည်။) အကယ်၍ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ပြသတော်မူပါလျှင် (ဥပမာ- ထို 'အဇာဗ်' အပြစ်ဒဏ်ကို ၎င်းတို့အပေါ် ကျရောက်စေခြင်းကို ကျွန်တော်မျိုး အသက်ရှင်နေချိန်၌ ပြသတော်မူပါ။' အကြောင်းမှာ ထို 'အဇာဗ်'အပြစ်ဒဏ်နှင့် စပ်လျဉ်း၍ တိကျသောအချိန် သတ်မှတ်ခြင်းမရှိသောကြောင့် ဖြစ်သည်။ ဖော်ပြပါ အာယသ်တော်တွင်လည်း အတိအကျဖော်ပြခြင်း မရှိပေ။ အချုပ်မှာ ဤသို့ ဖြစ်ခဲ့ပါလျှင်) 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးအား ထိုမတရားပြုသူများတွင် ပါဝင်စေတော်မမူပါနှင့်'ဟု ဒိုအာဆုတောင်းပါလေ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အား ကတိပြုထားသည့် 'အဇာဗ်' အပြစ်ဒဏ်ကို အသင့်ကို ပြသတော်မူရန်လည်း အမှန်ပင် တတ်စွမ်းနိုင်တော်မူသည်။ အသင်သည် ၎င်းတို့၏ ဆိုးရွားသော ပြုမူချက်တို့ကို အကောင်းဆုံးသော နည်း (နူးညံ့သိမ်မွေ့ခြင်း) ဖြင့် တွန်းလှန်မှု ပြုပါလေ။ (မိမိ၏ ပုဂ္ဂိုလ်ရေးကိစ္စများအတွက် တုန့်ပြန်လက်စားချေခြင်းမပြုဘဲ ငါအသျှင်မြတ်၏ လက်ဝယ်သို့ လွှဲအပ်ပုံချခြင်း ပြုပါလေ။) ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့ လုပ်ကြံပြောဆိုကြသည့် (အသင်နှင့် စပ်လျဉ်းသော) အကြောင်းများကို ကောင်းစွာ သိရှိတော်မူသည်။ (အကယ်၍ အသင်သည် လူသားဖြစ်သည့်အားလျော်စွာ အမျက်ဒေါသဖြစ်ပေါ်လာပါလျှင်) အသင်သည် ဤသို့ ဒိုအာပြုပါလေ။ အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးသည် ရှိုင်သွာန်၏ တိုက်တွန်း၊ လှုံ့ဆော်ခြင်းတို့မှ (လွတ်ကင်းရန်) အသျှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏။ (ရှရီအသ်တရားတော်နှင့် ဆန့်ကျင်မှုမဖြစ်သည့်တိုင် အကောင်းဆုံးလုပ်ရပ်များနှင့် ဆန့်ကျင်သော လုပ်ရပ်များ မကျူးလွန်မိစေရန် ဖြစ်သည်)

ထို့နောက် အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ရှိုက်သွာန်များ ကျွန်တော်မျိုးထံသို့ ရောက်ရှိမလာနိုင်ကြရန်လည်း အသျှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏။ ('ဝပ်စ်ဝစဟ်' စိတ်နှလုံးသားအတွင်း၌ တိုက်တွန်းလှုံ့ဆော်မှု ပြုခြင်းမှာမူ ဝေးကွာပေသည်။ ဤသို့ ပြုခြင်းဖြင့် အမျက်ဒေါသဖြစ်ခြင်း ပျောက်ကွယ်သွားပေမည်။ ဤကာဖိရ်တို့သည် မိမိတို့၏ ကုဖွ်ရ်ပြုခြင်းနှင့် 'ကေယာမသ်' အား ငြင်းဆိုခြင်းကို မစွန့်လွှတ်ကြပေ။) နောက်ဆုံးတွင် ထိုကာဖိရ်တို့အနက် တစ်ဦးတစ်ယောက်၏ (ဦးခေါင်း) အပေါ် သေခြင်းတရား ဆိုက်ရောက်လာသောအခါ ('အာခေရသ်' တမလွန်ကို တွေ့မြင်ရသောအခါ) ထိုအချိန်တွင် (မျက်စိပွင့်လာပြီး မိမိ၏ အသိတရားခေါင်းပါးမှုနှင့် ကုဖွ်ရ်ပြုခြင်းတို့အပေါ် နောင်တအရှက်တရားဖြစ်ပေါ်ပြီး) ပြောဆိုမည်မှာ (အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ (ကျွန်တော်မျိုးအား သေခြင်းတရားမှ လွတ်ကင်းစေတော်မူပြီး) ကျွန်တော်မျိုးအား (လောကတွင်) ပြန်လည်ပို့ဆောင်ပေးတော်မူပါ။ သို့မှသာ ကျွန်တော်မျိုး စွန့်လွှတ်၍ လာခဲ့သည့် (လောက) တွင် (တစ်ဖန် သွားရောက်၍) ကောင်းမှုများ ပြုလုပ်နိုင်ရန် မျှော်လင့်ရပါသည်ဟု ပြောဆိုပေမည်။ (အီမာန်သက်ဝင် ယုံကြည်ခြင်းနှင့် ကောင်းမှုများပြုကျင့်၍ အမိန့်နာခံခြင်းတို့ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုတောင်းဆိုခြင်းကို ပယ်ချတော်မူလိုက်သည်မှာ) လုံး၀ မဖြစ်နိုင်တော့ပြီ။ ဤစကားသည် (၎င်း၏ နှုတ်မှ) ပြောဆိုသည့် စကားသက်သက်သာ ဖြစ်သည်။ (ဖြစ်လာနိုင်မည့် စကားမဟုတ်ပေ။) ထို့နောက် (ထိုသို့ဖြစ်ရသည့် အကြောင်းမှာ) ထိုသူတို့၏ ရှေ့တွင် အတားအဆီး (ဖြစ်သော အရာ) တစ်ခု ရှိနေသောကြောင့် ဖြစ်သည်။ (ထိုအတားအဆီးဖြစ်ပေါ်ရန်မှာ အရေးကြီးသည်။ ထိုအတားအဆီးသည် လောကသို့ ပြန်လာခြင်းမှ ဟန့်တားထားသည့် အတားအဆီးပင် ဖြစ်သည်။ ဆိုလိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလ၌ ဖြစ်ပေါ်လာမည့် 'သေခြင်းတရား' ပင် ဖြစ်သည်။

وَلَنْ يُّؤَخِّرَ اللّٰهُ نَفْسًا اِذَا جَآءَ اَجَلُهَا

သေဆုံးပြီးနောက် လောကသို့ (ပြန်လာရန်မှာလည်း) 'ကေယာမသ်'နေ့ထိတိုင် (အသျှင်မြတ်၏ အမိန့်ဥပဒေနှင့် ဆန့်ကျင်လျက်) ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قُلْ رَّبِّ اِمَّا تُرِيَنِّيْ مَا يُوْعَدُوْنَ ○ رَبِّ فَلَا تَجْعَلْنِيْ فِى الْقَوْمِ الظّٰلِمِيْنَ

ဤအာယသ်တော်နှစ်ပါး၏ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ မြောက်မြားစွာသော အာယသ်တော်များတွင် မုရှ်ရစ်ကဲများနှင့် ကာဖိရ်တို့အပေါ် 'အဇားဗ်'အပြစ်ဒဏ်ပေးမည့် အကြောင်းများ လာရှိထားသည်။ 'ကေယာမသ်'နေ့တွင် ဤအဖြစ်နှင့် မုချ ကြုံတွေ့ရမည်ဖြစ်သည်။ လောက၌ တွေ့ကြုံခံစားရခြင်းလည်း ဖြစ်နိုင်သည်။ တစ်ဖန် ဤ 'အဇားဗ်'သည် လောက၌ပင် ၎င်းတို့အပေါ်သို့ ကျရောက်လာ

ခဲ့ပါလျှင် ဤကျရောက်သည့် 'အဇာဗ်'သည် ကိုယ်တော်မြတ် ﷺ ၏ ခေတ်ကာလနောက်ပိုင်းမှလည်း ဖြစ်နိုင်သည်။ ထို့အပြင် ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယ၌ပင် ကိုယ်တော်မြတ် ﷺ ၏ ရှေ့မှောက်တွင် ၄င်းတို့အပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'အဇာဗ်'တစ်ခုခု ကျရောက်ခြင်းလည်း ဖြစ်နိုင်သည်။ လောကတွင် အုပ်စုတစ်စုအပေါ် သို့ 'အဇာဗ်'တစ်ခုခု ကျရောက်လာပါလျှင် တစ်ခါတစ်ရံ ထို 'အဇာဗ်'၏ သက်ရောက်မှုသည် မတရား ပြုသူများအပေါ်၌သာ ကျရောက်ခြင်းမဟုတ်ဘဲ ကောင်းမြတ်သောသူများ လည်း ထို 'အဇာဗ်'တွင် လောကီရေးဒုက္ခတစ်မျိုးအသွင်ဖြင့် ခံစားကြရပေမည်။ 'အာခေရသ်'တွင် ၄င်းတို့အဖို့ မည်သည့်'အဇာဗ်'မျှ ရှိမည်မဟုတ်ဘဲ လောကီဒုက္ခအဖြစ် ခံစားခဲ့ရသည့် 'အဇာဗ်'၏ ဒုက္ခ အတွက် ကောင်းမှုအကျိုးများ ရရှိပေလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

اتقوا فتنة لا تصيبن الذين ظلموا منكم خاصّة

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ 'မတရားမှုပြုသူများအပေါ်၌ သာမဟုတ်ဘဲ အခြားသူများ လည်း တွေ့ကြုံခံစားရမည့် 'အဇာဗ်'အပြစ်ဒဏ်ကို ကြောက်ရွံ့ကြလေကုန်'ဟု ဖြစ်သည်။

ဤအာယသ်တော်များတွင် တမန်တော်မြတ် ﷺ အား ဒိုအာသင်ကြားပေးတော်မူသည်မှာ 'အို, အလ္လာဟ်၊ အကယ်၍ ထိုသူများအပေါ်၌ အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ် ချပေးတော်မူခြင်းကို ကျွန်တော် မျိုး၏ ရှေ့၌ ကျွန်တော်မျိုးတို့ တွေ့မြင်ရသည့် အခြေအနေ၌ဖြစ်ပါလျှင် ကျွန်တော်မျိုးအား ထိုမတရား ကျူးလွန်သူများအတွင်း၌ ပါဝင်စေတော်မမူပါနှင့်' ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် အပြစ် ကင်းစင်သူနှင့် အသျှင်မြတ်၏ 'အဇာဗ်'ပေးခြင်းမှ ကင်းလွတ်သူဖြစ်ခြင်းမှာ မလွဲကေန် အမှန်ပင် ဖြစ်ပါ သည်။ သို့ရာတွင် ဤဒိုအာကို သင်ကြားပေးရခြင်းမှာ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ အသျှင်မြတ်ကို အခြေအနေတိုင်း၌ သတိရတသနေခြင်းနှင့် ထိုအသျှင်မြတ်ထံတော်၌ တောင်းခံမှုပြုနေရန် ဖြစ်သည်။ သို့မှသာ ကိုယ်တော်မြတ် ﷺ ၏ အကျိုးကုသိုလ်များ တိုးပွားလာမည် ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

وَ اِنَّا عَلٰٓى اَنْ نُّرِيَكَ مَا نَعِدُهُمْ لَقٰدِرُوْنَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် အသင်၏ ရှေ့မှောက်၌ပင် အသင်သည် ၄င်းတို့အပေါ်သို့ 'အဇာဗ်'ကျရောက်လာသည်ကို တွေ့မြင်နိုင်ရန် ပြုစွမ်းနိုင်သော အသျှင်မြတ် ဖြစ်တော်မူသည်'ဟု ဖြစ်သည်။

အချို့အဖွင့်ပညာရှင်များက မိန့်ဆိုကြသည်မှာ အမှန်စင်စစ် ဤအုမ္မသ်အပေါ်၌ ကိုယ်တော်မြတ် ﷺ ၏ 'ဗရ်ကသ်'တော်ဖြင့် အစုလိုက်အပြုံးလိုက် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်မည်မဟုတ်ကြောင်း အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ ကတိတော်ရှိထားပြီး ဖြစ်သည်။

وما كان الله ليعذ بهم وانت فيهم

ဆိုလိုသည်မှာ 'ထိုလူများအတွင်း၌ အသင်ရှိနေသည့် အခြေအနေတွင် ငါအသျှင်မြတ်သည် ထိုလူ များအပေါ် အပြစ်ဒဏ် ပို့ချတော်မူမည် မဟုတ်ပေ။' သို့သော်လည်း အထူးသတ်မှတ်ထားသူများအပေါ်၌ အထူးသတ်မှတ်ထားသည့် အခြေအနေမျိုးတွင် လောက၏ 'အဇာဗ်'အပြစ် ကျရောက်လာခြင်းမှာ အထက်ပါ

အာယသ်တော်နှင့် ဆန့်ကျင်မှုမဖြစ်ပေ။ ဤအာယသ်တော်၌ မိန့်ကြားတော်မူသည်မှာ 'ငါအသျှင်မြတ်သည် အသင့်အားလည်း ၎င်းတို့အပေါ်၌ ကျရောက်သည့် 'အဇာဗ်'အပြစ်ဒဏ်ကို ပြသရန် စွမ်းဆောင်နိုင်သော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို 'အဇာဗ်'သည် မက္ကာဟ်သားတို့အပေါ် ကပ်ဆိုက်ခြင်းနှင့် ငတ်မွတ်ခေါင်းပါးသော 'အဇာဗ်'၊ တစ်ဖန် 'ဗဒရ်'စစ်ပွဲတွင် မွတ်စလင်မ်တို့၏ ဓါးများ၏ 'အဇာဗ်'သည် ၎င်းတို့အပေါ်သို့ ကျရောက်ခဲ့သည့် အကြောင်းတို့သည် အသင်၏ မျက်စိရှေ့မှောက်၌ပင် ဖြစ်ပေသည်'ဟု တင်ပြထားပေသည်။ *[ကုရ်သုဗီကျမ်း]*

اِدْ فَعْ بِا لَّتِىْ هِىَ اَحْسَنُ السَّيِّئَةَ

ဆိုလိုသည်မှာ 'အသင်သည် မကောင်းမှုကို ကောင်းမှုဖြင့်လည်းကောင်း၊ မတရားမှုကို တရားမျှတမှုဖြင့်လည်းကောင်း အကြင်နာကင်းမဲ့မှုကို အကြင်နာတရားဖြင့်လည်းကောင်း တိုက်ဖျက်ပါလေ' ဟု ဖြစ်သည်။ ဤသည် မွတ်စလင်မ်များအချင်းချင်း အမြဲတစေ ပြုကျင့်လုပ်ဆောင်နိုင်ရန် တမန်တော်မြတ် ﷺ အား သင်ကြားပေးတော်မူသည့် မြင့်မြတ်သော စာရိတ္တတော် ဖြစ်သည်။ သို့ရာတွင် ကာဖိရ်နှင့် မုရှ်ရစ်က်များကို ၎င်းတို့၏ မတရားမှုများကို ရင်ဆိုင်ရာတွင် ခွင့်လွှတ်မှုများကို ပြုနေရမည်။ ၎င်းတို့အပေါ် လက်တုန့်ပြန်ခြင်း မပြုရပေ။

ဤအာယသ်တော်၏ အမိန့်များသည် 'ဂျိဟားဒ်' ပြုရန် ပြဋ္ဌာန်းထားသော အာယသ်တော်ဖြင့် ရုပ်သိမ်းခြင်းခံခဲ့ရပြီး ဖြစ်သည်။ သို့ရာတွင် 'ဂျိဟားဒ်'ပြုလုပ်နေဆဲ အချိန်၌လည်း ဤကောင်းမြတ်သည့် စာရိတ္တ၏ ဖော်ထုတ်ပြသခြင်း များစွာကို ချန်လှပ်ထားသည်။ ၎င်းမှာ 'ဂျိဟားဒ်'တွင် အမျိုးသမီးများကို မသတ်ဖြတ်ရ။ ကလေးများကို မသတ်ဖြတ်ရ။ မွတ်စလင်မ်တို့နှင့် ရင်ဆိုင်တိုက်ခိုက်ရန် စစ်ပွဲ၌ မပါဝင်သည့် ဘာသာခြားများကို မသတ်ဖြတ်ရ။ မိမိသတ်ဖြတ်သူများကို مُثْلَه 'မုစ်လဟ်' (နားနှင့် နှာခေါင်း စသည်များ ပြတ်တောက်ခြင်း) မပြုရ။ စသော အမိန့်များသည် မြင့်မြတ်သော စာရိတ္တမွန်၏ အမိန့်ပညတ်ချက်များမှ ဖြစ်သည်။ ထို့ကြောင့် နောက်မှလာသော အာယသ်တော်တွင် ကိုယ်တော်မြတ် ﷺ အား ရှိုက်သွာန်နှင့် ၎င်း၏ လှုံ့ဆော်မှုများမှ ခိုလှုံခွင့် တောင်းခံရန် ဒိုအာကို သင်ကြားပေးတော်မူသည်။ စစ်မြေပြင်၌လည်း ကိုယ်တော်မြတ် ﷺ ဘက်မှ တရားမျှတမှုနှင့် မြင့်မြတ်သည့် စာရိတ္တတော်တို့နှင့် ဆန့်ကျင်သော အရာတစ်ခုခုသည် ရှိုက်သွာန်၏ သွေးတိုးလှုံ့ဆော်မှုကြောင့် မဖြစ်ပေါ်စေရန် ဖြစ်သည်။ ယင်းဒိုအာမှ

وَقُلْ رَبِّ اَعُوْذُ بِكَ مِنْ هَمَزٰتِ الشَّيٰطِيْنِ ○ وَاَعُوْ ذُ بِكَ رَبِّ اَنْ يَّحْضُرُوْ نِ

همز ၏ အဓိပ္ပာယ်မှာ 'ဖိအားပေးခြင်း၊ တွန်းအားပေးခြင်း' ဟု ဖြစ်သည်။ နောက်ဘက်မှ အသံပေးခြင်းဟူသော အဓိပ္ပာယ်၌လည်း အသုံးပြုသည်။ ဤဒိုအာသည် မိမိ၏ ခြုံငုံမှုရှိသော အဓိပ္ပာယ်အားဖြင့် ရှိုက်သွာန်၏ ဆိုးသွမ်းမှုနှင့် လှည့်ဖြားခြင်းတို့မှ ကင်းလွတ်ရန်အတွက် ပြည့်စုံကုံလုံသည့် ဒိုအာ တစ်ပုဒ် ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ဤဒိုအာကို မွတ်စလင်မ်တို့အား သင်ကြားပေးတော်မူခဲ့သည်။

သို့မှသာ မိမိစိတ်ကို မိမိ မချုပ်တည်းနိုင်သော ဒေါသအမျက်ထွက်နေသည့်အခါတွင် ရှိုက်သွာန်၏ ဖိအားပေးမှု၊ လှုံ့ဆော်မှုမှ ကင်းလွတ်နိုင်မည် ဖြစ်သည်။ ထို့ပြင် ရှိုက်သွာန်များနှင့် ဂျင်န်တို့၏ အခြားသော စွဲကပ်မှုများနှင့် ရန်မူခြင်းများမှ လွတ်ကင်းရန်လည်း ထိရောက်သော ဒိုအာဖြစ်သည်။ ဟဇရသ်ခါလိဒ် ﷺ သခင်သည် ညအခါတွင် အိပ်မပျော်ဖြစ်ခဲ့ရသည်။ တမန်တော်မြတ် ﷺ သည် 'ဤဒိုအာကို ဖတ်ရွတ်ပါ' ဟု မိန့်ကြားပြီး ဒိုအာ၏ စာပိုဒ်များကို သင်ကြားပေးတော်မူသည်။ ၄င်းက ဖတ်ရွတ်သည့်အခါ ထိုအိပ်၍ မပျော်သည့် ဒုက္ခမှ ကင်းလွတ်သွားလေသည်။ ယင်းဒိုအာမှာ-

اَعُوْذُ بِكَلِمَاتِ اللهِ التَّآمَّةِ مِنْ غَضَبِ اللهِ وَعِقَابِهِ
وَمِنْ شَرِّ عِبَادِهِ وَمِنْ هَمَزٰتِ الشَّيٰطِيْنِ وَاَنْ يَّحْضُرُوْنِ

ဖြစ်သည်။ ان يحضرون ဆွဟီးမွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်ဂျာဗိရ် ﷺ သခင်မှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ရှိုက်သွာန်သည် အသင်တို့၏ လုပ်ရပ်တိုင်းနှင့် အခြေအနေတိုင်းတွင် အသင်တို့ထံသို့ ရောက်ရှိလာသည်။ လုပ်ရပ်တိုင်း၌ အပြစ်စရိုက်များနှင့် မှားယွင်းမှုများ ဖြစ်ပေါ်စေရန် နှလုံးသားတွင် လှုံ့ဆော်မှုပြုလေသည်။' *[ကုရ်သုဗီကျမ်း]*

ဤသို့သော ဖြစ်ရပ်များမှ ခိုလှုံခွင့်ရယူရန်အတွက် ဤဒိုအာကို သင်ကြားပေးတော်မူခြင်း ဖြစ်သည်။

رَبِّ ارْجِعُوْنِ

ဆိုလိုသည်မှာ သေဆုံးကွယ်လွန်သည့်အချိန်တွင် ကာဖိရ်အပေါ် 'အာခေရသ်'၏ 'အဇားဗ်' အပြစ်ဒဏ်များ ရှေ့သို့ ရောက်ရှိလာသောအခါ ထိုကာဖိရ်သည် 'တစ်ဖန် လောက၌ ပြန်သွားပြီး ကောင်းမှုများ ပြုလုပ်လျက် ဤ 'အဇားဗ်'အပြစ်ဒဏ်မှ ကင်းလွတ်ရန် ပြုနိုင်လျှင် ကောင်းလေစွ' ဟု တောင့်တပေမည်။

အိဗ်နေဂျရီးရ်သည် အိဗ်နေဂျူရိုင်ဂ်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူထားသည်မှာ 'သေဆုံးကွယ်လွန်ချိန်၌ မုအ်မင်န်သည် 'ရဟ်မသ်'၏ ဖရစ်ရှ်သာဟ်နှင့် 'ရဟ်မသ်'၏ ပစ္စည်းများကို ရှေ့၌ တွေ့မြင်ရသောအခါ ဖရစ်ရှ်သာဟ်က ၄င်းအား 'အသင်သည် မည်သည့်အရာ လိုလားပါသနည်း။ အသင့်အား လောကသို့ ပြန်လည်ပို့ဆောင်ပေးရမည်လော' ဟု မေးရာ ၄င်းက 'ကျွန်ုပ်သည် ထိုသောကများ၊ ဒုက္ခများနှင့် ပြည့်နှက်နေသည့် လောကကမ္ဘာသို့ သွား၍ မည်သည့်အရာကို ပြုရပါမည်နည်း။ ကျွန်ုပ်အား ယခု အလ္လာဟ်အသျှင်မြတ်ထံတော်သို့သာ ခေါ်ဆောင်သွား' ဟု ပြောဆိုပေမည်။ ကာဖိရ်အား မေးမြန်းသောအခါ ကာဖိရ်က رَبِّ ارْجِعُوْنِ 'ကျွန်ုပ်အား ဒွန်ယာလောကသို့ ပြန်လည်ပို့ဆောင်ပေးပါ' ဟု ပြောဆိုပေမည်။

كَلَّا اِنَّهَا كَلِمَةٌ هُوَ قَائِلُهَا وَمِنْ وَّرَآئِهِمْ بَرْزَخٌ اِلٰى يَوْمِ يُبْعَثُوْنَ

بَرْزَخٌ ၏ အဓိပ္ပာယ်မှာ အတားအဆီး၊ ခြားနားမှုဟု ဖြစ်သည်။ အခြေအနေနှစ်ရပ်၊ (သို့) အရာနှစ်ခု၏ ကြားအလယ်တွင် ခြားနားမှု၊ အတားအဆီးရှိခြင်းကို بَرْزَخٌ ဟုခေါ်သည်။ ထို့ကြောင့် သေဆုံး

ကွယ်လွန်ပြီးနောက် 'ကေယာမသ်'နှင့် 'ဟရှရ်'အထိဖြစ်သော အချိန်ကာလကို بَرْزَخ 'ဗရ်ဇခ်'ဟု ခေါ်သည်။ အကြောင်းမှာ ဤကာလသည် လောကီသက်တမ်းနှင့် လောကုတ္တရာသက်တမ်းတို့ကို ခြားနားမှု ပြုသော ကာလဖြစ်သောကြောင့်ပင် ဖြစ်သည်။

အာယသ်တော်၏ အဓိပ္ပာယ်မှာ 'သေဆုံးကွယ်လွန်သော ကာဖိရ်သည် လောကသို့ ပြန်ပို့ဆောင်ပေးရန် ဖရစ်ရှ်သာဟ်များအား ပြောဆိုသည့်အခါတွင် ဤစကားကို မုချ ပြောဆိုရမည်သာ ဖြစ်သည်။ အကြောင်းမှာ ယခုအခါ 'အဇာဗ်'အပြစ်ဒဏ်သည် ၎င်း၏ ရှေ့မှောက်၌ ရောက်ရှိလာသောကြောင့် ဖြစ်သည်။ သို့ရာတွင် ထိုစကားသည် မည်သို့မျှ အကျိုးသက်ရောက်တော့မည် မဟုတ်ပေ။ အကြောင်းမှာ ယခုအခါ ၎င်းသည် 'ဗရ်ဇခ်' (အတားအဆီးဖြစ်သော ကြားကာလ နေရာ) ၌ ရောက်ရှိသွားပြီး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုကြားကာလနေရာ၏ ဥပဒေမှာ 'ဗရ်ဇခ်'ဟူသော ကြားကာလနေရာမှ မည်သူမှ လှည့်ပြန်၍ ဒွန်နယာလောက၌ လာရောက်ခြင်းမပြုနိုင်။ ထို့ပြင် 'ကေယာမသ်'နှင့် ပြန်လည်ရှင်ထခြင်းများ မဖြစ်ပေါ်မီ အခြားသော သက်တမ်းမရှိနိုင်သောကြောင့် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَإِذَا نُفِخَ فِي الصُّورِ فَلَا أَنسَابَ بَيْنَهُمْ يَوْمَئِذٍ وَلَا يَتَسَاءَلُونَ ﴿١٠١﴾

၂၃ : ၁၀၁ ။ ။ ထို့နောက် တံပိုးမှုတ်လိုက်သောအခါ (ထိုနေ့၌) ၎င်းတို့အချင်းချင်းတွင် မည်သည့်အဆွေးမျိုးတော်စပ်မှုမျှလည်း အလျဉ်း ရှိလိမ့်မည်မဟုတ်။ အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းကြမည်လည်း မဟုတ်ချေ။

فَمَن ثَقُلَتْ مَوَازِينُهُ فَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿١٠٢﴾

၂၃ : ၁၀၂ ။ ။ ထို့ကြောင့် (ထိုနေ့တွင်) ကောင်းမှုဘက်၌ အလေးချိန်သာသော သူတို့သည်သာလျှင် အောင်မြင်မှု ရရှိသောသူများ ဖြစ်ကြပေမည်။

وَمَنْ خَفَّتْ مَوَازِينُهُ فَأُولَٰئِكَ الَّذِينَ خَسِرُوا أَنفُسَهُمْ فِي جَهَنَّمَ خَالِدُونَ ﴿١٠٣﴾

၂၃ : ၁၀၃ ။ ။ သို့ရာတွင် (ကောင်းမှုဘက်မှ) အလေးချိန် ပေါ့ (လျော့) နေသူတို့မှာမူ မိမိတို့ကိုယ်ကို မိမိတို့ပင် ဆုံးရှုံးစေခဲ့ကြသူများ ဖြစ်ကြပေရာ (၎င်းတို့သည်) 'ဂျဟန္နမ်'ငရဲဘုံ၌ ထာဝစဉ် နေထိုင်ကြရပေမည်။

تَلْفَحُ وُجُوهَهُمُ النَّارُ وَهُمْ فِيهَا كَالِحُونَ ﴿١٠٤﴾

၂၃ : ၁၀၄ ။ ။ (ငရဲ) မီးသည် ၎င်းတို့၏ မျက်နှာများကို လောင်ကျွမ်းလျက် ရှိပေမည်။ ထို့ပြင် ၎င်းတို့သည် ယင်း (ငရဲဘုံ) ၌ ရုပ်ဆင်းသဏ္ဌာန် ပျက်ယွင်းလျက် စိတ်ညစ်ညူး၍ နေကြမည်ဖြစ်သည်။

أَلَمْ تَكُنْ ءَايَٰتِى تُتْلَىٰ عَلَيْكُمْ فَكُنتُم بِهَا تُكَذِّبُونَ ١٠٥

၂၃ : ၁၀၅ ။ ။ (ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ဤသို့ မိန့်ကြားတော်မူပေမည်။) ငါအသျှင်မြတ်၏ အာယသ်တော်များကို အသင်တို့ရှေ့မှောက်တွင် ဖတ်ကြားခြင်းခံခဲ့ရသောအခါ အသင်တို့သည် ယင်း (အာယသ်တော်) များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်လေ့ ရှိခဲ့ကြသည် မဟုတ်လော။

قَالُوا۟ رَبَّنَا غَلَبَتْ عَلَيْنَا شِقْوَتُنَا وَكُنَّا قَوْمًا ضَآلِّينَ ١٠٦

၂၃ : ၁၀၆ ။ ။ ထိုအခါ ၎င်းတို့သည် (ဤသို့) လျှောက်ထားကြပေမည်။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ (စင်စစ်) ကျွန်တော်မျိုးတို့၏ အကြောင်းမလှ (ကံကြမ္မာဆိုး) မှုသည် ကျွန်တော်မျိုးတို့အပေါ်၌ လွှမ်းမိုးဖိစီးခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် လမ်းမှားသူများလည်း ဖြစ်ခဲ့ကြပါသည်။

رَبَّنَآ أَخْرِجْنَا مِنْهَا فَإِنْ عُدْنَا فَإِنَّا ظَٰلِمُونَ ١٠٧

၂၃ : ၁၀၇ ။ ။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤ (ဂျဟန္နမ်) ငရဲဘုံမှ ထုတ်ယူတော်မူပါ။ တစ်ဖန် အကယ်၍ ကျွန်တော်မျိုးတို့သည် (ဤသို့သော အပြုအမူမျိုးကို) ထပ်မံ၍ ပြုလုပ်ခဲ့ကြပါလျှင် ထိုအခါ ကျွန်တော်မျိုးတို့သည် ပြစ်မှုကျူးလွန်သူများအမှန်ပင် ဖြစ်ကြပါမည်။'

قَالَ ٱخْسَـُٔوا۟ فِيهَا وَلَا تُكَلِّمُونِ ١٠٨

၂၃ : ၁၀၈ ။ ။ (ထိုအခါ) ငါအသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူမည်။ အသင်တို့သည် ယင်း (ဂျဟန္နမ်) ငရဲဘုံ၌ ဂုဏ်ရည်သေးသိမ်စွာ မောင်းထုတ်ခြင်း ခံရသူများအဖြစ် ရှိနေကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါအသျှင်မြတ်နှင့် အလျဉ်း လျှောက်ထားခြင်း မပြုကြကုန်လင့်။

إِنَّهُۥ كَانَ فَرِيقٌ مِّنْ عِبَادِى يَقُولُونَ رَبَّنَآ ءَامَنَّا فَٱغْفِرْ لَنَا وَٱرْحَمْنَا وَأَنتَ خَيْرُ ٱلرَّٰحِمِينَ ١٠٩

၂၃ : ၁၀၉ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်၏ ကျွန်တို့အနက် လူတစ်စုသည် ရှိခဲ့ကြကုန်၏။ ၎င်းတို့သည် (ငါအသျှင်မြတ်ထံတော်တွင် ဤသို့) လျှောက်ထားပန်ကြားလျက် ရှိခဲ့ကြကုန်၏။ 'အို၊ ကျွန်တော်မျိုးတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါပြီ။ ထို့အတွက် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပါ။ ထိုအသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား သနားတော်မူပါ။ စင်စစ် အသျှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် အကောင်းဆုံး သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။'

فَٱتَّخَذْتُمُوهُمْ سِخْرِيًّا حَتَّىٰٓ أَنسَوْكُمْ ذِكْرِى وَكُنتُم مِّنْهُمْ تَضْحَكُونَ ١١٠

၂၃ : ၁၁၀ ။ ။ ထိုအခါ အသင် (ကာဖိရ်) တို့သည် ၎င်း (ယုံကြည်သူ) တို့အား ပြက်ချော်ပြောင်လှောင်ဖွယ်ရာများ ပြုလုပ်ခဲ့ကြကုန်၏။ နောက်ဆုံးတွင် ယင်း (ပြက်ချော်မှု) သည် အသင်တို့ကို ငါအသျှင်မြတ်အား သတိရ တသခြင်းမှ မေ့ပျောက်စေခဲ့၏။ ၎င်းပြင် အသင်တို့သည် ထိုသူတို့အပေါ်၌ ရယ်မောလျက်ပင် ရှိခဲ့ကြကုန်၏။

إِنِّي جَزَيْتُهُمُ الْيَوْمَ بِمَا صَبَرُوا أَنَّهُمْ هُمُ الْفَائِزُونَ ﴿١١١﴾

၂၃ : ၁၁၁ ။ ။ ယနေ့ ငါအသျှင်မြတ်သည် ထို (ယုံကြည်) သူတို့အား ၎င်းတို့၏ သည်းခံမှုကြောင့် ကောင်းကျိုးကို ချီးမြှင့်တော်မူလိုက်ပြီ။ မုချကေန် ၎င်းတို့သည်သာ အောင်မြင်သူများ ဖြစ်ကြကုန်သည်။

قَالَ كَمْ لَبِثْتُمْ فِي الْأَرْضِ عَدَدَ سِنِينَ ﴿١١٢﴾

၂၃ : ၁၁၂ ။ ။ ထိုအသျှင်မြတ်သည် (၎င်းတို့အား) 'အသင်တို့သည် ကမ္ဘာမြေဝယ် နှစ်ကာလ အရေအတွက်အားဖြင့် မည်မျှကြာအောင် နေထိုင်ခဲ့ကြသနည်း' ဟု မေးမြန်းတော်မူမည်။

قَالُوا لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ فَاسْأَلِ الْعَادِّينَ ﴿١١٣﴾

၂၃ : ၁၁၃ ။ ။ (ထိုအခါ) ၎င်းတို့က 'ကျွန်တော်မျိုးတို့သည် တစ်နေ့တိတိသော်လည်းကောင်း၊ (သို့မဟုတ်) တစ်နေ့၏ လျော့လျော့သော်လည်းကောင်း နေခဲ့ကြပါသည်။ သို့ပါ၍ အသျှင်မြတ်သည် ရေတွက်သူ (များ ဖြစ်ကြသော 'မလာအေ့ကာဟ်' ကောင်းကင်တမန်) တို့အား မေးမြန်း၍ ကြည့်တော်မူပါ' ဟု လျှောက်ထားကြပေမည်။

قَالَ إِنْ لَبِثْتُمْ إِلَّا قَلِيلًا لَوْ أَنَّكُمْ كُنْتُمْ تَعْلَمُونَ ﴿١١٤﴾

၂၃ : ၁၁၄ ။ ။ (ထိုအခါ) ထိုအသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူမည်။ 'အသင်တို့သည် (ကမ္ဘာမြေဝယ် ကာလ) အနည်းငယ်မျှသာ ကြာမြင့်ခဲ့ကြပေသည်။ အကယ်၍သာ (ဤသည်ကို) အသင်တို့သည် (ယခင်ကပင်) သိရှိခဲ့ကြလျှင် ကောင်းလေစွ။'

أَفَحَسِبْتُمْ أَنَّمَا خَلَقْنَاكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ ﴿١١٥﴾

၂၃ : ၁၁၅ ။ ။ အသင်တို့သည် မိမိတို့အား ငါအသျှင်မြတ်က အချည်းနှီး အကျိုးမဲ့သာ ဖန်ဆင်းတော်မူခဲ့သည်ဟူ၍လည်းကောင်း၊ အသင်တို့သည် ငါအသျှင်မြတ်ထံတော်သို့ ပြန်လည် ရောက်ရှိကြရမည်မဟုတ်ဟူ၍လည်းကောင်း ထင်မှတ်ခဲ့ကြသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ('ကေယာမသ်' ဖြစ်ပေါ်ပြီးသောအခါ) 'စူရ်' တံပိုးမှုတ်သောအခါ (ကြောက်မက်ဖွယ်ရာ အခြေအနေများတွင် ဖမ်းဆီးခြင်း ခံရပေမည်။) ၎င်းတို့အချင်းချင်းတွင် ဆွေမျိုးတော်စပ်ခြင်းများသည်လည်း (ထိုနေ့တွင်) ရှိလိမ့်မည် မဟုတ်ပေ။ (လူတစ်ဦးသည် အခြားတစ်ဦးအဖို့ စာနာထောက်ထားခြင်း၊ ငဲ့ကွက်ခြင်းများ ပြုတော့မည်မဟုတ်ပေ။ သူစိမ်းများအသွင် ဖြစ်သွားပေလိမ့်မည်။) အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းကြမည်လည်း မဟုတ်ပေ။ ('အို၊ နောင်တော်၊ အသင်၏ အခြေအနေ မည်သို့ပါနည်း' ဟု မေးမြန်းကြမည်မဟုတ်ပေ။ အချုပ်ဆိုရသော် ဆွေမျိုးသားချင်း တော်စပ်ခြင်းသည်လည်းကောင်း၊ မိတ်ဆွေအပေါင်း

အသင်း ဖြစ်ခြင်းသည်လည်းကောင်း၊ သိက္ခမ်းသူဖြစ်ခြင်းသည်လည်းကောင်း မည်သည့်အရာမျှ အကျိုးဖြစ်ထွန်း အသုံးဝင်မည် မဟုတ်ပေ။ ထိုနေ့တွင် အီမာန်သက်ဝင်ယုံကြည်ခြင်းဟူသော အရာတစ်ခုသည်သာ အသုံးဝင်ပေမည်။ ထိုနေ့တွင် ကောင်းမှု၊ မကောင်းမှုကို ချိန်တွယ်မည့် ချိန်ခွင်တစ်ခုကို ထားရှိပေမည်။ ထိုချိန်ခွင်တွင် 'အအ်မားလ်' ကျင့်စဉ်များနှင့် ယုံကြည်ချက်တို့ကို ချိန်တွယ်ပေလိမ့်မည်။) ထို့ကြောင့် (အီမာန်နှင့် ကောင်းမှုဘက်၌) အလေးချိန်သာလျှင် (မုအ်မင်န်ဖြစ်လျှင်) ဤသို့သော သူသည် (လွတ်မြောက်) အောင်မြင်မှုရရှိသူ ဖြစ်ပေမည်။ (ထို့နောက် အထက်ဖော်ပြပါ ဆွေမျိုးတော်စပ်ခြင်း၊ မိတ်ဆွေဖြစ်ခဲ့ခြင်းတို့သည် အသုံးဝင်ခြင်းမရှိဘဲ တစ်ဦးနှင့်တစ်ဦး အသင့်အခြေအနေ မည်သို့ပါနည်း' ဟုပင် မေးမြန်းမှု မရှိတော့သည့် ကြောက်မက်ဖွယ်ရာ အခြေအနေများကို ထိုမုအ်မင်န်တို့ ကြုံတွေ့ကြရမည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်

لَا يَحْزُنُهُمُ الْفَزَعُ الْاَكْبَرُ

အတိုင်း ဖြစ်သည်။) ထို့နောက် (အီမာန်ဘက်၌) အလေးချိန်ပေါ့လျော့နေသူသည် (ကာဖိရ်ဖြစ်မည်ဆိုလျှင်) ထိုသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ ဆုံးရှုံးနစ်နာစေသူများ ဖြစ်ကြသည်။ ၎င်းတို့သည် 'ဂျဟန္နမ်'ငရဲ၌ အမြဲထာဝရ နေကြရပေမည်။ ၎င်းတို့၏ မျက်နှာများကို (ထိုငရဲဘုံ၏) မီးသည် လောင်ကျွမ်းပေလိမ့်မည်။ ထို့ပြင် ထို (ငရဲဘုံ) ၌ ၎င်းတို့၏ မျက်နှာများသည် ပျက်စီးယိုယွင်းနေပေမည်။ (ထို့နောက် အသျှင်မြတ်သည် ၎င်းတို့အား အကျိုးအကြောင်း ဆက်စပ်ခြင်းဖြင့်လည်းကောင်း၊ ဆက်စပ်ခြင်းမရှိဘဲလည်းကောင်း မိန့်ကြားတော်မူမည်မှာ) ငါအသျှင်မြတ်၏ အာယသ်တော်များသည် (ဒွန်ယာလောကတွင်) အသင်တို့အား ဖတ်ကြားပြသခြင်း ခံရသောအခါ အသင်တို့သည် ထိုအာယသ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသည် မဟုတ်လော။ (ဤပြစ်ဒဏ်များသည် ထိုငြင်းပယ်ခြင်း၏ အစား ရရှိခြင်းဖြစ်သည်။)

ထိုအခါ ၎င်းတို့က လျှောက်ထားကြမည်မှာ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ (အမှန်ပင်) ကျွန်တော်မျိုးတို့၏ ကုသိုလ်ကံဆိုးမှုသည် ကျွန်တော်မျိုးတို့အား (ကျွန်တော်မျိုးတို့၏ လက်များဖြင့်) လွှမ်းမိုး (ဖိစီး) ခဲ့ပါသည်။ ထို့နောက် (စေကန်အမှန်) ကျွန်တော်မျိုးတို့သည် လမ်းမှားသူများလည်း ဖြစ်ခဲ့ကြပါသည်။' (ဆိုလိုသည်မှာ ကျွန်တော်မျိုးတို့သည် ပြစ်မှုပြုခဲ့သည်များကို ဝန်ခံခြင်းနှင့် ထိုပြစ်မှုများအပေါ် အရှက်ရခြင်းတို့ကို ထုတ်ဖော်လျက် လျှောက်ထားကြပါသည်။)

အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးတို့အား ထို (ဂျဟန္နမ်ငရဲဘုံ) မှ (ယခု) ထုတ်ပေးတော်မူပါ။ (လောကသို့ တစ်ဖန်ပြန်၍ စေလွှတ်တော်မူပါ။ စူရာဟ် 'အာလိဖ်လာမ်မီမ်စဂျ်ဒဟ်' တွင် فارجعنا نعمل صالحا ဟု လာရှိထားသည့်အတိုင်း ဖြစ်သည်။) တစ်ဖန် အကယ်၍ ကျွန်တော်မျိုးတို့သည် ပြစ်မှုကျူးလွန်သူများ ဖြစ်ကြပါလျှင် (ထိုအချိန်တွင် ကျွန်တော်မျိုးတို့အား ကောင်းစွာ အပြစ်ပေးတော်မူပါ။ ယခုမူ ကျွန်တော်မျိုးတို့အား လွှတ်ပေးတော်မူပါ။) ထိုအခါ

အသျှင်မြတ်က မိန့်ကြားတော်မူမည်မှာ ဤ (အပယ်ငရဲ) အတွင်း၌ပင် သေးသိမ်စွာ မောင်းထုတ်ခြင်း ခံရသူများအဖြစ် နေကြလေကုန်။ ၄င်းပြင် အသင်တို့သည် ငါအသျှင်မြတ်အား စကားပြောဆိုခြင်း မပြုကြကုန်လင့်။ (ဆိုလိုသည်မှာ ငါအသျှင်မြတ် သဘောမတူပါ။ အသင်တို့ သတိမရကြလေသလော။ အဘယ်ကြောင့်ဆိုသော်) စေကန်အမှန် ငါအသျှင်မြတ်၏ ကျွန်တို့အနက် (အီမာန်ရှင်) အုပ်စုတစ်စု ရှိခဲ့သည်။ ၄င်းတို့သည် (ငါအသျှင်မြတ်ထံတော်တွင်) လျှောက်ထားပန်ကြားခဲ့ကြသည်မှာ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါသည်။ သို့ဖြစ်ပေရာ ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ထိုပြင် ကျွန်တော်မျိုးတို့အား သနားကြင်နာတော်မူပါ။ စင်စစ် အသျှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် သာလွန်၍ သနားကြင်နာတော်မူသော အသျှင် ဖြစ်တော်မူပါသည်' ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထို (သက်ဝင်ယုံကြည်) သူတို့အား ပျက်ရယ်ပြုဖွယ်ရာများအဖြစ် သတ်မှတ်ခဲ့ကြသည်။ (ထို့အပြင်) နောက်ဆုံးတွင် (၄င်းတို့၏ ဤလုပ်ရပ်သည်) အသင်တို့ကို ငါအသျှင်မြတ်အား သတိရစေခြင်းမှလည်း မေ့လျော့စေခဲ့သည်။ ထို့အပြင် အသင်တို့သည် ၄င်းတို့အား ပြောင်လှောင်ပြက်ရယ် ပြုလျက်ပင် ရှိခဲ့ကြကုန်၏။

(သို့ရာတွင် ထိုသူတို့အဖို့ အဘယ်အရာမျှ ပျက်စီးဆုံးရှုံးမှု မဖြစ်ခဲ့ကြပါ။ ရက်အနည်းငယ်မျှ ဒုက္ခရောက်ခြင်းသာ ဖြစ်ခဲ့ကြပါသည်။ ၄င်းတို့သည် 'ဆွဗရ်' သည်းခံခြင်းကို ပြုခဲ့ကြသည်။ ထိုသို့ 'ဆွဗရ်' သည်းခံခြင်း ပြုသည့်အပေါ် ၄င်းတို့ ရရှိသည့် အကျိုးရလဒ်မှာ) ငါအသျှင်မြတ်သည် ၄င်းတို့၏ ဤသည်းခံမှုအပေါ် ယနေ့ ကောင်းကျိုးအစားကို ချီးမြှင့်ပေးသနားတော်မူလိုက်သည်မှာ ထိုသူတို့သာလျှင် အောင်မြင်သူများ ဖြစ်ကြပေမည်။ (အသင်တို့သည် ထိုဆိုးရွားသည့် လုပ်ရပ်အတွက် ဖမ်းဆီးခြင်း ခံကြရပေသည်။ ဆိုလိုသည်မှာ အသင်တို့၏ ဤပြစ်မှုသည် အပြစ်ပေးသည့်အချိန်တွင် မှားခဲ့မိကြောင်း ဝန်ခံသည့်တိုင် ခွင့်လွှတ်နိုင်စရာ အလျဉ်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ငါအသျှင်မြတ်နှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများ၌လည်း ပျက်စီးစေခဲ့ကြသည်။ ဗန္ဒာဟ်ကျေးကျွန်များနှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများ၌လည်း ပျက်စီးစေခဲ့ကြသောကြောင့် ဖြစ်သည်။ ဗန္ဒာဟ်ကျွန်လူသားဆိုရာ၌လည်း ငါအသျှင်မြတ်အား လက်ခံမှုပြုတော်မူသောအခါ ငါအသျှင်မြတ်၏ အချစ်တော်၊ ငါအသျှင်မြတ်အား အထူးတကာ့ အထူးဆုံး ချစ်မြတ်နိုးသောသူပင် ဖြစ်သည်။ အကြောင်းမှာ ၄င်းအား လှောင်ပြောင်ပျက်ရယ် မှုပြုရာတွင် ၄င်းအား ဒုက္ခရောက်စေခြင်းဖြစ်ပြီး ကျွန်လူသား၏ တာဝန်ဝတ္တရားများကို ပျက်စီးစေခြင်း ဖြစ်သည်။ အမှန်တရားကို ငြင်းပယ်ခြင်း၏ ရည်ရွယ်ချက်သည် ပြောင်လှောင်ပျက်ရယ်ပြုခြင်း ဖြစ်သည်။ ဤသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများတွင် ပျက်စီးစေခြင်းဖြစ်သည်။ ထိုသို့ ပြုမှုခြင်းများအတွက် အပြစ်ဒဏ်မှာ အမြဲတမ်းနှင့် ထာဝရသာ ဖြစ်သင့်သည်။ မုအ်မင်န်များကို ၄င်းတို့၏ ရှေ့မှောက်တွင် 'ဂျန္နသ်' ဥယျာဉ်ဘုံ၏ စည်းစိမ်ချမ်းသာများဖြင့် အောင်မြင်မှု ရရှိစေခြင်းမှာလည်း ကာဖိရ်တို့အတွက် အပြစ်ဒဏ်တစ်ခု ဖြစ်သည်။ အကြောင်းမှာ ရန်သူများ၏ အောင်မြင်မှုကို မြင်တွေ့ရခြင်းသည် စိတ်သောက ဒုက္ခတစ်ခု ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဤသည်မှာ ၎င်းတို့၏ တောင်းဆိုမှုများအပေါ် တုန့်ပြန်မှုပင် ဖြစ်သည်။ ရှေ့တွင် ၎င်းတို့၏ မှားယွင်းသော 'အကီဒဟ်'ယုံကြည်ချက်များအကြောင်း လာရှိပေသည်။ သို့မှသာ သေးသိမ်သည်ထက် သေးသိမ်၍ ဝမ်းနည်းကြေကွဲရသည်ထက် ဝမ်းနည်းကြေကွဲစေခြင်းဖြင့် အပြစ်ဒဏ်သည် ပို၍ ပြင်းထန်ပေလိမ့်မည်။ ထို့ကြောင့်) အသျှင်မြတ်သည် (၎င်းတို့အား ဤသို့ဆိုလျှင် အသင်တို့ ပြောဆိုကြကုန်။) အသင်တို့သည် ကမ္ဘာမြေပေါ်တွင် နှစ်ပရိစ္ဆေဒအားဖြင့် မည်မျှကြာအောင် နေထိုင်ခဲ့ကြပါသနည်းဟု မေးမြန်းတော်မူလိမ့်မည်။ (ထိုနေ့၏ ကြောက်မက်ဖွယ်ရာများဖြင့် ၎င်းတို့သည် သတိလစ်သွားခြင်းပင် ဖြစ်နိုင်သည်။ ထို 'ကေယာမသ်'နေ့၏ နေ့တာရှည်လျားမှုကိုလည်း တွေ့မြင်ကြရပေမည်။) ထိုအခါ ၎င်းတို့က (တစ်နှစ် မည်သို့ ဖြစ်ပါမည်နည်း။ အလွန်ကြာညောင်းစွာ နေထိုင်ခဲ့ရခြင်း ဖြစ်ပေမည်။) တစ်နေ့ သို့မဟုတ် တစ်နေ့လျော့လျော့သာ ကျွန်တော်မျိုးတို့ နေထိုင်ခဲ့ရမည် ဖြစ်ပေမည်။ (အမှန်မှာ ကျွန်တော်မျိုးတို့ မေ့လျော့သွားခဲ့ပြီး ဖြစ်ပါသည်။) သို့ဖြစ်ပေရာ ရေတွက်သူများကိုသာ (ဖရစ်ရှိသာဟ်များကို ဆိုလိုသည်။ အကြောင်းမှာ ၎င်းတို့သည် ကောင်းမှု၊ မကောင်းမှု၊ ကျင့်စဉ်များနှင့် သက်တမ်းတို့ကို ရေတွက်ခဲ့ကြသူများ ဖြစ်သောကြောင့်ပင် ဖြစ်သည်။) မေးမြန်း၍ ကြည့်တော်မူပါ'ဟု လျှောက်ထားကြပေမည်။ ထိုအခါ အသျှင်မြတ်က (တစ်နေ့ သို့မဟုတ် တစ်နေ့လျော့လျော့ ဆိုသည်မှာ မှားသည်။ သို့ရာတွင် အသင်တို့၏ ဝန်ခံမှုဖြင့် ဤမျှ မှန်ကန်ကြောင်း အတည်ဖြစ်သည်မှာ) 'အသင်တို့သည် (လောကတွင်) အနည်းငယ်မျှသာ နေထိုင်ခဲ့ကြသည်။ (သို့ရာတွင် ဤအကြောင်းကို လောကၡပင်) အသင်တို့ သိနားလည်ခဲ့ကြလျှင် ကောင်းလေစွ' ဟု မိန့်ကြားတော်မူပေလိမ့်မည်။

(အကြောင်းမှာ လောက၏ ထာဝရဆိုသည်မှာ မတည်မြဲသောအရာ ဖြစ်သည်။ ထိုလောက၏ ထာဝရအပြင် အမြဲထာဝရ တည်မြဲမည့် 'ဒါရှလ်ကရား'ရ်' အမြဲထာဝရ တည်မြဲမည့် နေရာဌာနတစ်ခုကား ရှိနေပါသည်။ သို့ရာတွင် လောကၡမှု လောကကိုသာ 'ထာဝရ' ဟု ထင်မှတ်ကြသည်။ ထိုနောင်တမလွန်၏ ထာဝရလောကကို ငြင်းပယ်ကြသည်။)

وَقَالُوٓا اِنۡ هِىَ اِلَّا حَيَاتُنَا الدُّنۡيَا وَمَا نَحۡنُ بِمَبۡعُوۡثِيۡنَ

(ယခုမှု မှားယွင်းမှုများ ပေါ်လွင်လာပြီး အမှန်တရားကို နားလည်သဘောပေါက်ပါလျှင်လည်း အချည်းနှီးပင် ဖြစ်ပေတော့မည်။ လွဲမှားသော ယုံကြည်ချက်များအပေါ် သတိပေးနှိုးဆော်ချက်များပြီးသော အခါ ရှေ့တွင် ထိုယုံကြည်ချက်များအပေါ် အကျဉ်းအားဖြင့် အပြစ်ဒဏ်များရှိကြောင်း လာရှိသည်။) သို့ရာတွင် အသင်တို့သည် ငါအသျှင်မြတ်က အသင်တို့အား ဤသို့ပင် အကျိုးမဲ့ အချည်းနှီး (အမြော်အမြင်မရှိဘဲ) ဖန်ဆင်းခဲ့သည်ဟုလည်းကောင်း၊ ထို့ပြင် အသင်တို့သည် ငါအသျှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိကြမည် မဟုတ်ဟုလည်းကောင်း ထင်မှတ်ခဲ့ကြသလော။ (ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် အာယသ်တော်များ ချပေးတော်မူသည့်အခါ ထိုအာယသ်တော်များ၏ မှန်ကန်မှုနှင့် တိကျမှန်ကန်သည့် အထောက်အထားများကိုလည်း ချပေးတော်မူခဲ့သည်။ 'ကေယာမသ်'နေ့နှင့် ထို 'ကေယာမသ်'နေ့တွင်

ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များ အစားပေးမည့် အကြောင်းကိုလည်း သိရှိခဲ့ရပြီး ဖြစ်သည်။ လူသားတို့အား ဖန်ဆင်းရသည့် အမြော်အမြင်များအနက် အမြော်အမြင်တစ်ခုမှာ ထိုအကြောင်းများကို ငြင်းပယ်သူဖြစ်ခြင်းသည် မည်မျှ ကြီးမားသည့်ပြစ်မှုကို ကျူးလွန်သူ ဖြစ်ပါသနည်း' ဟု သိရှိရန် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَاِذَا نُفِخَ فِى الصُّوْرِ فَلَا اَنْسَابَ بَيْنَهُمْ

'ကေယာမသ်'နေ့တွင် 'စူရ်'တံပိုးကို နှစ်ကြိမ် မှုတ်ပေလိမ့်မည်။ ပထမ 'စူရ်'တံပိုးမှုတ်သည့်အခါ စကြဝဠာတစ်ခုလုံး မိုးနှင့် မြေကြီး၊ ၎င်းတို့နှစ်ခုတွင်း၌ရှိသော အရာဟူသမျှ ပျက်စီးသွားပေလိမ့်မည်။ တစ်ဖန် ဒုတိယအကြိမ် မှုတ်လေသောအခါ သေသူအားလုံး ပြန်လည် ရှင်ထလာပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အောက်ပါအာယသ်တော်တွင် ထိုအကြောင်းကို ရှင်းလင်းစွာ ဖော်ပြမိန့်ကြားထားသည်။

ثُمَّ نُفِخَ فِيْهِ اُخْرٰى فَاِذَا هُمْ قِيَامٌ يَّنْظُرُوْنَ

ဤအာယသ်တော်တွင် 'စူရ်'တံပိုးမှုတ်ခြင်းဟု ဆိုရာ၌ 'ပထမ 'စူရ်'ကို ဆိုလိုခြင်း ဖြစ်ပါသလော။ (သို့) ဒုတိယ 'စူရ်'ကို ဆိုလိုခြင်း ဖြစ်ပါသလော'ဟု ကွဲလွဲမှုရှိသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ အိဗ်နေဂျုဗိုင်ရ် (ရဟ) ၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'ဤအာယသ်တော်၏ အလိုသဘောမှာ ပထမ 'စူရ်'တံပိုးဖြစ်သည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ ၏ မိန့်ဆိုချက်နှင့် အသွာ (ရဟ) ၏ ဆင့်ပြန်ချက်အရ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ မိန့်ကြားချက်တို့တွင် 'ဤနေရာ၌ အာယသ်တော်၏ အလိုသဘောမှာ ဒုတိယစူရ်ဖြစ်သည်။' သဖ်စီးရ်မဇ္ဇဟ်ရီကျမ်းတွင် ဤအဆိုကိုပင် အမှန်ကန်ဆုံးဟု သတ်မှတ်ထားသည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် မတ်စ်အူးဒ် ﷺ သခင်၏ အဆိုမှာ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းစီကို 'ဟရှရ်'ကွင်းပြင်၌ ခေါ်ဆောင်လာပေမည်။ လူသားအားလုံးတို့၏ ရှေ့မှောက်၌ ရပ်စေမည်။ ထို့နောက် အသျှင်မြတ်သည် အသံပြုကြေညာသူတစ်ဦးကို အသံပြုကြေညာစေတော်မူမည်မှာ 'ဤသူသည် မည်သူ၏ သား၊ မည်သူဖြစ်ပါသည်။ အကယ်၍ တစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်များ ဤသူ့အပေါ်တွင် ရှိနေပါလျှင် မိမိရပိုင်ခွင့် အခွင့်အရေးကို လာရောက်ယူနိုင်ပါသည်'ဟု ကြေညာပေမည်။ ထိုအချိန်သည် သားအဖို့ မိမိ၏ ဖခင်ထံမှ ရပိုင်ခွင့်များကို ရရှိတော့မည်ဟုလည်းကောင်း၊ ဖခင်အဖို့ သားထံမှ ရပိုင်ခွင့်များ ရရှိတော့မည်ဟုလည်းကောင်း စဉ်းစားကာ ပျော်ရွှင်နေသော အချိန် ဖြစ်ပေလိမ့်မည်။ ဤအတိုင်းပင် လင်နှင့် မယား၊ ညီအစ်ကို၊ မောင်နှမ တို့အနက် တစ်ဦးဦးထံမှ အခွင့်အရေး ရရှိရန် အသင့်အနေအထား တွင်ရှိပြီး ပျော်ရွှင်နေကြပေလိမ့်မည်။ ထိုအချိန်သည် ဤအကြောင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အာယသ်တော်တွင် မိန့်တော်မူထားပေသည်။

فَلَآ اَنْسَابَ بَيْنَهُمْ

အလိုသဘောမှာ 'ထိုအချိန်တွင် အချင်းချင်း ဆွေမျိုးသားချင်းတော်စပ်မှုများ အသုံးဝင်မည် မဟုတ်တော့ပေ။ မည်သူကမျှ မည်သူ့ကိုမျှ သနားကရုဏာ ရှိတော့မည်မဟုတ်ပေ။ လူတိုင်းသည် မိမိတို့ အတွက်သာ သောကဖြစ်နေကြပေမည်'ဟု တင်ပြမိန့်ကြားခဲ့သည့်အတိုင်း ဖြစ်ပေါ်လာမည့် အချိန် ဖြစ်သည်။ ဤအကြောင်းသည်

يَوْمَ يَفِرُّ الْمَرْءُ مِنْ اَخِيْهِ وَ اُمِّهٖ وَاَبِيْهِ وَصَاحِبَتِهٖ وَبَنِيْهِ

ဟူသော အာယသ်တော်အတိုင်း ဖြစ်သည်။ ဆိုလိုသည်မှာ 'ထိုနေ့တွင် လူသားတိုင်းသည် မိမိတို့၏ ညီအစ်ကိုများနှင့်သော်လည်းကောင်း၊ မိခင်၊ ဖခင်တို့နှင့်လည်းကောင်း၊ ဇနီးမယား၊ သမီး၊ သားတို့နှင့်လည်းကောင်း ဝေးရာသို့ ပြေးကြပေလိမ့်မည်' ဟု ဖြစ်သည်။

'ဟရှ်' ကွင်းပြင်၌ မုအ်မင်န်များနှင့် ကာဖိရ်တို့၏ ကွာခြားမှုရှိသော အခြေအနေများ

သို့ရာတွင် အထက်၌ တင်ပြခဲ့သည့် အကြောင်းများသည် ကာဖိရ်များ၏ အခြေအနေများ ဖြစ်သည်။ မုအ်မင်န်များမှာ ဤသို့ ဖြစ်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မုအ်မင်န်တို့၏ အခြေအနေသည် ကုရ်အာန်ကျမ်းတော်မြတ်ကပင်

اَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ

တင်ပြမိန့်ကြားထားသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ 'ကောင်းမြတ်သော မုအ်မင်န်တို့၏ သားသမီးများကိုလည်း အလ္လာဟ်အသျှင်မြတ်သည် (အီမာန်၏ စည်းကမ်းချက်များနှင့်အညီ) မိမိတို့၏ ကောင်းမြတ်သော ဖခင်တို့နှင့်အတူ ထားပေလိမ့်မည်။

ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ကေယာမသ်'နေ့၌ 'ဟရှ်' ကွင်းပြင်တွင် ရေငတ်မွတ် ဆာလောင်သော အချိန်တွင် အရွယ်မရောက်သေးဘဲ သေဆုံးသွားသည့် မွတ်စ္စလင်မ်ကလေးတို့သည် 'ဂျန္နသ်' မှ ရေများကို ယူဆောင်လျက် ထွက်ပေါ်လာကြပေမည်။ လူအားလုံးတို့သည် ၄င်းတို့ထံမှ ရေကို တောင်းခံကြပေလိမ့်မည်။ ထိုအခါ ၄င်းတို့က 'ကျွန်ုပ်တို့သည် မိမိတို့၏ မိဘများကို ရှာဖွေနေကြခြင်း ဖြစ်ပါသည်။ ဤရေသည် ၄င်းတို့အတွက် ဖြစ်ပါသည်' ဟု ပြောကြပေလိမ့်မည်။ *[မဇှ်ဟရီကျမ်း]*

အလားတူ ဆွဟီးဟ်ဟဒီးစ်တော်တစ်ပါး လာရှိသည်။ ထိုဟဒီးစ်ကို အိမ်နေအဆာကိရ်သည် ဆွဟီးဟ်စနဒ်ဖြင့် ဟဇရသ်အိမ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ ထိုဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူထားသည်မှာ 'ကေယာမသ်နေ့တွင် မျိုးနွယ်ဆက်စပ်မှုအရလည်းကောင်း၊ လင်နှင့် မယား ဆက်စပ်မှုအရလည်းကောင်း မွေးဖွားလာသည့် သားချင်းဆွေမျိုးတော်စပ်မှုအားလုံး ပြတ်

တောက်သွားပေလိမ့်မည်။ (မည်သူသည် မည်သူ့အတွက်မှ အသုံးဝင် အကျိုးပြုနိုင်မည် မဟုတ်ပေ။) ငါကိုယ်တော်၏ အမျိုးအနွယ်နှင့် ငါကိုယ်တော်၏ ကြင်ယာတော်များ၏ သားများ၊ ဆွေမျိုးများသည်သာ အဆက်ပြတ်ခြင်းမှ ကင်းလွတ်ပေမည်။ အိုလမာသာသနာ့ပညာရှင်များက မိန့်ဆိုသည်မှာ 'ဤနဗီတမန်တော်မြတ် ﷺ ၏ မျိုးနွယ်အဆက်တွင် အွမ္မသားအားလုံးအနက် မွတ်စ္လင်မ်များလည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် အွမ္မသ်၏ ဖခင်ဖြစ်ပြီး တမန်တော်မြတ် ﷺ ၏ ကြင်ရာတော်များသည် အွမ္မသ်၏ မိခင်များဖြစ်သောကြောင့်ပင် ဖြစ်သည်။ အချုပ်ဆိုရသော် ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသင်္ဂဟအဖြစ် ပတ်သက်ဆက်နွယ်ခြင်းတို့သည် မည်သူ့အတွက်မျှ အကျိုးဖြစ်ထွန်း အသုံးဝင်မည် မဟုတ်ဟူသော အခြေအနသည် 'ဟရှရ်' ကွင်းပြင်တွင် ကာဖိရ်များ ရင်ဆိုင်ရမည့် အခြေအနေဖြစ်သည်။ မုအ်မင်တို့မှာမူ တစ်ဦးနှင့်တစ်ဦး 'ရှဖာအသ်' ပြုခြင်းနှင့် ကူညီခြင်းများ ပြုလုပ်ကြပေမည်။ ၄င်းတို့၏ ပတ်သက်ဆက်နွယ်မှုတို့သည် တစ်ဦးနှင့် တစ်ဦး အကျိုးပြုနိုင်ပြီး အသုံးဝင်ပေလိမ့်မည်။

وَلَا يَتَسَاءَلُوْنَ

ဆိုလိုသည်မှာ အချင်းချင်းတွင် မည်သူကမျှ မည်သူတစ်ဦးတစ်ယောက်၏ အကြောင်းကို မေးမြန်းကြမည် မဟုတ်ပေ။ အခြားအာယသ်တော်တစ်ပါးတွင် ဖော်ပြထားသည်မှာ-

وَاَقْبَلَ بَعْضُهُمْ علی بَعْضٍ يَتَسَاءَلُوْنَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ဟရှရ်ကွင်းပြင်တွင် တစ်ဦးနှင့်တစ်ဦး မေးမြန်းမှုများ ပြုကြပေမည်။ အခြေအနေများကို မေးမြန်းကြပေလိမ့်မည်' ဟု ဖြစ်သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဟဇရသ်အိဗ်နေ အဗ္ဗားစ် ؓ သခင်က မိန့်ဆိုသည်မှာ 'ဟရှရ်' ကွင်းပြင်၌ 'ရပ်' နေကြသူ အမျိုးမျိုးရှိလိမ့်မည်။ ၄င်းတို့၏ အခြေအနေများသည်လည်း အမျိုးမျိုးဖြစ်ကြပေမည်။ ၄င်းတို့အဖို့ အချိန်တစ်ချိန် ရောက်ရှိလာဦးမည်မှာ မည်သူကမျှ မည်သူတစ်ဦးတစ်ယောက်ကို မေးမြန်းနိုင်မည် မဟုတ်ပေ။ ထို့နောက် တစ်ဖန် တစ်စုံတစ်ဦး၏ အခြေအနေသည် ကြောက်မက်စိုးထိတ်ဖွယ်ရာများ လွှမ်းမိုးနေခြင်းမှ လျော့နည်းသွားသည့်အခါ တစ်ဦးနှင့် တစ်ဦး အခြေအနေများကို မေးမြန်းနိုင်ကြလိမ့်မည်။ *[မဇ္ဇဟရီကျမ်း]*

فَمَنْ ثَقُلَتْ مَوَا زِيْنُهٗ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ○

وَمَنْ خَفَّتْ مَوَا زِيْنُهٗ فَاُولٰٓئِكَ الَّذِيْنَ خَسِرُوْا اَنْفُسَهُمْ فِىْ جَهَنَّمَ خَالِدُوْ نَ ○

ကျင့်စဉ်များကို ချိန်တွယ်သည့် ချိန်ခွင်တွင် ကောင်းမှုများဘက်မှ အလေးချိန်စီးပါလျှင် ထိုသူသည် အောင်မြင်မှု ရရှိသူ ဖြစ်ပေမည်။ ကောင်းမှုများဘက်မှ အလေးချိန် လျော့နည်းနေမည်ဆိုပါလျှင် ထိုသူတို့သည် လောက၌ နေထိုင်ခဲ့စဉ် မိမိတို့၏ လက်များဖြင့် မိမိတို့၏ ဆုံးရှုံးမှုကို ပြုလုပ်ခဲ့ကြသူများ ဖြစ်သည်။ ယခုမူ ၄င်းတို့သည် အမြဲထာဝရ 'ဂျဟန္နမ်' ၌ နေကြရမည့်သူများ ဖြစ်ကြပေသည်။

ဤအာယသ်တော်သည် ပြည့်စုံကုံလုံသော မုအ်မင်န်များနှင့် ကာဖိရ်များကို နှိုင်းယှဉ်ထားခြင်းဖြစ်သည်။ မုအ်မင်န်တို့၏ ချိန်ခွင်လျှာသည် အလေးသာ အချိန်စီး၍ ၎င်းတို့သည် အောင်မြင်မှု ရရှိကြမည့်သူများ ဖြစ်သည်။ ကာဖိရ်တို့၏ ချိန်ခွင်သည် ပေါ့ပါးနေပြီး ၎င်းတို့သည် အမြဲထာဝရအတွက် 'ဂျဟန္နမ်' အပယ်ငရဲ၌ နေကြရမည့်အကြောင်း နှိုင်းယှဉ်ပြသလျက် ၎င်းတို့အားလုံး၏ နိဂုံးချုပ်ရလဒ်ကို တင်ပြခြင်းဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော ရှင်းလင်းချက်များဖြင့် 'ဤနေရာ၌ ပြည့်စုံကုံလုံမှုရှိသော မုအ်မင်န်တို့၏ ချိန်ခွင်၌ အလေးချိန်စီးသည်ဆိုသည့် သဘောမှာ အခြားတစ်ဘက်ရှိ မကောင်းမှုဒုစရိုက်တို့၏ ချိန်ခွင်ခွက်တွင် မည်သည့်အလေးချိန်မျှပင် ရှိမည်မဟုတ်ဘဲ ထိုချိန်ခွင်ခွက်တွင် အလွတ်သာ ဖြစ်နေသည်ကို တွေ့ရပေမည်' ဟု ဆိုလိုခြင်းဖြစ်သည်။ ကာဖိရ်တို့၏ ချိန်ခွင်ခွက်၌ ပေါ့လျော့နေသည်ဆိုခြင်းမှာ ကောင်းမှုများ ချိန်တွယ်သည့် ချိန်ခွင်ခွက်တွင် မည်သည့်အလေးချိန်မျှမရှိဘဲ လုံး၀ အလွတ်ဖြစ်နေမည်ကို ဆိုလိုခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

فَلَا نُقِيمُ لَهُمْ يَوْمَ الْقِيٰمَةِ وَزْنًا

ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ကာဖိရ်များနှင့် ၎င်းတို့၏ ကျင့်စဉ်များကို 'ကေယာမသ်' နေ့တွင် မည်သည့်အလေးချိန်စီးခြင်းမျှ ဖြစ်ပေါ်စေမည် မဟုတ်ပေ' ဟု မိန့်ကြားထားသည်။

အပြစ်ဒုစရိုက်ကျူးလွန်မှုများပင် မရှိ၍သော်လည်းကောင်း၊ (သို့) 'သောင်ဗာဟ်' စသည်တို့ဖြင့် ခွင့်လွှတ်ခြင်း ခံရ၍သော်လည်းကောင်း ကျင့်စဉ်များကို ချိန်တွယ်စဉ်တွင် မကောင်းမှုများ၏ ချိန်ခွင်ခွက်တွင် ၎င်းသူ၏ အမည်အပေါ် မည်သည့်အရာမျှ ရှိမည်မဟုတ်ပေ။ ဤသည် မုအ်မင်န်တို့၏ အခြေအနေပင်ဖြစ်သည်။ အခြားတစ်ဘက်တွင် ကာဖိရ်များဖြစ်သည်။ ထိုကာဖိရ်တို့၏ ကောင်းမှုများသည်လည်း အီမာန်မရှိခြင်းကြောင့် တရားမျှတ မှန်ကန်သော 'မီဇာန်' ချိန်ခွင်တွင် အလေးချိန်မစီးဘဲ ရှိနေလိမ့်မည်။ ဤသည်ကား ကာဖိရ်များ၏ အခြေအနေဖြစ်သည်။

တစ်ဖန် အပြစ်ဒုစရိုက်ကျူးလွန်ခဲ့သော မွတ်စ္စလင်မ်တို့မှာမူ ကောင်းမှုများ၏ ချိန်ခွင်ခွက်တွင်လည်း ကျင့်စဉ်များရှိမည်။ မကောင်းမှုများ၏ ချိန်ခွင်ခွက်၌လည်း ကျင့်စဉ်များ ရှိမည်။ ၎င်းတို့၏ အကြောင်းကို ဤအာယသ်တော်တွင် အထင်အရှား ဖော်ပြထားခြင်း မရှိပေ။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အပြစ်ကျူးလွန်သော မွတ်စ္စလင်မ်များ၏ အပြစ်အစားပေးခြင်းနှင့် ကောင်းကျိုးအစားပေးခြင်းများမှ များသောအားဖြင့် နှုတ်ဆိတ်နေလေ့ ရှိသည်။ အကြောင်းမှာ ကုရ်အာန်ကျရောက်သည့် ခေတ်ကာလတွင်ရှိသော မုအ်မင်န်ဆွဟာဗာအားလုံးတို့သည် ကောင်းမြတ်သူများ ဖြစ်ကြသည်။ ဆိုလိုသည်မှာ များသောအားဖြင့် ၎င်းတို့သည် ကြီးလေးသော ပြစ်မှုဒုစရိုက်များမှ သန့်ရှင်းစွာ နေလေ့ရှိခဲ့ကြသည်။ အကယ်၍ တစ်စုံတစ်ယောက်သောသူသည် မကောင်းမှုတစ်ခုခုကို ကျူးလွန်မိပါလျှင် ထိုသူသည် 'သောင်ဗာဟ်' ပြုလိုက်သည်သာ ဖြစ်သည်။ ထိုသို့ 'သောင်ဗာဟ်' ပြုလိုက်ခြင်းဖြင့် ခွင့်လွှတ်ချမ်းသာပေးခံရကြောင်း ဖြစ်နိုင်ပေသည်။

[မဇ္ဇဟရီကျမ်း]

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပါးဖြစ်သော

خَلَطُوْا عَمَلًا صَالِحًا وَّ اٰخَرَ سَيِّئًا

တွင် ကောင်းမှုနှင့် မကောင်းမှု ရောနှောနေသူများအကြောင်းကို တင်ပြခြင်းဖြစ်သည်။ ၎င်းတို့နှင့် စပ်လျဉ်း၍ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က မိန့်ဆိုသည်မှာ 'ကေယာမသ်နေ့တွင် အကြင်သူ၏ ကောင်းမှုများသည် ၎င်း၏ မကောင်းမှုများထက် သာပိုသွားပါလျှင်၊ ဥပမာ- ကောင်းမှုတစ်ခုတည်းသာလျှင် ပိုမိုသွားပါကလည်း ထိုသူသည် 'ဂျန္နသ်'သို့ သွားရပေမည်။ ထို့နောက် အကြင်သူ၏ မကောင်းမှုဒုစရိုက်များသည် ကောင်းမှုများထက် ကျော်လွန်သွားခဲ့သော်၊ ဥပမာ- မကောင်းမှုတစ်ခုတည်းသာလျှင် ပိုမိုသွားပါကလည်း ထိုသူသည် 'ဂျဟန္နမ်'အပယ်ငရဲသို့ သွားရပေမည်။ သို့ရာတွင် အပြစ်ကျူးလွန်သည့် မုအ်မင်န်၏ 'ဂျဟန္နမ်' သို့ သွားရမည်ဆိုခြင်းမှာ သန့်ရှင်းစင်ကြယ်မှုဖြစ်စေရန်သာ ဖြစ်ပေသည်။ ဥပမာ- သံနှင့် ရွှေ စသည်တို့ကို မီးတွင်ထည့်၍ အညစ်အကြေးများ၊ သံချေးများကို သန့်စင်ရသည့်အတိုင်း ဖြစ်သည်။ မုအ်မင်န်၏ 'ဂျဟန္နမ်'သို့ သွားရခြင်းမှာလည်း ဤအတိုင်း ဖြစ်ပေမည်။ 'ဂျဟန္နမ်'၏ မီးဖြင့် ၎င်း၏ အပြစ်ဒုစရိုက်များ၏ အညစ်အကြေးများ သန့်စင်သွားပြီဆိုလျှင် ထိုသူသည် 'ဂျန္နသ်'တွင် ဝင်ရောက်ရန် ထိုက်တန်သူဖြစ်သွားပေမည်။ 'ဂျန္နသ်'သို့ ပို့ဆောင်ခြင်း ခံရပေမည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ကေယာမသ်'နေ့၏ ကျင့်စဉ်များ ချိန်တွယ်သော 'မီဇာန်'ချိန်ခွင်သည် နှမ်းစေ့တစ်စေ့မျှ အပို၊ အလိုရှိလျှင်ပင် ချိန်ခွင်ခွက်သည် အောက်စိုက်ကျသွားခြင်း (သို့) အပေါ်သို့ မြောက်တက်သွားခြင်း ဖြစ်သည်အထိ တိကျမှန်ကန်စွာ ချိန်တွယ်သည့် ချိန်ခွင်ဖြစ်သည်။ ကောင်းမှုနှင့် မကောင်းမှုသည် 'မီဇာန်'ချိန်ခွင်တွင် တစ်ညီတည်း ဖြစ်နေမည်ဆိုလျှင် ထိုသူသည် နန်းဆောင်ကြငှာန်းများ၌ နေရသူများ၌ ပါဝင်သွားပေမည်။ ကာလတစ်ခုအထိတိုင် 'ဂျဟန္နမ်' နှင့် 'ဂျန္နသ်'၏ အလယ်တွင် ဒုတိယအမိန့်ကို စောင့်မျှော်လျက် ရှိနေပေမည်။ နောက်ဆုံးတွင် ထိုသူ့ကိုလည်း 'ဂျန္နသ်'၌ ဝင်ရောက်ခွင့်ပြုလိုက်ပေမည်။ *[မဇ္ဇဟရီကျမ်း]*

အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဤမိန့်ဆိုချက်တွင် ကာဖိရ်များအကြောင်းမပါဘဲ အပြစ်ရှိသော မုအ်မင်န်များအကြောင်းကိုသာ တင်ပြထားသည်။

ကျင့်စဉ်များ ချိန်ဆွဲခြင်း၏ ပုံပန်းသဏ္ဌာန်

အချို့ဟဒီးစ်ဆင့်ပြန်ချက်များအရ သိရှိရသည်မှာ မုအ်မင်န်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ လူသားတိုင်းကိုပင် တိကျမှန်ကန်သည့် 'မီဇာန်'ချိန်ခွင်ပေါ် တင်၍ ချိန်တွယ်ခြင်း ခံရပေမည်။ ကာဖိရ်အဖို့ မည်မျှပင် ကြီးမားဝဖြိုးသူပင်ဖြစ်စေ မည်သည့်အလေးချိန်မျှ ရှိမည်မဟုတ်ပေ။ *[ဘုခါရီ၊ မွတ်စ္စလင်မ်။]*

အချို့သော ဟဒီးစ်ဆင့်ပြန်ချက်များအရ သိရှိရသည်မှာ '၎င်းတို့၏ ကျင့်စဉ်များ၏ မှတ်တမ်းကို ချိန်တွယ်ခြင်း ခံရမည်'ဟု ဖြစ်သည်။ သိရ်မေဇီ၊ အိဗ်နေမာဂျာဟ်၊ အိဗ်နေဟဗ်ဗားန်နှင့် ဟာကင်မ်တို့သည် ဤအကြောင်းအရာပါ ဟဒီးစ်ကို ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ ထံမှ ဆင့်ပြန်ခဲ့ကြသည်။

အချို့ဆင့်ပြန်ချက်များအရ သိရှိရသည်မှာ 'လူသားတိုင်း၏ ကောင်းမှု၊ မကောင်းမှု လုပ်ရပ် ကျင့်စဉ်များသည် လောကတွင် အလေးချိန်မဲ့၊ ခန္ဓာကိုယ်ထုထည်မဲ့စွာ ရှိခဲ့သည်။ 'ဟရ်ရှ' ကွင်းပြင်တွင် ၎င်းတို့ကို ခန္ဓာကိုယ်ဖြင့် ပြုလုပ်၍ 'မီဇာန်' ချိန်ခွင်၌ ထားရှိပြီး ချိန်တွယ်ခြင်း ခံရပေမည်' ဟု ဖြစ်သည်။

သွမ်ရာနီ စသည်တို့က တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ခဲ့ကြသည်။ ထိုဟဒီးစ်ဆင့်ပြန်ချက်အားလုံး၏ စာလုံးများနှင့် စာကြောင်းများသည် သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် အပြည့်အစုံ ရှိပေသည်။ ထိုကျမ်းတွင် လေ့လာနိုင်သည်။ ထိုနောက်ဆုံး အဆို၏ ထောက်ခံချက်တွင် အဗ်ဒုရ်ရစ်ဇာ‌ေက်သည် ဇဒ္ဒိလွလ်အိလ်မ်ကျမ်းတွင် ဟဒီးစ်တစ်ပုဒ်ကို အိဗ်ရာဟီးမ်နခအီ ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ကေယာမသ်' နေ့တွင် လူတစ်ဦး၏ ကျင့်စဉ်များကို ချိန်တွယ်ရာ ယူဆောင်လာပြီး ချိန်ခွင်ခွက်၌ ထည့်၍ ချိန်တွယ်သောအခါ ချိန်ခွင်ခွက်၏ အလေးချိန်မှာ ပေါ့လျော့နေပေမည်။ တစ်ဖန် မိုးတိမ်ကဲ့သို့သော အရာတစ်ခု ယူဆောင်လာပြီး ကောင်းမှုများ၏ ချိန်ခွင်ခွက်တွင် ထည့်လိုက်သောအခါ ချိန်ခွင်ခွက်မှာ အလေးချိန်စီးသွားပေမည်။ ထိုအခါ ထိုသူ့အား 'ဤသည် မည်သည့်အရာဖြစ်သည်ကို အသင် သိပါသလော။' (အသင်၏ ကောင်းမှုများ၏ ချိန်ခွင်ခွက်ကို လေးလံစေသည့်အရာကို သိပါသလော) ဟုမေးမြန်းရာ ထိုသူက 'ကျွန်ုပ် အနည်းငယ်မျှ မသိပါ' ဟု ဖြေကြားပေမည်။ ထိုအခါ ၎င်းအား ပြောဆိုမည်မှာ 'ဤသည် လူတို့အား သင်ကြားပေးခဲ့သည့် အသင်၏ 'အိလ်မ်ပညာ' ဖြစ်သည်။'

ဇဟ်ဗီက ဖဒ္ဒိလိအိလ်မ်ကျမ်းတွင် ဟဇရတ်အင်မ်ရားန်ဗင်န် ဟုဆိုင်းန် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ကေယာမသ်နေ့တွင် 'ရှဟီဒီ' များ၏ သွေးနှင့် အာလင်မ်ဓမ္မသတ်ပညာရှင်တို့၏ 'မှင်' (သာသနာ့အသိပညာ စာအုပ်စာပေများ ရေးသားသည့် မှင်) တို့ကို အချင်းချင်း ယှဉ်ပြိုင်ချိန်တွယ်မည်ဆိုလျှင် အိုလမာ သာသနာ့ပညာရှင်တို့၏ 'မှင်' ၏ အလေးချိန်သည် 'ရှဟီဒီ' တို့၏ သွေးများ၏ အလေးချိန်ထက် သာပိုပေလိမ့်မည်' ဟု ဖြစ်သည်။

ကျင့်စဉ်တို့၏ အလေးချိန်ကို ချိန်တွယ်သည့် ပုံပန်းသဏ္ဌာန်နှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက် (၃) မျိုးကို တင်ပြပြီးနောက် သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ မိန့်ဆိုသည်မှာ 'လူသားကိုယ်တိုင်အား ချိန်တွယ်ခြင်းသည်လည်းကောင်း၊ လူသား၏ ကျင့်စဉ်များအား ခန္ဓာကိုယ်တော် ပုံပန်းသဏ္ဌာန်ဖြင့် ချိန်တွယ်ခြင်းသည်လည်းကောင်း၊ လူသား၏ အကောင်း၊ အဆိုး ကျင့်စဉ်မှတ်တမ်းကို ၎င်းနှင့်အတူ ချိန်တွယ်ခြင်းသည်လည်းကောင်း မဖြစ်နိုင်စရာ မရှိပေ။ အကြောင်းမှာ ဆင့်ပြန်ချက် (၃) မျိုးစလုံးတွင် ဆန့်ကျင်ခြားနားမှုနှင့် ကွဲလွဲမှုတစ်စုံတစ်ရာမရှိသောကြောင့် ဖြစ်သည်။

وَهُمْ فِيهَا كَالِحُونَ

'ကာလိဟ်' ဆိုသည်မှာ အဘိဓါန်အရ 'နှုတ်ခမ်းနှစ်ခုသည် ၎င်း၏ သွားများကို ဖုံးအုပ်ခြင်းငှာ မပြုနိုင်ဘဲ နှုတ်ခမ်းတစ်ခုမှာ အပေါ်သို့ လန်နေပြီး ကျန်ရှိနှုတ်ခမ်းတစ်ခုမှာလည်း အောက်သို့ တွဲကျနေ၍ သွားများထွက်နေသော အလွန်ကြည့်ရ ဆိုးသည့် ပုံပန်းသဏ္ဌာန်နှင့် လူကို' ခေါ်ဆိုပေသည်။ 'ဂျဟန္နမ်'

ငရဲဘုံတွင် ကျရောက်သော ငရဲကျခံရသူ၏ အပေါ်နှုတ်ခမ်းသည် အပေါ်သို့ လန်နေပြီး အောက်နှုတ်ခမ်းသည် အောက်သို့ တွဲလျက်ကျနေပေမည်။ သွားများမှာ ပွင့်၍ ပေါ်နေသည်ကို တွေ့ရပေသည်။

وَلَا تُكَلِّمُوْنِ

ဟဇရတ်ဟစန်ဗဆွရီ (ရဟ) က မိန့်ဆိုသည်မှာ 'ဂျဟန္နမ်'ငရဲဘုံသားတို့၏ စကား၏ အဖြေတွင် 'ငါအသျှင်မြတ်အား မည်သည့်စကားမျှ ပြောဆိုခြင်း မပြုကြကုန်လင့်'ဟူ၍ မိန့်ကြားခဲ့သည်။ ထိုဖြေကြားမိန့်ဆိုခြင်းဖြစ်စေရန် ပြောဆိုသော ၄င်းတို့၏ စကားမှာ နောက်ဆုံးစကား ဖြစ်ပေမည်။ ထို့နောက်တွင် ၄င်းတို့သည် မည်သူနှင့်မျှ စကားပြောဆိုနိုင်ကြမည် မဟုတ်ပေ။ တိရစ္ဆာန်များကဲ့သို့ တစ်ဦးဘက်သို့ တစ်ဦး မြည်တွန်ဟစ်အော်ခြင်း ပြုကြပေမည်။ ဗိုင်ဟကီစသည်တို့က မိုဟမ္မဒ်ဗင်န်ကအ်ဗ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့ကြသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်တွင် 'ဂျဟန္နမ်'ငရဲဘုံသားတို့၏ တောင်းဆိုချက် (၅) မျိုးကို တင်ပြထားသည့်အနက် (၄) မျိုးကို တုန့်ပြန်ဖြေကြားခဲ့သည်။ ပဉ္စမမြောက် တောင်းဆိုချက်ကို **وَلَا تُكَلِّمُوْنِ** ဟု ပိတ်ပင်တားဆီးခဲ့သည်။ ဤသည် ၄င်းတို့၏ နောက်ဆုံးစကား ဖြစ်သည်။ ထို့နောက်တွင် ၄င်းတို့သည် မည်သည့်စကားမျှ ပြောဆိုခြင်း မပြုနိုင်တော့ပေ။ *[မဇ္ဇဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَتَعٰلَى اللّٰهُ الْمَلِكُ الْحَقُّ ۚ لَآ اِلٰهَ اِلَّا هُوَ ۚ رَبُّ الْعَرْشِ الْكَرِيْمِ ﴿١١٦﴾

၂၃ : ၁၁၆ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (ယင်းကဲ့သို့ အချည်းနှီးပြုလုပ်တော်မူခြင်းမှ) လုံး၀ ကင်းစင် မြင့်မြတ်လှတော်မူသော ဘုရင်မင်းမြတ် အစစ်အမှန် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခ၀ပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှဉ်းမရှိပြီ။ (ထိုအသျှင်မြတ်သည်) မြင့်မြတ်လှစွာသော 'အရ်ရှ်'ပလ္လင်တော်ကို စိုးပိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَمَنْ يَّدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۙ لَا بُرْهَانَ لَهٗ بِهٖ ۙ فَاِنَّمَا حِسَابُهٗ عِنْدَ رَبِّهٖ ۚ اِنَّهٗ لَا يُفْلِحُ الْكٰفِرُوْنَ ﴿١١٧﴾

၂၃ : ၁၁၇ ။ ။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်၍ မိမိ၌ မည်သည့်သက်သေသာဓကတစ်စုံတစ်ရာမျှ မရှိသော အခြားကိုးကွယ်ရာကို ဟစ်ခေါ်ဆည်းကပ် ကိုးကွယ်သည်ရှိသော်၊ ထိုသူအား စစ်ဆေးရန်မှာ ၄င်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌သာလျှင် ရှိပေသည်။ ဧကန်မလွဲ ကာဖိရ်ငြင်းပယ်သူတို့သည် အောင်မြင်မှုကို ရရှိကြမည်မဟုတ်ပေ။

وَقُلْ رَّبِّ اغْفِرْ وَارْحَمْ وَأَنْتَ خَيْرُ الرَّاحِمِينَ ﴿١١٨﴾

၂၃ : ၁၁၈ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပန်ကြားပါလေ။ 'အို၊ ကျွန်တော်မျိုး၏ အသျှင်မြတ်၊ အသျှင်မြတ်သည် (ကျွန်တော်မျိုးအား) ခွင့်လွှတ်တော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် (ကျွန်တော်မျိုးအပေါ်၌) သနားကြင်နာတော်မူပါ။ စင်စစ် အသျှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် အကောင်းဆုံး (သာလွန်) သနားကြင်နာပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထို့နောက် ထိုအကြောင်းအရာအားလုံးကို သိရှိပြီးနောက်) သို့ဖြစ်ပေရာ (ထိုသို့ သိရှိရခြင်းဖြင့် ပြည့်ဝစွာ အတည်ဖြစ်သွားသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာကြီးကျယ်မြင့်မြတ်တော်မူသော ဘုရင်မင်းမြတ် (ဖြစ်တော်မူသည်။ ဘုရင်ဖြစ်ရာ၌လည်း) အစစ်အမှန် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ရာ အသျှင် မရှိ။ (ထို့နောက် ထိုအသျှင်မြတ်သည်) မြင့်မြတ်လှစွာသော 'အရ်ရှ်'ပလ္လင်တော်အား စိုးပိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ ထို့နောက် အကြင်သူသည် (ထိုအကြောင်းအရာအပေါ် အထောက်အထားများ ဖြစ်တည်ပြီးနောက်) အလ္လာဟ်အသျှင်မြတ်နှင့်အတူ (ကိုးကွယ်ရာဖြစ်ခြင်း၌) အထောက်အထားမဲ့ဖြစ်သော အခြားကိုးကွယ်ရာကိုလည်း ခေါ်ဝေါ်တသ ကိုးကွယ်ခဲ့ပါမူ ထိုသူ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်သာ ထိုသူ့အား စစ်ဆေးရန် ရှိပေမည်။ (ထိုသို့ ပြုခြင်းအပေါ် မလွဲမသွေ ရရှိမည့်ရလဒ်များ) မလွဲမသွေ ကာဖိရ်တို့သည် အောင်မြင်မှု ရရှိကြမည့်သူများ မဟုတ်ပေ။ (ထိုမျှမက အမြဲတစေ အပြစ်ငရဲ ခံစားနေကြရပေမည်။) ထို့အပြင် (အလ္လာဟ်အသျှင်မြတ်၏ ကြီးမြတ်မှုသည် ဤသို့ ဖြစ်သည့်အခါ အို၊ နဗီတမန်တော်) အသင် (နှင့် အခြားသူတို့သည် ဤသို့ပင် ပို၍ ပြောဆိုရမည်ဖြစ်ပြီး အသင်) သည် 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ (ကျွန်တော်မျိုး၏ မေ့မှားခြင်းများကို) ခွင့်လွှတ်တော်မူပါ။ ထို့အပြင် (အခြေအနေတိုင်းတွင် ကျွန်တော်မျိုးအပေါ်) သနားကရုဏာ ပြုတော်မူပါ။ ('ရိဇ္ဇ်' ရိက္ခာ၌လည်းကောင်း၊ အမိန့်နာခံမှုများ၏ စွမ်းအားရရှိမှု၌လည်းကောင်း တမလွန်၌ အောင်မြင်မှု ရရှိရာတွင်လည်းကောင်း 'ဂျန္နသ်' သုခဘုံအား ချီးမြှင့်ရာတွင်လည်းကောင်း) စင်စစ် အသျှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် သာပို၍ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်မုအ်မင်နဲ၏ နောက်ဆုံးအာယသ်တော်များဖြစ်သော

أَفَحَسِبْتُمْ أَنَّمَا خَلَقْنَاكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ ﴿١١٥﴾

အာယသ်တော်များသည် အထူးတလည် ထူးမြတ်မှုရှိသော အာယသ်တော်များဖြစ်သည်။ 'ဗဂ်ဝီ' နှင့် 'ဆအ်လဗီ'တို့က ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့ကြသည်မှာ 'ဟဇရသ်

အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ်သည် ပြင်းထန်သော ရောဂါများ၌ လုံးပန်းနေရသူ ရောဂါသည်တစ်ဦး၏အနီးမှ ဖြတ်သန်းသွားခဲ့ရသည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﵁ သည် ထိုသူ၏ နားအတွင်း၌ 'စူရာဟ် မုအ်မိနူးန်'၏ ဤအာယသ် افحسبتم မှ အဆုံးအထိကို ဖတ်ကြားပေးလိုက်သည်။ ထိုသူသည် ထိုအချိန် မှာပင် အကောင်းပကတိ ဖြစ်သွားသည်။ တမန်တော်မြတ် ﷺ က ၎င်းအား 'အသင်သည် ထိုသူ၏ နား အတွင်းတွင် မည်သည့်အရာကို ဖတ်ကြားပါသနည်း' ဟု မေးမြန်းတော်မူရာ အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﵁ က 'ဤအာယသ်တော်များ ဖတ်ကြားပါသည်' ဟု လျှောက်ထားလေသည်။ တမန်တော်မြတ် ﷺ က 'ငါကိုယ်တော်၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော ဇာတိတော်အသျှင်မြတ်၏ ကစမ်၊ အကယ်၍ ယုံကြည်မှု ရှိသူတစ်ဦးသည် ဤအာယသ်တော်များကို တောင်အပေါ်၌ ဖတ်ရွတ်ပါလျှင် ထိုတောင်သည် မိမိနေရာမှ ရွေ့လျားသွားနိုင်သည်' ဟု မိန့်ကြားတော်မူလေသည်။

رَبِّ اغْفِرْ وَارْحَمْ

ဤနေရာတွင် اغفر နှင့် ارحم တို့ နှစ်မျိုးစလုံးတွင် مفعول 'မဖ်အူးလ်'(အပြုခံရသူ) ကို တင်ပြထားခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် မည်သည့်အရာကို ခွင့်လွှတ်ရမည်နည်း။ မည်သည့်အရာ အပေါ် သနားကြင်နာရမည်နည်းဆိုသည်ကို တင်ပြထားခြင်းမရှိပေ။ ထိုသို့ တင်ပြမထားခြင်းသည် အရာ ဟူသမျှတို့ကို ခြုံငုံ၍ ညွှန်းဆိုခြင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'မဂ်ဖိရသ်' လွတ်ငြိမ်း ချမ်းသာခွင့် ရရှိရန် ဒိုအာတောင်းခံခြင်းတွင် ဆုံးရှုံးနစ်နာမှုနှင့် ဒုက္ခခံစားရမှုများမှ ကင်းလွတ်ငြိမ်းရန် များလည်း ပါဝင်သည်။ 'ရဟ်မသ်' ကရုဏာ၏ ဒိုအာ တောင်းခံရာတွင်လည်း ရည်ရွယ်ချက်ဆန္ဒဟူသရွေ့ နှင့် နှစ်သက်ဖွယ်အရာများ ရရှိရန် တောင်းခံခြင်းများလည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခ များမှ ဝေးကွာခြင်းနှင့် လိုလားချက် အကျိုးအမြတ်များ ရရှိခြင်းတို့သည် လူ့ဘဝသက်တမ်းနှင့် ထိုဘဝ သက်တမ်း၏ တောင့်တချက်များ၏ အချုပ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ နှစ်မျိုးစလုံးသည် ဤနေရာ၌ အတူပါဝင်သွားလေသည်။ *[မဇ္ဖဟရီကျမ်း]*

စင်စစ် တမန်တော်မြတ် ﷺ သည် အပြစ်များမှ ကင်းစင်သူ၊ 'ရဟ်မသ်'ကရုဏာပြုခြင်း ခံရသူ ဖြစ်ပါလျက် 'မဂ်ဖိရသ်' နှင့် 'ရဟ်မသ်'၏ ဒိုအာများ ဤသို့ သင်ကြားပေးတော်မူခြင်းမှာ ဤဒိုအာသည် မည်မျှ အလေးအနက်ထားရမည်ဖြစ်ကြောင်းကို အွမ္မသ်အား သင်ကြားပေးရန် ဖြစ်သည်။

اِنَّهٗ لَا يُفْلِحُ الْكٰفِرُوْنَ

စူရာဟ်မုအ်မိနူးန်ကို قَدْ اَفْلَحَ الْمُؤْمِنُوْنَ ဖြင့် အစပြုပြီး لَا يُفْلِحُ الْكٰفِرُوْنَ ဖြင့် အဆုံးသတ် ခဲ့သည်။ ဤသို့ပြုခြင်းဖြင့် ပြည့်ဝသော အောင်မြင်မှုသည် မုအ်မင်န်များအတွက်သာဖြစ်ပြီး ကာဖိရ်တို့ သည် ဤအောင်မြင်မှုမှ လက်မဲ့ဖြစ်ရကြောင်း သိရှိရသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်နူးရ်

ရှောင်ခြည်တော်ကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

سُورَةٌ أَنزَلْنَاهَا وَفَرَضْنَاهَا وَأَنزَلْنَا فِيهَا آيَاتٍ بَيِّنَاتٍ لَّعَلَّكُمْ تَذَكَّرُونَ ①

၂၄ : ၁ ။ ။ (ဤသည်) ငါအသျှင်မြတ် ချပေးတော်မူသော စူရာဟ် (ကဏ္ဍ) တစ်ခုပင် ဖြစ်၏။ ၎င်းပြင် ငါအသျှင်မြတ်သည်ပင် ယင်းစူရာဟ် (ကဏ္ဍ) ကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့ တရားရကြရန် အလို့ငှာ၊ ယင်းစူရာဟ် (ကဏ္ဍ) ၌ ထင်ရှားစွာသော အမိန့်တော် (အာယသ်တော်) များကို ထုတ်ပြန်ချပေးတော်မူခဲ့၏။

الزَّانِيَةُ وَالزَّانِي فَاجْلِدُوا كُلَّ وَاحِدٍ مِّنْهُمَا
مِائَةَ جَلْدَةٍ ۖ وَلَا تَأْخُذْكُم بِهِمَا رَأْفَةٌ فِي دِينِ اللَّهِ إِن كُنتُمْ
تُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ ۖ وَلْيَشْهَدْ عَذَابَهُمَا طَائِفَةٌ
مِّنَ الْمُؤْمِنِينَ ②

၂၄ : ၂ ။ ။ 'ဇေနာ' (မတရားကာမဂုဏ်) အမှုကို ကျူးလွန်သော မိန်းမသည်လည်းကောင်း၊ ယောကျ်ားသည်လည်းကောင်း၊ အသင်တို့သည် ၎င်းတို့နှစ်ဦးအနက် တစ်ဦးစီကို ကြိမ်ဒဏ်အချက်ပေါင်း တစ်ရာစီ ရိုက်ကြလေကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်ကြပါလျှင် ၎င်းတို့နှစ်ဦးအပေါ်၌ ကရုဏာသက်ရောက်မှုကြောင့် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာဆောင်ရွက်ရာတွင် ဟန့်တားခြင်း အလျှဉ်းမဖြစ်စေရ။ ထို့ပြင် ၎င်းတို့နှစ်ဦးအား ပြစ်ဒဏ်ပေးသည်ကို မုအ်မင်နှ်သက်ဝင်ယုံကြည်သူတို့အနက် လူတစ်စုသည် လာရောက်ကြည့်ရှုကြရမည် ဖြစ်သည်။

'စူရာဟ်နူးရ်' ၏ ထူးခြားမှုအချို့

ဤစူရာဟ်တွင် အများဆုံးပညတ်ချက်မှာ ရှောင်ကြဉ်မှုသိက္ခာကို ထိန်းသိမ်းခြင်းနှင့် အရှက်အင်္ဂါ ဖုံးအုပ်ခြင်းများနှင့် စပ်လျဉ်းသော ပညတ်ချက်များဖြစ်သည်။ ထိုအမိန့်ပညတ်ချက်များကို ပြည့်စုံစေရန်

'ဇိနာ' ကာမေသုမိစ္ဆာကံ ကျူးလွန်ခြင်းအတွက် အပြစ်ဒဏ်များပေးသည့် အကြောင်းလည်း တင်ပြထားသည်။ လွန်ခဲ့ပြီးသည့် စူရာဟ်မှအမ်မိနူးန်တွင် မွတ်စလင်မ်တို့၏ လောကီ၊ လောကုတ္တရာ အောင်မြင်မှုအတွက် ရှိရန် ဖြစ်သော ဂုဏ်ရည်များအနက် ဂုဏ်ရည်တစ်ခုမှာ အရှက်အင်္ဂါကို ထိန်းသိမ်းခြင်းဖြစ်သည်။ ဤသည် ပြစ်မှုရှောင်ကြဉ်ခြင်းသိက္ခာ၏ အချုပ်ဖြစ်သည်။ ဤစူရာဟ်တွင် ပြစ်မှုရှောင်ကြဉ်ခြင်းကို အလေးအနက်ပြုရန်အတွက် သက်ဆိုင်ရာအမိန့်ပညတ်ချက်များကို တင်ပြထားသည်။ အမျိုးသမီးများအဖို့ ဤစူရာဟ်ကို သင်ကြားရန် အထူးညွှန်ကြားချက်များ လာရှိပေသည်။

ဟဇရသ်ဖာရူးက်အအ်ဇွာမ်း ﷺ သခင်သည် ကူဖာဟ်သားတို့၏ အမည်ဖြင့် အမိန့်စာတစ်စောင် ရေးပို့သည်မှာ-

علّمو انساء كم سورة النّور

'အသင်တို့၏ အမျိုးသမီးများကို စူရာဟ်နူးရ်ကို သင်ကြားပေးကြကုန်' ဟု ဖြစ်သည်။ ဤစူရာဟ်၏အစ سُوْرَةٌ اَنْزَ لْنٰهَا وَفَرَ ضْنٰهَا ဟူသော စာလုံးများသည်လည်း ဤစူရာဟ်၏ အထူးလေးနက်ခြင်းများကို ညွှန်ပြခြင်း ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤစူရာဟ် (၏ စာလုံးများ) ကို (လည်း) ငါအသျှင်မြတ်က (သာ) ချပေးတော်မူခဲ့သည်။ ထို့အပြင် ဤစူရာဟ် (၏ အဓိပ္ပာယ် (ဝါ) အမိန့်ပညတ်ချက်များ) ကို (လည်း) ငါအသျှင်မြတ်က (သာ) သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည့် စူရာဟ်တစ်ပုဒ်ဖြစ်သည်။ ('ဖွရ်ဇ်' ဖြစ်စေ၊ 'ဝါဂျိဗ်' ဖြစ်စေ၊ 'မွတ်စ်သဟာဗ်' ဖြစ်စေ) ထို့ပြင် ငါအသျှင်မြတ်သည် (ထိုပညတ်ချက်များအပေါ် ညွှန်းဆိုပြသရန်အတွက်) ဤ (စူရာဟ်) တွင် ထင်ရှားစွာသော အမိန့်ပညတ်တော်များကို ပို့ချပေးတော်မူခဲ့သည်။ သို့မှသာ အသင်တို့သည် နားလည်နိုင်ကြပေမည်။ (ကျင့်စဉ်များ ပြုကျင့်နိုင်ကြပေမည်။)

ကာမေသုမိစ္ဆာကံ ကျူးလွန်သူ အမျိုးသမီးနှင့် အမျိုးသား (နှစ်ဦးစလုံးအတွက် အမိန့်ပညတ်တော်) တို့အနက် တစ်ဦးချင်းစီကို ကြိမ်ဒဏ် အချက် (၁၀၀) စီ ရိုက်နှက်ကြလေကုန်။ အသင်တို့သည် ထိုသူနှစ်ဦးအပေါ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာ ဆောင်ရွက်ရာတွင် အနည်းငယ်မျှ သနားငဲ့ကွက်ခြင်း မပြုရပေ။ (သနားသဖြင့် လွှတ်ပေးခြင်း (သို့) အပြစ်ဒဏ်ပေးရာ၌ လျှော့ပေါ့မှုများ မပြုကြလေနှင့်။) အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် 'ကေယာမသ်' နေ့အပေါ် သက်ဝင်ယုံကြည်သူများဖြစ်လျှင် ၎င်းတို့နှစ်ဦးအား အပြစ်ဒဏ်ပေးသည့်အခါ မွတ်စလင်မ်အုပ်စုတစ်စုကို အသင့် ရှိနေစေရမည်။ (သို့မှသာလျှင် ၎င်းတို့အား သေးသိမ်စေခြင်းနှင့် ကြည့်ရှု ကြားနာသူများအဖို့လည်း သံဝေဂတရား ရရှိပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်၏ ပထမအာယသ်တော်သည် ကျမ်းဦးစကားအသွင်ဖြင့် မိန့်ကြားထားခြင်းဖြစ်သည်။ ယင်းကျမ်းဦးစကားဖြင့် ဤစူရာဟ်၏ အမိန့်ပညတ်တော်များကို အထူးလေးနက်စွာ တင်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့နောက် ပညတ်ချက်များတွင် ဦးစွာပထမ စူရာဟ်၏ ရည်ရွယ်ချက်ဖြစ်သော 'ဇေနာ' ကျူးလွန်ခြင်း၏ အပြစ်ဒဏ်၊ ပြစ်မှုရှောင်ကြဉ်ခြင်းသိက္ခာနှင့် ထိုသို့ ပြစ်မှုရှောင်ကြဉ်ရန် မျက်စိအကြည့်များကိုပင် ထိန်းသိမ်းရခြင်း၊ အခွင့်မရှိဘဲ တစ်စုံတစ်ဦး၏ အိမ်သို့ သွားရောက်ခြင်းနှင့် ကြည့်ရှုခြင်းများကို တားမြစ်သည့် အမိန့်ပညတ်တော်များသည် ရှေ့၌ လာရှိပေမည်။ 'ဇေနာ'အမှု ကျူးလွန်ခြင်းသည် ထိုဆင်ခြင်မှုများကို ချိုးဖျက်လျက် ပြစ်မှုရှောင်ကြဉ်ခြင်းသိက္ခာကို ဆန့်ကျင်ခြင်း၏ အဆုံးစွန်သို့ ရောက်ရှိခြင်းနှင့် အသျှင်မြတ်၏ အမိန့်ပညတ်တော်များကို ပွင့်ပွင့်လင်းလင်း ပုန်ကန်ခြားနားခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် အစ္စလာမ့်တရားတော်၌ လူတို့၏ ဖောက်ပြန်မှုဖြစ်ခြင်းများအတွက် 'ဟူဒူးဒ်' (အပြစ်ဒဏ်) ပေးခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်၌ သတ်မှတ်ပေးထားတော်မူသည်။ 'ဇေနာ'၏ အပြစ်ဒဏ်သည်လည်း ထိုပြစ်မှုအားလုံး၏ အပြစ်ဒဏ်များထက် ပြင်းထန်၍ သာပိုများပြားမှု ရှိသည်။ 'ဇေနာ'သည် ပင်ကိုယ်ကပင် အလွန် ကြီးမားသည့် ပြစ်မှုတစ်ခုဖြစ်သည့်အပြင် မိမိနှင့်အတူ များစွာသော ပြစ်မှုများကိုလည်း ယူဆောင်လာသည့် ပြစ်မှုဖြစ်သည်။ ထို 'ဇေနာ'အမှု၏ နောက်ဆုံးရလဒ်မှာ လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ပျက်စီးစေသည်။ လောကတွင် သတ်ဖြတ်မှုများ၊ တိုက်ခိုက်မှုများနှင့် ပျက်စီးမှုများ ဖြစ်သမျှတို့ကို ဆန်းစစ်ကြည့်ပါလျှင် အများဆုံး ဖြစ်ရသည့် အကြောင်းခံမှာ အမျိုးသမီးနှင့် ထိုအမျိုးသမီးအား 'ဟရာမ်'နည်းဖြင့် ပတ်သက်ဆက်နွယ်ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် စူရာဟ်၏အစတွင် ထိုအဆုံးမဲ့ ပြစ်မှုနှင့် အရှက်မဲ့သော လုပ်ရပ်ကို ချိုးဖဲ့ဖျက်ဆီးရန် ထို 'ဇေနာ'မှုအတွက် တရားတော်အရ 'ဟဒ်'အပြစ်ဒဏ်ပေးခြင်းကို ပြသထားသည်။

'ဇေနာ'သည် ကြီးမားသော ပြစ်မှုကြီးတစ်ခုဖြစ်၍ များစွာသော ပြစ်မှုတို့၏ ပေါင်းစုရာ အချုပ်ဖြစ်သောကြောင့် အစ္စလာမ်တွင် ၎င်း၏ အပြစ်ဒဏ်ကို အကြီးမားဆုံးအဖြစ် သတ်မှတ်ထားခြင်း

ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးစ်တော်များမှ ပြစ်မှု (၄) မျိုးတို့၏ အပြစ်ဒဏ်နှင့် ထိုအပြစ်ဒဏ်ပေးနည်းကို စနစ်တကျ သတ်မှတ်ပေးထားသည်။ တရားသူကြီးတစ်ဦးဦး (သို့) အုပ်ချုပ်သူတစ်ဦးဦး၏ ဆုံးဖြတ်ချက်အပေါ် လွှတ်မထားပေ။ ထိုသို့ သတ်မှတ်ပေးထားသည့် ပြစ်ဒဏ်များကို ရှရီအသ်တရားတော်၏ ဝေါဟာရတွင် حُدُود 'ဟုဒူးဒ်'ဟု ခေါ်သည်။ ထိုပြစ်မှု (၄) မျိုးမှအပ ကျန်ပြစ်မှုများ၏ ပြစ်ဒဏ်ကို ဤသို့ သတ်မှတ်ခြင်း မပြုထားပေ။ အုပ်ချုပ်သူ (သို့) တရားသူကြီးသည် တရားခံ၏ အခြေအနေ၊ ပြစ်မှု၏ အဆင့်နှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း စသည်တို့ကို စုစည်း၍ သုံးသပ်ချင့်ချိန်လျှင် ပြစ်မှုနှင့် လိုက်လျော

ညီထွေမည့် အပြစ်ဒဏ်ကို ချမှတ်နိုင်သည်။ ထိုသို့သော ပြစ်ဒဏ်များကို ရှရီအသ်တရားတော်၏ ဝေါဟာရ အသုံးအနှုန်းတွင် تعزيرات 'သအ်ဇီးရားသ်' ဟု ခေါ်သည်။ حدودشرعية 'ဟုဒူးဒေ့ရှရ်အီယဟ်' တရားတော်မှ သတ်မှတ်ပေးသည့် အပြစ်ဒဏ် (၄) မျိုး ရှိသည်။ ၄င်းတို့မှာ-

(၁) ခိုးဝှက်ခြင်း၊

(၂) သန့်ပြန့်သည့် အမျိုးသမီးအား မဟုတ်မတရား စွပ်စွဲခြင်း၊

(၃) အရက်သေစာ သောက်စားခြင်း၊

(၄) 'ဇေနာ' ကျူးလွန်ခြင်း တို့ ဖြစ်သည်။

ထိုပြစ်မှုများသည် သူ့နေရာနှင့်သူ အလွန်ကြီးမားပြင်းထန်မှုရှိပြီး လောက၏ ငြိမ်းချမ်းသာယာမှုကို ပျက်စီးစေသော အလွန်ဆိုးရွားခြင်းများ၏ အချုပ်ဖြစ်သည်။ သို့ရာတွင် ၄င်းတို့အားလုံးလည်း 'ဇေနာ' ၏ အကျိုးဆက်ရလဒ်၏ ဆိုးယုတ်ခြင်းမှာ လောကတွင် လူ့ဘောင်တည်ဆောက်ရာ၌ ပျက်စီးခြင်းများသည် အခြားသော ပြစ်မှုများ၌ မရှိနိုင်ဟု ထင်ရသည်။ ၄င်းတို့မှာ-

(၁) တစ်ပါးသူ၏ သမီး၊ ညီမနှင့် ဇနီးတို့အပေါ် လက်တင်ခြင်းသည် ထိုလက်တင်သူ၏ ပျက်စီးရာပျက်စီးကြောင်းပင် ဖြစ်သည်။ မွန်မြတ်သော လူသားတစ်ဦးအဖို့ မိမိ၏ ဥစ္စာပစ္စည်းများနှင့် ပိုင်ဆိုင်မှုအားလုံးကို စွန့်လွှတ်ပေးလိုက်ခြင်းသည် မိမိနှင့် 'ဟရာမ်' ဖြစ်သည့် သန့်ရှင်းသည့် အမျိုးသမီး အပေါ် လက်တင်ခြင်းနှင့် ယှဉ်လျှင် မခက်ခဲပါချေ။ ထို့ကြောင့်ပင် လောကအတွင်း၌ နေ့စဉ်ဖြစ်ပေါ်လျက် ရှိနေသည်မှာ 'ဟရာမ်' ဖြစ်သည်တို့အပေါ် လက်တင်၍ စော်ကားမှုပြုခံရသူများသည် မိမိတို့၏ အသက်ကို ပင် အလေးမမူဘဲ 'ဇေနာ' ပြုသူအား သတ်ဖြတ်ရန် ကြိုးပမ်းကြသည်။ ထိုသို့ လက်စားချေရန်ဟူသော လှုံ့ဆော်စိတ်များ ဖြစ်ပေါ်ခဲ့ကြသည်။ ထို့ကြောင့် မျိုးနွယ်စုများ ပျက်စီးစေခြင်း ဖြစ်ခဲ့ရသည်။

(၂) 'ဇေနာ' ကျူးလွန်မှု များပြားလာသည့် မျိုးနွယ်စုတွင် မျိုးဆက်ကို ထိန်းသိမ်းရန် လုံခြုံမှု မရှိတော့ပေ။ ၄င်းတို့နှင့် 'နေကာဟ်ဟရာမ်' ဖြစ်သော မိခင်၊ ညီမ၊ အစ်မနှင့် သမီး စသည်တို့၏ တော်စပ်မှုများ ပျောက်ကွယ်သွားပါလျှင် မိမိ၏ သမီး၊ မိမိ၏ ညီမ၊ အစ်မများသည်လည်း 'နေကာဟ်' တွင် ရောက်ရှိလာနိုင်သည်။ ဤသည် 'ဇေနာ' ထက်ပင် သာပို၍ ပြင်းထန်ကြီးလေးသော အပြစ်ဖြစ်သည်။

(၃) လေးနက်စွာ စဉ်းစားကြည့်မည်ဆိုလျှင် ကမ္ဘာလောကအတွင်း ဖြစ်လေသမျှသော ပြဿနာ အရှုပ်အထွေးများ ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းတရားသည် များသောအားဖြင့် အမျိုးသမီးဖြစ်ပြီး ဒုတိယအဆင့်တွင် ဥစ္စာပစ္စည်းဖြစ်သည်။ ထိုအမျိုးသမီးနှင့် ဥစ္စာပစ္စည်းတို့၏ လုံခြုံမှုကို တိကျမှန်ကန်စွာ ထိန်းသိမ်းနိုင်သော ဥပဒေများ ပြဋ္ဌာန်းပြီး ၄င်းတို့အား ထိုသတ်မှတ်ထားပြီးဖြစ်သော ဥပဒေဘောင်ပြင် မရောက်ရှိမှသာလျှင် ငြိမ်းချမ်းသာယာမှုကို တာဝန်ယူသည့် ဥပဒေဖြစ်နိုင်သည်။ ဤနေရာတွင် 'ဇေနာ' ပြုခြင်း၏ ဆိုးကျိုးများနှင့် မကောင်းခြင်းများကို စုစည်း၍ အကျယ်တဝင့် တင်ပြနေရန် မဟုတ်။ လူ့ဘောင်၊ လူ့အသိုင်းအဝိုင်းအတွက် ထို 'ဇေနာ' ၏ ပျက်စီးဆုံးရှုံးခြင်းအကြောင်း သိရှိစေရန်အတွက် ဤမျှနှင့်လည်း

လုံလောက်ပေသည်။ ထို့ကြောင့် အစ္စလာမ်သည် 'ဇေနာ' ကျူးလွန်ခြင်း၏ အပြစ်ဒဏ်ကို အခြားပြစ်မှုများ၏ အပြစ်ဒဏ်ထက် ပြင်းထန်စွာ ချမှတ်ပေးခဲ့သည်။ ထိုပြစ်ဒဏ်ကို ဖော်ပြပါအာယသ်တော်၌ တင်ပြထားသည်မှာ-

الزّ انية والز انى فاجلد واكلّ واحد منهما ما ئة جلد ة

ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် 'ဇေနာ' ကျူးလွန်သူ အမျိုးသမီးကို ပထမတင်ပြပြီးနောက်မှ 'ဇေနာ' ကျူးလွန်သူ အမျိုးသားကို တင်ပြထားသည်။ အပြစ်ဒဏ်မှာမူ နှစ်ဦးစလုံးအတွက် တစ်မျိုးတည်းသာဖြစ်သည်။ များသောအားဖြင့် အမိန့်ပညတ်ချက်များကို တင်ပြရာတွင် အမျိုးသားများကိုသာ ဦးတည်၍ အမိန့်ပညတ်တော်များ ချမှတ်လေ့ရှိသည်။ အမျိုးသမီးများသည်လည်း ထိုအမိန့်ပညတ်တော် ချမှတ်ခြင်းတွင် အမျိုးသားတို့၏ နောက်ဆက်တွဲအဖြစ် အမိန့်ပေးခံရခြင်း ဖြစ်သည်။ အမျိုးသမီးများအတွက် သီးသန့်ခွဲခြား၍ အမိန့်ပေးရန် မလိုအပ်တော့ပေ။ ဤကုရ်အာန်ကျမ်းတော်မြတ် တစ်အုပ်လုံးတွင်

يَاَيُّهَا الَّذِيۡنَ اٰمَنُوۡا

ဟူသော ဝါကျတွင် အမျိုးသားများ၏ စာလုံးဖြင့် အမိန့်တော်များ တင်ပြထားသည်။ ထိုအမိန့်တော်များ တင်ပြထားခြင်းတွင် အမျိုးသမီးများသည်လည်း သူမတို့၏ အမျိုးသမီးဆိုင်ရာ စာလုံးများ တင်ပြထားခြင်းမရှိဘဲ ထိုအမိန့်တော် ချမှတ်ခြင်း၌ ပါဝင်လေသည်။

ဤသို့ ဖြစ်ရခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အမျိုးသမီးများကို လုံခြုံစွာ ဖုံးအုပ်လျက်နေရန် အမိန့်ပေးထားသကဲ့သို့ ၎င်းတို့အကြောင်း တင်ပြခြင်းတွင်လည်း အမျိုးသားများ၏ နောက်ဆက်တွဲအဖြစ် ဖုံးအုပ်လျက် တင်ပြထားခြင်း ဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ဆိုလျှင် လူတစ်ဦးတစ်ယောက်အဖို့ 'ဤအမိန့်တော်အားလုံးသည် အမျိုးသားများအတွက်သာ ဖြစ်သည်။ အမျိုးသမီးများအတွက် ထိုအမိန့်တော်များ သတ်မှတ်ခြင်း မပြုထား' ဟု ထင်ယောင်ထင်မှား ဖြစ်နိုင်ပေသည်။ ထို့ကြောင့် အထူးအာယသ်တော်များတွင် အမျိုးသမီးများအတွက် သီးခြားမိန့်ဆိုပြဋ္ဌာန်းခြင်းများလည်း လာရှိပေသည်။

اقمن الصلوة واٰتين الزكوٰة

အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးအကြောင်းကို တင်ပြရန် ဖြစ်လျှင် အမျိုးသားအကြောင်းကို ဦးစွာ တင်ပြလျက် အမျိုးသမီးအကြောင်းကို နောက်မှ တင်ပြလေသည်။ ခိုးဝှက်မှု၏ အပြစ်ဒဏ်ကို ဤဥပဒေအတိုင်း

السارق والسا رقة فا قطعوا ايد يهما

ဟု မိန့်ကြားထားသည်။ ဤမိန့်ကြားချက်တွင် ခိုးဝှက်သူ အမျိုးသားကို ဦးစွာ တင်ပြပြီး၊ ခိုးဝှက်သူ အမျိုးသမီးကို နောက်၌ တင်ပြထားသည်။

သို့ရာတွင် 'ဇေနာ'ပြစ်မှု အပြစ်ဒဏ်အကြောင်း တင်ပြရာတွင် ဦးစွာ အမျိုးသမီးကို တင်ပြ၍ နောက်ဆက်တွဲ ပါဝင်စေခြင်းအပေါ်၌သာ လုံလောက်စေခြင်းမပြုဘဲ ပေါ်လွင်စွာ တင်ပြခြင်းကိုသာ သင့်

တော်မည်ဟု မှတ်ယူခဲ့သည်။ ဒုတိယအချက်မှာ အမျိုးသမီးကို တင်ပြခြင်းသည် အမျိုးသားထက်အလျင် တင်ပြခြင်းဖြစ်သည်။ ထိုသို့ တင်ပြခြင်းတွင် အမြော်အမြင်များစွာ ရှိသည်။

ပထမအမြော်အမြင်မှာ အမျိုးသမီးသည် ချည့်နဲ့စွာ ဖန်ဆင်းခံရသူဖြစ်သည်။ သဘာဝအလျောက် သနားကြင်နာထိုက်သည်ဟု မှတ်ယူရသည်။ အကယ်၍ အမျိုးသမီးကို ပေါ်လွင်ထင်ရှားစွာ တင်ပြခြင်း မပြုပါက 'အမျိုးသမီးသည် ဤပြစ်ဒဏ်၌ မပါဝင်'ဟု ထင်ယောင်ထင်မှားဖြစ်နိုင်သည်။ တစ်ဖန် အမျိုးသမီးကို ဦးစွာ တင်ပြရခြင်းမှာ 'ဇေနာ'ကျူးလွန်မှုလုပ်ရပ်သည် အရှက်မဲ့သော လုပ်ရပ်တစ်ခု ဖြစ်သည်။ ထိုလုပ်ရပ်၏ အစသည် အမျိုးသမီးဘက်မှ အဆုံးမဲ့ အရှက်အကြောက် ကင်းမဲ့ခြင်းနှင့် အလေးမမူခြင်းတို့ကြောင့် ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် တန်ခိုးတော်အသျှင်မြတ်သည် အမျိုးသမီး၏ စိတ်ဓါတ်တွင် သဘာဝအလျောက် ရှက်သိက္ခာတစ်ခုနှင့် မိမိ၏ သန့်ရှင်းမှုကို ထိန်းသိမ်းစေသည့် စိတ်ဓါတ်အင်အားကို ထည့်ပေးထားတော်မူသောကြောင့် ဖြစ်သည်။ ထိုအရှက်သိက္ခာတရားကို ထိန်းသိမ်းရန် အကြောင်းတရားများစွာကို စုစည်းပေးတော်မူထားသည်။ ထိုအမှုကိစ္စကို စတင်ကျူးလွန်ခြင်းတွင် အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးတို့သည် အမျိုးသားများထက် သာပို ပြင်းထန်မှုရှိသည်။ ဤနေရာတွင် ခိုးဝှက်မှုနှင့် ဆန့်ကျင်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အမျိုးသားများအား ဥစ္စာပစ္စည်း ရှာဖွေနိုင်မှုစွမ်းအားကို ပေးထားတော်မူသောကြောင့် ဖြစ်သည်။ မိမိ၏ လိုအပ်ချက်များကို မိမိ၏ လုပ်ရပ်ဖြင့် ရရှိနိုင်သည့် အခြေအနေ၊ အခွင့်အရေးများကို စုစည်းပေးထားတော်မူသည်။ ထိုအင်အားနှင့် အခွင့်အရေးများကို စွန့်လွှတ်၍ ခိုးဝှက်မှုပြုရန် ကြံရွယ်ခြင်းမှာ အမျိုးသားများအတွက် ရှက်ဖွယ်ရာကိစ္စနှင့် အပြစ်ဆိုစရာကိစ္စ ဖြစ်သည်။ အမျိုးသမီးများတွင် ဤသို့သော အခြေအနေများ မရှိပေ။ အကယ်၍ အမျိုးသမီးသည် ခိုးဝှက်မှုကို ကျူးလွန်မိသည်ဆိုလျှင် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အလွန်ပင် နည်းပါးပါသည်။

فَاجْلِدُوْا တွင် جَلْد 'ဂျလ်ဒ်'ဟူသော စာလုံးသည် ကြိမ်ရိုက်ခြင်းအဓိပ္ပာယ်ဖြစ်သည်။ جِلْد ဟူသော စာလုံးမှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရိုက်နှက်သည့် ကျာပွတ်သည် များသောအားဖြင့် သားရေဖြင့် ပြုလုပ်သောကြောင့် ဖြစ်သည်။ အချို့အဖွင့်ပညာရှင်များက မိန့်ဆိုသည်မှာ جَلْد ဟူသော စာလုံး၏ အဓိပ္ပာယ်ကို ကောက်ယူခြင်းတွင် သားရေကျာပွတ်၏ ရိုက်ချက်၏ သက်ရောက်မှုသည် လူသား၏ အရေပြားအထိသာဖြစ်ပြီး အသားအထိ မရောက်ရှိစေရန်ဖြစ်သည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ကျာပွတ်ဖြင့် ရိုက်နှက်အပြစ်ပေးခြင်းတွင် ဤအလယ်အလတ်ကျသော ပုံစံဖြင့် ရိုက်နှက်ရန် လက်တွေ့ကျင့်သုံး၍ သင်ကြားပြသတော်မူခဲ့သည်။ အသားအထိ နာကျင်စေသော အလွန်ပြင်းထန်သည့် ရိုက်ချက်လည်း မဖြစ်စေရ။ ထူးခြားသော နာကျင်မှုအထိ မဖြစ်လောက်အောင် ညင်သာသည့် ရိုက်ချက်မျိုးလည်း မဖြစ်စေရ။ ဤနေရာတွင် အများစုအဖွင့်ပညာရှင်တို့သည် ဤဟဒီးစ်ဆင့်ပြန်ချက်များကို စနဒ်နှင့် စာလုံးများနှင့်တကွ ရေးသားဖော်ပြခဲ့ကြသည်။

ကြိမ်ဒဏ် (သား၊ရေကျော့ပွတ်) အချက်တစ်ရာ ရိုက်ရန်ဟူသော ဖော်ပြပါအပြစ်ဒဏ်သည် အိမ်ထောင်သည်မဟုတ်သော အမျိုးသား၊၊ အမျိုးသမီးများအတွက်သာဖြစ်၍ အိမ်ထောင်ကျပြီးသော သူတို့၏ အပြစ်ဒဏ်မှာ ခဲပေါက်၍ အပြစ်ပေးခြင်း

'ဇေနာ'ပြစ်မှုအား အပြစ်ပေးခြင်း၏ အမိန့်ပညတ်တော်သည် တစ်ဖြည်းဖြည်း ဖြစ်ပေါ်ရောက်ရှိလာပြီး ပေါ့လျော့ရာမှ ပြင်းထန်ခြင်းဘက်သို့ တိုးမြင့်သွားခြင်းဖြစ်သည်။ အရက်၏ 'ဟရာမ်'ဖြစ်ခြင်းသည်လည်း ဤအတိုင်းပင် တစ်ဆင့်ပြီးတစ်ဆင့် တိုးမြင့်သွားကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြထားသည်။ ထိုအကြောင်း အကျယ်တဝင့်ကို တင်ပြခဲ့ပြီးဖြစ်သည်။ 'ဇေနာ'၏ အပြစ်ဒဏ်အပေါ် ပထမဦးဆုံး ပညတ်တော် စူရာဟ်နေဆာအ်၏ အာယသ်တော် (၁၅) နှင့် (၁၆) တို့တွင် တင်ပြထားသည်။ ထိုအာယသ်တော်များမှာ-

وَالّٰتِیۡ یَاۡتِیۡنَ الۡفَاحِشَۃَ مِنۡ نِّسَآئِکُمۡ فَاسۡتَشۡہِدُوۡا عَلَیۡہِنَّ اَرۡبَعَۃً مِّنۡکُمۡ ۚ فَاِنۡ شَہِدُوۡا فَاَمۡسِکُوۡہُنَّ فِی الۡبُیُوۡتِ حَتّٰی یَتَوَفّٰہُنَّ الۡمَوۡتُ اَوۡ یَجۡعَلَ اللّٰہُ لَہُنَّ سَبِیۡلًا
وَالَّذٰنِ یَاۡتِیٰنِہَا مِنۡکُمۡ فَاٰذُوۡہُمَا ۚ فَاِنۡ تَابَا وَاَصۡلَحَا فَاَعۡرِضُوۡا عَنۡہُمَا ؕ اِنَّ اللّٰہَ کَانَ تَوَّابًا رَّحِیۡمًا

ထို့ပြင် အသင်တို့၏ ဇနီးမိန်းမများအနက်မှ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခဲ့ပါလျှင် အသင်တို့သည် ထိုဇနီးမိန်းမများအပေါ် မိမိတို့အနက်မှ ယောကျ်ား (၄) ဦးကို သက်သေထားရှိကြကုန်။ အကယ်၍ ထိုသူ (၄) ဦးတို့က (မှန်ကန်ကြောင်း) သက်သေထွက်ဆိုကြပါလျှင် အသင်တို့သည် ယင်းမိန်းမတို့ကို အိမ်များအတွင်း၌ ထိုသူမတို့ အသက်သေဆုံးသည်အထိဖြစ်စေ၊ သို့တည်းမဟုတ် အလ္လာဟ်အသျှင်မြတ်သည် ထိုသူမတို့အား တစ်စုံတစ်ရာသော နည်းလမ်းကို ပြဋ္ဌာန်းလုပ်ပေးသည်အထိဖြစ်စေ အကျဉ်းချထားကြလေကုန်။ [၄ : ၁၅]

၎င်းအပြင် အသင်တို့အနက်မှ အကြင်သူနှစ်ဦးတို့သည် 'ဇေနာ'အမှုကို ကျူးလွန်ခဲ့ပါမူ အသင်တို့သည် ထိုသူနှစ်ဦးကို ဒုက္ခပေးကြလေကုန်။ တစ်ဖန် အကယ်၍ ထိုသူနှစ်ဦးသည် (နောင်တရ၍ အပြစ်မှ ချမ်းသာခွင့်ရရှိရန်) ဝန်ချတောင်းပန်ကြပြီး (မိမိတို့ကိုယ်ကို) ပြုပြင်သွားပါလျှင် အသင်တို့သည် ထိုသူနှစ်ဦးတို့ (အား ဒုက္ခပေးခြင်း) မှ ရှောင်ကြဉ်ကြလေကုန်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (ဝန်ချတောင်းပန်သူများဘက်သို့) အကြိမ်ကြိမ် ကရုဏာဖြင့် ပြန်လှည့်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ [၄ : ၁၆]

ထိုအာယသ်တော်နှစ်ပါးစလုံး၏ ဖွင့်ဆိုချက်အပြည့်အစုံနှင့် အရေးကြီးသော ရှင်းလင်းတင်ပြချက်များကို 'စူရာဟ်နေဆာအ်'တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် တင်ပြချက်ကို ပြန်လည်တင်ပြရခြင်းအကြောင်းမှာ 'ဇေနာ'၏ အပြစ်ဒဏ်သည် ပထမကာလမှာပင် ရှေ့သို့ ရောက်ရှိလာစေရန်ဖြစ်သည်။

ဤအာယသ်တော်များတွင် အကြောင်းတစ်ခုမှာ 'ဇေနာ' ကျူးလွန်မှု ခိုင်လုံကြောင်းကို အမျိုးသား (၄) ဦး၏ သက်သေထွက်ဆိုခြင်း ရှိရမည်ဖြစ်ကြောင်း တင်ပြထားသည်။ အခြားတစ်ခုမှာ 'ဇေနာ' ပြုခြင်း အပြစ်ဒဏ်တွင် အမျိုးသမီးအား အိမ်အတွင်း အကျဉ်းချထားရမည်။ ၄င်းတို့နှစ်ဦးကို ဒုက္ခရောက်စေရန် ဖော်ပြခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် 'ဇေနာ'၏ ဤအပြစ်ဒဏ်ပေးရန်ဟူသော အမိန့်သည် နောက်ဆုံး အမိန့်မဟုတ်သေးဘဲ အခြားအမိန့်တစ်စုံတစ်ရာ လာရှိရန် ရှိသေးကြောင်းကို

اَوْ يَجْعَلَ اللّٰهُ لَهُنَّ سَبِيْلًا

နှင့် တင်ပြထားသည်။ ဖော်ပြပါအပြစ်ဒဏ်ပေးခြင်းတွင် အမျိုးသမီးများကို အိမ်အတွင်း၌ အကျဉ်းချထားခြင်းမှာ ထိုအချိန်အတွက် လုံလောက်ကြောင်း သတ်မှတ်ထားသည်။ နှစ်ဦးစလုံးကို ဒုက္ခရောက်စေသော အပြစ်ဒဏ်ပေးခြင်းကို လုံလောက်ကြောင်း သတ်မှတ်ထားသည်။ သို့ရာတွင် ထိုဒုက္ခရောက်စေခြင်း၏ အထူးပုံသဏ္ဌာန်၊ သီးခြားပမာဏနှင့် အပြစ်ဒဏ်ပေးခြင်းတို့ကို ဖော်ပြမိန့်ကြားထားခြင်း မရှိဘဲ ကုရ်အာန်၏ စာလုံးများအရ သိရှိရသည်မှာ 'ဇေနာ'၏ ပထမအစ အပြစ်ဒဏ်သည် تعزيرى 'သအ်ဇီရီး' (တရားသူကြီး သို့မဟုတ် အာဏာပိုင်တို့၏ တိကျမှန်ကန်သော ဆုံးဖြတ်အပြစ်ပေးခြင်း ဖြစ်သည်။ ထိုအပြစ်ဒဏ်ပေးခြင်း၏ အတိုင်းအတာ၊ ပမာဏကို ရှရီအသ်တရားတော်မှ သတ်မှတ်ပြဋ္ဌာန်းခြင်း မပြုပေ။ တရားသူကြီး (သို့) အုပ်ချုပ်သူအာဏာပိုင်တို့မှ မှန်ကန်တိကျစွာ ဆုံးဖြတ်စီရင်မှုအပေါ်၌ မူတည်သည်။ ထို့ကြောင့် ဒုက္ခရောက်စေခြင်းအတွက် မထင်မရှား၊ မပေါ်လွင်သော စာလုံးဖြင့် သုံးနှုန်းထားခြင်း ဖြစ်သည်။ သို့သော် တစ်ဆက်တည်းမှာပင်

اَوْ يَجْعَلَ اللّٰهُ لَهُنَّ سَبِيْلًا

ဟု မိန့်ကြား၍ 'နောင်အခါတွင် ထိုတရားခံများအဖို့ အပြစ်ဒဏ်ပေးရန် အခြားနည်းလမ်းတစ်ခု ချမှတ်စေခြင်း ဖြစ်နိုင်သည်' ဆိုခြင်းကို ညွှန်းဆိုပြသထားသည်။ 'စူရာဟ်နူးရ်'၏ ဖော်ပြပါအာယသ်တော် ကျရောက်လာသည့်အခါ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိအဗ္ဗားစ် ﷺ သခင်က 'စူရာဟ်နေဆာအ်'တွင်

اَوْ يَجْعَلَ اللّٰهُ لَهُنَّ سَبِيْلًا

'သို့တည်းမဟုတ် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အတွက် အခြားလမ်းတစ်ခုခုကို ပြသတော်မူလိမ့်မည်' ဟူ၍ ကတိပြုထားသည်ဖြစ်ရာ ယခု စူရာဟ်နူးရ်၏ ဤအာယသ်တော်သည် ထိုလမ်းကို ပြသပေးလိုက်ပြီ ဖြစ်သည်။ ဆိုလိုသည်မှာ ကြိမ် (ကျာပွတ်) ဒဏ် အချက် (၁၀၀) ရိုက်နှက်သည့် အပြစ်ပေးခြင်းကို အမျိုးသမီးနှင့် အမျိုးသားနှစ်ဦးစလုံးအတွက် သတ်မှတ်ပြဋ္ဌာန်းတော်မူလိုက်သည်' ဟု မိန့်ဆိုခဲ့သည်။ တစ်ဆက်တည်းမှာပင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သည် သားရေကျာပွတ်နှင့် အချက် (၁၀၀) ရိုက်သော အပြစ်ဒဏ်ကို အိမ်ထောင်မပြုသေးသူ အမျိုးသားနှင့် အမျိုးသမီးများအတွက် သတ်မှတ်၍ မိန့်ဆိုသည်မှာ-

يعنى الرّجم للثيّب والجلد للبكر

'ထိုလမ်းကြောင်း ပြုလုပ်ပြသတော်မူခြင်းနှင့် 'ဇေနာ'၏ အပြစ်ဒဏ်ကို သတ်မှတ်ခြင်းမှာ အိမ်ထောင်ကျပြီးသူ အမျိုးသားနှင့် အမျိုးသမီးတို့သည် ဤပြစ်မှုကို ကျူးလွန်သော် ၎င်းတို့အား ခဲပေါက်၍ အဆုံးစီရင်ရမည်။ အိမ်ထောင်မကျသေးသည့်သူဖြစ်လျှင် ကြိမ် (ကျာပွတ်) အချက်တစ်ရာ (၁၀၀) ရိုက်ခြင်းသည် အပြစ်ဒဏ်ပေးခြင်း ဖြစ်သည်။' *[ဆွဟီးဟ်ဘုခါရီ၊ စာ-၆၇၇။]*

စူရာဟ်နူးရ်၏ ဖော်ပြပါအာယသ်တော်တွင် အသေးစိတ် ရှင်းလင်းခြင်းမပြုဘဲ 'ဇေနာ'၏ အပြစ်ဒဏ်သည် ကြိမ် (ကျာပွတ်) အချက်တစ်ရာ (၁၀၀) ရိုက်ရန် ဖော်ပြထားသည်မှာ အထင်အရှားဖြစ်သည်။ ဤအမိန့်သည် အိမ်ထောင်မကျသေးသည့် အမျိုးသားနှင့် အမျိုးသမီးတို့အတွက်သာ သီးသန့်ဖြစ်ခြင်းနှင့် အိမ်ထောင်ကျပြီးသူများအတွက် ခဲပေါက်၍ အဆုံးစီရင်ရသည့် အပြစ်ဒဏ်ဖြစ်ခြင်းတို့ကို အခြားသော ဟဒီးစ်အထောက်အထားဖြင့် သိရှိခြင်းဖြစ်ပေမည်။ ထိုဟဒီးစ်သည် ဆွဟီးဟ်မွတ်စ္စလင်မ်၊ မွစ်နဒ်အဟ်မဒ်၊ စုနန်နေစအီး၊ အဘူဒါဝူးဒ်၊ သိရ်မေဇီနှင့် အိဗ်နေမာဂျာဟ်ကျမ်းတို့တွင် ဟဇရသ်အုဗာဒဟ်ဗင်န်ဆွာမိသ် ﷺ ၏ ဆင့်ပြန်ချက်ဖြင့် လာရှိသည်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

خذ واعنّى خذ وا عنى قد جعل الله لهن سبيلا البكر بالبكر جلد مائة وتغر يب عام والثيب بالثيب جلد ما ئة والرجم

'ငါကိုယ်တော့်ထံမှ အသိပညာများ သင်ယူကြကုန်။ ငါကိုယ်တော်ထံမှ အသိပညာများ သင်ယူကြကုန်။' အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် 'ဇေနာ'အမှုကျူးလွန်သူ အမျိုးသားနှင့် အမျိုးသမီးတို့အတွက် စူရာဟ်နေဆာအ်၏ အာယသ်တော်တွင် လမ်းကြောင်းတစ်ခု ပြုလုပ်ပေးမည်ဟူသော ကတိတော်ကို ယခု စူရာဟ်နူးရ်တွင် မိန့်ကြားထားသည်။ ယင်းမိန့်ကြားချက်မှာ အိမ်ထောင်မကျသေးသည့် အမျိုးသား၊ အမျိုးသမီးတို့အတွက် 'သားရေကျာပွတ်'အချက်တစ်ရာ (၁၀၀) နှင့် တစ်နှစ်တာ နယ်နှင်ဒဏ်ပေးခြင်းတို့ဖြစ်ပြီး အိမ်ထောင်ကျပြီးသူ အမျိုးသားနှင့် အမျိုးသမီးတို့အတွက် ကြိမ်ဒဏ် 'သားရေကျာပွတ်' အချက် (၁၀၀) နှင့် ခဲပေါက်၍ အဆုံးစီရင်ခြင်းတို့ ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

စူရာဟ်နူးရ်တွင် အိမ်ထောင်မကျသေးသော အမျိုးသားနှင့် အမျိုးသမီးတို့အတွက် အကြိမ် (သားရေကျာပွတ်) အချက်တစ်ရာ (၁၀၀) ရိုက်၍ အပြစ်ပေးရန် ဖော်ပြထားသည်။ ထိုဟဒီးစ်တော်တွင် ကြိမ်ဒဏ် (၁၀၀) နှင့်အတူ အမျိုးသားတို့အဖို့ တစ်နှစ်တာ နယ်နှင်ဒဏ်ပေးခံရမည့် အပြစ်ဒဏ် အပိုတစ်ခုကိုလည်း တင်ပြထားသည်။ ထိုမွေ့သတ်တွင် ဖိကာဟ်ပညာရှင်များအတွင်း ကွဲလွဲမှုများရှိသည်မှာ 'ဤတစ်နှစ်တာ နယ်နှင်ဒဏ်ပေးသည့် အပြစ်ဒဏ်သည် 'ဇေနာ'မှုကျူးလွန်သူ အမျိုးသားအဖို့ ကြိမ်ဒဏ်အချက် (၁၀၀) ကဲ့သို့ အရေးကြီးသော တာဝန်ဖြစ်ပါသလော။ (သို့မဟုတ်) တရားသူကြီးမှ လိုအပ်သည်ဟု ယူဆ၍ 'တစ်နှစ်တာ နယ်နှင်ခြင်းလည်းပြုစေ' ဟူသည့် မှန်ကန်သော ဆုံးဖြတ်ချက်အပေါ် မူတည်ပါသလော'ဟု ဖြစ်သည်။

အေမာမ်အဘူဟာနီဖာဟ် (ရဟ) ထံတွင် နောက်ဆုံးပုံစံဖြစ်သော တရားသူကြီး အာဏာပိုင်၏ စီရင်ချက်အပေါ်၌ မူတည်သည်ဆိုခြင်းမှာ အမှန်ကန်ဆုံးဖြစ်သည်။ ဒုတိယအကြောင်းတစ်ခုသည် ဤဟဒီးစ် တော်တွင် ရှိသည်မှာ ခဲပေါက်ခြင်းမပြုမီ ကြိမ်ဒဏ် (၁၀၀) ရိုက်၍ အပြစ်ပေးခြင်းဖြစ်သည်။ သို့ရာတွင် အခြားသော ဟဒီးစ်ဆင့်ပြန်ချက်များ၊ တမန်တော်မြတ် ﷺ နှင့် ခုလဖာအေရာရှိဒီးန်တို့၏ အစဉ်အဆက် ပြုခဲ့ခြင်းများအရ ဤအပြစ်ဒဏ်နှစ်မျိုးကို တစ်ပေါင်းတည်း ပြုရမည်မဟုတ်ဟု အတည်ဖြစ်လေသည်။ အိမ်ထောင်ကျပြီးသူ ခဲပေါက်ခြင်းကိုသာ ပြုရပေမည်။

ဤဟဒီးစ်တော်တွင် အထူးသဖြင့် စူးစိုက်၍ ကြည့်ထိုက်သည်မှာ တမန်တော်မြတ် ﷺ သည် ဤဟာဒီးစ်တော်တွင်

اَوْ يَجْعَلَ اللّٰهُ لَهُنَّ سَبِيْلًا

၏ သဖ်စီးရ်ကို မိန့်ကြားတော်မူခဲ့သည်။ သဖ်စီးရ်ဖွင့်ဆိုချက်တွင် ကြိမ်ဒဏ် (၁၀၀) ရိုက်နှက်ရန် ဖြစ်သော စူရာဟ်နူးရ်၏ အာယသ်တော်ကို တင်ပြထားသည်။ ထိုအာယသ်တော်၏ တင်ပြချက်အပေါ် အချို့ အပို ဖြည့်စွက်ခြင်းများလည်း ပါဝင်သည်။

- ပထမဦးစွာ အိမ်ထောင်မကျသေးသူ အမျိုးသား၊ အမျိုးသမီးများအတွက် ကြိမ်ဒဏ် (၁၀၀) ရိုက်ခြင်းမှာ သီးသန့်ဖြစ်ခြင်း၊
- ဒုတိယ တစ်နှစ်တာ နယ်နှင်ဒဏ်ပေး၍ အပြစ်ဒဏ်ခတ်ခြင်း၊
- တတိယ အိမ်ထောင်ကျပြီးသူ အမျိုးသား၊ အမျိုးသမီးအတွက် ခဲပေါက်၍ စီရင်ခြင်း အမိန့်တို့ ဖြစ်သည်။

စူရာဟ်နူးရ်၏ အာယသ်တော်အပေါ် အပို ဖြည့်စွက်ခြင်းများကို တမန်တော်မြတ် ﷺ က ပြုလုပ် တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ' ဗျာဒိတ်တော်အရသာ ဖြစ်သည်မှာ အထင်အရှားဖြစ်သည်။

اِنْ هُوَ اِلَّا وَحْىٌ يُّوْحٰى

နဗီတမန်တော်မြတ် ﷺ နှင့် ထိုနဗီထံမှ လမ်းမှန်ရယူရန် နားထောင်သူများအဖို့မှာမူ ကုရ်အာန်အဖြစ် 'သေလာဝသ်' ဖတ်ရွတ်ခြင်းပြုရသော 'ဝဟီ' နှင့် 'သေလာဝသ်' ဖတ်ရွတ်ခြင်းမပြုရသော 'ဝဟီ' သည် အတူတူပင် ဖြစ်သည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ဆွဟာဗာများ၏ ရှေ့မှောက်တွင် ထိုဖတ်ရွတ် ခြင်း မပြုရသည့် 'ဝဟီ' အပေါ် ကျင့်သုံးမှုပြုတော်မူခဲ့သည်။ ماعز 'မာအိဇ်' နှင့် غامدية 'ဂါမိဒိယဟ်' တို့အပေါ် ခဲပေါက်၍ စီရင်ခြင်းကို ကျင့်သုံးတော်မူခဲ့သည်။ ထိုအကြောင်းကို ဟဒီးစ်ကျမ်းအားလုံးတွင် မှန်ကန်တိကျသော စနဒ်များနှင့်တကွ ဖော်ပြထားသည်။ ဟဇရသ်အဘူဟုရိုင်ရာဟ် ؓ နှင့် ဇိုင်ဒ်ဗင်န်ခါလိဒ် ဂျူဟာနီတို့၏ ဆင့်ပြန်ချက်တွင် ဆွဟီဟိုင်းန်ဘိုခါရီနှင့် မွတ်စလင်မ်ကျမ်းတို့တွင် လာရှိသည်မှာ 'အိမ်ထောင် ကျပြီးသော အမျိုးသမီး၏ အလုပ်သမားဖြစ်သူ အိမ်ထောင်မကျသေးသည့် အမျိုးသားတစ်ဦးသည် မိမိ၏ အလုပ်ရှင် ထိုအမျိုးသမီးနှင့် 'ဇေနာ' အမှု ကျူးလွန်ကြလေသည်။ 'ဇေနာ' ပြုသူ အမျိုးသား၏ ဖခင်သည်

ထို 'ဇေနာ'ပြုသူ သားကို ကိုယ်တော်မြတ် ﷺ ထံသို့ ခေါ်ဆောင်လာခဲ့သည်။ အဖြစ်မှန်ကို ဝန်ခံခြင်းဖြင့် အတည်ဖြစ်သွားလေရာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ-

لا قضين بينكما بكتا ب الله

'ငါကိုယ်တော်သည် အသင်တို့နှစ်ဦး၏ လုပ်ရပ်များအပေါ် စီရင်ချက်ကို 'ကိတာဗွလ္လာဟ်' အလ္လာဟ် အသျှင်မြတ်၏ ကျမ်းတော်မြတ်ဖြင့် ပြုတော်မူမည်'ဟု ဖြစ်သည်။ ထို့နောက် အိမ်ထောင်မကျသေးသည့် 'ဇေနာ'ပြုသူ အမျိုးသားအား ကြိမ်ဒဏ် (၁၀၀) ရိုက်၍ အပြစ်ပေးရန် အမိန့်ပေးတော်မူလိုက်သည်။ အိမ်ထောင်ကျပြီးသူ အမျိုးသမီးကို ခဲပေါက်ခြင်းဖြင့် အပြစ်ပေးရန် ဟဇရတ်အိုနိုင်းစ် ﷺ အား အမိန့်ပေးတော်မူလိုက်သည်။ ဟဇရတ်အုနိုင်းစ် ﷺ သည် မိမိကိုယ်တိုင် ထိုအမျိုးသမီး၏ ထွက်ဆိုချက်နှင့် ဝန်ခံချက်တို့ကို ရယူပြီး သူမအပေါ် တမန်တော်မြတ် ﷺ ၏ အမိန့်တော်အတိုင်း ခဲပေါက်၍ စီရင်ခြင်းကို ပြုခဲ့လေသည်။ *[အိဗ်နေကာစီးရ်ကျမ်း]*

ဤဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ သည် တစ်ဦးကို ကြိမ်ဒဏ် (၁၀၀) နှင့် အခြားတစ်ဦးကို ခဲပေါက်၍ စီရင်သည့် အပြစ်ဒဏ်ပေးခဲ့သည်။ နှစ်ဦးစလုံး၏ အပြစ်ဒဏ်စီရင်ခြင်းကို 'ကိတာဗွလ္လာဟ်' အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်ကုရ်အာန်ဖြင့်ပင် ပြုတော်မူခြင်း ဖြစ်သည်။ စင်စစ် စူရာဟ်နူးရ်၏ အာယသ်တော်တွင် ကြိမ်ဒဏ် အပြစ်ပေးခြင်းအကြောင်းသာ ပါရှိသည်။ ခဲပေါက်စီရင်ခြင်းအကြောင်း တင်ပြထားခြင်း မရှိပေ။ အကြောင်းမှာ တမန်တော်မြတ် ﷺ အား ထိုအာယသ်တော်၏ ဖွင့်ဆိုရှင်းလင်းချက် အပြည့်အစုံနှင့် အသေးစိတ် အမိန့်ပညတ်ချက်များကို 'ဝဟီ'အားဖြင့် အလ္လာဟ်အသျှင်မြတ်က ပြသတော်မူသောကြောင့် ဖြစ်သည်။ ထို 'ဝဟီ'သည် 'ကိတာဗွလ္လာဟ်'၏ အမိန့်တော်ပင် ဖြစ်သည်။ ယင်းတို့အနက် အချို့အစိတ်အပိုင်းများမှ 'ကိတာဗွလ္လာဟ်'တွင် ဖော်ပြခြင်းနှင့် ဖတ်ရွတ်ခြင်းကား မရှိပေ။ ဆွဟီးဟ်ဘိုခါရီ၊ မွတ်စ္စလင်မ် စသော ဟဒီးစ်ကျမ်းများတွင် ဟဇရတ်အုမရ် ﷺ ၏ 'ခွသ်ဗာဟ်' မိန့်ကြားချက်အား ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်ဖြင့် ဖော်ပြထားသည်။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ ရှိသော စာလုံးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

قال عمربن خطاب وهوجالس على منبر ﷺ ان الله بعث محمدًا ﷺ بالحق و انزل عليه الكتا ب فكا ن عما انزل الله عليه اٰية الرّ جم قرأ نا ها و عينا ها وعقلنا ها فرجم ﷺ ورجمنا بعد هٗ فاخشى ان طا ل بالناس زمان انيقول قا ئل ما نجد الرجم فى كتا ب الله تعا لٰى فيضلوا بتركه فريضة انزلها الله وان الرجم فىكتاب الله حق علىمَن زنا اذا احصن من الرجال والنساء اذا قامت البينة او كان الحبل اوالا عتراف

ဟဇရက်အုမရ် ؓ သည် တမန်တော်မြတ် ﷺ ၏ 'မင်န်ဗရ်'ပေါ်တွင် ထိုင်လျက် မိန့်ကြားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိုဟမ္မဒ် ﷺ ကို အမှန်တရားနှင့်အတူ စေလွှတ်တော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ အပေါ် (ကုရ်အာန်) ကျမ်းမြတ်ကို ချပေးတော်မူခဲ့ရာ 'ကိသာဗွလ္လာဟ်' (ကုရ်အာန်) ကျမ်းမြတ်တွင် ကိုယ်တော့်အပေါ် ချပေးခြင်းအနက် 'ခဲပေါက်စီရင်ခြင်း'အကြောင်း အာယသ်တော်လည်း ပါဝင်ပေသည်။ ထိုအာယသ်တော်ကို ကျွန်ုပ်တို့သည် ဖတ်ရွတ်ကြသည်။ ကျက်မှတ်ကြသည်။ သိနားလည်ကြသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည်လည်း 'ခဲပေါက်၍ စီရင်မှု'ကို ပြုတော်မူခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကိုယ်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် 'ခဲပေါက်စီရင်ခြင်း'ကို ပြုခဲ့ကြသည်။ ယခုမူ ကျွန်ုပ်သည် အချိန်ကာလ ရှေ့လျှားသွားသည့်အပေါ် တစ်စုံတစ်ဦးက 'ကျွန်ုပ်တို့သည် 'ကိသာဗွလ္လာဟ်' (ကျမ်းတော်မြတ်ကုရ်အာန်) တွင် ခဲပေါက်၍ စီရင်ခြင်းအကြောင်း မတွေ့ရှိပါ'ဟု ပြောဆိုလျက် အလ္လာဟ်အသျှင်မြတ် ပို့ချပေးထားတော်မူသည့် သာသနာ့အမိန့်တာဝန်တစ်ရပ်ကို စွန့်လွှတ်လျက် လမ်းမှားသွားမည်ကို စိုးရိမ်မိပါသည်။ စင်စစ် အိမ်ထောင်ကျပြီးသူ အမျိုးသား၊ အမျိုးသမီးတို့၏ 'ဇေနာ'ပြုကြောင်း တရားတော်အရ အထောက်အထား ခိုင်လုံလျှင်ဖြစ်စေ၊ (သို့) ကိုယ်ဝန်ရှိလာသည်ဖြစ်စေ၊ (သို့) သက်သေထွက်ဆိုခြင်းရရှိသည်ဖြစ်စေ ၎င်းတို့အပေါ် 'ခဲပေါက်၍ စီရင်ရသည့် အမိန့်သည် 'ကိသာဗွလ္လာဟ်' (ကုရ်အာန်) တွင် အမှန်ပင် ပါရှိလေသည်။ *[မွတ်စ္စလင်မ်ကျမ်း၊ တွဲ-၂၊ စာ-၆၅။]*

ဤဆင့်ပြန်ချက်သည် ဆွဟီးဟ်ဘိုခါရီကျမ်း၌လည်း ရှင်းလင်းချက်များနှင့်တကွ လာရှိသည်။

[ဘိုခါရီကျမ်း၊ တွဲ-၂၊ စာ-၁၀၀၉။]

နစာအီကျမ်းတွင်လည်း ထိုဆင့်ပြန်ချက်၏ စာလုံးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

انالا نجد من الرجم بد ا فانه حد من حدود الله الا وان ﷺ قد رجم ورجمنا بعده ولولا انيقول قائلون ان عمر زاد فى كتا ب الله ماليس فيه لكتبت فىناحية المصحف وشهد عمر بن الخطاب وعبد الرحمن بن عوف وفلان وفلان ان ﷺ رجم ورجمنابعد ه الحديث

'ဇေနာ'ပြစ်မှု၏ အပြစ်ဒဏ်ပေးရာတွင် ရှရီအသ်တရားတော်၏ ရှုထောင့်အရ 'ခဲပေါက်၍ စီရင်ခြင်း' ပြုရာ၌ ကျွန်ုပ်တို့အဖို့ အခက်အခဲ ဖြစ်ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုစီရင်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များအနက် အမိန့်တော်တစ်ခုဖြစ်သောကြောင့်ပင် ကောင်းစွာ မှတ်သားကြရမည်မှာ တမန်တော်မြတ် ﷺ သည် ကိုယ်တော်တိုင် 'ခဲပေါက်၍ စီရင်ခြင်း'ကို ပြုတော်မူခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကိုယ်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင်လည်း 'ခဲပေါက်၍ စီရင်မှု' ကို ပြုခဲ့ကြသည်။ အကယ်၍ ပြောဆိုသူတစ်ဦးဦးက အုမရ် ؓ သည် 'ကိသာဗွလ္လာဟ် (ကုရ်အာန်) တွင် မိမိဘက်မှ တစ်စုံတစ်ရာကို ဖြည့်စွက်လိုက်သည်'ဟု ပြောဆိုမည်ကို စိုးရိမ်ရခြင်း မရှိပါက ကျွန်ုပ်သည် ကုရ်အာန်

ကျမ်းတော်မြတ်၏ ထောင့်တစ်နေရာတွင် ထိုအကြောင်းကို ရေးသားလိုက်မည်သာ ဖြစ်သည်။ ထို့အပြင် တမန်တော်မြတ် ﷺ သည် ခဲပေါက်၍ စီရင်တော်မူခဲ့ကြောင်းနှင့် ကိုယ်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် ကျွန်ုပ်တို့သည် ခဲပေါက်၍ စီရင်ခဲ့ကြကြောင်း အုမရ်ဗင်န်ခသ္သွာဗ် သက်သေဖြစ်ပါသည်။ အဗ်ဒွရ်ရဟ်မာန်ဗင်န်အောင်ဖ်သက်သေဖြစ်ပါသည်။ ထို့ပြင် မည်သူမည်ဝါ ဆွဟာဗာများသည်လည်း သက်သေဖြစ်ပါသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ဟဇရသ်အုမရ် ﷺ သခင်၏ ဤ 'ခွသ်ဗာဟ်' မိန့်ခွန်းအားဖြင့် 'ခဲပေါက်၍ စီရင်ခြင်းအကြောင်း' သည် စူရာဟ်နူးရ်၏ အာယသ်တော်အပြင် အခြားအာယသ်တော်တစ်ပါးရှိကြောင်း အတည်ဖြစ်သည်။ သို့ရာတွင် ဟဇရသ်အုမရ် ﷺ က ထိုအာယသ်တော်သည် မည်သည့်အာယသ်တော်ဖြစ်ကြောင်း စာလုံးများကို မပြသခဲ့ပေ။ ထို့ပြင် အကယ်၍ ၄င်းသည် ဤစူရာဟ်နူးရ်၏ အာယသ်တော်အပြင် အခြားအာယသ်တော်တစ်ပါးဖြစ်သည်ဟုလည်း မိန့်တော်မမူခဲ့ပေ။ သို့ရှိရာ ကုရ်အာန်တွင် အဘယ်ကြောင့် မရှိရပါသနည်း။ အဘယ်ကြောင့် 'သေလာဝသ်' ဖတ်ရွတ်ခြင်း မပြုရပါသနည်း။ 'အကယ်၍ လူတို့က ကျွန်ုပ်အား 'ကိသာဗွလ္လာဟ်' တွင် ဖြည့်စွက်မှုများ ပြုသည်ဟု စွပ်စွဲမှုများ ပြုမည်ကို စိုးရိမ်ခြင်းမရှိပါက ကျွန်ုပ်သည် ထိုအာယသ်တော်ကို ကုရ်အာန်၏ ထောင့်တစ်နေရာတွင် ရေးသားလိုက်မည်သာ ဖြစ်သည်။

ဤဆင့်ပြန်ချက်တွင် စဉ်းစားဖွယ်ဖြစ်သည့် အချက်မှာ 'အကယ်၍ ထိုအကြောင်းသည် အမှန်ပင် ကုရ်အာန်ကျမ်းမြတ်၏ အာယသ်တော်တစ်ပါးဖြစ်ပြီး အခြားအာယသ်တော်များကဲ့သို့ 'သေလာဝသ်' ဖတ်ရွတ်မှုပြုရန် 'ဝါဂိုဗ်' ဖြစ်သည်ဆိုပါလျှင် ဟဇရသ်အုမရ် ﷺ သည် ထိုအာယသ်တော်၏ ပြင်းထန်မှုနှင့် ကျော်ကြားမှုများ ရှိပါလျက် လူတို့၏ မကောင်းပြောဆိုမှုကို ကြောက်ရွံ့ပြီး အဘယ်ကြောင့် ထိုအာယသ်တော်ကို စွန့်လွှတ်ခဲ့ပါသနည်း။

တစ်ဖန် စဉ်းစားဖွယ်ဖြစ်သည့် ဒုတိယအချက်မှာ ဟဇရသ်အုမရ် ﷺ ကိုယ်တိုင်က 'ကျွန်ုပ်သည် ဤအာယသ်တော်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ထည့်သွင်းလိုက်မည်ဟု မိန့်ကြားသည်မဟုတ်ဘဲ ကျွန်ုပ်သည် ထိုအကြောင်းကို ကုရ်အာန်၏ ထောင့်တစ်နေရာတွင် ရေးသားလိုက်မည်' ဟုသာ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဤအကြောင်းအရာအားလုံးတို့၏ ဆက်စပ်မှုများမှာ ဟဇရသ်အုမရ် ﷺ သည် စူရာဟ်နူးရ်၏ ဖော်ပြပါအာယသ်တော်၏ သဖ်စီးရ်ကို တမန်တော်မြတ် ﷺ ထံမှ ကြားသိခဲ့ရခြင်းဖြစ်သည်။ ထိုသဖ်စီးရ်ဖွင့်ဆိုချက်တွင် ကိုယ်တော်မြတ် ﷺ သည် ကြိမ်ဒဏ် (၁၀၀) ရိုက်၍ အပြစ်ပေးခြင်းအမိန့်ကို အိမ်ထောင်မကျသေးသည့် အမျိုးသားနှင့် အမျိုးသမီးတို့အတွက်သာ အထူးသတ်မှတ်တော်မူခဲ့သည်။ အိမ်ထောင်ကျပြီးသူများအတွက် ခဲပေါက်၍ စီရင်ရန် အမိန့်ပေးတော်မူခဲ့သည်။ ထိုခြုံငုံ၍ ဖွင့်ဆိုတင်ပြသည့် သဖ်စီးရ်ကိုလည်းကောင်း၊ ထိုအမိန့်အပေါ်၌ တမန်တော်မြတ် ﷺ ၏ ကျင့်ဆောင်ချက်နှင့် 'ကိသာဗွလ္လာဟ်' အားလည်းကောင်း၊ ထို့နောက် 'ကိသာဗွလ္လာဟ်' ၏ အာယတ်တော်နှင့် စာလုံးများကိုလည်းကောင်း နှိုင်းယှဉ်မှုပြုခဲ့ခြင်း ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ ဤသဖ်စီးရ်ဖွင့်ဆိုချက်နှင့် အသေးစိတ်ရှင်းလင်းချက်တို့သည်

'ကိသာဗုလ္လာဟ်' (ကုရ်အာန်) ၏ အမိန့်တော်ဖြစ်သည်။ 'ကိသာဗုလ္လာဟ်'၏ 'အာယသ်တော်တစ်ပါး မဟုတ်ပေ'ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပါး ကျန်ရှိသွား၍ ၄င်းအာယသ်တော်ကို သူ့နေရာနှင့် သူ နေရာတကျ ထားရန်ဖြစ်လျှင် ဟဇရသ်အုမရ် ؓ ကို မည်သည့်အင်အားရှိသူကမျှ ဟန့်တားနိုင်မည်မဟုတ်ပေ။ ကုရ်အာန်၏ ထောင့်တစ်နေရာတွင် ရေးသားလိုက်မည်ဟု ရည်ရွယ်ခဲ့ခြင်းမှာလည်း အမှန်စင်စစ် ဤရေးသားခြင်းသည် အာယသ်တော်တစ်ပါးမဟုတ်ဘဲ စူရာဟ်နူးရ်၏ အာယသ်တော်အတွက် အကျယ်ရှင်းလင်းချက်သာဖြစ်ကြောင်း အထောက်အထားပင် ဖြစ်ပေသည်။ အချို့ဆင့်ပြန်ချက်များတွင် ထိုနေရာ၌ အာယသ်တော်တစ်ပါး၏ စာသားများကို ဖော်ပြထားသည်။ ထိုစာသားများသည် အထောက်အထား အကိုးအကားတို့၏ ရှုထောင့်မှ ကြည့်လျှင် ကုရ်အာန်တွင် ၄င်းစာသားများကို ဖြည့်စွက်နိုင်သော အဆင့် မရှိပေ။ ဖိကာဟ်ပညာရှင်တို့သည် ၄င်းကို

منسوخ لتلا وة غير منسوخ الحكم

'သေလာဝသ်'ဖတ်ရွတ်ခြင်း အမိန့်ရုပ်သိမ်းခြင်းခံရပြီး၊ အမိန့်တော်ကို ရုပ်သိမ်းခြင်းမခံရ' ဟူသော အာယသ်တော်နှင့် ပမာပေးနှိုင်းယှဉ်၍ တင်ပြကြသည်။ ထိုပမာပေး နှိုင်းယှဉ်မှုသည် ပမာပေးနှိုင်းယှဉ်ခြင်း အဆင့်၌သာ ဖြစ်ပေသည်။ ထို့ထက်ပို၍ ကုရ်အာန်၏ အာယသ်တော်တစ်ပါး ဖြစ်ကြောင်း အထောက်အာထား မဖြစ်ပါချေ။

အချုပ်ဆိုရသော် စူရာဟ်နူးရ်၏ ဖော်ပြပါအာယသ်တော်တွင် 'ဇေနာ'ပြုသူအမျိုးသား၊ အမျိုးသမီးတို့၏ အပြစ်ဒဏ်ကို ကြိမ်ဒဏ် (၁၀၀) ရိုက်ရန် သတ်မှတ်ထားသည်။ ဤသည် တမန်တော်မြတ် ﷺ ၏ ပြည့်ဝစုံလင်သည့် ရှင်းလင်းတင်ပြချက်များအပေါ် အိမ်ထောင်မကျသေးသူများအတွက် သီးသန့်ဖြစ်သည်။ အိမ်ထောင်ကျပြီးသူများ၏ အပြစ်ဒဏ်မှာ ခဲပေါက်၍ စီရင်ခြင်းဖြစ်သည်။

ဤရှင်းလင်းချက်သည် စင်စစ် အာယသ်တော်၏ စာလုံးများကို ဖော်ပြထားခြင်း မရှိပေ။ သို့ရာတွင် မြင့်မြတ်သန့်ရှင်းသော ဇာတိတော်အပေါ်၌ ဤအာယသ်တော် ကျရောက်လာခဲ့သည်။ ထိုဇာတိတော်ဘက်မှ တူညီမှုကြောင့် သံသယဖြစ်နိုင်ခြင်းများ ကင်းရှင်းပြီး ရှင်းလင်းချက်များနှင့်အတူ ဤရှင်းလင်းချက်ကို တင်ပြခဲ့သည်။ နှုတ်မှ သင်ကြားပေးခြင်းမျှသာ မဟုတ်ဘဲ ကြိမ်ဖန်များစွာ ထိုရှင်းလင်းတင်ပြချက်အတိုင်း ကျင့်သုံးမှုကိုလည်း ဆွဟာဗာတို့၏ ရှေ့မှောက်၌ ပြုလုပ်တော်မူခဲ့သည်မှာ အတည်ဖြစ်သည်။ ဤအထောက်အထား အတည်ဖြစ်ခြင်းသည် ကျွန်ုပ်တို့၏ ခေတ်သမယထိတိုင် 'သဝါသွရ်' စဉ်ဆက်မပြတ် ကျင့်သုံးခြင်းအားဖြင့် ရောက်ရှိလာခဲ့ပေသည်။ ထို့ကြောင့် အိမ်ထောင်ကျပြီးသည့် အမျိုးသားနှင့် အမျိုးသမီးတို့အပေါ် ခဲပေါက်စီရင်ခြင်းဖြင့် အပြစ်ပေးရသည့် အမိန့်သည် အမှန်စင်စစ် 'ကိသာဗုလ္လာဟ်' (ကုရ်အာန်) ၏ အမိန့်သည်သာဖြစ်ပြီး ထိုကုရ်အာန်၏ အမိန့်ကဲ့သို့ပင် ခိုင်မာ၊ တိကျ၊ ပြတ်သားသည့် အမိန့်ဖြစ်သည်။ ထို့ကြောင့် ခဲပေါက်၍ စီရင်သည့် အမိန့်သည် 'ကိသာဗုလ္လာဟ်' (ကုရ်အာန်) ၏ အမိန့်ဖြစ်သည်ဟုလည်း

ဆိုနိုင်ပေသည်။ ထို့အပြင် ခဲပေါက်စီရင်ရသည့် အမိန့်သည် سنت متواترہ 'စွန္နသ်မုသဝါသိရဟ်' (စဉ်ဆက်မပြတ် ပြုကျင့်လာသော နဗီတမန်တော်၏ စွန္နသ်) ဖြင့် ခိုင်မာတိကျစွာ အတည်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ ဥပမာတင်ပြရလျှင် ဟဇရသ်အလီ ﷺ သခင်ထံမှ ခဲပေါက်စီရင်ခြင်း၏ အမိန့်သည် စွန္နသ်တော်ဖြင့် အတည်ဖြစ်သည်။ နှစ်မျိုးစလုံးသည် တစ်မျိုးတည်းပင် ဖြစ်သည်'ဟူသော စာလုံးများဖြင့် ဆင့်ပြန်ချက်လာရှိသည့်အတိုင်းပင် ဖြစ်သည်။

အရေးကြီးသော သတိပေးချက်တစ်ရပ်

ဤကဏ္ဍတွင် နေရာများစွာ၌ شادی شده နှင့် غیر شادی شده (အိမ်ထောင်ကျပြီးသူနှင့် အိမ်ထောင်မကျသေးသူ) ဟူ၍ ရေးသားခဲ့ပါသည်။ ဤစာလုံးများကို လွယ်ကူသော နှိုင်းယှဉ်မှုတစ်ရပ်အဆင့်အဖြစ် ရေးသားခဲ့ခြင်း ဖြစ်ပေသည်။ မူရင်းစာလုံးများမှာ محصن (မုဟ်ဆွင်န်) နှင့် غیر محصن (ဂိုင်ရ်မုဟ်ဆွင်န်) ဟုလည်းကောင်း၊ ثیّب (ဆိုင်ယိဗ်) နှင့် بکر (ဗိက်ရ်) ဟုလည်းကောင်း ဟဒီးစ်တော်၌ လာရှိပေသည်။

محصن 'မုဟ်ဆွင်န်'၏ ရှရီအသ်တရားတော်အရ မူရင်းအဓိပ္ပာယ်မှာ အကြင်သူသည် မှန်ကန်သော 'နေကာဟ်'ဖြင့် မိမိ၏ ဇနီးနှင့် ကိုယ်လက်နှီးနှောမှုပြုသူ ဖြစ်သည်။ ထိုသူသည် အသိတရားလည်း ရှိသူဖြစ်သည်။' အမိန့်ပညတ်တော်များ၏ အလိုသဘောသည် နေရာတိုင်းတွင် ဤအဓိပ္ပာယ်ပင် ဖြစ်သည်။ နှိုင်းယှဉ်မှုပြုရာတွင် လွယ်ကူစေရန်အတွက် شادی شده အိမ်ထောင်ကျပြီးသူဟူ၍ ရေးသားခြင်းဖြစ်သည်။

'ဇေနာ'အမှုအတွက် အပြစ်ဒဏ်ပေးခြင်းတွင် အဆင့် (၃) ဆင့်ရှိခြင်းအကြောင်း

အထက်ဖော်ပြပါ ဟဒီးစ်ဆင့်ပြန်ချက်များနှင့် ကုရ်အာန်၏ အာယသ်တော်များကို စေ့ငုံခြင်းဖြင့် သိရှိရသည်မှာ အစကနဦးတွင် 'ဇေနာ'၏ ပြစ်မှုသည် ပေါ့လျော့မှုဖြစ်သည်။ တရားသူကြီး (သို့) အုပ်ချုပ်သူအာဏာပိုင်တို့သည် မိမိတို့၏ မှန်ကန်တိကျစွာ ဆုံးဖြတ်ခြင်းအပေါ် ထိုပြစ်မှုကို ကျူးလွန်သူ အမျိုးသားနှင့် အမျိုးသမီးတို့ကို ဒုက္ခရောက်စေရမည်ဖြစ်သည်။ စူရာဟ်နေဆာအ်တွင် လာရှိသည့် အမိန့်အတိုင်း အမျိုးသမီးကို အိမ်အတွင်း၌ ချုပ်နှောင်ထားရမည်။

ဒုတိယကာလမှာ စူရာဟ်နူးရ်၏ အာယသ်တော်၌ လာရှိသည့် အမိန့်အတိုင်း နှစ်ဦးစလုံးကို ကြိမ်ဒဏ် (၁၀၀) စီ ရိုက်နှက်၍ အပြစ်ပေးခြင်းဖြစ်သည်။

တတိယအဆင့်တွင် တမန်တော်မြတ် ﷺ သည် ဖော်ပြပါအာယသ်တော် ကျရောက်လာပြီးသောအခါ 'ကြိမ်ဒဏ် (၁၀၀) အပြစ်ပေးခြင်းသည် အိမ်ထောင်မကျသေးသူများအတွက် လုံလောက်စေသည်။ အိမ်ထောင်ကျပြီးသူ အမျိုးသား၊ အမျိုးသမီးတို့သည် ဤပြစ်မှုကို ကျူးလွန်ပါလျှင် ၎င်းတို့၏ အပြစ်ဒဏ်သည် 'ခဲပေါက်၍ စီရင်ခြင်း' အပြစ်ဒဏ်ပင် ဖြစ်သည်' ဟု မိန့်ကြားတော်မူသည်။

အစ္စလာမ့်ဥပဒေတွင် ကြီးလေးပြင်းထန်သည့် အပြစ်ဒဏ်ရှိခြင်းနှင့် ပြစ်မှုအတည်ပြုခြင်းအတွက် စည်းကမ်းသတ်မှတ်ချက်များကိုလည်း ပြင်းထန်စွာ သတ်မှတ်ထားခြင်း

အထက်၌ တင်ပြပြီးသကဲ့သို့ပင် 'ဇေနာ'၏ အပြစ်ဒဏ်သည် အစ္စလာမ့်တရားတော်တွင် ပြစ်မှုအားလုံး၏ ပြစ်ဒဏ်များထက် ပို၍ ပြင်းထန်မှုရှိသည်။ ထိုသို့ အပြစ်ဒဏ်၌ ပြင်းထန်မှုရှိခြင်းနှင့်အတူ အစ္စလာမ့်ဥပဒေတွင် ထိုပြစ်မှုအတည်ဖြစ်ရန်အတွက်လည်း အလွန်ပြင်းထန်သည့် စည်းကမ်းချက်များကို သတ်မှတ်ပေးထားလေသည်။ (သို့) ဒွိဟသံသယဖြစ်ပေါ်လာပါလျှင် حد 'ဟဒ်'ဟု ခေါ်သော 'ဇေနာ'မှု၏ နောက်ဆုံးအဆင့် အပြစ်ဒဏ်သည် ပလပ်သွားပေသည်။ ခွင့်လွှတ်ချက် ရရှိသွားပေသည်။ 'သအ်ဇီရီ' အပြစ်ဒဏ်ဖြစ်သော တရားသူကြီး (သို့) အုပ်ချုပ်သူအာဏာပိုင်တို့မှ ပြစ်မှုအလိုက်ပေးရမည့် အပြစ်ဒဏ်သာ ကျန်ရှိပေမည်။ ကိစ္စရပ်တိုင်းတွင် 'အမျိုးသားနှစ်ဦး (သို့) အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့၏ သက်သေထွက်ဆိုမှုသည် ယင်းကိစ္စအတည်ဖြစ်ရန် လုံလောက်ပေသည်။ သို့ရာတွင် 'ဇေနာ' ပြစ်မှု၏ အပြစ်ဒဏ်ပေးရန်အတွက် အမျိုးသား (၄) ဦး၏ သံသယ မပါရှိနိုင်သည့် မျက်မြင်သက်သေ ဖြစ်ရန်မှာ အရေးကြီးသော စည်းကမ်းချက်ပင်ဖြစ်သည်။ စူရာဟ်နေဆာအ်၏ အာယသ်တော်တွင် ဤအကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။

ဤသက်သေထွက်ဆိုရာ၌ အခြားသတိမူရမည့်အချက်နှင့် ပြင်းထန်သည့် အချက်မှာ ဤသက်သေထွက်ဆိုရာ၌ အကယ်၍ 'ဇေနာ'ပြစ်မှုကို သက်သေထွက်ဆိုရာတွင် စည်းကမ်းချက်တစ်ခုခု ပျောက်ဆုံးနေသည့်အပေါ် သက်သေထွက်ဆိုမှုကို ပယ်ချလိုက်ပြီဆိုပါလျှင် ထိုသက်သေထွက်ဆိုသူများအဖို့ ကောင်းခြင်း မရှိတော့ပေ။ ၄င်းတို့အပေါ် 'ကိဇ်ဖ်' ('ဇေနာ' ပြုသည်ဟု လိမ်လည်စွပ်စွဲသည့်အပြစ်) ထိုက်လျက် 'ကိဇ်ဖ်' ၏ အပြစ်ဒဏ်အတိုင်း ကြိမ်ဒဏ် (၁၀၀) အရိုက်ခံရပေမည်။ ထို့ကြောင့် အနည်းငယ်မျှ သံသယဖြစ်သည့်အခြေအနေမျိုးတွင် တစ်စုံတစ်ဦးသည် ထိုသူ၏ သက်သေထွက်ဆိုခြင်းအပေါ် ရှေ့သို့ ခြေလှမ်းတိုးခြင်း မပြုနိုင်ပေ။ သို့သော်လည်း 'ဇေနာ'ပြုကြောင်း ပေါ်လွင်ထင်ရှားသည့် အထောက်အထား မရှိသည့်တိုင် သက်သေထွက်ဆိုမှုအားဖြင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့သည် တရားတော်၏ ဘောင်အတွင်းမှ မဟုတ်သော အခြေအနေကို တွေ့ရှိကြောင်း အတည်ဖြစ်သော် တရားသူကြီးသည် ၄င်း၏ ပြစ်မှု၏ အဆင့်နှင့်အညီ ထိုက်သက်သော ကြိမ်ဒဏ် စသည်တို့ကို ပေးနိုင်သည်။

အရေးကြီးသော သတိပေးခြင်းတစ်ရပ်

အမျိုးသားတစ်ဦးသည် အခြားအမျိုးသားတစ်ဦးနှင့်ဖြစ်စေ၊ (သို့) တိရစ္ဆာန်တစ်ကောင်ကောင်နှင့် ဖြစ်စေ၊ ဤလုပ်ရပ်ကို ကျူးလွန်ခဲ့ပါလျှင် ဤပြစ်မှုလုပ်ရပ်သည် 'ဇေနာ'ပြစ်မှု၌ အကျုံးဝင်ပါသလော။ ထိုပြစ်မှု၏ အပြစ်ဒဏ်သည် 'ဇေနာ'အမှု၏ အပြစ်ဒဏ်ပင် ဖြစ်ပါသလော။ (သို့) အခြားအပြစ်ဒဏ် ဖြစ်ပါသလောဟူသော ဓမ္မသတ်ဖြစ်သည်။ ထိုအကြောင်း အကျယ်တဝင့်ကို စူရာဟ်နေဆာအ်၏ သဖ်စီးရ်

ဖွင့်ဆိုချက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စင်စစ် အဘိဓါန်နှင့် ဝေါဟာရတို့တွင် ဤလုပ်ရပ်ကို 'ဇေနာ'ဟု မခေါ်ဆိုပေ။ ထို့ကြောင့် ထိုပြစ်မှုအပေါ် 'ဇေနာ'၏ အပြစ်ဒဏ်ထိုက်သက်ခြင်း မရှိပေ။ သို့ရာတွင် ၎င်း၏ အပြစ်ဒဏ်ပေးခြင်းတွင်လည်း မိမိနေရာနှင့် မိမိ 'ဇေနာ'၏ အပြစ်ဒဏ်ထက် မလျော့ပေ။ ဆွဟာဗာတို့သည် ဤကဲ့သို့သော သူမျိုးကို အရှင်လတ်လတ် မီးရှို့သည့်အပြစ်ဒဏ်ကို ပေးခဲ့ကြသည်။

لَا تَأْخُذْكُمْ بِهِمَا رَأْفَةٌ فِي دِينِ اللّٰهِ

'ဇေနာ'အမှု ကျူးလွန်ခြင်း၏ အပြစ်ဒဏ်သည် အလွန်ပြင်းထန်သည်။ အပြစ်ပေးသူများအနေဖြင့် ၎င်းတို့အပေါ် သနားကရုဏာ သက်ဝင်ပြီး အပြစ်ပေးခြင်းကို စွန့်လွှတ်လိုက်ခြင်း (သို့) လျှော့ပေါ့မှုပြုခြင်းတို့ ပေါ်ပေါက်လာစေနိုင်သည်။ ထို့ကြောင့် 'သာသနာ၏ ထိုအရေးပါသည့် တာဝန်တစ်ရပ်ကို ထမ်းဆောင်ရာတွင် အပြစ်ရှိသူ တရားခံများအပေါ် သနားကြင်နာခြင်း၊ ကရုဏာသက်ခြင်းပြုရန် မပိုင်ကြောင်း၊ အမိန့်ကိုလည်း တစ်ပါးတည်း မိန့်ကြားထားခြင်း ဖြစ်သည်။ ထောက်ထားငဲ့ကွက်မှု၊ သနားကြင်နာမှုနှင့် ခွင့်လွှတ်ချမ်းသာပေးမှုတို့သည် နေရာတိုင်းတွင် ချီးမွမ်းထိုက်သော အရာများ ဖြစ်ပါသည်။ သို့ရာတွင် အပြစ်ရှိသူများအပေါ် သနားငဲ့ကွက်ခြင်း၏ ရလဒ်သည်ကား အသျှင်မြတ်၏ အဖန်ဆင်းခံအားလုံးကို သနားကရုဏာမဲ့ခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် မပြုပိုင်ကြောင်းနှင့် တားမြစ်ချက်ရှိကြောင်း မိန့်ကြားခြင်းဖြစ်သည်။

وَلْيَشْهَدْ عَذَابَهُمَا طَآئِفَةٌ مِّنَ الْمُؤْمِنِيْنَ

'ဇေနာ'ပြစ်မှုအတွက် အပြစ်ဒဏ်ပေးသည့်အချိန်တွင် မွတ်စ္စလင်အုပ်စုတစ်ခုကို မျက်မှောက်၌ ထားရှိရမည်။ အစ္စလာမ်သာသနာတွင် အပြစ်ဒဏ်ပေးခြင်းအားလုံးနှင့် အထူးသဖြင့် 'ဟုဒူးဒ်' အပြစ်ဒဏ်အား လူအများ၏ မြင်ကွင်း၌ အပြစ်ပေးသည့် အစဉ်အလာရှိသည်။ သို့မှသာ ကြည့်မြင်သူအားလုံးအဖို့ သံဝေဂတရား ရရှိမည်ဖြစ်သည်။ သို့ရာတွင် အုပ်စုတစ်စုကို ဇေနာမှုအပေါ် အပြစ်ပေးသည့် နေရာတွင် ရှိနေစေရန်အတွက် အမိန့်ပေးခြင်းမှာလည်း ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။

အစ္စလာမ်သာသနာတွင် ပြစ်မှုများ၏ အစ၌ လျှို့ဝှက်ဖုံးအုပ်ထားရန် အမိန့်ရှိထားသော်လည်း ပြစ်မှုသည် သက်သေထွက်ဆိုခြင်းဖြင့် အတည်ဖြစ်သွားပါလျှင်၊ အပြစ်ကျူးလွန်သူများအပေါ် ပြည့်ဝသော သေးသိမ်မှုဖြစ်စေခြင်းသည်လည်း အဓိကအကြောင်းအမြင်အဖြစ် သတ်မှတ်ထားခြင်း

ရက်ဖွယ်လိလိကိစ္စများ၊ အရှက်အကြောက်သိက္ခာတရား၊ ကင်းမဲ့မှုများကို ဟန့်တားပိတ်ပင်နိုင်ရန်အတွက် အစ္စလာမ်သာသနာသည် ဝေးလံသော နေရာများအထိ 'ကင်း' (အစောင့်) များ ချထားသည်။ အမျိုးသမီးများအပေါ် လုံခြုံမှုရှိစေရန် တာဝန်ပေးထားသည်။ အမျိုးသားများကို မျက်လွှာအကြည့်အောက်သို့ ချရန် မိန့်ကြားထားသည်။ လက်ဝတ်ရတနာတို့၏ အသံများ (သို့) အမျိုးသမီးများ၏ သီးချင်းဆိုသည့်

အသံများကို တားမြစ်ချက်အဖြစ် သတ်မှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ဤသည် အရှက်မဲ့ခြင်းများအတွက် လှုပ်ရှားပေးခြင်းများ ဖြစ်သည်။ ထိုသို့ တားမြစ်မှုများရှိသည့်တိုင် ထိုကိစ္စများတွင် ချွတ်ချော်အားနည်းချက်များ တွေ့ရှိရပါလျှင် ထိုသူ့အား တစ်ဦးချင်းတွင် နားလည်အောင် ဖြောင့်ဖျရန် အမိန့်ပေးထားသည်။ သို့ရာတွင် ၎င်းအား သေးသိမ်စေမှုပြုရန် အခွင့်မရှိပေ။ သို့သော် အကြင်သူသည် ရှရီအသ်တရားတော်၏ ထိုဆင်ခြင်ဖွယ်ရာအားလုံးကို ချိုးဖျက်၍ တရားတော်အရ သက်သေထွက်ဆိုခြင်းဖြင့် အပြစ်ရှိသော အဆင့်ကို ရောက်ရှိသွားပါလျှင် ထိုသို့သော အခြေအနေတွင် ၎င်း၏ မကောင်းမှုလုပ်ရပ်များအပေါ် မျက်ကွယ်ပြုထားမည်ဆိုလျှင် အခြားသူများလည်း ထိုပြစ်မှုများ ကျူးလွန်ရန် သတ္တိများ တိုးမြင့်လာနိုင်သည့် အကြောင်းခံဖြစ်သည်။ ထို့ကြောင့် ထိုပြစ်မှုလုပ်ရပ်အပေါ် ရှရီအသ်တရားတော်သည် မျက်ကွယ်ပြုခြင်းကို အလေးအနက်ပြုသကဲ့သို့ သေးသိမ်စေခြင်းကိုလည်း ထိုမျှပြုလုပ်ပေးထားသည်။ ထို့ကြောင့် 'ဇေနာ' ပြစ်မှု၏ အပြစ်ဒဏ်ကို လူအများ၏ မြင်ကွင်း၌ ပြုလုပ်ခြင်းမျှဖြင့် မပြီးသေးဘဲ မွတ်စ္စလင်မ်အုပ်စုတစ်စုကို ထိုနေရာတွင် အသင့်ရှိပြီး ပါဝင်စေရန် အမိန့်ပေးထားခြင်း ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ٱلزَّانِى لَا يَنكِحُ إِلَّا زَانِيَةً أَوْ مُشْرِكَةً وَٱلزَّانِيَةُ لَا يَنكِحُهَآ إِلَّا زَانٍ أَوْ مُشْرِكٌ ۚ وَحُرِّمَ ذَٰلِكَ عَلَى ٱلْمُؤْمِنِينَ ③

၂၄ : ၃ ။ ။ 'ဇေနာ' (မတရားကာမအမှု) ကျူးလွန် (နေလျက် ရှိ) သော ယောကျ်ားသည် 'ဇေနာ' (မတရားကာမအမှု) ကျူးလွန်သော မိန်းမ၊ သို့မဟုတ် တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်သော မိန်းမမှအပ အခြား (သူတော်ကောင်း အမျိုးသမီးများ) နှင့် ထိမ်းမြားခြင်း မပြုထိုက်ပေ။ ထိုနည်းတူစွာ 'ဇေနာ' (မတရားကာမအမှု) ကျူးလွန် (နေလျက် ရှိ) သော မိန်းမသည် 'ဇေနာ' (မတရားကာမအမှု) ကျူးလွန်သော ယောကျ်ား၊ သို့မဟုတ် တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်သော ယောကျ်ားမှအပ အခြား (ကောင်းမွန်သော ယောကျ်ား) နှင့် ထိမ်းမြားခြင်း မပြုထိုက်ပေ။ စင်စစ် ဤ (မတရားကာမအမှု ကျူးလွန်သော သူများနှင့် ထိမ်းမြားမှု) သည် မုအ်မင်န်သက်ဝင်ယုံကြည်သောသူတို့အပေါ်၌ 'ဟရာမ်' (ဟူ၍) တားမြစ်ထားပြီး ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

('ဇေနာ'ကာမိသုမိစ္ဆာစာရ ကျူးလွန်မှုသည် လူသား၏ အကျင့်စရိုက်ကို ဆိုးဆိုးရွားရွား ပျက်စီးစေသည့် ညစ်ညမ်းမှုဖြစ်သည်။ ထို 'ဇေနာ'ပြစ်မှုအား စွဲလန်းမှုပြုခြင်းသည် မကောင်းသော အရာများဘက်

သို့သာ ရောက်ရှိသွားခြင်းဖြစ်သည်။ ဤကဲ့သို့သော သူမျိုးဘက်သို့ စွဲလန်းမှုပြုခြင်းသည်လည်း မကောင်းသော စိတ်ရိုင်းများကို စွဲလန်းခြင်းသာ ဖြစ်သည်။ ၎င်း၏ အတွင်းပိုင်း အကျင့်စရိုက်များ ပျက်ပြားသွားပြီး ဖြစ်လေသည်။ သို့ဖြစ်ပေရာ) 'ဇေနာ' ကျူးလွန်သူအမျိုးသားသည် (မိမိ 'ဇေနာ'ပြုသူဖြစ်ခြင်းနှင့် 'ဇေနာ'ကို ချစ်ခင်စွဲလန်းသူဖြစ်ခြင်းကြောင့်) 'နေကာဟ်'ပြုရာတွင်လည်း 'ဇေနာ'အမှု ကျူးလွန်သော အမျိုးသမီး (သို့) မုရှ်ရစ်က်အမျိုးသမီးမှတစ်ပါး အခြားအမျိုးသမီးများနှင့် မပြုပေ။ ထို့အပြင် (အလားတူ) 'ဇေနာ' မှု ကျူးလွန်သည့် အမျိုးသမီးနှင့်လည်း (သူမ 'ဇေနာ'ပြုသူ အမျိုးသမီးဖြစ်ခြင်းနှင့် 'ဇေနာ'ပြုခြင်းကို စွဲလန်းချစ်ခင်မှုအားဖြင့်) 'ဇေနာ'ပြုသူ အမျိုးသား (သို့) မုရှ်ရစ်က်အမျိုးသားတို့မှအပ အခြား အမျိုးသားများ နှင့် မပြုပေ။ စင်စစ် (ဤကဲ့သို့သော 'နေကာဟ်'သည် နောင်တွင်လည်း 'ဇေနာ'အမှု၌ပင် နစ်မွန်းနေ မည်ဖြစ်သည်။ (သို့) မုရှ်ရစ်ကအမျိုးသမီးတစ်ဦးနှင့် ဖြစ်မည်။) ဤသည် မွတ်စ္စလင်မ်များအပေါ် 'ဟရာမ်' (နှင့် အပြစ်ထိုက်စေသော လုပ်ရပ်အဖြစ်) သတ်မှတ်ခြင်းခံရသည်။ (ဆိုလိုသည်မှာ ထိုမပိုင်သည့် အခြေ အနေ နှစ်ရပ်တွင် ကွာခြားမှုရှိသည်မှာ 'ဇေနာ'ပြုသူ အမျိုးသား၊ အမျိုးသမီးနှင့် လူတစ်ဦးက 'နေကာဟ်' ပြုလိုက်ပါလျှင် အပြစ်ထိုက်လင့်ကစား 'နေကာဟ်'မှာ ပိုင်သွားပေမည်။ မုရှ်ရစ်က်အမျိုးသမီးနှင့် 'နေကာဟ်'ပြုလုပ်ခြင်းမှာမူ မပိုင်၍ အပြစ်ထိုက်သည့်အပြင် ထို 'နေကာဟ်'သည် ပိုင်မည် မဟုတ်။ ပျက်ပြယ်ပြီးသော 'နေကာဟ်'သာ ဖြစ်ပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ဇေနာ' နှင့် စပ်လျဉ်းသော ဒုတိယအမိန့်

'ဇေနာ' နှင့် စပ်လျဉ်းသည့် ပထမအမိန့်သည် ဤအာယသ်တော်၏အလျင် ပထမအာယသ်တော်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ဤဒုတိယအမိန့်သည် 'ဇေနာ'ပြုသူ အမျိုးသား၊ အမျိုးသမီးနှင့် စပ်လျဉ်းသော အမိန့် ဖြစ်သည်။ ၎င်းတို့နှင့်အတူ မုရှ်ရစ်က်အမျိုးသားနှင့် မုရှ်ရစ်က်အမျိုးသမီးတို့ 'နေကာဟ်' ပြုခြင်း နှင့် စပ်လျဉ်း၍လည်း အမိန့်တော်ပြဋ္ဌာန်းထားသည်။

ဤအာယသ်တော်၏ အဖွင့်တွင် အဖွင့်ပညာရှင် အေမာမ်ကြီးများ၏ အဆိုအကွဲအလွဲ များစွာ ရှိသည်။ ထိုကွဲလွဲမှုများအနက် လွယ်ကူမှုရှိခြင်းနှင့် အလွန်ကောင်းမွန်သည့် သဖ်စီးရ်မှာ ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ကွင်းစကွင်းပိတ်အတွင်း၌ ရှင်းလင်းထားသည့် သဖ်စီးရ်ဖွင့်ဆိုချက်ပင် ဖြစ်သည်။ အချုပ်ဆိုရသော် အာယသ် တော်၏ ပထမပိုင်းတွင် တရားတော်၏ မည်သည့်ပညတ်ချက်မျှ မရှိပေ။ အမြဲကြုံတွေ့နေရသည့် အတွေ့ အကြုံကိုသာ တင်ပြထားသည်။ ထိုတင်ပြချက်တွင် 'ဇေနာ'လုပ်ရပ်၏ ညစ်ညမ်းခြင်းနှင့် ထိုလုပ်ရပ် သက်ရောက်မှုသည် အဝေးထိ ရောက်ရှိနိုင်သည်။ ဆုံးရှုံးနစ်နာမှုများအကြောင်း တင်ပြထားသည်။ အာယသ် တော်၏ အလိုသဘောမှာ 'ဇေနာ'ပြစ်မှုသည် စာရိတ္တအတွက် အဆိပ်အတောက်တစ်ခု ဖြစ်သည်။ ၎င်း၏ အဆိပ်ပြင်းထန်သော သက်ရောက်မှုတို့သည် လူ၏ အတွင်းပိုင်း စာရိတ္တကိုပင် ပျက်ပြားစေသည်။ ထို

'ဇေနာ'မှုကြောင့် အဆိုး၊ အကောင်းကို ဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိတော့ဘဲ မကောင်းမှုနှင့် ညစ်ညမ်းမှုတို့ကိုသာ စွဲလန်းချစ်ခင်မှု ဖြစ်သွားလေသည်။

'ဟလာလ်'နှင့် 'ဟရာမ်'ကိုလည်း မခွဲခြားဘဲ အမျိုးသမီးတစ်ဦးကို ကြိုက်နှစ်သက်ပြီဆိုလျှင် ၎င်း၏ အဓိကရည်ရွယ်ချက်မှာ ထိုအမျိုးသမီးနှင့် 'ဇေနာ'မှုပြုရန်နှင့် 'ဇေနာ'မှုပြုခြင်းအပေါ် သဘောတူရန်သာ ဖြစ်ပေသည်။ အကယ်၍ 'ဇေနာ'ပြုရန်ဟူသော ရည်ရွယ်ချက် အကောင်အထည်မပေါ်လာလျှင် မတတ်သာသည့်အဆုံး 'နေကာဟ်'ထိမ်းမြားမှုပြုရန် သဘောတူရလေသည်။ သို့ရာတွင် 'နေကာဟ်'ပြုရခြင်းကို စိတ်တွင် နှစ်သက်ခြင်းကား မရှိပေ။ အဘယ်ကြောင့်ဆိုသော် 'နေကာဟ်'ပြုခြင်း၏ ရည်ရွယ်ချက်မှာ 'လူသည်'သန့်ရှင်းသောအဖြစ်နှင့် ရှိနေရန်နှင့် ကောင်းမြတ်သော သားကောင်းရတနာများ မွေးဖွားရန်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ၎င်းသူအဖို့ ဇနီး၏ ဝတ္တရားများဖြစ်သော သုံးစွဲ စရိတ် စသည်တို့ ပေးရန်မှာလည်း တာဝန်ဖြစ်သည်။ ဤတာဝန်များသည် ဖော်ပြပါသူများအဖို့ ဘေးဒုက္ခဟု ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော သူများသည် 'နေကာဟ်'ပြုရန် ရည်ရွယ်ချက် မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ စွဲလန်းနှစ်သက်မှုသည် မွတ်စ္စလင်မ်အမျိုးသမီးများသာမက မုရှ်ရစ်က် အမျိုးသမီးများဘက်သို့လည်း ရောက်ရှိသွားသည်။ မုရှ်ရစ်က်အမျိုးသမီးသည် အကယ်၍ မိမိ၏ ဘာသာရေးကြောင့်သော်လည်းကောင်း၊ (သို့) လူမျိုး ဓလေ့ထုံးစံများအရလည်းကောင်း 'နေကာဟ်'ပြုရန် သတ်မှတ်လိုက်ပါလျှင် ၎င်းသူသည် 'နေကာဟ်'ပြုရန် အသင့်ဖြစ်သွားတတ်သည်။ ဤ 'နေကာဟ်'သည် 'ဟလာလ်' ဖြစ်၍ ပိုင်သွားမည်လော။ (သို့) တရားတော်အရ ပျက်ပြယ်ခြင်းသာ ဖြစ်နေပေမည်လော'ဟူသော မည်သည့် စောဒကမျှ တက်ခြင်းလည်း မရှိပေ။ ထို့ကြောင့် အမျိုးသမီးတစ်ဦးအား နှစ်သက်စွဲလန်းမှု ဖြစ်ပေါ်လာလျှင် အကယ်၍ ၎င်းသူသည် မွတ်စ္စလင်မ်ဖြစ်ပါမူ 'ဇေနာ'ပြုသူ အမျိုးသမီးဘက်သို့ စွဲလန်းမှု ပြုပေလိမ့်မည်။ ထို 'ဇေနာ'ပြုသူ အမျိုးသမီးသည် ကနဦးကပင် 'ဇေနာ'ပြုခြင်း အကျင့်စရိုက်ရှိသည်ဖြစ်စေ၊ (သို့) ၎င်းနှင့် 'ဇေနာ'ပြုပြီးမှ 'ဇေနာ'အမှုကျူးလွန်သူဟု ခေါ်ဆိုသူဖြစ်စေ အတူတူပင် ဖြစ်သည်။ (သို့တည်းမဟုတ်) မုရှ်ရစ်က် အမျိုးသမီးတစ်ဦးကို ချစ်ခင်စွဲလန်းမှု ပြုပေမည်။ ထိုအမျိုးသမီးနှင့် 'နေကာဟ်'ပြုခြင်းသည်လည်း 'ဇေနာ'ပြုခြင်း အဓိပ္ပါယ်ပင် ဖြစ်သည်။ ဤသည်မှာ အာယသ်တော်၏ ပထမစာပိုဒ်မှ အဓိပ္ပာယ်ဖြစ်သည်။ ၎င်းမှာ-

اَلزَّا نِيْ لَا يَنۡكِحُ اِلَّا زَانِيَةً اَوۡ مُشۡرِكَةً

ဤနည်းအတိုင်းပင် 'ဇေနာ'ပြုသည့် အကျင့်စရိုက်ရှိသူ အမျိုးသမီးသည် ထို 'ဇေနာ'မှုအတွက် 'သောင်ဗာဟ်'မပြုပါလျှင် 'နေကာဟ်'၏ အဓိကရည်ရွယ်ချက်နှင့် တရားတော်အရ 'နေကာဟ်'အကျိုးကျေးဇူးများကို ရည်ရွယ်သော စစ်မှန်သည့် မွတ်စ္စလင်မ်၊ မုအ်မင်န်တစ်ဦးအဖို့ ဤကဲ့သို့သော အမျိုးသမီးကို ရည်ရွယ်မျှော်လင့်လိမ့်မည် မဟုတ်။ အကြောင်းမှာ ၎င်းအဖို့ ထိုသို့သော အမျိုးသမီးကို စစ်မှန်သော ချစ်ခင်စွဲလန်းမှု မပြုနိုင်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် ယင်းအမျိုးသမီးသည် 'နေကာဟ်'ပြုပြီး

နောက်တွင်လည်း မိမိ၏ မကောင်းသော အကျင့်စရိုက်ကို စွန့်လွှတ်မည်မဟုတ်ကြောင်း သိ၍လည်း ဖြစ်နိုင်သည်။ သို့ရာတွင် ဤကဲ့သို့သော အမျိုးသမီးအား နှစ်သက်စွဲလန်းမှုသည် 'နေကာဟ်'၏ ရည်ရွယ်ချက်မပါဘဲ မိမိ၏ဆန္ဒ ဖြည့်ဆည်းရန်သာဖြစ်သော 'ဇေနာ'ပြုသူသာ ဖြစ်လိမ့်မည်။ ထိုသို့ ပြုရာတွင် အကယ်၍ 'ဇေနာ'ပြုသူ အမျိုးသားသည် မိမိ၏ လောကီရေးရည်ရွယ်ချက် တစ်စုံတစ်ရာအားဖြင့် ထိုသူနှင့် ပေါင်းသင်းခွင့်ရရန် 'နေကာဟ်'၏ သတ်မှတ်ချက်ပြုလျှင် စိတ်မပါသည့်တိုင် 'နေကာဟ်'ကိုလည်း လက်ခံသဘောတူပေလိမ့်မည်။ သို့တည်းမဟုတ် ဤကဲ့သို့သော အမျိုးသမီးနှင့် 'နေကာဟ်'ပြုရန် သဘောတူသူမှာ မုရှ်ရစ်က်ဖြစ်ပေမည်။ မုရှ်ရစ်က်နှင့် ပြုသည့် 'နေကာဟ်'သည်လည်း တရားတော်အရ 'ဇေနာ'သာ ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာတွင် အရာနှစ်ခုစလုံး ရောနှောပါဝင်လာသည်။ မုရှ်ရစ်က်လည်း ပါဝင်လာသည်။ 'ဇေနာ'ပြုသူလည်း ပါဝင်လာသည်။ ထိုအဓိပ္ပာယ်သည် အာယသ်တော်၏ ဒုတိယစာပိုဒ်ဖြစ်သော

وَالزَّانِيَةُ لَا يَنْكِحُهَا إِلَّا زَانٍ أَوْ مُشْرِكٌ

ဖြစ်သည်။ ဖော်ပြပါသဖ်စီးရ်ဖွင့်ဆိုချက်အရ အာယသ်တော်တွင် 'ဇေနာ'ပြုသူ အမျိုးသားနှင့် 'ဇေနာ'ပြုသူ အမျိုးသမီးဆိုသည်မှာ 'ဇေနာ'ပြစ်မှုကို 'သောင်ဗာဟ်'မပြုဘဲ မိမိ၏ မကောင်းသော အကျင့်ဆိုးအပေါ် ရပ်တည်နေသူကို ဆိုလိုကြောင်း အထင်အရှား သိရပေသည်။ အကယ်၍ ၎င်းတို့အနက် အမျိုးသားတစ်ဦးသည် အိမ်မှုကိစ္စများအတွက်ဖြစ်စေ၊ (သို့) သားသမီးများရရှိရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ သန့်ရှင်း၍ မွန်မြတ်သော အမျိုးသမီးနှင့် 'နေကာဟ်'ပြုသည်ဖြစ်စေ၊ (သို့) ဤကဲ့သို့သော အမျိုးသမီးတစ်ဦးသည် ကောင်းမြတ်သော အမျိုးသားတစ်ဦးနှင့် 'နေကာဟ်'ပြုလိုက်သည်ဖြစ်စေ၊ ဤကဲ့သို့သော 'နေကာဟ်'သည် ဤအာယသ်တော်၏ အမိန့်တွင် မပါဝင်တော့ပေ။ ဤ 'နေကာဟ်'သည် တရားတော်အရ ပိုင်သွားပေမည်။

ဖိကာဟ်ပညာရှင်အများစုမှ အေမာမ်အဘူဟနီဖဟ်၊ အေမာမ်မာလိက်နှင့် အေမာမ်ရှာဖေအီ (ရဟ) စသည်တို့၏ လမ်းစဉ်မှာ ဤအတိုင်းပင် ဖြစ်သည်။ ဆွဟာဗာတို့သည် ဤကဲ့သို့သော 'နေကာဟ်'များ ပြုလုပ်ပေးခဲ့ကြသော ဖြစ်ရပ်အထောက်အထားများ လာရှိသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သည်လည်း ဤအတိုင်းပင် 'ဖသ်ဝါ'ပေးခဲ့သည်။

ယခု ကျန်ရှိသည်မှာ အာယသ်တော်၏ နောက်ဆုံးအပိုဒ်ဖြစ်သော

وَحُرِّمَ ذٰلِكَ عَلَى الْمُؤْمِنِينَ

ဖြစ်သည်။ အချို့အဖွင့်ပညာရှင်များက ذٰلك ၏ ညွှန်ပြမှုသည် 'ဇေနာ'လုပ်ရပ်ဘက်သို့ ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ဤသို့ဆိုလျှင် စာပိုဒ်၏ အဓိပ္ပာယ်မှာ 'ဇေနာ'အမှုသည် ဤသို့ ညစ်ညမ်းသည်ဖြစ်သောအခါ မုအ်မင်န်များအပေါ် 'ဟရာမ်'ပြုခံရလေသည်'ဟု ဖြစ်သည်။ ထိုဖွင့်ဆိုချက်အပေါ် အဓိပ္ပာယ်တွင် မည်သို့မျှ စောဒကတက်စရာအကြောင်း မရှိပေ။ သို့ရာတွင် ذٰلك ကို 'ဇေနာ' ၏ အလိုသဘော

ကောက်ယူခြင်းဖြင့် အာယသ်တော်၏ စကားလမ်းကြောင်းမှာ ဝေးကွာသွားမည်မှာ အမှန်ပင် ဖြစ်သည်။ ထို့ကြောင့် အခြားသော အဖွင့်ပညာရှင်များက الله ၏ ညွှန်ပြမှုသည် 'ဇေနာ' ပြုသူ အမျိုးသား၊ အမျိုးသမီးနှင့် မုရှ်ရစ်က်အမျိုးသား အမျိုးသမီးတို့ဘက်သို့ဖြစ်ကြောင်း သတ်မှတ်ကြသည်။ ဤသို့ သတ်မှတ်သည့်ပုံစံတွင် မုရှ်ရစ်က်အမျိုးသမီးနှင့် မွတ်စ္စလင်မ်အမျိုးသား၊ ၎င်းနောက် မုရှ်ရစ်က်အမျိုးသားနှင့် မွတ်စ္စလင်မ် အမျိုးသမီးတို့၏ 'နေကာဟ်'သည် 'ဟရာမ်'ဖြစ်ကြောင်း ကုရ်အာန်၏ အခြားသော မိန့်ကြားချက်များ အရလည်း အတည်ဖြစ်သည်။ ထို့ပြင် အုမ္မသ်၏ ပညာရှင်အားလုံးတို့က တစ်စုတစ်စည်းတည်း လက်ခံသည့် မဿလတ်ဖြစ်သည်။

တစ်ဖန် 'ဇေနာ'ပြုသူအမျိုးသားနှင့် သန့်ရှင်းသော အမျိုးသမီး၏ 'နေကာဟ်'သည်လည်းကောင်း၊ 'ဇေနာ'ပြုသူ အမျိုးသမီးနှင့် သန့်ရှင်းသည့် အမျိုးသား၏ 'နေကာဟ်'သည်လည်းကောင်း 'ဟရာမ်' ဖြစ်ကြောင်း ဤစပိုဒ်မှ သိရှိနိုင်သည့် ပုံစံမှာ သန့်ရှင်းသော အမျိုးသားသည် 'ဇေနာ'ပြုသူအမျိုးသမီး နှင့် 'နေကာဟ်'ပြုပြီးနောက်တွင် သူမအား 'ဇေနာ' လုပ်ရပ်မှ ရပ်တန့်ရန် တားမြစ်ခြင်းမပြုဘဲ သူမ၏ 'ဇေနာ'လုပ်ရပ်အပေါ် သဘောတူလျက် ရှိနေခဲ့ခြင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ ပြုခြင်းသည် တရားတော်အရ 'ဟရာမ်'ဖြစ်ပြီး အရှက်အကြောက် ကင်းမဲ့သည့် လုပ်ရပ်ကို ပြုလုပ်သော ကြောင့် ဖြစ်သည်။ အလားတူ သန့်ရှင်းသည့် အမျိုးသမီးတစ်ဦးသည် 'ဇေနာ'ပြုသူ အမျိုးသားတစ်ဦးနှင့် 'နေကာဟ်'ပြုလုပ်လိုက်သည်။ ထိုသို့ 'နေကာဟ်'ပြုပြီးနောက်တွင်လည်း ထိုအမျိုးသား၏ 'ဇေနာ'ပြုခြင်း ကို သဘောတူလက်ခံနေခြင်းသည်လည်း 'ဟရာမ်'ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ဤလုပ်ရပ်သည် 'ဟရာမ်'ဖြစ်သည်။ ကြီးလေးသော အပြစ်ထိုက်သက်သည်။ သို့ရာတွင် ၎င်းတို့၏ ထိုလုပ်ရပ်ကြောင့် ၎င်းတို့အချင်းချင်း၏ 'နေကာဟ်'သည် ပျက်ပြယ်သွားသည်၊ မပိုင်ဟု မဟုတ်ပေ။ 'ဟရာမ်'ဟူသည့် စာလုံးသည် ရှရီအသ်တရားတော်၏ အသုံးအနှုန်းအရ အဓိပ္ပာယ်နှစ်မျိုး သုံးစွဲလေ့ရှိသည်။ တစ်မျိုးမှာ ထို 'ဟရာမ်'ဖြစ်မှုကို ကျူးလွန်သူသည် 'အာခေရသ်'တွင် အပြစ်ဒဏ် ထိုက်သက်သူဖြစ်သည်။ ထို့ပြင် လောက၌ ပြုလုပ်လျှင်လည်း ပျက်ပြားသည့် အလုပ်မျိုးကို ပြုလုပ်ခြင်းဖြင့် ၎င်းအပေါ်တွင် ရှရီအသ်တရားတော်အရ မည်သည့်အကျိုးအမြတ်မျှ မရှိ။ လောက၏ ပညတ်ချက်များလည်း ချမှတ်ထားခြင်း မရှိသော အလုပ်မျိုး ဖြစ်သည်။ ဥပမာ- မုရှ်ရစ်က်အမျိုးသမီးတစ်ဦးနှင့်လည်းကောင်း၊ (သို့) ၎င်းအပေါ် အမြဲတန်းအတွက် 'ဟရာမ်'ဖြစ်သည့် အမျိုးသမီးများနှင့်လည်းကောင်း 'နေကာဟ်'ပြုလုပ်ပါလျှင် ဤသည် ကြီးလေးသော အပြစ်ထိုက်သည်။ ဤသို့သော 'နေကာဟ်'သည် တရားတော်အရ ရှိပင် မရှိသကဲ့သို့ ဖြစ်သည်။ 'ဇေနာ'နှင့် ထို 'နေကာဟ်'တို့မှာ မည်သည့်ကွာခြားချက်မျှ မရှိပေ။ ဒုတိယ 'ဟရာမ်'ဆိုသည်မှာ အပြစ် ထိုက်သော 'ဟရာမ်'လုပ်ရပ်ဖြစ်သည်။ သို့ရာတွင် လောက၌ ထိုလုပ်ရပ်၏ အကျိုးအမြတ်အချို့ ရှိပါသည်။ ၎င်း၏ လုပ်ရပ်လည်း အောင်မြင် အထမြောက်သွားပါသည်။ ဥပမာ- အမျိုးသမီးတစ်ဦးအား ဖြားယောင်း သိမ်း သွင်း၍ ခေါ်ဆောင်လာပြီး တရားတော်၏ ပြဋ္ဌာန်းချက်ဥပဒေများနှင့်အညီ သက်သေနှစ်ဦး၏ ရှေ့မှောက် တွင် အမျိုးသမီး၏ သဘောတူညီချက်ကို ရယူပြီး 'နေကာဟ်'ပြုလိုက်သည်ဆိုပါမူ ထိုလုပ်ရပ်သည်

မပိုင်၍ 'ဟရာမ်'ဖြစ်သည်။ သို့ရာတွင် 'နေကာဟ်'မှာမူ အထမြောက်အောင်မြင်၍ ပိုင်သွားပါသည်။ သားသမီးများသည်လည်း တရားတော်အရ အတည်ဖြစ်သော မျိုးဆက်ဖြစ်ပေသည်။

အလားတူ 'ဇေနာ'ပြုသူ အမျိုးသမီးနှင့် 'ဇေနာ'ပြုသူ အမျိုးသားတို့၏ 'နေကာဟ်'သည် အကယ်၍ ၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ 'ဇေနာ'အတွက်သာ ဖြစ်နေလျှင်လည်းကောင်း၊ ထို 'နေကာဟ်'ပြုခြင်းသည် လောကီရေး ရည်ရွယ်ချက်သက်သက်မျှသာ ဖြစ်နေလျှင်လည်းကောင်း 'ဟရာမ်'ဖြစ်သော 'နေကာဟ်' ပင် ဖြစ်ပေမည်။ သို့သော်လည်း လောကီရေးဆိုင်ရာ အမိန့်ပညတ်ချက်များမှာမူ မရှိသကဲ့သို့ ပျက်ပြယ်သွားမည်မဟုတ်ပေ။ တရားတော်အရ 'နေကာဟ်'၏ နောက်ဆက်တွဲများဖြစ်သော စားသုံးစရိတ် 'မဟာရ်'မျိုးဆက် အတည်ဖြစ်ခြင်းနှင့် အမွေပိုင်ဆိုင်မှုအားလုံးမှာ အတည်ဖြစ်သွားပေမည်။

ဤအတိုင်းပင် حُرِّمَ ဟူသော စာလုံးသည် ဤအာယသ်တော်တွင် မုရှ်ရစ်ကအမျိုးသမီးနှင့် ပတ်သက်၍ ပထမအဓိပ္ပာယ်ကို ထောက်ရှုခြင်းဖြင့်လည်းကောင်း၊ 'ဇေနာ'ပြုသူ အမျိုးသမီးနှင့် အမျိုးသားတို့နှင့် ပတ်သက်၍ ဒုတိယအဓိပ္ပာယ်ကို ထောက်ရှုခြင်းဖြင့်လည်းကောင်း မှန်ကန်သွားပေမည်။ ဤသဖ်စီးရ် ဖွင့်ဆိုချက်အပေါ် အာယသ်တော်ကို အချို့အဖွင့်ပညာရှင်များ မိန့်ဆိုသကဲ့သို့ 'မန်ဆူးခ်' (ရုပ်သိမ်းခြင်းခံရသော အာယသ်) ဟု ပြောဆိုရန် မလိုအပ်ပါချေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَالَّذِينَ يَرْمُونَ الْمُحْصَنَاتِ ثُمَّ لَمْ يَأْتُوا
بِأَرْبَعَةِ شُهَدَاءَ فَاجْلِدُوهُمْ ثَمَانِينَ جَلْدَةً وَلَا تَقْبَلُوا لَهُمْ
شَهَادَةً أَبَدًا ۚ وَأُولَٰئِكَ هُمُ الْفَاسِقُونَ ﴿٤﴾

၂၄ : ၄ ။ ။ ၎င်းပြင် အပြစ်ကင်းစင်သော အမျိုးသမီးများအား (မတရား ကာမဂုဏ်ကျူးလွန်သည်ဟု) စွပ်စွဲပြီးနောက်၊ သက်သေလေးယောက် မတင်ပြနိုင်ခဲ့ကြသော သူတို့အား အသင်တို့သည် ကြိမ်ဒဏ်အချက်ပေါင်း ရှစ်ဆယ် ရိုက်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မည်သည့်အခါမျှ ၎င်းသူတို့၏ မည်သို့သော သက်သေခံအချက်ကိုမျှ လက်မခံကြကုန်လင့်။ စင်စစ် ထိုသူတို့သည်ပင်လျှင် စည်းကမ်းဖောက်ဖျက်သူများ ဖြစ်ကြကုန်၏။

إِلَّا الَّذِينَ تَابُوا مِن بَعْدِ ذَٰلِكَ وَأَصْلَحُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٥﴾

၂၄ : ၅ ။ ။ သို့ရာတွင် အကြင်သူတို့သည် ယင်းသို့ ပြုမူကြပြီးနောက်၊ ဝန်ချတောင်းပန်၍ (မိမိတို့ကိုယ်ကို) ပြုပြင်ခဲ့ကြသည်ရှိသော်၊ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အရှင်၊ အလွန်တရာ သနားညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငင်းအပြင် အကြင်သူတို့သည် (တရားတော်အရ အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ) သန့်ရှင်း၍ အပြစ်ကင်းစင်သော အမျိုးသမီးများကို ('ဇေနာ' ကျူးလွန်သူဟု) စွပ်စွဲကြသည်။ တစ်ဖန် သက်သေလေးဦးကိုလည်း (မိမိတို့ စွပ်စွဲချက်အတိုင်း) တင်ပြနိုင်ခြင်း မရှိပါလျှင် ထိုသို့သောသူများအား ကြိမ်ဒဏ်အချက် (၈၀) ရိုက်နှက်ကြလေကုန်။ ထို့နောက် ငင်းတို့၏ မည်သည့်သက်သေ ထွက်ဆိုမှုပင်ဖြစ်စေ မည်သည့်အခါမျှ လက်မခံကြလေနှင့်။ (ဤသည်မှာလည်း မဟုတ်မတရား စွပ်စွဲမှု၏ အပြစ်ဒဏ်အနက် တစ်စိတ်တစ်ဒေသဖြစ်သည်။ ငင်းတို့၏ သက်သေထွက်ဆိုမှုကို မည်သည့်အခါမျှ လက်မခံကြလေနှင့်။ ငင်းတို့သည် အမြဲထာဝရအတွက် သက်သေထွက်ဆိုခြင်း၏ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခြင်း ခံလိုက်ရသူများ ဖြစ်ကြသည်။ ဤသည်မှာ လောက၏ အပြစ်ဒဏ်အကြောင်း ဖြစ်သည်။) ထို့ပြင် ငင်းတို့သည် ('အာခိရသ်' ၌လည်း အပြစ်ဒဏ် ထိုက်သက်သူများ ဖြစ်ကြသည်။ အကြောင်းမှာ) စည်းကမ်းချိုးဖောက်ကြသူများ ဖြစ်ကြသည်။ သို့ရာတွင် ငင်းတို့သည် ဤသို့ ပြုမူကြပြီးနောက် (အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) 'သောင်ဗာဟ်' ဝန်ချတောင်းပန်ကြသည်။ (အကြောင်းမှာ မဟုတ်မမှန် စွပ်စွဲရာတွင် ငင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ဖီဆန်လျက် အလ္လာဟ်အသျှင်မြတ်၏ အခွင့်အရေးကို ဖျက်ဆီးကြသောကြောင့်ဖြစ်သည်။) ထို့ပြင် (စွပ်စွဲမှုပြုခံရသူအား တောင်းပန်တိုလျှိုးမှု ပြုပြီး) မိမိ၏ (အခြေအနေကို) ပြုပြင်ခဲ့ကြပါလျှင် (အကြောင်းမှာ ငင်းသူသည် မိမိစွပ်စွဲသူ၏ အခွင့်အရေးကို ဖျက်ဆီးသောကြောင့် ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် ဧကန်မုချ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ဆိုလိုသည်မှာ မှန်ကန်သော 'သောင်ဗာဟ်' အမှား ဝန်ခံမှုပြုလျှင် 'အာခိရသ်' ၏ 'အဇားဗ်' အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာပေးခြင်းခံရမည်။ သို့သော်ငြားလည်း သက်သေထွက်ဆိုမှုကို လက်ခံခြင်း မပြုသည်မှာ လောက၏ အပြစ်ဒဏ်ဖြစ်သည်။ ထိုပြစ်ဒဏ်မှာမူ ကျန်ရှိနေပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုပြစ်ဒဏ်သည် حدشرعی 'ဟဒ်ဒေရှရ်အီး' (တရားတော်အရ ပေးရသည့် အပြစ်ဒဏ်) ဖြစ်ပြီး ပြစ်မှုထင်ရှား အတည်ဖြစ်ပြီးနောက် 'သောင်ဗာဟ်' အမှားဝန်ခံမှု ပြုပါလျှင်လည်း حدشرعی 'ဟဒ်ဒေ့ရှရ်အီး' (တရားတော်အရ ပေးရသည့် အပြစ်ဒဏ်) မှာ ပယ်ပျက်မသွားသောကြောင့် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ဇေနာ' နှင့် စပ်လျဉ်းသည့် တတိယအမိန့်

မတရားစွပ်စွဲခြင်း၏ ပြစ်မှုကျူးလွန်ခြင်းနှင့် ထိုပြစ်မှုအပေါ် တရားတော်နှင့်အညီ အပြစ်ပေးခြင်း

'ဇေနာ' ပြစ်မှုသည် အခြားပြစ်မှုအားလုံးထက် ပို၍ လူ့အသိုင်းအဝိုင်းကို ဖျက်ဆီးခြင်းနှင့် ပြဿနာအရှုပ်အထွေးများ ပေါ်ပေါက်စေသော လုပ်ရပ်ဖြစ်သည်။ ထို့ကြောင့် ထိုပြစ်မှု၏ အပြစ်ဒဏ်ကိုလည်း

အစ္စလာမ့်တရားတော်သည် အခြားသော ပြစ်မှုများထက် ပို၍ ပြင်းထန်စွာ ပေးထားသည်။ ထို့ကြောင့် ဤ 'ဇေနာ' အမှုအတွက် သက်သေအထောက်အထားကို အလွန်လေးနက်စွာ သတ်မှတ်ထားပြီး ရှရီအသ် တရားတော်၏ အထောက်အထားမရှိဘဲ မည်သည့်အမျိုးသား၊ အမျိုးသမီးကိုမျှ 'ဇေနာ' ပြုသူဟူ၍ မဟုတ်မတရား စွပ်စွဲဝံ့သော သတ္တိမရှိနိုင်အောင် တရားမျှတစွာ စည်းကမ်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အစ္စလာမ့်တရားတော်သည် ရှရီအသ်တရားတော်အရ အထောက်အထားဖြစ်သော တရားမျှတ မှန်ကန်မှုရှိသည့် အမျိုးသား (၄) ဦး သက်သေမရှိဘဲ လူတစ်ဦးက အခြားတစ်ဦးအပေါ် 'ဇေနာ' ကျူးလွန်သည်ဟု မဟုတ်မတရား စွပ်စွဲခြင်းကိုလည်း ပြင်းထန်သော ပြစ်မှုဟု သတ်မှတ်ထားသည်။ ထိုပြစ်မှုအပေါ် တွင်လည်း حد شرعی တရားတော်အရ အပြစ်ဒဏ်ဖြစ်သော ကြိမ်ဒဏ် (၈၀) သတ်မှတ်ထားသည်။

ဤသို့ သတ်မှတ်ပြဋ္ဌာန်းရခြင်းမှာ လူတစ်ဦးအပေါ် 'ဇေနာ' ကျူးလွန်သည်ဟု အခြားတစ်ဦးက စွပ်စွဲဝံ့သည့်အခါ ထိုညစ်ညမ်းသော လုပ်ရပ်ကို မိမိကိုယ်တိုင် မျက်စိဖြင့် မြင်တွေ့ခြင်းလည်းဖြစ်ပြီး မိမိနှင့်အတူ အခြားအမျိုးသား သုံးဦးလည်း တွေ့မြင်သည်ဟု ယုံကြည်ပြီး ၄င်းတို့ကလည်း သက်သေ ထွက်ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ အခြားသက်သေများလည်း မရှိ။ (သို့) သုံးဦးထက် နည်းနေမည်။ (သို့) သက်သေထွက်ဆိုခြင်းအပေါ် သံသယဖြစ်နေပါလျှင် ၄င်းသူတစ်ဦးတည်း၏ သက်သေ ထွက်ဆိုမှုအပေါ် 'ဇေနာ' အမှု ကျူးလွန်သည်ဟု စွဲချက်တင်ကာ တစ်ပါးသူအနေနှင့် စွပ်စွဲသည့် အပြစ်ဒဏ်ခံရမည်ဆိုလျှင် ဤအချက်အား မည်သည့်အခြေအနေတွင်မျှ နစ်သက်ကြမည်မဟုတ်ပေ။ ထို့ကြောင့် ထိုသို့ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

သံသယတစ်ခုနှင့် အဖြေ

'ဇေနာ' အမှု၏ သက်သေထွက်ဆိုမှုအတွက် ဤမျှ ခိုင်မာသည့် စည်းကမ်းဥပဒေများ သတ်မှတ်ထားသည့်အခါ အပြစ်ကျူးလွန်သူများအဖို့ လွတ်လပ်မှု ရရှိသွားပေသည်။ သက်သေထွက်ဆိုဝံ့သူ ရှိတော့မည်မဟုတ်ပေ။ တရားတော်အရ အထောက်အထားလည်း မည်သည့်အခါမျှ ရရှိတော့မည်မဟုတ်။ ထိုကဲ့သို့သော အပြစ်ကျူးလွန်သူများသည် မည်သည့်အခါမှ အပြစ်ပေးခြင်း ခံရရန် မဖြစ်နိုင်တော့ပေ။

သို့ရာတွင် ဤအတွေးအခေါ်များယွင်းသည့် အကြောင်းမှာ 'ဇေနာ' ပြစ်မှုအတွက် တရားတော်အရ အပြစ်ဒဏ်ဖြစ်သော ကြိမ်ဒဏ် (၁၀၀) ရိုက်ခြင်း၊ (သို့) ခဲပေါက်၍ စီရင်ခြင်း အပြစ်ဒဏ်များအတွက်မှု ဤစည်းကမ်းချက်များ ရှိပါသည်။ သို့ရာတွင် 'နေကာဟ်' ပြုပိုင်သော အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးကို တစ်နေရာ၌ အငြင်းပွားဖွယ် အခြေအနေမျိုး တွေ့မြင်ခြင်းတွင်လည်းကောင်း၊ (သို့) ရှက်ဖွယ်စကားများ ပြောဆိုနေသည်ကို တွေ့မြင်၍လည်းကောင်း သက်သေထွက်ဆိုခြင်းကို မည်သူမျှ ဂရုတစိုက် မပြုကြပေ။ 'ဇေနာ' အမှု၏ ရှေ့ပြေးများဖြစ်သော ဤကဲ့သို့သော လုပ်ရပ်များသည်လည်း တရားတော်အရ အပြစ်ဒဏ်ထိုက်သက်သော ပြစ်မှုများပင် ဖြစ်သည်။ သို့သော်လည်း 'ဟဒ်ဒေ့ရှရ်အီး' တရားတော်မှ သတ်မှတ်ပြဋ္ဌာန်း

ပြီးသော အပြစ်ဒဏ်မဟုတ်ပေ။ တရားသူကြီး (သို့) အုပ်ချုပ်သူ အာဏာပိုင်၏ မှန်ကန်တိကျစွာ စီရင်ဆုံးဖြတ်ခြင်းနှင့်အညီ ကြိမ်ဒဏ်ချမှတ်ရသည်။ ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးသည် အမျိုးသားနှင့် အမျိုးသမီးတို့နှစ်ဦးကို 'ဇေနာ' အမှု ကျူးလွန်နေသည်ကို တွေ့ရပါသော်လည်း အခြားသက်သေမရှိပါလျှင် 'ဇေနာ' အမှု ကျူးလွန်နေသည်ဟူသော ထင်ရှားသည့် စကားလုံးဖြင့် သက်သေထွက်ဆိုခြင်း မပြုဘဲ အကာအကွယ်မဲ့ ရောနှောနေကြကြောင်း သက်သေထွက်ဆိုနိုင်သည်။ အုပ်ချုပ်သူ အာဏာပိုင်နှင့် တရားသူကြီးတို့သည် ထိုထွက်ဆိုမှုအပေါ် အပြစ်ကျူးလွန်ကြောင်း ထင်ရှားပြီးနောက် 'သအ်ဇီရ်' အပြစ်ဒဏ်ပေးနိုင်သည်။

'မုဟ်ဆွနားသ်' သည် မည်သူများ ဖြစ်သနည်း။

ဤစာလုံးသည် **إحصان** 'အိဟ်ဆွာန်' ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ရှရီအသ်၏ အသုံးအနှုန်း တွင် **إحصان** 'အိဟ်ဆွာန်' သည် နှစ်မျိုးရှိသည်။ တစ်မျိုးမှာ 'ဇေနာ' အမှု ကျူးလွန်ခြင်းအတွက် အပြစ်ဒဏ် ပေးခြင်းဖြစ်သည်။ 'ဇေနာ' အမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသူသည် အသိဉာဏ်ရှိသူ၊ အရွယ်ရောက်သူ၊ လွတ်လပ်သူ မွတ်စ္စလင်မ်ဖြစ်ပြီး အမျိုးသမီးတစ်ဦးနှင့် 'နေကာဟ်' ပြုပြီး၍ ထိုအမျိုးသမီးနှင့် ကိုယ်လက် နှီးနှောခြင်းလည်း ပြုပြီးသူ ဖြစ်မှု ထိုသူ့အပေါ် ခဲပေါက်၍ စီရင်ခြင်း အပြစ်ဒဏ် ချမှတ်ရမည်။

ဒုတိယအမျိုးအစားမှာ 'ဇေနာ' ပြုသည်ဟု စွပ်စွဲခြင်းအပေါ် ချမှတ်သည့် အပြစ်ဒဏ်ဖြစ်သည်။ ဆိုလိုသည်မှာ 'ဇေနာ' အမှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူသည် အသိဉာဏ်ရှိသူ၊ အရွယ်ရောက်သူ၊ လွတ်လပ်သော မွတ်စ္စလင်မ်နှင့် သန့်ရှင်းသူဖြစ်ပြီး ယခင် မည်သည့်အခါကမျှ ၎င်းအပေါ် 'ဇေနာ' ပြုကြောင်း အထောက်အထားမရှိခဲ့သူ ဖြစ်သည်။ ဤအာယသ်တော်တွင် ဤသည်ပင် **مُحْصَنٰت** 'မုဟ်ဆွနားသ်' ၏ အဓိပ္ပာယ်ဖြစ်သည်။ *[ဂျဆွ်ဆွားဆ့်ကျမ်း]*

ဓမ္မသတိ ။ ။ ကုရ်အာန်၏ အာယသ်တော်တွင် ကျော်ကြားသော အလေ့အထနှင့်အညီသော်လည်းကောင်း၊ (သို့) ထိုအာယသ်တော်၏ 'ရှာနေနုဇူးလ်' (အာယသ်တော် ကျရောက်ရခြင်း၏ ဖြစ်ရပ်ကြောင့်သော်လည်းကောင်း၊ 'ဇေနာ' အမှုကျူးလွန်ခြင်းနှင့် ၎င်း၏ အပြစ်ဒဏ်ကို တင်ပြထားသည်မှာ စွပ်စွဲမှုပြုသူမှာ အမျိုးသားဖြစ်ပြီး စွပ်စွဲခံရသူမှာ သန့်ရှင်းသော အမျိုးသမီးဖြစ်သော်လည်း တရားတော်၏ အမိန့်သည် အားလုံးအပေါ်၌ အတူတူပင် ဖြစ်သည်။ အမျိုးသမီးတစ်ဦးသည် အခြားအမျိုးသမီးအပေါ်၌ လည်းကောင်း၊ အမျိုးသားတစ်ဦးသည် အခြားအမျိုးသားတစ်ဦးအပေါ်၌လည်းကောင်း 'ဇေနာ' အမှုကျူးလွန်သည်ဟု စွပ်စွဲမှုပြုပြီး တရားတော်အရ အထောက်အထားလည်း မရှိပါလျှင် ဤသူအားလုံးသည်လည်း တရားတော်၏ အပြစ်ဒဏ်ကို ခံထိုက်သူများ ဖြစ်ကြသည်။ *[ဂျဆွ်ဆွားဆ့်ကျမ်း၊ ဟေဒါယဟ်ကျမ်း]*

ဓမ္မသတိ ။ ။ 'ဇေနာ' အမှု ကျူးလွန်သည်ဟု စွပ်စွဲခြင်းအပေါ် တင်ပြထားသော တရားတော်၏ အပြစ်ဒဏ်သည် ထို 'ဇေနာ' မှု ကျူးလွန်သည်ဟု စွပ်စွဲခြင်းအတွက်သာ သီးသန့်ဖြစ်သည်။ အခြားပြစ်မှု

တစ်ခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းအပေါ် ဤတရားတော်၏ အပြစ်ဒဏ် မချမှတ်ရပေ။ သို့ရာတွင် အုပ်ချုပ်သူ အာဏာပိုင် (သို့) တရားသူကြီး၏ တိကျမှန်ကန်သည့် စီရင်ချက်နှင့်အညီ စွပ်စွဲခြင်းပြစ်မှုတိုင်းအပေါ် အပြစ်ဒဏ်ပေးနိုင်ပေသည်။ ကုရ်အာန်၏ စာလုံးများတွင် စင်စစ် ပေါ်လွင်ထင်ရှားသော အပြစ်ဒဏ်သည် 'ဇေနာ'အမှု ကျူးလွန်သည်ဟု စွပ်စွဲခြင်းအတွက် သီးသန့်ဖြစ်ကြောင်း တင်ပြချက်မရှိပေ။ သို့ရာတွင် အမျိုးသား (၄) ဦး သက်သေရှိရမည့်အကြောင်းမှာမူ သီးသန့်တင်ပြချက်ဖြစ်သည်။ အကြောင်းမှာ သက်သေ (၄) ဦး ရှိရမည်ဟူသော စည်းကမ်းချက်မှာ 'ဇေနာ'ကျူးလွန်ကြောင်း အတည်ဖြစ်စေရန် သီးသန့်ပြဋ္ဌာန်းထားသောကြောင့်ပင် ဖြစ်သည်။ *[ဂျဆ္ဆွားဆွဲကျမ်း၊ ဟေဒါယဟ်ကျမ်း။]*

ဓမ္မသတ် ။ ။ မဟုတ်မမှတ် စွပ်စွဲခြင်းအပေါ် အပြစ်ဒဏ်ပေးရာတွင် စွပ်စွဲခံရသူ၏ အခွင့်အရေးလည်း ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤပြစ်မှုအတွက် စွပ်စွဲခံရသူက အပြစ်ဒဏ်ပေးပါရန်ဟု တောင်းဆိုမှသာလျှင် အပြစ်ဒဏ်ချမှတ်ရမည် ဖြစ်သည်။ ထိုသို့မဟုတ်ပါက အပြစ်ဒဏ်ပေးခြင်းမှာ ပလပ်သွားပေလိမ့်မည်။ *[ဟေဒါယဟ်ကျမ်း]*

သို့သော် 'ဇေနာ'အမှု ကျူးလွန်ခြင်း၏ အပြစ်ဒဏ်နှင့် ကွဲလွဲရသည့်အကြောင်းမှာ 'ဇေနာ'မှုသည် အလ္လာဟ်အသျှင်မြတ်၏ အခွင့်အရေးဖြစ်သည်။ ထို့ကြောင့် မည်သူကပင် အပြစ်ပေးရန် တောင်းဆိုသည်ဖြစ်စေ၊ (သို့) မတောင်းဆိုသည်ဖြစ်စေ 'ဇေနာ'ပြစ်မှုကျူးလွန်ကြောင်း အတည်ဖြစ်လာပါလျှင် အပြစ်ဒဏ်ချမှတ်ရပေလိမ့်မည်။

وَ لَا تَقْبَلُوْا لَهُمْ شَهَادَةً اَبَدًا

'ဇေနာ'အမှု ကျူးလွန်သည်ဟု စွပ်စွဲသူအပေါ် ပြစ်မှုအတည်ဖြစ်သွားပါလျှင် စွပ်စွဲခံရသူ၏ တောင်းဆိုမှုအရ ထိုစွပ်စွဲသူအပေါ် စွပ်စွဲခြင်း၏ အပြစ်ဒဏ်ချမှတ်ရပေမည်။ ထိုအခါ အပြစ်ဒဏ်တစ်ခုမှာ ချက်ချင်း ပေးခံရပေမည်။ ကြိမ်ဒဏ်အချက် (၈၀) ဖြစ်သည်။ ဒုတိယအပြစ်ဒဏ်တစ်ခုမှာ အမြဲတန်းအတွက် ရှိနေပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ သက်သေထွက်ဆိုခြင်းကို မည်သည့်ကိစ္စ၌ပင် ဖြစ်စေ လက်ခံခြင်းမပြုရန် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အရှက်တရားရပြီး 'သောင်ဗာဟ်'မပြုသမျှနှင့် စွပ်စွဲခံရသူဘက်မှ ခွင့်လွှတ်ခြင်းကို ရယူပြီး ပြည့်ဝသည့် 'သောင်ဗာဟ်'ကို မပြုသမျှ ၎င်း၏ သက်သေထွက်ဆိုမှုကို လက်ခံခြင်း မပြုရပေ။ ထိုအချိန်အထိ အွမ္မသ်တစ်ရပ်လုံးအနေဖြင့် ၎င်း၏ သက်သေထွက်ဆိုမှုကို မည်သည့်ကိစ္စတွင်ဖြစ်စေ လက်ခံခြင်း မပြုရပေ။ အကယ်၍ 'သောင်ဗာဟ်'ပြုပြီးသည့်တိုင် ဟနဖီတို့ထံတွင် ၎င်း၏ သက်သေထွက်ဆိုမှုကို လက်မခံရပေ။ သို့ရာတွင် ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဖော်ပြပါရှိသကဲ့သို့ပင် အပြစ်မှ လွတ်ငြိမ်းခွင့် ရရှိသွားမည်ဖြစ်ပေသည်။ ၎င်းမှာ-

اِلَّا الَّذِيْنَ تَابُوْا مِنْۢ بَعْدِ ذٰلِكَ وَاَصْلَحُوْا فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ

ဆိုလိုသည်မှာ 'ဇေနာပြုသည်ဟု စွပ်စွဲမှုပြုသူအား တရားတော်အရ အပြစ်ဒဏ်ပေးရာတွင် အကယ်၍ ထိုသူသည် 'သောင်ဗာဟ်'ပြုလိုက်ပြီး မိမိ၏ အခြေအနေကို ပြုပြင်လိုက်ရာ နောင်တွင် ဤကဲ့သို့သော

ပြစ်မှုများ ထပ်မံကျူးလွန်ရန်လည်း မရှိတော့ဘဲ စွပ်စွဲခံရသူကိုလည်း တောင်းပန် ခွင့်လွှတ်မှု ရယူပြီး ဖြစ်လျှင် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်' ဟု ဖြစ်သည်။

ဤကန့်သတ်ခွဲထုတ်သည့် إِلَّا الَّذِينَ تَابُوا ဟူသော စကားစုသည် အေမာမ်အဘူဟနီဖာဟ် (ရဟ) နှင့် အခြားသော အချို့အေမာမ်များထံတွင် ရှေ့၌ လွန်ခဲ့သည့် အာယသ်တော်၏ နောက်ဆုံးအပိုဒ် ဖြစ်သော وَأُولَٰئِكَ هُمُ الْفَاسِقُونَ ဘက်သို့ ညွှန်းဆိုခြင်းဖြစ်သည်။

ဤသို့ဆိုလျှင် ဤကန့်သတ်ခွဲထုတ်သည့် အလိုသဘောမှာ စွပ်စွဲမှုပြုခြင်းအပေါ် အပြစ်ဒဏ်ပေးခံရသူသည် ဖာစိက်အမိန့်ဖီဆန်သူဖြစ်သည်။ သို့ရာတွင် အကယ်၍ ထိုသူသည် မှန်ကန်သည့် စိတ်ဓါတ်ဖြင့် 'သောင်ဗာဟ်' ပြုလိုက်သည်။ ထို့ပြင် မိမိ၏ အခြေအနေကို ပြုပြင်မှုလည်း ပြုလုပ်ပြီး စွပ်စွဲခံရသူထံမှ ခွင့်လွှတ်မှုကို ရယူလိုက်ပြီဆိုလျှင် ထိုသူသည် 'ဖာစိက်' အမိန့်ဖီဆန်သူ ဖြစ်တော့မည်မဟုတ်ပေ။ တမလွန်၏ အပြစ်ဒဏ်သည် ထိုသူ့အဖို့ ပလပ်မှု ဖြစ်သွားပေမည်။

ဤသို့ ဖြစ်ရခြင်းမှာ ထိုသူ့အဖို့ ဤအာယသ်တော်၏ အစတွင် ပါရှိသော ကြိမ်ဒဏ် (၈၀) ရိုက်နှက်ခြင်းနှင့် သက်သေထွက်ဆိုမှုကို ပယ်ချခံရသော အပြစ်ဒဏ်နှစ်မျိုးသည် လောကတွင် 'သောင်ဗာဟ်' ပြုသည့်တိုင် သူ့နေရာနှင့်သူ ရှိနေမည်' ဟု တင်ပြထားခြင်းကြောင့် ဖြစ်သည်။ အကြောင်းမှာ ၄င်းတို့အနက် ကြီးမားသော အပြစ်ဒဏ်ဖြစ်သည့် ကြိမ်ဒဏ်ရိုက်ခြင်းမှာ စီရင်ပြီးဖြစ်သည်။ ဒုတိယအပြစ်ဒဏ်သည်လည်း တရားတော်အရ အပြစ်ပေးခြင်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ တရားတော်အရ အပြစ်ဒဏ်သည် 'သောင်ဗာဟ်' ပြုခြင်းဖြင့် ခွင့်လွှတ်မှု မရရှိဆိုသည်မှာ အားလုံးတို့တွင် လက်ခံပြီးဖြစ်သည်။ စင်စစ် 'အာခေရသ်' ၏ 'အဇာဗ်' အပြစ်ဒဏ်၏ ပြစ်မှုမှာ ပျက်ပြယ်သွားပေသည်။ သို့ရှိရာ သက်သေထွက်ဆိုမှုကို ပယ်ဖျက်ခံရခြင်းသည်လည်း တရားတော်အရ အပြစ်ဒဏ်ပေးခြင်း အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် ထိုတရားတော်အရ အပြစ်ဒဏ်သည် 'သောင်ဗာဟ်' ပြုခြင်းဖြင့် ပလပ်မသွားပေ။

အေမာမ်ရှာဖေအီ (ရဟ) နှင့် အခြားသော အေမာမ်ကြီးများက ဤဖော်ပြပါ ကန့်သတ်ခွဲထုတ်ခြင်းကို ရှေ့၌ ကျော်လွန်ခဲ့သည့် အာယသ်တော်၏ စာပိုဒ်အားလုံးနှင့် စပ်လျဉ်းသည်ဟု ညွှန်းဆိုကြသည်။ ထိုအခါ ၄င်း၏ အလိုသဘောမှာ 'သောင်ဗာဟ်' ပြုလိုက်ခြင်းဖြင့် ထိုသူသည် 'ဖာစိက်' အဖြစ်နှင့် မရှိတော့ပေ။ ထို့ကြောင့် သက်သေထွက်ဆိုမှုကို ပယ်ဖျက်ခံရသူအဖြစ်လည်း မရှိတော့ပေ။ ဂျဆ္ဆာအားဆ္ဆ်နှင့် မဇ္ဇ်ဟရီကျမ်းတို့တွင် နှစ်ဖက်စလုံး၏ အထောက်အထားများနှင့် ဖြေကြားချက်များ အကျယ်တဝင့် တင်ပြထားပါသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَالَّذِينَ يَرْمُونَ أَزْوَاجَهُمْ وَلَمْ يَكُن لَّهُمْ شُهَدَاءُ إِلَّا أَنفُسُهُمْ
فَشَهَادَةُ أَحَدِهِمْ أَرْبَعُ شَهَادَاتٍ بِاللَّهِ ۙ إِنَّهُ لَمِنَ الصَّادِقِينَ ﴿٦﴾

၂၄ : ၆ ။ ။ ထို့ပြင် မိမိတို့၏ ဇနီးကြင်ရာများအား (မတရား ကာမဂုဏ် ကျူးလွန်ပါသည်ဟု) စွပ်စွဲသော အကြင်သူတို့သည် ၎င်းတို့၌ မိမိတို့အပြင် အခြားသက်သေများ မရှိကြပါလျှင် ထိုစွပ်စွဲသူတို့အနက် တစ်ဦးသည် အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ မိမိသည် (ဤစွပ်စွဲမှုတွင်) သစ္စာဝါဒီတစ်ဦးဖြစ်ကြောင်း လေးကြိမ်တိုင်တိုင် ကျိန်တွယ်၍ သက်သေထွက်ဆိုရမည်။

وَالْخَامِسَةُ أَنَّ لَعْنَتَ اللَّهِ عَلَيْهِ إِن كَانَ مِنَ الْكَاذِبِينَ ﴿٧﴾

၂၄ : ၇ ။ ။ ထို့ပြင် (ယင်းသို့ လေးကြိမ်ထွက်ဆို၍ သက်သေခံပြီးနောက်) ပဉ္စမအကြိမ်တွင် 'အကယ်၍ မိမိသည် (ဤစွပ်စွဲမှုတွင်) မုသားဝါဒီဖြစ်ခဲ့ပါမူ မိမိအပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ကျိန်ဆဲချက်သည် ကျရောက်ပါစေ' ဟု ပြောဆို (ကျိန်တွယ်) ရမည်။

وَيَدْرَؤُا عَنْهَا الْعَذَابَ أَن تَشْهَدَ أَرْبَعَ شَهَادَاتٍ بِاللَّهِ ۙ إِنَّهُ لَمِنَ الْكَاذِبِينَ ﴿٨﴾

၂၄ : ၈ ။ ။ ၎င်းပြင် ထိုဇနီးကြင်ရာသည် အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ဧကန်မလွဲ ထို (စွပ်စွဲသူ) ယောကျာ်းသည် မုသာဝါဒီဖြစ်ကြောင်း လေးကြိမ်တိုင်တိုင် သက်သေထွက်ဆိုခြင်းသည် ထိုဇနီးကြင်ရာမှ ပြစ်ဒဏ်တော်ကို ဖယ်ရှားမည် ဖြစ်သည်။

وَالْخَامِسَةَ أَنَّ غَضَبَ اللَّهِ عَلَيْهَا إِن كَانَ مِنَ الصَّادِقِينَ ﴿٩﴾

၂၄ : ၉ ။ ။ ထို့ပြင် (၎င်းဇနီးကြင်ရာသည်) ပဉ္စမမြောက်အကြိမ်တွင် အကယ်၍ ထို (လင်) ယောကျာ်းသည် '(ကျွန်မအား စွပ်စွဲရာ၌) သစ္စာဝါဒီ (မှန်ကန်စွာ ပြောဆိုသူ) ဖြစ်ခဲ့ပါလျှင် မိမိ၏အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ အမျက်တော် ကျရောက်ပါစေ' ဟု (ကျိန်တွယ်၍) ထွက်ဆိုရမည်။

وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ وَأَنَّ اللَّهَ تَوَّابٌ حَكِيمٌ ﴿١٠﴾

၂၄ : ၁၀ ။ စင်စစ် အကယ်၍သာ အသင်တို့အပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ထိုအသျှင်မြတ်၏ ကရုဏာတော်သည် မရှိခဲ့ပါလျှင် (အမှန်ကို ပေါ်လွင်စေတော်မူခဲ့မည်သာ ဖြစ်၏။) သို့ရာတွင် ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်မှာမူ၊ တောင်းပန်ဝန်ခံချက်ကို အလွန်တရာ လက်ခံတော်မူသော အသျှင်၊ အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေရာ အသင်တို့အား ဝန်ချတောင်းပန်နိုင်ကြရန်အလို့ငှာ အခွင့်အရေး ပေးတော်မူခြင်းပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့အပြင် မိမိတို့၏ ဇနီးကြင်ရာများကို ('ဇေနာ' ကျူးလွန်သည်ဟု) စွပ်စွဲသူတို့ထံတွင် မိမိမှအပ အခြားသော သက်သေများ မရှိပါလျှင် (သက်သေသည် အရေအတွက်အားဖြင့် လေးဦးဖြစ်ရန် အရေးကြီးသည်။) ၎င်းတို့၏ သက်သေထွက်ဆိုချက်မှာ (အချုပ်အနှောင် ကင်းလွတ်ရန် သို့မဟုတ် စွပ်စွဲခြင်း၏ အပြစ်ဒဏ်မှ ကင်းလွတ်ရန်ဖြစ်သည်။) အမျိုးသား (၄) ဦးသည် အလ္လာဟ်အသျှင်မြတ်အား တိုင်တည်လျက် မိမိသည် မုချ မှန်ကန်သူဖြစ်ကြောင်း ကျိန်ဆိုသက်သေထွက်ဆိုရမည်။ ထို့နောက် ပဉ္စမအကြိမ်တွင် အကယ်၍ ကျွန်ုပ်သည် မုသာဝါဒီ လိမ်လည်ပြောဆိုသူ ဖြစ်ခဲ့ပါမူ ကျွန်ုပ်အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ 'လအ်နသ်' ကျရောက်ပါစေဟု ဆိုရမည်။ (ထို့နောက်တွင်) ထိုအမျိုးသမီးအဖို့ အပြစ်ဒဏ်မှ (အချုပ်အနှောင် သို့မဟုတ် 'ဇေနာ' ကျူးလွန်ခြင်း၏ အပြစ်ဒဏ်မှ) လွတ်မြောက်နိုင်မည့် နည်းလမ်းမှာ ထိုသူမသည် (၄) ကြိမ်တိုင် 'ကစမ်' ကျိန်ဆိုလျက် 'မုချဧကန် ဤအမျိုးသားသည် လိမ်လည်သူဖြစ်ပါသည်' ဟု ပြောဆိုပါလျှင် အပြစ်ဒဏ်မှ ဖယ်ရှားခံရမည်ဖြစ်သည်။ ထို့နောက် ပဉ္စမအကြိမ်တွင် 'အကယ်၍ ဤအမျိုးသားသည် မှန်ကန်သူဖြစ်ခဲ့လျှင် ကျွန်မအပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ အမျက်တော် ကျရောက်ပါစေ' ဟု ပြောဆိုရမည်။ (ဤသို့ ပြုခြင်းဖြင့် လင်မယားနှစ်ဦးစလုံးသည် လောက၏ အပြစ်ဒဏ်ပေးခြင်းမှ လွတ်ကင်းနိုင်ပေသည်။ သို့ရာတွင် ထိုအမျိုးသမီးသည် ဤအမျိုးသားအပေါ်တွင် 'ဟရာမ်'ဖြစ်သွားပေမည်။) ထို့နောက် အသင်တို့အပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်တို့ မရှိခဲ့ပါလျှင် (လူသား၏ သဘာဝလိုအပ်ချက်များကို အပြည့်အဝ ထောက်ရှုသည့် အမိန့်ပညတ်ချက်များ သတ်မှတ်ခြင်း ပြုတော်မမူခဲ့ပါလျှင်) အသင်တို့သည် မုချပင် ပျက်စီးကြပေလိမ့်မည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် 'သောင်ဗာဟ်' အမှားဝန်ခံမှုကို လက်ခံတော်မူသော အသျှင်၊ အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ဇေနာ'နှင့် စပ်လျဉ်းမှုများတွင် စတုတ္ထအမိန့်သည် ﷺ 'လိအာန်'၏ အမိန့်ဖြစ်ခြင်း

ﷺ 'လိအာန်'နှင့် 'မုလာအနသ်'၏ အဓိပ္ပာယ်မှာ 'တစ်ဦးအပေါ်တစ်ဦး 'လအ်နသ်'ကျိန်ဆဲမှုနှင့် 'အလ္လာဟ်အသျှင်မြတ်၏ အမျက်တော် ကျရောက်စေရန် ကျိန်ဆိုခြင်း' ဖြစ်သည်။ ရှရီအသ်တရားတော်၏ အသုံးအနှုန်း၌ လင်မယားနှစ်ဦးတွင် အထူးကျိန်စာပေးခြင်းကို 'လိအာန်'ကျိန်စာပေးခြင်းဟု ခေါ်ဆိုသည်။ ပုံသဏ္ဍာန်မှာ 'ခင်ပွန်းသည် မိမိ၏ ဇနီးအပေါ် 'ဇေနာ'ပြုသည်ဟု စွပ်စွဲသည့်အခါ၌ဖြစ်စေ၊ (သို့) မိမိ၏ ကလေးနှင့် စပ်လျဉ်း၍ ဤကလေးသည် ကျွန်ုပ်၏ သုက်ရည်ဖြင့် ရရှိသည့် ကလေးမဟုတ်ဟု ပြောဆိုသည့်အခါ၌ ဖြစ်စေ၊ စွပ်စွဲခံရသည့် အမျိုးသမီးသည် ထိုစွပ်စွဲသူ ခင်ပွန်းသည်အား လိမ်လည်သူဟု ပြသရ

ပေမည်။ သို့ဖြစ်ပေရာ ကျွန်ုပ်မအပေါ်၌ စွပ်စွဲသူ လင်ယောကျ်ားအား 'ဇေနာ' ပြုသူဟု စွပ်စွဲသည့် အပြစ်ဒဏ်အဖြစ် ကြိမ်ဒဏ် (၈၀) ရိုက်ပါရန် တောင်းဆိုပေမည်။ ထိုအခါ ထိုသို့ 'ဇေနာ' အမှု ကျူးလွန်သည်ဟု စွပ်စွဲမှုအတွက် သက်သေ (၄) ဦး တင်ပြပါဟု တောင်းဆိုရမည်။ အကယ်၍ ထိုခင်ပွန်းသည်က သက်သေ (၄) ဦး တင်ပြလာပါလျှင် ဇနီးသည်အမျိုးသမီးအပေါ် 'ဇေနာ'၏ အပြစ်ဒဏ် ပေးရပေမည်။ အကယ်၍ ခင်ပွန်းသည်မှာ သက်သေ (၄) ဦး မတင်ပြနိုင်ပါမူ ၎င်းတို့နှစ်ဦးကို لِعَان 'လိအာန်' 'လအ်နသ်' ကျိန်ဆိုမှု ပြုစေရမည်။ ဆိုလိုသည်မှာ ဦးစွာပထမ အမျိုးသားအား ကုရ်အာန်၌ ဖော်ပြထားသည့် စကားလုံးများအတိုင်း ကျွန်ုပ်သည် ဤစွပ်စွဲမှုတွင် မှန်ကန်ပါသည်' ဟု (၄) ကြိမ် ထွက်ဆိုပြီး ပဉ္စမအကြိမ်တွင် 'အကယ်၍ ကျွန်ုပ်သည် လိမ်လည်သူဖြစ်ပါလျှင် ကျွန်ုပ်အပေါ်တွင် အလ္လာဟ်အသျှင်မြတ်၏ 'လအ်နသ်' ကျရောက်ပါစေ' ဟု ဆိုစေရမည်။

အကယ်၍ ခင်ပွန်းသည်မှာ ထိုစကားလုံးများကို ထွက်ဆိုရန် ငြင်းဆိုခဲ့လျှင် ၎င်းအား အကျဉ်းချ ချုပ်နှောင်ထားလိုက်ရမည်။ သို့မဟုတ် ၎င်းအား မိမိ၏ လိမ်လည်မုသားပြောဆိုမိကြောင်း ဝန်ခံစေရမည်။ သို့မဟုတ် အထက်တွင် တင်ပြခဲ့သည့် စကားလုံးများအတိုင်း 'ကစမ်' ကျိန်ဆိုမှုများ ပြုစေရမည်။ ထိုအရာ နှစ်ခုအနက် မည်သည့်အလုပ်ကိုမျှ မပြုလုပ်ပါလျှင် ၎င်းအား အကျဉ်းချ ချုပ်နှောင်ထားရမည်။ အကယ်၍ ၎င်းက မိမိ၏ လိမ်လည်မုသား ပြောဆိုကြောင်းကို ဝန်ခံလိုက်ပါလျှင် ၎င်းအပေါ် 'ဇေနာ' ပြုသည်ဟု စွပ်စွဲသည့်အတွက် တရားတော်အရ အပြစ်ဒဏ်ပေးရပေမည်။ အကယ်၍ ဖော်ပြပါစကားလုံးများအတိုင်း (၅) ကြိမ်တိုင် 'ကစမ်' ကျိန်ဆိုပါလျှင် ၎င်း၏ ကျိန်ဆိုမှုပြီးသောအခါ အမျိုးသမီးအား ကုရ်အာန်တွင် အမျိုးသမီးအတွက် ဖော်ပြထားသည့် စကားလုံးများဖြင့် (၅) ကြိမ်တိုင် 'ကစမ်' ကျိန်ဆိုမှု ပြုစေရမည်။ အကယ်၍ အမျိုးသမီးသည် 'ကစမ်' ကျိန်ဆိုရန် ငြင်းဆိုပါလျှင် သူမသည် မိမိခင်ပွန်းသည်၏ စကား မှန်ကန်သည်၊ မထောက်ခံသမျှ အချိန်အထိသော်လည်းကောင်း၊ သို့မဟုတ် မိမိ၏ 'ဇေနာ' အမှု ကျူးလွန်မိကြောင်း ဝန်မခံလေသမျှ အချိန်ထိလည်းကောင်း၊ သူမအား အကျဉ်းချ ချုပ်နှောင်ထားရမည်။ ထိုသို့ ထောက်ခံခြင်းနှင့် ဝန်ခံခြင်း ပြုလိုက်သည့်အခါ သူမအပေါ် 'ဇေနာ' အမှု ကျူးလွန်ခြင်း၏ အပြစ်ဒဏ် ခတ်ရပေမည်။ ထိုသို့မပြုပါက ဖော်ပြပါစကားလုံးများဖြင့် (၅) ကြိမ်တိုင် 'ကစမ်' ကျိန်ဆိုစေရမည်။

အကယ်၍ ဖော်ပြပါစကားလုံးများဖြင့် 'ကစမ်' ကျိန်ဆိုရန် သဘောတူပြီး 'ကစမ်' ကျိန်ဆိုလိုက်ပါလျှင် ယခုအခါ 'လိအာန်' (တစ်ဦးအပေါ် တစ်ဦး 'လအ်နသ်' ပြုခြင်းကိစ္စ ပြီးမြောက်သွားပြီဖြစ်သည်။ ထိုသို့ ပြုခြင်းဖြင့် နှစ်ဦးစလုံးသည် လောက၏ အပြစ်ဒဏ်မှ ကင်းလွတ်ငြိမ်းသွားပေမည်။ တမလွန်အတွက်မှာမူ မည်သူသည် မုသားပြောဆို လိမ်လည်သူဖြစ်သည်ကို အလ္လာဟ်အသျှင်မြတ်သာ သိတော်မူပေသည်။ မုသားပြောဆိုသူမှာ တမလွန်တွင် အပြစ်ဒဏ် ရရှိပေမည်။ သို့ရာတွင် လောက၌လည်း လင်နှင့် မယား နှစ်ဦးစလုံးတွင် 'လိအာန်' (ကိစ္စပြီးသည့်အခါ တစ်ဦးနှင့်တစ်ဦးအပေါ် အမြဲထာဝရအတွက် 'ဟရာမ်' ဖြစ်သွားပေသည်။ ခင်ပွန်းသည်အနေဖြင့် ဇနီးသည်အား 'သွလာက်' ပေး၍ ကွာရှင်းလိုက်ရမည်။

အကယ်၍ ခင်ပွန်းသည်က 'သွလားက်'မပေးပါလျှင် အုပ်ချုပ်သူ အာဏာပိုင်သည် ၎င်းတို့နှစ်ဦးအကြား ကွာရှင်းပြတ်စဲမှုကို ပြုပေးနိုင်သည်။ ဤသို့ပြုခြင်းမှာ 'သွလားက်'၏ အမိန့်အတိုင်းပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ထိုလင်မယားနှစ်ဦးအဖို့ ပြန်လည် 'နေကာဟ်'ပြုရန် မည်သည့်အခါမျှ မဖြစ်နိုင်တော့ပေ။ 'လိအာန်'နှင့် ပတ်သက်၍ အကျယ်တဝင့်ကို ဟဒီးစ်များ၌ ဖော်ပြထားပါသည်။ 'လိအာန်'၏ ဥပဒေသည် အစ္စလာမ့်ရှရီအသ်တရားတော်တွင် ခင်ပွန်းသည်၏ စိတ်ဓါတ်အပေါ် ထောက်ရှုလျက် ချမှတ်ထားခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးအပေါ် ဇေနာကျူးလွန်သည်ဟု စွပ်စွဲခြင်း ဆိုင်ရာ ဥပဒေသည် ပထမအာယသ်တော်များ၌ တင်ပြခဲ့ပြီးသည့်အတိုင်း 'ဤသို့ 'ဇေနာ'အမှု ကျူးလွန်သည်ဟု စွပ်စွဲသူသည် မျက်မြင်သက်သေ (၄) ဦးကို တင်ပြရန် အရေးကြီးသည်။ ၎င်းက ဤသို့ မတင်ပြနိုင်လျှင် ၎င်းအပေါ်၌ပင် 'ဇေနာ'၏ စွပ်စွဲမှုဖြင့် အပြစ်ဒဏ်ချမှတ်ရပေမည်။

လူအများအတွက် ဖြစ်နိုင်သည်မှာ သက်သေ (၄) ဦး မရရှိနိုင်သည့်အခါ 'ဇေနာ' အမှု ကျူးလွန်ကြောင်း စွပ်စွဲခြင်းမှ နှုတ်ဆိတ်နေလိုက်ရမည်။ သို့မှသာ 'ဇေနာ'အမှုပြုကြောင်း စွပ်စွဲသည့် အပြစ်ဒဏ်မှ ကင်းလွတ်ပေမည်။ သို့သော် ခင်ပွန်းသည်တစ်ဦးအဖို့ ဤသို့ ပြုနိုင်ရန် အလွန် ခက်ခဲလှပါသည်။ ၎င်းသည် မိမိ၏ မျက်စိဖြင့် တွေ့မြင်ပြီး သက်သေမရှိသည့်အခါ ၎င်းက 'ဇေနာ'ပြုကြောင်း ဖွင့်ဟပြောဆိုလျက် 'ဇေနာ'ပြုကြောင်း စွပ်စွဲသည့် အပြစ်ဒဏ် ရရှိသွားပေမည်။ အကယ်၍ ဖွင့်ဟပြောဆိုခြင်း မပြုပါလျှင်လည်း သက်တမ်းတစ်လျှောက်လုံးတွင် ဒုက္ခနှင့် ရင်ဆိုင်ခံစားနေရပေမည်။ ထို့ကြောင့် ခင်ပွန်းသည်၏ အရေးကိစ္စကို အခြားဥပဒေများနှင့် သီးခြားဥပဒေအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ ဤသို့ ပြုခြင်းဖြင့် 'လိအာန်'သည် လင်မယားအရေးကိစ္စ၌သာ ဖြစ်နိုင်ကြောင်း သိရှိရပေသည်။ အခြားအရေးကိစ္စများအတွက် အမိန့်မှာ ပထမအာယသ်တော်များ၌ ဖော်ပြပြီးဖြစ်သည့် အမိန့်ပင် ဖြစ်သည်။

ဟဒီးစ်ကျမ်းများတွင် ဤနေရာ၌ ဖြစ်ရပ်နှစ်ခုကို တင်ပြထားရာ ၎င်းတို့အနက် 'လိအာန်'၏ အာယသ်တော်များ၏ 'ရှာနေနုဇူးလ်'သည် မည်သည့်ဖြစ်ရပ် ဖြစ်သနည်းဟု ဆိုရာ၌ သဖ်စီးရ်အဖွင့်ပညာရှင် အေမာမ်ကြီးများ၏ အဆိုကွဲလွဲမှုများ ရှိပေသည်။ ကုရ်သုဗီက အာယသ်တော်များ၏ ကျရောက်မှုသည် ထပ်ကာထပ်ကာ ကျရောက်လာသည်ဟု မှတ်ယူလျက် ဖြစ်ရပ်နှစ်ခုစလုံးကို 'ရှာနေနုဇူးလ်' (အာယသ်တော် ကျရောက်လာသည့် ဖြစ်ရပ်) ဟု သတ်မှတ်သည်။ ဟာဖိဇ်အိဗ်နေဟဂျရ်၊ (ဘိုခါရီကျမ်း၏ အဖွင့်ပညာရှင်) နှင့် နောင်ဝဝီ (မွတ်စ္စလင်မ်ကျမ်း၏ အဖွင့်ပညာရှင်) တို့က ထိုဖြစ်ရပ်နှစ်ခုစလုံးကို ညှိနှိုင်းလျက် တစ်ကြိမ်တည်းသာ ကျရောက်လာခြင်းဖြစ်ပြီး ဖြစ်ရပ်နှစ်ခုစလုံးကို 'လိအာန်'၏ အာယသ်တော်များ၏ 'ရှာနေနုဇူးလ်'အဖြစ် သတ်မှတ်ကြသည်။ ၎င်းတို့၏ အကြောင်းပြချက်မှာ ပို၍ ရှင်းလင်းပေသည်။ ရှေ့၌ တင်ပြချက် လာရှိပေမည်။ ဖြစ်ရပ်တစ်ခုမှာ ဟီလားလ်ဗင်န်အုမိုင်ယဟ်နှင့် ၎င်း၏ ဇနီးတို့၏ ဖြစ်ရပ်ဖြစ်သည်။ ထိုဖြစ်ရပ်ကို ဆွဟီးဟ်ဘိုခါရီကျမ်းတွင် အိဗ်နေအဗ္ဗားစ် رضي الله عنه ၏ ဆင့်ပြန်ချက်ဖြင့် ဖော်ပြထားသည်။ ဤဖြစ်ရပ်၏ ပထမပိုင်းသည် ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه ၏ ဆင့်ပြန်ချက်ပင် မွတ်စ်နဒ်အဟ်မဒ်ကျမ်း၌ လာရှိထားသည်။

ဟာဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်က မိန့်ဆိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်တွင် 'ဇေနာ'အမှု စွပ်စွဲခြင်း အမိန့်တော်များဆိုင်ရာ အာယသ်တော်များ ကျရောက်လာခဲ့သည်။ ဆိုလိုသည်မှာ-

اَلَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ ثُمَّ لَمْ يَاْتُوْا بِاَرْبَعَةِ شُهَدَآءَ فَاجْلِدُوْهُمْ ثَمٰنِيْنَ جَلْدَةً

ဆိုလိုသည်မှာ ထိုအာယသ်တော်တွင် 'အမျိုးသမီးတစ်ဦးအပေါ် 'ဇေနာ'ကျူးလွန်သည်ဟု စွပ်စွဲသူအဖို့ ထို 'ဇေနာ'အမှုနှင့် စပ်လျဉ်း၍ သက်သေ (၄) ဦး တင်ပြနိုင်ရမည်။ ယင်းသက်သေများတွင် တစ်ဦးမှာ ၎င်းကိုယ်တိုင်ဖြစ်ရမည်။ ၎င်းသူသည် ဤသို့ မပြုနိုင်ပါလျှင် ထိုသူ့အား လိမ်လည်သူဟု သတ်မှတ်လျက် ၎င်းသူအပေါ် ကြိမ်ဒဏ်အချက် (၈၀) ရိုက်နှက်ခြင်း အပြစ်ဒဏ်နှင့် အမြဲထာဝရအတွက် ၎င်းသူ၏ သက်သေထွက်ဆိုမှုကို လက်ခံခြင်းမှ ပိတ်ပင်တားဆီးလိုက်သည့် အပြစ်ဒဏ်များ ချမှတ်ရပေမည်'ဟု ဖြစ်သည်။

ဤအာယသ်တော်များကို ကြားသိရပြီး မဒီနာရှိ အန်ဆွာရ်တို့၏ ခေါင်းဆောင် ဟာဇရသ်စအဒ်ဗင်န် အုဗာဒဟ် ؓ က တမန်တော်မြတ် ﷺ အား 'အို၊ တမန်တော်၊ ဤအာယသ်တော်များသည် ဤအတိုင်းပင် ကျရောက်ခဲ့ပါသလော'ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ် ﷺ (အဖို့ စအဒ်ဗင်န် အုဗာဒဟ် ؓ ၏ နှုတ်မှ ဤစကားမျိုးကို ကြားပြီး လွန်စွာ အံ့ဩရလေသည်။) သည် အန်ဆွာရ်များကို ဦးတည်လျက် အသင်တို့၏ ခေါင်းဆောင်ပြောကြားသည့် စကားများကို အသင်တို့ ကြားကြသည် မဟုတ်ပါလော' ဟု မိန့်ကြားတော်မူလေသည်။ ထိုအခါ လူတို့က 'အို၊ တမန်တော်မြတ်၊ ကိုယ်တော်သည် ၎င်းအား ရှုတ်ချမှု ပြုတော်မမူပါနှင့်'ဟု လျှောက်ထားကြလေသည်။ စင်စစ် စအဒ်ဗင်န်အုဗာဒဟ် ؓ သည် ဤစကားများ ပြောကြားရသည့် အကြောင်းမှာ အရှက်လွန်ကဲခြင်းကြောင့် ဖြစ်သည်။ ထို့နောက် ဟာဇရသ် စအဒ် ؓ ကိုယ်တော်တိုင်ကပင် 'အို၊ တမန်တော်၊ ကျွန်တော်မျိုး၏ ဖခင်၊ ကျွန်တော်မျိုး၏ မိခင်တို့ကို ကိုယ်တော်မြတ် ﷺ အပေါ် စွန့်လှူပါသည်။ ဤအာယသ်တော်များသည် အမှန်ဖြစ်ကြောင်းနှင့် အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ ချပေးတော်မူကြောင်းကို အပြည့်အဝ သိရှိပါသည်။ သို့ရာတွင် ကျွန်တော်မျိုး အံ့ဩရသည်မှာ 'အကယ်၍ ကျွန်တော်မျိုးသည် အရှက်မဲ့စွာ သူမ (ဇနီး) အပေါ်၌ သူစိမ်းအမျိုးသား တစ်ဦးက တက်ရောက်နေသည်ကို တွေ့မြင်ရသည့် အခြေအနေမျိုးတွင် ကျွန်တော်မျိုးသည် ထိုအမျိုးသားကို ထိုနေရာ၌ ဟိန်းဟောက်ခြိမ်းခြောက်ခြင်းနှင့် ထိုနေရာမှ မောင်းထုတ်ခြင်းကို ပြုပိုင်ခွင့် ရှိပါသလော။ ထိုမျှမက ကျွန်တော်မျိုးသည် လူ (၄) ဦးအား ခေါ်လာပြီး ဤအဖြစ်အပျက်ကို ပြသလျက် သက်သေအဖြစ်ပြုရန် အရေးကြီးပေမည်လော။ ထိုသို့ သက်သေများ စုရုံးနေချိန်တွင် ထိုသူသည် မိမိအလုပ်ပြီး မြောက်၍ ထွက်ပြေးသွားပေလိမ့်မည်' ဟု လျှောက်ထားလေသည်။

(ဟာဇရသ်စအဒ် ؓ ၏ ပြောစကားများတွင် ဤနေရာ၌ ကွဲလွဲသော စကားလုံးများဖြင့် လာရှိသည်။ သို့ရာတွင် အလိုသဘောမှာ အားလုံးအတူတူပင် ဖြစ်သည်။)

'ဇေနာ'ပြုသည်ဟု စွပ်စွဲချက်အပေါ် အပြစ်ဒဏ်ချမှတ်ရန်ဖြစ်သော အာယသ်တော်များ ကျရောက်ခြင်းနှင့် ဟာဇရသ်စအဒ် ؓ ၏ ထိုစကားပြောဆိုခြင်းများ ဖြစ်ပေါ်ပြီး များမကြာမီကာလအတွင်း၌မှာပင်

ဟိလားလ်ဗင်န်အုမိုင်ယဟ် ﷺ အဖို့ ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှာ ဟိလားလ်ဗင်န်အုမိုင်ယဟ် ﷺ သည် မိမိ၏ လယ်မြေမှ 'အေရှာဟ်'အချိန်တွင် ပြန်လာသည့်အခါ မိမိ၏ ဇနီးနှင့်အတူ သူစိမ်းအမျိုးသားတစ်ဦးကို မိမိမျက်စိဖြင့် ကိုယ်တိုင် တွေ့မြင်ခဲ့ရသည်။ ၎င်းတို့၏ ပြောစကားများကို မိမိနားဖြင့် ကိုယ်တိုင် ကြားခဲ့ရသည်။ သို့ရာတွင် မည်သို့မျှ ဆောင်ရွက်ခြင်း မပြုခဲ့ပေ။ နောက်ဆုံး နံနက်မိုးသောက်သောအခါ တမန်တော်မြတ် ﷺ ထံတော်ပါးတွင် အခစားဝင်လျက် အဖြစ်အပျက်ကို လျှောက်ထား တင်ပြလိုက်သည်။ တမန်တော်မြတ် ﷺ သည် ဤအဖြစ်အပျက်ကို ကြားတော်မူပြီး စိတ်မကောင်းဖြစ်ရသည်။ အလွန်ပြင်းထန်စွာ ခံစားရလေသည်။ တစ်ဘက်တွင် အန်ဆွာရ်များ စုဝေးသွားကြသည်။ အချင်းချင်းတွင် 'ကျွန်ုပ်တို့သည် မိမိတို့၏ ခေါင်းဆောင် စအဒ်ဗင်န်အုဗာဒဟ် ﷺ ပြောကြားသည့် စကားများ၌သာ နစ်မွန်းသွားခဲ့ကြသည်။ ယခုမူ ရှရီအသ်တရားတော်၏ ဥပဒေနှင့်အညီ တမန်တော်မြတ် ﷺ သည် ဟိလားလ်ဗင်န်အုမိုင်ယဟ် ﷺ ကို ကြိမ်ဒဏ် (၈၀) ရိုက်နှက်ပေတော့မည်။ လူ့အသိုင်းအဝိုင်းတွင် ၎င်း၏ သက်သေထွက်ဆိုချက်ကို အမြဲတန်းအတွက် အပယ်ခံအဖြစ် သတ်မှတ်ခံရတော့မည်'ဟု ပြောဆိုနေကြသည်။ သို့ရာတွင် ဟိလားလ်ဗင်န်အုမိုင်ယဟ် ﷺ က 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား ဤဒုက္ခမှ ကယ်တင်တော်မူမည်ဟု ကျွန်ုပ် အပြည့်အဝ ယုံကြည်မျှော်လင့်ပါသည်'ဟု ပြောဆိုလေသည်။

ဆွဟီးဟ်ဘိုခါရီ၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ က ဟိလာလ် ﷺ သခင်၏ ဖြစ်ရပ်ကို ကြားနာပြီး ကုရ်အာန်၏ အမိန့်တော်များနှင့်အညီ ဟိလားလ် ﷺ အား 'အသင်သည် မိမိ၏ ဤစွဲချက်အပေါ် သက်သေအထောက်အထား (၄) ဦး ခေါ်ဆောင်လာရမည်။ ထိုသို့မဟုတ်ပါက အသင်၏ ကျောပေါ်၌ စွပ်စွဲခြင်း၏ အပြစ်ဒဏ် ကျရောက်ပေလိမ့်မည်'ဟု မိန့်ကြားလေသည်။ ဟိလားလ်ဗင်န်အုမိုင်ယဟ် ﷺ က ကိုယ်တော်မြတ် ﷺ အား 'ကိုယ်တော့်အား အမှန်တရားနှင့်အတူ စေလွှတ်တော်မူသော အသျှင်မြတ်၏ ကစမ်၊ ကျွန်တော်မျိုး၏ ထွက်ဆိုချက်များမှာ အမှန်ပင် ဖြစ်ပါသည်။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်တော်မျိုး၏ ကျောကုန်းအား စွပ်စွဲချက်၏ အပြစ်ဒဏ်မှ လွတ်ကင်းစေမည့် အမိန့်တော်တစ်စုံတစ်ရာကို မုချမလွဲ ပို့ချပေးတော်မူပါလိမ့်မည်' ဟု လျှောက်ထားလေသည်။ ဤသို့ ပြောဆိုနေကြစဉ်မှာပင် ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ သည် 'လိအာန်' ၏ အမိန့်ဥပဒေများ ပါရှိသော အာယသ်တော်များ ယူဆောင်၍ ဆင်းသက်လာခဲ့သည်။ ၎င်းမှာ-

وَالَّذِينَ يَرْمُونَ أَزْوَاجَهُمْ

အဘူယအ်လာသည် ဤဆင့်ပြန်ချက်ကိုပင် ဟဇရသ်အနတ်စ် ﷺ ထံမှလည်း ဆင့်ပြန်ခဲ့သည်။ ထိုဆင့်ပြန်ချက်တွင် 'လိအာန်' ၏ အာယသ်တော်များ ကျရောက်လာသည့်အခါ တမန်တော်မြတ် ﷺ သည် ဟိလာလ်ဗင်န်အုမိုင်ယဟ် ﷺ အား 'အလ္လာဟ်အသျှင်မြတ်သည် အသင်၏ အခက်အခဲကို ရှင်းလင်းပေးတော်မူလိုက်ပြီ' ဟူသော အကြောင်းလည်း ပါရှိသည်။ ဟိလာလ် ﷺ က 'ကျွန်တော်မျိုးသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဤမည်သော မျှော်လင့်ချက်ကို ထားရှိခဲ့ပါသည်' ဟု လျှောက်ထားလေ

သည်။ ယခုမှ တမန်တော်မြတ် ﷺ သည် 'လိလာလ် ﷺ ၏ ဇနီးကို ဆင့်ခေါ်တော်မူသည်။ ဇနီးမောင်နှံနှစ်ဦး အသင့်ဖြစ်သည့်အခါ ဇနီးဖြစ်သူအား အဖြစ်အပျက်ကို မေးမြန်းတော်မူသည်။ သူမက 'ကျွန်တော်မျိုးမ၏ ခင်ပွန်း ဟိလာလ်ဗင်န်အုမိုင်ယဟ်သည် ကျွန်တော်မျိုးမအပေါ် လိမ်လည်၍ စွပ်စွဲမှုပြုပါသည်' ဟု လျှောက်ထားလေသည်။ တမန်တော်မြတ် ﷺ က 'အသင်တို့နှစ်ဦးအနက် တစ်ဦးသည် လိမ်လည်မုသားပြောဆိုနေခြင်းဖြစ်သည်ကို အလ္လာဟ်အသျှင်မြတ် သိရှိတော်မူပါသည်။ အသင်တို့နှစ်ဦးအနက် (အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့၍) 'သောင်ဗာဟ်'ပြုပြီး အမှန်တရားကို ထုတ်ဖော်ဝံ့သူ ရှိပါသလော' ဟု မေးမြန်းတော်မူလေသည်။ ထိုမိန့်ကြားချက်အပေါ် ဟိလာလ်ဗင်န်အုမိုင်ယဟ် ﷺ က ကျွန်တော်မျိုး၏ မိခင်နှင့် ဖခင်တို့အား ကိုယ်တော့်အပေါ် စွန့်လှူပါသည်။ ကျွန်တော်မျိုး ထွက်ဆိုသမျှတို့သည် လုံးဝအမှန်ပင် ဖြစ်ပါသည်' ဟု လျှောက်ထားလေသည်။ ထိုအခါ တမန်တော်မြတ် ﷺ သည် ကျရောက်လာပြီးဖြစ်သော ကုရ်အာန်၏ အာယသ်တော်များနှင့်အညီ လင်နှင့် မယားနှစ်ဦးစလုံးကို 'လိအာန်' ပြုစေရန်အမိန့်ပေးတော်မူလိုက်သည်။ ဦးစွာပထမ ဟာဇရသ်ဟိလာလ် ﷺ အား 'အသင်သည် ကုရ်အာန်၌ လာရှိသည့်စကားလုံးများကို (၄) ကြိမ် ထွက်ဆိုခြင်း ပြုပါ။' ဆိုလိုသည်မှာ 'ကျွန်တော်မျိုးသည် အလ္လာဟ်အသျှင်မြတ်ကို ရှေ့မှောက်၌ ထားလျက် မိမိ၏ စွဲချက်သည် အမှန်ဖြစ်ကြောင်း ထွက်ဆိုပါသည်' ဟု ပြောရန်အမိန့်ပေးလေသည်။ ဟိလာလ် ﷺ သည် ထိုအတိုင်း (၄) ကြိမ် ထွက်ဆိုလိုက်သည်။ ပဥ္စမအကြိမ်မြောက်ထွက်ဆိုရမည့် ကုရ်အာန်၏ စကားလုံးများမှာ 'အကယ်၍ ကျွန်တော်မျိုးသည် မုသားပြောဆိုသူဖြစ်ပါလျှင်ကျွန်တော်မျိုးအပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ 'လအ်နသ်' ကျရောက်ပါစေ'ဟု ဖြစ်သည်။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ သည် လေးနက်မှုဖြစ်စေသည့်အနေဖြင့် ဟိလာလ် ဗင်န် အုမိုင်ယဟ် ﷺ ကို 'အို၊ ဟိလာလ်၊ အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ပါ။ အဘယ်ကြောင့်ဆိုသော် လောက၏ အပြစ်ဒဏ်သည် 'အာခိရသ်' တမလွန်၏ 'အဇားဗ်' အပြစ်ဒဏ်ထက် ပေါ့ပါးသောကြောင့် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် ပေးတော်မူမည့် 'အဇားဗ်'အပြစ်ဒဏ်သည် လူသားတိုင်းပေးသည့် အပြစ်ဒဏ်ထက် များစွာ ပြင်းထန်လှပါသည်။ ဤပဥ္စမြောက် ထွက်ဆိုမှုသည် နောက်ဆုံးထွက်ဆိုခြင်းဖြစ်သည်။ ဤထွက်ဆိုမှုအပေါ်၌သာ စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။ သို့သော်လည်း ဟိလာလ်ဗင်န်အုမိုင်ယဟ် ﷺ က 'အလ္လာဟ်အသျှင်မြတ်၏ တမန်တော်မြတ် ﷺ က ကျွန်တော်မျိုးအား လောက၏ အပြစ်ဒဏ်ပေးတော်မမူသကဲ့သို့ အလ္လာဟ်အသျှင်မြတ်သည်လည်း ကျွန်တော်မျိုးအား ဤသက်သေထွက်ဆိုမှုအပေါ် 'အာခိရသ်'၏ 'အဇားဗ်'အပြစ်ဒဏ် ပေးတော်မူမည်မဟုတ်ကြောင်း ကျွန်တော်မျိုး 'ကစမ်' ကျိန်ဆို၍ ပြောဆိုနိုင်ပါသည်။ (အဘယ်ကြောင့်ဆိုသော် လုံးဝဥဿုံ မှန်ကန်သည့် ထွက်ဆိုချက်ဖြစ်သောကြောင့်ပင် ဖြစ်သည်) ဟု လျှောက်ထားလေသည်။ ထို့နောက် ပဥ္စမမြောက် ထွက်ဆိုချက်ဖြစ်သောစကားလုံးများဖြင့် ထွက်ဆိုမှုပြုလေသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ သည် ဟိလာလ် ﷺ ၏ ဇနီးကို ခေါ်ယူ၍ အထက်ပါအတိုင်း ထွက်ဆိုမှု (၄) ကြိမ်၊ (သို့) ကျိန်ဆိုမှု (၄) ကြိမ် ပြုစေတော်မူသည်။ သူမသည်လည်း ထွက်ဆိုမှုအကြိမ်တိုင်းတွင် ကုရ်အာန်၏ စကားလုံးများအတိုင်း 'ကျွန်တော်မျိုးမ၏

ခင်ပွန်းသည် လိမ်လည်သူဖြစ်ပါသည်'ဟု ထွက်ဆိုလေသည်။ ပဉ္စမအကြိမ် ထွက်ဆိုမည့်အချိန်တွင် တမန်တော်မြတ် ﷺ က 'အနည်းငယ် ဆိုင်းငံ့ပါလေ'ဟု တားမြစ်တော်မူလျက် ထိုအမျိုးသမီးအား 'အလ္လာဟ် အသျှင်မြတ်အား ကြောက်ရွံ့ပါ။ ဤပဉ္စမအကြိမ် ထွက်ဆိုခြင်းသည် နောက်ဆုံးထွက်ဆိုခြင်း ဖြစ်ပါသည်။ အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်သည် လူတို့၏ 'အဇာဗ်' (ဆိုလိုသည်မှာ'တရားတော်အရ 'ဇေနာ' ပြစ်မှု) အတွက် အပြစ်ပေးခြင်းထက် များစွာ ပြင်းထန်လှပါသည်'ဟု မိန့်ကြားလေရာ ကိုယ်တော်မြတ် ﷺ ၏ မိန့်ကြားတော်မူချက်ကို ကြားရပြီး ထိုအမျိုးသမီးသည် 'ကစမ်'ကျိန်ဆိုရန် ကြောက်ရွံ့သွားသည်။ အချိန် အတန်ကြာအထိ ဤအတိုင်း ရှိနေခဲ့သည်။ သို့သော် နောက်ဆုံးတွင်မှ 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်တော်မျိုးမသည် မိမိ၏ အမျိုးအနွယ်ကို သေးသိမ်မှုပြုမည်မဟုတ်ပါ' ဟု ပြောဆိုပြီး ပဉ္စမ အကြိမ် ထွက်ဆိုမှုကိုလည်း 'အကယ်၍ ကျွန်တော်မျိုးမ၏ ခင်ပွန်းသည် မှန်ကန်သူဖြစ်လျှင် ကျွန်တော်မျိုးမ အပေါ် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော် ကျရောက်ပါစေ' ဟူသော စကားလုံးများကို ထွက်ဆိုလိုက် လေသည်။ ဤ 'လိအာန်'၏ ဆုံးဖြတ်စီရင်မှုကိစ္စ ပြီးမြောက်သွားသည့်အခါ တမန်တော်မြတ် ﷺ သည် ၎င်းတို့ ဇနီးမောင်နှံနှစ်ဦးအား ကွာရှင်းပေးတော်မူလိုက်သည်။ ဆိုလိုသည်မှာ 'နေကာဟ်'ကို ချိုးဖျက် တော်မူလိုက်သည်။ ထို့နောက် 'ဤကိုယ်ဝန်မှ မွေးဖွားလာသည့် ကလေးသည် ထိုအမျိုးသမီး၏ ကလေး ဟုသာ ခေါ်ဆိုရမည်။ ဖခင်ဘက်သို့ ပတ်သက်ဆက်နွယ်ခြင်း မပြုရ။ သို့တိုင်အောင်လည်း ကလေးအား ရှုတ်ချမှုလည်း မပြုရပေ' ဟု မိန့်ကြားတော်မူလေသည်။

ဒုတိယဖြစ်ရပ်သည်လည်း ဆွဟီးဟ်ဟိုင်းန် (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း) တွင် ဖော်ပြထား သည်။ ဖြစ်ရပ်၏ အကျယ်တဝင့်ကို အေမာမ်ဗဂဝီက အိဗ်နေအဗ္ဗာစ် ﷺ သခင်၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန် ထားသည်မှာ 'ဇေနာ'ပြုသည်ဟု စွပ်စွဲသူအပေါ် စွပ်စွဲသည့် အပြစ်ဒဏ်ချမှတ်သည့် အမိန့်ပညတ်ချက်၏ အာယသ်တော်

وَالَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ

ကျရောက်လာသည့်အခါ တမန်တော်မြတ် ﷺ သည် 'မင်န်ဗရ်'အပေါ်တွင် ရပ်လျက် ဤအာယသ် တော်များကို ဖတ်ကြားပြတော်မူသည်။ လူအုပ်ထဲတွင် အာစွင်မ်ဗင်န်အဒီ အန်ဆွာရီ (ရဟ) လည်း ရှိနေ ခဲ့သည်။ ၎င်းက မတ်တတ်ရပ်လိုက်ပြီး 'အို၊ တမန်တော်၊ ကျွန်တော်မျိုး၏ အသက်ဇီဝိန်သည် ကိုယ်တော့် အပေါ် စွန့်လှူပါသည်။ အကယ်၍ ကျွန်တော်မျိုးတို့အနက် တစ်စုံတစ်ဦးသည် မိမိ၏ ဇနီးကို အခြားအမျိုး သားတစ်ဦးနှင့် လုံးပမ်းနေသည်ကို တွေ့မြင်ရသောအခါ အကယ်၍ ထိုသူသည် မိမိတွေ့မြင်ရသည့် ဖြစ်ရပ် အား တင်ပြလိုက်ပါက ၎င်းအဖို့ ကြိမ်ဒဏ် (၈၀) ရိုက်ခံရပေမည်။ ထို့ပြင် အမြဲတန်းအတွက် သက်သေ ထွက်ဆိုမှုကို ပိတ်ပင်ခြင်း ခံရပေလိမ့်မည်။ မွတ်စ္စလင်မ်တို့သည် ၎င်းကို 'ဖာစိက်'ဟု ခေါ်ဆိုကြပေမည်။ ဤသို့သော အခြေအနေတွင် ကျွန်ုပ်တို့သည် သက်သေများကို မည်သည့်နေရာမှ ခေါ်ဆောင်လာရပါမည် နည်း။ အကယ်၍ သက်သေများ ရှာရန်ထွက်သွားမည်ဆိုလျှင် သက်သေများ ရောက်ရှိလာသည့် အချိန် သည် ၎င်းမှာ မိမိအလုပ်ပြီးမြောက်၍ ထွက်ပြေးပြီး ဖြစ်ပေမည်' ဟု လျှောက်ထားလေသည်။

ဤမေးခွန်းသည် ပထမဖြစ်ရပ်တွင် ဟာဇရသ်စအဒ်ဗင်နိမအားဇ် رضي الله عنه မေးမြန်းခဲ့သည့် မေးခွန်းပင်ဖြစ်သည်။ ဤဒုတိယဖြစ်ရပ်တွင် အာစွင်မ်ဗင်န်အဒီ رضي الله عنه က မေးမြန်းခြင်း ဖြစ်သည်။ ဤမေးခွန်းသည် 'ဂျုမုအဟ်' နေ့တစ်နေ့တွင် မေးခြင်းဖြစ်သည်။ ထို့နောက်တွင် ဤဒုတိယဖြစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ဖြစ်ရပ်မှာ အာစွင်မ်ဗင်န်အဒီ رضي الله عنه ၏ အဖေညီအစ်ကိုမွေး ညီအစ်ကိုဝမ်းကွဲတော်သူ အုဝိုင်မိရ် رضي الله عنه သည် အာစွင်မ်ဗင်န်အဒီ رضي الله عنه ၏ အဖေညီအစ်ကိုမွေး မောင်နှမဝမ်းကွဲတော်သူ 'ခေါ်လဟ်' မည်သော အမျိုးသမီးနှင့် 'နေကာဟ်' ဖြစ်ခဲ့သည်။ အုဝိုင်မိရ် رضي الله عنه သည် တစ်နေ့သောအခါ မိမိ၏ ဇနီးသည် ရှရီးက်ဗင်န်စဟ်မာနှင့် လုံးပမ်းနေသည်ကို တွေ့မြင်ရသည်။ ရှရီးက်ဗင်န်စမ်ဟာသည်လည်း အာစွင်မ်ဗင်န်အဒီ رضي الله عنه ၏ အဖေညီအစ်ကိုမွေး ညီအစ်ကိုဝမ်းကွဲပင်ဖြစ်သည်။ အုဝိုင်မိရ်သည် ဤဖြစ်ရပ်ကို အာစွင်မ်ဗင်န်အဒီ رضي الله عنه ထံ လာရောက်၍ ပြောပြလိုက်သည်။ အာစွင်မ် رضي الله عنه သည်

اِنَّا لِلّٰهِ وَ اِنَّاۤ اِلَيْهِ رَاجِعُوْنَ

ကို ဖတ်ရွတ်လိုက်သည်။ ထို့နောက် နောက်တစ်နေ့ 'ဂျုမုအာဟ်' နေ့တွင် ကိုယ်တော်မြတ် ﷺ ၏ ထံတော်ပါးတွင် အခစားဝင်ရောက်လျက် 'အို၊ တမန်တော်၊ ပြီးခဲ့သည့် 'ဂျုမုအာဟ်' နေ့ကပင် ကိုယ်တော့်အား ကျွန်တော်မျိုး မေးမြန်းခဲ့သည်မှာ ယခု ဝမ်းနည်းဖွယ်ရာ ဖြစ်ရပါသည်။ အကြောင်းမှာ ကျွန်တော်မျိုး၏ သားချင်းများအတွင်း၌ပင် ဤကဲ့သို့ဖြစ်ရပ် ကြုံတွေ့လာရပါသည်' ဟု လျှောက်ထားလေသည်။

အေမာမ်ဗဂဝီသည် ၎င်းတို့နှစ်ဦးအား ဆင့်ခေါ်ခြင်းနှင့် ၎င်းတို့အချင်းချင်းတွင် 'လိအာန်' ကျိန်ဆိုစေခြင်းပြုသည့် အကြောင်းများကို အကျယ်တဝင့် ဖော်ပြထားသည်။ *[မဇ္ဇဟရီကျမ်း]*

ဆွဟီဟိုင်းန် (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း) တွင် ထိုဖြစ်ရပ်၏ အကျဉ်းကို ဟာဇရသ်စဟလ်ဗင်န်စအဒ်စာအဒီ رضي الله عنه ၏ ဆင့်ပြန်ချက်ဖြင့် ဖော်ပြထားသည်မှာ အိုဝိုင်မိရ်အင်ဂျလာနီ رضي الله عنه သခင်သည် တမန်တော်မြတ် ﷺ အား 'အို၊ တမန်တော်၊ အကယ်၍ လူတစ်ဦးသည် မိမိ၏ ဇနီးနှင့်အတူ အခြားအမျိုးသားတစ်ဦးကို တွေ့မြင်ရပါလျှင် ထိုသူသည် ၎င်းအား သတ်ဖြတ်လိုက်ရမည်လော။ ထိုလုပ်ရပ်၏ နောက်ဆုံးရလဒ်တွင် ၎င်းအား လူတို့က သတ်ဖြတ်ကြမည်ပင်ဖြစ်သည်။ (သို့) မည်သို့ ပြုလုပ်ရပါမည်နည်း' ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ်သည် အသင်နှင့် အသင်၏ ဇနီးနှင့် စပ်လျဉ်း၍ အမိန့်တော် ချမှတ်ပြီးဖြစ်သည်။ ထို့ကြောင့် ဇနီးကို သွား၍ ခေါ်ဆောင်လာခဲ့ပါ' ဟု မိန့်ကြားတော်မူသည်။

ဟဒီးစ်ဆင့်ပြန်သူ စဟလ်ဗင်န်စအဒ် رضي الله عنه က မိန့်ဆိုသည်မှာ 'တမန်တော်မြတ် ﷺ သည် ၎င်းတို့နှစ်ဦးအား ခေါ်ယူ၍ ဗလီအတွင်း၌ 'လိအာန်' ကျိန်ဆိုမှုကို ပြုစေတော်မူသည်။ ('လိအာန်' ပြုသည့် ပုံသဏ္ဍာန်ကို ပထမဖြစ်ရပ်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။) နှစ်ဦးနှစ်ဖက် ပဥ္စအကြိမ် ထွက်ဆိုချက်များ ပြီးမြောက်၍ 'လိအာန်' ပြုခြင်းကိစ္စ ပြီးဆုံးသွားသည့်အခါ အိုဝိုင်မိရ်အင်ဂျလာနီသည် 'အို၊ တမန်တော်၊ အကယ်၍ ကျွန်တော်မျိုးသည် သူမအား ဇနီးကြင်ရာအဖြစ် ထားရှိမည်ဆိုလျှင် ကျွန်တော်မျိုးသည် သူမအပေါ် လိမ်လည်မှုသားဖြင့် စွပ်စွဲခြင်း ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်မျိုးသည် သူမအား 'သွလားက်' သုံးကြိမ်ပေးလိုက်ပါသည်' ဟု လျှောက်ထားလေသည်။ *[မဇ္ဇဟရီကျမ်း]*

ထိုဖြစ်ရပ်နှစ်ခုစလုံးတွင် 'လိအာန်'၏ အာယသ်တော်များသည် ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ကြောင်း ဖော်ပြထားသည်။ ဟာဖိဇ်အိဗ်နေဟာဂျရ်နှင့် ရှိင်ခွလ်အစ္စလာမ် အေမာမ်နောင်ဝဝီ (ရဟ) တို့က ထိုဖြစ်ရပ်နှစ်ခုကို ညှိနှိုင်းထားသည်မှာ ပထမဖြစ်ရပ်မှာ ဟိလာလ်ဗင်န်အုမိုင်ယဟ် ﷺ နှင့် ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ လိအာန်၏ အမိန့်တော်များနှင့် စပ်လျဉ်းသည့် အာယသ်တော်များ ကျရောက်လာခြင်းသည် ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်ခဲ့သည်။ ထို့နောက် အုဝိုင်မိရ် ﷺ သည်လည်း အလားတူဖြစ်ရပ်မျိုး ဖြစ်ပေါ်ခဲ့သည်။ ၎င်းသည် တမန်တော်မြတ် ﷺ အား လျှောက်ထားတင်ပြခဲ့သည်မှာ '၎င်းအဖို့ ဟိလာလ်ဗင်န်အုမိုင်ယဟ် ﷺ ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်ကို မသိရှိခဲ့ခြင်း ဖြစ်ပေမည်။' ထို့ကြောင့် တမန်တော်မြတ် ﷺ က 'အသင်၏ ဖြစ်ရပ်အတွက် အဆုံးအဖြတ်မှာ ဤသို့ ဖြစ်သည်'ဟု မိန့်တော်မူခြင်း ဖြစ်သည်။ ဟိလာလ်ဗင်န်အုမိုင်ယဟ် ﷺ ၏ ဖြစ်ရပ်တွင် ဟဒီးစ်၏ စကားလုံးများမှာ فنزل جبرئيل ဟူ၍ ဖြစ်သည်။ အုဝိုင်မိရ်၏ ဖြစ်ရပ်တွင် قد انزل الله فيك ဟု ဖြစ်သည်။ ၎င်း၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် အသင်၏ ဖြစ်ရပ်ကဲ့သို့သော ဖြစ်ရပ်တစ်ခုတွင် ဤအမိန့်တော်ကို ပို့ချပေးတော်မူခဲ့ပြီးဖြစ်သည်' ဟု မိန့်တော်မူခြင်း ဖြစ်နိုင်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

ဓမ္မသတ် ။ ။ လင်နှင့်မယားတို့ တရားသူကြီး၏ ရှေ့မှောက်၌ 'လိအာန်'ပြုလိုက်သည်နှင့် ထိုအမျိုးသမီးသည် ထိုအမျိုးသားအတွက် အမြဲတန်းအတွက် 'ဟရာမ်'ဖြစ်သွားပေသည်။ နို့စို့ဘက်မောင်နှမအတွက် အမြဲတန်းအတွက် 'ဟရာမ်'ဖြစ်သည့်အတိုင်းပင် ဖြစ်သည်။ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ-

المتلا عنان لا يجتمعان ابداً

ဟု ဖြစ်သည်။ 'လိအာန်'လုပ်သည်နှင့် 'ဟရာမ်' ဖြစ်ရှိသွားပေသည်။ သို့ရာတွင် အမျိုးသမီးအတွက် 'အစ်ဒသ်'ရက် ကုန်ဆုံးပြီးမှ အခြားသူတစ်ဦးနှင့် 'နေကာဟ်'ပြုရမည်ဖြစ်သည်။ အေမာမ် အာဇူဟနီဖဟ် (ရဟ) ထံတွင် အမျိုးသားက အမျိုးသမီးအား 'သွလာက်'ပေးလိုက်လျှင် ဖြစ်စေ၊ (သို့) ကျွန်ုပ်သည် အသင်မအား စွန့်လွှတ်လိုက်ပြီဟု ပြောဆိုသည်ဖြစ်စေ၊ ထိုအခါတွင်မှ အခြားအိမ်ထောင် ပြုပိုင်ပေမည်။ အကယ်၍ ခင်ပွန်းဖြစ်သူက ဤသို့ မပြုပါက အုပ်ချုပ်သူ၊ အာဏာပိုင်နှင့် တရားသူကြီးတို့သည် ၎င်းတို့နှစ်ဦးကို ကွာရှင်းပြတ်စဲစေမည်ဆိုလျှင် ဤသည်လည်း 'သွလာက်'ပေးခြင်းအမိန့် ဖြစ်သွားပေမည်။ ထိုအခါ 'သွလာက်'၏ 'အိဒ်ဒသ်'အဖြစ် ရာသီသွေးဆင်းခြင်း (၃) ကြိမ် အပြည့်အဝ ဖြစ်ပေါ်ပြီးမှ အမျိုးသမီးမှာ လွတ်လပ်သူဖြစ်သွားပေမည်။ ထိုအခါမှ အခြားအမျိုးသားတစ်ဦးနှင့် 'နေကာဟ်' ပြုနိုင်ပေမည်။ *[မဇ္ဇဟရီကျမ်း]*

ဓမ္မသတ် ။ ။ 'လိအာန်'ပြုလုပ်ပြီးနောက် ထိုကိုယ်ဝန်မှ မွေးဖွားလာသည့် ကလေးကို ၎င်း၏ ခင်ပွန်းသည်နှင့် ပတ်သက်ဆက်နွယ်မှု မပြုရပေ။ ထိုကလေးသည် မိခင်နှင့်သာ ပတ်သက်ပေသည်။ တမန်တော်

မြတ် ﷺ သည် ဟိလာလ်ဗင်န်အုမိုင်ယဟ် ؓ နှင့် အုဝိုင်မိရ်အဂျ်လာနီ ؓ တို့နှစ်ဦး၏ ဖြစ်ရပ် နှစ်ခုစလုံးတွင် ဤအတိုင်းပင် ဆုံးဖြတ်တော်မူခဲ့သည်။

ဓမ္မသတ် ။ ။ 'လိအာန်'ပြုလုပ်ပြီးသောအခါ ၄င်းတို့နှစ်ဦးအနက် မုသားဆိုသူအတွက် တမလွန်၏ အပြစ်ဒဏ်မှာ ကနဦးကထက် ပို၍ တိုးပွားသွားလေသည်။ သို့ရာတွင် လောက၏ အပြစ်ဒဏ်ပေးခြင်းသည် ၄င်းအပေါ် မကျရောက်တော့ပေ။ အလားတူ လောကတွင် သူမအား 'ဇေနာ'ပြုသူဟုလည်းကောင်း၊ ကလေးအား 'ဇေနာ'ဖြင့် ရရှိသည့် သားဟုလည်းကောင်း ပြောဆိုရန် မည်သူ့အတွက်မျှ မပိုင်ပေ။ ဟိလာလ်ဗင်န်အုမိုင်ယဟ် ؓ ၏ ဖြစ်ရပ်၌ တမန်တော်မြတ် ﷺ ၏ ဆုံးဖြတ်ချက်တွင်

وقضى با ن لاتُرْ مى ولا ولد ها

ဟူသော အမိန့်ကိုလည်း မိန့်ကြားခဲ့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ ٱلَّذِينَ جَآءُو بِٱلْإِفْكِ عُصْبَةٌ مِّنكُمْ ۚ لَا
تَحْسَبُوهُ شَرًّا لَّكُم ۖ بَلْ هُوَ خَيْرٌ لَّكُمْ ۚ لِكُلِّ ٱمْرِئٍ مِّنْهُم مَّا ٱكْتَسَبَ
مِنَ ٱلْإِثْمِ ۚ وَٱلَّذِى تَوَلَّىٰ كِبْرَهُۥ مِنْهُمْ لَهُۥ عَذَابٌ عَظِيمٌ ﴿١١﴾

၂၄ း ၁၁ ။ ။ ဧကန်အမှန် ဤ (မုသား) စွပ်စွဲချက်ကို ဖြန့်ချိခဲ့သော သူတို့မှာ အသင်တို့အနက်မှ အုပ်စု (ကလေး) တစ်စုပင် ဖြစ်၏။ (ကြင်ယာတော်အာအေရှာဟ်သခင်မအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုခဲ့သူ လူတစ်စုကို ရည်ညွှန်းမိန့်ဆိုထားတော်မူ၏။ အသင်တို့သည် မိမိတို့နှင့် ပတ်သက်၍ ယင်း (မုသားစွပ်စွဲချက်) ကို ဆိုးရွားလှသည်ဟု မယူဆကြကုန်လင့်။ အမှန်စင်စစ် ယင်း (မုသားစွပ်စွဲချက်) သည် အသင်တို့နှင့် ပတ်သက်၍ ကောင်းလှပေသည်။ ထိုအုပ်စုအနက် အသီးသီး၌ မိမိရှာဖွေဆည်းပူးခဲ့သော ပြစ်မှုသည် ရှိပေသည်။ ထို့ပြင် ယင်းမုသားစွပ်စွဲမှု (ကို ဖြန့်ချိရာ၌) အများဆုံး တာဝန်ယူ ဆောင်ရွက်ခဲ့သော သူ၌မူ အလွန်ကြီးလေးလှသော အပြစ်ဒဏ်သည် ရှိပေသည်။

لَّوْلَآ إِذْ سَمِعْتُمُوهُ ظَنَّ ٱلْمُؤْمِنُونَ وَٱلْمُؤْمِنَٰتُ بِأَنفُسِهِمْ خَيْرًا وَقَالُوا۟
هَٰذَآ إِفْكٌ مُّبِينٌ ﴿١٢﴾

၂၄ း ၁၂ ။ ။ 'အသင်တို့သည် ယင်းမုသားစွပ်စွဲချက်ကို ကြားသိခဲ့စဉ်က မုအ်မင်န်ယောကျ်ားတို့သည်လည်းကောင်း၊ မုအ်မင်န်မိန်းမတို့သည်လည်းကောင်း မိမိတို့အချင်းချင်းနှင့် ပတ်သက်၍ အဘယ်ကြောင့် ကောင်းမွန်သော ထင်မြင်ချက်ကို

မထင်မြင် မယူဆခဲ့ကြသနည်း။' ထို့ပြင် ၎င်း မုအ်မင်န်ယောကျ်ား၊ မိန်းမတို့က 'ဤသည် ထင်ရှားလှစွာသော မုသားစွပ်စွဲချက်ပင် ဖြစ်သည်'ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။

لَوْلَا جَآءُو عَلَيْهِ بِأَرْبَعَةِ شُهَدَآءَ ۚ فَإِذْ لَمْ يَأْتُوا۟ بِٱلشُّهَدَآءِ فَأُو۟لَٰٓئِكَ عِندَ ٱللَّهِ هُمُ ٱلْكَٰذِبُونَ ﴿١٣﴾

၂၄ း ၁၃ ။ ။ ထို (မုသားစွပ်စွဲခဲ့ကြသော) လူစုသည် အဘယ်ကြောင့် ယင်းစွပ်စွဲချက်နှင့် စပ်လျဉ်း၍ သက်သေလေးယောက် (ကို) မတင်ပြခဲ့ကြသနည်း။ စင်စစ် ၎င်းတို့သည် သက်သေ မတင်ပြခဲ့ကြသောကြောင့် ၎င်းတို့သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ မုသာဝါဒီများ ဖြစ်ကြကုန်သည်။

وَلَوْلَا فَضْلُ ٱللَّهِ عَلَيْكُمْ وَرَحْمَتُهُۥ فِى ٱلدُّنْيَا وَٱلْءَاخِرَةِ لَمَسَّكُمْ فِى مَآ أَفَضْتُمْ فِيهِ عَذَابٌ عَظِيمٌ ﴿١٤﴾

၂၄ း ၁၄ ။ ။ စင်စစ် အကယ်၍သာ အသင်တို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ထိုအသျှင်မြတ်၏ ကရုဏာတော်သည် လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း မရှိခဲ့ပါလျှင် အသင်တို့ နစ်မွန်း (ပါဝင်) လျက် ရှိခဲ့ကြသော (ယင်း အသရေဖျက်မှု) ကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့၌ အလွန်ကြီးလေးလှသော ပြစ်ဒဏ်သည် အမှန်ပင် သက်ရောက်ခဲ့ပြီး ဖြစ်ချေသည်။

إِذْ تَلَقَّوْنَهُۥ بِأَلْسِنَتِكُمْ وَتَقُولُونَ بِأَفْوَاهِكُم مَّا
لَّيْسَ لَكُم بِهِۦ عِلْمٌ وَتَحْسَبُونَهُۥ هَيِّنًا وَهُوَ عِندَ ٱللَّهِ عَظِيمٌ ﴿١٥﴾

၂၄ း ၁၅ ။ ။ အကြင်အခါ၌ အသင်တို့သည် မိမိတို့ အလျဉ်းမသိသော ယင်း (အာအေရှာဟ်သခင်မအား မုသားပြောဆိုစွပ်စွဲမှု) အကြောင်းကိစ္စကို မိမိတို့၏ နှုတ်လျှာများဖြင့် လက်ခံ၍ နှုတ်ဖျားဖြင့် မြွက်ဆိုနေခဲ့ကြကုန်၏။ ထို့ပြင် အသင်တို့သည် ယင်းအပြုအမူကို ပေါ့ပေါ့ဆဆ (သာမန်ကိစ္စ) ဟု ထင်မှတ်နေခဲ့ကြကုန်၏။ အမှန်စင်စစ် ယင်းအပြုအမူသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ အလွန်ကြီးလေးလှသော အပြုအမူပင် ဖြစ်ချေသည်။

وَلَوْلَآ إِذْ سَمِعْتُمُوهُ قُلْتُم مَّا يَكُونُ لَنَآ أَن نَّتَكَلَّمَ بِهَٰذَا سُبْحَٰنَكَ
هَٰذَا بُهْتَٰنٌ عَظِيمٌ ﴿١٦﴾

၂၄ း ၁၆ ။ ။ ၎င်းပြင် အသင်တို့သည် ယင်းမုသားစွပ်စွဲချက်ကို ကြားခဲ့ကြသောအခါ '(အို, အလ္လာဟ်အသျှင်မြတ်) အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်ုပ်တို့သည် ဤသည်ကို (မိမိတို့၏ နှုတ်ဖြင့်) ပြောဆိုကြရန် အလျဉ်း မထိုက်ပေ။ ဤသည် ကြီးကျယ်လှစွာသော မတရားစွပ်စွဲ (သွားပုပ်လေလွင့်) ပြောဆိုချက်မျှသာ ဖြစ်ပေသည်' ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။

يَعِظُكُمُ اللَّهُ أَن تَعُودُوا لِمِثْلِهِ أَبَدًا إِن كُنتُم مُّؤْمِنِينَ ﴿١٧﴾

၂၄ : ၁၇ ။ ။ အကယ်၍ အသင်တို့သည် မုအ်မင်န်သက်ဝင် ယုံကြည်သူများ ဖြစ်ကြပါလျှင်၊ အသင်တို့သည် ယင်းကဲ့သို့သော အပြုအမူမျိုးကို မည်သည့်အခါမျှ ထပ်မံ၍ မပြုကြရန် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ဆုံးမတော်မူလေသည်။

وَيُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ ۚ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿١٨﴾

၂၄ : ၁၈ ။ ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အဖို့ အမိန့်တော်များကို ရှင်းလင်းထင်ရှားစွာ မိန့်ကြားတော်မူပေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

إِنَّ الَّذِينَ يُحِبُّونَ أَن تَشِيعَ الْفَاحِشَةُ فِي الَّذِينَ آمَنُوا لَهُمْ
عَذَابٌ أَلِيمٌ فِي الدُّنْيَا وَالْآخِرَةِ ۚ وَاللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ ﴿١٩﴾

၂၄ : ၁၉ ။ ။ ကေန်စင်စစ် အီမာန်သက်ဝင် ယုံကြည်ကြသော သူတို့တွင် မဖွယ်မရာ ညစ်ညမ်းသော စကားပြန့်ပွားခြင်းကို နှစ်သက်လိုလားသော သူတို့၌ ဤမျက်မှောက်လောကီဘဝနှင့် တမလွန်ဘဝတွင် အလွန်ပြင်းပြနာကျင်ဖွယ်ရာ ဖြစ်သော ပြစ်ဒဏ်သည် ရှိပေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် သိရှိတော်မူ၏။ အသင်တို့မူ မသိနားမလည်ကြချေ။

وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ وَأَنَّ اللَّهَ رَءُوفٌ رَّحِيمٌ ﴿٢٠﴾

၂၄ : ၂၀ ။ ။ စင်စစ် အကယ်၍သာ အသင်တို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ထိုအသျှင်မြတ်၏ ကရုဏာတော် မရှိခဲ့ပါမူ (အမှန်ပင် အသင်တို့အနက် ပြစ်ဒဏ်ကို အဆောတလျင် သက်ရောက်စေတော်မူခဲ့ပေမည်။) သို့ရာတွင် ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ သနားကြင်နာတော်မူသော၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَّبِعُوا خُطُوَاتِ الشَّيْطَانِ ۚ وَمَن يَتَّبِعْ خُطُوَاتِ
الشَّيْطَانِ فَإِنَّهُ يَأْمُرُ بِالْفَحْشَاءِ وَالْمُنكَرِ ۚ وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ
وَرَحْمَتُهُ مَا زَكَىٰ مِنكُم مِّنْ أَحَدٍ أَبَدًا وَلَٰكِنَّ اللَّهَ يُزَكِّي مَن يَشَاءُ ۗ
وَاللَّهُ سَمِيعٌ عَلِيمٌ ﴿٢١﴾

၂၄ : ၂၁ ။ ။ အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ရှိုက်သွာန်၏ ခြေရာများ (နောက်သို့) မလိုက်ကြကုန်လင့်။ စင်စစ် မည်သူမဆို ရှိုက်သွာန်၏ ခြေရာများ (နောက်သို့) လိုက်ပါလျှင်၊ ကေန်မလွဲ ရှိုက်သွာန်သည်

(ထိုသူ့အား) ရှက်ဖွယ်ကိစ္စနှင့် မကောင်းမှုဒုစရိုက်ကိုသာ လုပ်ဆောင်ရန် ညွှန်ကြားပေမည်။ စင်စစ် အကယ်၍သာ အသင်တို့အပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သည် မရှိခဲ့ပါလျှင်၊ အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ မည်သည့်အခါ၌မျှပင် (ဝန်ချတောင်းပန်၍) သန့်ရှင်းစင်ကြယ်သူများ မဖြစ်နိုင်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား (ဝန်ချတောင်းပန်ခွင့် ပြုတော်မူ၍) သန့်ရှင်းစင်ကြယ် အပြစ်ကင်းစင်စေတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَلَا يَأْتَلِ أُولُوا الْفَضْلِ مِنكُمْ وَالسَّعَةِ أَن
يُؤْتُوا أُولِي الْقُرْبَىٰ وَالْمَسَاكِينَ وَالْمُهَاجِرِينَ فِي سَبِيلِ اللَّهِ ۖ
وَلْيَعْفُوا وَلْيَصْفَحُوا ۗ أَلَا تُحِبُّونَ أَن يَغْفِرَ اللَّهُ لَكُمْ ۗ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٢٢﴾

၂၄ : ၂၂ ။ ။ ၎င်းပြင် အသင်တို့အနက် ဂုဏ်သရေရှိသူများနှင့် စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝမှုရှိသော သူများသည် (မိမိတို့၏) ဆွေရင်းမျိုးရင်းများအားလည်းကောင်း၊ သူဆင်းရဲများအားလည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ (မိမိတို့၏ အိုးအိမ် စည်းစိမ်နေရပ်တို့ကို စွန့်လွှတ်၍ မဒီနာမြို့သို့) ရွှေ့ပြောင်းထွက်ခွာလာခဲ့ကြသော 'မုဟာဂျိရီန်' များအား (အကူအညီ အထောက်အပံ့) မပေးကြတော့ပါဟူ၍ ကျိန်ဆိုခြင်း မပြုကြရ။ စင်စစ် ၎င်းတို့သည် (ထိုသူတို့အား) ခွင့်လွှတ်သင့်ကြပေသည်။ ၎င်းပြင် (ထိုသူတို့၏ မှားယွင်းမှုအား) လျစ်လျူပြုသင့်ကြပေသည်။ အသင်တို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ်က အပြစ်မှ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသည်ကို မနှစ်သက် မလိုလားကြလေသလော။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားညှာတာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

إِنَّ الَّذِينَ يَرْمُونَ الْمُحْصَنَاتِ الْغَافِلَاتِ الْمُؤْمِنَاتِ لُعِنُوا فِي الدُّنْيَا وَالْآخِرَةِ وَلَهُمْ عَذَابٌ عَظِيمٌ ﴿٢٣﴾

၂၄ : ၂၃ ။ ။ ကေန်စင်စစ် ကာမဂုဏ်ကို ချုပ်တည်း၍ ရိုးသားဖြောင့်မတ်ပြီး သတိမမူ (အမှုမဲ့ အမှတ်မဲ့ နေတတ်) သော မုအ်မင်န်အမျိုးသမီးအား (မဟုတ်မမှန်မတရား) စွပ်စွဲကြကုန်သော သူတို့သည် လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ ကရုဏာတော်မှ ကင်းဝေးစေခြင်းကို ခံကြရပေမည်။ ထို့ပြင် ၎င်းတို့၌ ကြီးလေးလှစွာသော ပြစ်ဒဏ်သည် (လည်း) ရှိပေမည်။

يَوْمَ تَشْهَدُ عَلَيْهِمْ أَلْسِنَتُهُمْ وَأَيْدِيهِمْ وَأَرْجُلُهُم بِمَا كَانُوا يَعْمَلُونَ ﴿٢٤﴾

၂၄ : ၂၄ ။ ။ အကြင် (ကေယာမသ်) နေ့တွင် ၎င်းသူတို့၏ နှုတ်လျှာများနှင့် ၎င်းသူတို့၏ ခြေ၊ လက်တို့သည် ၎င်းသူတို့နှင့် ဆန့်ကျင်ကာ ၎င်းသူတို့ ပြုမူဆောင်ရွက်ခဲ့သမျှတို့ကို သက်သေခံကြပေမည်။

يَوْمَئِذٍ يُوَفِّيهِمُ اللَّهُ دِينَهُمُ الْحَقَّ وَيَعْلَمُونَ أَنَّ اللَّهَ هُوَ الْحَقُّ الْمُبِينُ ﴿٢٥﴾

၂၄ : ၂၅ ။ ။ ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့နှင့် ထိုက်တန်သော အစား (အကျိုးအပြစ်) ကို အပြည့်အဝ ပေးတော်မူပေမည်။ ထို့ပြင် ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူသော အသျှင်၊ (အကြောင်းကိစ္စများကို) ထင်ရှားစေတော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်းကို ၎င်းတို့ သိရှိကြပေမည်။

الْخَبِيثَاتُ لِلْخَبِيثِينَ وَالْخَبِيثُونَ لِلْخَبِيثَاتِ ۖ وَالطَّيِّبَاتُ لِلطَّيِّبِينَ وَالطَّيِّبُونَ
لِلطَّيِّبَاتِ ۚ أُولَٰئِكَ مُبَرَّءُونَ مِمَّا يَقُولُونَ ۖ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٢٦﴾

၂၄ : ၂၆ ။ ။ ယုတ်မာသော မိန်းမများသည် ယုတ်မာသော ယောကျ်ားများနှင့်သာ ထိုက်တန်ကြပေသည်။ ထိုနည်းတူစွာ ယုတ်မာသော ယောကျ်ားများမှာလည်း ယုတ်မာသော မိန်းမများနှင့်သာ ထိုက်တန်ကြကုန်၏။ ၎င်းပြင် မွန်မြတ်သော မိန်းမများသည် မွန်မြတ်သော ယောကျ်ားများနှင့်သာ ထိုက်တန်ကြပေသည်။ ထိုနည်းတူစွာ မွန်မြတ်သော ယောကျ်ားများသည်လည်း မွန်မြတ်သော မိန်းမများနှင့်သာ ထိုက်တန်ကြကုန်၏။ ၎င်း (မွန်မြတ်သော ယောကျ်ား၊ မိန်းမ) တို့မှာမူ၊ ယင်း (မုနာဖစ်က်) တို့၏ ပြောဆို (စွပ်စွဲ) ချက်များမှ (လုံးဝ) ကင်းရှင်းသူများပင် ဖြစ်ကြပေသည်။ ထိုသူတို့အဖို့ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မွန်မြတ်လှစွာသော စားနပ်ရိက္ခာသည်လည်းကောင်း ရှိပေသည်။

အာယသ်တော်များ၏ ဆက်စပ်မှု

အထက်၌ တင်ပြခဲ့ပြီးဖြစ်သကဲ့သို့ စူရာဟ်နူးရ်၏ အများဆုံးအပိုင်းသည် အရှက်သိက္ခာ သန့်စင်မှုနှင့် လုံခြုံမှုရရှိရန်ဖြစ်သော အမိန့်ပညတ်တော်များနှင့် ပတ်သက်ပေသည်။ ထိုသို့ အရှက်သိက္ခာ သန့်စင်လုံခြုံမှုကို ဆန့်ကျင်မှုပြုခြင်းသည် လောက၏ အပြစ်ဒဏ်နှင့် တမလွန်၏ ကြီးမားသော ဆိုးကျိုးများကို ဖော်ပြထားသည်။ ဤအကြောင်း ကဏ္ဍတွင် ဦးစွာပထမ 'ဇေနာ'မှု ကျူးလွန်ခြင်း၏ အပြစ်ဒဏ်ဖြစ်သည်။ တစ်ဖန် 'ဇေနာ'မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းအပေါ် အပြစ်ဒဏ်ပေးခြင်းနှင့် 'လိအာန်' လင်မယား နှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး 'လအ်နသ်'ပေးခြင်း ဖော်ပြပြီးဖြစ်သည်။ 'ဇေနာ'ပြုသည်ဟု စွပ်စွဲခြင်းတွင် သန့်ပြန့်စင်ကြယ်သည့် အမျိုးသမီးတစ်ဦးအပေါ် သက်သေ (၄) ဦးတို့၏ သက်သေထွက်ဆိုမှု မရရှိသမျှ 'ဇေနာ'ကျူးလွန်သည်ဟု စွပ်စွဲမှု ပြုခြင်းသည် ကြီးလေးသော အပြစ်ဟု သတ်မှတ်ထားသည်။ ဤပြစ်မှုကို ကျူးလွန်သူအား တရားတော်၏ အပြစ်ဒဏ်အဖြစ် ကြိမ်ဒဏ် (၈၀) ရိုက်ရန် မိန့်ကြားထားသည်။ ဤမွေ့သတ်သည် သန့်ပြန့်စင်ကြယ်သော မွတ်စလင်မ်အမျိုးသမီးများနှင့် စပ်လျဉ်းသော မွေ့သတ် ဖြစ်သည်။

ဟိဂျ်ရီ ၆ ခုနှစ်တွင် အာအေရှာဟ် ﷺ သခင်မအပေါ် ဤကဲ့သို့သော စွပ်စွဲမှုမျိုးကို ပြုခဲ့ကြသည်။ ၎င်းတို့၏ နှုတ်ယောင်လိုက်၍ အချို့မွတ်စလင်မ်များသည်လည်း ဤအကြောင်းကို ပြောဆိုကြပေသည်။ ဤဖြစ်ရပ်သည် သန့်ပြန့်စင်ကြယ်သော မွတ်စလင်မ်အမျိုးသမီးများ၏ ဖြစ်ရပ်ထက် များစွာ ဆိုးရွား

လုပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ဟဇရတ်အာအေရှာဟ် ﷺ သခင်မ၏ သန့်ပြန့်စင်ကြယ်မှုအကြောင်းကို တင်ပြရာ၌ အာယသ်တော် (၁၀) ပါးကို ပို့ချပေးတော်မူခဲ့သည်။ ဟဇရတ်အာအေရှာဟ် ﷺ သခင်မ၏ သန့်ပြန့်စင်ကြယ်မှုအကြောင်း ကြွေးကြော်ကြေညာခြင်းနှင့် ဤကိစ္စတွင် မကောင်းသော စွပ်စွဲမှု၊ ရိုးစွပ်မှုတို့၌ ပါဝင်သူအားလုံးကို သတိပေးခြင်းနှင့် လောကီ၊ လောကုတ္တရာနှစ်ဌာနလုံး၌ ဆိုးရွားသည့်အကြောင်းများကို တင်ပြထားသည်။ ဤစွပ်စွဲခြင်းဖြစ်ရပ်ကို ကုရ်အာန်နှင့် ဟဒီးစ်တော်တို့တွင် (ဝါကေအအ်ဖ်ိက်) 'စွပ်စွဲခြင်းဖြစ်ရပ်' ဟူသော အမည်ဖြင့် ကျော်ကြားပေသည်။ 'အိဖ်က်' ဟူသည်မှာ အဆိုးရွားဆုံး လိမ်လည်မှု၊ စွပ်စွဲမှုကို ခေါ်ဆိုသည်။ ဤအာယသ်တော်များ၏ ဖွင့်ဆိုချက်ကို နားလည်ရာတွင် 'စွပ်စွဲခြင်းဖြစ်ရပ်' ကို သိရှိရန် အလွန်အရေးပါသည်။ ထို့ကြောင့် ဦးစွာပထမ ထိုဖြစ်ရပ်ကို အကျဉ်းချုပ် တင်ပြလိုက်ပါသည်။

စွပ်စွဲခြင်းဖြစ်ရပ်

ဆွဟီဟိုင်းန် (ဘုိခါရီနှင့် မွတ်စ္စလင်မ်ကျမ်း) နှင့် အခြားသော ဟဒီးစ်ကျမ်းများတွင် ဤဖြစ်ရပ်ကို သာမန်မဟုတ်ဘဲ အကျယ်တဝင့် တင်ပြထားသည်။ ထိုအကြောင်း အကျဉ်းချုပ်မှာ 'တမန်တော်မြတ် ﷺ သည် 'ဗနီမုစ္စ်သွလိက်'စစ်ပွဲသို့ (ဟိဂျ်ရီ ၆ ခုနှစ်၌) ကြွမြန်းတော်မူခဲ့သည်။ ကြင်ရာတော်များအနက် ဟဇရတ်အာအေရှာဟ် ﷺ လိုက်ပါခဲ့သည်။ ဟဇရတ်အာအေရှာဟ် ﷺ ၏ ကုလားအုတ်အပေါ်တွင် ('ပရ်ဒဟ်'အကာအကွယ်ဖြင့် စီးနင်းရသည့် ခုံပါရှိသည်။ အကြောင်းမှာ ထိုအချိန်က 'ပရ်ဒဟ်' လုံခြုံစွာ ရှိရမည့် အမိန့်တော် ကျရောက်လာပြီး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ဟဇရတ်အာအေရှာဟ် ﷺ သခင်မသည် မိမိ၏ စီးတော်ခုံ၌ စီးနင်းလိုက်သည့်အခါ လူတို့သည် ထိုစီးတော်ခုံကို မ၍ ကုလားအုတ်အပေါ် တင်ဆောင်ပေးရလေ့ ရှိသည်။ စစ်ပွဲပြီးဆုံး၍ မဒီနာသို့ အပြန်လမ်းတွင် တစ်နေ့သောအခါ ရင်ဆိုင်ကြုံတွေ့ရသည့်ဖြစ်ရပ်မှာ စခန်းတစ်ခုတွင် ခရီးသွားတို့ စခန်းချရပ်နားကြသည်။ ည၏ နောက်ဆုံးယံတွင် ခရီးမဆက်မီ ခရီးဆက်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့မှသာ လူတို့သည် မိမိတို့၏ လိုအပ်ချက်များ ပြီးမြောက်၍ အသင့်ဖြစ်နေကြမည် ဖြစ်သည်။ ဟဇရတ်အာအေရှာဟ် ﷺ သခင်မအတွက် အပေါ့အပါးသွားရန် လိုအပ်ချက် ဖြစ်ပေါ်နေသည်။ ထိုကိစ္စအတွက် တောဘက်သို့ သွားခဲ့ရသည်။ အကြောင်းအားလျော်စွာ ထိုနေရာတွင် သူမ၏ ဆွဲကြိုးမှာ ပြုတ်၍ ကျနေခဲ့သည်။ ထိုဆွဲကြိုးကို ရှာဖွေရင်းဖြင့် သူမမှာ အချိန်ကြန့်ကြာခဲ့ရသည်။ မိမိနေရာသို့ ပြန်ရောက်သည့်အခါ အုပ်စုမှာ ခရီးဆက်လက် ထွက်ခွာပြီးဖြစ်ကြောင်း တွေ့မြင်ရသည်။ သူမ၏ ကုလားအုတ်၏ ဖြစ်ပုံမှာ ခရီးဆက်ရန်ဖြစ်သောအခါ ထုံးစံအတိုင်း လူတို့က ဟဇရတ်အာအေရှာဟ် ﷺ သခင်မ ရှိနေသည်ဟု ထင်မှတ်လျက် ဟဇရတ်အာအေရှာဟ် ﷺ သခင်မ၏ စီးတော်ခုံကို ကုလားအုတ်အပေါ် မ၍ တင်လိုက်ကြသည်။ မ ကြသည့်အချိန်တွင် စီးတော်ခုံမှာ အလွတ်သာဖြစ်သည်ဟု မထင်ကြသည်မှာ ဟဇရတ်အာအေရှာဟ် ﷺ သခင်မသည် ထိုစဉ်က အသက်

ငယ်ရွယ်ပြီး ခန္ဓာကိုယ်ပေါ့ပါးမှုလည်း ရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကုလားအုတ်ကို မောင်းနှင်လိုက်သည်။ ဟဇရသ်အာအေရှာဟ် ؓ သည် မိမိနေရာသို့ ပြန်ရောက်လာပြီး ခရီးသည်အုပ်စုတို့ကို မတွေ့ရသောအခါ 'အုပ်စုနောက်သို့ လိုက်ခြင်း (သို့) ဤဘက်၊ ဟိုဘက် လိုက်လံရှာဖွေခြင်းများ မပြုဘဲ အလွန်အသိတရားရှိစွာ အေးဆေးတည်ငြိမ်စွာ စောင်ခြုံလျက် မိမိနေရာ၌ပင် ထိုင်နေလိုက်သည်။ တမန်တော်မြတ် ﷺ နှင့် အပေါင်းအပါတို့သည် စီးတော်ခုံ၌ မရှိသည်ကို သိရှိရလျှင် ရှာဖွေရန် ဤနေရာသို့ ရောက်ရှိလာလိမ့်မည်။ အကယ်၍ ဤဘက်၊ ဟိုဘက် အခြားတစ်နေရာသို့ ရောက်ရှိသွားပါက ၄င်းတို့အဖို့ ရှာဖွေရန် ခက်ခဲပေလိမ့်မည်'ဟု တွေးမိ၍ ဖြစ်သည်။ ထို့ကြောင့် မိမိနေရာ၌ပင် စောင်ခြုံ၍ ထိုင်နေလိုက်သည်။ ည၏ နောက်ဆုံးယံဖြစ်၍ အိပ်ချင်စိတ်က လွှမ်းမိုးနေသည်။ ထိုနေရာ၌ပင် လဲလျောင်း၍ မျက်စိမှိတ် (အိပ်ပျော်) သွားခဲ့သည်။

တစ်ဘက်တွင် တန်ခိုးတော်အသျှင်မြတ်၏ အစီအမံမှာ ကိုယ်တော်မြတ် ﷺ သည် ဆွဖ်ဝါးန်ဗင်နုမုအ်သွလ် ؓ ကို အုပ်စု၏ နောက်ချန်အဖြစ်နေပြီး အုပ်စု ထွက်ခွာသွားပြီးသောအခါ ၄င်းတို့ ကျကျန်နေသည့် ပစ္စည်းများကို ကောက်ယူထိန်းသိမ်းရန် သတ်မှတ်တော်မူထားသည်။ ၄င်းသည် နံနက်အချိန်တွင် ထိုနေရာသို့ ရောက်ရှိခဲ့သည်။ ယခုမှ အပြည့်အဝ အလင်းရောင် မရှိသေးပေ။ လူတစ်ဦး အိပ်နေသည်ဟုသာ မြင်သာသည့်အချိန်ဖြစ်သည်။ အနီးသို့ ရောက်ရှိသောအခါ ဟဇရသ်အာအေရှာဟ် ؓ သခင်မအား မှတ်မိသွားသည်။ အကြောင်းမှာ 'ပရ်ဒဟ်'၏ အမိန့်တော်များ မကျရောက်မီကပင် သူမအား တွေ့မြင်ဖူးခဲ့သောကြောင့် ဖြစ်သည်။ မှတ်မိသွားပြီးနောက် အလွန်ဝမ်းနည်းစွာဖြင့် နှုတ်မှ

إِنَّا لِلَّهِ وَ إِنَّا إِلَيْهِ رَاجِعُوْنَ

ထွက်သွားသည်။ ဤအသံသည် ဟဇရသ်အာအေရှာဟ် ؓ ၏ နားထဲသို့ ရောက်ရှိသွားပြီးနောက် မျက်လုံးပွင့်သွားလေသည်။ ထိုအခါ မျက်နှာကို ဖုံးအုပ်လိုက်သည်။ ဟဇရသ်ဆွဖ်ဝါးန် ؓ သည် မိမိ၏ ကုလားအုတ်ကို အနီးသို့ မောင်းနှင်လာပြီး ထိုင်စေလိုက်သည်။ ဟဇရသ်အာအေရှာဟ် ؓ သခင်မသည် ထိုကုလားအုတ်အပေါ်တွင် စီးနင်းလိုက်ပြီး ဟဇရသ်ဆွဖ်ဝါးန် ؓ ကိုယ်တိုင်မှာ ကုလားအုတ်၏ နဖားကြိုးကို ကိုင်၍ ခြေလျင်လျှောက်ခဲ့သည်။ နောက်ဆုံးတွင် အုပ်စုနှင့် ပူးပေါင်းမိသွားသည်။

အဗ်ဒွလ္လာဟ်ဗင်နုအုဗိုင်သည် အလွန်ဆိုးယုတ်သော မုနာဖစ်က်ဖြစ်ပြီး တမန်တော်မြတ် ﷺ ၏ ရန်သူဖြစ်သည်။ ၄င်းအဖို့ အကြောင်းတစ်ခု ရရှိသွားပြီး ထိုသူယုတ်မာသည် ပျက်စီးရာပျက်စီးကြောင်း မဟုတ်မမှန် ဝါဒဖြန့်လေတော့သည်။ ၄င်း၏ ဝါဒဖြန့်မှုအပေါ် အချို့ရိုးသားသော မွတ်စ္စလင်မ်များသည်လည်း တစ်ဆင့်စကား တစ်ဆင့်နား ဆင့်ပြန်ကြလေသည်။ အမျိုးသားများတွင် ဟဇရသ်ဟစန်၊ ဟဇရသ်မိစ်သွဟ် တို့ဖြစ်ပြီး အမျိုးသမီးများတွင် ဟဇရသ်ဟမ်နဟ် ؓ သခင်မတို့ ဖြစ်ကြသည်။

သဖ်စီးရ်ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် အိဗ်နေမရ်ဒဝီယဟ်၏ အညွှန်းဖြင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ၏ ဤအဆိုကို ဖော်ပြသည်မှာ-

اعانه ایّ عبد اللهِ بن اُبَّی حسّان و مسطح وحمنه

ဟု ဖြစ်သည်။ ထိုမုနာဖစ်က်၏ စွပ်စွဲခြင်းလုပ်ရပ်သည် ကျော်ကြားလာသည့်အခါ တမန်တော်မြတ် ﷺ အတွက် များစွာ စိတ်သောကရောက်ရလေသည်။ ဟဇရသ်အာအေရှာဟ် ؓ သခင်မအတွက်ဆိုလျှင် အဆုံးမရှိ စိတ်သောက ဖြစ်မည်မှာ ပြောဖွယ်ရာ မရှိပေ။ မွတ်စ္စလင်မ်များသည်လည်း ဤအတိုင်းပင် စိတ်သောကဖြစ်ကြရသည်။

ဤအဖြစ်အပျက်သည် တစ်လတိုင် ကြာမြင့်ခဲ့လေသည်။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အာအေရှာဟ် ؓ ၏ သန့်ပြန့်စင်ကြယ်မှုနှင့် စွပ်စွဲခြင်း (သို့) ထိုစွပ်စွဲမှု၌ ပါဝင်သူများအား ရှုတ်ချခြင်းအတွက် ဖော်ပြပါအာယသ်တော်များကို ချပေးတော်မူခဲ့သည်။ ၎င်းတို့၏ ဖွင့်ဆိုချက်အား ရှေ့တွင် ဖော်ပြပေမည်။

'ဇေနာ' မှု ကျူးလွန်သည်ဟု စွပ်စွဲသည့်အပေါ် အပြစ်ဒဏ်ပေးခြင်း ခေါင်းစဉ်အောက်၌ ကုရ်အာန်၏ ဥပဒေတွင် လာရှိပြီးဖြစ်သည့်အတိုင်း စွပ်စွဲချက်ပြုသူများအပေါ် သက်သေတင်ပြပါရန် တောင်းဆိုခဲ့သည်။ ၎င်းတို့၏ စွပ်စွဲချက်မှာ လုံးဝဥဿုံ အခြေအမြစ်မရှိသော စွပ်စွဲချက်ဖြစ်သည့်အခါ သက်သေအထောက်အထား အဘယ်မှာလျှင် ရှိပါမည်နည်း။

နောက်ဆုံးတွင် တမန်တော်မြတ် ﷺ သည် တရားတော်၏ ဥပဒေနှင့်အညီ 'ဇေနာ' မှုပြုသည်ဟု စွပ်စွဲသူများကို 'ဇေနာ' မှုပြုသည်ဟု စွပ်စွဲခြင်း၏ အပြစ်ဒဏ်ကို ပေးတော်မူလေသည်။ စွပ်စွဲသူတစ်ဦးချင်းကို ကြိမ်ဒဏ် (၈၀) စီ ရိုက်တော်မူသည်။ ဗဇ်ဇားရ်နှင့် အိဗ်နေမရ်ဒူဝိယဟ်တို့က ဟဇရသ်အဘူဟူရိုင်ရာဟ် ؓ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ ထိုအချိန်က တမန်တော်မြတ် ﷺ သည် မွတ်စ္စလင်မ် (၃) ဦးတို့အပေါ် 'ဇေနာ' စွပ်စွဲခြင်း၏ အပြစ်ဒဏ်ကို ချမှတ်တော်မူခဲ့သည်။ ၎င်းတို့မှာ မိစ်သွဟ်၊ ဟမ်နဟ်နှင့် ဟဿာနီ တို့ ဖြစ်သည်။

သွဗ်ရာနီက ဟဇရသ်အုမရ် ؓ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် ထိုအခြေအနေ၌ စွပ်စွဲခြင်းလုပ်ရပ်ကို အဓိက ပြုလုပ်ခဲ့သူ မုနာဖစ်က် အဗ်ဒုလ္လာဟ်ဗင်န်အုဗိုင်အား အပြစ်ဒဏ်နှစ်ဆ ချမှတ်တော်မူခဲ့သည်။ မွတ်စ္စလင်မ်များသည် 'သောင်ဗာဟ်' ပြုလိုက်ကြသည်။ မုနာဖစ်က်တို့မှာမူ ၎င်းတို့၏ အခြေအနေပေါ်၌သာ ရပ်တည်ခဲ့ကြသည်။ *[ဗယာနူလ်ကုရ်အာန်ကျမ်း]*

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ မွတ်စ္စလင်မ်အပေါင်းတို့၊ အာအေရှာဟ်စွိဒ်ဒီကဟ် ؓ နှင့် စပ်လျဉ်း၍ လိမ်လည်စွပ်စွဲခြင်းနှင့် ပတ်သက်ပြီး ကျော်ကြားမှုဖြစ်ခြင်းအပေါ် ဟဇရသ်အာအေရှာစ် ؓ သခင်မကိုယ်တော်တိုင် ဤဖြစ်ရပ်၌ ပါဝင်သည်ဟူ၍ လွန်စွာ စိတ်သောကမဖြစ်ကြလေနှင့်။ အကြောင်းမှာ) ဇကန်အမှန် (ဟဇရသ်အာအေရှာဟ် ؓ သခင်မနှင့် စပ်လျဉ်း၍) မုသားစွပ်စွဲချက်ကို ဝါဒဖြန့်သူတို့မှာ အသင်တို့အနက်မှ အုပ်စု

(ငယ်) တစ်စုသာ ဖြစ်သည်။ (အကြောင်းမှာ မုသား) စွပ်စွဲမှုပြုသူတို့မှာ စုစုပေါင်း (၄) ဦးသာ ရှိသောကြောင့် ဖြစ်သည်။ တစ်ဦးမှာ လိမ်လည်စွပ်စွဲခြင်းကို စတင်ဖန်တီးသူ အဗ်ဒွလ္လာဟ်ဗင်န်အုဗိုင် (မုနာဖစ်က်) ဖြစ်သည်။ ကျန် (၃) ဦးမှာ ပတ်သက်ရာပတ်သက်ကြောင်းဖြင့် ၎င်း၏ သတင်းဖြန့်ချိမှုအပေါ် နားယောင်ခဲ့သူ ဟတ်စာန်ဗ်မိစ်သွဟ်နှင့် ဟမ်နဟ် ﵁ တို့ ဖြစ်ကြသည်။ ၎င်းတို့မှာ မုအ်မင်န်စစ်များ ဖြစ်ကြသည်။ ၎င်းတို့အားလုံးကို ကုရ်အာန်ကျမ်းတော်မြတ်က مِنكُمْ ဟူသော စာလုံးတွင် ထည့်သွင်း မိန့်ကြားထားသည်။ ဆိုလိုသည်မှာ မွတ်စ္လင်မ်များအနက်မှ ဖြစ်သည်ဟု ဖြစ်သည်။ စင်စစ် အဗ်ဒွလ္လာဟ်ဗင်န်အိုဗိုင်သည် မုနာဖစ်က်ဖြစ်သည်။ ၎င်းအားလည်း မွတ်စ္လင်မ်များ၏ စာရင်း၌ ထည့်သွင်းရခြင်းမှာ ၎င်းသည် မွတ်စ္လင်မ်ဖြစ်ကြောင်း မိမိကိုယ်မိမိ ထင်ပေါ်စွာ ကြွေးကြော်ထားခြင်းကြောင့် ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ 'များစွာ ပူဆွေးသောက မဖြစ်ကြလေနှင့်' ဟု နှစ်သိမ့်ခြင်းဖြစ်သည်။ ပထမဦးဆုံး သတင်းစကားမှာ မုသားလိမ်လည်ခြင်းဖြစ်သည်။ ထို့အပြင် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဆင့်ပြန်သူအားလုံးမှာလည်း (၄) ဦးမျှသာ ဖြစ်သည်။ ကျန်ရှိ လူအများစုမှာကား ၎င်းတို့၏ ဆန့်ကျင်ဘက်၌ ဖြစ်သည်။ သို့ဖြစ်ပေရာ ကျော်ကြားမှုအရလည်း ဤသည် များစွာသောကရောက်ရန် မဟုတ်ဟု နှစ်သိမ့်ထားခြင်းဖြစ်သည်။ ရှေ့တွင် အခြားနည်းလမ်းတစ်ခုဖြင့် နှစ်သိမ့်ထားသည်မှာ) အသင်တို့သည် ထို (မုသားစွပ်စွဲခြင်း) အရာကို မိမိတို့အတွက် မကောင်းဟု မယူဆကြလေနှင့်။ (အပေါ်ယံအားဖြင့် ကြည့်လျှင် အသင်တို့အတွက် ပူဆွေးသောကရောက်စရာ ဖြစ်သည်။ အမှန်စင်စစ် ထိုသို့ ပြုခြင်းဖြင့် အသင်တို့ကို နစ်နာဆုံးရှုံးမှု မဖြစ်ပေ။) ထိုမျှမက ဤသည် (နောက်ဆုံးရလဒ်အားဖြင့်) အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်သည်။

(အကြောင်းမှာ ထိုပူဆွေးသောကဖြစ်ရမှုကြောင့် အသင်တို့အဖို့ သည်းခံခြင်း၏ အကျိုးကုသိုလ်ရရှိပေသည်။ အသင်တို့၏ အဆင့်အတန်း မြင့်မားရသည်။ အထူးသဖြင့် စွပ်စွဲခံရသူများ၏ သန့်ပြန့်စင်ကြယ်မှုအတွက် အသျှင်မြတ်၏ အမိန့်တော် ကျရောက်လာခြင်း ဖြစ်သည်။ နောင်တွင်လည်း မွတ်စ္လင်မ်များအဖို့ ဤကဲ့သို့ ပူဆွေးရသော ဖြစ်ရပ်အားဖြင့် နှစ်သိမ့်ခံရမှုများ ရရှိခြင်းဖြင့် ကောင်းမြတ်ပေမည်။ သို့ဖြစ်ပေရာ အသင်တို့အဖို့ မည်သည့်နစ်နာဆုံးရှုံးခြင်းမျှ မဖြစ်ပေ။ သို့သော် ထိုမဟုတ်မမှန် စွပ်စွဲချက်ကို ကျော်ကြားစေသူများအဖို့ နစ်နာဆုံးရှုံးမှု ဖြစ်ရသည်မှာ) ထိုအုပ်စုအနက် ဤကိစ္စ၌ ပါဝင်သူတိုင်းသည် မိမိတို့ ပြုကျင့်ခဲ့သည်တို့နှင့်အညီ အပြစ်ထိုက်ပေသည်။ နှုတ်ဖြင့် ပြောဆို သူများသည် အပြစ်ပို၍ ကြီးပြီး နားထောင်၍ နှုတ်ဆိတ်နေခဲ့သူများ (သို့) စိတ်မှ မကောင်းထင်မြင် ယူဆသူများအဖို့ ၎င်းတို့၏ ပြုခဲ့သည့် အတိုင်းတာနှင့်အညီ အပြစ်ထိုက်ပေသည်။) ထို့အပြင် ထို (လိမ်လည်စွပ်စွဲခြင်း) အမှုတွင် အများဆုံး တာဝန်ယူ၍ ဆောင်ရွက်ခဲ့သူ (အဗ်ဒွလ္လာဟ်ဗင်န်အုဗိုင် မုနာဖစ်က်) အဖို့မှာ (အားလုံးထက်ပို၍) အလွန်ပြင်းထန်သည့် 'အဇားဗ်' အပြစ်ဒဏ် ခံရပေမည်။ ('ဂျဟန္နမ်' အပယ်ငရဲကို ဆိုလိုသည်။ ၎င်းအဖို့ ကနဦးကပင် 'ဂျဟန္နမ်' နှင့် ထိုက်သက်သည်မှာ ကုဖွရ်နှင့် မုနာဖစ်က်ဖြစ်ခြင်းတို့အပြင် တမန်တော်မြတ် ﷺ အားရန်လိုခြင်းများကြောင့် ဖြစ်သည်။ ၎င်းသည် အများဆုံးသော အပြစ်ဒဏ်ကို ထိုက်သက်သူ ဖြစ်သွားသည်။

ဤသည်မှာ စိတ်သောကရောက်ရသူတို့အတွက် နစ်နာဆုံးရှုံးမှုမရှိကြောင်းနှင့် စွပ်စွဲသူများအတွက် နစ်နာဆုံးရှုံးမှုရှိကြောင်းကိုသာ အတည်ပြုလိုက်ခြင်း ဖြစ်သည်။ ရှေ့တွင် ထိုစွပ်စွဲခြင်း၌ ပါဝင်သော မုအ်မင်န်များကို ဆုံးမသည့်အနေဖြင့် ရှုတ်ချထားသည်မှာ) အသင်တို့သည် ဤစွပ်စွဲချက်ကို ကြားသိခဲ့စဉ်က မုအ်မင်န်အမျိုးသားတို့သည်လည်းကောင်း (ဟတ်စာန်နှင့် မိစ်သွဟ် ؓ တို့ကို ဆိုလိုသည်။) မုအ်မင်န်အမျိုးသမီးတို့သည်လည်းကောင်း (ဟမ်နဟ် ؓ ကို ဆိုလိုသည်။) မိမိတို့အချင်းချင်းနှင့် ပတ်သက်၍ (ဟဇရသ်အာအေရှာဟ် ؓ နှင့် ထိုဆွဟာဗာများအပေါ် စိတ်တွင်းမှ) ကောင်းမွန်သော ထင်မြင်ချက်ကို အဘယ်ကြောင့် မပြုခဲ့ကြသနည်း။ ထို့ပြင် (နှုတ်အားဖြင့်) 'ဤသည်မှာ ထင်ရှားလှစွာသော မုသားစွပ်စွဲချက်ဖြစ်သည်' ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။

(ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် အဘူအိုင်ယူးဗ် ؓ နှင့် ၎င်း၏ ဇနီးတို့မှ ဤအဆိုကိုပင် ဆင့်ပြန်ခဲ့သည်မှာ နားထောင်၍ နှုတ်ဆိတ်နေသူများသည်လည်းကောင်း၊ (သို့) ဒွိဟသံသယ၌ ဖြစ်နေကြသူများသည်လည်းကောင်း၊ မုသားလိမ်လည် စွပ်စွဲသူများတွင် ပါဝင်ပြီး ၎င်းတို့အားလုံးအပေါ်တွင် ရှုတ်ချထားသည်။ ထိုသူများတွင် မွတ်စ္စလင်မ်အမျိုးသားများနှင့် အမျိုးသမီးများလည်း ပါဝင်သွားသည်။ ရှေ့တွင် ထိုမုသားလိမ်လည်စွပ်စွဲခြင်းကို ပယ်ချခြင်းနှင့် ကောင်းမွန်သော ထင်မြင်ချက်ထားခြင်းမှာ 'ဝါဂျိဗ်'ဖြစ်သည်။ ထိုအကြောင်းကို မိန့်ကြားထားသည်မှာ) ထို (မုသားလိမ်လည် စွပ်စွဲကြ) သူတို့သည် ထို (မိမိတို့၏ ပြောစကား) အပေါ် သက်သေ (၄) ဦး အဘယ်ကြောင့် မတင်ပြခဲ့ကြသနည်း။ (ဤသည်မှာ 'ဇေနာ' ပြုကြောင်း အတည်ဖြစ်ရန် စည်းကမ်းချက်ဖြစ်သည်။) သို့ဖြစ်ပေရာ ၎င်းတို့သည် (ဥပဒေနှင့်အညီ) သက်သေ မတင်ပြခဲ့ကြသောကြောင့် ၎င်းတို့သည်ပင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ (ဥပဒေသတ်မှတ်ချက်ကို ထောက်ရှုလျက်) မုသားလိမ်လည်သူများပင် ဖြစ်ကြပေသည်။ (ရှေ့တွင် မုသားစွပ်စွဲသူများ၌ ပါဝင်သော မုအ်မင်န်များအပေါ်တွင်လည်း 'ရဟ်မသ်'ရှိကြောင်း တင်ပြထားသည်။) ထို့နောက် အကယ်၍ (အို၊ ဟတ်စာန်၊ မိစ်သွဟ်နှင့် ဟမ်နဟ်တို့) အသင်တို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော် မရှိခဲ့ပါလျှင် လောက၌ (လည်း 'သောင်ဗာဟ်'ပြုရန် အခွင့်အရေးပေးခဲ့သည်။) ထို့ပြင် တမလွန်အတွက် (လည်း 'သောင်ဗာဟ်'ပြုခြင်း၏ စွမ်းအားပေးခဲ့သည်။ ထို့နောက် 'သောင်ဗာဟ်'ကို လက်ခံခဲ့သည်။ အကယ်၍ ဤသည်များသာ မရှိခဲ့ပါလျှင်) အသင်တို့ ပါဝင်ခဲ့ကြသည့် ကိစ္စအတွက် အသင်တို့အပေါ်တွင် အလွန်ကြီးလေးသော 'အဇားဗ်'အပြစ်ဒဏ်သည် အမှန်ပင် သက်ရောက်ခဲ့ပြီး ဖြစ်ပေမည်။

အဗ်ဒွလ္လာဟ်ဗင်န်အုဗိုင်သည် 'သောင်ဗာဟ်'မပြုခဲ့ခြင်းကြောင့် ဖြစ်ပေမည်။ ထိုအချိန်က လောကတွင် ၎င်းအဖို့လည်း အချိန်များ ပေးခဲ့သည်။ သို့ရာတွင် လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် ၎င်းအဖို့ 'ရဟ်မသ်'ကရုဏာ မရှိခဲ့ပေ။ ထိုအချက်အားဖြင့် ဆွဟာဗာဟ်တို့သည် 'သောင်ဗာဟ်'လက်ခံခြင်းပြုခံရသူများဖြစ်ပြီး သန့်ရှင်းစင်ကြယ်မှုဖြစ်လျက် တမလွန်တွင် ကရုဏာပြုခြင်း ခံရသူများ ဖြစ်ကြောင်း သိရှိရပေသည်။ عَلَيْكُمْ တွင် မုအ်မင်န်များကို ဦးတည် မိန့်ကြားရခြင်း အကြောင်းကို ဦးစွာပထမ အထက်မှ အာယသ်တော်တွင်

ظنّ المؤ منون ثا نيا فى الاخرة

ဟု မိန့်ကြားခြင်းမှာ မုနာဖစ်က်တို့သည် တမလွန်တွင် 'ဂျဟန္နမ်'အပယ်ငရဲ၏ အောက်ဆုံးအထပ်နှင့် ထိုက်တန်သည်ဟု ဖြစ်သည်။ မုချဧကန် ၄င်းတို့သည်

مر حوم فى الاخرة

တမလွန်၌ ကရုဏာသက်ခြင်းခံရသူများ လုံးဝ မဖြစ်နိုင်ပေ။ တတိယမြောက်မှာ ရှေ့တွင်

يعظكم لولا فضل الله عليكم

တွင် သွမ်ရာနီသည် အိဗ်နေအဗ္ဗားစ် ؓ ၏အဆိုကို ဆင့်ပြန်ခဲ့သည်မှာ-

ير يد مسطحًا وحمنةً وحسّانًا

ဆိုလိုသည်မှာ **لولافضل الله عليكم** ၏ ဦးတည်မိန့်ကြားခြင်းမှာ မုအ်မင်န် (၃) ဦးအပေါ်၌သာ ဖြစ်သည်။ မိစ်သွဟ်၊ ဟမ်နဟ်နှင့် ဟတ်စာန်တို့ ဖြစ်သည်။ ရှေ့တွင် 'အကယ်၍ မုအ်မင်န်များအပေါ် အလ္လာဟ်အသျှင်မြတ်၏ အထူးကျေးဇူးတော်သာ မရှိခဲ့ပါလျှင်' ဟူသည့် အကြောင်းတွင် ၄င်းတို့အဖို့ 'သောင်ဗာဟ်'ပြုနိုင်စွမ်းလည်း ပေးခဲ့သည်။ 'သောင်ဗာဟ်'လည်း ပြုလိုက်သည်ဖြစ်လျှင် ၄င်းတို့ ပြုလုပ်ခဲ့သည့် ကြီးလေးသော အပြစ်ထိုက်သည့် လုပ်ရပ်အကြောင်း မိန့်ကြားသည်မှာ) အသင်တို့သည် ထို (လိမ်လည်သည့် စကား) ကို မိမိတို့၏ လျှာများဖြင့် တစ်ဆင့်စကား တစ်ဆင့် ပြန်ပြောဆိုခဲ့ကြသည်။ (မည်သည့်အထောက်အထားဖြင့်မှ) လုံးဝဥဿုံ မသိနိုင်သည့် မကောင်းသတင်းကို မိမိတို့၏ နှုတ်ဖြင့် ပြောဆိုလျက်ရှိခဲ့ကြသည်။ (ဤသို့သော သတင်းစကားများကို ဆင့်ပြန်သူသည် လိမ်လည်မုသား ပြောဆိုသူဖြစ်ကြောင်း

فاولئك عند الله هم الكا ذبون

တွင် တင်ပြခဲ့ပြီး ဖြစ်သည်။) ထို့အပြင် အသင်တို့သည် ဤကိစ္စကို ပေါ့ပေါ့တန်တန်ဟု ထင်မှတ်နေကြသည်။ အမှန်စင်စစ် ဤကိစ္စသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် အလွန်ကြီးလေးသော (ပြစ်မှုကြီး) ဖြစ်ပေသည်။ (ပထမအဆင့်အနေဖြင့် သန့်ပြန့်စင်ကြယ်သည့် အမျိုးသမီးအပေါ် 'ဇေနာ'ကျူးလွန်သည်ဟု စွပ်စွဲခြင်းသည် ပင်ကိုယ်မူလအရ အလွန်ကြီးလေးသည့် ပြစ်မှုကြီးဖြစ်သည်။ တစ်ဖန် ဇနီးကြင်ယာတော်များထဲမှ ဟဇရသ်အာအေရှာဟ် ؓ သခင်မအပေါ် အဆိုပါအတိုင်း စွပ်စွဲ ပြောဆိုခြင်းသည် တမန်တော်မြတ် ﷺ ကို စိတ်ဒုက္ခရောက်စေသည့် အကြောင်းခံပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤလုပ်ရပ်တွင် မကောင်းမှုများစွာ၏ အကြောင်းခံများ စုရုံးနေပေသည်။)

ထို့အပြင် အသင်တို့သည် ထို (စကား) ကို (ဦးစွာ) ကြားခဲ့စဉ်က (အို၊ အလ္လာဟ်အသျှင်မြတ်) အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်ုပ်တို့သည် ဤကဲ့သို့သော စကားကို ကျွန်ုပ်တို့၏

နှုတ်ဖြင့် ပြောဆိုရန် အလျဉ်းမထိုက်ပေ။ အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။ ဤသည် အလွန်ကြီးမားသည့် သွားပုပ်လေလွင့် စွပ်စွဲချက်ဖြစ်သည်ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။ (အချို့ဆွဟာဗာများသည် ဤအတိုင်း ပြောဆိုခဲ့ကြသည်။ ဥပမာ– စအဒ်ဗင်နမအားဇ် ﷺ ၊ ဇိုင်ဒ်ဗင်န် ဟာရိဆဟ် ﷺ နှင့် အဘီအိုင်ယူးဗ် ﷺ တို့သည် ဤအတိုင်း ပြောဆိုခဲ့ကြကြောင်း လာရှိထားသည်။ ကျန်သူများက မပြောဆိုခဲ့ဟု ဆိုခြင်းမဟုတ်ပါ။ များစွာသော သူတို့သည် ဤအတိုင်း ပြောခဲ့ကြသည် မှာ ဖြစ်နိုင်ပေသည်။ ဆိုလိုသည်မှာ လိမ်လည်စွပ်စွဲသူများနှင့် နှုတ်ဆိတ်နေသူတို့ကိုလည်း ဤအတိုင်း သာ ပြောရပေမည်။ နောက်ဆုံးတွင် အတိတ်မှ ကျူးလွန်ခဲ့သည်များအပေါ် ရှုတ်ချခြင်းဖြစ်သည်။ ယခုမှ နောက်နောင်အတွက် အဓိကရည်ရွယ်ချက်မှာဆုံးမစကားဆိုရန် ဖြစ်သည်။ သို့ဖြစ်ပေရာ အသျှင်မြတ်က မိန့်ကြားသည်မှာ) အကယ်၍ အသင်တို့သည် အီမာန်သက်ဝင် ယုံကြည်သူများ ဖြစ်ကြပါလျက် အသင် တို့သည် ဤကဲ့သို့သော အပြုအမူမျိုးကို နောက်ထပ်မပြုရန် အလ္လာဟ်အသျှင်မြတ် အသင်တို့အား ဆုံးမ တော်မူထားသည်။ ၎င်းအပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အမိန့်ပညတ်တော်များကို ရှင်းလင်း စွာ မိန့်ကြားထားတော်မူသည်။ (ထိုမိန့်ကြားချက်များတွင် ဆုံးမခြင်းများ၊ စွပ်စွဲခြင်းများအပေါ် အပြစ်ဒဏ် နှင့် 'သောင်ဗာဟ်'လက်ခံခြင်းအကြောင်းများ ပါရှိပေသည်။)

ထို့အပြင် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော၊ ဆင်ခြင် တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (အသင်တို့၏ နှလုံးသားမှ အရက်တရား ရှိခြင်း အခြေအနေကိုလည်း ထိုအသျှင်မြတ် သိရှိတော်မူသည်။ ထို့ကြောင့် 'သောင်ဗာဟ်' ပြုခြင်းကို လက်ခံတော်မူခြင်း ဖြစ်သည်။ ထို့အပြင် အုပ်ချုပ်ရေးအရ အမြော်အမြင်ကိုလည်း ကောင်းစွာ သိရှိတော် မူသည်။ ထို့ကြောင့် အသင်တို့အား အုပ်ချုပ်ရေးအရလောကတွင် အပြစ်ဒဏ်များ ချမှတ်တော်မူခြင်းဖြစ်သည်။ ဤသည်ကို အိဗ်နေအဗ္ဗားစ် ﷺ က ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် ဆင့်ပြန်ထားသည်။ ဤနေရာအထိ သန့်ပြန့် စင်ကြယ်မှုအကြောင်း အာယသ်တော်များမကျရောက်မီ လိမ်လည်စွပ်စွဲသူများအကြောင်း တင်ပြခဲ့ခြင်း ဖြစ်သည်။ ရှေ့တွင် သန့်ပြန့်စင်ကြယ်ကြောင်း အာယသ်တော်များ ကျရောက်ပြီးနောက်တွင်လည်း ထို လုပ်ရပ်ကို မစွန့်လွှတ်သူများအကြောင်း လာရှိထားသည်။ ဤကဲ့သို့သော သူများသည် အီမာန်မရှိသူ များပင် ဖြစ်မည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် မိန့်ကြားသည်မှာ) အကြင်သူတို့သည် (ထိုအာယသ်တော် များ ကျရောက်လာပြီးနောက်တွင်လည်း) လိုလားကြသည်မှာ (ထိုကိစ္စနှင့် ပတ်သက်၍ ကြိုးပမ်းအားထုတ် ကြသည်မှာ) မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အတွင်း၌ မဖွယ်မရာ ညစ်ညမ်းသော စကားများ ပြန့်သွား စေခြင်း ဖြစ်သည်။ (ဆိုလိုသည်မှာ ထိုမွတ်စ္စလင်မ်များအတွင်း၌ ရှက်ဖွယ်ရာကိစ္စများ ရှိသည်ဟူသော သတင်းကို ဖြန့်ချီခြင်းဖြစ်သည်။ ၎င်းတို့သည် သန့်ပြန့်စင်ကြယ်သူများကို 'ဇေနာ'မှု ကျူးလွန်သည်ဟု စွပ်စွဲခြင်း ဖြစ်သည်။)

ထိုသူတို့အတွက် လောက၌လည်းကောင်း၊ တမလွန်၌လည်းကောင်း အလွန်ပြင်းပြ နာကျင်ဖွယ် အပြစ်ဒဏ်သတ်မှတ်ခြင်းကို အံ့ဩခြင်း မပြုလေနှင့်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်

သည် ကောင်းစွာ သိတော်မူသည်။ (မည်သူသည် အပြစ်ကျူးလွန်သည့် အဆင့်၌ ရှိသည်ကို သိတော်မူသည်။) ထို့နောက် အသင်တို့သည် (ထိုအသျှင်မြတ်၏ ဖစ်မြစ်ကို အပြည့်အဝ) သိနားလည်ခြင်း မရှိကြပေ။ ရှေ့တွင် 'သောင်ဗာဟ်'ပြုလိုက်ပြီး ကြီးမားသော 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်ကင်းသွားသူများအကြောင်း လာရှိထားသည်။) ထို့နောက် (အို၊ 'သောင်ဗာဟ်'ပြုသူအပေါင်းတို့) အကယ်၍သာ အသင်တို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ထိုအသျှင်မြတ်၏ ကရုဏာတော် မရှိခဲ့ပါလျှင် (ထိုအသျှင်မြတ်က အသင်တို့အား 'သောင်ဗာဟ်'ပြုနိုင်ရန် စွမ်းအား ချီးမြှင့်တော်မူခဲ့သည်။) အမှန်ပင် အသင်တို့သည် အပြစ်ဒဏ်မှ လွတ်ကင်းကြမည် မဟုတ်ပေ။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ သနားကြင်နာတော်မူသော၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (အသင်တို့၏ 'သောင်ဗာဟ်'ကို ထိုအသျှင်မြတ်က လက်ခံတော်မူခဲ့သည်။ ရှေ့တွင် မွတ်စ္စလင်မ်များအား မိမိ၏ 'ရဟ်မသ်' ကရုဏာတော်ဖြင့် ဖော်ပြပါပြစ်မှုကိုသာ အထူးသတ်မှတ်ခြင်း မပြုဘဲ ပြစ်မှုအားလုံးမှ ရှောင်ကြဉ်ရန် မိန့်ကြားခြင်းနှင့် 'သောင်ဗာဟ်'ပြုခြင်းဖြင့် သန့်ရှင်းစင်ကြယ်သွားစေရန် တင်ပြထားသည်။ ဤအမိန့်ကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ထပ်ကာထပ်ကာ တင်ပြရခြင်းမှာ လေးနက်စေရန် ဖြစ်သည်။ မိန့်ကြားတော်မူထားသည်မှာ) အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ရှိုက်သွာန်၏ လှည့်ဖြားမှုနှင့် လမ်းမှားစေမှုများအပေါ် 'အမလ်'ကျင့်ဆောင်ခြင်း မပြုကြလေနှင့်။) စင်စစ် ထိုရှိုက်သွာန်၏ ခြေရာနောက်သို့ လိုက်ပါသူအား ရှိုက်သွာန်သည် (အမြဲတစေ လူတိုင်းကို) ရှက်ဖွယ်ကိစ္စနှင့် မကောင်းမှု ဒုစရိုက်ကိုသာ လုပ်ရန် ညွှန်ကြားပေမည်။ (မုသားစွပ်စွဲမှု ဖြစ်ရပ်တွင် အသင်တို့ တွေ့မြင်ခဲ့ရပြီးဖြစ်သည်။)

ထို့နောက် (ရှိုက်သွာန်၏ ဖဝါးခြေထပ်လိုက်ခြင်းနှင့် အပြစ်ဒုစရိုက်များ ရှိပြီးနောက်တွင် ထိုအပြစ်ဒုစရိုက်တို့၏ ဆိုးကျိုးအပြစ်ဒဏ်များမှ လွတ်မြောက်စေတော်မူခြင်းမှာလည်း ငါအသျှင်မြတ်၏ ကျေးဇူးတော်များသာ ဖြစ်သည်။ ထိုသို့သာမဟုတ်ပါက) အကယ်၍ အသင်တို့အပေါ်တွင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သာ မရှိခဲ့ပါလျှင် အသင်တို့အနက် မည်သူပင်ဖြစ်စေ၊ မည်သည့်အခါမျှ ('သောင်ဗာဟ်'ပြုလုပ်လျက်) စင်ကြယ်သန့်ရှင်းသူများ မဖြစ်နိုင်ပေ။ (သို့တည်းမဟုတ် မုနာဖစ်က်များကဲ့သို့ 'သောင်ဗာဟ်'ပြုနိုင်စွမ်း ရရှိမည်မဟုတ်။ သို့တည်းမဟုတ် 'သောင်ဗာဟ်'ကို လက်ခံခြင်း ပြုခံရမည်မဟုတ်။ အကြောင်းမှာ ငါအသျှင်မြတ်အပေါ် မည်သည့်အရာမျှ 'ဝါဂျိဗ်'တာဝန်ဟူ၍ မရှိသောကြောင့် ဖြစ်သည်။) သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူကို ('သောင်ဗာဟ်' ပြုရန် စွမ်းအားချီးမြှင့်လျက်) စင်ကြယ်သန့်ရှင်းစေတော်မူသည်။ (ထို့အပြင် 'သောင်ဗာဟ်'ပြုပြီးလျှင် မိမိ၏ ကျေးဇူးတော်ဖြင့် 'သောင်ဗာဟ်'ကို လက်ခံမည့် ကတိတော်ကိုလည်း မိန့်ကြားထားတော်မူသည်) အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော်မူသော၊ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (သို့ဖြစ်ပေရာ အသင်တို့၏ 'သောင်ဗာဟ်'ကို ကြားတော်မူသည်။ အသင်တို့၏ နောင်တ အရှက်တရားရခြင်းကို သိတော်မူသည်။ ထို့ကြောင့် ကျေးဇူးတော်ပြုတော်မူခြင်း ဖြစ်သည်။)

ဘိုခါရီကျမ်းတွင် တင်ပြထားသည်မှာ သန့်ပြန့်စင်ကြယ်ကြောင်း အာယသ်တော်များ ကျရောက်လာပြီးသောအခါ အချို့သော ဆွဟာဗာများသည် (၎င်းတို့အနက် ဟဇရသ်အဘူဗကရ် ﷺ လည်း ပါဝင်ပေသည်။ ဒွုရ်ရေမန်ဆူးရ်ကျမ်းနှင့် အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်များထဲတွင် အခြားဆွဟာဗာများလည်း ပါဝင်သည်။) လွန်စွာ ဒေါသထွက်ကြပြီး ထိုအကြောင်းကိစ္စကို ဝါဒဖြန့်သူများတွင် ပါဝင်သည့် သူဆင်းရဲများအား ယခုမှစ၍ မည်သည့်ဥစ္စာပစ္စည်းဖြင့်မျှ ကူညီစောင်မခြင်း မပြုတော့ဟူ၍ 'ကစမ်' ကျိန်ဆိုကြလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ မှားယွင်းချွတ်ချော်မှုကို ခွင့်လွှတ်ရန်နှင့် ကူညီစောင်မမှုကို ဆက်လက်ပြုလုပ်ရန် မိန့်ကြားတော်မူလေသည်။) ထို့အပြင် အသင်တို့အနက် ချမ်းသာကြွယ်ဝသူများသည် 'ဆွေရင်းမျိုးရင်းများ၊ သူဆင်းရဲများနှင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ဟီဂျ်ရသ်ပြုသူများကို ပေးကမ်းခြင်း မပြုတော့ပါ'ဟု 'ကစမ်'ကျိန်ဆိုခြင်း မပြုကြလေနှင့်။ (ဆိုလိုသည်မှာ 'ကစမ်' မှာမူ ကျိန်ဆိုပြီးသွားပြီဖြစ်သည်။ ဟဇရသ်မိစ်သွဟ် ﷺ သည် ဟဇရသ်အဘူဗကရ် ﷺ ၏ ဆွေမျိုးရင်းချာဖြစ်သည်။ 'မိစ်ကီးန်'သူဆင်းရဲလည်း ဖြစ်သည်။ မုဟာဂျိရ်လည်း ဖြစ်သည်။ ရှေ့တွင် စိတ်ဓါတ် တက်ကြွစေရန် မိန့်ကြားထားသည်မှာ) အသင်တို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ်က အပြစ်မှ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသည်ကို မနှစ်သက် မလိုလားကြလေသလော။ (သို့ဖြစ်ပေရာ အသင်တို့သည်လည်း မိမိတို့၏ အပြစ်ရှိသူများအပေါ် ခွင့်လွှတ်ကြလေကုန်။) စင်စစ်အမှန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင် ဖြစ်တော်မူပါသည်။ (ဤသို့ဆိုလျှင် အသျှင်မြတ်သည်လည်း အသင်တို့အား ခွင့်လွှတ်ချမ်းသာ ပေးတော်မူလိုက်မည်။ ရှေ့တွင် မုနာဖစ်က်များအား ခြိမ်းခြောက်သတိပေးခြင်းအကြောင်း အကျယ်တဝင့် တင်ပြထားသည်။ အထက်ပါအာယသ်တော် اِنَّ الَّذِیۡنَ یُحِبُّوۡنَ တွင် အကျဉ်းအားဖြင့် တင်ပြထားခဲ့သည်။)

အကြင်သူတို့သည် (အာယသ်တော်များ ကျရောက် လာပြီးနောက်တွင်လည်း မကောင်းသော လုပ်ရပ်များ ကျူးလွန်ကြောင်း) သန့်ပြန့်စင်ကြယ်သည့် အမျိုးသမီးများကို မဟုတ်မမှန် လိမ်လည်စွပ်စွဲကြသည်။ (ထိုအမျိုးသမီးတို့သည်) ဤစွပ်စွဲခြင်းစကားများ (ပြောဆိုခြင်းနှင့် ရည်ရွယ်ချက်တို့) ကို (လည်း) သတိမမူသော အမျိုးသမီးများဖြစ်သည်။ (ထို့ပြင် ထိုအမျိုးသမီးတို့သည်) အီမာန်သက်ဝင် ယုံကြည်သူများ ဖြစ်ကြသည်။ (ထိုအမျိုးသမီးတို့၏ သန့်ပြန့်စင်ကြယ်ခြင်းအကြောင်းမှာ ကုရ်အာန်၏ အမိန့်အရ အတည်ဖြစ်ပြီးဖြစ်သည်။ အများကိန်းကို သုံးနှုန်းရခြင်းမှာ ကြင်ရာတော်အားလုံး ပါဝင်စေရန်ဖြစ်သည်။ الطيبات ကို သုံးနှုန်းခြင်းဖြင့် ကြင်ရာတော်အားလုံး၏ သန့်ရှင်းစင်ကြယ်မှုကို အတည်ဖြစ်စေခြင်းဖြစ်သည်။ ဤကဲ့သို့ သန့်ရှင်းစင်ကြယ်သည့် အမျိုးသမီးကို လိမ်လည် စွပ်စွဲခြင်းပြုသူများသည် ကာဖိရ်နှင့် မုနာဖစ်က်များသာ ဖြစ်နိုင်သည်မှာ အထင်အရှားဖြစ်သည်။)

ထိုသူတို့သည် လောကီဘဝ၌လည်းကောင်း၊ လောကုတ္တရာ၌လည်းကောင်း ကရုဏာတော်မှ ကင်းဝေးစေခြင်းကို ခံကြရပေမည်။ (အလ္လာဟ်အသျှင်မြတ်၏ အထူးကရုဏာတော်မှ နှစ်ဌာနနှစ်ဘဝစလုံး

တွင် ကုဖွရ်ပြုသည့်အတွက် ဝေးကွာစေခြင်း ခံရပေမည်။) ထို့အပြင် ၎င်းတို့အဖို့ (တမလွန်တွင်) ကြီးလေးကြောက်မက်ဖွယ်ကောင်းသော 'အဇာဗ်'အပြစ်ဒဏ် ရှိပေမည်။ ထိုနေ့တွင် ၎င်းတို့၏ နှုတ်လျှာများနှင့်ခြေ၊ လက်များသည် ၎င်းတို့နှင့် ဆန့်ကျင်ကာ ထိုသူတို့ ပြုမူခဲ့ကြသည်တို့ကို သက်သေထွက်ဆိုကြပေမည်။ (ဥပမာ- နှုတ်လျှာက ဤသူသည် ကျွန်တော်မျိုးအား အကြောင်းခံ၍ မည်သည်သော ကုဖွရ်၏ စကားများကို ပြောဆိုခဲ့ပါသည်ဟုလည်းကောင်း၊ လက်နှင့် ခြေတို့က ဤသူသည် ကုဖွရ်၏ လုပ်ရပ်များ ဖြန့်ချိရေးအတွက် ဤသို့ ပြေးလွှားလှုပ်ရှား လုပ်ကိုင်ခဲ့ပါသည်ဟုလည်းကောင်း ပြောဆိုကြပေမည်။) ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့နှင့် ထိုက်တန်သော အကျိုးအပြစ်ကို ပေးတော်မူမည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် အတိအကျဆုံး စီရင်ဆုံးဖြတ်တော်မူသော အသျှင် (နှင့်) အကြောင်းကိစ္စများ (၏ အရင်းအမြစ်) ကို ထင်ရှားစေသော အသျှင်မြတ် ဖြစ်တော်မူကြောင်းကို ၎င်းတို့သည် (ထိုနေ့တွင် တိတိကျကျ) သိရှိကြပေမည်။ (ယခုမှာမူ ကုဖွရ်ပြုမူခြင်းကြောင့် ထိုအကြောင်းအရာအား ယုံကြည်ထိုက်သင့်သည့်အတိုင်း ယုံကြည်မှုမရှိပေ။ သို့ရာတွင် 'ကေယာမသ်'နေ့တွင် သိရှိကြရပေမည်။ ဤသည်ကို သိရှိကြပြီး လွတ်မြောက်အောင်မြင်ခြင်းမှ လုံးဝဥဿုံ မျှော်လင့်ချက် ကင်းသွားကြပေလိမ့်မည်။ အကြောင်းမှာ ၎င်းတို့နှင့် သင့်လျော်ထိုက်တန်သည့် စီရင်ဆုံးဖြတ်ချက်သည် ထာဝရ 'အဇာဗ်'အပြစ်ဒဏ် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဤအာယသ်တော်များသည် 'သောင်ဗာဟ်' မပြုသူများနှင့် စပ်လျဉ်း၍ ကျရောက်လာခြင်း ဖြစ်သည်။ ၎င်းတို့သည် သန့်ရှင်းစင်ကြယ်ကြောင်း ထုတ်ဖော်သော အာယသ်တော်များ ကျရောက်လာပြီးနောက်တွင်လည်း စွပ်စွဲခြင်းကို မစွန့်လွှတ်ကြပေ။ 'သောင်ဗာဟ်'ပြုသူများကိုမူ فضل الله ورحمته တွင် နှစ်ဘဝ၊ နှစ်ဌာနၶ 'ရဟ်မသ်'တော်များ ရရှိမည့်အကြောင်း မိန့်ကြားထားသည်။ 'သောင်ဗာဟ်' မပြုသူများအဖို့ لُعِنُوا တွင် နှစ်ဘဝနှစ်ဌာနတွင် ကရုဏာတော်မှ ကင်းဝေးစေခြင်းကို ခံရမည့်အကြောင်း မိန့်ကြားထားသည်။ 'သောင်ဗာဟ်'ပြုသူများအဖို့ لمسّكم فى ما افضتم فيه عذ اب عظيم တွင် 'အဇာဗ်'မှ ကင်းလွတ်ကြောင်း ပြဆိုထားသည်။ 'သောင်ဗာဟ်'မပြုသူများအဖို့ ولهم عذ ا بعظيم တွင်လည်းကောင်း၊ ထိုစာပိုဒ်၏ အလျှင် وَالَّذِى تَوَلَّىٰ كِبرَهُ တွင်လည်းကောင်း၊ အဇာဗ်အပြစ်ဒဏ်၌ နှစ်မွန်းနေရမည့်အကြောင်း မိန့်ကြားထားသည်။ သောင်ဗာဟ်ပြုသူများအတွက် اِنَّ اللهَ غَفُوْرٌ رَّحِيْمٌ တွင် ခွင့်လွှတ်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးမည့်အကြောင်း သတင်းကောင်း မိန့်ဆိုထားသည်။ 'သောင်ဗာဟ်' မပြုသူများအတွက် تَشْهَدُ နှင့် يَوْ مَئِذٍ يُوَفِّيهِمُ တို့တွင် ခွင့်လွှတ်ချမ်းသာခွင့် မရှိကြောင်းနှင့် သေးသိမ်မှု ဖြစ်စေမည့်အကြောင်း သတိပေးခြိမ်းခြောက်ခြင်းများ မိန့်ကြားထားသည်။ 'သောင်ဗာဟ်'

ပြုသူများအဖို့ مَا زَكَىٰ مِنكُم တွင် သန့်ရှင်းသူများဟု ပြဆိုထားသည်။ 'သောင်ဗာဟ်'မပြုသူများအတွက် ရှေ့အာယသ်တော်တွင် خَبِيثٌ 'ခဗီးစ်' (ညစ်ညမ်းသူများ) ဟု မိန့်ကြားထားသည်။ ဤနေရာ တွင် သန့်ရှင်းစင်ကြယ်ခြင်း အကြောင်းအရာအပေါ်၌ အထောက်အထားပြု၍ ဖြစ်ရပ်ကို အဆုံးသတ် လိုက်သည်။ ဆိုလိုသည်မှာ ဤသည် ပုံသေနည်းဖြစ်သည်ဟု သိရ၏။)

ညစ်ညမ်းသော မိန်းမများသည် ညစ်ညမ်းသော ယောကျ်ားများနှင့်သာ ထိုက်တန်သည်။ ထိုနည်းတူ ညစ်ညမ်းသော ယောကျ်ားများသည်လည်း ညစ်ညမ်းသော မိန်းမများနှင့်သာ ထိုက်တန်သည်။ ထို့ပြင် မွန်မြတ်သော မိန်းမများသည် မွန်မြတ်သော ယောကျ်ားများနှင့်သာ ထိုက်တန်သည်။ ထို့အတူ မွန်မြတ်သော ယောကျ်ားများသည်လည်း မွန်မြတ်သော မိန်းမများနှင့်သာ ထိုက်တန်ပေသည်။ (တစ်ခုနှင့် တစ်ခုသည် အညမည ဖြစ်ကြသည်။ တမန်တော်မြတ် ﷺ အဖို့ သင့်လျော်သည်၊ ထိုက်တန်သည်ဟု ပေးထားသည့် အရာဟူသရွေ့တို့သည် သန့်ပြန့်သော အရာများသာ ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ ကြင်ရာတော် များသည်လည်း သန့်ပြန့်စင်ကြယ်ကြသည်ချည်းသာ ဖြစ်သည်။ ကြင်ရာတော်များ သန့်ပြန့်စင်ကြယ်မှု ဖြစ်သည့်အခါ ဟဇရသ်ဆွဖ်ဝါန် ؓ သည်လည်း ထိုစွပ်စွဲချက်မှ သန့်ပြန့်စင်ကြယ်ကြောင်းလည်း ပေါ်လွင် ပေသည်။ ထို့ကြောင့် ရှေ့၌ မိန့်ကြားထားသည်မှာ) ထိုမွန်မြတ်သူတို့သည် (မုနာဖစ်က်တို့၏) လိမ်လည် စွပ်စွဲခြင်းမှ သန့်ပြန့်စင်ကြယ်သူများ ဖြစ်ကြသည်။ ထိုသူတို့အဖို့ (တမလွန်တွင်) လွတ်ငြိမ်းချမ်းသာခွင့် နှင့် ဂုဏ်သိက္ခာရှိသော ရိဇ်ဇ်စားနပ်ရိက္ခာ ('ဂျန္နသ်'ဉယျာဉ်ဘုံ) ရှိပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟဇရသ်စိဒ္ဒီကဟ် အာအေရှာဟ် ؓ သခင်မ၏ အထူးမြင့်မြတ်မှုများနှင့် ပြည့်စုံသူဖြစ်ခြင်း၊ ၎င်းနောက် စွပ်စွဲခြင်းဖြစ်ရပ်မှ ကျန်ရှိသော အကြောင်းများ

တမန်တော်မြတ် ﷺ ၏ ရန်သူများသည် ကိုယ်တော်မြတ် ﷺ အား ဆန့်ကျင်ရာ၌ မိမိတို့၌ ရှိသမျှ အကြံအစည်ဟူသမျှကို သုံးစွဲကြလေသည်။ ကိုယ်တော်မြတ် ﷺ အား ဒုက္ခရောက်စေမည့် ပုံသဏ္ဍာန် များကို တွေးခေါ်ကြံဆနိုင်သူအားလုံး စုပေါင်းလိုက်ကြသည်။ ကာဖိရ်တို့ဘက်မှ ကိုယ်တော်မြတ် ﷺ အား ဒုက္ခပေးခြင်းများတွင် ဤသည် အပြင်းအထန်ဆုံး ဖြစ်နိုင်ပေသည်။ စိတ်ပိုင်းဆိုင်ရာ ဒုက္ခလည်း ဖြစ်သည်။ အကြောင်းမှာ သန့်ပြန့်စင်ကြယ်သော ကြင်ယာတော်များအနက် အသိပညာ အကြွယ်ဝဆုံး၊ သန့်ရှင်းစင်ကြယ်ဆုံးဖြစ်သော အွန်းမွလ်မုအ်မိနီးန် စိဒ္ဒီကဟ်အာအေရှာဟ် ؓ သခင်မနှင့် ဟဇရသ် ဆွဖ်ဝါန် ဗင်န်မုအသွ်သွလ် ؓ ကဲ့သို့သော သန့်ရှင်းမွန်မြတ်သည့် ဆွဟာဗီတို့ကို အဗ်ဒွလ္လာဟ်ဗင်န်အုဗိုင် မုနာဖစ်က် က လိမ်လည်မှုသားတို့ဖြင့် မဟုတ်မမှန် စွပ်စွဲခြင်းပြုခဲ့သည်။ မုနာဖစ်က်တို့သည် ထိုအချက်ကို အရောင် တင် ပေးခဲ့ကြသည်။ ဖြန့်ချီမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုအချက်များအနက် ဝမ်းနည်းစရာ အကောင်းဆုံး

ဖြစ်ရသည်မှာ ရိုးသားသော မွတ်စ္စလင်မ်များသည်လည်း ၎င်းတို့၏ လုပ်ကြံမှုမှိုင်းမိ၍ စွပ်စွဲခြင်းကို ပြောဆို နေကြခြင်းပင် ဖြစ်သည်။

ဤအခြေအမြစ်မရှိသော အထောက်အထားမဲ့သည့် စွပ်စွဲချက်သည် ရက်အနည်းငယ်အတွင်းမှာပင် အလိုအလျောက် အဖြစ်မှန် ပေါ်လာခဲ့သည်။ သို့ရာတွင် မုအ်မင်နီအပေါင်းတို့၏ မိခင်မွန် ဟဇရတ်အာအေရှာဟ် ﷺ သခင်မသည်လည်းကောင်း၊ တမန်တော်မြတ် ﷺ သည်လည်းကောင်း ဤစွပ်စွဲချက်ကြောင့် စိတ်ပိုင်းဆိုင်ရာ ပူဆွေးမှုဒုက္ခကို ခံစားကြရသည်။ မြင့်မြတ်မှန်ကန်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် ထိုပူဆွေးမှုပျက်ပြယ်ရန်နှင့် ဟဇရတ်အာအေရှာဟ် ﷺ သခင်မ၏ သန့်ရှင်းစင်ကြယ်ခြင်းအကြောင်း ဖော်ထုတ်ရာတွင် 'ဝဟီ'ဖြင့် အရိပ်အမြွက်မျှ ညွှန်ပြခြင်းမျိုးသာ ပြုတော်မမူဘဲ ကုရ်အာန်၏ နှစ်ရုကူအ်မျှ အာယသ် တော်များသည် သူမ၏ သန့်ရှင်းမြင့်မြတ်မှုအကြောင်းများကိုသာ မိန့်ကြားပေးတော်မူခဲ့သည်။ ဤစွပ်စွဲ ချက်ကို စတင်ဖန်တီးသူများသည်လည်းကောင်း၊ ထိုစွပ်စွဲချက်၏ အကြောင်းကို ပြောဆိုဖြန့်ချီသူများသည် လည်းကောင်း ထိုသူအားလုံးအပေါ်တွင် လောကီ၊ လောကုတ္တရာနှစ်ဌာနလုံး၏ 'အဇားဗ်'အပြစ်ဒဏ်များ ရှိကြောင်း သတိပေးခြိမ်းခြောက်တော်မူထားသည်။ ဤသို့ သတိပေးခြိမ်းခြောက်ခြင်းသည် အခြားမည်သည့် နေရာတွင်မျှ လာရှိခြင်းမရှိဟုပင် ထင်မှတ်ရပေသည်။

အမှန်စင်စစ် ဤစွပ်စွဲခြင်းဖြစ်ရပ်သည် ဟဇရတ်အာအေရှာဟ် ﷺ သခင်မ၏ သန့်ပြန့်စင်ကြယ် မြင့်မြတ်မှု၊ မြင့်မားသော အတွေးအခေါ်နှင့် ပြည့်စုံမှုတို့ကိုလည်း ဖော်ထုတ်ပေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဤဖြစ်ရပ်အကြောင်း ဖော်ပြခဲ့သည်။ အာယသ်တော်များအနက် ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ 'ဤဖြစ်ရပ်ကို မိမိတို့အတွက် မကောင်းဟု မယူဆ လေနှင့်။ သို့သာမက ဤသည် အသင်တို့အတွက် အကောင်းဆုံးဖြစ်သည်' ဟု ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် အာယသ်တော် (၁၀) ပါးတွင် သူမတို့၏ သန့်ပြန့်စင်ကြယ်ခြင်း အကြောင်းကို သက်သေပြုထားတော်မူသည်။ ဤသည် 'ကေယာမသ်'နေ့တိုင် 'သေလာဝသ်' ဖတ်ရွတ် ခြင်းခံရမည့် အာယသ်တော်များ ဖြစ်သည်။ ဟဇရတ်အာအေရှာဟ် ﷺ သခင်မကိုယ်တိုင် မိန့်ဆိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် 'ဝဟီ'အားဖြင့် တမန်တော်မြတ် ﷺ အား ကျွန်မ၏ သန့်ရှင်းစင်ကြယ်မှုကို ဖော်ထုတ်တော်မူလိမ့်မည်ဟု ကျွန်မ ယုံကြည်ခဲ့ပါသည်။ သို့ရာတွင် ကျွန်မ၏ အရေးကိစ္စအတွက် ထာဝရ ဖတ်ရွတ်ခြင်းခံရမည့် ကုရ်အာန်၏ အာယသ်တော်များ ကျရောက်လာခြင်းသည် ကျွန်မနှင့် ထိုက်တန်သည် ဟူ၍ မယူဆခဲ့ပါ'ဟု ဖြစ်သည်။

ဤနေရာတွင် ဖြစ်ရပ်ကို အကျယ်တဝင့် သိရှိထားခြင်းမှာ အာယသ်တော်များကို နားလည်ရန် အတွက် အထောက်အကူ ဖြစ်ပေမည်။ ထို့ကြောင့် အကျဉ်းချုပ်၍ ရေးသားလိုက်ပါသည်။

ထိုခရီးမှ ပြန်လည် ရောက်ရှိလာသောအခါ ဟဇရတ်အာအေရှာဟ် ﷺ သခင်မသည် အိမ်၏ လုပ်ငန်း ဆောင်တာများတွင် လုံးပမ်းနေခဲ့သည်။ သူမနှင့် စပ်လျဉ်း၍ မုနာဖစ်က်များက မည်သည့်သတင်းများ ဖြန့်ချီနေသည်ကို အနည်းငယ်မျှပင် မသိခဲ့ပေ။ ဆွဟီးဟ်ဘိုခါရီ၏ ဆင့်ပြန့်ချက်တွင် ဟဇရတ်အာအေရှာဟ်

ؓ သခင်မကိုယ်တိုင် မိန့်ကြားသည်ကို တင်ပြထားသည်မှာ 'ကျွန်မသည် ခရီးမှ ပြန်လည် ရောက်ရှိလာပြီးနောက် ကျွန်မတွင် အနည်းငယ်မျှ မကျန်းမမာ ဖြစ်ခဲ့ရသည်။ ထိုသို့ ဖြစ်ရသည့် အကြီးဆုံးအကြောင်းမှာ အမြဲတစေ အလေ့အထ ဖြစ်ရှိခဲ့သော တမန်တော်မြတ် ﷺ ၏ ကြင်နာယုယမှုများ ကျွန်မအပေါ်၌ မပြုတော့သည်ကို တွေ့မြင်ရခြင်းပင် ဖြစ်သည်။ ထိုမျှမက ထိုကာလအတွင်း ကိုယ်တော်မြတ် ﷺ ၏ ဆက်ဆံမှုသည် အိမ်သို့ ရောက်ရှိလာပြီး စလာမ်ပေးတော်မူသည်။ ထို့နောက် 'အခြေအနေ မည်သို့ ရှိသနည်း' ဟု မေးတော်မူသည်။ ထို့နောက် ပြန်လည် ထွက်သွားတော်မူလေ့ ရှိခြင်းပင် ဖြစ်သည်။ ကျွန်မသည် ကျွန်မနှင့် ပတ်သက်၍ မည်သည့်သတင်းများ ကျော်ကြားနေသည်ကို အနည်းငယ်မျှ မသိရှိခဲ့ပါ။ ထို့ကြောင့် တမန်တော်မြတ် ﷺ ၏ ဤပြုမူခြင်းများကိုလည်း မရိပ်စားမိနိုင်ခြင်း ဖြစ်သည်။ ကျွန်မသည် ဤပူဆွေးသောကဖြင့် ပိန်လှီသွားခဲ့သည်။ တစ်နေ့တွင် မိမိ၏ အားအင်နည်းပါးနေခြင်းကြောင့် မိ စ်သွဟ် ؓ ၏ မိခင် အွန်းမေ့မိစ်သွဟ် ؓ အား အတူခေါ်ဆောင်လျက် တပို့တပါး သွားရန် အပြင်သို့ ထွက်လာခဲ့သည်။ ထိုစဉ်က အိမ်များတွင် အိမ်သာပြုလုပ်သည့် အစဉ်အလာမရှိခဲ့သေးပေ။ ကျွန်မသည် တပို့တပါး သွားရာမှ ပြီးဆုံး၍ အိမ်သို့ ပြန်လာစဉ်တွင် အွန်းမေ့မိစ်သွဟ်၏ ခြေထောက်သည် သူမ၏ စောင်အရှည်နှင့် ငြိ၍ လဲကျသွားခဲ့သည်။ ထိုစဉ် သူမ၏ ပါးစပ်မှ تَعِسَ مِسْطَحٌ ဟု ထွက်သွားခဲ့သည်။ ဤစကားသည် အာရဗ်တွင် ကျိန်ဆဲရန် သုံးနှုန်းသည့် စကားဖြစ်သည်။ မိခင်၏ နှုတ်မှ မိမိ၏ သားအတွက် ကျိန်ဆဲသည့် စကားကို ကြားရ၍ ဟဇရသ်အာအေရှာဟ် ؓ အဖို့ အံ့အားသင့်သွားသည်။ ထို့ကြောင့် 'အလွန်ဆိုးရွားသည့်အချက် ဖြစ်သည်။ အသင်မသည် 'ဗဒရ်'စစ်ပွဲတွင် ပါဝင်ခဲ့သည့် ကောင်းမြတ်သူတစ်ဦး (သူမ၏ သား မိစ်သွဟ် ؓ အပေါ်တွင်) မကောင်းပြောဆိုနေပါသည်' ဟု ဟဇရသ်အာအေရှာဟ်စ္စိဒ်ဒီက် ؓ က မိန့်ကြားလိုက်ပါသည်။

ထိုအခါတွင်မှ အွန်မေ့မိစ်သွဟ် ؓ သည် အံ့သြစွာဖြင့် 'အို, သမီး၊ ကျွန်မ၏ သားသည် လှည့်လည်၍ မည်သည့်အရာများ ပြောဆိုနေသည်ကို သမီး မသိပါသလား'ဟု မေးလေရာ ကျွန်မက '၎င်းသည် အဘယ် အရာများ ပြောဆိုနေပါသနည်း'ဟု မေးလိုက်သည်။ ထိုအခါမှ ဟဇရသ်မိစ်သွဟ် ؓ ၏ မိခင်က ကျွန်မအား 'ကုလားအုတ်စီးရာမှ စွပ်စွဲချက် ဖြစ်ပေါ်လာရခြင်းနှင့် ဟဇရသ်မိစ်သွဟ် ؓ သည်လည်း ဤစွပ်စွဲခြင်းလုပ်ရပ်၌ ပါဝင်နေခြင်းအကြောင်းကို ဖြစ်ကြောင်းကုန်စင် ပြောဆိုခဲ့သည်။ ဟဇရသ်အာအေရှာဟ် ؓ က မိန့်ဆိုသည်မှာ 'ကျွန်မသည် ဤအကြောင်းကို ကြားရပြီး ကျွန်မ၏ ရောဂါမှာ နှစ်ဆတိုးသွားခဲ့သည်။ ကျွန်မ အိမ်သို့ ပြန်ရောက်လာသည့်အခါ ထုံးစံအတိုင်း တမန်တော်မြတ် ﷺ သည် အိမ်သို့ ရောက်ရှိလာပြီး စလာမ်ပေးတော်မူသည်။ ထို့နောက် ကျန်းမာရေးအခြေအနေကို မေးမြန်းတော်မူသည်။ ထိုအခါ ဟဇရသ်အာအေရှာဟ် ؓ သည် ကိုယ်တော်မြတ် ﷺ ထံမှ 'မိမိ၏ မိဘများ၏ အိမ်သို့ သွားမည့်အကြောင်း ခွင့်ပန်ကြားလေသည်။ ကိုယ်တော်မြတ် ﷺ က ခွင့်ပြုတော်မူလိုက်သည်။ ဤသို့ သွားလိုသည့် အကြောင်းမှာ မိဘများထံမှ ထိုဖြစ်ရပ်အကြောင်းနှင့် စပ်လျဉ်း၍ လေ့လာရန်ဖြစ်သည်။ ကျွန်မသည် မိခင်အား မေးမြန်း

သည့်အခါ မိခင်ကြီးက 'အသင်မကဲ့သို့ အမျိုးသမီးများတွင် ရန်သူဆိုသည်မှာ ရှိစမြဲပင် ဖြစ်သည်။ ဤသို့သော အကြောင်းများကို ဝါဒဖြန့်လေ့ရှိသည်။ အသင်မသည် ဤကိစ္စအပေါ် ပူဆွေးသောကဖြစ်မနေပါနှင့်။ ဤပြဿနာသည် ရှင်းသွားပါလိမ့်မည်' ဟူ၍ နှစ်သိမ့်စကား ပြောဆိုလေသည်။ ထိုအခါ ကျွန်မက '(စွဗ်ဟားနလ္လာဟ်)၊ ဤအကြောင်းသည် လူတို့အတွင်း ကျော်ကြားသွားပြီဖြစ်သည်။ ကျွန်မသည် ဤကိစ္စအပေါ် မည်ကဲ့သို့ သည်းခံနိုင်ပါမည်နည်း' ဟု ပြောဆို၍ ထိုပူဆွေးမှုဖြင့် တစ်ညလုံး ငိုကြွေးလျက်ရှိခဲ့သည်။ မျက်ရည်များလည်း မရပ်တန့်ခဲ့။ မျက်လုံးမှာလည်း အိပ်မရခဲ့ပေ။ အခြားတစ်ဖက်တွင် တမန်တော်မြတ် ﷺ မှာလည်း ဤသတင်းပြန့်နှံ့မှု ကျော်စောသွားသည့်အတွက် လွန်စွာသောက ရောက်နေရသည်။ ထိုကာလအတွင်း ဤကိစ္စနှင့် စပ်လျဉ်း၍ မည်သည့်ဝဟီမျှလည်း ကျရောက်လာခြင်းမရှိပေ။ ထို့ကြောင့် အိမ်မှ အတွင်းလူများဖြစ်ကြသည့် ဟဇရတ်အလီ ؓ နှင့် ဟဇရတ် အိုစာမဟ်ဗင်န်ဇိုက်ဒ် ؓ တို့ နှစ်ဦးထံမှ 'ဤအခြေအနေမျိုးတွင် ကျွန်ုပ် မည်သည့်အရာကို ပြုလုပ်ရပါမည်နည်း' ဟု အကြံဉာဏ် တောင်းခံတော်မူခဲ့သည်။ ဟဇရတ်အုစာမဟ်ဗင်န်ဇိုက်ဒ် ؓ က 'ကျွန်တော်မျိုး သိသမျှ ပြောဆိုရမည်ဆိုလျှင် ဟဇရတ်အာအေရှာဟ်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အဖို့ မည်သည့်မကောင်းမှုမှ ထင်မြင်စရာပင် မရှိပါ။ သူမ၏ လုပ်ရပ်တစ်ခုခုတွင်လည်း မကောင်းထင်မြင်စရာ လမ်းစမျှ မရှိပါ။ ကိုယ်တော်သည် လူတို့၏ သွားပုတ်လေလွင့် စကားများကို အနည်းငယ်မျှ ဂရုစိုက်တော်မမူပါနှင့်' ဟု လျှောက်ထားလေသည်။

ဟဇရတ်အလီ ؓ က (တမန်တော်မြတ် ﷺ ၏ ပူဆွေးသောကနှင့် စိတ်ရှုပ်ထွေးမှုများမှ လွတ်ကင်းစေရန် ရည်ရွယ်လျက်) 'အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော့်အပေါ် မည်သည့်ကျဉ်းကြပ်မှုမျှ ပြုထားတော်မမူပါ။ အကယ်၍ ကောလဟာလစကားများအပေါ် အာအေရှာဟ် ؓ ဘက်မှ စိတ်ခံရမှု ဖြစ်ပေါ်ပါလျှင် အမျိုးသမီးများ ပေါများပါသည်။ ကိုယ်တော်မြတ် ﷺ ၏ စိတ်ခံစားရမှုကို ဖြေဖျောက်စေနိုင်မည့် နည်းလမ်းမှာ ဟဇရတ်အာအေရှာဟ် ؓ ၏ ကျွန်မဖြစ်သူ ဗရီရဟ် ؓ အား သူမ၏ အခြေအနေများကို လေ့လာစုံစမ်းနိုင်မှု ပြုတော်မူပါ' ဟု လျှောက်ထားခဲ့သည်။ သို့ဖြစ်ပေရာ တမန်တော်မြတ် ﷺ သည် ဗရီရဟ် ؓ အား မေးမြန်းစုံစမ်းတော်မူလေရာ ဗရီရဟ် ؓ က 'ကျွန်တော်မျိုးမအနေဖြင့် သူမအား အသတ်ငယ်ရွယ်ခြင်းမှအပ မည်သည့်ပြစ်ချက်မျှ မတွေ့ရှိရပေ။ တစ်ခါတစ်ရံ သူမသည် ဂျုံနယ်၍ ထားပြီး အိပ်စက်ပစ်လိုက်သည်။ ထိုအခါ ဆိတ်သည် ထိုနယ်ထားသည့် ဂျုံကို လာရောက်စားပစ်လိုက်သည်' ဟု လျှောက်ထားဖြေကြားလေသည်။ (ထို့နောက် ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ ၏ 'ခွသ်ဗာဟ်' မိန့်ကြားခြင်းအကြောင်း 'မင်န်ဗရ်' ပေါ်မှ စွပ်စွဲမှုကို ဖန်တီးသူများနှင့် ကောလဟာလဝါဒဖြန့်သူများ အကြောင်း မိန့်ကြားခြင်းတို့ဖြင့် ရှည်လျားသော ဖြစ်ရပ်ကို တင်ပြထားသည်။ ရှေ့တွင် ဖြစ်ရပ်အကျဉ်းကို တင်ပြထားသည်မှာ) ဟဇရတ်အာအေရှာဟ် ؓ မိန့်ဆိုသည်မှာ ကျွန်မသည် ဤနေ့တစ်နေ့လုံးအပြင်၊ နောက်နေ့ညတွင်လည်း ဆက်တိုက် ငိုကြွေးနေခဲ့သည်။ ကျွန်မ၏ မိဘနှစ်ပါးသည် ကျွန်မအနီးသို့ ရောက်ရှိလာကြသည်။ ကျွန်မသည် ငိုကြွေးရင်း အသည်းနှလုံး ကွဲသွားမည်ကို ၎င်းတို့က စိုးရိမ်နေကြသည်။ ကျွန်မ၏ မိဘနှစ်ပါး ကျွန်မအနီးတွင် ထိုင်နေဆဲမှာပင် တမန်တော်မြတ် ﷺ ကြွမြန်းလာခဲ့သည်။ ကျွန်မအနီးတွင်

ထိုင်တော်မူလိုက်သည်။ ဤဖြစ်ရပ် စတင်ဖြစ်ပေါ်စဉ်မှစ၍ ကျွန်မအနီးတွင် ယခုကဲ့သို့ ထိုင်တော်မမူခဲ့ပေ။ ထို့နောက် ကိုယ်တော်သည် သက်သေထွက်ဆိုခြင်းတစ်ခုကို အကျဉ်းချုံး မိန့်ကြားတော်မူသည်။ ထို့နောက် 'အို, အာအေရှာဟ်၊ ကျွန်ုပ်ထံသို့ အသင်မနှင့် စပ်လျဉ်း၍ ဤသတင်းများ ရောက်ရှိလာပါသည်။ အကယ်၍ အသင်မသည် သန့်ပြန့်စင်ကြယ် အပြစ်ကင်းသည်ဆိုလျှင် မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အသင်မအား အပြစ်ကင်းသူအဖြစ် ပြုပေးတော်မူပေမည်။ (ဆိုလိုသည်မှာ သန့်ရှင်းစင်ကြယ်ပြီး အပြစ်ကင်းကြောင်းကို ဝဟီဖြင့် ဖော်ထုတ်တော်မူလိမ့်မည်ဟု ဖြစ်သည်။)

အကယ်၍ အသင်မသည် တစ်စုံတစ်ခု ချွတ်ချော်မှားယွင်း မိခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် 'သောင်ဗာဟ်' (အမှားဝန်ချ တောင်းပန်ခြင်း) နှင့် 'အစ်သိဂ်ဖာရ်' (လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်း) တို့ကို ပြုပါလေ။ အဘယ်ကြောင့်ဆိုသော် ဗန္ဒာဟ် တစ်ဦးသည် မိမိ၏ အပြစ်ကို သိရှိ၍ 'သောင်ဗာဟ်'ပြုလုပ်လိုက်ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုဗန္ဒာဟ်၏ 'သောင်ဗာဟ်'ကို လက်ခံတော်မူသောကြောင့် ဖြစ်သည်'ဟု မိန့်ကြားလေသည်။ တမန်တော်မြတ် ﷺ သည် မိမိ၏ စကားကို ပြီးဆုံးအောင် မိန့်ကြားပြီးသောအခါ ကျွန်မ၏ မျက်ရည်များ လုံးဝ ခြောက်သွေ့သွားသည်။ ကျွန်မ၏ မျက်လုံးများတွင် မျက်ရည်တစ်စက်မျှပင် မရှိတော့ပေ။ ကျွန်မသည် ကျွန်မ၏ ဖခင် အဗူဘကရ်စိဒ္ဒီဒီးက် ﷺ အား 'တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်အပေါ် ဖြေကြားပေးပါ'ဟု ပြောဆိုရာ အဗူဘကရ် ﷺ က 'ကျွန်ုပ်သည် အဘယ်အရာကို ပြောနိုင်ပါမည်နည်း'ဟု ပြောဆိုလေသည်။ တစ်ဖန် ကျွန်မသည် မိမိ၏ မိခင်ကြီးအား 'ဖြေကြားပေးပါ'ဟု ပြောဆိုပြန်ရာ မိခင်ကြီးကလည်း 'အဘယ်အရာကို ပြောဆိုနိုင်ပါမည်နည်း'ဟု ပြောဆိုပြန်သည်။ ယခုမူ အခက်တွေ့၍ ကျွန်မကိုယ်တိုင်ပင် ပြောဆိုရတော့သည်။ 'ကျွန်မသည် အသက်ငယ်ရွယ်သူ အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ ယခုအချိန်အထိ ကုရ်အာန်ကိုပင် များစွာ မဖတ်နိုင်သေးပါ။ ဤအချိန်တွင် ထိုပူဆွေးသောက ရောက်ရှိခြင်း၊ ဝမ်းနည်းခြင်းနှင့် အဆုံးမရှိ နာကျင်ကြေကွဲရခြင်းများ ဖြစ်နေသည့် အခြေအနေမျိုးတွင် ကောင်းမြတ်လှသော အသိပညာရှင်များသည်လည်း အသိတရားနှင့် ပြည့်စုံသည့် စကားတစ်ခုခု ထွက်ဆိုရန်ပင် မလွယ်ကူကြပေ' ဟု ပြောဆိုလိုက်လေသည်။ ဟဇရသ် အာအေရှာဟ် ﷺ သခင်မ ပြောဆိုခဲ့သမျှတို့သည် အံ့သြဖွယ်ရာ အသိဉာဏ်ရှင်တစ်ဦး၏ စကားမျိုးဖြစ်သည်။ သူမ၏ စကားများကို မူလပကတိအတိုင်း ရေးသားလိုက်ပါသည်။

والله لقدعر فت لقد سمعتم هٰذا الحديث حتّٰی استقرّ فی انفسکم

وصد قتم به ولئن قلت لکم انّی بریئة والله یعلم انّی بریئة تصدقونی

ولان اعترفت لکم بامر والله یعلم انّی منه بر یئة لتصد قونی والله لااجدلی

ولکم مثلا الاکما قال ابو یوسف فصبر جمیل والله المستعان علی ماتصفون

အစ်ဖ္ဖာယ် ။ ။ 'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကိုယ်တော်သည် ထိုအကြောင်းကို ကြားခဲ့ရပါသည်။ ကြားလျက်လည်း ရှိနေပြီး ကိုယ်တော်၏ စိတ်အတွင်း၌လည်း ဝင်ရောက်သွားပြီး ဖြစ်ပါသည်။ ထို့ပြင် ကိုယ်တော်သည် ထိုအကြောင်းကို (လက်တွေ့အရ) ထောက်ခံမှုလည်း ပြုခဲ့ပါသည်ကို ကျွန်မ သိခဲ့ပါပြီ။ အကယ်၍ ယခုအချိန်တွင် ကျွန်မက အမှန်တကယ် အပြစ်ကင်းစင် သန့်ရှင်းကြောင်းကို အလ္လာဟ်အသျှင်မြတ် သိတော်မူသည့်အတိုင်း ကျွန်မ သန့်ရှင်းပါသည်ဟု ပြောဆိုပါလျှင်လည်း ကိုယ်တော်သည် ကျွန်မအား ထောက်ခံမည်မဟုတ်ပေ။ အကယ်၍ ကျွန်မက အလ္လာဟ်အသျှင်မြတ်သည် ကျွန်မ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းခြင်းကို သိရှိတော်မူပါသည်ဟု ဝန်ခံလိုက်ပါလျှင် ကိုယ်တော်သည် ကျွန်မ၏ ဤစကားကို လက်ခံတော်မူပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ကျွန်မသည် မိမိနှင့် ကိုယ်တော်၏ အရေးကိစ္စတွင် ဟာဇရသ်ယူစွဖ် عليه السلام ၏ ဖခင် ယအ်ကူးဗ် عليه السلام က မိမိ၏ သားများ၏ မှားယွင်းသည့် စကားများကို နားထောင်ပြီး 'ကျွန်ုပ်သည် အကောင်းဆုံးသော သည်းခံမျိုသိပ်ခြင်းကို ပြုလုပ်ပါသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ဤအရေးကိစ္စတွင် အသင်တို့ ပြောဆိုခဲ့ကြသည်နှင့် စပ်လျဉ်း၍ ကူညီစောင်မတော်မူပါရန် တောင်းခံပြီး ဖြစ်ပါသည်'ဟု ပြောဆိုခဲ့သည်ကိုသာ ပမာပေး နှိုင်းယှဉ်ရုံမှအပ အခြားမရှိပါပြီ' ဟု ဖြစ်သည်။

ဟာဇရသ်အာအေရှာဟ် رضي الله عنها သခင်မက ပြောဆိုသည်မှာ 'ကျွန်မသည် ဤမျှသာ ပြောဆိုပြီး မိမိ၏ သီးခြားအိပ်ယာတွင် သွားရောက် လှဲနေလိုက်သည်။ ထို့နောက် ဆက်လက်၍ ပြောဆိုသည်မှာ ကျွန်မသည် အမှန်တကယ်ပင် စင်ကြယ်သန့်ရှင်း အပြစ်ကင်းစင်သည့်အတိုင်း အလ္လာဟ်အသျှင်မြတ်သည် ကျွန်မ၏ အပြစ် ကင်းစင်ကြောင်းကို မုချဧကန် 'ဝဟီ'အကြောင်းခံဖြင့် ဖော်ထုတ်ပေးတော်မူလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ သို့ရာတွင် ကျွန်မ၏ အရေးကိစ္စတွင် အမြဲတမ်း ဖတ်ရွတ်ခြင်းခံရမည့် ကုရ်အာန်၏ အာယသ်တော်များ ကျရောက်လာလိမ့်မည်ဟုကား ထင်မြင်ယူဆခြင်း မရှိခဲ့ပါချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်မသည် မိမိ၏ အဆင့်အတန်းကို ဤသည်ထက် များစွာ အဆင့်နိမ့်သည်ဟု ယူဆခဲ့သောကြောင့် ဖြစ်သည်။ အမှန်တကယ် ထင်မြင်ယူဆခဲ့သည်မှာ ကိုယ်တော်မြတ် ﷺ အား 'ကျွန်မ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြောင်းကို အိပ်မက်တွင် ထုတ်ဖော်ပေးတော်မူလိမ့်မည်'ဟု ဖြစ်သည်။ ဟာဇရသ်အာအေရှာဟ် رضي الله عنها သခင်မက ပြောဆိုသည်မှာ တမန်တော်မြတ် ﷺ သည် မိမိ၏ ထိုင်ဝိုင်းမှ ထပင် မထရသေးပေ။ ထို့ပြင် အိမ်သားများမှလည်း မည်သူမျှ မထရသေးမီတွင် ကိုယ်တော်မြတ် ﷺ အပေါ်သို့ 'ဝဟီ'ကျရောက်သည့်အခါ ဖြစ်ပေါ်လေ့ရှိသော အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။ ထိုသို့ ဖြစ်ပေါ်မှုကြောင့် အလွန်အေးချမ်းသည့် ကာလတွင် ကိုယ်တော်မြတ် ﷺ ၏ နဖူးတော်တွင် ချွေးသီးချွေးပေါက်များ ထွက်လာခဲ့သည်။ ဤအခြေအနေ ပြီးဆုံးသွားသည့်အခါတွင် ကိုယ်တော်မြတ် ﷺ သည် ရယ်မောလျက် ရပ်တော်မူလိုက်သည်။ ထို့နောက် ပထမဦးဆုံး

ابشری یاعائشة اماالله فقد ابرأك

'အို, အာအေရှာဟ်၊ သတင်းကောင်း နားထောင်ပါ။ အလ္လာဟ်အသျှင်မြတ်သည် အသင်မအား အပြစ်ကင်းသူမအဖြစ် မိန့်ကြားတော်မူလိုက်ပြီ'ဟု မိန့်ကြားတော်မူလိုက်သည်။ ကျွန်မ၏ မိခင်က 'မတ်တတ်

ထရပ်၍ ကိုယ်တော်မြတ် ﷺ ၏အပါးတော်သို့ သွားရောက်လော့ ဟု ပြောဆိုလေသည်။ ကျွန်မက 'ကျွန်မသည် ဤအရေးကိစ္စတွင် အလ္လာဟ်အသျှင်မြတ်မှအပ မည်သူ၏ ကျေးဇူးပြုခြင်းကိုမျှ လက်ခံမည်မဟုတ်ပါ။ ကျွန်မ မတ်တတ်ရပ်မည်မဟုတ်ပါ။ ကျွန်မသည် ကျွန်မအား အပြစ်ကင်းစင်ကြောင်း မိန့်ကြားတော်မူသည့် မိမိ၏ အသျှင်မြတ်ကိုသာ ကျေးဇူးတင်ရှိပါသည်' ဟု ပြောဆိုလေသည်။

ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ ထူးခြားချက်အချို့

အေမာမ်ဗဂဝီ (ရဟ) သည် ထိုအာယသ်တော်များ၏ သဖ်စီးရ်တွင် မိန့်ဆိုသည်မှာ ဟဇရသ်အာအေရှာဟ် ﷺ ၏ အချို့ထူးခြားချက်များမှာ အခြားသော အမျိုးသမီးများ မရရှိနိုင်သည့် ထူးခြားချက်များ ဖြစ်သည်။ ထို့အပြင် ဟဇရသ်အာအေရှာဟ် ﷺ ကလည်း (ကျေးဇူးတော်များကို ထုတ်ဖော်ခြင်းအားဖြင့်) ထိုထူးခြားချက်များအပေါ် ဂုဏ်ယူ၍ ပြောဆိုလေ့ရှိခဲ့သည်။ ၄င်းတို့အနက်

(၁) တမန်တော်မြတ် ﷺ နှင့် 'နေကာဟ်'မပြုမီက ဂျိဗ်ရာအီးလ် ﷺ သည် ပိုးထည်အဝတ်တစ်ခုတွင် ကျွန်မ၏ ရုပ်ပုံကို ယူဆောင်၍ ကိုယ်တော်မြတ် ﷺ ၏ အပါးတော်သို့ ရောက်ရှိလာခဲ့သည်။ ထို့နောက် ဤသည် ကိုယ်တော်မြတ်၏ ကြင်ယာတော်ဖြစ်သည်'ဟု ဆိုလေသည်။ *[သိရ်မေဇီကျမ်း]*

အချို့ဆင့်ပြန်ချက်များတွင် ဂျိဗ်ရာအီးလ် ﷺ သည် မိမိ၏ လက်ဖဝါးတော်တွင် ဤပုံကို ယူဆောင်လာခဲ့သည်ဟု လာရှိထားသည်။

(၂) တမန်တော်မြတ် ﷺ သည် သခင်မမှအပ မည်သည့်အပျိုစင်အမျိုးသမီးကိုမှ 'နေကာဟ်' ပြုတော်မမူခဲ့ပေ။

(၃) တမန်တော်မြတ် ﷺ သည် သခင်မ၏ ရင်ခွင်၌ 'ဝဖားသ်'ဖြစ်တော်မူခဲ့သည်။

(၄) ဟဇရသ်အာအေရှာဟ် ﷺ ၏ အဆောင်တော်၌ပင် တမန်တော်မြတ် ﷺ အား ဒဖန်မြုပ်နှံတော်မူခဲ့သည်။

(၅) ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်အာအေရှာဟ် ﷺ သခင်မနှင့် မွေ့ယာအခင်းတစ်ခုတည်း၌ ရှိနေစဉ်မှာပင် ကိုယ်တော်မြတ် ﷺ အပေါ်သို့ 'ဝဟီ'ကျရောက်တော်မူခဲ့သည်။ အခြားမည်သည့် ကြင်ယာတော်တွင်မျှ ဤထူးခြားသည့် အခွင့်အရေးမရရှိခဲ့ပေ။

(၆) မိုးကောင်းကင်မှ သခင်မ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းခြင်းအကြောင်းကို 'ဝဟီ' ပို့ချတော်မူခဲ့သည်။

(၇) သခင်မသည် တမန်တော်မြတ် ﷺ ၏ ခလီဖာဟ်၏ သမီးဖြစ်ပြီး 'စိဒ္ဒီကဟ်'ဖြစ်သည်။ ထို့အပြင် လောက၌ပင် 'မဂ်ဖေရသ်' (လွတ်ငြိမ်းချမ်းသာခွင့်) ရမည့်အကြောင်းနှင့် 'မွန်မြတ်သော ရိဇ်' ရိဇ္ဇာ (ဂျန္နသ်ဥယျာဉ်ဘုံ) ရရှိမည့်အကြောင်းကို အလ္လာဟ်အသျှင်မြတ်က ကတိပေးခြင်းခံရသူတို့အနက်မှ ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဟဇရတ်အာအေရှာဟ် رضي الله عنها သခင်မ၏ ဖေကာဟ်ဆိုင်ရာ အသိကြွယ်ဝမှုနှင့် ပညာရှိသုခမိန်တို့၏ စကားမျိုးကို ကြားရပြီး ဟဇရတ်မူစာဗင်နှဲ့သွလ်ဟာဟ် رضي الله عنه က 'ကျွန်ုပ်သည် ဟဇရတ်အာအေရှာဟ် رضي الله عنها ထက် ပို၍ စကားကြွယ်ဝမှုမျိုးကို မတွေ့ဖူးပါ'ဟု ပြောဆိုခဲ့သည်။ *[သိရ်မေဇီကျမ်း]*

သဖ်စီးရ်ကုရ်သုဗီးကျမ်းတွင် လာရှိသည်မှာ ယူစွဖ် عليه السلام အပေါ် လိမ်လည်မှုသားစွပ်စွဲလာသည့် အခါ အလ္လာဟ်အသျှင်မြတ်သည် ကလေးငယ်တစ်ဦးကို စကားပြောစေတော်မူပြီး ထိုကလေးငယ်၏ သက်သေထွက်ဆိုမှုဖြင့် ဟဇရတ်ယူစွဖ် عليه السلام ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းခြင်းကို ပေါ်လွင်စေတော်မူခဲ့သည်။ ထို့အပြင် ဟဇရတ်မရ်ယမ် عليها السلام သခင်မအပေါ် လိမ်လည်မှုသားစွပ်စွဲခြင်းများ ဖြစ်ပေါ်လာသည့်အခါ အလ္လာဟ်အသျှင်မြတ်သည် သခင်မ၏ သားတော်၊ အီစာ عليه السلام ၏ သက်သေထွက်ဆိုချက်ဖြင့် သခင်မကို စွပ်စွဲချက်မှ လွတ်မြောက်စေတော်မူခဲ့သည်။ ယခု အာအေရှာဟ် رضي الله عنها သခင်မအပေါ် စွပ်စွဲချက် ဖြစ်ပေါ်လာသည့်အခါတွင် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် (၁၀) ပါးကို ချပေးတော်မူပြီး အာအေရှာဟ် رضي الله عنها သခင်မ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းခြင်ကို ကြေညာတော်မူခဲ့သည်။ ထိုကြေညာချက်သည်ပင် ဟဇရတ်အာအေရှာဟ် رضي الله عنها သခင်မ၏ ထူးမြတ်မှုနှင့် သိက္ခာကို ပို၍ တိုးမြှင့်စေခဲ့ပေသည်။

ဖော်ပြပါအာယသ်တော်များ၏ အကျဉ်းချုံးဖွင့်ဆိုချက်ကို ဖွင့်ဆိုချက်အနှစ်ချုပ်၏ ခေါင်းစဉ်တွင် လာရှိခဲ့ပြီးဖြစ်သည်။ ယခု အာယသ်တော်များ၏ အထူးဖြစ်သော ဝါကျများနှင့် စပ်လျဉ်း၍ အနည်းငယ်မျှ တင်ပြပါအံ့။

إِنَّ الَّذِينَ جَاءُو بِالْإِفْكِ عُصْبَةٌ مِّنْكُمْ

إِفْك အိဖ်က်၏ မူရင်းအဓိပ္ပာယ်မှာ 'လှန်ပစ်လိုက်ခြင်း၊ ပြောင်းလဲမှုပြုခြင်း'ဟု ဖြစ်သည်။ အမှန်ကို အမှား၊ အမှားကို အမှန်၊ သန့်ပြန့်စင်ကြယ်သူ ပြစ်မှုရှောင်ကြဉ်သူကို 'ဖာစိက်'သူယုတ်မာဟုလည်းကောင်း၊ 'ဖာစိက်'သူယုတ်မာကို သန့်ပြန့်စင်ကြယ်သူ၊ ပြစ်မှုရှောင်ကြဉ်သူဟုလည်းကောင်း ပြောင်းလဲပစ်သည့် လိမ်လည်မှုကိုလည်း **إِفْك** 'အိဖ်က်'ဟု ခေါ်သည်။

عُصْبَةٌ ၏ အဓိပ္ပာယ်မှာ 'အရေအတွက်အားဖြင့် ၁၀ မှ ၄၀ အထိရှိသော အုပ်စုကို ခေါ်ဆိုသည်။ ထိုအရေအတွက်ထက် နည်း၍လည်းကောင်း၊ များ၍လည်းကောင်း သုံးနှုန်းခြင်းများလည်း ရှိသည်။ **مِنْكُمْ** ၏ အလိုသဘောမှာ မုအ်မင်န်များကို ဆိုလိုခြင်းဖြစ်သည်။ ဤစွပ်စွဲခြင်းကို အဓိက စတင်ပြုလုပ်သူမှာ စင်စစ် မွတ်စ္စလင်မ်မဟုတ်ပေ။ မုနာဖစ်က် အဗ်ဒုလ္လာဟ်ဗင်န်အုဗိုင် ဖြစ်သည်။ ၎င်းမှာ မွတ်စ္စလင်မ်များ၌ မပါဝင်ပေ။ သို့သော်လည်း မုနာဖစ်က်တို့သည် အစ္စလာမ်ဖြစ်သည်ဟုသာ ကြွေးကြော်ကြသည်။ ၎င်းတို့အပေါ်၌လည်း မုအ်မင်န်များအပေါ် ချမှတ်သည့် ပေါ်လွင်သော အမိန့်ပညတ်များကို ချမှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် **مِنْكُمْ** ဟူသော စာလုံးတွင် ၎င်းတို့ကိုလည်း ထည့်သွင်းလိုက်ခြင်း ဖြစ်သည်။ မွတ်စ္စလင်မ်များအနက် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် ၎င်းတို့၏ ဤစွပ်စွဲမှုလုပ်ရပ်၌ ပါဝင်မိခဲ့ကြသည်။

၎င်းတို့အပေါ် တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်များ ကျရောက်လာပြီးသောအခါ စွပ်စွဲခြင်း၏ အပြစ်ဒဏ်ကို ပေးတော်မူခဲ့ပြီးဖြစ်သည်။ မုအ်မင်န်များသည် 'သောင်ဗာဟ်'ပြုပြီးဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ 'သောင်ဗာဟ်'ပြုခြင်းကို လက်ခံတော်မူခဲ့သည်။ ၎င်းတို့အနက် ဟတ်စာန် ؓ နှင့် မိစ်သွဟ် ؓ တို့နှစ်ဦးသည် 'ဗဒရ်'စစ်ပွဲ၌ ပါဝင်ခဲ့ကြသူများ ဖြစ်သည်။ ၎င်းတို့အတွက် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၌ 'မဂ်ဖွေရသ်' လွတ်ငြိမ်းချမ်းသာခွင့် ရရှိပြီးဖြစ်ကြောင်း ကြေညာတော်မူထားသည်။ ထို့ကြောင့် ဟဇရသ်အာအေရှာဟ် ؓ ၏ ရှေ့တွင် လူတစ်ဦးသည် ဟဇရသ်ဟတ်စာန် ؓ ၏ မကောင်းကြောင်းကို ပြောဆိုပါလျှင် သခင်မသည် မနှစ်သက်ခဲ့ပေ။ စင်စစ် ဟဇရသ်ဟတ်စာန် ؓ သည်လည်း မဟုတ်မမှန် စွပ်စွဲမှုကြောင့် အပြစ်ဒဏ်ခံခဲ့ရသူနှစ်ဦးတွင် ပါဝင်သူဖြစ်ခဲ့သည်။ ဟဇရသ်အာအေရှာဟ် ؓ သခင်မက ပြောဆိုသည်မှာ 'ဟတ်စာန်သည် တမန်တော်မြတ်၏ ဘက်တော်မှနေ၍ ကာဖိရ်များနှင့် ကဗျာ၊ လင်္ကာ ပြိုင်ဆိုင်မှုကို ကောင်းစွာ ပြုလုပ်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ၎င်းအပေါ် မကောင်းပြောဆိုခြင်း မပြုရ' ဟု ဖြစ်သည်။ ဟဇရသ်ဟတ်စာန် ؓ သည် ဟဇရသ်အာအေရှာဟ် ؓ သခင်မထံ ရောက်ရှိလာလျှင် သခင်မသည် ၎င်းအား ဂုဏ်ပေးလေးစားခြင်းဖြင့် ထိုင်စေလေ့ရှိခဲ့သည်။

[မဇ္ဇဟရီကျမ်း]

لَا تَحْسَبُوهُ شَرًّا لَّكُمْ

ဤမိန့်ကြားချက်သည် တမန်တော်မြတ် ﷺ အားလည်းကောင်း၊ ဟဇရသ်အာအေရှာဟ် ؓ သခင်မအားလည်းကောင်း၊ ဟဇရသ်ဆွဖ်ဝါန် ؓ အားလည်းကောင်း၊ မုအ်မင်န်အားလုံးအားလည်းကောင်း ဦးတည်မိန့်ကြားခြင်းဖြစ်သည်။ ကောလဟာလ ဝါဒဖြန့်မှုကြောင့် စိတ်သောကရောက်ရသူအားလုံး ပါဝင်ပေသည်။ အဓိပ္ပာယ်မှာ အသင်သည် ဤဖြစ်ရပ်ကို မကောင်းဟု မယူဆလေနှင့်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် သန့်ပြန့်စင်ကြယ်ကြောင်း ပို့ချပေးတော်မူ၍ ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို တိုးမြှင့်ပေးတော်မူခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုသူတို့ ပြုလုပ်ခဲ့ကြသည့် လုပ်ရပ်များအပေါ် 'ကေယာမသ်'နေ့တိုင် ဖတ်ရွတ်ခြင်းခံရမည့် သတိပေးနှိုးဆော် ငြိမ်းချောက်သည့် အာယသ်တော်များကို ချပေးတော်မူခဲ့သည်။

لِكُلِّ امْرِئٍ مِّنْهُم مَّا اكْتَسَبَ مِنَ الْإِثْمِ

ဤလိမ်လည်စွပ်စွဲမှု၌ ပါဝင်သူတို့သည် ၎င်းတို့ ပါဝင်ပြုလုပ်သည်ခန့် အပြစ် 'ဂိုနာဟ်' ရေးမှတ်ခြင်းခံရပေမည်။ ၎င်းတို့ ပြုလုပ်ခဲ့သည်နှင့်အညီ အပြစ်ဒဏ်ပေးခံရပေမည်။ ဤစွပ်စွဲခြင်းကို စတင်ပြုလုပ်ဖန်တီးသူအကြောင်း ရှေ့တွင် လာပေမည်။ ၎င်းသည် အားလုံးထက် ပိုသော အပြစ်ဒဏ်ကို ထိုက်သက်သူဖြစ်သည်။ ပြောစကားကို နားထောင်ပြီး ထောက်ခံမှုပြုသူသည် စတင် ဖန်တီးသူထက် နည်း၍လည်းကောင်း၊ နားထောင်၊ ကြားနာပြီး နှုတ်ဆိတ်နေသူသည် ထိုသူထက် နည်း၍လည်းကောင်း အဆင့်ဆင့် အပြစ်ဒဏ်ထိုက်ပေမည်။

وَالَّذِى تَوَلّٰى كِبْرَهٗ مِنْهُمْ لَهٗ عَذَابٌ عَظِيْمٌ

كِبْرٌ ကြီးမားခြင်းဟု အဓိပ္ပာယ်ရသည်။ အလိုသဘောမှာ 'ဤစွပ်စွဲခြင်းလုပ်ရပ်ကို ဖန်တီး၍ ဝါဒဖြန့်သည့် အလုပ်ကြီးကို ပြုလုပ်သူအတွက် ကြီးလေးသော အပြစ်ဒဏ်ရှိသည်ဟု ဖြစ်သည်။ ဆိုလိုသည်မှာ အဗ်ဒွလ္လာဟ် ဗင်န် အုဗိုင်သည် မုနာဖစ်က်ဖြစ်သည်။

لَوْلَا اِذْ سَمِعْتُمُوْهُ ظَنَّ الْمُؤْمِنُوْنَ وَالْمُؤْمِنَاتُ بِاَنْفُسِهِمْ خَيْرًا
وَقَالُوْا هٰذَا اِفْكٌ مُّبِيْنٌ

ဆိုလိုသည်မှာ 'ဤစွပ်စွဲခြင်းသတင်းကို ကြားသိခဲ့ရစဉ်က မွတ်စ္စလင်မ်အမျိုးသား အမျိုးသမီးတို့သည် မိမိတို့၏ မွတ်စ္စလင်မ်ညီအစ်ကို၊ မောင်နှမများနှင့် စပ်လျဉ်း၍ ကောင်းသော ထင်မြင်ယူဆချက်ထားပြီး 'ဤသည် ပွင့်လင်းထင်ရှားသော လိမ်လည်စွပ်စွဲချက်ဖြစ်သည်'ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း'ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် များစွာသော အချက်များသည် သေချာကျနစွာ စဉ်းစားရန် ထိုက်သည်။

(၁) بِاَنْفُسِهِمْ ဟူသော စာလုံးဖြင့် ကုရ်အာန်ကျမ်းတော်မြတ်က ညွှန်းဆိုသည်မှာ မွတ်စ္စလင်မ်တစ်ဦးသည် အခြားမွတ်စ္စလင်တစ်ဦးအပေါ် အမည်ပျက် မကောင်းပြောဆိုခြင်းနှင့် သေးသိမ်စေခြင်းတို့သည် အမှန်စင်စစ် မိမိကိုယ်မိမိ သေးသိမ်စေခြင်းသာ ဖြစ်သည်။ အကြောင်းမှာ အစ္စလာမ်၏ ဆွေမျိုးတော်စပ်ခြင်းသည် မွတ်စ္စလင်မ်အားလုံးကို လူတစ်ဦးတည်းပမာ ပြုလုပ်ပေးထားခြင်း ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤကဲ့သို့သော နေရာများ၌ ညွှန်းဆိုပြသခြင်းတွင် သုံးနှုန်းထားသည်မှာ တစ်နေရာတွင်

لَا تَلْمِزُوْا اَنْفُسَكُمْ

'မိမိကိုယ်မိမိ ပြစ်တင်ရှုတ်ချခြင်း မပြုကြလေနှင့်'ဟု ဖြစ်သည်။ အလိုသဘောမှာ 'မွတ်စ္စလင်မ် အမျိုးသားတစ်ဦး (သို့) အမျိုးသမီးတစ်ဦးကို ပြစ်တင်ရှုတ်ချခြင်း မပြုကြလေနှင့်'ဟု ဖြစ်သည်။ အခြားတစ်နေရာတွင်

لَا تَقْتُلُوْا اَنْفُسَكُمْ

'မိမိတို့ကိုယ်ကို မိမိတို့ သတ်ဖြတ်ခြင်း မပြုကြကုန်လင့်' ဖြစ်သည်။ အလိုသဘောမှာ 'မွတ်စ္စလင်မ် နောင်တစ်ဦးဦးကို သတ်ဖြတ်ခြင်း မပြုကြလေနှင့်'ဟု ဖြစ်သည်။ တတိယတစ်နေရာတွင်

وَلَا تُخْرِجُوْا اَنْفُسَكُمْ مِّنْ دِيَارِكُمْ

'မိမိတို့ကိုယ်ကို မိမိတို့၏ အိမ်များမှ နှင်ထုတ်ပစ်ခြင်း မပြုကြနှင့်'ဟု ဖြစ်သည်။ ဤနေရာတွင်လည်း မွတ်စ္စလင်မ် ညီနောင်တစ်ဦးကို ၎င်း၏အိမ်မှ နှင်ထုတ်ခြင်း မပြုကြလေနှင့်' ဆိုလိုခြင်းဖြစ်သည်။ စတုတ္ထနေရာတွင်

وَسَلِّمُوْا عَلٰۤى اَنْفُسِكُمْ

'မိမိကိုယ်မိမိ စလာမ်ပေးပါ'ဟု မိန့်ကြားထားသည်။ အလိုသဘောမှာ ထိုမွတ်စ္စလင်မ်ညီနောင်ကို စလာမ် ပေးပါ'ဟု ဖြစ်သည်။

ဤအာယသ်တော်အားလုံးတို့ဖြင့် ကုရ်အာန်ကျမ်းတော်မြတ်က 'မွတ်စ္စလင်မ်တစ်ဦးသည် အခြား မွတ်စ္စလင်မ်တစ်ဦးအား ပြစ်တင်ရှုတ်ချမှုပြုခြင်း (သို့) ၎င်းအား ဒုက္ခရောက်စေခြင်းတို့သည် စင်စစ်အားဖြင့် မိမိကိုယ်တိုင် မိမိအပေါ် အပြစ်တင် ရှုတ်ချမှုပြုခြင်းနှင့် မိမိကိုယ်ကို မိမိ ဒုက္ခရောက်စေခြင်းသာ ဖြစ်သည့် အကြောင်း လမ်းညွှန်ပြသလိုက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလုပ်ရပ်များ၏ အကျိုးဆက် ရလဒ်သည် တစ်မျိုးသားလုံး၏ သေးသိမ်မှုနှင့် အမည်ဆိုးဖြစ်ရသောကြောင့်ပင် ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤသင်ကြားပေးမှု၏ ရှုးရှုမှုပင် ဖြစ်သည်မှာ မွတ်စ္စလင်မတစ်ဦး တိုးတက်မှုဖြစ်လျှင် တစ်မျိုးသားလုံးနှင့်အတူ တိုးတက်ခြင်းဖြစ်သည်။ ၎င်းတို့တွင် တစ်ဦးချင်း တိုးတက် ခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤသင်ကြားပေးမှုကို စွန့်လွှတ်ခြင်း၏ အကျိုးဆက်အား ယနေ့ မျက်ဝါးထင်ထင် တွေ့မြင်နေရပေသည်။ အားလုံး နိမ့်ကျခဲ့ရသည်။ တစ်ဦးချင်းလည်း နိမ့်ကျသွား ခဲ့ရသည်။

(၂) ဤအာယသ်တော်၌ လေးနက်စွာ စဉ်းစားသုံးသပ်သင့်သည့် ဒုတိယအချက်မှာ အဆင့် အတန်း၏ တောင်းဆိုမှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်

لَوْلَاۤ اِذْ سَمِعْتُمُوْهُ ظَنَنْتُمْ بِاَنْفُسِكُمْ خَيْرًا

အစကနဦးတွင် سَمِعْتُمُوْهُ ဟူသော စာလုံးဖြင့် ဦးတည် မိန့်ကြားထားသကဲ့သို့ ဤနေရာတွင် ဦးတည်မိန့်ကြားသည့် စာလုံးဖြင့် မိန့်ကြားခြင်းမပြုဘဲ ကုရ်အာန်ကျမ်းတော်မြတ်သည် အဆိုပါတိုတောင်းသော ဝါကျကို လွှတ်၍ ဤနေရာတွင် အသွင်ပြောင်းကာ ظَنَنْتُمْ ၏ နေရာတွင်

ظَنَّ الْمُؤْمِنُوْنَ

ဟု မိန့်ကြားထားသည်။ ဤစာပိုဒ်တွင် 'ဤအလုပ်ကို ကျူးလွန်မိသူတို့သည် ထိုအလုပ် အတိုင်းအတာ အရ مُؤْمِنُوْنَ (မုအ်မင်န်များ) ဟု ခေါ်ဆိုရန် မထိုက်ပေ။ အကြောင်းမှာ မွတ်စ္စလင်မ်တစ်ဦးသည် အခြား မွတ်စ္စလင်မ်တစ်ဦးအား ကောင်းသော ထင်မြင်မှု ရှိရမည်' ဟူသော အီမာန်၏ တောင်းဆိုချက် ရှိထား သောကြောင့် ဖြစ်သည်။

(၃) တတိယနေရာတွင် လေးနက်စွာ စဉ်းစားသုံးသပ်ရမည့် အချက်မှာ ဤအာယသ်တော်၏ နောက်ဆုံးအပိုဒ် وَقَالُوْا هٰذَاۤ اِفْكٌ مُّبِيْنٌ ၌ 'ဤစွပ်စွဲသည့် သတင်းစကားကို ကြားလျှင် ကြားချင်း

မွတ်စ္စလင်မ်တစ်ဦးအနေဖြင့် 'ဤသည် ပွင့်လင်းထင်ရှားသော လိမ်လည်စွပ်စွဲခြင်းသာ ဖြစ်သည်' ဟု ပြောကြားလိုက်ရန်မှာ အီမာန်၏ တောင်းဆိုချက်ဖြစ်ကြောင်း သင်ကြားပေးထားသည်။

ဤအာယသ်တော်၏ သင်ကြားပေးချက်အရ မွတ်စ္စလင်မ်တစ်ဦး၏ ပြစ်မှု (သို့) အပြစ်အနာအဆာ ရှိကြောင်း သိရှိရသောအခါ ရှရီအသ်တရားတော်၏ အထောက်အထားတစ်စုံတစ်ရာ မရှိသမျှ ကာလ ပတ်လုံး ထိုမွတ်စ္စလင်မ်အပေါ် ကောင်းသောအမြင်သာ ထားရခြင်းနှင့် မည်သည့်အထောက်အထား တစ်စုံ တစ်ရာမျှ မရှိဘဲ ထိုသူသည် အပြစ်ရှိသူ၊ အပြစ်ထိုက်သူဟု မှတ်ယူပါလျှင် ဤမှတ်ယူမှုကို လိမ်လည် မှုသားဟု သတ်မှတ်ရန်မှာ အီမာန်၏ တောင်းဆိုချက်ဖြစ်သည့်အကြောင်း အတည်ဖြစ်ပေသည်။

ဓမ္မသတ် ။ ။ မွတ်စ္စလင်မ်အမျိုးသား၊ အမျိုးသမီးတိုင်းအပေါ် ကောင်းသော ထင်မြင်ချက်ထားရန် 'ဝါဂျိဗ်'ဖြစ်သည်။ ရှရီအသ်တရားတော်၏ အထောက်အထား တစ်စုံတစ်ရာဖြင့် ထိုကောင်းသော ထင်မြင် ချက်နှင့် မဆန့်ကျင်သမျှ ကောင်းသော ထင်မြင်ချက် ထားရမည့်အကြောင်း အတည်ဖြစ်ပေသည်။ တရား တော်၏ အထောက်အထားတစ်စုံတစ်ရာမရှိဘဲ မွတ်စ္စလင်မ်တစ်ဦးအပေါ် စွပ်စွဲမှုပြုပါလျှင် ၎င်း၏ စွပ်စွဲ ခြင်းကို ပယ်ချပြီး ၎င်းအား မုသားလိမ်လည်သူဟု သတ်မှတ်ရန် 'ဝါဂျိဗ်'ဖြစ်သည်။ အကြောင်းမှာ ဤလုပ်ရပ်သည် အတင်းအဖျင်းနှင့် မွတ်စ္စလင်မ်တစ်ဦးကို အကြောင်းမဲ့ သေးသိမ်စေခြင်းလုပ်ရပ်တစ်ခု ဖြစ်သောကြောင့်ပင် ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

لَوْلَا جَاءُوْا عَلَيْهِ بِأَرْبَعَةِ شُهَدَاءَ فَإِذْ لَمْ يَأْتُوْا بِالشُّهَدَاءِ
فَأُولٰٓئِكَ عِنْدَ اللهِ هُمُ الْكٰذِبُوْنَ

ဤအာယသ်တော်၏ ပထမအပိုဒ်တွင် ညွှန်ကြားထားသည်မှာ ဤကဲ့သို့သော သတင်းကို ကျော်ကြား စေသူများနှင့် စပ်လျဉ်း၍ မွတ်စ္စလင်မ်များသည် ၎င်းတို့၏ စကားများကို ဖြန့်ချီမည့်အစား ၎င်းတို့ထံမှ အထောက်အထားတောင်းဆိုရပေမည်။ 'ဇေနာ'ကျူးလွန်မှုကြောင့် စွပ်စွဲခြင်းအရေးကိစ္စတွင် တရားတော်၏ အထောက်အထားမှာ သက်သေ (၄) ဦး မရှိဘဲ အတည်မပြုနိုင်ပေ။ ထို့ကြောင့် ၎င်းတို့ထံမှ 'အသင်တို့ ပြောဆိုနေကြခြင်းအပေါ် သက်သေ (၄) ဦး တင်ပြပါ'ဟု တောင်းဆိုရမည်။ သို့မဟုတ် ၎င်းတို့အား ပါးစပ်ပိတ်စေရမည်။ ဒုတိယအပိုဒ်တွင် '၎င်းတို့သည် သက်သေ (၄) ဦး မတင်ပြနိုင်လျှင် အလ္လာဟ်အသျှင် မြတ်ထံတော်တွင် ဤသို့သောသူများသည်ပင် မုသားလိမ်လည်သူများ ဖြစ်ကြသည်'ဟု မိန့်ကြားထားသည်။

ဤနေရာတွင် မဖြစ်နိုင်ဟု မဆိုသာသော အကြောင်းတစ်ခုကို လေးနက်စွာ စဉ်းစားရန် ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးသည် မိမိ၏ မျက်လုံးများဖြင့် အဆိုပါဖြစ်ရပ်တစ်ခုကို တွေ့မြင်ခဲ့ရသည်။ သို့ရာတွင် ၎င်းသူသည် ထိုအကြောင်း ဖြစ်ရပ်ကို အခြားသက်သေမရှိဘဲ မိမိကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည့် ဤဖြစ်ရပ်ကို တင်ပြလေသောအခါ ထိုသူ့အား မုသားဆိုသူဟု အဘယ်ကြောင့် ပြောဆို နိုင်ပါမည်နည်း။ အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ထိုသူသည် မုသားပြောဆိုသူဖြစ်သည်ဟု

ဆိုခြင်းကို မည်သို့မျှ နားမလည်နိုင်ပါချေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ဖြစ်ရပ်ဟူသရွေ့တို့၏ အရင်းအမြစ်ကို သိရှိတော်မူပြီး ဤဖြစ်ရပ် ဖြစ်ပေါ်လာရခြင်းကိုလည်း သိရှိတော်မူသည့်အခါ ထိုသူသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် မုသားပြောဆိုသူ ဖြစ်သည်ဟု မည်သို့ သတ်မှတ်နိုင်ပါသနည်း။

ထိုမေးခွန်းအတွက် အဖြေနှစ်ခုရှိသည်။ ၄င်းမှာ-

(၁) ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ဆိုသည့် သဘောမှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့် အလ္လာဟ်အသျှင်မြတ်၏ ဥပဒေဟု ဆိုလိုခြင်းဖြစ်သည်။ ဤသူသည် အလ္လာဟ်အသျှင်မြတ်၏ ဥပဒေနှင့် အသျှင်မြတ်၏ အမိန့်တော်များ၏ ရှုထောင့်မှ လိမ်လည်မုသားဆိုသူဟု သတ်မှတ်ရမည်။ ထိုသူ့အပေါ် စွပ်စွဲသည့် အပြစ်ဒဏ်ချမှတ်ရပေမည်။ အကြောင်းမှာ အသျှင်မြတ်၏ အမိန့်တော်သည် သက်သေ (၄) ဦး မရှိပါလျှင် ဖြစ်ရပ်ကို မြင်တွေ့ရသူဖြစ်လင့်ကစား ထိုဖြစ်ရပ်ကို မတင်ပြလေနှင့်။ သက်သေ (၄) ဦးမရှိဘဲ တင်ပြပါလျှင် ထိုသူသည် ဥပဒေအရလည်းကောင်း၊ အမိန့်တော်အရလည်းကောင်း လိမ်လည်သူဟု သတ်မှတ်ခံရပြီး အပြစ်ဒဏ်ခံရပေမည်။

(၂) အကျိုးမဲ့သော မည်သည့်လုပ်ရပ်ကိုမျှ မပြုခြင်းသည် မွတ်စ္စလင်မ်၏ ဂုဏ်ရည် ဖြစ်သည်။ အထူးသဖြင့် ဤကဲ့သို့သော လုပ်ရပ်မျိုးတွင် အခြားသော မွတ်စ္စလင်မ်အပေါ်၌ စွပ်စွဲချက် တစ်စုံတစ်ရာ သတ်မှတ်ပါလျှင် မွတ်စ္စလင်မ်အနေဖြင့် အခြားမွတ်စ္စလင်မ်တစ်ဦးနှင့် ဆန့်ကျင်၍ အပြစ်နှင့် ပြစ်မှု တစ်စုံတစ်ရာရှိကြောင်း ထွက်ဆိုချက်ကို ထိုအပြစ်များ ကျူးလွန်ခြင်း ရပ်တန့်သွားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့်သာ ပြုနိုင်ပေသည်။ တစ်စုံတစ်ဦးကို သေးသိမ်စေခြင်း (သို့) ဒုက္ခရောက်စေခြင်း ရည်ရွယ်ချက် မပါရှိပေ။ သို့ဖြစ်ပေရာ အကြင်သူသည် သက်သေ (၄) ဦးမရှိဘဲ ထိုကိစ္စမျိုး၌ သက်သေထွက်ဆိုခြင်းကို နှုတ်မှ ဖွင့်ဟလိုက်ပါလျှင် ဆိုလိုသည်မှာ ကျွန်ုပ်သည် ဤစကားကို လူတို့အား ပြုပြင်ရန်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းတွင် မကောင်းမှုများမှ ကာကွယ်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များကို တားဆီးပိတ်ပင်ရန်လည်းကောင်း ပြောဆိုနေရပါသည်'ဟု ဆိုပေမည်။ သို့ရာတွင် ရှရီအသ်တရားတော်၏ ဥပဒေမှာ သက်သေ (၄) ဦးမရှိဘဲ ဤကဲ့သို့သော သက်သေထွက်ဆိုမှုပြုခြင်းဖြင့် ထိုစွပ်စွဲခံရသူအပေါ်တွင် မည်သည့်အပြစ်ဒဏ်မှလည်း ကျရောက်မည်မဟုတ်။ အထောက်အထားတစ်စုံတစ်ရာ မရှိသည့်အခါ ပြောင်းပြန်အနေဖြင့် ထိုသို့ သက်သေထွက်ဆိုသူ အပေါ်မှာသာ မုသားလိမ်လည်ခြင်း၏ အပြစ်ဒဏ် ထိုက်သက်သွားပေမည်။ ထိုအခါ ကျွန်ုပ်သည် လူတို့အား ပြုပြင်ရန်နှင့် မကောင်းမှုဒုစရိုက်များမှ ပိတ်ပင်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ဤသို့ သက်သေထွက်ဆိုရခြင်း ဖြစ်ပါသည်ဟူသော ၄င်း၏ ကြွေးကြော်မှုသည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လိမ်လည်မုသားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှရီအသ် တရားတော်၏ ဥပဒေအရ သက်သေထွက်ဆိုမှု' အတည်မဖြစ်ဟု ဆိုသည့် အခြေအနေတွင် နီယသ်သည် အထမမြောက်တော့ပေ။

[မဇှဟ်ရီကျမ်း]

အရေးကြီးသော သတိပေးခြင်းတစ်ရပ်

ဖော်ပြပါအာယသ်တော်နှစ်ပါးတွင် မွတ်စ္စလင်မ်တိုင်းသည် အခြားမွတ်စ္စလင်မ်များအပေါ် ကောင်းသော အထင်အမြင် ထားရှိရန် ညွှန်ကြားခြင်းနှင့် ထိုညွှန်ကြားချက်နှင့် ဆန့်ကျင်သော အထောက်အထားမဲ့သည့် စကားများကို ပယ်ချခြင်းမှာ 'ဝါဂျိဗ်'ဖြစ်သည်ဟု သတ်မှတ်ထားသည်။ ဤသို့ဆိုလျှင် တမန်တော်မြတ် ﷺ သည် အစကနဦးမှပင် ဤသတင်း မှားယွင်းသည်ကို ယုံကြည်ကြောင်း အဘယ်ကြောင့် မိန့်ကြားခြင်း မပြုခဲ့ပါသနည်း။ ဤသတင်းကို အဘယ်ကြောင့် ပယ်ချခြင်း မပြုခဲ့ပါသနည်း။ တစ်လထိတိုင် ဒွိဟသံသယ ၏ အခြေအနေ၌ အဘယ်ကြောင့် နေခဲ့ပါသနည်း။ နောက်ဆုံးတွင် ဟဇရသ်အာအေရှာဟ် ﷺ သခင်မအား 'အကယ်၍ အသင်မသည် တစ်စုံတစ်ရာ မှားယွင်းခဲ့ပါလျှင် 'သောင်ဗာဟ်'ပြုရမည်'ဟု မိန့်ကြားတော် မူခဲ့ပါသည်ဟူ၍ ဤအချက်များအပေါ်၌ မည်သည့်သံသယမျှ ဖြစ်ရန် မထိုက်ပေ။

အကြောင်းမှာ ဤနေရာတွင် မွတ်စ္စလင်မ်တစ်ဦးအဖို့ အခြားမွတ်စ္စလင်မ်တစ်ဦးအပေါ် ကောင်းသော ထင်မြင်မှုထားရန် အမိန့်သည် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ဖြစ်ပေါ်ခဲ့သည့် သံသယနှင့် ဆန့်ကျင်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ သည် ထိုသတင်းကို ထောက်ခံမှုလည်း မပြုခဲ့။ ထိုသတင်း၏ တောင်းဆိုချက်အပေါ် မည်သည့်ပြုကျင့်မှုမျှလည်း ပြုတော်မမူခဲ့။ ထိုသတင်းကို ကျော်ကြား စေရန်လည်း မနှစ်သက်ခဲ့ဟု ဆွဟာဗာများ၏ ထိုင်ဝိုင်းတွင်

مَا عَلِمْتُ عَلٰى اَهْلِى اِلَّا خَيْرًا

'ကျွန်ုပ်သည် ကျွန်ုပ်၏ ဇနီးအပေါ် ကောင်းမွန်ခြင်းများမှအပ အခြားမည်သည့်ကိုမျှ မသိပါ'ဟု မိန့်ကြားတော်မူခဲ့သောကြောင့် ဖြစ်သည်။ ဤအကြောင်းအချက်အားလုံးသည် ဖော်ပြပါအာယသ်တော် များအပေါ် 'အမလ်'ပြုကျင့်ခြင်းနှင့် ကောင်းသော ထင်မြင်ချက်ထားကြောင်း သက်သေသာဓကများပင် ဖြစ်သည်။ သို့ရာတွင် ဒွိဟသံသယကို လွင့်ပျယ်စေသည့် တိကျသော ယတိပြတ် အသိတရားမှာမူ စင်ကြယ် သန့်ရှင်းအပြစ်ကင်းကြောင်း အာယသ်တော်များ ကျရောက်လာသည့်အချိန်၌ ဖြစ်သည်။

အချုပ်ဆိုရသော် စိတ်တွင် ဒွိဟသံသာ တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းနှင့် တမန်တော်မြတ် ﷺ ပြု တော်မူခဲ့သကဲ့သို့ ဆင်ခြင်သော အကြံအစည်များ အသုံးပြုခြင်းတို့မှာ ထိုအချက်များ၏ တောင်းဆိုမှုအပေါ် မည်သည့် 'အမလ်'ပြုကျင့်မှုမျှ မပြုလုပ်ခဲ့ပါလျှင် မွတ်စ္စလင်မ်များအပေါ် အကောင်းထင်မြင်ခြင်းနှင့် မဆန့်ကျင်ပါချေ။ ဤအရေးကိစ္စတွင် စွပ်စွဲသည့် အပြစ်ဒဏ်ခံခဲ့ရသော မွတ်စ္စလင်မ်များသည် ထိုအာယသ် တော်နှစ်ပါးတွင် ၎င်းတို့အပေါ် အရေးယူခံရမည့်အကြောင်း လာရှိသည်။ ၎င်းတို့သည် ထိုသတင်းအပေါ် ဖြန့်ချိမှု၊ ဝါဒဖြန့်မှုများဖြင့် ထိုသတင်း၏ တောင်းဆိုမှုအပေါ် 'အမလ်'ပြုကျင့်ခဲ့ကြသည်။ ထိုအာယသ် တော်များ မကျရောက်မီကလည်း ထိုလုပ်ရပ်များသည် အပြစ်ဒဏ်ထိုက်သင့်သော လုပ်ရပ်များ ဖြစ်သည်။

وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ فِى الدُّنْيَا وَالْاٰخِرَةِ لَمَسَّكُمْ فِىْ مَا اَفَضْتُمْ فِيْهِ عَذَابٌ عَظِيْمٌ

ဤအာယသ်တော်သည် စွပ်စွဲမှုအတွင်း၌ အကြောင်းတစ်မျိုးမျိုးဖြင့် ပါဝင် ပတ်သက်ခဲ့သော မွတ်စ္စလင်မ်များနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် 'သောင်ဗာဟ်'ပြုခဲ့ကြသည်။ အချို့အပေါ်၌ အပြစ်ဒဏ်လည်း ပေးခဲ့ပြီးဖြစ်သည်။ ၎င်းတို့အားလုံးကို ဤအာယသ်တော်က မိန့်ဆိုသည်မှာ အသင်တို့ ကျူးလွန်ခဲ့သည့် ပြစ်မှုသည် အလွန်ကြီးလေးသောပြစ်မှုပင် ဖြစ်သည်။ ရှေးအခါက ပြစ်မှုကျူးလွန်သည့် လူမျိုးစုတို့အပေါ် ပြစ်ဒဏ်ကျရောက်ခဲ့သည့်အတိုင်း ထိုပြစ်မှုကျူးလွန်ခြင်းအပေါ် လောကီ၌လည်း 'အဇာဗ်'အပြစ်ဒဏ်များ ကျရောက်လာနိုင်ပါသည်။ 'အာခေရသ်' လောကုတ္တရာတွင်လည်း ထိုသူ့အပေါ် အလွန်ပြင်းထန်သည့် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ပေမည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ဆက်ဆံတော်မူခြင်းသည် အသင်တို့အပေါ်တွင် ကျေးဇူးတော်များနှင့် ကရုဏာတော်များသည် လောကီ၌လည်းကောင်း၊ လောကုတ္တရာ၌လည်းကောင်း ရှိပေသည်။ ထို့ကြောင့် 'အဇာဗ်'အပြစ်ဒဏ်သည် အသင်တို့အပေါ်မှ လွဲဖယ်သွားပေသည်။ လောကတွင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်များ ရှိခြင်းဆိုသည်မှာ ဦးစွာပထမ အစ္စလာမ်နှင့် အီမာန်ရရှိနိုင်မှုကို ချီးမြှင့်တော်မူခြင်း ဖြစ်သည်။ တစ်ဖန် 'အဇာဗ်'ကျရောက်ခြင်းကို အတားအဆီးဖြစ်စေသော တမန်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်း ရရှိမှုကို ချီးမြှင့်တော်မူသည်။ ထို့နောက် ကျူးလွန်မိခဲ့သည့် ပြစ်မှုမှ စစ်မှန်သည့် 'သောင်ဗာဟ်'ပြုနိုင်စွမ်း ချီးမြှင့်ခဲ့သည်။ ထို့နောက် ထို 'သောင်ဗာဟ်'ကို လက်ခံပေးတော်မူခြင်းတို့ ဖြစ်သည်။ 'အာခေရသ်' တမလွန်တွင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်များမှာ အသင်တို့အား ခွင့်လွှတ်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည့်အကြောင်း ကတိပြု မိန့်ဆိုထားခြင်း ဖြစ်သည်။

اِذْ تَلَقَّوْنَهٗ بِاَلْسِنَتِكُمْ

တွင် تَلَقِّى ၏ အလိုသဘောမှာ တစ်ဦးနှင့်တစ်ဦး မေးမြန်းခြင်းနှင့် ပြန်လည် ဆင့်ပြန်ခြင်းဟု ဖြစ်သည်။ ဤနေရာတွင် စကားကို နားထောင်ပြီး အထောက်အထားမဲ့ လေ့လာဆန်းစစ်ခြင်း မပြုဘဲ ထပ်ဆင့် ပြန်ကြားခြင်းကို ဆိုလိုသည်။

وَتَحْسَبُوْنَهٗ هَيِّنًا وَّهُوَ عِنْدَ اللّٰهِ عَظِيْمٌ

ဆိုလိုသည်မှာ 'အသင်တို့သည် ထိုကိစ္စနှင့် စပ်လျဉ်း၍ ကြားသိရသည့်အတိုင်း ပြန်လည်ဆင့်ပြန်ပြောကြားခြင်းသာ ဖြစ်သည်'ဟူ၍ ပေါ့ပေါ့တန်တန် ယူဆနေကြသည်။ သို့ရာတွင် ဤသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အလွန်ကြီးလေးသော အပြစ် 'ဂိုနာဟ်'ဖြစ်ပေသည်။ အကြောင်းမှာ အထောက်အထားမဲ့ ဆန်းစစ်လေ့လာခြင်း မပြုထားဘဲ အခြားမွတ်စ္စလင်မ်တစ်ဦးအဖို့ အလွန်ပြင်းထန်

သည့် ဒုက္ခဖြစ်စေပြီး သေးသိမ်မှုလည်း ဖြစ်မည်။ ထို့အပြင် ၎င်းတို့အဖို့ ဘ၀တစ်လျှောက်လုံး အခက်တွေ့စေမည့် ဤစကားမျိုးကို ဖြန့်ချီသောကြောင့် ဖြစ်သည်။

وَلَوْ لَا اِذْ سَمِعْتُمُوْهُ قُلْتُمْ مَّا يَكُوْنُ لَنَا اَنْ نَّتَكَلَّمَ بِهٰذَا سُبْحٰنَكَ هٰذَا بُهْتَانٌ عَظِيْمٌ

ဆိုလိုသည်မှာ 'အသင်တို့သည် ဤကောလဟာလစကားကို ကြားခဲ့ရစဉ်က 'ကျွန်ုပ်တို့အတွက် ဤစကားမျိုး ပြောကြားရန် မပိုင်။ အလ္လာဟ်အသျှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။ ဤသည်မှာ အလွန်ကြီးလေးသည့် စွပ်စွဲခြင်းသာ ဖြစ်သည်'ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြလေသနည်း' ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် ရှေ့အာယသ်တော်တစ်ပါးမှ လာပြီးသည်ကိုပင် ညွှန်ကြားတော်မူထားသည်။ ဤအာယသ်တော်၌ အဓိုရှင်းလင်းချက် ပါရှိသည်မှာ 'မွတ်စ္စလင်မ်များအဖို့ ဤသို့သော သတင်းစကားမျိုး ကြားရသည့်အချိန်တွင် မည်သို့ ပြုလုပ်ရပါမည်နည်း'ဟု ဆိုလျှင် 'ဤကဲ့သို့ အခြေအမြစ်မရှိ၊ အထောက်အထားမဲ့သည့် စကားမျိုးကို ကျွန်ုပ်တို့၏ ပါးစပ်မှ ထွက်ရန် ကျွန်ုပ်တို့အဖို့ မပိုင်ပါ။ ဤသည် အလွန်ကြီးလေးသည့် စွပ်စွဲချက်ပင် ဖြစ်သည်' ဟူ၍ ပွင့်လင်းစွာ ပြောကြားလိုက်ရမည်ဟု ဖြစ်သည်။

သံသယတစ်ခုနှင့် အဖြေ

ဖြစ်ရပ်တစ်ခု၏ မှန်ကန်ခြင်းကို အထောက်အထားမရှိဘဲ မသိရှိနိုင်ပေ။ ထို့ကြောင့် ထိုဖြစ်ရပ်အကြောင်းကို နှုတ်မှ ထုတ်ဖော်ခြင်း၊ ကျော်ကြားစေခြင်း မပိုင်ကြောင်း သိရှိရသည်။ အလားတူ စကားတစ်ခုခု၏ လိမ်လည်မှုဖြစ်ကြောင်းကိုလည်း အထောက်အထားမရှိဘဲ ဤသည် ကြီးမားသော စွပ်စွဲချက်ဖြစ်သည်ဟူ၍ အတည်မပြုနိုင်ပါ' ဟူ၍ လူတစ်ဦးက 'သံသယဖြစ်နေမည်ဆိုလျှင် ၎င်း၏ အဖြေမှာ 'မွတ်စ္စလင်မ်တိုင်းအား အပြစ် 'ဂိုနာဟ်' များမှ သန့်ရှင်းသည်ဟု ယူဆခြင်းသည် ရှရီအသ်တရားတော်၏ အရင်းအမြစ်ဖြစ်သည်။ ဤသည်မှာ အထောက်အထားဖြင့် အတည်ဖြစ်သည်။ ဤသည်နှင့် ဆန့်ကျင်၍ အထောက်အထားမဲ့ ပြောကြားသည့် စကားကို လိမ်လည်မှုသားဖြစ်ကြောင်း မှတ်ယူရန် မည်သည့် အထောက်အထားမျှ မလိုအပ်ပေ။ မုအ်မင်န်မွတ်စ္စလင်မ်တစ်ဦးအပေါ် အခြေအမြစ်မဲ့ ရှရီအသ်တရားတော်၏ အထောက်အထားမရှိဘဲ စွပ်စွဲမှုပြုခြင်း ဖြစ်သည့်အတွက် ဤသည် ကြီးလေးသော စွပ်စွဲချက်ဖြစ်သည်ဟု ပြောဆိုရန် လုံလောက်ပေသည်။

اِنَّ الَّذِيْنَ يُحِبُّوْنَ اَنْ تَشِيْعَ الْفَاحِشَةُ فِى الَّذِيْنَ اٰمَنُوْا لَهُمْ عَذَابٌ اَلِيْمٌ فِى الدُّنْيَا وَالْاٰخِرَةِ

ဤအာယသ်တော်တွင် ဤကြီးကျယ်သည့် စွပ်စွဲမှု၌ မည်သည့်နည်းနှင့်မဆို ပါ၀င်သူများအား ရှုတ်ချခြင်းနှင့် ၎င်းတို့အပေါ် လောကီနှင့် လောကုတ္တရာ၏ 'အဇာဗ်'အပြစ်ဒဏ်ရှိကြောင်း ခြိမ်းခြောက်နှိုးဆော်ထားခြင်း ဖြစ်သည်။

ဤအာယသ်တော်တွင် ထိုသတင်း ဖြန့်ချီသူတို့၏ ရည်ရွယ်ချက်မှာ မွတ်စ္စလင်မ်များတွင် မကောင်းမှု ဒုစရိုက်များနှင့် ရမ္မက်ဆန္ဒများ ပျံ့နှံ့သွားစေရန်ဖြစ်ကြောင်းကို ဖော်ပြထားသည်။

မကောင်းမှု ဒုစရိုက်များကို ပိတ်ပင်တားဆီးခြင်းဆိုင်ရာ ကုရ်အာန်ကျမ်းတော်မြတ်၏ အစီအမံနှင့် အရေးကြီးသော လုပ်ဆောင်ချက်တစ်ရပ်အား အလေးမမူ၊ မနှစ်သက်ခြင်း၏ အကျိုးဆက်သည် မျက်မှောက်ခေတ်၌ အရှက်ကင်းမဲ့မှုများ များပြားလာခဲ့ရခြင်း

ကုရ်အာန်ကျမ်းတော်မြတ်သည် အရှက်ကင်းမဲ့မှုများကို တားဆီးရန်အတွက် အစီအမံများ ချမှတ်ထားသည်။ ဦးစွာပထမ ထိုကဲ့သို့သော မဟုတ်မမှန် သတင်းများ မည်သည့်နေရာကိုမျှ ပြန့်နှံ့ကျော်ကြားခြင်း မရှိစေရန်ဖြစ်သည်။ ပြန့်နှံ့ကျော်ကြားသွားပါလျှင် ရှရီအသ်ရားတော်အရ အထောက်အထား ရှိစေရမည်ဖြစ်သည်။ သို့မှသာ ကျော်ကြားခြင်းနှင့်အတူ လူထုရှေ့မှောက်တွင် 'ဇေနာ'အမှုကျူးလွန်ခြင်း၏ အပြစ်ဒဏ်ကို ထိုသူ့အပေါ်၌ စီရင်ချမှတ်ပြီး ဤကျော်ကြားမှုကိုပင် အရှက်ကင်းမှုများ တားဆီးပိတ်ပင်သည့် အကြောင်းခံအဖြစ် ပြုထားသည်။ တရားတော်အရ အထောက်အထားမရှိသော နေရာမျိုးတွင် ဤကဲ့သို့ အရှက်ကင်းမဲ့သည့် လုပ်ရပ်များ၏ သတင်းများကို ဖြန့်ချီခြင်း၊ ကျော်ကြားစေခြင်းများ ပြုလုပ်သူအား အပြစ်ဒဏ်မပေးသည့်အခါ သဘာဝအလျောက် လူတို့၏ စိတ်နှလုံးသားတွင် အရှက်ကင်းမဲ့သည့် လုပ်ရပ်များအပေါ် ရွံရှာမုန်းတီးသည့် စိတ်များ လျော့နည်းလာပြီး ပြစ်မှုဒုစရိုက်များအပေါ် ခြေလှမ်းပြင်ခြင်းနှင့် ဖြန့်ချီခြင်းများ ပြုလုပ်ရန် ဖြစ်လာခဲ့လေသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ မျက်မှောက်ခေတ်သတင်းစာများတွင် နေ့စဉ် တွေ့မြင်နေရသည်။ ဤကဲ့သို့သော သတင်းများကို နေ့စဉ် သတင်းစာတိုင်းတွင် ဖြန့်ချီလျက်ရှိသည်။ ငယ်ရွယ်နုပျိုသူများ၊ အမျိုးသားများနှင့် အမျိုးသမီးများသည် အဆိုပါသတင်းများကို ဖတ်ရှုနေကြသည်။ နေ့စဉ်နှင့်အမျှ ဤကဲ့သို့သော သတင်းများ၊ ရှေ့မှောက်၌ ရောက်ရှိလာခြင်းနှင့် ထိုသို့ ပြုမှုချက်များအပေါ် မည်သည့်ပြစ်ဒဏ်မျှ အထူးစီရင်ခံရခြင်းများ မရှိသည့်အပေါ် သဘာဝအလျောက် ဖြစ်ပေါ်လာလျက်ရှိသည်မှာ ထိုလုပ်ရပ်များကို ကြည့်လျက် ယင်းလုပ်ရပ်များသည် ညစ်ညမ်းသော လုပ်ရပ်အဖြစ်မှ ယုတ်လျော့သည့် အမြင်များ ဖြစ်ပေါ်လာခဲ့သည်။ တစ်ဖန် အတွင်းပိုင်း စိတ်နေသဘောထားသည် ရဲတင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ဤသို့သော သတင်းများ၏ ကျော်ကြားပြန့်နှံ့စေခြင်းကို ရှရီအသ်တရားတော်၏ အထောက်အထားများနှင့်တကွ ဖြစ်စေပြီး ထိုလုပ်ရပ်၏ အကျိုးဆက်ကို သတင်းပြန့်နှံ့ကျော်ကြားခြင်းနှင့်အတူ ထိုရှက်ဖွယ်လုပ်ရပ်ကြောင့် ပျက်စီးရခြင်း၏ အကျိုးဆက်ကိုလည်း တွေ့မြင်သူ၊ ကြားရသူများ၏ ရှေ့မှောက်သို့ ရောက်ရှိစေခဲ့ရန် ဖြစ်သည်။ အထောက်အထားနှင့် အပြစ်ဒဏ်မရှိသော နေရာများတွင် ဤကဲ့သို့သော သတင်းမျိုး ဖြန့်ချီခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်သည် မွတ်စ္စလင်မ်တို့အတွင်း ရှက်ဖွယ်ကိစ္စများ ဖြန့်ချီခြင်းဟု သတ်မှတ်ခဲ့သည်။

وَلَا يَأْتَلِ اُولُوا الْفَضْلِ مِنْكُمْ وَالسَّعَةِ اَنْ يُّؤْتُوْا اُولِى الْقُرْبٰى
وَالْمَسٰكِيْنَ وَالْمُهٰجِرِيْنَ فِىْ سَبِيْلِ اللّٰهِ ۖ وَلْيَعْفُوْا وَلْيَصْفَحُوا ۗ
اَلَا تُحِبُّوْنَ اَنْ يَّغْفِرَ اللّٰهُ لَكُمْ ۗ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ

ဤအာယသ်တော်တွင် ဤကဲ့သို့သော အထောက်အထားမရှိသော သတင်းမျိုးကို ဖြန့်ချိမှု ပြုသူများအပေါ် လောကီနှင့် လောကုတ္တရာ နှစ်ဌာနစလုံးတွင် အလွန်ပြင်းပြနာကျင်ဖွယ်ရာ အပြစ်ဒဏ်ရှိကြောင်း ဖော်ပြထားသည်။ တမလွန်၏ 'အဇားဗ်'မှာမူ 'ကေယာမသ်'ဖြစ်ပြီးနောက် ရှိသည်မှာ အထင်အရှား ဖြစ်ပါသည်။ ဤလောကီတွင် ဖြစ်ပေါ်လာမည်မဟုတ်ပေ။ သို့ရာတွင် လောက၏ အပြစ်ဒဏ်မှာမူ ကျရောက် ထိုက်ပေသည်။ သို့ဖြစ်ပေရာ စွပ်စွဲခြင်း အပြစ်ဒဏ် စီရင်ချက်ချမှတ်ခံရပြီး သူတို့အပေါ်တွင် လောက၏ အပြစ်ဒဏ် ကျရောက်ခဲ့ပြီး ဖြစ်ပေသည်။ အကယ်၍ လူတစ်ဦးသည် အပြစ်ဒဏ်ချမှတ်ရန် စည်းကမ်း ဥပဒေများ မရှိသည့်အတွက် စွပ်စွဲခြင်းအပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရရှိသွားသည့်တိုင် ထိုသူသည် လောက၌ လည်း အပြစ်ဒဏ်နှင့် ထိုက်သက်သူကား ဖြစ်နေပေမည်။

ဆွဟာဗာများအဖို့ မြင့်မားသော စာရိတ္တမွန်များအား သင်ကြားပေးခြင်း

وَلَا يَأْتَلِ တွင် اِئْتِلَاء 'အိအ်သိလာ'၏ အဓိပ္ပာယ်သည် 'ကစမ်ကျိန်ဆိုခြင်း'ဟု ဖြစ်သည်။

ဟဇရသ်အာအေရှာဟ် ﷺ အပေါ် စွပ်စွဲမှုဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်တွင် မွတ်စ္စလင်မ်များအနက် မိစ်သွဟ် ﷺ နှင့် ဟတ်စာန် ﷺ နှစ်ဦးလည်း ပါဝင်ခဲ့ကြသည်။ ၎င်းတို့အပေါ် တမန်တော်မြတ် ﷺ သည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြောင်း အာယသ်တော်များ ကျရောက်လာသောအခါ စွပ်စွဲခြင်း အပြစ်ဒဏ် ကို ပေးတော်မူခဲ့သည်။ မိစ်သွဟ် ﷺ နှင့် ဟတ်စာန် ﷺ တို့နှစ်ဦးစလုံးသည် ထိပ်တန်းဆွဟာဗာများဖြစ်ပြီး 'ဗဒရ်'စစ်ပွဲ၌ ပါဝင်ခဲ့သူများ ဖြစ်သည်။ သို့ရာတွင် ချွတ်ချော်မှားယွင်းမှုတစ်ခု ဖြစ်ပေါ်ခဲ့ရပြီး တစ်ဖန် စစ်မှန်သော 'သောင်ဗာဟ်'ပြုခွင့် ရရှိခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အာအေရှာဟ် ﷺ ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြောင်း အာယသ်တော်များ ချပေးတော်မူသည့်အတိုင်း ထိုမုအ်မင်န် တို့၏ 'သောင်ဗာဟ်'ကို လက်ခံတော်မူခြင်းနှင့် ခွင့်လွှတ်ချမ်းသာပေးတော်မူသည့်အကြောင်းကိုလည်း ကြေညာတော်မူခဲ့သည်။

မိစ်သွဟ် ﷺ သည် ဟဇရသ်အာဗူဗာကရ် ﷺ ၏ ဆွေမျိုးရင်းချာဖြစ်သည်။ ဆင်းရဲသားလည်း ဖြစ်သည်။ ဟဇရသ်အာဗူဗာကရ် ﷺ သည် ၎င်းအား ဥစ္စာပစ္စည်းများဖြင့် ကူညီပံ့ပိုးလျက် ရှိခဲ့သည်။ မဟုတ်မမှန် စွပ်စွဲသည့် ဖြစ်ရပ်တွင် မိစ်သွဟ် ﷺ လည်း ပါဝင်ပတ်သက်ကြောင်း သိရှိရသောအခါ ဟဇရသ် အာအေရှာဟ် ﷺ ၏ ဖခင်ဖြစ်သည့်အလျောက် ဖခင်တို့၏ သနားကရုဏာသည် သမီးဖြစ်သူ၏

ပြင်းထန်သော နာကျင် ခံစားရမှုကြောင့် သဘာဝအလျောက် မိစ်သွဟ် ﷺ အပေါ် စိတ်ဆိုးနာကျည်းခြင်း ဖြစ်ရလေသည်။ ထို့ကြောင့် 'နောက်နောင်တွင် ၄င်းအား မည်သည့်ဥစ္စာပစ္စည်းဖြင့်မျှ ကူညီပံ့ပိုးခြင်း ပြုတော့မည်မဟုတ်' ဟု 'ကစမ်'ကျိန်ဆိုလိုက်သည်။

သီးသန့်လူတစ်ဦးအား ဥစ္စာပစ္စည်းဖြင့် ကူညီပံ့ပိုးရန်မှာ သီးသန့်မွတ်စ္စလင်မ်တစ်ဦးအဖို့ သတ်မှတ်ထားသည့် 'ဝါဂျိဗ်'တာဝန်မဟုတ်ကြောင်း ထင်ရှားပေသည်။ မိမိကူညီပံ့ပိုးနေသည့်သူအား အကယ်၍ ကူညီပံ့ပိုးခြင်းကို ရပ်စဲလိုက်ပါလျှင်လည်း မည်သည့်အပြစ်ထိုက်စရာမျှ မရှိပေ။ သို့ရာတွင် ဆွဟာဗာ အုပ်စုအား အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာလောက၏ စံပြနမူနာအုပ်စုတစ်စုအနေဖြင့် ပြုတော်မူထားသည်။ ထို့ကြောင့် တစ်ဘက်တွင် ချွတ်ချော်မှားယွင်းခဲ့သူများကို စစ်မှန်သည့် 'သောင်ဗာဟ်'နှင့် နောက်နောင် အတွက် ပြုပြင်မှု၏ ကျေးဇူးတော်ကို ချီးမြှင့်တော်မူခဲ့သည်။ အခြားတစ်ဘက်တွင် သဘာဝအလျောက် ပူဆွေးသောက ဆိုက်ရောက်နေရခြင်းများကြောင့် ဤကဲ့သို့သော သူဆင်းရဲအပေါ် ကူညီပံ့ပိုးနေခြင်းကို စွန့်လွှတ်လိုက်ကြောင်း 'ကစမ်'ကျိန်ဆိုခဲ့ကြသော သူများအဖို့ မြင့်မားသော စာရိတ္တမွန်များအား သင်ကြားပေးခြင်းကို ဤအာယသ်တော်တွင် ပြုတော်မူထားသည်။ ၄င်းမှာ ထိုသူများအနေနှင့် ဤကစမ်ကျိန်ဆိုထားခြင်းကို ချိုးဖျက်လိုက်ရမည်။ ထို့နောက် 'ကဖ္ဖာရဟ်'ပေးဆောင်လိုက်ရမည်။ ထိုသူဆင်းရဲတို့အား ဥစ္စာငွေကြေးဖြင့် ကူညီပံ့ပိုးမှုကို ရပ်စဲလိုက်ခြင်းသည် ၄င်းတို့၏ မြင့်မားသော အဆင့်အတန်းနှင့် မကိုက်ညီပါ။ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်က ၄င်းတို့အား ခွင့်လွှတ်ချမ်းသာ ပြုတော်မူသကဲ့သို့ ၄င်းတို့အား ခွင့်လွှတ်ပေးကြရမည်' ဟု ဖြစ်သည်။

ဟဇရသ်မိစ်သွဟ် ﷺ အား ဥစ္စာငွေကြေးဖြင့် ကူညီပံ့ပိုးရန်မှာ တရားတော်အရ ဟဇရသ်အဗူဗကရ် ﷺ အပေါ်တွင် 'ဝါဂျိဗ်'တာဝန်မဟုတ်ပေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်က သာသနာရေးဆိုင်ရာ ထူးမြတ်မှု၊ အသိပညာနှင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ချောင်လည်စွာ သုံးစွဲနိုင်စွမ်း ချီးမြှင့်ခံရသူများအဖို့ ဤသို့ ကစမ်ကျိန်ဆိုရန် မထိုက်သည့်အကြောင်းကို ရွေးချယ်၍ မိန့်တော်မူထားသည်။ အာယသ်တော်တွင် اولوا الفضل နှင့် والسعة ဟူသော စာလုံးနှစ်လုံးသည် အဓိပ္ပာယ်တစ်မျိုးတည်းအတွက် ဖြစ်သည်။

ဤအာယသ်တော်၏ နောက်ဆုံးအပိုဒ်တွင် မိန့်ကြားထားသည်မှာ-

اَلَا تُحِبُّوْ نَ اَنْ يَّغْفِرَ اللهُ لَكُمْ

အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ အပြစ်များကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည်ကို အသင်တို့ မနှစ်သက်ကြပါသလော' ဟု ဖြစ်သည်။ ထိုအခါ ဟဇရသ်အဗူဗကရ် ﷺ က ချက်ချင်းပင်

والله انى احبّ ان يغفر الله لى

'အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အလ္လာဟ်အသျှင်မြတ်သည် ကျွန်တော်မျိုးအား 'မဂ်ဖေရသ်' လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည်ကို ကျွန်တော်မျိုး မုချ လိုလားပါသည်'ဟု ပြောဆိုလေသည်။

ထို့နောက် ချက်ချင်းပင် ဟဇရသ်မိစ်သွဟ် ﷺ အား ဥစ္စာငွေကြေးဖြင့် ကူညီမှု ပြုလေတော့သည်။ ထို့နောက် 'ယခုမှစ၍ မည်သည့်အခါမျှ ဤကူညီပံ့ပိုးမှုကို ဖိတ်ပင်တော့မည်မဟုတ်' ဟု ပြောဆိုလေသည်။

[ဘိုခါရီနှင့် မှတ်စုလင်မ်ကျမ်း]

ဤသည် ဆွဟာဗာတို့အား ပြုပြင်ခဲ့သော မြင့်မားသည့် စာရိတ္တမွန်များပင် ဖြစ်သည်။ ဆွဟီးဟ် ဘိုခါရီကျမ်းတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ က တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို ဆင့်ပြန်ခဲ့သည်မှာ-

ليس الواصل بالمكا فى ولكن الواصل الّذ ى اذ ا قطعت رحمه وصلها

ဆိုလိုသည်မှာ 'သားချင်းများနှင့် ကျေးဇူးတုန့်ပြန်မှုသာ ပြုသူသည် သားချင်းများနှင့် ဆက်သွယ်မှု အစစ်မဟုတ်ပေ။ ထိုမျှမက သားချင်းများနှင့် အဆက်အသွယ်ပြုသူအစစ်မှာ သားချင်းများက အဆက်ဖြတ်သည့်တိုင် ဤအဆက်အသွယ်ပြုခြင်းအပေါ် ရပ်တည်နေသူသာ ဖြစ်သည်။'

اِنَّ الَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ الْغٰفِلٰتِ الْمُؤْمِنٰتِ
لُعِنُوْا فِى الدُّنْيَا وَالْاٰخِرَةِ وَلَهُمْ عَذَابٌ عَظِيْمٌ

ဤအာယသ်တော်တွင် အပေါ်ယံအားဖြင့် ကြည့်လျှင် စွပ်စွဲခြင်းအကြောင်း တင်ပြခဲ့သော အာယသ်တော်များအကြောင်း ထပ်မံ တင်ပြခြင်းကဲ့သို့ ဖြစ်သည်။

وَالَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ ثُمَّ لَمْ يَاْتُوْا بِاَرْبَعَةِ شُهَدَآءَ فَاجْلِدُوْهُمْ
ثَمٰنِيْنَ جَلْدَةً وَّلَا تَقْبَلُوْا لَهُمْ شَهَادَةً اَبَدًا ۚ وَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ○
اِلَّا الَّذِيْنَ تَابُوْا مِنْۢ بَعْدِ ذٰلِكَ وَاَصْلَحُوْا ۚ فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ○

သို့သော် အမှန်စင်စစ် ထိုနှစ်နေရာမှ အာယသ်တော်များတွင် ကြီးမားသော ကွာခြားမှု ရှိသည်။ အဘယ်ကြောင့်ဆိုသော် စွပ်စွဲမှုအတွက် အပြစ်ပေးရန် ကျရောက်လာသည့် အာယသ်တော်များတွင် 'သောင်ဗာဟ်' ပြုသူများကို ဖယ်ထုတ်၍ ၎င်းတို့အတွက် 'မဂ်ဖေရသ်' လွတ်ငြိမ်းချမ်းသာခွင့် ပေးရန် ကတိပြုထားတော်မူသည်။ ဤအာယသ်တော်တွင် ဤသို့မဟုတ်ဘဲ လောကီနှင့် လောကုတ္တရာ နှစ်ဌာနစလုံးတွင် 'လအ်နသ်'နှင့် အကြီးမားဆုံးသော အပြစ်ဒဏ် ခံစားရမည့်အကြောင်း တင်ပြထားသည်။ ထိုအချက်ဖြင့် ဤအာယသ်တော်၏ ပတ်သက်မှုသည် ဟဇရသ်အာအေရှာဟ် ﷺ သခင်မအပေါ် စွပ်စွဲချက်များပြုလုပ်ပြီး 'သောင်ဗာဟ်'မပြုသူများဖြစ်ကြောင်း သိရှိရသည်။ နောက်ဆုံး ကုရ်အာန်ကျမ်းတော်မြတ်တွင် ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြောင်း အာယသ်တော်များ ကျရောက်လာပြီး နောက်တွင်လည်း ၎င်းတို့သည် မိမိတို့၏ ထိုစွပ်စွဲခြင်းအပေါ်၌ပင် ရပ်တည်နေကြပြီး စွပ်စွဲခြင်း

ဖြစ်ရပ်ကို ဝါဒဖြန့်ချီလျက် ရှိနေခဲ့ကြသည်။ ဤလုပ်ရပ်သည် မည်သည့်မွတ်စ္စလင်မ်ကမျှ ပြုလုပ်မည် မဟုတ်ဆိုသည်မှာ ထင်ရှားသည်။ မွတ်စ္စလင်မ်တစ်ဦးဦးက ကုရ်အာန်၏ အမိန့်အပေါ် ဤကဲ့သို့ ဆန့်ကျင်မှု ပြုပါလျှင် ထိုသူသည် မွတ်စ္စလင်မ်အဖြစ် မရှိနိုင်တော့ပေ။ ထို့ကြောင့် ဤအကြောင်း တင်ပြသည့် အာယသ် တော်များသည် ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြောင်း အာယသ် တော်များ ကျရောက်လာပြီး နောက်တွင်လည်း အဆိုပါ စွပ်စွဲချက်ကို မစွန့်လွှတ်သေးသည့် မုနာဖစ်က်များ နှင့် စပ်လျဉ်း၍ ကျရောက်လာကြောင်း သိရှိရသည်။ ၎င်းတို့၏ ကာဖိရ်ဖြစ်ခြင်းနှင့် မုနာဖစ်က်ဖြစ်ခြင်း တို့တွင် မည်သည့်ဒွိဟသံသယမျှ မရှိပါချေ။ 'သောင်ဗာဟ်' ပြုသူများအတွက် အလ္လာဟ်အသျှင်မြတ်က 'အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်များ' အကြောင်း မိန့်ကြားလျက် နှစ်ဘဝနှစ်ဌာန တွင် ကရုဏာပြုခံရသူများအဖြစ် သတ်မှတ်တော်မူခဲ့သည်။ 'သောင်ဗာဟ်' မပြုသူများကို ဤအာယသ်တော် တွင် လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံး၌ 'လအ်နသ်' ကျခံရသူများဟု မိန့်ဆိုထားသည်။ 'သောင်ဗာဟ်' ပြုသူများကို အပြစ်ဒဏ်မှ လွတ်ကင်းကြောင်း သတင်းကောင်း ပေးတော်မူသည်။ 'သောင်ဗာဟ်' မပြု သူများအဖို့ အလွန် ကြီးမားသည့် 'အဇားဗ်' အပြစ်ဒဏ်ရှိကြောင်း သတိပေး ခြိမ်းခြောက်ထားသည်။ 'သောင်ဗာဟ်' ပြုသူများ အဖို့ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ဟု မိန့်ကြားလျက် လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် သတင်းကောင်းပေးထားသည်။ 'သောင်ဗာဟ်' မပြုသူများကို ရှေ့အာယသ်တော် يَوْمَ تَشْهَدُ عَلَيْهِمْ တွင် ခွင့်လွှတ်တော်မူမည်မဟုတ်ကြောင်း သတိပေးခြိမ်းခြောက်ထားသည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

အရေးကြီးသော သတိပေးခြင်းတစ်ရပ်

ဟဇရသ်အာအေရှာဟ် ﷺ သခင်အပေါ် စွပ်စွဲခြင်းပြဿနာတွင် အချို့မွတ်စ္စလင်မ်များလည်း ပါဝင် ခဲ့ကြသည်။ ထိုပြဿနာ စတင်ဖြစ်ပွားသည့်အချိန်သည် အာအေရှာဟ် ﷺ သခင်မ၏ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြောင်း အာယသ်တော်များ မကျရောက်မီက ဖြစ်သည်။ ထိုအာယသ်တော် ကျရောက်လာပြီး နောက် ဟဇရသ်အာအေရှာဟ် ﷺ အပေါ် စွပ်စွဲချက်များ ပြုလုပ်သူသည် ဒွိဟသံသယမရှိ ကာဖိရ်နှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းဆိုသူဖြစ်သည်။ ဥပမာအားဖြင့် ရှီအဟ်တို့၏ အချို့အုပ်စုများနှင့် အချို့ သောသူတို့သည် ဤစွပ်စွဲချက်လုပ်ရပ်အတွင်း၌ နစ်မွန်းလျက် ရှိနေကြသည်ကို တွေ့ရှိနိုင်သည်။ ၎င်းတို့၏ ကာဖိရ်ဖြစ်ခြင်းတွင် ဒွိဟသံသယပင် မရှိနိုင်ပေ။ ၎င်းတို့သည် 'အိဂ်ျမာအေအွမ္မသ်' အရ ကာဖိရ်များ ဖြစ်ကြသည်။

يَوْمَ تَشْهَدُ عَلَيْهِمْ اَلْسِنَتُهُمْ وَاَيْدِيْهِمْ وَاَرْجُلُهُمْ بِمَا كَانُوْا يَعْمَلُوْنَ

ဆိုလိုသည်မှာ 'ထို (ကေယာမသ်) နေ့တွင် ၎င်းတို့နှင့် ဆန့်ကျင်၍ ၎င်းတို့၏ နှုတ်လျှာ၊ လက်နှင့် ခြေတို့က ကိုယ်တိုင် ပြောဆိုကြပေလိမ့်မည်။ ထို့နောက် ၎င်းတို့၏ ပြစ်မှုလုပ်ရပ်များကို ထွက်ဆိုကြလိမ့်

မည်'ဟု ဖြစ်သည်။ ဤသည် ဟဒီးစ်ဆင့်ပြန်ချက်များ၌ လာရှိသကဲ့သို့ပင် ဖြစ်သည်။ 'ကေယာမသ်'နေ့တွင် ပြစ်မှုကျူးလွန်သူသည် မိမိ၏ ပြစ်မှုများကို ဝန်ခံခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ အပြစ်များကို ခွင့်လွှတ်တော်မူလိမ့်မည်။ ထို့နောက် 'ဟရှရ်'ကွင်းပြင်၌ အများလူထုရှေ့တွင် ၎င်းသူ၏ အပြစ်များကို ဖုံးကွယ်ပေးတော်မူလိမ့်မည်။ ထို့ပြင် ထို 'ဟရှရ်'ကွင်းပြင်၌လည်း 'ကျွန်တော်မျိုးသည် ဤပြစ်မှုများကို မကျူးလွန်ခဲ့ပါ။ ကျွန်တော်မျိုးအား စောင့်ကြပ်သည့် ဖရစ်ရှ်သာဟ်များက မှားယွင်းလျက် ကျွန်တော်မျိုး၏ မှတ်တမ်းစာအုပ်၌ ရေးခဲ့ခြင်းသာ ဖြစ်ပါသည်' ဟု ငြင်းဆိုပါလျှင် ထိုအချိန်တွင် ၎င်းတို့၏ ပါးစပ်များသည် ပိတ်ထားခြင်း ခံကြရပေမည်။ လက်နှင့် ခြေထောက်တို့မှ သက်သေထွက်ဆိုမှုကို ယူပေလိမ့်မည်။ လက်နှင့် ခြေတို့က မေးသမျှကို ဖြေကြားပြောဆိုကြပေမည်။ သက်သေထွက်ဆိုကြပေမည်။

اَلْيَوْمَ نَخْتِمُ عَلٰٓى اَفْوَاهِهِمْ

တွင် ဤအကြောင်းကိုပင် တင်ပြထားသည်။ ထိုအာယသ်တော်တွင် မိန့်ကြားထားသည်မှာ '၎င်းတို့၏ နှုတ်လျှာများပေါ် တံဆိပ်ခတ်ခြင်း ခံကြရပေမည်'ဟု ဖြစ်သည်။ သို့ရာတွင် ဤအာယသ်တော်တွင် တင်ပြထားသည်မှာ '၎င်းတို့၏ နှုတ်လျှာများကိုယ်တိုင်က သက်သေထွက်ဆိုကြပေမည်' ဟု ဖြစ်သည်။ ထိုအာယသ်တော်နှစ်ပါးတွင် မည်သည့်ဆန့်ကျင်မှုမျှ မရှိပေ။ အကြောင်းမှာ ၎င်းတို့သည် မုသားစကားကို ဖြစ်စေ၊ အမှန်စကားကိုဖြစ်စေ မိမိတို့ဆန္ဒအလျောက် မိမိတို့၏ နှုတ်လျှာများကို အသုံးပြုနိုင်ကြတော့မည်မဟုတ်ပေ။ လောက၌ မိမိတို့ဆန္ဒအလျောက် လိုသလို အသုံးပြုခဲ့ကြသော်လည်း ယခုမူ ၎င်းတို့၏ နှုတ်လျှာများသည် ၎င်းတို့၏ ဆန္ဒ၊ ၎င်းတို့၏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်၍ အမှန်စကားကို ဝန်ခံကြပေလိမ့်မည်။ တစ်ဖန် အချိန်တစ်ချိန်၌ ပါးစပ်နှင့် နှုတ်လျှာတို့ကို လုံးဝပိတ်၍ နှုတ်လျှာအား 'အမှန်စကားကိုသာ ပြောဆိုလော့'ဟု အမိန့်ပေးခံရခြင်းလည်း ဖြစ်နိုင်ပေသည်။

اَلْخَبِيْثٰتُ لِلْخَبِيْثِيْنَ وَالْخَبِيْثُوْنَ لِلْخَبِيْثٰتِ ۚ وَالطَّيِّبٰتُ لِلطَّيِّبِيْنَ وَالطَّيِّبُوْنَ
لِلطَّيِّبٰتِ ۚ اُولٰٓئِكَ مُبَرَّءُوْنَ مِمَّا يَقُوْلُوْنَ ۗ لَهُمْ مَّغْفِرَةٌ وَّرِزْقٌ كَرِيْمٌ ۝

ယုတ်မာသော မိန်းမများသည် ယုတ်မာသော ယောကျ်ားများနှင့်သာ ထိုက်တန်ကြပေသည်။ ထို့နည်းတူစွာ ယုတ်မာသော ယောကျ်ားများမှလည်း ယုတ်မာသော မိန်းမများနှင့်သာ ထိုက်တန်ကြကုန်၏။ ၎င်းပြင် မွန်မြတ်သော မိန်းမများသည် မွန်မြတ်သော ယောကျ်ားများနှင့်သာ ထိုက်တန်ကြပေသည်။ ထို့နည်းတူစွာ မွန်မြတ်သော ယောကျ်ားများသည်လည်း မွန်မြတ်သော မိန်းမများနှင့်သာ ထိုက်တန်ကြကုန်၏။

[၂၄ : ၂၆]

ဤနောက်ဆုံးအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ဖြစ်ပေါ်လေ့ရှိသော သဘာဝတရားတို့တွင် နိယာမအလျောက် တွဲဘက်မှုများကို ဦးစွာပထမ ဥပဒေတစ်ရပ်အဖြစ် ညစ်ညမ်းပြီး၊ မကောင်းသည့်

အမျိုးသမီးတို့သည် ညစ်ညမ်း၍ မကောင်းသော အမျိုးသားများဘက်သို့လည်းကောင်း၊ ညစ်ညမ်းပြီး မကောင်းသည့် အမျိုးသားများသည် ညစ်ညမ်း၍ မကောင်းသော အမျိုးသမီးများဘက်သို့လည်းကောင်း တိမ်းညွတ်လိုက်ပါလာကြလိမ့်မည်။ ထိုနည်းတူစွာ သန့်ရှင်းသော အမျိုးသမီးတို့၏ စွဲလန်းမှုသည် သန့်ရှင်းသော အမျိုးသားများဘက်သို့လည်းကောင်း၊ သန့်ရှင်းသော အမျိုးသားများ၏ စွဲလန်းမှုသည်လည်း သန့်ရှင်းသော အမျိုးသမီးမျာဘက်သို့လည်းကောင်း တိမ်းညွတ်လေ့ရှိသည်။ ၄င်းတို့အနက် တစ်ဦးတိုင်း တစ်ဦးတိုင်းသည် မိမိတို့၏ စွဲလန်းမှုနှင့်အညီ မိမိတို့၏ တွဲဘက် ကြင်ဖော်တို့ကို ရှာဖွေကြသည်။ သဘာဝအလျောက် အထက်ပါ တင်ပြခဲ့သည့်အတိုင်း တွဲဘက်ကြင်ဖော်ကိုသာ ရရှိကြသည်။

အထက်ဖော်ပြပါပုံသေနည်းအရ ရှင်းလင်းထင်ရှားသည်မှာ နဗီတမန်တော်အပေါင်းတို့သည် လောကတွင် သန့်ရှင်းစင်ကြယ်မှုအတွက် စံပြနမူနာ ပုဂ္ဂိုလ်များ ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ ကြင်ယာတော်များကိုလည်း ၄င်းတို့နှင့် သင့်တော်စွာ ချီးမြှင့်တော်မူခဲ့သည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် တမန်တော်မြတ် ﷺ သည် နဗီအပေါင်းတို့၏ ခေါင်းဆောင်ဖြစ်သည်။ ကြင်ယာတော်များ၌လည်း အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်ရည်တော်နှင့် ကိုက်ညီမှုရှိရန် သန့်ရှင်းစင်ကြယ်ခြင်း၊ အတွင်းပိုင်း၊ အပြင်ပိုင်းနှင့် စာရိတ္တတွင် အမြင့်မားဆုံးအဆင့်ရှိသော ကြင်ယာတော်များကိုသာ ချီးမြှင့်တော်မူခဲ့သည်။ ဟဇရသ်အာအေရှာဟ် ؓ သခင်မသည် ကြင်ယာတော်အားလုံးတို့တွင် အထူးမြတ်ဆုံး ဖြစ်တော်မူသည်။ သခင်မ ؓ နှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ အပေါ် အီမာန်မရှိသူသာလျှင် ဒွိဟသံသယ ဖြစ်ရှိနိုင်သည်။ ဟဇရသ်လူးသ် ؑ နှင့် ဟဇရသ်နူးဟ် ؑ တို့၏ ကြင်ယာများနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် ကာဖိရ်ဖြစ်ကြောင်း လာရှိထားသည်။ ထိုသူမတို့သည် ကာဖိရ်ဖြစ်သော်ငြားလည်း၊ ညစ်ညမ်းသော လုပ်ရပ်များကို ကျူးလွန်ခြင်း မရှိခဲ့သည်မှာ အထင်အရှားဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ က

مَا بَغَتْ اِمْرَأَةُ نَبِيٍّ قَطّ

'မည်သည့်နဗီ၏ ကြင်ယာတော်မှ မည်သည့်အခါမှ 'ဇေနာ'ပြုခဲ့သည် မရှိပါ' ဟု မိန့်ကြားခဲ့သည်။

[ဒုရ်ရေမန်ဆူးရ်ကျမ်း]

ဤအချက်ကို ကြည့်ခြင်းဖြင့် နဗီတစ်ပါးပါး၏ ဇနီးတစ်ဦးသည် ကာဖိရ်ဖြစ်လျှင် ဖြစ်သွားနိုင်သည်။ သို့ရာတွင် ရက်ဖွယ်လိလိကိစ္စများ မကောင်းသော လုပ်ရပ်များ ကျူးလွန်ခြင်းမှာ မဖြစ်နိုင်ပေ။ အကြောင်းမှာ ရက်ဖွယ်ကိစ္စရပ်များသည် သဘာဝအလျောက် ရွံရှာဖွယ်ရာကိစ္စဖြစ်ပြီး ကုဖွ်ရ်လုပ်ရပ်သည် သဘာဝအလျောက် ရွံရှာဖွယ်မဖြစ်သောကြောင့် ဖြစ်သည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَدْخُلُوا۟ بُيُوتًا غَيْرَ بُيُوتِكُمْ حَتَّىٰ تَسْتَأْنِسُوا۟
وَتُسَلِّمُوا۟ عَلَىٰٓ أَهْلِهَا ۚ ذَٰلِكُمْ خَيْرٌ لَّكُمْ لَعَلَّكُمْ تَذَكَّرُونَ ﴿٢٧﴾

၂၄ း ၂၇ ။ ။ အို့, မုအ်မင်နိသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အိမ်များမှအပ၊ အခြားအိမ်များအတွင်းသို့ (ထိုအိမ်သားများထံမှ) ခွင့်ရယူခြင်း၊ ထိုအိမ်သားများအပေါ်၌ 'စလာမ်' မေတ္တာ ပို့သ (၍ နှုတ်ခွန်းဆက်) ခြင်း မရှိသမျှ ကာလပတ်လုံး၊ ဝင်ရောက်ခြင်းကို မပြုကြကုန်လင့်။ ဤ (သို့ ခွင့်ရယူခြင်းနှင့် 'စလာမ်' မေတ္တာ ပို့သခြင်း) သည် ပင်လျှင် အသင်တို့အဖို့ (မှတ်သားလိုက်နာကြရန်) အကောင်းဆုံး (သော နည်း) ပင် ဖြစ်ပေသည်။ သို့မှသာလျှင် အသင်တို့သည် သတိဝီရိယ ပြုကြပေမည်။

فَإِن لَّمْ تَجِدُوا۟
فِيهَآ أَحَدًا فَلَا تَدْخُلُوهَا حَتَّىٰ يُؤْذَنَ لَكُمْ ۖ وَإِن قِيلَ لَكُمُ ٱرْجِعُوا۟
فَٱرْجِعُوا۟ ۖ هُوَ أَزْكَىٰ لَكُمْ ۚ وَٱللَّهُ بِمَا تَعْمَلُونَ عَلِيمٌ ﴿٢٨﴾

၂၄ း ၂၈ ။ ။ ထို့ပြင် အကယ်၍ အသင်တို့သည် ထိုအိမ်များတွင် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ခဲ့ကြပါလျှင် အသင်တို့သည် မိမိတို့၌ အခွင့်မရှိသမျှ ကာလပတ်လုံး ယင်းအိမ်များအတွင်းသို့ မဝင်ကြကုန်လင့်။ ၎င်းပြင် အကယ်၍ အသင်တို့အား 'ပြန်ကြကုန်' ဟု ပြောဆိုခဲ့ပါလျှင် အသင်တို့သည် ပြန်ခဲ့ကြလေကုန်။ ထို (သို့ ပြန်လာခြင်း) သည် အသင်တို့အဖို့ စင်ကြယ်အမွန်မြတ်ဆုံးပင် ဖြစ်ချေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို သိတော်မူဆုံးပင် ဖြစ်တော်မူ၏။

لَّيْسَ عَلَيْكُمْ جُنَاحٌ أَن تَدْخُلُوا۟ بُيُوتًا
غَيْرَ مَسْكُونَةٍ فِيهَا مَتَٰعٌ لَّكُمْ ۚ وَٱللَّهُ يَعْلَمُ مَا تُبْدُونَ وَمَا تَكْتُمُونَ ﴿٢٩﴾

၂၄ း ၂၉ ။ ။ အသင်တို့သည် အသင်တို့၏ (ကိုယ်ရေးကိုယ်တာ) အကျိုးကျေးဇူး ဥစ္စာပစ္စည်း တစ်စုံတစ်ရာရှိ၍ လူမနေသော အိမ်များအတွင်းသို့ ဝင်ရောက်ခဲ့ကြသော်၊ အသင်တို့၌ မည်သို့မျှ အပြစ်မရှိချေ။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ထင်ရှားစေကြသော ကိစ္စများကိုလည်းကောင်း၊ အသင်တို့ လျှို့ဝှက်သော ကိစ္စများကိုလည်းကောင်း ကောင်းစွာ သိရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့, အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ (သီးခြားနေထိုင်သော) အိမ်များမှအပ အခြားသူတို့၏ အိမ်များတွင် (၎င်းအိမ်သည် မိမိကိုယ်ပိုင် အိမ်ဖြစ်သော်ငြားလည်း ငှားရမ်းမှုဖြင့်ဖြစ်စေ၊ သို့မဟုတ် လခဖြင့်ဖြစ်စေ ငှားရမ်း၍ အခြားလူများ နေထိုင်ပါလျှင် ၎င်းတို့ထံမှ) ခွင့်ရယူ

ခြင်းနှင့် ၎င်းတို့အပေါ် စလာမ်မပြုသမျှ ကာလပတ်လုံး (အခွင့်မရရှိဘဲ) ဝင်ရောက်ခြင်း မပြုကြလေနှင့်။ (ဆိုလိုသည်မှာ ဦးစွာပထမ အပြင်ဘက်မှ စလာမ်ပြုလျက် 'ကျွန်ုပ် အတွင်းသို့ ဝင်ရောက်နိုင်ပါသလား' ဟူ၍ မေးမြန်းရမည်။ ဤသို့ ခွင့်တောင်းခံခြင်းမပြုဘဲ ဤအတိုင်း ဝင်ရောက်ခြင်း မပြုရပေ။ အချို့လူတို့သည် ခွင့်တောင်းခံခြင်းကို မိမိတို့သိက္ခာနှင့် ဆန့်ကျင်သည်ဟု ယူဆကြသည်။ အမှန်စင်စစ်) ဤသည် အသင်တို့အတွက် အကောင်းဆုံးဖြစ်သည်။ (အခွင့်တောင်းခံ၍ သွားရမည်။ ဤအကြောင်းကို သင်ကြားပေးရခြင်းမှာ) ဤကျင့်စဉ်ကို အသင်တို့ သတိပြုကြစေရန် ဖြစ်သည်။ (ဤအပေါ်၌ 'အမလ်' ပြုကျင့်နိုင်ရန် ဖြစ်သည်။ ထိုကျင့်စဉ်တွင် အမြော်အမြင်များစွာ ရှိပေသည်။ နေရာများအနက် ဒုတိယအမျိုးအစား၏ အမိန့်မှာ) ထို့အပြင် အကယ်၍ အသင်တို့သည် ထိုအိမ်များတွင် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ခဲ့ကြလျှင် (ထိုအိမ်၌ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ထိုအိမ်များအတွင်းသို့ အခွင့်မရရှိသမျှ မဝင်ကြလေနှင့်။

(အဘယ်ကြောင့်ဆိုသော် ထိုအိမ်၌ တစ်ဦးတစ်ယောက်ရှိနေသည်ကို အသင်က မသိခြင်းလည်း ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ အမှန်တကယ်ပင် လူတစ်ဦးတစ်ယောက်မျှ မရှိသော အခန်း၌ ဝင်ရောက်လိုက်ခြင်းသည် အခြားသူတစ်ဦး၏ ပိုင်ဆိုင်သည့်အရာကို ၎င်း၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲလိုက်ခြင်းကဲ့သို့ ဖြစ်သည်။ ဤသည် မပိုင်သောလုပ်ရပ် ဖြစ်သည်။ တစ်ဖန် တတိယအမျိုးအစား၏ အမိန့်မှာ) ထို့နောက် အကယ်၍ (ခွင့်တောင်းခံသည့် အချိန်တွင်) အသင်တို့အား (ဤအချိန်တွင်) ပြန်သွားကြပါဟု ပြောဆိုခဲ့လျှင် အသင်တို့ ပြန်ခဲ့ကြလေကုန်။ ဤသည် အသင်တို့အတွက် အကောင်းဆုံး ဖြစ်ပေသည်။ (တစ်ချိန်ချိန်တွင် အပြင် ထွက်လာလိမ့်မည်ဟူ၍ အသင်တို့က စောင့်ဆိုင်းနေခြင်းထက် ပြန်သွားခြင်းက ပို၍ ကောင်းပေသည်။ အကြောင်းမှာ ဤသို့ ပြုခြင်းသည် မိမိ၏ သေးသိမ်မှုလည်း ဖြစ်ပြီး အခြားသူအားလည်း ဖိအားဖြင့် ဒုက္ခပေးနေခြင်းဖြစ်သောကြောင့်ပင်။ မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်အား ဒုက္ခပေးခြင်းသည် 'ဟရာမ်' ဖြစ်လေသည်။) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ကျင့်မှုသမျှတို့ကို အသိဆုံး ဖြစ်တော်မူသည်။ (အကယ်၍ အမိန့်တော်နှင့် ဆန့်ကျင်၍ ပြုမူပါလျှင် အပြစ်ဒဏ် ခံရပေမည်။ ဤအမိန့်၏ ပုံစံမှာ 'အိမ်သားများက ပြန်သွားပါ' ဟု မပြောသည့်တိုင် မည်သည့်စကားမျှလည်း မပြောသည့် အခြေအနေမျိုးတွင် မည်သည့် အသံမှ မကြားရသည့်အတွက် သုံးကြိမ်သုံးခါ ခွင့်တောင်းခံခြင်းကို ပြုရပေမည်။ သုံးကြိမ်အထိတိုင် မည်သည့်တုန့်ပြန်ချက်မျှ မရရှိပါလျှင် ပြန်လှည့်လာရပေမည်။ ဟဒီးစ်တော်တွင် ထိုအကြောင်း အကျယ်တဝင့် လာရှိထားသည်။) ထို့ပြင် အသင်တို့သည် ဤကဲ့သို့သော အိမ်များအတွင်းသို့ (အထူးတလည် ခွင့်တောင်းခံခြင်း မပြုဘဲ) ဝင်ရောက်ခြင်းဖြင့် အပြစ်ထိုက်မည်မဟုတ်ပေ။ ထိုအိမ်များတွင် (နေအိမ်ပုံစံဖြင့်) မည်သူမျှ မနေကြပေ။ (ထို့အပြင်) ထိုအိမ်တွင် အသင်တို့၏ ဥစ္စာပစ္စည်းများ ရှိကြသည်။ (ဆိုလိုသည်မှာ ထိုအိမ်များအား သုံးစွဲခြင်း အသုံးပြုခြင်းသည် အသင်တို့အဖို့ အခွင့်အရေးရှိသည်ဟု ဖြစ်သည်။ ဤသည် စတုတ္ထအမျိုးအစားနှင့် သက်ဆိုင်သည့် အမိန့်ဖြစ်သည်။ လူအများ ဝင်နိုင်ထွက်နိုင်သော နေရာများဖြစ်သည်။ ထိုနေရာများသည် လူတို့၏ အကျိုးနှင့် သက်ဆိုင်သော နေရာများ ဖြစ်သည်။ သို့ဖြစ်ပေရာ

ထိုနေရာများသို့ ဝင်ရောက်ရန် အများအတွက် အခွင့်ရှိသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ထင်ရှားစွာပြုသော အမှုကိစ္စများကိုလည်းကောင်း၊ လျှို့ဝှက်စွာ ပြုကြသော အမှုကိစ္စများကိုလည်းကောင်း ကောင်းစွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထို့ကြောင့် အခြေအနေတိုင်းတွင် 'သက္ကဝါ' ဖြစ်မှုရှောင်ကြဉ်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှုရှိရပေမည်။)

ပဉ္စမအမိန့်

ခွင့်တောင်းခြင်းနှင့် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရန် စည်းကမ်းချက်များ၊ တစ်ဦးတစ်ယောက်၏ အိမ်သို့ ဝင်လိုလျှင် ဦးစွာ ခွင့်တောင်းခံရခြင်းအကြောင်း

စူရာဟ်နူးရ်၏ အစမှပင် ရက်ဖွယ်ကိစ္စရပ်များကို တားဆီးပိတ်ပင်ရန်အတွက် ထိုပြစ်မှုလုပ်ရပ်များနှင့် စပ်လျဉ်းသော အပြစ်ဒဏ်များအကြောင်း အခြေအမြစ်မရှိ အထောက်အထားမဲ့စွာ လူတစ်ဦးအပေါ် စွပ်စွဲခြင်းများကို ရှုတ်ချထားသည့်အကြောင်းများ တင်ပြခဲ့ပြီးဖြစ်သည်။ ထိုအရှက်မဲ့သော လုပ်ရပ်များကို တားဆီးပိတ်ပင်ခြင်းနှင့် စင်ကြယ်သန့်ရှင်း အပြစ်ကင်းခြင်းတို့အား ကာကွယ်စောင့်ရှောက်ရန်အတွက် အမိန့်တော်များ ပြဌာန်းပေးထားသည်။ ထိုပြဌာန်းချက် အမိန့်များကြောင့် ရက်ဖွယ်ကိစ္စရပ်များ ပြုလုပ်ရန် လမ်းစပင် မရှိစေနိုင်ရန် ဖြစ်သည်။ ယင်းအမိန့်တော်များအနက် 'ခွင့်တောင်းခံခြင်း' အမိန့်တော်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'လူတစ်ဦး၏ အိမ်သို့ ထိုအိမ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း (သို့) အတွင်းသို့ ချောင်းမြောင်းကြည့်ရှုခြင်းကို တားမြစ်ချက် အမိန့် ဖြစ်သည်။ ထိုအမိန့်တွင် 'နေကာဟ်'ပြုပိုင်သော အမျိုးသမီးများအား မျက်စိကျရောက်ခြင်း မရှိစေရန်မှာလည်း အမြော်အမြင်တစ်ရပ်ပင် ဖြစ်သည်။

ဖော်ပြပါအာယသ်တော်များတွင် အမျိုးအစားကွဲလွဲသော နေရာများအတွက် အမိန့်ပညတ်ချက် အမျိုးမျိုးကို ဖော်ပြထားသည်။ နေရာ (၄) မျိုး ရှိသည်။

(၁) အခြားသူတစ်ဦးတစ်ယောက် ရောက်ရှိလာနေသည်ဟု သံသယမရှိနိုင်သော မိမိ၏ သီးသန့်နေအိမ်၊

(၂) ထိုအိမ်တွင် မိမိနှင့် 'နေကာဟ်ဟရာမ်'ဖြစ်သူ ဖြစ်စေ၊ (သို့) အခြားတစ်စုံတစ်ဦး ရောက်ရှိနေမည်ဟု ယူဆရသည့်အိမ်၊

(၃) တစ်စုံတစ်ယောက် နေသည်၊ မနေသည်ကို နှစ်မျိုးစလုံး ယူဆနိုင်သောအိမ်၊

(၄) တစ်စုံတစ်ဦး နေထိုင်ရန်အတွက် အထူးသတ်မှတ်ခြင်းမရှိသော ဗလီ၊ မဒ်ရစဟ်နှင့် ခန်ကာဟ် အစရှိသော လူအများ၏ အကျိုးအတွက် သွားလာနိုင်သော နေရာတို့ ဖြစ်သည်။

ထိုနေရာများအနက် ပထမနေရာ၏ အမိန့်တွင် ထိုနေရာသည် မိမိနေထိုင်ရာ နေအိမ်ဖြစ်သည့်အတွက် မည်သူ့ထံမှ ဝင်ခွင့်တောင်းခံရန် မလိုအပ်ကြောင်း ထင်ရှားပေသည်။

ထို့ကြောင့် ထိုနေရာအကြောင်းကို ဤအာယသ်တော်များ၌ ပေါ်လွင်စွာ မဖော်ပြခြင်း ဖြစ်သည်။ ကျန် (၃) မျိုးသော နေရာများ၏ အမိန့်ပညတ်တော်များကို ရှေ့အာယသ်တော်များ၌ မိန့်ကြားထားပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ကုရ်အာန်ကျမ်း၌ လူ့ယဉ်ကျေးမှု စည်းကမ်းများဆိုင်ရာ အခန်းကဏ္ဍတစ်ရပ်၊ တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံရန် သွားသောအခါ ဦးစွာပထမ အခွင့်ယူရမည်၊ အခွင့်မရှိဘဲ တစ်ဦးတစ်ယောက်၏ အိမ်တွင်းသို့ ဝင်ရောက်ခြင်း မပြုရ။

အစ္စလာမ့်တရားတော်သည် ဤအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ အထူးအလေးအနက်ထားခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ထိုအကြောင်းကို အကျယ်တဝင့် အမိန့်ပညတ်တော်များ ချမှတ်ထားသည်။ တမန်တော်မြတ် ﷺ သည် မိမိ၏ မိန့်ကြားခြင်းနှင့် ပြုလုပ်ပြသတော်မူခြင်းတို့ဖြင့် ထိုအခန်းကဏ္ဍကို အလေးအနက်ထား၍ ပြသတော်မူခဲ့သည်။ ထိုသို့ အစ္စလာမ့်တရားတော်က ဤအခန်းကဏ္ဍကို အလေးထားသလောက် မျက်မှောက်ခေတ် မွတ်စ္စလင်မ်တို့မှာ မေ့မောလျက်ရှိနေကြသည်မှာ ဝမ်းနည်းစရာပင် ဖြစ်သည်။ ရေးတတ်၊ ဖတ်တတ် ပညာတတ်သူ၊ လူကောင်းသူကောင်း ဆိုသူများသည်ပင် ဤအခန်းကဏ္ဍကို အပြစ်ဟု မယူဆကြတော့ပေ။ ထိုအပေါ်၌ 'အမလ်'ပြုကျင့်ကြံရန်လည်း သောကမရှိကြတော့ပေ။ ကမ္ဘာပေါ်ရှိ အခြားသော ယဉ်ကျေးသည့် လူမျိုးစုတို့သည် ဤအခန်းကဏ္ဍကို ရွေးချယ်လက်ခံ ကျင့်သုံးပြီး မိမိတို့၏ လူ့ဘောင်အသိုင်းအဝိုင်းကို ကောင်းမွန်စေခဲ့ကြသည်။ သို့ရာတွင် မွတ်စ္စလင်မ်တို့သည် ဤအခန်းကဏ္ဍတွင် အားလုံးတို့ထက် နောက်ကောက်ကျနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပေသည်။ အစ္စလာမ့်အမိန့်ပညတ်တော်များတွင် ပထမဦးဆုံး အားနည်းလျော့ကျလာသည်မှာ ဤအမိန့်ပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ 'ခွင့်တောင်းခံခြင်း'ဟူသော အမိန့်သည် ကုရ်အာန်ကျမ်းတော်လာ 'ကျင့်ဆောင်ရန် ဝါဂျိဗ်' ထိုက်သော အမိန့်တော်တစ်ရပ် ဖြစ်သည်။ ထိုအမိန့်တော်၌ အနည်းငယ်မျှ ယုတ်လျော့အားနည်းခြင်းနှင့် ပြောင်းလဲမှု ဖြစ်စေခြင်းတို့ကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ က ကုရ်အာန်အာယသ်တော်ကို ငြင်းဆိုခြင်း ဖြစ်သည်ဟူ၍ ပြင်းထန်သော စကားလုံးများဖြင့် မိန့်ကြားခဲ့သည်။ ယခုမူ လူတို့သည် အမှန်တကယ်ပင် ဤအမိန့်ပညတ်တော်များကို ကုရ်အာန်၏ အမိန့်ပညတ်တော်များပင် မဟုတ်တော့သည့်အတိုင်း မျက်ကွယ်ပြုလိုက်ကြသည်ကို ဝမ်းနည်းဖွယ်အဖြစ် တွေ့မြင်နေရပေသည်။

အိမ်သို့ ဝင်ရန် ခွင့်တောင်းခံခြင်း၏ အမြော်အမြင်နှင့် လျှို့ဝှက်ချက်များ

အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အား ၎င်းတို့နေထိုင်စရာများကို ချီးမြှင့်တော်မူထားသည်။ ထိုနေထိုင်ရာများသည် ပိုင်ဆိုင်မှုဖြင့် ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ လူသားတို့အတွက် နေထိုင်ရာများပင်

အာဗူဒါဝူးဒ်ကျမ်း၏ ဟဒီးစ်တော်တစ်ပါးတွင် လာရှိသည်မှာ 'ဗနီအာမိရ်မျိုးနွယ်မှ ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ် ﷺ ထံတော်တွင် အပြင်မှ နေ၍ 'ကျွန်တော်မျိုး ဝင်ရောက်ရမည်လော'ဟူ၍ ဝင်ခွင့်တောင်းခံလေသည်။ ကိုယ်တော်မြတ် ﷺ က မိမိ၏ အကျိုးဆောင်အား '၎င်းသူသည် ဝင်ခွင့်တောင်းခံသည့် နည်းလမ်းကို နားမလည်သေးပါ။ အပြင်သို့ သွား၍ ၎င်းအား السلام عليكم 'စလာမ်'ပေးရန် أأدخل 'ကျွန်တော်မျိုး ဝင်ရောက်ခြင်း ပြုနိုင်ပါသလော'ဟူသော စကားလုံးဖြင့် ဝင်ခွင့်တောင်းသည့် နည်းလမ်းကို သင်ကြားပေးလိုက်ပါ'ဟု မိန့်ကြားလေသည်။ အကျိုးဆောင်သည် အပြင်သို့ပင် မရောက်ရသေး။ အပြင်မှ ပုဂ္ဂိုလ်သည် ကိုယ်တော်မြတ် ﷺ မိန့်ကြားသည့် စကားလုံးများကို ကြားလိုက်ရသည့်အတွက် ထိုအတိုင်းပင် السلام عليكم أأدخل ဟုပြောဆိုလိုက်ရာ ကိုယ်တော်မြတ် ﷺ က ဝင်ခွင့်ပြုတော်မူလိုက်သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

ဗိုင်ဟကီ (ရဟ) က 'ရှုအဗုလ်အီမာန်' ကျမ်းတွင် ဟဇရသ်ဂျာဗိရ် ﵁ ထံမှ ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ က لا تأذنوا لمن لم يبدأ بالسلام 'ဦးစွာပထမ 'စလာမ်'မပေးသူကို အတွင်းသို့ ဝင်ရောက်ခွင့် မပြုကြနှင့်' ဟု မိန့်ကြားတော်မူခဲ့သည်။ *[မရှ်ဟရီကျမ်း]*

၎င်းဖြစ်ရပ်တွင် တမန်တော်မြတ် ﷺ သည် အချက်နှစ်ချက်ကို ပြုပြင်ပေးတော်မူခဲ့သည်။ ၎င်းမှာ ဦးစွာ 'စလာမ်'ပေးရန် ဖြစ်သည်။ ထိုသူက أدخل ဟု သုံးနှုန်းရမည့်အစား أَلِجُ ဟု သုံးနှုန်းခဲ့သည်။ ၎င်းစကားလုံးသည် သုံးနှုန်းရန် မသင့်တော်သည့် စကားလုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ألج သည် ولوج မှ ဆင်းသက်လာပြီး ၎င်း၏ အဓိပ္ပာယ်မှာ 'ကျဉ်းမြောင်းသည့် နေရာတစ်ခု၌ ဝင်ရောက်ခြင်း' ဟု ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ၎င်းသည် ယဉ်ကျေးသော စကားလုံးများနှင့် ဆန့်ကျင်နေသည်။ မည်သို့ပင်ဆိုစေ ၎င်းဆင့်ပြန် ချက်များဖြင့် စလာမ်ပေးရန် မိန့်ကြားထားသည့် ကုရ်အာန်၏ အာယသ်တော်တွင် ၎င်း 'စလာမ်'ပေးခြင်းသည် ဝင်ရောက်ခွင့် ရရှိရန်အတွက် အပြင်မှ ပေးရပြီး ခွင့်တောင်းခံခြင်း သဘောဆောင်သည့် 'စလာမ်'ပေးခြင်း ဖြစ်သည်။ သို့မှသာ အတွင်း၌ ရှိနေသူသည် အာရုံစိုက်လာပေမည်။ ခွင့်တောင်းခံသည့် စကားလုံးများကို ပြောလိုက်လျှင် အတွင်းရှိသူ ကြားပေမည်။ တစ်ဖန် အတွင်းသို့ ဝင်ရောက်သည့်အခါ ထုံးစံအတိုင်း ထပ်မံ၍ 'စလာမ်'ပေးရမည်။

ဓမ္မသတ် ။ ။ ဦးစွာပထမ စလာမ်ပေးပြီးမှ ဝင်ခွင့်တောင်းခံရမည့် အကြောင်းသည် အထက်တွင် ဟဒီးစ်တော်များဖြင့် အတည်ဖြစ်ခဲ့ပေပြီ။ ၎င်းသို့ပြုရာတွင် အကောင်းဆုံးသော ပုံစံမှာ 'ဝင်ခွင့်ပြုပါရန် ခွင့်တောင်းခံသူသည် မိမိ၏ အမည်ကို ပြောဆို၍ ခွင့်တောင်းခံခြင်း ပြုရပေမည်။ ဟဇရသ်အုမရ် ﵁ ပြုကျင့်သည့် ပုံစံအတိုင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဟဇရသ်အုမရ် ﵁ သည် ကိုယ်တော်မြတ် ﷺ ၏ တံခါးဝသို့ ရောက်ရှိလာပြီး

السلام على رسول الله السلام عليكم أيد خل عمر

ဟု ဆိုလေသည်။ ဆိုလိုသည်မှာ 'စလာမ်'ပေးပြီးနောက်တွင် 'အုမရ် ဝင်ရောက်နိုင်ပါသလား'ဟု လျှောက်ထားခြင်း ဖြစ်သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

မွတ်စ္စလင်မ်ကျမ်းတွင် လာရှိသည်မှာ ဟဇရတ်အဗူမူစာ အရှ်အရီ ﷺ သခင်သည် ဟဇရတ် အုမရ် ﷺ သခင်ထံ သွားသောအခါ

السلام عليكم هذا ابو موسى السلام عليكم هذا الاشعرى

ဟူသော စကားလုံးများကို သုံးနှုန်းခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

ဤနေရာ၌လည်း ပထမဦးစွာ မိမိအမည် 'အဗူမူစာ'ကို ပြောဆိုပြီးမှ ပို၍ ရှင်းလင်းစေရန် 'အရှ်အရီ' ဟု ပြောဆိုခဲ့သည်။ ဤသို့ ပြောဆိုရခြင်းမှာ အိမ်အတွင်း၌ ရှိသူသည် ဝင်ခွင့်တောင်းခံသူအား မသိပါလျှင် ပြန်လည်တုန့်ပြန်ရန် အခက်တွေ့နေပေမည်။ အိမ်ရှင်အခက်တွေ့ခြင်း မဖြစ်စေရန်လည်း ရှောင်ကြဉ် ရပေမည်။

ဓမ္မသတ် ။ ။ ဤကိစ္စတွင် အဆိုးဆုံးနည်းလမ်းမှာ အပြင်မှ အတွင်းသို့ ဝင်ရောက်ရန် ခွင့်တောင်းခံရန် မိမိ၏ အမည်ကို ထုတ်ဖော်မပြောကြသည့်အချို့လူတို့၏ လုပ်ရပ်ပင် ဖြစ်သည်။ အိမ်အတွင်း၌ ရှိသူက 'မည်သူဖြစ်ပါသနည်း'ဟု မေးမြန်းသည့်အခါ 'ကျွန်ုပ်ပါ'ဟု ဖြေကြားလေ့ရှိကြသည်။ ဤသည်မှာ အိမ် အတွင်း၌ ရှိသူ၏ စကားကို ဖြေကြားခြင်း မဟုတ်ပေ။ ဦးစွာပထမ အသံဖြင့် ပြောဆိုသည်ကိုပင် မည်သူ မည်ဝါဖြစ်ကြောင်း မသိသူအဖို့ 'ကျွန်ုပ်ပါ'ဟူသော စကားလုံးဖြင့် မည်သို့ သိရှိနိုင်အံ့နည်း။

ခဿီးဗ်ဗဂ်ဒါဒီက မိမိ၏ ဂျာမိအ်ဗလီဝတ်ကျောင်းတော်တွင် အလီဗင်န် အာဆွင်မ်ဝါစိသ္ခီအား ဆင့်ပြန်သည်မှာ ၎င်းသည် ဗဆွရဟ်သို့ သွားသည့်အခါ ဟဇရတ်မုဂီရဟ်ဗင်န်ရှုအ်ဗာဟ် ﷺ အား တွေ့ဆုံရန် ရောက်ရှိခဲ့ပြီး တံခါးခေါက်လိုက်သည်။ ဟဇရတ်မုဂီရဟ် ﷺ က အတွင်းမှ 'မည်သူပါနည်း' ဟု မေးရာ 'အ-န' (ကျွန်ုပ်ဟု အဓိပ္ပာယ်ဖြစ်သည်။) ဟု ပြောဆိုလေရာ ဟဇရတ်မုဂီရဟ် ﷺ က 'ကျွန်ုပ်၏ မိတ်ဆွေ များတွင် أنا 'အန' (ကျွန်ုပ်) ဟူသော အမည်နှင့် မရှိပါ'ဟု ပြောဆိုလျက် အပြင်သို့ ထွက်လာခဲ့သည်။ ထို့နောက် ၎င်းအား ဟဒီးစ်တော်တစ်ပုဒ်ကို ကြားနာစေသည်။ ယင်းဟဒီးစ်တော်မှာ ကိုယ်တော်မြတ် ﷺ ထံတော်သို့ ဟဇရတ်ဂျာဗိရ်အိဗ်နေအဗ်ဒွလ္လာဟ် ﷺ ရောက်ရှိလာသည်။ ဝင်ခွင့်တောင်းခံရန်အတွက် တံခါး ခေါက်လိုက်သည်။ ကိုယ်တော်မြတ် ﷺ က အတွင်းမှ 'မည်သူ ဖြစ်ပါသနည်း'ဟု မေးတော်မူရာ ဂျာဗိရ် ﷺ က ဤစကားလုံး 'အန' (ကျွန်ုပ်ပါ) ဟု ဖြေကြားလေရာ ကိုယ်တော်မြတ် ﷺ က ခြိမ်းခြောက် သတိပေးသည့်အနေဖြင့် أنا أنا 'အန၊ အန' (ကျွန်ုပ်၊ ကျွန်ုပ်) ပြောဆိုခြင်းဖြင့် အဘယ်အရာ ရရှိပါ မည်နည်း။ ဤစကားလုံးဖြင့် မည်သူမျှ မမှတ်မိ မသိရှိနိုင်ပါ' ဟု ဖြစ်သည်။

ဓမ္မသတိ ။ ။ ဤသည်ထက်ပင် ပို၍ ဆိုးရွားသေးပုံ ရှိပါသေးသည်။ ဤပုံသဏ္ဌာန်ကို မျက်မှောက်ခေတ် ရေးတတ်၊ ဖတ်တတ်သူများပင် ပြုမူနေကြသည်မှာ တံခါးခေါက်လိုက်သဖြင့် အတွင်းမှ 'မည်သူပါနည်း' ဟု မေးမြန်းသည့်အခါ နှုတ်ဆိတ်လျက် ရပ်နေပြီး မည်သည့်အဖြေမျှ မပေးဘဲ ရပ်နေလေ့ ရှိကြပါသည်။ ဤသို့ ပြုမူခြင်းသည် အိမ်အတွင်း၌ ရှိသူအား သို့လောသို့လောဖြင့် အခက်တွေ့ခြင်း ဖြစ်ပါသည်။ အဆိုးရွားဆုံး ဒုက္ခပေးနည်း ဖြစ်ပါသည်။ ဤသို့ ပြုခြင်းဖြင့် ဝင်ခွင့်တောင်းခံခြင်း၏ ကောင်းမြတ်သော ရည်ရွယ်ချက်များကို ထိခိုက်ပျက်ပြားစေပါသည်။

ဓမ္မသတိ ။ ။ ဖော်ပြပါဆင့်ပြန်ချက်များအရ မိမိ၏ အမည်နာမကိုလည်း တင်ပြ၍ မည်သူ မည်ဝါက တွေ့ဆုံလိုပါသည်ဟူသော စည်းကမ်းချက်ဖြင့် ဝင်ခွင့်ရရန် တံခါးခေါက်ခြင်းသည်လည်း ပိုင်ပေသည်။

ဓမ္မသတိ ။ ။ သို့ရာတွင် အကယ်၍ တံခါးခေါက်သည်ဆိုလျှင်လည်း ကြားရသူ ကြောက်လန့်သွားစေနိုင်လောက်အောင် ပြင်းထန်စွာ မခေါက်ရပေ။ အတွင်းမှ ကြားရရုံမျှဖြစ်သော အလယ်အလတ် အသံဖြင့် ခေါက်ရပေမည်။ တမန်တော်မြတ် ﷺ ၏ အိမ်တံခါးကို ခေါက်သူတို့၏ အလေ့အထမှာ လက်သည်းများဖြင့်သာ တံခါးခေါက်လေ့ရှိခြင်း ဖြစ်သည်။ ထိုသို့ ပြုခြင်းဖြင့် တမန်တော်မြတ် ﷺ အဖို့ ဒုက္ခမရောက်နိုင်မည်ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

အကြင်သူသည် ဝင်ခွင့်တောင်းခံခြင်း၏ ရည်ရွယ်ချက် (ခွင့်တောင်းခံခြင်း၏ အဓိကရည်ရွယ်ချက်မှာ အိမ်ရှင်နှင့် ရင်းနှီးမှုရယူခြင်း) ကို နားလည်သဘောပေါက်ပါက အိမ်ရှင်အား ဒုက္ခရောက်စေမည့် အချက်များကို ရှောင်ကြဉ်လျက် မိမိ၏ အမည်ကို ထုတ်ဖော်ခြင်း၊ အလယ်အလတ်အသံဖြင့် တံခါးခေါက်ခြင်း စသည်တို့ကိုလည်း မိမိကိုယ်တိုင် အရေးကြီးသော အချက်များအဖြစ် နားလည်သဘောပေါက်ပေလိမ့်မည်။

အရေးကြီးသော သတိပေးချက်

မျက်မှောက်ခေတ်တွင် များစွာသောသူတို့သည် 'ဝင်ခွင့်တောင်းခံခြင်း' တည်းဟူသော အမိန့်ကို အလေးမမူ၊ အာရုံမထားကြတော့ပေ။ 'ဝါဂျိဗ်' အမိန့်ကို ထင်ထင်ပေါ်ပေါ် စွန့်လွှတ်ခြင်းသည် အပြစ်ထိုက်ပေသည်။ ဝင်ခွင့်တောင်းခံလိုသူသည် 'စွန္နသ်' နည်းစနစ်နှင့်အညီ ဦးစွာ အပြင်ဘက်မှ 'စလာမ်' ဆိုရမည်။ ထို့နောက် မိမိ၏အမည်ကို ဖော်ပြ၍ ဝင်ခွင့်တောင်းခံရမည်ဖြစ်သည်။ ၎င်းတို့အတွက် ယခုခေတ်တွင် အချို့အခက်အခဲများ ဖြစ်ရသည်မှာ များသောအားဖြင့် ဝင်ခွင့်တောင်းခံရန် ဖြစ်သော ပုဂ္ဂိုလ်မှာ တံခါးပေါက်နှင့် ဝေးလံနေခြင်းဖြစ်သည်။ ထိုသူရှိနေရာသို့ 'စလာမ်' ပေးသည့်အသံနှင့် ဝင်ခွင့်တောင်းခံသည့်အသံတို့ ရောက်ရှိရန် ခက်ခဲလှပေသည်။ ထို့ကြောင့် အဓိက 'ဝါဂျိဗ်' အချက်မှာ ခွင့်မတောင်းဘဲ အိမ်ထဲသို့ မဝင်ရန် ဖြစ်သည်။

ခွင့်တောင်းခံသည့် နည်းစနစ်တို့သည် ခေတ်တိုင်း၊ နိုင်ငံတိုင်းတွင် ကွဲလွဲမှုများ ဖြစ်နိုင်သည်။ ၎င်းတို့အနက် တံခါးခေါက်ခြင်းနည်းစနစ်မှာမူ ဟဒီးစ်ဆင့်ပြန်ချက်များအရ သိရှိရပြီးဖြစ်သည်။ ထိုနည်းတူစွာ မိမိတို့၏ အိမ်တံခါးများတွင် လူခေါ်ခေါင်းလောင်းများ တပ်ဆင်ထားသူတို့၏ ခေါင်းလောင်းများကို နှိပ်၍ လူခေါ်ခြင်းသည်လည်း 'ဝင်ခွင့်တောင်းခံခြင်း' ၏ 'ဝါဂျိဗ်'တာဝန်ကို ထမ်းဆောင်ရာ၌ လုံလောက်သော အချက်ဖြစ်သည်။ ဤနေရာတွင် လူခေါ်ခေါင်းလောင်းတီးပြီးနောက် မိမိ၏ အမည်ကို အိမ်ရှင်ကြားနိုင်အောင် ထုတ်ဖော်ခြင်းမှာ စည်းကမ်းချက်ဖြစ်သည်။

ထိုနည်းလမ်းအပြင် နေရာဒေသအလိုက် ခေတ်စားသော နည်းစနစ်ကို အသုံးပြုခြင်းသည်လည်း ပိုင်ပေသည်။ မျက်မှောက်ခေတ်တွင် မိတ်ဆက်သည့် ကဒ်များ အသုံးပြုခြင်းသည် ဥရောပမှ တီထွင်လာခဲ့သည်။ ဤနည်းစနစ်သည် ဥရောပမှ တီထွင်လာခြင်းဖြစ်သော်လည်း ဝင်ခွင့်တောင်းခံခြင်း၏ ရည်ရွယ်ချက်သည် ထိုနည်းစနစ်ဖြင့် အလွန်ကောင်းမွန်စွာ ပြီးမြောက်သွားသည်။ အဘယ်ကြောင့်ဆိုသော် အခွင့်ပေးမည့်သူအဖို့ အခွင့်တောင်းခံသူ၏ အမည်နာမ၊ နေရပ်လိပ်စာ စသည်တို့ကို မိမိ၏ နေရာ၌ပင် ထိုင်လျက် မပင်မပန်း သိရှိရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုနည်းစနစ်ကို ကျင့်သုံးခြင်းဖြင့် မည်သို့မျှ ကိစ္စမရှိပါချေ။

ဗမ္ဗသတ် ။ ။ အကယ်၍ လူတစ်ဦးသည် အခြားလူတစ်ဦးထံ၌ ဝင်ခွင့်တောင်းခံရာ 'ဤအချိန်တွင် တွေ့ဆုံရန် မဖြစ်နိုင်ပါ။ ပြန်သွားလိုက်ပါ' ဟု ပြောဆိုလျှင် ထိုသူ့အား မကောင်း မထင်မှတ်ရပေ။ အဘယ်ကြောင့်ဆိုသော် လူတိုင်းတွင် အခြေအနေအကြောင်းတရား များစွာ ရှိနိုင်သောကြောင့်ပင် ဖြစ်သည်။ တစ်ခါတစ်ရံ အခက်အခဲနှင့် ကြုံရလေ့ရှိတတ်သည်။ အပြင်သို့လည်း မထွက်လာနိုင်။ အသင့်အားလည်း အတွင်းသို့ မခေါ်နိုင်သည့် အခြေအနေမျိုးတွင် ၎င်း၏ ချွင်းချက်ကို လက်ခံရမည်။ အောက်ဖော်ပြပါအာယသ်တော်တွင် ဤသည်ကိုပင် ညွှန်ကြားထားသည်။

وَاِنْ قِيْلَ لَكُمُ ارْجِعُوْا فَارْجِعُوْا هُوَ اَزْ كٰى لَكُمْ

ဆိုလိုသည်မှာ 'အသင့်အား ဤအချိန်တွင် လှည့်ပြန်သွားပါ'ဟု ပြောဆိုသည့်အခါ အသင်သည် ကျေနပ်စွာဖြင့် လှည့်ပြန်ရပေမည်။ ထိုသူ့အား မကောင်းထင်မြင်ခြင်း (သို့) ပေကပ်၍ ထိုင်နေခြင်းတို့သည် မပြုပိုင်သော အချက်များဖြစ်သည်။

အချို့ခေတ်ဦး ပညာရှင်များက ဆင့်ပြန်ကြသည်မှာ 'ကျွန်ုပ်တို့သည် လူတစ်ဦးထံ သွားရောက်၍ ဝင်ခွင့်တောင်းခံပြီး ထိုသူက 'လှည့်ပြန်သွားပါ'ဟု ပြောဆိုလျှင် ကျွန်ုပ်သည် 'ထိုကုရ်အာန်၏ အမိန့်ကို လိုက်နာခြင်း၏ အကျိုးကုသိုလ်ကို ရယူမည်' ဟု တစ်သက်လုံး ဆန္ဒထားခဲ့ပါသည်။ သို့သော်လည်း အံ့ဩဖွယ် တိုက်ဆိုင်မှုဖြစ်သည်မှာ ကျွန်ုပ်သည် မည်သည့်အခါကမျှ ဤကျေးဇူးတော်၏ နဖူးစာကို မရရှိခဲ့ပါ' ဟူ၏။

ဓမ္မသတ် ။ ။ အစ္စလာမ့်တရားတော်သည် လူမှုဆက်ဆံရေး စည်းကမ်းများကို သင်ကြားပေးခြင်းနှင့် လူအားလုံးကို ဒုက္ခရောက်စေခြင်းမှ ကာကွယ်ခြင်းကိုလည်း နှစ်ဦးနှစ်ဘက်အတွက် သင့်တင့်ညီမျှသော အစီအမံများကို ချမှတ်ထားသည်။ ဤအာယသ်တော်တွင် ရောက်ရှိလာသူအား 'အကယ်၍ ဝင်ခွင့် တောင်းခံခြင်း ပြုရာ၌ အသင့်အဖို့ ဝင်ခွင့်မရဘဲ 'ဤအချိန်တွင် လှည့်ပြန်သွားပါဦး'ဟု ပြောဆိုသူအား ချွင်းချက်ရှိသူအဖြစ် မှတ်ယူရမည်။ ကျေနပ်စွာဖြင့် လှည့်ပြန်သွားရမည်။ မကောင်းမထင်မြင်ရ' ဟု ညွှန်ကြားထားသည်။ အလားတူ ဟဒီးစ်တော်တစ်ရပ်တွင် အခြားတစ်ဖက်အတွက် လာရှိသည်မှာ တမန် တော်မြတ် ﷺ အောက်ပါအတိုင်း မိန့်တော်မူထားပေသည်။

ان لزو رك عليك حقًا

ဆိုလိုသည်မှာ 'အသင်နှင့် တွေ့ဆုံရန် ရောက်လာသူအတွက်လည်း အသင့်အပေါ်၌ တာဝန်ရှိသည်' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းအား မိမိထံ ခေါ်ယူရမည်။ (သို့) အပြင်သို့ထွက်၍ ၎င်းနှင့် တွေ့ဆုံ ရမည်။ ၎င်းအား ဂုဏ်ပေးရမည်။ ၎င်း၏ စကားကို နားထောင်ရမည်။ ကြီးကြီးမားမား အခက်အခဲမရှိဘဲ တွေ့ဆုံခြင်းကို မငြင်းပယ်ရ'ဟု ဖြစ်သည်။

ဓမ္မသတ် ။ ။ အကယ်၍ လူတစ်ဦး၏ တံခါးဝတွင် သွားရောက်၍ ဝင်ခွင့်တောင်းခံရာ အတွင်းမှ မည်သည့်အဖြေမျှ မရရှိပါလျှင် 'စွန္နသ်'နည်းစနစ်မှာ ဒုတိယအကြိမ် ထပ်မံ၍ ဝင်ခွင့်တောင်းခံရပေမည်။ ဤဒုတိယအကြိမ်၌လည်း အဖြေမရရှိဟု ဆိုလျှင် တတိယအကြိမ် ဝင်ခွင့်တောင်းခံရမည်။ ဤတတိယ အကြိမ်၌လည်း အဖြေမရရှိလျှင် ارجعوا ၏ အမိန့်ပင် ဖြစ်ပေတော့သည်။ ဆိုလိုသည်မှာ လှည့်ပြန်သွား ရမည်ဟု ဖြစ်သည်။ အကြောင်းမှာ (၃) ကြိမ် (၃) ခါ အသံပြုခြင်းဖြင့် အနည်းဆုံး အသံကြားသွားသည် ဟု သတ်မှတ်ရသောကြောင့် ဖြစ်သည်။ သို့သော် ထိုအတွင်းမှ လူသည် အဖြေမပေးနိုင်သည့် အခြေအနေ၊ ဥပမာ- နမာဇ်ဝတ်ပြုနေခြင်း၊ (သို့) ရေအိမ်တက်နေခြင်း၊ (သို့) ရေချိုးနေခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထိုသို့ မဟုတ်ပါက ထိုအချိန်၌ မတွေ့ဆုံလိုခြင်းဖြစ်လျှင် ထိုအခြေအနေနှစ်ရပ်စလုံးတွင် ထိုနေရာ၌ပင် စောင့်လျက် ရှိနေခြင်းနှင့် အဆက်မပြတ် တံခါးခေါက်နေခြင်း စသည်တို့မှာလည်း ဒုက္ခရောက်စေသော အကြောင်းများဖြစ်သည်။ ဤအပြုအမူများမှ ရှောင်ကြဉ်ရန် 'ဝါဂျိဗ်'ဖြစ်သည်။ ဝင်ခွင့်တောင်းခံခြင်း၏ အဓိကရည်ရွယ်ချက်မှာပင် ဒုက္ခရောက်စေခြင်းမှ ရှောင်ကြဉ်ရန်ဖြစ်သည်။

ဟဇရသ်အာဘူမူစာအရ်အရီ ؓ က ဆင့်ပြန်သည်မှာ 'အခါတစ်ပါးတွင် တမန်တော်မြတ် ﷺ မိန့် ကြားတော်မူသည်မှာ

اذا استا ذ ن احد كم ثلاثا فلم يؤذ ن له فلير جع

'လူတစ်ဦးသည် (၃) ကြိမ်ထိတိုင် ဝင်ခွင့်တောင်းခံသည်ကို မည်သည့်အဖြေမျှ မပေးသည့်အခါ ထိုသူသည် လှည့်ပြန်လာရပေမည်။ *[အိဗ်နေကစီးရ်ကျမ်း]*

မွစ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဇရတ်အနတ်စ် رضي الله عنه ၏ ဆင့်ပြန်ချက်လာရှိသည်မှာ 'တစ်ခါက တမန်တော်မြတ် ﷺ သည် ဟဇရတ်စအဒ်ဗင်န်အုဗာဒဟ် رضي الله عنه ၏ အိမ်သို့ ကြွမြန်းသွားတော်မူသည်။ ထို့နောက် စည်းကမ်းနှင့်အညီ အပြင်ဘက်မှ ဝင်ခွင့်တောင်းခံရန်အတွက် السلام عليكم ဟူ၍ 'စလာမ်'ပေးလိုက်သည်။ ဟဇရတ်စအဒ်ဗင်န်အုဗာဒဟ် رضي الله عنه သည် စလာမ်ကို တုန့်ပြန်သော်လည်း ကိုယ်တော်မြတ် ﷺ မကြားနိုင်လောက်အောင် တီးတိုးစွာ ဖြေခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ဒုတိယအကြိမ် ထပ်မံ၍ 'စလာမ်'ပေးတော်မူပြန်သည်။ ဟဇရတ်စအဒ် رضي الله عنه သည် ကြားရ၍ တီးတိုးစွာပင် 'စလာမ်'တုန့်ပြန်လေသည်။ သုံးကြိမ်တိုင်တိုင် ဤသို့ ပြုပြီးနောက် ကိုယ်တော်မြတ် ﷺ လှည့်ပြန်သွားတော်မူသည်။ ဟဇရတ်စအဒ် رضي الله عنه သည် အသံမကြားရတော့သဖြင့် အပြင်သို့ထွက်ကာ ကိုယ်တော်မြတ် ﷺ ၏ နောက်မှလိုက်ပြီး 'အို၊ တမန်တော်၊ အကြိမ်တိုင်းတွင် ကိုယ်တော်မြတ်၏ အသံကို ကြားရပါသည်။ အဖြေလည်း ပေးခဲ့ပါသည်။ သို့သော် တီးတိုးစွာပင် ပေးခဲ့ပါသည်။ သို့မှသာ ကိုယ်တော်၏ နှုတ်တော်မှ များနိုင်သမျှ များပြားသော 'စလာမ်'၏ စကားလုံးများသည် ကျွန်တော်မျိုးနှင့် စပ်လျဉ်း၍ ထွက်ပေါ်လာပေမည်။ ထိုစကားလုံးများသည် ကျွန်တော်မျိုးအတွက် 'ဗရိကတ်' မင်္ဂလာ ဖြစ်ပေလိမ့်မည်' ဟု အကျိုးအကြောင်းကို တင်ပြလေသည်။ (ကိုယ်တော်မြတ် ﷺ သည် ၎င်းအား '(၃) ကြိမ် (၃) ခါ အဖြေမပေးသည့်အပေါ် လှည့်ပြန်ရမည်' ဟု စွန္နသ်နည်းလမ်းကို သင်ကြားပေးတော်မူသည်။) ထို့နောက် ဟဇရတ်စအဒ် رضي الله عنه သည် ကိုယ်တော်မြတ် ﷺ အား မိမိအိမ်သို့ ပင့်ခေါ်ခဲ့ပြီး ၎င်းသည် ကိုယ်တော်မြတ် ﷺ အား ကောင်းစွာ ဧည့်ဝတ်ပျူငှာပြုလေသည်။ ကိုယ်တော်မြတ် ﷺ သည် ၎င်း၏ ဧည့်ဝတ်ပြုမှုကို လက်ခံတော်မူလေသည်။ ဟဇရတ်စအဒ် رضي الله عنه ၏ ဤလုပ်ရပ်သည် ချစ်ခြင်းတရား လွှမ်းမိုးနေသည့် အငွေ့အသက်များ ဖြစ်သည်။ ဟဇရတ်စအဒ် رضي الله عنه သည် ထိုအချိန်တွင် နှစ်ဘဝ၏ ခေါင်းဆောင် တမန်တော်မြတ် ﷺ သည် အိမ်တံခါးဝသို့ ကြွမြန်းလာခိုက် 'ကိုယ်တော်မြတ် ﷺ ၏ ခြေတော်ကို အပြေးအလွှား သွားရောက်၍ နမ်းရှုတ်လိုက်မည်' ဟူသော အတွေးမရှိခဲ့ဘဲ ၎င်း၏ အတွေးအာရုံမှာ ကိုယ်တော်မြတ် ﷺ ၏ နှုတ်တော်မှ السلام عليكم ဟူသော 'စလာမ်'၏ စကားလုံးများ များမြောင်စွာ ထွက်သမျှ ကျွန်ုပ်အတွက် အကျိုးထူးဖြစ်လိမ့်မည်' ဟူသော အတွေးသာ ရှိနေပေသည်။ မည်သို့ပင်ဆိုစေ (၃) ကြိမ် (၃) ခါ ဝင်ခွင့်တောင်းခံပြီးနောက် အဖြေမရရှိသည့်အခါ လှည့်ပြန်ရန်မှာ 'စွန္နသ်'ဖြစ်ကြောင်း အတည်ဖြစ်ပေသည်။ ပေကပ်၍ စောင့်ဆိုင်းနေခြင်းသည် စွန္နသ်နှင့် ဆန့်ကျင်ပြီး အိမ်ရှင်အား ဖိအားပေး၍ အပြင်သို့ ထွက်လာစေရန် အတင်းအကြပ် ပြုခြင်းဖြစ်၍ အိမ်ရှင်အဖို့ ဒုက္ခရောက်စေရန်အကြောင်း ဖြစ်ပေသည်။

ခမ္မသတ် ။ ။ ဤအမိန့်သည် စလာမ်ပေး၍ ဖြစ်စေ၊ (သို့) တံခါးခေါက်ခြင်း စသည်တို့ဖြင့် ဖြစ်စေ ဝင်ခွင့်ရရှိရန် ကြိုးစားခြင်းသည် (၃) ကြိမ်အထိသာ ဖြစ်သည်။ (၃) ကြိမ် ပြည့်ပြီးနောက် ထိုနေရာ၌ ပေကပ်၍ ထိုင်နေလိုက်ခြင်းသည် ဒုက္ခရောက်စေခြင်းဖြစ်သည်။ သို့ရာတွင် အကယ်၍ အာလင်မ်ပညာရှင်

(သို့) အကြီးအကဲ သူတော်စင်တစ်ပါးပါး၏ တံခါးဝတွင် ဝင်ခွင့်မတောင်းဘဲ အသိမပေးဘဲ ထိုအာလင်မ် အကြီးအကဲသည် မိမိလိုအပ်ချက်အရ အပြင်သို့ ကြွမြန်းလာမှသာ တွေ့ဆုံမည်ဟု ထိုင်၍ စောင့်နေခြင်းသည် ထိုအမိန့်တွင် မပါဝင်ပေ။ ထိုမျှမက ဤသည်ပင် ရှိသေသမှု စည်းကမ်းအစစ်အမှန် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ပင် လူသားတို့အား ညွှန်ကြားထားသည်မှာ 'တမန်တော်မြတ် ﷺ သည် အိမ်အတွင်း၌ ရှိသည့်အခါ ကိုယ်တော့်အား အသံပေး၍ ခေါ်ခြင်းသည် ရှိသေမှုနှင့် ဆန့်ကျင်သည်သာမက လူတို့အဖို့ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ လိုအပ်ချက်အရ အပြင်သို့ ကြွမြန်းလာသည့်အခါမှသာ တွေ့ဆုံကြရပေမည်' ဟု ဖြစ်သည်။ အာယသ်တော်မှာ

ولو انّهم صبرواحتى تخرج اليهم لكا ن خيرًا لّهم

ဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် အန်ဆွာရီဆွဟာဗီတစ်ဦး၏ တံခါးဝတွင် နေ့လည်ချိန်တစ်ချိန်လုံး စောင့်ဆိုင်းနေခဲ့သည်။ ၎င်းအန်ဆွာရီ အပြင်သို့ ထွက်လာသည့်အခါ ၎င်းထံမှ ဟဒီးစ်တော်တစ်ပါးပါးကို လေ့လာရန်ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် ၎င်းနှင့် တွေ့ဆုံခွင့် တောင်းလျှက် ၎င်းက မုချဧကန် ကျွန်ုပ်အား တွေ့ဆုံခွင့်ပြုပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်သည် ထိုသို့ပြုခြင်းကို ရှိသေမှု စည်းကမ်းနှင့် ဆန့်ကျင်သည်ဟု ယူဆသည်။ အကြောင်းမှာ စောင့်ဆိုင်းရသည့် ဒုက္ခကို နှစ်သက်သော ကြောင့် ဖြစ်သည်။ *[ဆွဟီးဟ်ဘိုခါရီကျမ်း]*

لَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَدْ خُلُوْا بُيُوْ تًا غَيْرَ مَسْكُوْ نَةٍ فِيْهَا مَتَاعٌ لَّكُمْ

مَتَاعٌ ၏ အဘိဓါန်အဓိပ္ပာယ်မှာ အရာတစ်ခုခုကို သုံးစွဲခြင်း၊ အသုံးပြုခြင်းနှင့် ထိုအရာမှ အကျိုးခံစားခြင်းတို့ ဖြစ်သည်။ ထို့အပြင် အကျိုးခံစားခွင့် ရယူနိုင်သော အရာကိုလည်း مَتَاعٌ ဟု ခေါ်ဆိုသည်။ ဤအာယသ်တော်တွင် مَتَاعٌ ၏ အဘိဓါန်အဓိပ္ပာယ်၏ အလိုသဘောပင် ဖြစ်သည်။ အဓိပ္ပာယ်တွင် သုံးစွဲခြင်းနှင့် သုံးစွဲရန် ထိုက်သက်ခြင်းဟု ဖြစ်သည်။

ဟဇရသ်အဘူဗကရ်စ္စိဒ်ဒီးက် ﷺ မှ ဆင့်ပြန့်ချက် လာရှိသည်မှာ ဝင်ခွင့်တောင်းခံခြင်းမရှိဘဲ တစ်ပါးသူ၏ အိမ်၌ ဝင်ရောက်ခြင်းဆိုင်ရာ 'ဝင်ခွင့်တောင်းခံခြင်း' နှင့် စပ်လျဉ်းသည့် ဖော်ပြပါအာယသ်တော်များ ကျရောက်လာသောအခါ စ္စိဒ်ဒီးက်အက္ကဗရ် ﷺ က 'အို၊ တမန်တော်၊ ဤတားမြစ်ချက် အမိန့် ကျရောက်လာပြီးနောက် ကုရိုက်ရှ်တို့၏ ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းကို မည်သို့ ပြုရပါတော့မည်နည်း။ အဘယ်ကြောင့်ဆိုသော် မက္ကာဟ်နှင့် မဒီနာမှ ဆီးရီးယားနိုင်ငံသို့ ၎င်းတို့၏ ကူးသန်းရောင်းဝယ်ရေးအတွက် ခရီးထွက်ကြရပါသည်။ လမ်းခရီးတွင် တစ်နေရာရာ၌ ၎င်းတို့ စခန်းချတည်းခိုရာများ ပြုလုပ်ကြပါသည်။ ထိုစခန်းများ၌ ခရီးထွက်နေစဉ်အတွင်း လူတို့ စခန်းချတည်းခိုကြပါသည်။ ထိုနေရာများတွင် အတည်တကျ နေထိုင်သူဟူ၍ မည်သူမျှ မရှိပါ။ သို့ဖြစ်ပေရာ ထိုနေရာမျိုးတွင် ဝင်ခွင့်တောင်းခံခြင်းကို

မည်သို့ ပြုရပါမည်နည်း။ ခွင့်တောင်းခံခြင်းကို မည်သူ့ထံ၌ ပြုရပါမည်နည်း' ဟု မေးမြန်းလျှောက်ထားခဲ့သည်။ ထိုသို့ မေးမြန်းခြင်းဖြစ်သည့်အပေါ် ဖော်ပြပါအာယသ်တော် ကျရောက်လာခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

'ရှာနေနုဇူးလ်' (အာယသ်တော်ကျရောက်ရာ အကြောင်း) ဖြစ်ရပ်မှ သိရှိရသည်မှာ အာယသ်တော်တွင် **بُيُوت غَيرمَسكُونَة** ၏ အလိုသဘောမှာ 'ထိုနေရာ၊ ထိုအဆောက်အဦးများသည် သီးသန့် လူတစ်ဦးတစ်ယောက် (သို့) လူမျိုးစုတို့အတွက် သီးသန့်နေထိုင်ရသော နေရာ၊ အဆောက်အဦးမဟုတ်ဘဲ မည်သူမဆို သွားလာ တည်းခို၊ နေထိုင်၊ အသုံးပြုနိုင်သောနေရာ၊ မြို့ပြများတွင် ခရီးသည်များ တည်းခိုရန် ရည်ရွယ်၍ ဆောက်လုပ်ထားသည့် တည်းခိုခန်းများ၊ လူတိုင်း ဝင်ခွင့်ရှိသော ဗလီဝတ်ကျောင်းတော်များ၊ ခါန်ကဟ်များ၊ သာသနာ့ စာသင်ကျောင်းများ၊ ဆေးရုံများ၊ စာတိုက်၊ ဘူတာ၊ လေဆိပ်နှင့် လူအများ လှည့်လည်အပန်းဖြေရန် ဆောက်လုပ်ထားသည့် နေရာများ၊ အချုပ်မှာ အများပြည်သူ အကျိုးအတွက်ဖြစ်သော နေရာဌာနဟူသမျှသည် ဤအမိန့်၌ ပါဝင်သည်။ ထိုနေရာများတွင် လူတိုင်းသည် ခွင့်ပြုချက်မလိုဘဲ သွားလာနိုင်သည်။

ဓမ္မသတ် ။ ။ အများပြည်သူ အကျိုးအတွက်ဖြစ်သော နေရာဌာနများတွင် ထိုနေရာဌာနတို့၏ အုပ်ချုပ်သူများ (သို့) တာဝန်ရှိသူများဘက်မှ ဝင်ခွင့်ရရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရန်မှာ တရားတော်အရ 'ဝါဂျိဗ်'ဖြစ်သည်။ ဥပမာ- ရထားဘူတာတွင် အကယ်၍ စကြိန်လက်မှတ်မရှိဘဲ ဝင်ခွင့်မရှိပါလျှင် စကြိန်လက်မှတ်ယူရန် အရေးကြီးသည်။ ထိုစည်းကမ်းကို ဆန့်ကျင်ခြင်း မပိုင်ပေ။ လေယာဉ်ကွင်းအတွင်းသို့ ဝင်ရောက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများ ခွင့်ပြုမထားပါက ထိုနေရာသို့ အခွင့်မရှိဘဲ သွားခြင်းမှာ တရားတော်အရ မပိုင်ပေ။

ဓမ္မသတ် ။ ။ ဤအတိုင်းပင် ဗလီဝတ်ကျောင်းတော်၊ ဘာသာရေးစာသင်ကျောင်းများ၊ ခါန်ကာဟ်များ၊ ဆေးရုံးများ စသည်တို့တွင် ထိုနေရာဌာနများမှ အကြီးအကဲများနှင့် အခြားသူတို့ နေထိုင်ရန် အထူးသတ်မှတ်ထားသည့် နေရာများ၊ ဥပမာ- ဗလီ၊ မဒရ်ဆဟ်နှင့် ခါန်ကာဟ်များတွင် သီးသန့်အခန်းများ၊ ဘူတာ၊ လေဆိပ်နှင့် ဆေးရုံတို့ရှိ ရုံးခန်းများနှင့် လူနာများအတွက်ဖြစ်သော အခန်းများ၊ အခြားသူတို့ နေထိုင်ရန် အခန်းများသည် **بُيُوت غَيرمَسكُونَة** (သီးခြားလူတို့အတွက် အထူးနေထိုင်ရာ မဟုတ်သောအိမ်) ၏ အမိန့်တွင် မပါရှိဘဲ နေထိုင်ရာအိမ်၏ အမိန့်အတိုင်း ဖြစ်သည်။ ထိုနေရာများတွင် အခွင့်မရှိဘဲ သွားခြင်းသည် တရားတော်အရ တားမြစ်ချက်ရှိပြီး အပြစ်ထိုက်ပေသည်။

ဝင်ခွင့်တောင်းခံခြင်းနှင့် စပ်လျဉ်းသည့် အချို့ဓမ္မသတ်များ

ဝင်ခွင့်တောင်းခံခြင်းသည် ရှရီအသ်တရားတော်၏ အမိန့်များ၏ ရည်ရွယ်ချက်အရ 'လူတို့အား ဒုက္ခရောက်စေခြင်းမှ ကာကွယ်ခြင်းနှင့် လူမှုဆက်ဆံရေး စည်းကမ်းများကို သင်ကြားပေးခြင်းပင် ဖြစ်သည်

ကို သိရှိပြီးဖြစ်သည်။ သို့ဖြစ်ပေရာ အကြောင်းတရားများ ရောယှက်နေခြင်းအပေါင်း အောက်ပါဓမ္မသတ်များ၏ အဓိပ္ပါယ်များလည်း သိရှိလာရပေသည်။

တယ်လီဖုန်းနှင့် စပ်လျဥ်းသော အချို့ဓမ္မသတ်များ

(၁) လူတစ်ဦးထံ တယ်လီဖုန်းဖြင့် စကားပြောဆိုရာတွင် အလေ့အထအရ ထိုသူ အိပ်စက်နေချိန် (သို့) အခြားလိုအပ်ချက်များ ပြုလုပ်နေသည့်အချိန် (သို့) နမာဇ်တွင် မွေ့လျော်နေသည့်အချိန်မျိုး ဖြစ်လျှင် ထိုအချိန်များတွင် အရေးကြီးကိစ္စမရှိလျှင် ဖုန်းဆက်ခြင်း မပိုင်။ အကြောင်းမှာ ဤသို့ စကားပြောဆိုခြင်းသည်လည်း လူတစ်ဦးတစ်ယောက်၏ အိမ်သို့ အခွင့်မရှိဘဲ ဝင်ရောက်ပြီး ၎င်း၏ လွတ်လပ်မှုကို နှောင့်ယှက်၍ ဒုက္ခရောက်စေခြင်း ဖြစ်သောကြောင့်ပင် ဖြစ်သည်။

(၂) တယ်လီဖုန်းဖြင့် စကားများစွာ ပြောဆိုရန်ဖြစ်လျှင် အသင့်တော်ဆုံးမှာ 'အသင့်အား တယ်လီဖုန်းဖြင့် စကားပြောဆိုရန် မည်သည့်အချိန်တွင် အဆင်ပြေလွယ်ကူမှု ရှိနိုင်ပါသနည်း' ဟု မေးမြန်း၍ ၎င်း၏ ဖြေကြားချက်အတိုင်း ပြုရပေမည်။

(၃) တယ်လီဖုန်းဖြင့် ရှည်လျားစွာ စကားပြောဆိုရန်ဖြစ်လျှင် ဦးစွာ မိမိပြောဆိုမည့်သူအား 'အသင့်အဖို့ အားလပ်ချိန်ရှိမည်ဆိုလျှင် ကျွန်ုပ် မည်ရွေ့မည်မျှ စကားပြောဆိုရန် ရှိပါသည်' ဟူ၍ ပြောဆိုရမည်။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် ဖြစ်လေ့ဖြစ်ထရှိသည်မှာ တယ်လီဖုန်း မြည်သံကြားရလျှင် ထိုသူသည် 'မည်သူက မည်သည့်အရာ ပြောဆိုလိုပါသနည်း' ဟူ၍ ချက်ချင်း သိလိုကြသည်။ ထို့ကြောင့် မိမိ၏ မည်သည့်အခြေအနေ၌မဆို မိမိ၏ အရေးကြီးသည့် အလုပ်ကို စွန့်လွှတ်၍ တယ်လီဖုန်းကို ကောက်ကိုင်လေ့ရှိကြသည်။ ညာတာမှုကင်းမဲ့သူတို့က ထိုအချိန်တွင် ရှည်လျားသော စကားများကို ပြောကြားနေပါလျှင် အလွန်ပင် ဒုက္ခခံစားရလေ့ရှိသည်။

(၄) အချို့သူတို့သည် တယ်လီဖုန်းအသံမြည်နေသည်ကိုပင် 'မည်သူက မည်သည့်အရာ ပြောဆိုလိုပါသနည်း' ဟူ၍ မေးရမည်ကိုပင် အလေးမမူကြပေ။ ဤသည် အစ္စလာမ်၏ အကျင့်စာရိတ္တနှင့် ဆန့်ကျင်နေပေသည်။ စကားပြောဆိုသူ၏ အခွင့်အရေးကို ဖျက်ဆီးခြင်းလည်း ဖြစ်သည်။ ဟဒီးစ်တော်တွင်

إنّ لزورك عليك حقًا

'အသင့်အား တွေ့ဆုံရန် လာရောက်သူအတွက် အသင့်အပေါ်၌ တာဝန်ရှိသည်' ဟု လာရှိသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ '၎င်းနှင့် စကားပြောဆိုပါ။ အရေးတကြီးကိစ္စ မရှိဘဲနှင့် တွေ့ဆုံမှုကို မငြင်းဆိုရ' ဟု ဖြစ်သည်။ အလားတူ တယ်လီဖုန်းဖြင့် အသင့်အား စကားပြောဆိုလိုသူအတွက်လည်း ၎င်း၏ စကားကို လက်ခံ၍ တုန့်ပြန်ပြောကြားရန်မှာ အသင့်အပေါ်တွင် တာဝန်ရှိပေသည်။

(၅) လူတစ်ဦးတစ်ယောက်နှင့် တွေ့ဆုံရန် သွားရောက်စဉ် ဝင်ခွင့်တောင်းခံရန် မတ်တတ်ရပ်နေပါလျှင် အိမ်အတွင်းသို့ စောင်းငဲ့ချောင်းမြောင်း ကြည့်ရှုခြင်းမပြုရ။ အကြောင်းမှာ ဝင်ခွင့်တောင်းခံခြင်းဟူသော မှန်မြတ်သည့် ရည်ရွယ်ချက်မှာ 'အခြားသူတစ်ဦးက အသင့်အား မသိစေလိုသော အရာကို အသင်မသိစေရန်ပင် ဖြစ်သည်။' အကယ်၍ အစကနဦးကပင် အိမ်အတွင်းသို့ စောင်းငဲ့ချောင်းမြောင်း ကြည့်၍ တွေ့မြင်သွားပါလျှင် ရည်ရွယ်ချက်မှာ ပျောက်ကွယ်သွားပေမည်။ ဟဒီးစ်တော်တွင် ထိုသို့မပြုရန် ပြင်းပြင်းထန်ထန် တားမြစ်ထားသည်။ *[ဗိုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း]*

(၆) တမန်တော်မြတ် ﷺ ၏ ဓလေ့တော်မှာ လူတစ်ဦးတစ်ယောက်၏ အိမ်သို့ သွားပါလျှင် ဝင်ခွင့် တောင်းခံရန် မတ်တတ်ရပ်သည့်အခါ တံခါးဝနှင့် မျက်နှာချင်းဆိုင်၍ မရပ်ဘဲ တံခါး၏ လကျ်ာဘက် (သို့) လက်ဝဲဘက်၌ ရပ်တော်မူ၍ ဝင်ခွင့်တောင်းတော်မူလေ့ ရှိသည်။ တံခါးနှင့် မျက်နှာချင်းဆိုင်၍ ရှေ့တည့်တည့်၌ ရပ်ခြင်းကို ရှောင်ကြဉ်သည့်အကြောင်းမှာ 'ထိုခေတ်ထိုအခါက တံခါးများတွင် လိုက်ကာ (အခန်းစည်း) ထည့်ခြင်းများသည် အလွန်ပင် နည်းပါးစွာ ရှိသောကြောင့်ပင် ဖြစ်သည်။ အကယ်၍ လိုက်ကာ (ခန်းစည်း) ထည့်ထားပါလျှင်လည်း ထိုလိုက်ကာ ပွင့်သွားမည်ကို အချိန်မရွေး စိုးရိမ်ရသောကြောင့် ဖြစ်သည်။ *[မဇ္ဖဟရီကျမ်း]*

(၇) ဖော်ပြပါအာယသ်တော်၌ အဆောက်အဦးများ အိမ်များတွင် အခွင့်မရှိဘဲ ဝင်ရောက်ခြင်းကို တားမြစ် ချက်အဖြစ် သတ်မှတ်ထားသည်မှာ သာမန် အခြေအနေများတွင် ဖြစ်သည်။ အကယ်၍ ရုတ်တရက် ထိုအိမ်များတွင် မီးလောင်၍ ပျက်စီးမည့်အခြေအနေမျိုး ဖြစ်ပေါ်လာလျှင်ဖြစ်စေ၊ (သို့) အဆောက်အဦး ပြိုကျရန် ဖြစ်ပေါ်လာသည်ဖြစ်စေ၊ အခွင့်တောင်းခံခြင်းမပြုဘဲ ကူညီစောင်မရန်အတွက် ဝင်ရောက်နိုင်သည်။ *[မဇ္ဖဟရီကျမ်း]*

(၈) လူတစ်ဦးကို တစ်ဦးတစ်ယောက်က လူလွှတ်၍ ခေါ်ပါလျှင် ထိုသူသည် မိမိအား လာရောက်ခေါ်ဆိုသူနှင့်အတူ လာခြင်းဖြစ်လျှင် ၄င်းအဖို့ ခွင့်ယူရန် မလိုအပ်ပေ။ အကယ်၍ ထိုလာရောက်ခေါ်သည့် အချိန်၌ ချက်ချင်းလိုက်ပါလာခြင်းမဟုတ်ဘဲ အချိန်အနည်းငယ်ကြာပြီးမှ ရောက်ရှိလာခြင်းဖြစ်လျှင် အခွင့်ယူရန် အရေးကြီးပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

اِذ ا د عى احد كم فجاء مع الرسول فا ن ذلك له اِذن

'(လူလွှတ်၍) အခေါ်ခံရသူသည် လာရောက်ခေါ်သူနှင့်အတူ ရောက်ရှိလာပါက ထိုသူ့အတွက် အတွင်းသို့ ဝင်ရောက်ခွင့်ရှိသည်'ဟု ဖြစ်သည်။ *[အဘူဒါဝူးဒ်ကျမ်း၊ မဇ္ဖဟရီကျမ်း။]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُل لِّلْمُؤْمِنِينَ يَغُضُّوا مِنْ أَبْصَارِهِمْ وَيَحْفَظُوا
فُرُوجَهُمْ ۚ ذَٰلِكَ أَزْكَىٰ لَهُمْ ۗ إِنَّ اللَّهَ خَبِيرٌ بِمَا يَصْنَعُونَ ﴿٣٠﴾

၂၄ : ၃၀ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူ အမျိုးသားတို့အား 'မိမိတို့၏ မျက်စိများကိုလည်း၊ မိမိတို့၏ အရှက်အင်္ဂါများကို (ကာမဂုဏ် ကျူးလွန်ခြင်းမှ) ထိန်းသိမ်းကြရမည်' ဟူ၍လည်းကောင်း ပြောကြားပါလေ။ ဤသည် ၄င်းတို့အဖို့ အစင်ကြယ်ဆုံးပင် ဖြစ်ပေသည်။ စေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့ ပြုလုပ်သမျှတို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَقُل لِّلْمُؤْمِنَاتِ يَغْضُضْنَ مِنْ أَبْصَارِهِنَّ وَيَحْفَظْنَ فُرُوجَهُنَّ وَلَا يُبْدِينَ
زِينَتَهُنَّ إِلَّا مَا ظَهَرَ مِنْهَا ۖ وَلْيَضْرِبْنَ بِخُمُرِهِنَّ عَلَىٰ جُيُوبِهِنَّ ۖ وَلَا
يُبْدِينَ زِينَتَهُنَّ إِلَّا لِبُعُولَتِهِنَّ أَوْ آبَائِهِنَّ أَوْ آبَاءِ بُعُولَتِهِنَّ أَوْ
أَبْنَائِهِنَّ أَوْ أَبْنَاءِ بُعُولَتِهِنَّ أَوْ إِخْوَانِهِنَّ أَوْ بَنِي إِخْوَانِهِنَّ أَوْ
بَنِي أَخَوَاتِهِنَّ أَوْ نِسَائِهِنَّ أَوْ مَا مَلَكَتْ أَيْمَانُهُنَّ أَوِ التَّابِعِينَ غَيْرِ
أُولِي الْإِرْبَةِ مِنَ الرِّجَالِ أَوِ الطِّفْلِ الَّذِينَ لَمْ يَظْهَرُوا عَلَىٰ
عَوْرَاتِ النِّسَاءِ ۖ وَلَا يَضْرِبْنَ بِأَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِينَ مِن
زِينَتِهِنَّ ۚ وَتُوبُوا إِلَى اللَّهِ جَمِيعًا أَيُّهَ الْمُؤْمِنُونَ لَعَلَّكُمْ تُفْلِحُونَ ﴿٣١﴾

၂၄ : ၃၁ ။ ။ ၄င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူ အမျိုးသမီးတို့အား (ဤသို့) ပြောကြားပါလေ။ '၄င်းတို့သည် မိမိတို့၏ မျက်စိများကို အောက်သို့ နှိမ့်ချ (၍) စောင့်စည်းကြရမည်။ ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါများကို (ကာမဂုဏ် ကျူးလွန်ခြင်းမှ) ထိန်းသိမ်းကြရမည်။ ထို့ပြင် ၄င်းတို့သည် အလိုအလျောက် ပေါ်၍ နေတတ်သော မိမိတို့၏ အလှမှအပ ကျန်အလှအပတို့ကို ပေါ်စေခြင်း မရှိစေရ။ ထို့ပြင် ၄င်းတို့သည် မိမိတို့၏ အပေါ်ရုံများ (ဦးခေါင်းခြုံ ပုဝါများ) ကို မိမိတို့၏ ရင်ဘတ်များအပေါ်သို့ ချထားကြရမည်။

ထို့ပြင် ၄င်းတို့သည် မိမိတို့၏ အလှကို မိမိတို့၏ လင်ယောကျ်ားများ၊ သို့မဟုတ် မိမိတို့၏ ဖခင်များ၊ သို့မဟုတ် မိမိတို့၏ လင်ယောကျ်ားများ၏ ဖခင်များ၊ သို့မဟုတ် မိမိတို့၏ သားများ၊ သို့မဟုတ် မိမိတို့ လင်ယောကျ်ားများ၏ သားများ၊ သို့မဟုတ် မိမိတို့၏ အစ်ကိုများ၊ မောင်များ၏ သားများ၊ သို့မဟုတ် မိမိတို့၏ အစ်မများနှင့် ညီမများ၏ သားများ၊

သို့မဟုတ် မိမိတို့ (၏ သာသနာဝင်) မိန်းမအချင်းချင်းများ၊ သို့တည်းမဟုတ် မိမိတို့၏ လက်ယာလက်များက ပိုင်ဆိုင်သော မိန်းမများ (တစ်နည်း) ကျွန်မများ၊ သို့မဟုတ် ယောကျ်ားများအနက်မှ (မိန်းမများကို) အလိုမရှိသော (တဏှာရာဂစိတ်မရှိသည့် မိမိတို့၏) လက်အောက်ခံ (ယောကျ်ား) များ၊ သို့မဟုတ် မိန်းမများ၏ အတွင်းရေး လျှို့ဝှက်ချက်များကို မသိနားမလည်ကြသေးသော ကလေးသူငယ်၏ ရှေ့မှအပ၊ အခြားမည်သူ၏ ရှေ့၌မျှ မဖော်ကြရ။ ထို့ပြင် ၎င်းတို့သည် မိမိတို့ လျှို့ဝှက် စီရင်ထားကြသော တန်ဆာများကို (သူတစ်ပါးတို့) သိရှိရန် မိမိတို့၏ ခြေများကို (မြေပေါ်ဝယ်) ဆောင့်၍ မနင်းကြရ။ ၎င်းပြင် 'အို၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အပေါင်းတို့၊ အောင်မြင်မှု ရရှိကြရန်အလို့ငှာ အသင်တို့အားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ဝန်ချတောင်းပန်ကြလေကုန်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဆဌမမြောက်အမိန့်

အမျိုးသမီးများအဖို့ 'ပရ်ဒဟ်' လုံခြုံစွာ ဝတ်ဆင်ခြင်းဆိုင်ရာ အမိန့်ပညတ်ချက်

(အို၊ နဗီတမန်တော်) အသင်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူ အမျိုးသားတို့အား မိမိ၏ မျက်စိများကို စောင့်စည်းထိန်းသိမ်းကြရန် ပြောကြားပါလေ။ (ကြည့်ရှုရန် မပိုင်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လုံးဝ ကြည့်ရှုခြင်း မပြုရ။ ထို့အပြင် မူလက ကြည့်ပိုင်သော အရာဖြစ်သော်လည်း တဏှာရာဂဖြင့် ကြည့်လျှင် မပိုင်သည့် အစိတ်အပိုင်းများကိုလည်း တဏှာရာဂဖြင့် ကြည့်ရှုခြင်း မပြုလေနှင့်။ ထို့နောက် မိမိတို့၏ အရှက်အင်္ဂါများကို စောင့်စည်းထိန်းသိမ်းရမည်ဟု ပြောကြားပါလေ။ (မပိုင်သော နေရာများတွင် ရာဂစိတ်ကို ဖြေဖျောက်ခြင်းဖြစ်သည်။ ထိုသို့ပြုရာတွင် 'ဇေနာ'နှင့် 'လဝါသွလ်' (အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ နောက်ပေါက်ကို အသုံးပြု၍ ရာဂစိတ်အာရုံခံစားခြင်း) အားလုံး ပါဝင်သည်) ဤသည်ပင် ၎င်းတို့အဖို့ အစင်ကြယ်ဆုံး ဖြစ်ပေသည်။ (ထိုသို့ စောင့်စည်းထိန်းသိမ်းခြင်း မပြုပါက 'ဇေနာ' သို့မဟုတ် 'ဇေနာ'၏ ရှေ့ပြေးကိစ္စများနှင့် ထိတွေ့ရပေမည်။) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် လူသားတို့ ပြုကျင့်သမျှတို့ကို ကောင်းစွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (သို့ဖြစ်ပေရာ ဆန့်ကျင်မှုပြုသူတို့သည် အပြစ်ဒဏ်ပေးရန် ထိုက်သက်ကြပေမည်။) ထို့နောက် (အလားတူ အို၊ နဗီတမန်တော်) အသင်သည် မွတ်စ္စလင်မ်အမျိုးသမီးတို့အား မိမိတို့၏ မျက်စိများကို စောင့်စည်းထိန်းသိမ်းကြရန် ပြောကြားပါလေ။ (ကြည့်ရှုရန် မပိုင်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လုံးဝ ကြည့်ရှုခြင်း မပြုရ။ နဂိုမူလအားဖြင့် ကြည့်ရှုပိုင်သော်လည်း ရာဂဖြင့် ကြည့်ရှုခြင်းမပြုလေနှင့်။) ထို့အပြင် မိမိတို့၏ အရှက်အင်္ဂါများကို စောင့်ထိန်းသိမ်းရမည်ဟု ပြောကြားပါလေ။ (မပိုင်သည့် နေရာများတွင် ရာဂစိတ်ကို ပြေပျောက်ခြင်း မပြုလေနှင့်။ ဤနေရာတွင် 'ဇေနာ'နှင့် နောက်ပေါက်မှ ဆက်ဆံခြင်းဖြင့် ရာဂစိတ် ပြေပျောက်ခြင်းလည်း ပါဝင်သည်။)

ထို့ပြင် သူမတို့သည် မိမိတို့၏ အလှအပ (နေရာများ) ကို ထုတ်ဖော်ခြင်း မပြုကြလေနှင့်။ (အလှဟူသည့် သဘောမှာ ဘီး၊ လက်ကောက်၊ ခြေကျင်း၊ လက်မောင်း၌ ဆင်ယင်သော ရတနာဆွဲကြိုး၊ နဖူး၌ ဆင်ယင်သော ရတနာနှင့် နားကွင်း၊ နားဆွဲ စသည်တို့ဖြစ်သည်။ ၎င်းတို့၏ နေရာများဆိုသည်မှာ လက်၊ ခြေသလုံး၊ လက်မောင်း၊ လည်ပင်း၊ ဦးခေါင်း၊ ရင်ဘတ်နှင့် နား စသည်တို့ဖြစ်သည်။ ထိုနေရာ အားလုံးကို ဖုံးအုပ်၍ ထားရမည်။ အရာနှစ်ခုသာ မပါဝင်ပေ။ ထို့အကြောင်း ရှေ့၌ လာရှိပေမည်။ ထိုနေရာ များကို ထုတ်ဖော်ခြင်းသည် 'နေကာဟ်'မပြုပိုင်သူများရှေ့တွင် ပိုင်သည်။ သို့ဖြစ်ပေရာ ခန္ဓာကိုယ်၏ ဖော်ပြပါအစိတ်အပိုင်းများအပြင် နောက်ကျောနှင့် ဝမ်းဗိုက် စသည်တို့ကို ဖွင့်ဖော်ခြင်းသည် 'နေကာဟ်' မပြုပိုင်သူများရှေ့၌လည်း မပိုင်ပေ။ ထိုနေရာများကို ဖုံးအုပ်ထားရန်မှာလည်း ကုရ်အာန်ကျမ်းတော်မြတ် ၏ ညွှန်ကြားချက်အရ 'ဝါဂျိဗ်'ဖြစ်ပေသည်။ အချုပ်မှာ ဦးခေါင်းမှသည် ခြေဖျားအထိ ခန္ဓာကိုယ်တစ်ခု လုံးကို လုံခြုံစွာ ထားရှိရမည်။ ထိုခန္ဓာကိုယ်တစ်ခုလုံး၏ ဤအမိန့်၌ မပါဝင်သော အစိတ်အပိုင်းနှစ်ခု အနက် ပထမအစိတ်အပိုင်းသည် နေ့စဉ် လုပ်ကိုင်နေရသော အလုပ်များအတွက် လိုအပ်ချက်ဖြစ်၍ ကန့်သတ် ဖယ်ထုတ်ထားခြင်း ဖြစ်သည်။) သို့ရာတွင် ထို (အလှအပနေရာများ) အနက် (များသောအားဖြင့်) ပွင့်ပေါ် လျက် (သာ) ရှိနေတတ်သည်။ (ထိုနေရာများကို အချိန်တိုင်း ဖုံးအုပ်ရန် ဆိုသည်မှာ ခက်ခဲလှပေသည်။ ထိုနေရာများမှာ မျက်နှာနှင့် လက်ဖဝါးများ ဖြစ်သည်။ အမှန်ကန်ဆုံးသော အဆိုအရ ခြေထောက်နှစ်ဘက် လည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် မျက်နှာသည် သဘာဝအလျောက် အလှများ ပေါင်းစုရာ နေရာဖြစ်သည်။ အချို့သော အလှအပများသည် တမင်ရည်ရွယ်လျက် ဆင်ယင်ရသောကြောင့် ဖြစ်သည်။ ဥပမာ- 'စွရ်မဟ်' (မျက်ခုံးဆွဲ) စသည်များ ထည့်ခြင်းဖြစ်သည်။ လက်ချောင်းကလေးများသည် လက်ကောက်ဝတ်ရန်နှင့် ဒန်းဆိုးရသော နေရာဖြစ်သည်။ ခြေထောက်များသည်လည်း ခြေကျင်းဝတ်ရန် နှင့် ဒန်းဆိုးရသော နေရာများဖြစ်သည်။ သို့ဖြစ်ပေရာ ထိုလိုအပ်ချက်များဖြင့် ထိုနေရာများကို ကန့်သတ်၍ ဖယ်ထုတ်ထားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာများကို ဖွင့်လှစ်ခြင်းမပြုဘဲ အလုပ်အကိုင် များ မပြုလုပ်နိုင်ပေ။ ၎င်းနောက် ماظهر ၏ သဖ်စီးရ်သည် မျက်နှာနှင့် ခြေဖဝါး၊ လက်ဖဝါးဖြစ်သည်ဟူ၍ ဟဒီးစ်တော်၌ လာရှိသည်။ ခြေထောက်နှစ်ဖက်ကို ဖိကာဟ်ပညာရှင်များက မျက်နှာနှင့် လက်များအပေါ်၌ သုံးသပ်၍ အဆိုပါအမိန့်အတိုင်း ရောနှောသတ်မှတ်ခြင်း ဖြစ်သည်။)

ထို့နောက် (အထူးအားဖြင့် ဦးခေါင်းနှင့် ရင်ဘတ်တို့ကို လုံခြုံစွာ ဖုံးအုပ်ရန် အထူးအလေးအနက် ထားရမည်။ ထို့ပြင်) မိမိတို့၏ ဦးခေါင်းခြုံလွှာ (ဦးခေါင်း၌ ဖုံးအုပ်သော ပုဝါ) များကို မိမိတို့၏ ရင်ဘတ်များအပေါ်သို့ ချထားရမည်။ (ရင်ဘတ်သည် အင်္ကျီဖြင့် ဖုံးအုပ်၍ ကာသွားပါသည်။ သို့ရာတွင် များသောအားဖြင့် အင်္ကျီတွင် ရှေ့မှ ရင်ခွဲမှာ ပွင့်နေလေ့ ရှိတတ်သည်။ ရင်ဘတ်၏ ရှိရင်းစွဲအနေအထား သည် အင်္ကျီဝတ်ထားသည့်တိုင် ပေါ်လွင်မှုဖြစ်တတ်ပါသည်။ ထို့ကြောင့် အလေးအနက်ထားရန် လိုအပ် ပါသည်။ ယခု ဒုတိယကန့်သတ် ဖယ်ထုတ်ထားသည့်အကြောင်း တင်ပြပါမည်။ ဤတင်ပြချက်တွင်

'နေကာဟ်'ဟာရာမ်'ဖြစ်သော အမျိုးသားများ စသည်တို့အား ဖော်ပြပါ 'ပရ်ဒဟ်'၏ အမိန့်မှ ကန့်သတ်ဖယ်ထုတ်ထားသည်။) ထို့နောက် မိမိတို့၏ အလှအပ (၏ ဖော်ပြပါ နေရာများ) ကို (အခြားမည်သူ့ကိုမျှ) ထုတ်ဖော်ခြင်းမပြုရ။ သို့ရာတွင် မိမိတို့၏ လင်ယောကျ်ားများအပေါ်၌လည်းကောင်း၊ သို့မဟုတ် (မိမိတို့နှင့် 'နေကာဟ်' မပြုပိုင်သော) မိမိတို့၏ ဖခင်များအပေါ်၌လည်းကောင်း၊ သို့မဟုတ် မိမိ၏ လင်ယောကျ်ား၏ ဖခင်များအပေါ်၌လည်းကောင်း၊ သို့မဟုတ် မိမိ၏ သားများအပေါ်၌လည်းကောင်း၊ သို့မဟုတ် မိမိ၏ လင်ယောကျ်ားများ၏ သားများအပေါ်၌လည်းကောင်း၊ သို့မဟုတ် မိမိတို့၏ (မောင်နှမအရင်းဖြစ်စေ၊ အဖေတူအမေကွဲဖြစ်စေ၊ အမေတူအဖေကွဲဖြစ်စေ) အစ်ကို၊ မောင်များအပေါ်၌လည်းကောင်း၊ (အဖေ့ညီအစ်ကိုမွေး သားများနှင့် အမေ့အစ်ကို၊ မောင် မွေးသားများ မပါပေ။) သို့မဟုတ် မိမိ၏ (ဖော်ပြပါ) အစ်ကို၊ မောင်တို့၏ သားများအပေါ်၌လည်းကောင်း၊ သို့မဟုတ် မိမိ၏ (အရင်းဖြစ်စေ၊ အဖေတူအမေကွဲဖြစ်စေ၊ အမေတူအဖေကွဲဖြစ်စေ) ညီအစ်မ၊ အစ်မတို့၏ သားများအပေါ်၌လည်းကောင်း၊ (ဦးလေးနှင့် အဒေါ်တို့မှ မွေးသည့် ညီမ၊ အစ်မများ မဖြစ်စေရပေ။) သို့မဟုတ် မိမိတို့၏ (သာသနာဝင်) မိန်းမချင်းအပေါ်၌လည်းကောင်း၊ (မွတ်စ္စလင်မ် အမျိုးသမီးများကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ် အမျိုးသမီးများသည် သူစိမ်းယောကျ်ားများ၏ အမိန့်အတိုင်းဖြစ်သောကြောင့်ပင် ဖြစ်သည်။ (သွာအူးစ်၊ မုဂျာဟီဒ်၊ အသွာစအီဒ်ဗင်န်မုစိုင်ယဗ်နှင့် အီဗ်ရာဟီမ်တို့က ဆင့်ပြန်ခဲ့ကြသည်။) သို့မဟုတ် မိမိတို့၏ ကျွန်မများအပေါ်၌လည်းကောင်း၊ (လုံးဝပင် သူမတို့သည် ကာဖိရ်ပင်ဖြစ်ပါစေ၊ အဘယ်ကြောင့်ဆိုသော် ကျွန်အမျိုးသား၏ အမိန့်သည် အေမာမ်အာဇူဟာနီဖဟ် (ရဟ) ထံတွင် သူစိမ်းယောကျ်ားကဲ့သို့သော အမိန့် ဖြစ်သည်။ ထိုကျွန်ဖြင့်လည်း 'မရ်ဒဟ်'ပြုရန် 'ဝါဂျိဗ်'ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဒွရ်ရေမုခ်သားရ်ကျမ်းတွင် သွာအူးစ်၊ မုဂျာဟီဒ်၊ အသွာ၊ စအီဒ်ဗင်န်မုစိုင်ယဗ်နှင့် အီဗ်ရာဟီမ်တို့က ဆင့်ပြန်ခဲ့ကြသည်။) သို့မဟုတ် (စားရန် သောက်ရန်အတွက်သာ) ကလေးငယ်တစ်ဦး (အဖြစ်နှင့် ရှိနေကြသူ) အမျိုးသားများအပေါ်၌လည်းကောင်း၊ ၎င်းတို့သည် (အာရုံခံစားမှုများ ကောင်းမွန်မှုမရှိသည့်အတွက် အမျိုးသမီးများဘက်သို့) အနည်းငယ်မျှပင် တဏှာရာဂစိတ် မရှိကြပေ။ ('သာဗေအီးန်'ဟူသော စကားကို သုံးနှုန်းရခြင်းမှာ ထိုခေတ်ထိုအခါတွင် ဤကဲ့သို့သောသူများ ရှိခဲ့ကြသောကြောင့် ဖြစ်သည်။ ဒွရ်ရေမုခ်သားရ်ကျမ်းတွင် ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်မှ ဆင့်ပြန်ခဲ့သည်။ အာရုံခံစားမှု ပြတ်တောက်သွားသူတို့သည် ဤအမိန့်၌သာရှိသည်။ အမိန့်ပညတ်ချက်တည်ရှိခြင်းသည် အသိအာရုံခံစားမှု ပြတ်တောက်သွားခြင်းအပေါ် မူတည်ခြင်းဖြစ်ပြီး ကလေးငယ်တစ်ဦးအသွင် ဖြစ်ခြင်းကြောင့် မဟုတ်ပါ။ သို့သော်လည်း ထိုခေတ်ထိုအခါက သာဗိအ်တို့သည် ဤအတိုင်းပင်ဖြစ်သည့်အတွက် 'သာဗိအ်'ကို တင်ပြခြင်းဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ အသိအာရုံခံစားနိုင်စွမ်း ရှိသူတိုင်းသည် အခြေအနေတိုင်း၌ သူစိမ်းအမျိုးသားပင် ဖြစ်သည်။ အိမ်မင်းမစွမ်းသော အဖိုးအိုဖြစ်စေ၊ 'ခဆီ'သင်းထားသူပင် ဖြစ်စေ၊ ၎င်းတို့အပေါ်၌ 'ပရ်ဒဟ်' လုံခြုံမှုထားရှိရန်မှာ 'ဝါဂျိဗ်'ဖြစ်သည်။) သို့မဟုတ် အမျိုးသမီးတို့၏ အတွင်းရေးလျှို့ဝှက်ချက်များကို မသိနားမလည်ကြသေးသော ကလေးသူငယ်များအပေါ်၌လည်းကောင်း၊ (အရွယ်ရောက်လုသည့် အခြေအနေ

သို့ပင် မရောက်သေးသည့် ကလေးသူငယ်များကို ဆိုလိုသည်။ ၎င်းတို့သည် တဏှာရာဂအကြောင်း နားမလည်ကြသေးပေ။ သို့ဖြစ်ပေရာ ၎င်းတို့အားလုံး၏ ရှေ့တွင် မျက်နှာနှင့် ခြေဖဝါး၊ လက်ဖဝါးတို့အပြင် အလှအပ၏ ဖော်ပြပါနေရာများ ထုတ်ဖော်ခြင်းလည်း ပိုင်ပေသည်။ ဆိုလိုသည်မှာ ဦးခေါင်းနှင့် ရင်ဘတ်ဖြစ်သည်။ လင်ယောကျာ်း၏ ရှေ့တွင် မည်သည့်နေရာမျှ ဖုံးအုပ်ရန် 'ဝါဂျိဗ်' မဟုတ်ပေ။ ခန္ဓာကိုယ်၏ အထူးနေရာကို ကြည့်ခြင်းမှာမူ အကောင်းဆုံးနှင့် ဆန့်ကျင်ပေသည်။

قا لت سيّدتنا ام المؤمنين عائشة رضى الله تعالىعنها مامحصله لم ار منه ولم ير منى ذ الك الموضع اورد ه فى المشكوٰ ة ورو ى بقى بن مخلد وابن عد ى عن ابن عباس مرفوعا ا ذ ا جامع احد كم زوجته اوجا ريته فلا ينظر الى فرجها فان ذٰلك يورث العمىقال ابن صلاح جيد الاسنا د كذا فى الجامع الصغير

ထို့ပြင် ('ပရ်ဒဟ်' နှင့် စပ်လျဉ်း၍ လမ်းလျှောက်သည့် နေရာတွင်လည်း ဆင်ခြင်ရမည်မှာ) ၎င်းတို့သည် မိမိတို့ လျှို့ဝှက်စွာ ဝတ်ဆင်ထားသည့် တန်ဆာများကို သိရှိသွားစေရန် ခြေများကို ပြင်းထန်စွာ ဆောင့်၍ မနင်းရပေ။ (ဆိုလိုသည်မှာ လက်ဝတ်တန်ဆာတို့၏ အသံသည် 'နေကာဟ်' ပြုပိုင်သူတို့ ကြားသွားခြင်းဖြစ်သည်။) ထို့ပြင် အို၊ မွတ်စ္စလင်မ်အပေါင်းတို့၊ (အသင်တို့သည် ဤအမိန့်တော်များ တွင် ချွတ်ချော်မှားယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်သွားခဲ့ပါလျှင်) အသင်တို့အားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် 'သောင်ဗာဟ်' ပြုကြလေကုန်။ သို့မှသာ အသင်တို့သည် အောင်မြင်မှုကို ရရှိကြပေမည်။ (ထိုသို့မဟုတ်ပါက အသင်တို့သည် အပြစ်ကျူးလွန်ခြင်းကြောင့် ပြည့်ဝသော အောင်မြင်မှုကို မရရှိသူများ ဖြစ်သွားကြပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

မကောင်းမှုလုပ်ရပ်များကို တားဆီးပိတ်ပင်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းကို ထိန်းသိမ်းကာကွယ်ခြင်း၌ အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သော အမျိုးသမီးများ၏ 'ပရ်ဒဟ်'အကြောင်း

အမျိုးသမီးများအတွက် 'ပရ်ဒဟ်' လုံခြုံစွာ ဝတ်ဆင်နေထိုင်ရမည့် အမိန့်ပညတ်တော်များ၏ ပထမ အာယသ်တော်သည် 'စူရာဟ်အဟ်ဇာဗ်' တွင် ဟဇရသ်ဇိုင်နဗ်ဗင်န်သေ့ ဂျဟ်ရှ် ﷺ သခင်မသည် ကိုယ်တော်မြတ် ﷺ ၏ 'နေကာဟ်' ၌ ရောက်ရှိလာခဲ့စဉ်က ကျရောက်ခဲ့သည်။ ထိုအာယသ်တော် ကျရောက်ခဲ့သည့် ခုနှစ်နှင့် စပ်လျဉ်း၍ အချို့ပညာရှင်တို့က ဟီဂျ်ရီ (၃) ခုနှစ်ဟုလည်းကောင်း၊ အချို့က ဟီဂျ်ရီ (၅) ခုနှစ်

ဟုလည်းကောင်း ပြဆိုကြသည်။ အိဗ်နေကစီးရ်နှင့် နိုင်လွလ်အောင်သွားရ်ကျမ်း၏ သဖ်စီးရ်တွင် ဟီဂျ်ရီ (၅) ခုနှစ်ကို ဦးစားပေး တင်ပြထားသည်။ ရှုးဟွလ်မအာနီကျမ်းတွင် ဟဇရသ်အနတ်စ် ﷺ မှ ဆင့်ပြန်သည်မှာ ဟီဂျ်ရီ (၅) ခုနှစ် ဇိလ်ကအ်ဒဟ်လတွင် ဤ 'နေကာဟ်' ထိမ်းမြားမှု ဖြစ်ခဲ့သည်ဟု ဖြစ်သည်။ 'ဟိဂျားဗ်' အမျိုးသမီးများ လုံခြုံစွာ နေထိုင်ဝတ်ဆင်ရမည့် ပထမဆုံးအာယသ်တော်သည် ဤ 'နေကာဟ်' ထိမ်းမြားခြင်းအခြေအနေ၌ ကျရောက်ခဲ့ကြောင်း အားလုံး တစ်ညီတစ်ညွတ်တည်း ဆိုကြသည်။ စူရာဟ်နူးရ်၏ ဤအာယသ်တော်များမှာ စွပ်စွဲခြင်းဖြစ်ရပ်နှင့်အတူ ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုအာယသ်တော်များသည် 'ဗနီလ်မွဆ်ွသွလိက်' စစ်ပွဲ (သို့) 'မုရိုင်စီးအ်' စစ်ပွဲမှ အပြန်တွင် ဖြစ်ပေါ်ခဲ့သည်။ ဤစစ်ပွဲသည် ဟီဂျ်ရီ (၆) ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် စူရာဟ်နူးရ်၏ 'ပရ်ဒဟ်' အမိန့်တော်များသည် ကျရောက်ခြင်းအားဖြင့် ကြည့်လျှင် နောက်မှ ကျရောက်လာခဲ့ခြင်း ဖြစ်သည်။ စူရာဟ် အဟ်ဇားဗ်၏ အာယသ်တော် (၄) ပါးသည် 'ပရ်ဒဟ်'နှင့် စပ်လျဉ်း၍ ပထမဦးစွာ ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ရှရီအသ်တရားတော်အရ 'ပရ်ဒဟ်'၏ အမိန့်ပညတ်တော်များသည် အဆိုပါအာယသ်တော်များ ကျရောက်လာစဉ်မှ စတင်ခဲ့သည်။ ထို့ကြောင့် 'ပရ်ဒဟ်'၏အကြောင်း အပြည့်အစုံမှာမူ 'အင်နီရှာအလ္လာဟ်' စူရာဟ်အဟ်ဇားဗ်၌ အကျယ်တဝင့် လာပေမည်။ ဤနေရာတွင်မူ စူရာဟ်နူးရ်၌ လာရှိသော ထိုအာယသ်တော်များ၏ အဖွင့်ကို ရေးသားလိုက်ပါသည်။

قُلْ لِّلْمُؤْ مِنِيْنَ يَغُضُّوْا مِنْ اَبْصَا رِهِمْ وَ يَحْفَظُوْ فُرُوْجَهُمْ ۚ

ذٰ لِكَ اَزْ كٰى لَهُمْ اِنَّ اللّٰهَ خَبِيْرٌۢ بِمَا يَصْنَعُوْنَ ○

يَغُضُّوْا သည် غَضٌّ မှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။

အဓိပ္ပာယ်မှာ 'ပေါ့လျော့နည်းပါးအောင်ပြုခြင်း'၊ 'အောက်သို့ချခြင်း'ဟု ဖြစ်သည်။

[ရာဂိဗ်ကျမ်း]

မျက်စိအကြည့်ကို 'အောက်သို့ ချခြင်း'ဆိုသည်မှာ 'ထိုအရာများကို ကြည့်ရှုရန် တရားတော်အရ မပိုင်သည့်အတွက် ၎င်းအရာများဘက်မှ မျက်စိအကြည့်ကို လွှဲဖယ်လိုက်ခြင်းကိုဆိုလိုသည်။

[အိဗ်နေကစီးရ်ကျမ်း]

အိဗ်နေဟာဗ်ဗာန်က 'နေကာဟ်'ပြုပိုင်သော အမျိုးသမီးဘက်သို့ မကောင်းသော စိတ်ဓါတ်ဖြင့် ကြည့်ရှုဖြင်းသည် 'ဟရာမ်'ဖြစ်ပြီး မည်သည့် 'နီယသ်'မှုမရှိဘဲ ကြည့်ရှုခြင်းမှာ 'မက္ကရူးဟ်'ဖြစ်သည်။ ထို့ပြင် အမျိုးသမီးတစ်ဦး (သို့) အမျိုးသားတစ်ဦး၏ အရှက်အင်္ဂါကို ကြည့်ရှုခြင်းသည်လည်း ထိုအမိန့်၌ ပါဝင်သည်ဟူ၍ ဤ 'သဖ်စီးရ်'ကိုပင် မိန့်ဆိုခဲ့သည်။ (လိုအပ်ချက်ဖြစ်ပေါ်လာသည့် နေရာများ၊ ဥပမာ– ဆေးဝါးကုသခြင်း စသည်များသည် ထိုအမိန့်၌ မပါဝင်ပါ။) လူတစ်ဦးတစ်ယောက်၏ အတွင်းရေး လျှို့ဝှက်

ချက်ကို သိရှိရန် ထိုသူ၏ အိမ်အတွင်း၌ ချောင်းမြောင်းကြည့်ရှုခြင်းနှင့် ရှရီအသ်တရားတော်မှ တားမြစ်ထားသည့် မျက်စိကို အသုံးပြုရသော ကိစ္စအားလုံးတို့သည် ထိုအမိန့်၌ ပါဝင်ပေသည်။

وَ يَحْفَظُوا فُرُوْ جَهُمْ

အရှက်တန်ဆာများကို စောင့်စည်းထိန်းရမည်ဟူသည့် သဘောမှာ စိတ်ရိုင်း၏ စေ့ဆော်မှု တဏှာရာဂကို ဖြည့်ဆည်းသည့် မပြုပိုင်သော ကိစ္စအားလုံးတို့မှ မိမိ၏ အရှက်တန်ဆာကို ထိန်းသိမ်းခြင်းဖြစ်သည်။ ထိုကိစ္စများတွင် 'ဇေနာ'၊ 'လဝါသွသ်' (ယောကျ်ားအချင်းချင်း နောက်လမ်းမှ ဆက်ဆံခြင်း) အမျိုးသမီးအချင်းချင်း ရာဂစိတ်ကို ဖြည့်ဆည်းခြင်း လုပ်ရပ်နှင့် လက်ဖြင့် ရာဂစိတ်ကို ဖြည့်ဆည်းခြင်း စသော လုပ်ရပ်အားလုံးတို့သည် မပြုပိုင်သော 'ဟရာမ်'ကိစ္စများတွင် ပါဝင်ပေသည်။ ဤအာယသ်တော်၏ အလိုသဘောမှာ မပြုပိုင်သော 'ဟရာမ်'ကိစ္စများဖြင့် ရာဂစိတ်ကို ဖြည့်ဆည်းခြင်းနှင့် ထိုကိစ္စဖြစ်ပေါ်လာစေသော ရှေ့ပြေးလုပ်ရပ်များကို တားမြစ်ရန် ဖြစ်သည်။ ယင်းတို့အနက် အစကနဦးနှင့် အဆုံးနိဂုံးကို ရှင်းလင်းစွာ ဖော်ပြထားသည်။ ကျန်ရှိ ကြားအလယ်မှ ရှေ့ပြေးလုပ်ရပ်အားလုံးသည်လည်း ပါဝင်သွားပေသည်။ တဏှာရာဂပြဿနာ၏ ပထမဦးဆုံးအကြောင်းခံမှာ ရှေ့ပြေးဖြစ်သော မျက်စိဖြင့် ကြည့်ရှုခြင်းဖြစ်သည်။ အဆုံးနိဂုံးမှာ 'ဇေနာ' (ကာမေသုမိစ္ဆာစာရကံ) ကျူးလွန်ခြင်းဖြစ်သည်။ ထိုအစနှင့် အဆုံးနှစ်ချက်ကို ရှင်းလင်းစွာ ဖော်ပြ၍ 'ဟရာမ်'ပြုလိုက်သည်ဖြစ်ရာ ၎င်းတို့၏ ကြားအလယ်မှ 'ဟရာမ်' ရှေ့ပြေးကိစ္စ များဖြစ်သော ဥပမာ- စကားများ နားထောင်ခြင်း၊ လက်ဖြင့် ထိကိုင်ခြင်း စသော ကိစ္စအားလုံး ပါဝင်လာပေသည်။

အိဗ်နေကစီးရ်က ဟဇရသ်အုဗိုင်ဒဟ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်မှာ-

كل ما عصى الله به فهو كبيرة وقد ذ كر الطر فين

'အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ဆန့်ကျင်မှုဟူသမျှသည် ကြီးလေးသော အပြစ်ဒုစရိုက်များပင် ဖြစ်သည်။ သို့ရာတွင် အာယသ်တော်၌ အမိန့်တော် ဆန့်ကျင်ခြင်း၏ အစနှင့်အဆုံး နှစ်ဘက်ကို ဖော်ပြထားသည်။ အစကနဦးတွင် မျက်လုံးပင့်၍ ကြည့်ရှုခြင်းနှင့် အဆုံးမှာ 'ဇေနာ'မှု ကျူးလွန်ခြင်းဖြစ်သည်။

သွဗ်ရာနီက ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် မတ်စ်အူးဒ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

النّظر سهم من سهام ابليس مسموم من تركها مخافتي ابدلته ايمانا يجد حلاوته في قلبه

မျက်စိ၏ အကြည့်သည် ရှိုက်သွာန်၏ အဆိပ်ပြင်းသော မြှားတံများအနက် မြှားတစ်စင်း ဖြစ်သည်။ အကြင်သူသည် စိတ်ရိုင်း၏ ရမ္မက်ဆန္ဒများ ရှိပါလျက် မိမိ၏ မျက်စိအကြည့်ကို လွှဲဖယ်လိုက်သည်ရှိသော်

ထိုလွှဲဖယ်မှု၏အစားအဖြစ် ငါအသျှင်မြတ်သည် ၎င်းအား ပြည့်ဝခိုင်မာသည့် အီမာန်ကို ချီးမြှင့်တော်မူမည်။ ထိုအီမာန်၏ ချိုမြိန်မှုကို ၎င်း၏ စိတ်၌ ခံစားရပေမည်။ *[အိဗ်နေကာစီးရ်ကျမ်းမှ]*

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရတ်ဂျရီးရ် ဗင်န် အဗ်ဒုလ္လာဟ်ကလ်ဗီ ﷺ ထံမှ ဆင့်ပြန်ခဲ့သည် ... ၎င်းက တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'အကယ်၍ မရည်ရွယ်ဘဲ ရုတ်တရက် 'နေကာဟ်'ပြုပိုင်သည့် အမျိုးသမီးတစ်ဦးအပေါ် မျက်စိကျရောက်သွားပါလျှင် မည်သို့ ပြုရပါမည်နည်း' ဟု မေးရာ ကိုယ်တော်မြတ် ﷺ က 'မိမိ၏ အကြည့်ကို အခြားတစ်ဘက်သို့ လှည့်လိုက်ရမည်' ဟု မိန့်ကြားလေသည်။ *[အိဗ်နေကာစီးရ်ကျမ်း]*

ဟဇရတ်အလီ ﷺ ၏ ဟဒီးစ်၌ လာရှိသည်မှာ 'ပထမအကြည့်သည် ခွင့်လွှတ်ချက်ရှိသည် ဒုတိယအကြည့်မှာ အပြစ်ထိုက်သည်' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ပထမအကြည့်သည် ရုတ်တရက် ကျရောက်သွားသည့် အကြည့်ဖြစ်လျှင် မရည်ရွယ်ဘဲ ကြည့်ဖြစ်သည့်အတွက် ခွင့်လွှတ်ချက်ရှိသည်။ ရည်ရွယ်လျက် ပထမအကြိမ် ကြည့်ခြင်းဖြစ်လျှင်မူ ခွင့်လွှတ်ချက်မရှိပေ။

အမွေးအမျှင်မပေါက်သေးသည့် ယောကျ်ားကလေးများအား ရည်ရွယ်လျက် ကြည့်ရှုခြင်းသည်လည်း ဤအမိန့်၌ပင် ပါဝင်ခြင်း

အိဗ်နေကာစီးရ်က ရေးသားထားသည်မှာ ရှေးအွမ္မသ်များစွာတို့သည် အမွေးအမျှင်မပေါက်သေးသည့် ယောကျ်ားကလေးများဘက်သို့ အာရုံစိုက် ကြည့်ရှုခြင်းကို အတင်းအကြပ် တားမြစ်ခဲ့ကြသည်။ ပညာရှင်များစွာတို့သည် ထိုသို့ ကြည့်ရှုခြင်းကို 'ဟရာမ်'အဖြစ် သတ်မှတ်ခဲ့ကြသည်။ (များသောအားဖြင့် မကောင်းသော စိတ်ဓါတ်နှင့် စိတ်ရိုင်း၏ စေ့ဆော်မှုများနှင့် ကြည့်ရှုခြင်းကို ဆိုလိုသည်။)

'နေကာဟ်'ပြုပိုင်သော အမျိုးသမီးများအား ကြည့်ရှုခြင်း 'ဟရာမ်' ဖြစ်ကြောင်း ရှင်းလင်းချက်

وَقُلْ لِّلْمُؤْمِنٰتِ يَغْضُضْنَ مِنْ اَبْصَارِهِنَّ

ဤရှည်လျားသော အာယသ်တော်၏ အစပိုင်းတွင် ၎င်း၏အလျင် အာယသ်တော်၌ အမျိုးသားများသည် မိမိတို့၏ မျက်စိအကြည့်ကို လွှဲဖယ်လိုက်ရမည်ဟူ၍ အမိန့်ပေးထားသည့် အမိန့်တော်အတိုင်းပင် ဖြစ်သည်။ အမျိုးသားများ၏ အမိန့်တွင် အမျိုးသမီးများလည်း ပါဝင်သည်။ သို့သော် အမျိုးသမီးများ အကြောင်း သီးခြားတင်ပြခြင်းမှာ လေးနက်စေရန် ဖြစ်သည်။ အမျိုးသမီးများသည် မိမိတို့နှင့် 'နေကာဟ်' မပြုပိုင်သူ အမျိုးသားများမှအပ အခြားအမျိုးသားတစ်ဦးဦးကို ကြည့်ရှုခြင်းသည် 'ဟရာမ်'ဖြစ်ကြောင်း သိရှိရပေသည်။ များစွာသော သာသနာ့ပညာရှင်တို့၏ အဆိုမှာ ရာဂစိတ်ပါ၍ဖြစ်စေ၊ မပါဘဲဖြစ်စေ၊ အခြေအနေနှစ်ရပ်စလုံးတွင် အမျိုးသမီးသည် 'နေကာဟ်'ပြုပိုင်သူ အမျိုးသားတစ်ဦးဦးကို ကြည့်ရှုခြင်း

သည် လုံးဝ 'ဟရာမ်'ဖြစ်သည်။ ထိုအဆိုအပေါ်တွင် ဟဇရသ်အွန်းမေ့စလ်မာဟ် رضي الله عنها သခင်မ၏ ဟဒီးစ်ကို ကိုးကားကြသည်။ ထိုဟဒီးစ်တော်တွင် ဖော်ပြထားသည်မှာ 'တစ်နေ့သ၌ အွန်းမေ့စလ်မဟ် رضي الله عنها သခင်မနှင့် မိုင်မူနာဟ် رضي الله عنها သခင်မတို့နှစ်ဦးသည် ကိုယ်တော်မြတ် ﷺ နှင့် ရှိနေခဲ့ကြသည်။ ထိုစဉ် အဗ်ဒွလ္လာဟ် ဗင်န် အွန်းမေ့ မတ်က်သူးမ် رضي الله عنه မျက်မမြင် ဆွဟာဗီရောက်ရှိလာခဲ့သည်။ ဤဖြစ်ရပ်သည် 'ပရ်ဒဟ်'၏ အမိန့်တော်များ ကျရောက်လာပြီးမှ ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ က ကျွန်မတို့နှစ်ဦးအား 'ဤပုဂ္ဂိုလ်မှ 'ပရ်ဒဟ်'ပြုပါ'ဟု မိန့်ကြားတော်မူလေသည်။ အွန်းမေ့စလ်မဟ် رضي الله عنها သခင်မက 'အို, တမန်တော်၊ ထိုသူသည် မျက်မမြင်ဖြစ်ပါသည်။ ကျွန်မတို့အား မမြင်နိုင်ပါ။ ကျွန်မတို့အား မသိနိုင်ပါ'ဟု လျှောက်ထားရာ တမန်တော်မြတ် ﷺ က 'အသင်မတို့မှာမူ မျက်မမြင်များ မဟုတ်ကြပါ။ အသင်မတို့သည် ၎င်းအား တွေ့မြင်နေကြပါသည်'ဟု မိန့်ကြားတော်မူလေသည်။

[အဗူဒါဝူးဒ်ကျမ်း၊ သီရ်မေဇီကျမ်း။]

အခြားသော ဖေကာဟ်ပညာရှင်များက မိန့်ဆိုသည်မှာ 'တဏှာရာဂ မပါရှိဘဲ သူစိမ်းအမျိုးသားကို ကြည့်ရှုခြင်းသည် အမျိုးသမီးအဖို့ မည်သို့မျှ ကိစ္စမရှိပေ။ ၎င်းတို့၏ အထောက်အထားမှာ ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မ၏ ဟဒီးစ်တော်ဖြစ်သည်။ ထိုဟဒီးစ်တော်တွင် လာရှိသည်မှာ 'မတ်စ်ဂျိဒ်နဗဝီဗလီ ဝတ်ကျောင်းတော်အနီးတွင် ဟဗ်ရှီ (ကပ္ပလီ) လူငယ်များ 'အီးဒ်'နေ့တွင် ကိုယ်ခံပညာ အစွမ်းပြကစားနေကြသည်။ တမန်တော်မြတ် ﷺ သည် ၎င်းတို့အား ကြည့်ရှုနေတော်မူသည်။ ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မသည် ကိုယ်တော်မြတ် ﷺ အား အကာအကွယ်ပြု၍ ရပ်လျက် ၎င်းတို့၏ ကစားဟန်များကို ကြည့်ရှုနေခဲ့သည်မှာ ကိုယ်တိုင်ငြီးငွေ့သွားသည့်အထိ ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ထိုသို့ ကြည့်ရှုခြင်းကို တားမြစ်တော်မမူခဲ့ပေ။

ထိုသို့ ကြည့်ရှုခြင်းအပေါ် ပညာရှင်အားလုံးထံတွင် 'တဏှာရာဂစိတ်ပါလျှင် 'ဟရာမ်'ဖြစ်သည်။ တဏှာရာဂစိတ် မပါဘဲ ကြည့်ရှုခြင်းသည်လည်း အကောင်းဆုံးနှင့် ဆန့်ကျင်သည်'ဟု တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြသည်။ အမျိုးသမီးတစ်ဦးသည် အခြားအမျိုးသမီးတစ်ဦး၏ အရှက်အင်္ဂါနေရာကို ကြည့်ရှုခြင်းသည် အထူးလိုအပ်ချက်မရှိဘဲ ကြည့်ရှုခြင်းဖြစ်လျှင် ဤသို့ ကြည့်ရှုခြင်းသည်လည်း ဤအာယသ်တော်၏ စာလုံးများအရ တားမြစ်ချက် 'ဟရာမ်'ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထက်၌ ဖော်ပြခဲ့ပြီးဖြစ်သကဲ့သို့ အရှက်အင်္ဂါ၏ နေရာများသည် အမျိုးသားများအဖို့ ချက်မှ ဒူးအထိဖြစ်သည်။ အမျိုးသမီးများမှာမူ မျက်နှာနှင့် ခြေဖဝါး၊ လက်ဖဝါးများမှအပ ခန္ဓာကိုယ်တစ်ခုလုံးသည် အရှက်အင်္ဂါများပင် ဖြစ်သည်။ ထိုနေရာများကို ဖုံးအုပ်ရန်မှာ 'ဖွရ်ဇ်'ဖြစ်သည်။ အမျိုးသားသည် အမျိုးသား၏ အရှက်တန်ဆာကို မကြည့်ပိုင်။ အမျိုးသမီးသည် အမျိုးသား၏ အရှက်တန်ဆာကို မကြည့်ပိုင်။ အမျိုးသမီးသည် အခြားအမျိုးသမီး၏ အရှက်တန်ဆာကို မကြည့်ပိုင်။ အမျိုးသားသည် အမျိုးသမီးတစ်ဦး၏ အရှက်တန်ဆာကို ကြည့်ရှုခြင်း (သို့) အမျိုးသမီးသည် အမျိုးသားတစ်ဦး၏ အရှက်တန်ဆာကို ကြည့်ရှုခြင်းသည် ပို၍ပင် 'ဟရာမ်'ပင်

ဖြစ်ပေသည်။ ဖော်ပြပါအာယသ်တော်၏ မျက်စိအကြည့်ကို အောက်သို့ချ လွှဲဖယ်ရမည်ဟူသော အမိန့်နှင့် ဆန့်ကျင်နေသည်။ အဘာယ်ကြောင့်ဆိုသော် အထက်တွင် တင်ပြပြီးခဲ့သည့်အတိုင်း ရှရီအသ်တရားတော်မှ တားမြစ်ခြင်း ပြုထားသမျှသော အရာတိုင်း၌ မိမိ၏ မျက်စိကို လွှဲဖယ်ခြင်းသည်ပင် အာယသ်တော်၏ အလိုသဘောဖြစ်သောကြောင့် ဖြစ်သည်။ ထိုအမိန့်တွင် အမျိုးသမီးသည် အခြားအမျိုးသမီး၏ အရှက်တန်ဆာကို ကြည့်ရှုခြင်းလည်း ပါဝင်သည်။

وَلَا يُبْدِيْنَ زِيْنَتَهُنَّ اِلَّا مَا ظَهَرَ مِنْهَا وَلْيَضْرِبْنَ بِخُمُرِهِنَّ
عَلٰى جُيُوْبِهِنَّ وَلَا يُبْدِيْنَ زِيْنَتَهُنَّ اِلَّا لِبُعُوْلَتِهِنَّ

زِيْنَت 'ဇီနသ်'ဟူသော စာလုံး၏ အဘိဓါန်အဓိပ္ပာယ်မှာ လူသည် မိမိကိုယ်မိမိ အလှဆင်ခြင်း၊ ကြည့်ကောင်းအောင် ပြုပြင်ခြင်းဟု ဖြစ်သည်။ ထိုအလှဆင်ခြင်းဆိုသည်မှာ အဝတ်အစားများလည်း ဖြစ်နိုင်သည်။ လက်ဝတ်ရတနာများလည်း ဖြစ်နိုင်သည်။ ထိုအဝတ်အစား၊ လက်ဝတ်ရတနာ၊ ပစ္စည်းများသည် အမျိုးသမီး၏ ခန္ဓာကိုယ်အပေါ်၌ မဟုတ်ဘဲ သီးခြားစီရှိနေလျှင် ပညာရှင်အားလုံးတို့ထံတွင် ၎င်းတို့အား ကြည့်ရှုခြင်းသည် အမျိုးသားများအတွက် 'ဟလာလ်'ဖြစ်သည်။ ဥပမာ- ဈေးတွင် ရောင်းချသော အမျိုးသမီးဝတ် အသုံးအဆောင်များ၊ လက်ဝတ်ရတနာများ ဖြစ်သည်။ ၎င်းတို့အား ကြည့်ရှုခြင်းဖြင့် မည်သို့မျှ ကိစ္စမရှိပေ။ ထို့ကြောင့် အများစုအဖွဲ့ပညာရှင်တို့က ဤအာယသ်တော်တွင် 'ဇီနသ်'၏ အလိုသဘောကို အလှဆင်သည့် နေရာ (လှပတင့်တယ်စေသော အရာများဖြစ်သော လက်ဝတ်ရတနာ စသည်တို့ ဆင်မြန်းရသော နေရာ) ဟု ဆိုလိုကြခြင်း ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ အမျိုးသမီးတို့သည် မိမိတို့၏ အလှဆင်မြန်းသည့် နေရာများကို ထုတ်ဖော်ခြင်း မပြုကြရ' ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် အမျိုးသမီးများကို အလှဆင်မြန်းရာ နေရာများအား ထုတ်ဖော်ခြင်းကို 'ဟရာမ်' ဟု သတ်မှတ်ထားသည်။ ရှေ့တွင် ထိုအမိန့်မှ ဖယ်ထုတ်ထားသည့် အရာနှစ်ခုအကြောင်း တင်ပြပါမည်။ တစ်ခုမှာ အကြည့်ခံရသောအကြောင်းကြောင့် ဖြစ်ပြီး ဒုတိယတစ်ခုမှာ ကြည့်ရှုသူများ၏အကြောင်း ဖြစ်သည်။

'ပရ်ဒဟ်' ၏ အမိန့်မှ ဖယ်ထုတ် (မပါဝင်) ခြင်း

ပထမဖယ်ထုတ်ခံရသည့် အရာမှာ مَا ظَهَرَ مِنْهَا ဖြစ်သည်။ ဆိုလိုသည်မှာ အမျိုးသမီးအဖို့ မိမိ၏ အလှတစ်စုံတစ်ရာကို အမျိုးသားများ ရှေ့မှောက်တွင် ဖော်ထုတ်ရန် မပိုင်ပေ။ အလိုအလျောက် ထွက်ပေါ်နေသော အရာများသာ ပိုင်ပေသည်။ ဥပမာ- လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လှုပ်ရှားမှုများ ပြုနေသည့်အချိန်တွင် အလိုအလျောက် ပွင့်ပေါ်နေပြီး ၎င်းတို့အား ဖုံးအုပ်ရန်လည်း ခက်ခဲသော အရာမျိုးဖြစ်သည်။ ထိုအရာများသည် အာယသ်တော်၏ အမိန့်တွင် မပါဝင်ပေ။ ထိုအရာများကို ဖော်ထုတ်ခြင်းဖြင့် မည်သည့်အပြစ်မှုလည်း မထိုက်ပေ။

[အိပ်နေကစီးရ်]

ထိုအရာ၏ ဆိုလိုသည့်သဘောမှာ မည်သို့ပါနည်း' ဟု ဆိုရာ၌ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် မသ်စ်အူဒ် ﷺ တို့၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် ကွဲလွဲမှုများ ရှိသည်။

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်ဦအူဒ် ﷺ က **مَا ظَهَرَ مِنْهَا** တွင် ကန့်သတ်ဖယ်ထုတ် (မပါဝင်) သည့် အရာများမှာ အထက်တွင် တင်ပြခဲ့သည့် အဝတ်အစားများဖြစ်သည်ဟု ဆိုသည်။ ဥပမာ- ဗွရ်ကအ်၊ (သို့) 'ဗွရ်ကအ်အစား ဝတ်ဆင်သော ရှည်လျားသည့် ခြုံထည်စောင်ပိုင်းတို့ ဖြစ်သည်။ ဤအဝတ်အထည်များသည် လှပစွာ ဆင်မြန်းထားသည့် အဝတ်အစားများကို ဖုံးအုပ်ရန် အသုံးပြုသော အဝတ်အထည်များ ဖြစ်သည်။ သို့ဖြစ်ပေရာ အာယသ်တော်၏ အလိုသဘောမှာ အပြင်သို့ ထွက်သည့်အခါ ဖုံးအုပ်ရန် ခက်ခဲသည့် ဗွရ်ကအ် စသော အပေါ်မှ ဝတ်ဆင်သည့် အဝတ်အထည်များမှအပ အလှအပဖြစ်သော မည်သည့် အရာမျှ ထုတ်ဖော်ခြင်း မပိုင်ဟု ဖြစ်သည်။

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ က မိန့်သည်မှာ **ماظهر منها** ၏ အလိုသဘောမှာ မျက်နှာနှင့် ဖြေဖဝါး၊ လက်ဖဝါးတို့ ဖြစ်သည်။ အကြောင်းမှာ အမျိုးသမီးသည် လိုအပ်ချက်တစ်စုံတစ်ရာကြောင့် မဖြစ်မနေ အပြင်သို့ ထွက်ရပါလျှင် လှုပ်ရှားမှုနှင့် အပေးအယူပြုလုပ်သည့်အခါ မျက်နှာနှင့် ဖြေဖဝါး၊ လက်ဖဝါးတို့ကို ဖုံးအုပ်ရန် ခက်ခဲသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် မသ်စ်အူဒ် ﷺ ၏ သဖ်စီးရ်ဖွင့်ဆိုချက်အရ 'နေကာဟ်'ပြုပိုင်သော အမျိုးသားများရှေ့တွင် အမျိုးသမီးအဖို့ မျက်နှာနှင့် လက်တို့ကို ဖွင့်ရန်လည်း မပိုင်ပါ။ အပေါ်မှ ဝတ်ဆင်ထားသည့် ဗွရ်ကအ်စသော အဝတ်များသာ လိုအပ်ချက်အရ မပါဝင်ခြင်း ဖြစ်သည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ ၏ သဖ်စီးရ်ဖွင့်ဆိုချက်အရ မျက်နှာနှင့် လက်ဖဝါးများသည်လည်း မပိုင်ကြောင်းနှင့် အမျိုးသမီးသည်လည်း ၄င်းတို့အား ထုတ်ဖော်ခြင်း မပိုင်ကြောင်းမှာ ပညာရှင်များအားလုံး တစ်ညီတစ်တည်းပင် ဖြစ်သည်။

အလားတူ အရှက်အင်္ဂါဖုံးအုပ်ခြင်းသည် နမာဇ်အတွင်း၌လည်းကောင်း၊ နမာဇ်၏အပြင်၌လည်းကောင်း 'ဖွရဇ်'ဖြစ်သည်။ ထိုအရှက်အင်္ဂါတွင် မျက်နှာနှင့် လက်ဖဝါး မပါဝင်ပေ။ အကယ်၍ မျက်နှာနှင့် လက်ဖဝါးကို ဖော်ထုတ်လျက် နမာဇ်ဝတ်ပြုလိုက်ပါလျှင် ပညာရှင်အားလုံးထံတွင် ၄င်းနမာဇ်သည် ပိုင်သွားပေမည်။

ကာဇွီဗိုင်သွာဝီနှင့် ခါဇင်န်တို့က ဤအာယသ်တော်၏ သဖ်စီးရ်တွင် မိန့်ဆိုကြသည်မှာ အာယသ်တော်၏ တောင်းဆိုချက်အရ အမျိုးသမီးအတွက် အဓိကအမိန့်မှာ အမျိုးသမီးသည် မိမိ၏ အလှဖြစ်သော အရာတစ်ခုခုကို မထုတ်ဖော်ရန်ဖြစ်သည်။ သို့ရာတွင် သူမ၏ လှုပ်ရှားမှုနှင့် အလုပ်အကိုင် လုပ်ဆောင်နေသည့်အခါ သဘာဝအလျောက် ပွင့်ပေါ်သွားသည့် အရာများ မပါဝင်ပေ။ ထိုအရာများတွင် ဗွရ်ကအ်နှင့် ခြုံထည်စောင် စသည်တို့လည်း ပါဝင်သည်။ မျက်နှာနှင့် လက်ဖဝါးများလည်း ပါဝင်သည်။ အမျိုးသမီးသည် လိုအပ်ချက်အရ မဖြစ်မနေ အပြင်ထွက်သည့်အခါ ဗွရ်ကအ်နှင့် ခြုံထည်စောင် စသည်တို့ ပွင့်ပေါ်နေမည်မှာမှု သတ်မှတ်ပြီးဖြစ်သည်။ အပေးအယူ ပြုလုပ်ရန် လိုအပ်လာသည့်အခါ တစ်ခါတစ်ရံ မျက်နှာနှင့် လက်ဖဝါးများသည်လည်း ပွင့်ပေါ်သွားတတ်ပါသည်။ သို့ဖြစ်ပေရာ ဤသို့ ပွင့်ပေါ်ခြင်းများသည်လည်း

ခွင့်လွှတ်ချက်ရှိပေသည်။ အပြစ်မထိုက်ပေ။ သို့သော် ဤအာယသ်တော်အားဖြင့် အမျိုးသားများသည် မျက်နှာနှင့် လက်ဖဝါးတို့ကို လိုအပ်ချက်မရှိဘဲ ကြည့်ရှုခြင်းသည်လည်း ပိုင်သည်ဟူ၍ မည်သည့်နေရာတွင်မျှ အတည်မဖြစ်ပေ။ ထိုမျှမက အမျိုးသားတို့သည် မျက်စိအကြည့်ကို အောက်ချ (ဘေးသို့ လွှဲ) ရမည်ဟူသော အမိန့်တော်သာ ရှိပေသည်။ အကယ်၍ အမျိုးသမီးသည် မျက်နှာနှင့် လက်ဖဝါးတို့ကို မလွှဲမရှောင်သာ ဖွင့်ဖော်ရမည်ဆိုပါလျှင် အမျိုးသားများအနေဖြင့် တရားတော်၏ ခိုင်လုံသော အကြောင်းပြချက်နှင့် လိုအပ်ချက်မရှိဘဲ ထိုအမျိုးသမီးဘက်သို့ မကြည့်ရပေ။

ဤအကြောင်းပြချက်တွင် နှစ်ဖက်စလုံးမှ ဆင့်ပြန်ချက်များနှင့် သဖိစီးရ်များကို စုဆောင်းတင်ပြထားသည်။ အေမာမ်မာလစ်က်၏ ကျော်ကြားသော လမ်းစဉ်မှာလည်း 'နေကာဟ်ပြုပိုင်သော အမျိုးသမီး၏ မျက်နှာနှင့် လက်ဖဝါးတို့အပေါ် ကြည့်ရှုခြင်းသည်လည်း ပြုပိုင်သည့် လိုအပ်ချက်မရှိဘဲ မပိုင်' ဟု ဖြစ်သည်။ ထို့နောက် 'ဇဝါဂိုရ်'ကျမ်းတွင် အိဗ်နေဟဂျရ်မက္ကီရာဖေအီ (ရဟ) က အေမာမ်ရာဖေအီ (ရဟ) ၏ လမ်းစဉ်သည်လည်း ဤအတိုင်းပင် ဖြစ်ကြောင်း ဆင့်ပြန်ထားသည်။ အဘယ်ကြောင့်ဆိုသော် အမှန်စင်စစ် အမျိုးသမီး၏ မျက်နှာနှင့် လက်ဖဝါးတို့သည် ဖုံးအုပ်ရန် 'ဖွရဇ်'ဖြစ်သော အရုက်အင်္ဂါတွင် မပါဝင်ပါ။ ၎င်းတို့ကို ဖွင့်ဖော်၍ နမာဇ်ဝတ်ပြုလျှင်လည်း နမာဇ်ပိုင်သွားပါသည်။ သို့သော် 'နေကာဟ်' ပြုပိုင်သော အမျိုးသားတို့သည် ထိုမျက်နှာနှင့် လက်ဖဝါးတို့ကို ကြည့်ရှုရန် တရားတော်၏ လိုအပ်ချက်မရှိဘဲ မပိုင်ပါ။ ထို့အပြင် အထက်၌ တင်ပြသည့်အတိုင်း အကြင်ဖေကာဟ်ပညာရှင်များသည် မျက်နှာနှင့် လက်ဖဝါးကို ကြည့်ရှုခြင်း ပိုင်သည်ဟု သတ်မှတ်ခဲ့သော်ငြားလည်း အကယ်၍ ပြဿနာဖြစ်ပေါ်မည်ကို စိုးရိမ်ရလျှင် မျက်နှာ စသည်တို့ကို ကြည့်ရှုခြင်းသည်လည်း မပိုင်ကြောင်း တညီတညွတ်တည်း ဆိုကြသည်။

အလှအပများ၏ စုဝေးရာ အဓိကဌာနသည် လူ၏ မျက်နှာဖြစ်သည်မှာ ထင်ရှားပါသည်။ ခေတ်ကာလ အခြေအနေသည် ပြဿနာ အရှုပ်အထွေးများ၊ ရမ္မက်ဆန္ဒ၌ နစ်မွန်းမှုများနှင့် မေ့မောမှုများက လွှမ်းမိုးနေသည်။ ထို့ကြောင့် အထူးလိုအပ်ချက်မရှိဘဲ ဥပမာ- ဆေးဝါးကုသခြင်း (သို့) အလွန်တရာ စိုးရိမ်ကြောက်ရွံ့ရသော အချိန်မျိုးမှအပ အမျိုးသမီးအနေဖြင့် 'နေကာဟ်'ပြုပိုင်သော အမျိုးသားများရှေ့၌ သိလျက် တမင်မျက်နှာကို ဖွင့်ဖော်ခြင်းကိုလည်း တားမြစ်ထားသည်။ အမျိုးသားတို့သည် သူမဘက်သို့ ရည်ရွယ်လျက် ကြည့်ခြင်းသည်လည်း တရားတော်၏ လိုအပ်ချက်မရှိဘဲ မပိုင်ပေ။

ဖော်ပြပါအာယသ်တော်တွင် ပေါ်လွင်သော အလှများကို ဖယ်ထုတ်ပြီးနောက် မိန့်ကြားတော်မူထားသည်မှာ-

وَلۡيَضۡرِبۡنَ بِخُمُرِهِنَّ عَلٰى جُيُوۡبِهِنَّ

'အင်္ကျီလည်ခွဲနေရာကို မိမိ၏ ခေါင်းခြုံထည်ပုဝါဖြင့် မိမိ၏ ရင်ဘတ်အပေါ် ချထားလိုက်ပါ'ဟု ဖြစ်သည်။ خُمُرۡ သည် خِمَارۡ ၏ အများကိန်းဖြစ်သည်။ အမျိုးသမီးသည် ဦးခေါင်းအပေါ်၌ အသုံးပြုပြီး ၎င်းဖြင့် လည်ပင်းနှင့် ရင်ဘတ်ကိုလည်း ဖုံးအုပ်စေသည့် အဝတ်အထည်ဖြစ်သည်။ جُيُوۡبۡ သည် جَيۡبۡ

၏ အများကိန်း ဖြစ်သည်။ အဓိပ္ပာယ်မှာ အင်္ကျီ၏ ရင်ခွဲ၊ လည်ခွဲဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှေးခေတ်အခါ၌ပင် အင်္ကျီရင်ခွဲသည် ရင်ဘတ်အပေါ်၌သာ ခွဲသော အလေ့အထရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ရင်ခွဲကို ဖုံးအုပ်စေခြင်း၏ သဘောမှာ ရင်ဘတ်ကို ဖုံးအုပ်စေခြင်းပင် ဖြစ်သည်။ အာယသ်တော်၏ အစတွင် အလှပေါ်လွင်စေခြင်းကို တားမြစ်ထားသည်။ ဤအပိုဒ်တွင် အလှကို ဖုံးအုပ်စေခြင်း၏ လေးနက်မှုနှင့် ၄င်း၏ ပုံစံကို တင်ပြထားသည်။ အဓိကအကြောင်းမှာ အမှောင်ခေတ်၏ ဓလေ့တစ်ခုကို ပယ်ဖျက်ရန် ဖြစ်သည်။ အမှောင်ခေတ်တွင် အမျိုးသမီးတို့သည် မိမိတို့၏ ပုဝါကို ဦးခေါင်းပေါ်၌သာ ထည့်၍ ပုဝါ၏ အနားနှစ်စကို ကျောကုန်းပေါ် ချထားလေ့ရှိခဲ့ကြသည်။ ထိုသို့ ပြုခြင်းဖြင့် ရင်ခွဲ၊ လည်ပင်း ရင်ဘတ်နှင့် နားတို့မှာ ပွင့်ပေါ်နေသည်။ ထို့ကြောင့် မွတ်စ္စလင်မ်အမျိုးသမီးတို့အား 'ဤကဲ့သို့ မပြုလုပ်ဘဲ ပုဝါ၏ အနားနှစ်ဘက်ကို တစ်ခုနှင့် တစ်ခု ပြောင်းပြန်ပြုလုပ်၍ လိမ်ယှက်လိုက်ပါ။ သို့မှသာ ဤအဆစ်အပိုင်းတို့သည် ဖုံးအုပ်သွားပေမည်' ဟု အမိန့်ပေးခြင်း ဖြစ်သည်။

ရှေ့တွင် အခြားသော ဖယ်ထုတ်ထားသည့် အမျိုးသားများအကြောင်း တင်ပြထားသည်။ ထိုအမျိုးသားတို့အား တရားတော်အရ 'ပရ်ဒဟ်' ပြုရန် မလိုအပ်ပေ။ ထိုသို့ 'ပရ်ဒဟ်' ပြုရန် မလိုအပ်သည့် အကြောင်းအချက်နှစ်မျိုး ရှိသည်။

(၁) 'ပရ်ဒဟ်' ပြုရမည့်သူများမှ ဖယ်ထုတ်ခံရသည့် အမျိုးသားများတွင် အကြောင်းနှစ်ချက် ရှိသည်။ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ စိတ်ဓါတ်ကို ဖန်ဆင်းစဉ်မှပင် အမျိုးသမီးတို့၏ သန့်ရှင်းစင်ကြယ်မှုဂုဏ်ကို ကာကွယ်စောင့်ရှောက်သူအဖြစ် ဖန်ဆင်းပြီး ၄င်းတို့မှ မည်သည့်ပြဿနာမျှ ဖြစ်ပေါ်ရန် စိုးရိမ်ကြောင့်ကြရန်မရှိသော 'နေကာဟ်' မပြုပိုင်သည့် အမျိုးသားများပင် ဖြစ်သည်။

(၂) ဒုတိယအကြောင်းမှာ အချိန်တိုင်း တစ်နေရာတည်းတွင် အတူနေထိုင်ခြင်းသည်လည်း လွယ်ကူမှုဖြစ်ပေါ်စေသော အကြောင်းခံဖြစ်သောကြောင့်ပင် ဖြစ်သည်။

ခင်ပွန်းသည်မှအပ ဖယ်ထုတ်ထားသည့် အခြားသော 'နေကာဟ်' မပြုပိုင်သူများသည်လည်း 'ပရ်ဒဟ်' ၏ အမိန့်များမှသာ ဖယ်ထားခြင်းဖြစ်ပြီး အရှက်အင်္ဂါ ဖုံးအုပ်ခြင်းမှ ဖယ်ထားခြင်းမဟုတ်သည်ကို သိရန်လည်း အရေးကြီးပေသည်။ အမျိုးသမီး၏ ခန္ဓာကိုယ်မှ နမာဇ်အတွင်း ထုတ်ဖော်ရန် မပိုင်သော နေရာများသည် အရှက်အင်္ဂါ၌ ပါဝင်သည်။ ထိုအင်္ဂါအစိတ်အပိုင်းများကို ကြည့်ရှုခြင်းသည်လည်း 'နေကာဟ်' မပြုပိုင်သော ဆွေမျိုးရင်းချာ အမျိုးသားများအဖို့ မပိုင်ပေ။

ဤအာယသ်တော်တွင် 'မဟ်ရမ်' ('နေကာဟ်' မပြုပိုင်သော အမျိုးသား) (၈) မျိုးနှင့် အခြား (၄) မျိုးတို့ကို 'ပရ်ဒဟ်' ၏ အမိန့်မှ ဖယ်ထုတ်ထားသည်။ ဤအာယသ်တော်၏အလျင် ကျရောက်ခဲ့သော စူရာဟ်အဟဇာဗ်၏ အာယသ်တော်တွင် (၇) မျိုးကိုသာ ဖော်ပြခဲ့ပြီး ထိုစူရာဟ်အဟ်ဇာဗ်၏ နောက်မှ ကျရောက်သော စူရာဟ်နူးရ်၏ အာယသ်တော်တွင် (၅) မျိုးကို ဖြည့်စွက် မိန့်ကြားတော်မူထားသည်။

သတိပြုရန်အချက်

ဤနေရာတွင် مَحْرَم 'မဟ်ရမ်'ဟူသော စာလုံးသည် ခင်ပွန်းသည်အပေါ်၌လည်း အကျုံးဝင်သည့် အများသုံး အဓိပ္ပာယ်တွင် သုံးနှုန်းထားသည်။ ဖေကာဟ်ပညာရှင်တို့၏ ဝေါဟာရတွင် مَحْرَم 'မဟ်ရမ်'သည် 'မည်သည့်အခါမျှ 'နေကာဟ်'မပြုပိုင်သူ'ဟူ၍ အထူးသုံးနှုန်းထားသည်။ ဤနေရာတွင်မူ ထိုသဘော မဟုတ်ပါ။ ရှင်းလင်းချက်သည် စူရာဟ်နူးရ်၏ ဖော်ပြပါအာယသ်တော်မှ ဖယ်ထုတ်ထားသည့် (၁၂) ဦး ဖြစ်သည်။ ၎င်းတို့အနက်-

(၁) ခင်ပွန်းသည်ဖြစ်သည်။ ခင်ပွန်းသည်အဖို့ ဇနီးသည်၏ မည်သည့်အစိတ်အပိုင်းမျှ 'ပရ်ဒဟ်' မရှိပေ။ စင်စစ် အထူးအစိတ်အပိုင်းဖြစ်သော အရှက်တန်ဆာကို မလိုအပ်ဘဲ ကြည့်ရှုခြင်းမှာ အကောင်းဆုံးနှင့် ဆန့်ကျင်မှုရှိသည်။ ဟဇရသ်အာအေရှာဟ် ﷺ သခင်မက ဆင့်ဆိုသည်မှာ-

مارأى منّى ولا رأ يت منه

'ကိုယ်တော်မြတ် ﷺ သည် ကျွန်မ၏ 'အထူးအင်္ဂါအစိတ်အပိုင်းကို ကြည့်ရှုတော်မမူခဲ့ပေ။ ကျွန်မသည်လည်း ကိုယ်တော်မြတ် ﷺ ၏ အထူးအင်္ဂါအစိတ်အပိုင်းကို ကြည့်ရှုခြင်း မရှိခဲ့' ဟု ဖြစ်သည်။

(၂) မိမိ၏ ဖခင်ဖြစ်သည်။ ဤနေရာတွင် မိမိ၏ ဘိုး၊ ဘီ၊ ဘင်၊ အထက်အဆက်အားလုံး ပါဝင်သည်။

(၃) ခင်ပွန်းသည်၏ ဖခင်ဖြစ်သည်။ ဤနေရာတွင်လည်း ဘိုး၊ ဘေးအားလုံးပါဝင်သည်။

(၄) မိမိ၏ ရင်သွေးများအနက်မှ သားဖြစ်သည်။

(၅) မိမိယောကျ်ား၏ အခြားဇနီးမှ ရရှိသည့်သား ဖြစ်သည်။

(၆) မိမိ၏ အစ်ကို၊ မောင် ဖြစ်သည်။ ဤနေရာတွင် မောင်နှမအရင်းလည်း ပါဝင်သည်။ အဖေတူအမေကွဲ၊ အမေတူအဖေကွဲအားလုံး ပါဝင်သည်။ သို့သော် ဦးလေး၊ အဒေါ်တို့မွေးသည့် ဝမ်းကွဲ အစ်ကို၊ မောင်များ မပါဝင်ပေ။ ၎င်းတို့မှာမူ 'နေကာဟ်'ပြုပိုင်သောသူများ ဖြစ်သည်။

(၇) အစ်ကို၊ မောင်တို့၏ သားများဖြစ်သည်။ အစ်ကိုအရင်း၊ မောင်အရင်း (သို့) အဖေတူအမေကွဲ (သို့) အမေတူအဖေကွဲတို့ကိုသာ ဆိုလိုသည်။ အခြားသော ဝမ်းကွဲအစ်ကို၊ မောင်တို့၏ သားများ မပါဝင်ပေ။

(၈) ညီမ၊ အစ်မတို့၏ သားများဖြစ်သည်။ ဤနေရာ၌လည်း ညီမ၊ အမေအရင်း (သို့) အဖေတူအမေကွဲ (သို့) အမေတူ အဖေကွဲ ညီမ၊ အစ်မများကိုသာ ဆိုလိုသည်။ ဦးလေး၊ အဒေါ်တို့မှမွေးသည့် ညီမ၊ အစ်မများ မပါဝင်ပေ။

ဤ (၈) မျိုးမှာ 'နေကာဟ်'မပြုပိုင်သူ အမျိုးအစားများ ဖြစ်သည်။

(၉) نِسَآئِهِنَّ ဆိုလိုသည်မှာ 'မိမိတို့အနက်မှ အမျိုးသမီးများ'ဟု ဖြစ်သည်။ အလိုသဘောမှာ မိမိတို့၏ ဖခင်နှင့် သားများ၏ ရှေ့တွင် ဖွင့်ဖော်ပိုင်သည့် ခန္ဓာကိုယ်အဆစ်အပိုင်းများကို ဖွင့်ဖော်ပိုင်သကဲ့သို့ ၎င်းအမျိုးသမီး၏ ရှေ့တွင်လည်း ပိုင်ပေသည်။ ဤသည်မှာ မွတ်စ္စလင်မ် အမျိုးသမီးများပင် ဖြစ်သည်။ အထက်၌ ရေးသားတင်ပြခဲ့ပြီးဖြစ်သကဲ့သို့ ဤဖယ်ထုတ်ထားခြင်းသည် 'ပရ်ဒဟ်'၏ အမိန့်ပညတ်ချက်များအတွက်သာ ဖြစ်သည်။ အရှက် အင်္ဂါ လုံခြုံခြင်းအတွက် မဟုတ်ပေ။ ထို့ကြောင့် အမျိုးသမီးတစ်ဦးအဖို့ မိမိနှင့် 'နေကာဟ်' မပြုပိုင်သူများ၏ ရှေ့တွင် ဖော်ထုတ်ခြင်း၊ ဖွင့်ဖော်ခြင်း မပြုနိုင်သည်များကို မည်သည့် မွတ်စ္စလင်မ် အမျိုးသမီး၏ ရှေ့တွင်မှ ဖွင့်ဖော်ခြင်း မပိုင်ပေ။ ဆေးဝါးကုသခြင်း စသည်တို့မှာ သီးခြားဖြစ်သည်။

نِسَآئِهِنَّ မွတ်စ္စလင်မ်အမျိုးသမီးများဟု သတ်မှတ်လိုက်ခြင်းဖြင့် ကာဖိရ်၊ မုရှ်ရစ်က်အမျိုးသမီးများရှေ့တွင် 'ပရ်ဒဟ်' ပြုရန်မှာ 'ဝါဂျိဗ်'ဖြစ်ကြောင်း သိရှိရပေသည်။ ထိုကာဖိရ်၊ မုရှ်ရစ်က်အမျိုးသမီးတို့သည် သူစိမ်းတစ်ရံစာ အမျိုးသားများ၏ အမိန့်အတိုင်းဖြစ်သည်။ အိဗ်နေကစီးရ်သည် ဟဇရသ်မုဂျာဟိဒ်ထံမှ ဤအာယသ်တော်၏ သဖ်စီးရ်ကို ဆင့်ပြန့်ခဲ့သည်မှာ 'ဤအာယသ်တော်အားဖြင့် မွတ်စ္စလင်မ်အမျိုးသမီးသည် မည်သည့်ကာဖိရ်၊ မုရှ်ရစ်က်အမျိုးသမီး၏ ရှေ့တွင်မှ မိမိ၏ ခန္ဓာကိုယ်အဆစ်အပိုင်းများကို ဖွင့်ဖော်ရန် မပိုင်ကြောင်း သိရှိရပေသည်။ သို့ရာတွင် ဆွဟီးဟ်ဟဒီးစ်တော်များတွင် ကာဖိရ်အမျိုးသမီးများသည် ကိုယ်တော်မြတ် ﷺ ၏ ကြင်ရာတော်များထံ သွားရောက်လေ့ရှိကြောင်း ဆင့်ပြန်ချက်များ လာရှိထားပေသည်။ ထို့ကြောင့် ဤမေ့သတ်တွင် မုဂျာဟိဒ် (မေ့သတ် ထုတ်နှုတ်သူပညာရှင်) များအကြား ကွဲလွဲမှု ရှိသည်။ အချို့ပညာရှင်တို့က ကာဖိရ်အမျိုးသမီးများသည် 'နေကာဟ်' ပြုပိုင်သော အမျိုးသားများ၏ အမိန့်အတိုင်း ဖြစ်သည်ဟု ဆိုကြသည်။ အချို့မူ ဤနေရာတွင် ကာဖိရ်နှင့် မွတ်စ္စလင်မ်အမျိုးသမီးတို့သည် အမိန့် တစ်မျိုးတည်းသာ ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းကာဖိရ်အမျိုးသမီးများနှင့် 'ပရ်ဒဟ်'ပြုရန် မလိုအပ်ပေ။ အေမာမ်ရာဇီ (ရဟ) က မိန့်ဆိုသည်မှာ 'အမိကအချက်မှာ نِسَآئِهِنَّ ဟူသော စာလုံးတွင် မွတ်စ္စလင်မ်အမျိုးသားနှင့် ကာဖိရ်အမျိုးသမီးအားလုံး ပါဝင်သည်။ ရှေးသူတော်စင်များမှ ကာဖိရ်အမျိုးသမီးများနှင့် 'ပရ်ဒဟ်'ပြုရမည်ဟူသော ဆင့်ပြန်ချက်များသည် 'မွတ်စ်သဟာဗ်'အဆင့်တွင် ဖြစ်သည်။ 'ရူးဟွလ်မအာနီ'ကျမ်းတွင် မုဖ်သီဗက်ဒါးဒ် အလ္လာမဟ်အာလူးစီ (ရဟ) က ဤအဆိုကိုပင် ရွေးချယ်၍ မိန့်ဆိုထားသည်မှာ-

هذ القول اوفق بالنا س اليوم فا نّه لا يكا د يمكن

احتجا ب المسلما ت عن الذّ ميّا ت

'ဤအဆိုသည်ပင် မျက်မှောက်ခေတ်ရှိ လူတို့နှင့် သင့်တော်သည့် အခြေအနေဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤမျက်မှောက်ခေတ်တွင် မွတ်စ္စလင်မ်အမျိုးသမီးတို့သည် ကာဖိရ်အမျိုးသမီးများနှင့် 'ပရ်ဒဟ်' ပြုရန် ဆိုသည်မှာ မည်သို့မှ မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ *[ရူဟွလ်မအာနီကျမ်း]*

(၁၀) اَوْ مَا مَلَكَتْ اَيْمَا نُهُنَّ

ဆိုလိုသည်မှာ 'ပိုင်ဆိုင်မှု၌ ရှိသော အမျိုးသမီးများ' ဟု ဖြစ်သည်။ ဤစာလုံးများ၏ ခြုံငုံသော အဓိပ္ပာယ်တွင် ကျွန်အမျိုးသားနှင့် ကျွန်အမျိုးသမီးနှစ်ဦးစလုံး ပါဝင်သည်။ သို့သော် အများစု ဖေကာဟ်ပညာရှင် အေမာမ်ကြီးများထံတွင် ၎င်း၏ အလိုသဘောမှာ ကျွန်အမျိုးသမီးများဟုသာ ဖြစ်သည်။ ကျွန် အမျိုးသားသည် ဤနေရာတွင် မပါဝင်ပေ။ ထိုကျွန်အမျိုးသမီးများနှင့် 'နေကာဟ်'မပြုပိုင်သူများကဲ့သို့ပင် 'ပရ်ဒဟ်'ပြုရန်မှာ 'ဝါဂျိဗ်' ဖြစ်သည်။

ဟဇရတ်စအီးဒ်ဗင်န်မုစိုင်ယဗ်သည် မိမိ၏ နောက်ဆုံးအဆိုတွင် မိန့်ဆိုသည်မှာ-

لا يغرّ نّكم اٰية النّور فا نّه فى الا نا ث دون الذّ كود

'အသင်တို့သည် စူရာဟ်နူးရ်၏ ဤအာယသ်တော်တွင် မှားယွင်းမှုများ ဖြစ်မသွားကြလေနှင့်' ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် اوماملكت ايمانهنّ ဟူသော စာလုံးများသည် အများအတွက် ခြုံငုံ၍ သုံးနှုန်းထားခြင်းဖြစ်သည်။ ကျွန်အမျိုးသားလည်း ပါဝင်ပေသည်။ သို့ရာတွင် ဖြစ်ပုံမှာ ဤသို့မဟုတ်ပေ။ ဤအာယသ်တော်သည် ကျွန်အမျိုးသမီးများနှင့်သာ သက်ဆိုင်ပေသည်။ ကျွန်အမျိုးသားများ မပါဝင်ပေ'ဟု ဖြစ်သည်။ ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်နိ မတ်စ်အူးဒ် ﷺ၊ ဟစန်ဗဆွရီ (ရဟ) နှင့် အိဗ်နေစီးရီးန်တို့က မိန့်ဆိုသည်မှာ 'ကျွန်အမျိုးသားအဖို့ မိမိ၏ပိုင်ရှင် အမျိုးသမီး၏ ဆံပင်ကို ကြည့်ရှုခြင်း မပိုင်' ဟု ဖြစ်သည်။ *[ရူဟွလ်မအာနီကျမ်း]*

ဤနေရာတွင် اَوْمَا مَلَكَتْ اَيْمَا نُهُنَّ သည် အမျိုးသမီးများ၊ ကျွန်မများ၏ အလိုသဘောသာ ဖြစ်မည်ဆိုလျှင် ၎င်း၏ အဓိပ္ပာယ်မှာ ၎င်း၏အလျင်က نِسَا ئِهِنَّ တွင် ပါဝင်ပြီးဖြစ်သည်။ ထိုစာလုံးကို သီးခြားတင်ပြရန် အဘယ်ကြောင့် လိုအပ်ပါမည်နည်း'ဟူသော မေးစရာ ဖြစ်ပေါ်လာပေသည်။

၎င်းမေးခွန်း၏ အဖြေကို ဂျဆ္ဆွာဆ် (ရဟ) က ပေးထားသည်မှာ نِسَا ئِهِنَّ ဟူသော စာလုံးသည် မိမိ၏ ပေါ်လွင်မှုအားဖြင့် မွတ်စ္စလင်မ်အမျိုးသမီးများအတွက်သာ သုံးနှုန်းထားခြင်း ဖြစ်သည်။ လက်ဝယ် ပိုင်ဆိုင်ထားသည့် ကျွန်မများတွင် အကယ်၍ ကာဖိရ်ကျွန်မများလည်း ပါဝင်နေပါလျှင် ထိုကာဖိရ်၊ ကျွန်မတို့ကို ဖယ်ထုတ်ရန်အတွက် ဤစာလုံးကို သုံးနှုန်းရခြင်းဖြစ်သည်။

(၁၁) اَوِ التّٰبِعِيۡنَ غَيۡرِ اُولِى الۡاِرۡبَةِ مِنَ الرِّجَالِ

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ ၎င်း၏ အလိုသဘောမှာ 'အာရုံပျက်ပြားပြီး အမျိုးသမီးများဘက်သို့ နှစ်သက်စွဲလန်းခြင်း တစ်စုံတစ်ရာမရှိသော လူစားမျိုးဖြစ်သည်' ဟူ၏။

[အိဗ်နေကစီးရ်ကျမ်း]

ဤအကြောင်းအရာကိုပင် အိဗ်နေဂျရီးရ်၊ အဘူအဗ်ဒုလ္လာဟ်၊ အိဗ်နေဂျုဗိုင်းရ်နှင့် အိဗ်နေအသွီယဟ် စသည်တို့က ဆင့်ပြန်ခဲ့ကြသည်။ ထို့ကြောင့် ၎င်း၏ အလိုသဘောမှာ 'အမျိုးသမီးများဘက်သို့ မည်သည့် စွဲလန်းချစ်ခင်မှု၊ တဏှာရာဂမျှ မထားရှိသော အမျိုးသားများကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် အမျိုးသမီးများ၏ ကောင်းခြင်းလက္ခဏာများအပေါ် မည်သည့်စွဲလန်းမှု စိတ်ဝင်စားမှုမျှ မရှိ၊ အခြားသူများအား ပြောပြခြင်းလည်း မရှိကြပေ။ ၎င်းတို့မှာ 'မုခန်းနဆ်' (အမျိုးသားနှင့် အမျိုးသမီး၏ တန်ဆာ နှစ်မျိုး စလုံးရှိသူ) များနှင့်လည်း မတူကြပေ။ ၎င်း 'မုခန့်နဆ်' တို့နှင့်လည်း 'ပရ်ဒဟ်' ပြုရန် 'ဝါဂျိဗ်' ဖြစ်သည်။ ဟဇရတ်အာအေရှာဟ် ﷺ သခင်မ၏ ဟဒီးစ်တော်တွင် လာရှိသည်မှာ 'မုခန်းနဆ်' တစ်ဦးသည် ကြင်ရာတော်များထံသို့ လာလေ့ရှိခဲ့သည်။ မိခင်မွန်တို့သည် ၎င်းအား

غَيۡرِ اُولِى الۡاِرۡبَةِ مِنَ الرِّجَالِ

တွင် ပါဝင်သူဟု မှတ်ယူလျက် ၎င်း၏ ရှေ့တွင် သွားလာမှုပြုခဲ့ကြသည်။ တမန်တော်မြတ် ﷺ သည် ထိုအချင်းအရာကို တွေ့မြင်တော်မူပြီး ၎င်း၏ စကားများကို ကြားတော်မူသောအခါ ၎င်းအား အိမ်များတွင် ဝင်ရောက်ခြင်းမှ တားမြစ်တော်မူလိုက်သည်။ *[ရှူးဟွလ်မအာနီကျမ်း]*

ထို့ကြောင့် အိဗ်နေဟဂျရ်မက္ကီ (ရဟ) က 'မင်နှဟားဂျ်' ကျမ်းတွင် မိန့်ဆိုသည်မှာ အမျိုးသားသည် ပန်းသေနေသူ၊ (သို့) တန်ဆာပြတ်တောက်နေသူ၊ (သို့) အလွန် အိုမင်းမစွမ်း ဖြစ်နေသည်ပင် ဖြစ်စေ၊ ၎င်းတို့သည် ထို غَيۡرِ اُولِى الۡاِرۡبَةِ စာလုံး၏ အဓိပ္ပာယ်အလိုသဘော၌ မပါဝင်ကြချေ။ ၎င်းတို့အားလုံး အပေါ်တွင် 'ပရ်ဒဟ်' ပြုရန် 'ဝါဂျိဗ်' ဖြစ်သည်။ ဤနေရာတွင် غَيۡرِ اُولِى الۡاِرۡبَةِ နှင့် အတူ التّٰبِعِيۡنَ စာလုံးကိုလည်း ဖော်ပြထားသည်။ အလိုသဘောမှာ 'ဤကဲ့သို့သော မေ့မောနေသည့် အာရုံခံစားမှု ပြတ်တောက်နေသည့်သူများသည် စားရန်၊ သောက်ရန်အတွက်သာ အိမ်များ၌ နေထိုင်သွားလာနေကြသူများဖြစ်ပြီး ဤအမိန့်မှ ဖယ်ထုတ်ခံရသူများ ဖြစ်သည်။ ၎င်းတို့၏ အကြောင်းကို တင်ပြရခြင်းမှာ ဤကဲ့သို့ မေ့မောလျက်ရှိသော လူအချို့သည် ထိုခေတ်ထိုအခါ၌ပင် အိမ်များ၌ စားရန်၊ သောက်ရန်အတွက် သွားလာနေထိုင်လျက် ရှိသောကြောင့် ဖြစ်သည်။ အမိန့်ပညတ်ချက်၏ အဓိကမူတည်ချက်သည် ၎င်းတို့၏ မေ့မောလျက် အာရုံခံစားမှု တဏှာရာဂမရှိခြင်းအပေါ်၌သာ မူတည်သည်။ သာဗိအ်နှင့် သုဖိုင်လီဖြစ်ခြင်း အပေါ် မူတည်ခြင်း မဟုတ်ပေ။

(၁၂) اَوِ الطِّفْلِ الَّذِيْنَ ၎င်း၏ အလိုသဘောမှာ အရွယ်မရောက်သေးသည့် ကလေးများ ဖြစ်သည်။ ၎င်းတို့သည် ယခုအရွယ်ရောက်ရန် နီးကပ်မှုပင် မဖြစ်သေးသည့်ကလေးများပင် ဖြစ်သည်။ အမျိုးသမီးတို့၏ အတွင်းရေး၊ အထူးကိစ္စများ၊ လှုပ်ရှားမှုများနှင့် လျှို့ဝှက်ချက်များကို လုံးဝ မသိရှိသေးသည့် ကလေးများပင် ဖြစ်သည်။ တင်ပြပါအချက်များကို သိရှိစိတ်ဝင်စားမှု ရှိသူ ကလေးသည် အရွယ်ရောက်လုနီးပါဖြစ်သော ကလေးဖြစ်သည်။ ထိုကလေးများနှင့် 'ပရ်ဒဟ်'ပြုရန် 'ဝါဂျိဗ်'ဖြစ်သည်။

[အိမ်နေကစီးရ်ကျမ်း]

ဤနေရာတွင် طِفْل 'သွိဖ်လ်' ၏ အလိုသဘောမှာ 'အမျိုးသားနှင့် အမျိုးသမီးတို့၏ မတူညီခြားနားသော ကိစ္စများကို ခွဲခြား နားမလည်သေးသည့် ကလေးပင်ဖြစ်သည်'ဟူ၏။ ဤသည်ကို မုဂျာဟိဒ်က တင်ပြခဲ့သည်။

وَلَا يَضْرِبْنَ بِاَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِيْنَ مِنْ زِيْنَتِهِنَّ

ဆိုလိုသည်မှာ 'အမျိုးသမီးများသည် လက်ဝတ်ရတနာများ၏ အသံထွက်ပေါ်စေရန်နှင့် မိမိတို့၏ လျှို့ဝှက်အပ်သော အလှတို့သည် အမျိုးသားများအပေါ် ထုတ်ဖော်ခြင်းမဖြစ်စေရန် မိမိတို့၏ ခြေများကို ပြင်းထန်စွာ ဆောင့်၍ မလျှောက်ရ'ဟု ဖြစ်သည်။

လက်ဝတ်လက်စားတို့၏ အသံကို 'နေကာဟ်' ပြုပိုင်သော အမျိုးသားများအား ကြားစေခြင်း မပိုင်၊

အာယသ်တော်၏ အစတွင် အမျိုးသမီးများအဖို့ မိမိတို့၏ အလှကို သူစိမ်းအမျိုးသားများအား ထုတ်ဖော်ပြသခြင်း မပြုရန် တားမြစ်ထားသည်။ နောက်ဆုံးပိုဒ်တွင် ထပ်မံဖြည့်စွက်လျက် အလှဆင်မြန်းသည့် နေရာများဖြစ်သော ဦးခေါင်း၊ ရင်ဘတ် စသည်တို့ကို ဖုံးအုပ်ရန် 'ဝါဂျိဗ်'ဖြစ်ကြောင်း လေးနက်စွာ တင်ပြထားသည်။

မိမိ၏ လျှို့ဝှက်ထားသည့် အလှကို ထုတ်ဖော်ခြင်းသည်လည်း မည်သည့်အကြောင်းပြချက်မျှ မပိုင်ပေ။ လက်ဝတ်လက်စားများတွင် အသံမြည်စေသော အရာထည့်ထား၍ အသံမြည်ခြင်းဖြင့်လည်းကောင်း၊ (သို့) လက်ဝတ်လက်စားတစ်ခုနှင့် တစ်ခု တိုက်မိ၍ အသံမြည်ခြင်းဖြင့်လည်းကောင်း၊ (သို့) ခြေထောက်ကို မြေကြီး၌ ဆောင့်၍ နင်းသည့်အတွက် လက်ဝတ်လက်စားများမှ အသံမြည်ခြင်းဖြင့်လည်းကောင်း၊ ထိုအသံကို သူစိမ်းအမျိုးသားများ ကြားရသည်ဆိုလျှင် ဤအာယသ်တော်၏ အမိန့်အရ ထိုအချက်အားလုံးသည် မပြုပိုင်ပေ။ ထို့ကြောင့် ဖေကာဟ်ပညာရှင်များစွာတို့က 'လက်ဝတ်လက်စားတို့၏ အသံကို သူစိမ်းအမျိုးသားများအား ကြားစေခြင်းသည် ဤအာယသ်တော်အရ မပိုင်ကြောင်း အတည်ဖြစ်သောအခါ အမျိုးသမီး၏ အသံအား ကြားစေခြင်းဆိုလျှင် ဤသည်ထက်ပို၍ပင် မပိုင် ဖြစ်ပေလိမ့်မည်'ဟု ဆိုကြသည်။

ထို့ကြောင့် အမျိုးသမီး၏ အသံကိုလည်း ထိုပညာရှင်တို့က ဖုံးကွယ်အပ်သော အရာများ၌ ထည့်သွင်းသတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ 'နဝါဖိလ်'ကျမ်းတွင် မိန့်ဆိုထားသည်မှာ 'အမျိုးသမီးများအဖို့ တတ်နိုင်သမျှ ကုရ်အာန်ကျမ်းတော်မြတ် သင်ယူခြင်းကိုလည်း အမျိုးသမီးဖြင့်ပင် သင်ယူရပေမည်။ အမျိုးသားများဖြင့် သာသနာ့ပညာ သင်ယူခြင်းမှာမူ မလွှဲမရှောင်သာ အခက်အခဲရှိလျှင် ပိုင်သည်' ဟု ဖြစ်သည်။ ဆွဟီးဟ်ဘိုခါရီနှင့် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတို့၏ ဟဒီးစ်တွင် 'နမာဇ်ဝတ်ပြုနေစဉ် လူတစ်ဦးသည် ရှေ့မှ ဖြတ်သွားလျှင် အမျိုးသားများအဖို့ အသံကျယ်စွာ سُبْحَانَ اللهِ ရွတ်ဆိုလျက် ထိုဖြတ်ကျော်သူကို သတိပေးရမည်။ သို့သော် အမျိုးသမီးမှာမူ အသံမထုတ်ရဘဲ မိမိ၏ လက်ဖဝါးကို ကျန်လက်ဖြင့် ရိုက်၍ ထိုဖြတ်ကျော်သူအား သတိပေးရပေမည်' ဟု လာရှိထားသည်။

အမျိုးသမီး၏ အသံနှင့် စပ်လျဉ်းသည့် ဓမ္မသတ်

အမျိုးသမီး၏ အသံသည် ပင်ကိုယ်မူလအရပင် ဖုံးအုပ်ရမည့်အရာ ဖြစ်ပါသလော၊ သူစိမ်းအမျိုးသားများအား အသံကြားစေခြင်း ပိုင်ပါသလော၊

ဤဓမ္မသတ်တွင် ပညာရှင်အမောမ်ကြီးများအကြား ကွဲလွဲမှုများ ရှိပေသည်။ အမောမ်ရှာဖေအီ (ရဟ) ၏ ကျမ်းများတွင် အမျိုးသမီး၏အသံကို ဖုံးကွယ်အပ်သော အရာများ၌ ထည့်သွင်းဖော်ပြခြင်း မရှိပေ။ ဟနဖီယဟ်တို့ထံတွင် အဆိုကွဲလွဲမှုများ ရှိသည်။ အိဗ်နေဟမ်မားမ် (ရဟ) က နဝါဖိလ်၏ ဆင့်ပြန်ချက်အပေါ် 'ဖုံးကွယ်အပ်သော အရှက်'တွင် ထည့်သွင်းသတ်မှတ်ခဲ့သည်။ ထို့ကြောင့် ဟနဖီယဟ်တို့ထံတွင် အမျိုးသမီး၏ 'အဇာန်'သည် 'မက္ကရူးဟ်' ဖြစ်သည်။ သို့ရာတွင် ဟဒီးစ်တော်အားဖြင့် အတည်ဖြစ်သည်မှာ ကိုယ်တော်မြတ် ﷺ ၏ ကြင်ရာတော်တို့သည် 'ပရ်ဒဟ်'၏ အမိန့်တော်များ ကျရောက်ပြီးနောက်တွင်လည်း 'ပရ်ဒဟ်'၏နောက်မှ နေ၍ သူစိမ်းအမျိုးသားများနှင့် စကားများ ပြောဆိုလေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ဤစုစည်းတင်ပြချက်များအရ 'ဦးစားပေးအဆင့်နှင့် အမှန်ကန်ဆုံးကို သိရှိရသည်မှာ အမျိုးသမီး၏ အသံကြောင့် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားရန် စိုးရိမ်ရသော နေရာမျိုးတွင် တားမြစ်ချက်ရှိသည်။ ထိုသို့ မစိုးရိမ်ရလျှင် ပိုင်သည်။ *[ဂျဆ္စ်ဆွားဆွ်ကျမ်း]*

လိုအပ်ချက်မရှိဘဲ အမျိုးသမီးတို့သည် 'ပရ်ဒဟ်'၏ နောက်မှလည်း သူစိမ်းအမျိုးသားများနှင့် စကားပြောဆိုခြင်းကို မပြုရန် ဆင်ခြင်မှု ပြုရမည်။

အမွှေးအကြိုင်သုတ်လိမ်း၍ အပြင်ထွက်ခြင်း

ဤအမိန့်တွင် အမျိုးသမီးတို့သည် လိုအပ်ချက်တစ်ခုခုဖြင့် အိမ်မှ အပြင်သို့ ထွက်သည့်အခါ အမွှေးအကြိုင်သုတ်လိမ်း၍ မထွက်ရန်လည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ဤသည်လည်း သူမတို့၏

လျှို့ဝှက်သော အလှဖြစ်သောကြောင့်ပင် ဖြစ်သည်။ 'နေကာဟ်'ပြုပိုင်သော သူစိမ်းအမျိုးသားထံသို့ ဤအမွှေးအကြိုင် ရောက်ရှိသွားလျှင် မပိုင်ပေ။ သိရ်မေဇီကျမ်းတွင် ဟဇရသ်အဘူမူစာအရ်အရီ ﷺ ၏ ဟဒီးစ်တော်တွင် အမွှေးအကြိုင်သုတ်လိမ်း၍ အပြင်ထွက်သည့် အမျိုးသမီးကို မကောင်းကြောင်း ပြောဆိုထားသည့်အကြောင်း ပါရှိသည်။

အလှဆင်ထားသည့် 'ဗွရ်ကာအ်'ကို ဝတ်၍ ထွက်ခြင်းသည်လည်း မပိုင်ကြောင်း

အအမာမ်ဂျဆ္ဆွာ့ဆ် (ရဟ) က မိန့်ဆိုသည်မှာ 'လက်ဝတ်လက်စားများ၏ အသံကိုပင် ကုရ်အာန်ကျမ်းတော်မြတ်သည် အလှဖော်ထုတ်ခြင်းတွင် ပါဝင်သည်ဟု သတ်မှတ်လျက် တားမြစ်ထားသည်ဖြစ်ရာ အလှဆင်ထားသည့် 'ဗွရ်ကာအ်'ကို ဝတ်ဆင်လျက် ထွက်ခြင်းမှာ ပို၍ပင် တားမြစ်ချက် ဖြစ်ပေလိမ့်မည်။ ဤသည်ကို ကြည့်ခြင်းဖြင့် 'အမျိုးသမီး၏ မျက်နှာသည် အမှန်စင်စစ် 'ဖုံးကွယ်ရမည့်အရာ' တွင် မပါဝင်ပေ။ သို့သော် မျက်နှာသည် အလှအပတို့၏ စုဝေးရာဌာနချုပ်ဖြစ်သည့်အတွက် ထိုမျက်နှာကိုလည်း 'နေကာဟ်' ပြုပိုင်သည့် သူစိမ်းအမျိုးသားများမှ ဖုံးအုပ်ရန် 'ဝါဂျိဗ်'ဖြစ်သည်။ သို့ရာတွင် လိုအပ်ချက်ရှိသော အခြေအနေမျိုးတွင်မူ ပိုင်ပေသည်။ *[ဂျဆ္ဆွာ့ဆ်ကျမ်း]*

وَتُوْبُوْٓا اِلَى اللهِ جَمِيْعًا اَيُّهَ الْمُؤْ مِنُوْنَ

ဆိုလိုသည်မှာ 'အို့၊ မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့အားလုံး 'သောင်ဗာဟ်' ပြုကြလေကုန်'ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် ဦးစွာပထမ အမျိုးသားများကို မျက်စိများ ထိန်းသိမ်းကြရန်ကိုလည်းကောင်း၊ အမျိုးသမီးများကိုလည်း ဤအမိန့်အတိုင်းလည်းကောင်း၊ တစ်ဖန် အမျိုးသမီးများကို 'နေကာဟ်'ပြုပိုင်သော သူစိမ်းအမျိုးသားများမှ 'ပရ်ဒဟ်'ပြုရန်ကိုလည်းကောင်း သီးခြားစီ အမိန့်သတ်မှတ်ပြီးနောက် ဤစာပိုဒ်တွင် အမျိုးသားနှင့် အမျိုးသမီးအားလုံးကို ရောနှော၍ 'ရမ္မက်ဆန္ဒ၏ ကိစ္စသည် နက်နဲသိမ်မွေ့သော ကိစ္စဖြစ်သည်။ အခြားသူများအဖို့ ထိုကိစ္စအပေါ် သိနိုင်ရန် ခက်ခဲလှပေသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်အဖို့ ဖုံးကွယ်နေသော အရာဟူသရွေ့ကိုလည်းကောင်း၊ ပွင့်ပေါ်နေသော အရာဟူသရွေ့ကိုလည်းကောင်း တူညီစွာ ပေါ်လွင်နေပါသည်။ ထို့ကြောင့် အကယ်၍ လူတစ်ဦးသည် ဖော်ပြပါမိန့်တော်များတွင် တစ်ချိန်ချိန်၌ ချွတ်ချော်မှားယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါလျှင် ထိုမှားယွင်းမှုအပေါ် 'သောင်ဗာဟ်'ပြုရန် တာဝန်ဖြစ်သည်။ ကျူးလွန်မိခဲ့သည့်အပေါ် ရှက်ကြောက်၍ လွတ်ငြိမ်းခွင့်တောင်းခံရမည်။ နောက်နောင်တွင် ထိုပြစ်မှုအနီးသို့ မသွားရန် တိကျခိုင်မာသော ရည်ရွယ်ချက် ပြုရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَأَنكِحُوا الْأَيَامَىٰ مِنكُمْ وَالصَّالِحِينَ مِنْ عِبَادِكُمْ وَإِمَائِكُمْ ۚ إِن
يَكُونُوا فُقَرَاءَ يُغْنِهِمُ اللَّهُ مِن فَضْلِهِ ۗ وَاللَّهُ وَاسِعٌ عَلِيمٌ ﴿٣٢﴾

၂၄ : ၃၂ ။ ။ ထို့ပြင် အသင်တို့သည် မိမိတို့အနက် အိမ်ထောင်ဖက်မရှိသော သူ (ယောကျ်ား၊ မိန်းမ) တို့အားလည်းကောင်း၊ မိမိတို့၏ ကျွန်၊ ကျွန်မများအနက် (ထိမ်းမြားရန်) အရည်အချင်းနှင့် ပြည့်စုံကြသော ကျွန်၊ ကျွန်မများအားလည်းကောင်း ထိမ်းမြား၍ ပေးကြလေကုန်။ အကယ်၍ ၎င်းတို့သည် ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ ကျေးဇူးတော်နှင့် ကြွယ်ဝချမ်းသာစေတော်မူမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကျယ်ဝန်းစွာ ချီးမြှင့်ပေးသနားတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَلْيَسْتَعْفِفِ الَّذِينَ لَا يَجِدُونَ نِكَاحًا حَتَّىٰ يُغْنِيَهُمُ اللَّهُ مِن
فَضْلِهِ ۗ وَالَّذِينَ يَبْتَغُونَ الْكِتَابَ مِمَّا مَلَكَتْ أَيْمَانُكُمْ فَكَاتِبُوهُمْ
إِنْ عَلِمْتُمْ فِيهِمْ خَيْرًا ۖ وَآتُوهُم مِّن مَّالِ اللَّهِ الَّذِي آتَاكُمْ ۚ وَلَا
تُكْرِهُوا فَتَيَاتِكُمْ عَلَى الْبِغَاءِ إِنْ أَرَدْنَ تَحَصُّنًا لِّتَبْتَغُوا عَرَضَ الْحَيَاةِ
الدُّنْيَا ۚ وَمَن يُكْرِههُّنَّ فَإِنَّ اللَّهَ مِن بَعْدِ إِكْرَاهِهِنَّ غَفُورٌ رَّحِيمٌ ﴿٣٣﴾

၂၄ : ၃၃ ။ ။ သို့ရာတွင် ထိမ်းမြားရန်အလို့ငှာ (စရိတ်ကြေးငွေ) မရှိကြသော သူတို့မှာမူ၊ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ၎င်းတို့အား ကုံလုံကြွယ်ဝစေတော်မူသည်အထိ (မိမိတို့၏) ကာယိန္ဒြေကို စောင့်စည်း၍ နေကြရမည်။ ထို့ပြင် အသင်တို့၏ ကျေးကျွန်များအနက် အကြင်သူတို့သည် (ကျွန်ဘဝမှ လွတ်မြောက်ရန်) ကတိစာချုပ် ချုပ်ဆိုလိုကြ၏။ အကယ်၍ အသင်တို့သည် ထိုသူတို့၌ ကောင်းကျိုးတစ်စုံတစ်ရာကို တွေ့ရှိခဲ့ကြပါလျှင် ၎င်းတို့နှင့် ကတိစာချုပ်ကို ချုပ်ဆိုကြလေကုန်။ ထို့ပြင် အသင်တို့ကို အလ္လာဟ်အသျှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော အကြင်ဥစ္စာပစ္စည်းအနက်မှလည်း ၎င်းတို့အား ပေးကမ်းကြလေကုန်။ ထို့ပြင် အသင်တို့သည် အသင်တို့ မျက်မှောက်လောကီဘဝ၏ ဥစ္စာပစ္စည်း ရရှိကြရန်အလို့ငှာ ကာယိန္ဒြေကို စောင့်စည်းလိုသော မိမိတို့၏ ကျွန်မများအား ပြည့်တန်ဆာလုပ်ငန်း ပြုလုပ်ကြရန် အတင်းအကြပ် မပြုကြကုန်လင့်။ စင်စစ် မည်သူမဆို ၎င်းတို့အား အတင်းအကြပ် ပြုစေခဲ့သည်ရှိသော်၊ ဧကန်မလွဲ (အလ္လာဟ်အသျှင်မြတ်သည် ထိုကျွန်မများအား အပြစ်မှ ကင်းလွတ်တော်မူပေမည်။) အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(လွတ်လပ်သူများအနက်) 'နေကာဟ်'ထိမ်းမြားခြင်း မပြုသူများ ရှိကြလျှင် (အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ အတူတူဖြစ်သည်။ 'နေကာဟ်'မရှိသူများဟု ဆိုရာတွင် ယခုတိုင် 'နေကာဟ်'မပြုရသေးသူများ (သို့) 'နေကာဟ်'ပြုပြီးမှ ဇနီးသည် ကွယ်လွန်သွားခြင်း၊ (သို့) 'သွလားက်'ပေးလိုက်ခြင်းကြောင့် ကွဲကွာသွားခြင်းတို့လည်း အတူတူဖြစ်သည်။) အသင်တို့သည် ၎င်းတို့အား 'နေကာဟ်'ပြုပေးကြကုန်။ ထို့နောက် (ဤနည်းအတိုင်းပင်) အသင်တို့၏ ကျွန်များနှင့် ကျွန်မများအနက် ('နေကာဟ်'ပြုရန်) အရည်အချင်းနှင့် ပြည့်စုံသူများကို ('နေကာဟ်'၏ တာဝန်များကို ထမ်းဆောင်နိုင်သူများကို ဆိုလိုသည်။) ၎င်းတို့အားလည်း ('နေကာဟ်'ပြုပေးကြကုန်။ မိမိတို့၏ အကျိုးအတွက် ၎င်းတို့၏ 'နေကာဟ်'ပြုလိုသောကောင်းသည့် ဆန္ဒများကို မပျက်စီးစေရပေ။ ထို့နောက် လွတ်လပ်သူများ၏ 'နေကာဟ်'ကမ်းလှမ်းမှုပြုသူများ၏ ဆင်းရဲနွမ်းပါးခြင်းကို ကြည့်၍ ၎င်း၌ ဥစ္စာပစ္စည်း ရှာဖွေနိုင်သော အရည်အချင်းရှိပါလျက်ငြင်းဆိုခြင်း မပြုရပေ။ အဘယ်ကြောင့်ဆိုသော်) အကယ်၍ ၎င်းတို့သည် သူဆင်းရဲများ ဖြစ်ကြပါလျှင်အလ္လာဟ်အသျှင်မြတ်သည် (အကယ်၍ အလိုတော်ရှိတော်မူပါက) ၎င်းတို့အား မိမိ၏ ကျေးဇူးတော်ဖြင့်ကြွယ်ဝချမ်းသာစေတော်မူပေမည်။ (အချုပ်မှာ ဆင်းရဲနွမ်းပါးခြင်းကိုကြည့်၍ 'နေကာဟ်'ပြုရန် မငြင်းဆိုလေနှင့်။ ထို့ပြင် 'နေကာဟ်'ပြုပြီးလျှင် ကုန်ကျစရိတ် တိုးမြှင့်လာလိမ့်မည်။ ယခုလက်ရှိ ကြွယ်ဝချမ်းသာနေသည်တို့မှာ 'နေကာဟ်'ပြုလိုက်ခြင်းကြောင့် ဆင်းရဲချို့တဲ့သွားပေလိမ့်မည်ဟူသော အတွေးအခေါ်များမထားရပေ။ အကြောင်းမှာ ရိဇ်ဇီရိက္ခာ၏ အဓိကမူတည်ချက်သည် အလ္လာဟ်အသျှင်မြတ်၏ အလိုတော်အပေါ်၌သာ ရှိသောကြောင့် ဖြစ်သည်။ ထိုအသျှင်မြတ်သည် ချမ်းသာကြွယ်ဝသူတစ်ဦးကို 'နေကာဟ်'မရှိဘဲလည်း ဆင်းရဲမွဲတေစေနိုင်သည်။ 'နေကာဟ်'ရှိသူ ဆင်းရဲနွမ်းပါးသူအားလည်း 'နေကာဟ်'ရှိလျက်ပင် ဆင်းရဲတွင်းမှ ဖယ်ရှားကယ်တင်နိုင်သော အသျှင် ဖြစ်တော်မူသည်။)

ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ကြွယ်ဝစေတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (မိမိအလိုရှိတော်မူသော သူအား ကြွယ်ဝစေတော်မူသည်။ ထို့ပြင် အားလုံးတို့၏ အခြေအနေကို) ကောင်းစွာသိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ချမ်းသာကြွယ်ဝစေတော်မူလိုက်လျှင် ကောင်းကျိုးဖြစ်မည့်သူအား ချမ်းသာကြွယ်ဝစေတော်မူပေမည်။ ဆင်းရဲချို့တဲ့ခြင်း၌ပင် ကောင်းမည့်သူဖြစ်လျှင် ၎င်းအား ဆင်းရဲခြင်း၌ပင် ထားတော်မူပေမည်။) ထို့ပြင် (အကယ်၍ လူတစ်ဦးသည် မိမိ၏ ဆင်းရဲနွမ်းပါးမှုကြောင့် 'နေကာဟ်'ပြုရန် စရိတ်ကြေးငွေများ မရှိပါလျှင်) 'နေကာဟ်'ပြုထိမ်းမြားရန် အင်အားမရှိကြသူတို့ အဖို့မှာမူ (မိမိတို့ကိုယ်ကို မိမိတို့) ထိန်းချုပ်၍ နေကြရမည်မှာ အလ္လာဟ်အသျှင်မြတ်က အလိုတော်ရှိပါက) မိမိကျေးဇူးတော်ဖြင့် ၎င်းတို့အား ကြွယ်ဝချမ်းသာစေတော်မူသည်အထိ ဖြစ်သည်။ (ထိုအချိန်၌သာ 'နေကာဟ်' ထိမ်းမြားခြင်း ပြုကြလေကုန်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'နေကာဟ်' ၏ ပညတ်ချက်အချို့

ဤရာဟ်နူးရ်တွင် အများဆုံးမှာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းခြင်း၊ သိက္ခာကို စောင့်စည်းခြင်းနှင့် ရှက်ဖွယ်လိလိ မကောင်းမှုဒုစရိုက်များမှ တားဆီးပိတ်ပင်ခြင်းနှင့် ဆက်နွယ်သော အမိန့်ပညတ်တော်များသာ လာရှိကြောင်း ကနဦးမှပင် တင်ပြခဲ့ပြီးဖြစ်သည်။ ဤအခန်းကဏ္ဍတွင် 'ဇေနာ'နှင့်အတူ ၎င်း 'ဇေနာ'နှင့် စပ်လျဉ်းသော လုပ်ရပ်များ၏ ပြင်းထန်သော အပြစ်ဒဏ်များအကြောင်း တင်ပြထားသည်။ ထို့နောက် တစ်ပါးသူ၏ အိမ်သို့ ဝင်လျှင် ဝင်ခွင့်တောင်းခံရခြင်းအကြောင်း၊ တစ်ဖန် အမျိုးသမီးများအတွက် 'ပရ်ဒဟ်'အကြောင်း စသည်တို့ကို တင်ပြထားပေသည်။ အစ္စလာမ့်တရားတော်သည် အလယ်အလတ်ကျ၍ မျှတသော သာသနာဖြစ်သည်။ ဤသာသနာ၏ အမိန့်ပညတ်ချက်အားလုံးတို့သည် အလယ်အလတ်ကျ၍ မျှတမှုရှိပြီး လူသား၏ သဘောသဘာဝ စိတ်ဓါတ်များ၊ အလိုရမ္မက်များကို ထောက်ရှုလျက် စည်းကျော်၊ ဘောင်ကျော်ခြင်းကို တားမြစ်သည့် ဥပဒေများနှင့် ဝန်းရံထားသည်။ ထို့ကြောင့် တစ်ဖက်တွင် လူသားကို မပြုပိုင်သော တဏှာရာဂကိစ္စများမှ ပြင်းပြင်းထန်ထန် တားမြစ်ထားသည်ဖြစ်ရာ အခြားတစ်ဘက်တွင် သဘာဝအလျောက် ဖြစ်ရှိသော စိတ်ဆန္ဒ၊ ရမ္မက်များကို ထောက်ရှုလျက် ပြုပိုင်ပြီး မှန်ကန်သည့် နည်းလမ်းများကို ပြသရန်လည်း အရေးကြီးပေသည်။ ထို့အပြင် မျိုးဆက်ပြန့်ပွားရေးအတွက် ဦးနှောက်အသိဉာဏ်အရလည်းကောင်း၊ တရားတော်အရလည်းကောင်း တောင်းဆိုချက်မှာ ဘောင်အတွင်း၌ နေ၍ အမျိုးသားနှင့် အမျိုးသမီး ရောနှောပေါင်းစပ်နိုင်ရန်အတွက် ပုံသဏ္ဍာန်တစ်ခု ပြုပေးရန်ဖြစ်သည်။ ထိုပုံသဏ္ဍာန်၏ အမည်မှာ ကုရ်အာန်နှင့် စွန္နသ်တို့၏ ဝေါဟာရတွင် 'နေကာဟ်'ဟု ဖြစ်သည်။ ဖော်ပြပါ အာယသ်တော်တွင် ဤအကြောင်းနှင့် စပ်လျဉ်း၍ လွတ်လပ်သော အမျိုးသမီးများ၏ အုပ်ထိန်းသူများကိုလည်းကောင်း၊ ကျွန်၊ ကျွန်မတို့၏ ပိုင်ရှင်သခင်များကိုလည်းကောင်း 'ထိုသူတို့သည် ၎င်းတို့အား 'နေကာဟ်' ပြုပေးကြရမည်'ဟု အမိန့်ပေးတော်မူထားပေသည်။

وَاَنْكِحُوا الْاَ يَا مٰى مِنْكُمْ

တွင် اَيَامٰى သည် اَيِم ၏ အများကိန်းဖြစ်သည်။ 'လက်ရှိအခြေအနေ၌ 'နေကာဟ်'မရှိသူ အမျိုးသား၊ အမျိုးသမီးတိုင်း' အတွက် သုံးနှုန်းသည့် စာလုံးဖြစ်သည်။ ဆိုလိုသည်မှာ အစကနဦးမှပင် 'နေကာဟ်'မပြုရသေးသူဖြစ်စေ၊ (သို့) လင်နှင့် မယားနှစ်ဦးအနက် တစ်ဦးဦး ကွယ်လွန်သွားလျှင်ဖြစ်စေ၊ (သို့) 'သွလာက်'ပေးခြင်းဖြင့် 'နေကာဟ်' ပျက်ပြယ်သွားခြင်းဖြစ်စေ အတူတူပင် ဖြစ်သည်။ ဤကဲ့သို့သော အမျိုးသားနှင့် အမျိုးသမီးတို့၏ 'နေကာဟ်'အတွက် ၎င်းတို့၏ အုပ်ထိန်းသူ၊ ပိုင်ရှင်များကို '၎င်းတို့သည် ထိုသူတို့၏ 'နေကာဟ်'အတွက် အစီအမံများ ပြုကြလေကုန်'ဟု အမိန့်ပေးခြင်း ဖြစ်သည်။

ဖော်ပြပါအာယသ်တော်များ၏ မိန့်ကြားချက်အရ ဖေကာဟ်ပညာရှင် အေမာမ်ကြီးများထဲတွင် တစ်ညီတစ်ညွတ်တည်း အတည်ဖြစ်သည်မှာ 'နေကာဟ်'၏ စွန္နသ်နည်းလမ်းနှင့် အကောင်းဆုံးဖြစ်သော နည်းလမ်းမှာ 'အမျိုးသားတစ်ဦး (သို့) အမျိုးသမီးတစ်ဦးသည် မိမိ၏ 'နေကာဟ်'ကို ပြုရန် အခြားကြားလူများမပါဘဲ မိမိကိုယ်တိုင် ပြုရမည့်အစား မိမိ၏ အုပ်ထိန်းသူများ၏ အကြောင်းခံဖြင့် 'နေကာဟ်'ပြုလုပ်ခြင်းပင် ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းတွင် လောကီရေး၊ သာသနာရေး နှစ်မျိုးစလုံးအတွက် များစွာသော အကျိုးအမြတ်များ ရှိပေသည်။ အထူးသဖြင့် အမျိုးသမီးတို့၏ အရေးကိစ္စတွင် အမျိုးသမီးများသည် မိမိ၏ 'နေကာဟ်'ကိစ္စကို မိမိကိုယ်တိုင် စီမံပြုလုပ်ခြင်းသည် အရှက်တရားမဲ့သော လုပ်ရပ်တစ်မျိုးလည်းဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းတွင် အရှက်ကင်းမဲ့သည့်လမ်းများ ပွင့်သွားမည်ကို စိုးရိမ်ရန်လည်း ရှိသည်။ ထို့ကြောင့် အချို့ဟဒီးစ်တော်များတွင် အမျိုးသမီးများအဖို့ မိမိတို့၏ 'နေကာဟ်'ကို 'ဝလီ' (အုပ်ထိန်းသူ) ၏ အကြောင်းခံမပါဘဲ ပြုခြင်းမှ တားမြစ်ချက် လာရှိခြင်းဖြစ်သည်။

(အေမာမ်အာဇူဟနီဖာဟ် (ရဟ) နှင့် အခြားသော အချို့အေမာမ်များထဲတွင် ဤအမိန့်သည် သီးသန့်စွန္နသ်တော်တစ်ရပ်နှင့် တရားတော်၏ လမ်းညွှန်မိန့်ကြားချက်အဆင့်တွင် ရှိသည်။ အကယ်၍ အရွယ်ရောက်သူ အမျိုးသမီးသည် မိမိ၏ 'နေကာဟ်'ကို အုပ်ထိန်းသူ၏ ခွင့်ပြုချက်မရှိဘဲ မိမိသဘောဖြင့် ပြုလုပ်လိုက်ပါလျှင် ထို 'နေကာဟ်' သည် ပိုင်သွားပေမည်။ သူမအနေဖြင့် မလွဲမရှောင်သာ အကျပ်အတည်းကြောင့် ဤသို့ ပြုလုပ်ရခြင်းမဟုတ်ပါက စွန္နသ်ကို ဆန့်ကျင်သည့်အတွက် ရှုတ်ချရန် ထိုက်သက်ပေမည်။)

အေမာမ်ရှာဖေအီ (ရဟ) နှင့် အခြားသော အချို့အေမာမ်ကြီးများထဲတွင် 'အုပ်ထိန်းသူ၏ အကြောင်းခံဖြင့် ပြုလုပ်ခြင်းမဟုတ်သော 'နေကာဟ်'သည် ပျက်ပြယ်သည်မှာ 'နေကာဟ်'ပင် မပြုရသေးသည့် အတိုင်းပင် ဖြစ်သည်။

ဤနေရာသည် ကွဲလွဲသော ဓမ္မသတ်များကို အပြည့်အဝ လေ့လာဆန်းစစ်ခြင်းနှင့် နှစ်ဘက်ဖေကာဟ် ပညာရှင်တို့၏ အထောက်အထားများကို တင်ပြရန် မဟုတ်ပါ။ သို့ရာတွင် ဖော်ပြပါအာယသ်တော်ဖြင့် အများဆုံးအတည်ဖြစ်သည်မှာ 'နေကာဟ်' ပြုရာတွင် အုပ်ထိန်းသူတို့၏ စီမံခန့်ခွဲမှု ရှိရမည်ဖြစ်သည်။ အုပ်ထိန်းသူ၏ အစီအမံမပါဘဲ 'နေကာဟ်' ပြုလိုက်လျှင် ၎င်း၏ အမိန့် မည်သို့ပါနည်းဟု ဆိုလျှင် ဤကုရ်အာန်၏ အာယသ်တော်သည် ထိုအကြောင်းနှင့် စပ်လျဉ်း၍ နှုတ်ဆိတ်ထားသည်' ဟုသာ ဆိုရပေမည်။

အထူးသဖြင့် ဤအတွက်ကြောင့်ပင် ایامی ဟူသော စာလုံးတွင် အရွယ်ရောက်သူ အမျိုးသား၊ အမျိုး သမီးနှစ်ဦးစလုံး ပါဝင်ခြင်းဖြစ်သည်။ အရွယ်ရောက်သူ အမျိုးသား၏ 'နေကာဟ်'သည် အုပ်ထိန်းသူ၏ အစီအမံမပါဘဲ ပြုလုပ်လိုက်လျှင် ပညာရှင်အားလုံးထဲတွင် ထို 'နေကာဟ်' အထမြောက်သွားသည်။ မည်သူကမျှ မပိုင်ဟု မဆိုကြပါ။ အလားတူ အရွယ်ရောက်သူ အမျိုးသမီးသည် အကယ်၍ မိမိ၏ 'နေကာဟ်'

ကို မိမိကိုယ်တိုင် ပြုလုပ်လိုက်ပါလျှင် ထို 'နေကာဟ်'သည်လည်း ပိုင်သွားပေမည်။ သို့ရာတွင် စွန္နသ်နှင့် ဆန့်ကျင်သည့်အတွက် နှစ်ဦးစလုံးအပေါ် ရှုတ်ချခြင်း ပြုရပေမည်။

'နေကာဟ်' ပြုခြင်းသည် 'ဝါဂျိဗ်' ဖြစ်ပါသလော၊ (သို့) 'စွန္နသ်' ဖြစ်ပါသလော၊ (သို့) အခြေအနေ ကွဲလွဲသည့်အတိုင်း အမိန့်ကွဲလွဲမှု ရှိပါသလော၊

ဤနေရာတွင် မုဂျ်သဟိဒ် (ဓမ္မသတ်ထုတ်နုတ်သည့်) အေမာမ်ကြီးများအားလုံး တစ်ညီတစ်ညွတ်တည်း ရှိကြသည်မှာ 'အကြင်သူသည် 'နေကာဟ်'မပြုလုပ်သည့်အပေါ် ရှရီအသ်တရားတော်၏ ဘောင်အတွင်း၌ မနေနိုင်ဖြစ်၍ အပြစ်ကျူးလွန်ခြင်း၌ နစ်မွန်းသွားလိမ့်မည်ဟု ထင်မြင်ယူဆချက် အလေးသာနေလျှင်လည်းကောင်း၊ 'နေကာဟ်'ပြုလုပ်ရန် လိုအပ်ချက် အကြောင်းတရားများ ပြည့်စုံ၍ အင်အားရှိလျှင်သော်လည်းကောင်း၊ ဤသို့သော သူအပေါ်တွင် 'နေကာဟ်'ပြုရန် 'ဖွရဇ်' (သို့) 'ဝါဂျိဗ်'ဖြစ်သည်။ 'နေကာဟ်' မပြုသေးသမျှ ထိုသူသည် အပြစ်ကျူးလွန်သူတစ်ဦးအဖြစ် ရှိနေပေမည်။ သို့ရာတွင် 'နေကာဟ်' ပြုရန် အကြောင်းခံများ မရှိသေးသူဖြစ်လျှင်၊ ဥပမာ- သင့်တော်မည့် အမျိုးသမီး မတွေ့ရှိသေးလျှင်ဖြစ်စေ၊ (သို့) ၎င်းအတွက် 'မဟရ်'လက်ငင်းပေးရန် အစရှိသော အရေးကြီးသည့် အသုံးစရိတ်များ ၎င်းထံတွင် မပြည့်စုံသေးလျှင်ဖြစ်စေ၊ ထိုအခြေအနေမျိုးတွင် ၎င်းအနေဖြင့် လိုအပ်ချက် အကြောင်းတရားများကို ရှာဖွေစုဆောင်းရန် ကြိုးစားရပေမည်။ ထိုလိုအပ်ချက်များ မရရှိသေးသရွေ့ မိမိစိတ်ကို ထိန်းချုပ်၍ သည်းခံနိုင်ရန် ကြိုးစားရမည်။ တမန်တော်မြတ် ﷺ သည် ထိုကဲ့သို့သော လူမျိုးအတွက် မိန့်ကြားတော်မူသည်မှာ 'ထိုသူသည် ဆက်တိုက် 'ရိုဇာဟ်'ဥပုသ် စောင့်ထိန်းရမည်'ဟု ဖြစ်သည်။ ထိုသို့ 'ရိုဇာဟ်'ထားခြင်းဖြင့် တဏှာရာဂစိတ်ကို တည်ငြိမ်မှု ဖြစ်စေသည်။

မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် ဆင့်ပြန်ချက်တစ်ရပ် လာရှိသည်မှာ 'ဟဇရသ်အုကားဖ် ؓ အား တမန်တော်မြတ် ﷺ က 'အသင့်၌ ဇနီးကြင်ယာ ရှိပါသလား'ဟု မေးရာ ၎င်းက 'မရှိပါ'ဟု လျှောက်ထားလေသည်။ တစ်ဖန် 'အသင့်၌ ကျွန်မရှိပါသလား'ဟု မေးမြန်းရာ ၎င်းက 'မရှိပါ'ဟု လျှောက်ထားလေသည်။ တစ်ဖန် ကိုယ်တော်မြတ် ﷺ က 'အသင်သည် ချောင်လည်သူဖြစ်ပါသလား'ဟု မေးမြန်းရာ ၎င်းက 'ကျွန်တော်မျိုးသည် ချောင်လည်သူ ဖြစ်ပါသည်'ဟု လျှောက်ထားလေသည်။ ဆိုလိုသည်မှာ 'အသင်၏ 'နေကာဟ်'အတွက် အရေးကြီးသော အသုံးစရိတ်များ သုံးစွဲနိုင်ပါသလား'ဟု ဖြစ်သည်။ ထိုမေးခွန်းအပေါ် ၎င်းက သုံးစွဲနိုင်ကြောင်း ဝန်ခံလျှောက်ထားခဲ့သည်။ ထိုစကားအပေါ် ကိုယ်တော်မြတ် ﷺ က 'ဤသို့ဆိုလျှင် အသင်သည် ရှိုက်သွာန်၏ ညီနောင်ဖြစ်သည်'ဟု မိန့်ကြားလျက် ဆက်လက်၍ 'ငါကိုယ်တော်၏ စွန္နသ်သည် 'နေကာဟ်'ပြုခြင်းဖြစ်သည်။ အသင်တို့အနက် အဆိုးရွားဆုံးသောသူမှာ 'နေကာဟ်'မရှိသူပင်ဖြစ်သည်။ အသင်တို့အနက် သေသူများတွင် အယုတ်ညံ့ဆုံးသော သူများမှာ 'နေကာဟ်'မရှိဘဲ သေဆုံးသွားသူများပင် ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ *[မွဇ်ဟရီကျမ်း]*

ဤဆင့်ပြန်ချက်ကိုလည်း အများစုပညာရှင်တို့က 'နေကာဟ်' မပြုလုပ်သည့် အခြေအနေတွင် အပြစ်ကျူးလွန်ရန် စိုးရိမ်မှု အလေးသာသော အခြေအနေအရ ဖြစ်သည်'ဟု ကောက်ယူကြသည်။ အုကားဖ် ﷺ သခင်သည် 'ဆွဗရ်'မလုပ်နိုင်သည့် အခြေအနေတွင် ရှိသည်ဟု တမန်တော်မြတ် ﷺ က သိရှိတော်မူခြင်း ဖြစ်ပေမည်။ အလားတူ မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဇရသ်အနက်စ် ﷺ ၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'တမန်တော်မြတ် ﷺ သည် 'နေကာဟ်'ပြုရန် အမိန့်ပေးတော်မူသည်။ ထို့အပြင် 'နေကာဟ်' မရှိဘဲ နေခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်တော်မူသည်'ဟု ဖြစ်သည်။ *[မဇ္ဖ်ဟရီကျမ်း]*

ဤကဲ့သို့သော အလားတူ ဟဒီးစ်ဆင့်ပြန်ချက်များစွာ လာရှိသည်။ ၎င်းတို့အားလုံး၏ အလိုသဘောသည် ဖေကာဟ်ပညာရှင်များထံတွင် 'နေကာဟ်'မရှိဘဲ နေခြင်းတွင် အပြစ်ကျူးလွန်ခြင်း၌ နစ်မွန်းရန် စိုးရိမ်မှု အလေးသာသည်'ဟု ဖြစ်သည်။ အလားတူ ဖေကာဟ်ပညာရှင်အားလုံး တစ်ညီတစ်ညွတ်တည်း ရှိကြသည်မှာ 'နေကာဟ်'ပြုလိုက်ခြင်းကြောင့် အပြစ်ကျူးလွန်ခြင်း၌ နစ်မွန်းသွားပေလိမ့်မည်'ဟု အပြည့်အဝ ယူဆနိုင်သူ၊ ဥပမာ- ဇနီး၏ ဝတ္တရားများ မထမ်းဆောင်နိုင်ခြင်း၊ ဇနီးအပေါ်၌ မတရားညှဉ်းပန်းလိမ့်မည်။ (သို့) ၎င်းသူအဖို့ 'နေကာဟ်'ပြုလုပ်လိုက်သည့် အခြေအနေတွင် အခြားပြစ်မှုတစ်ခုခုကို မုချကျူးလွန်လိမ့်မည်ဟု ယုံကြည်ရပါလျှင် ၎င်းသူအဖို့ 'နေကာဟ်'ပြုလုပ်ခြင်းသည် 'ဟရာမ်' (သို့) 'မက္ကရူးဟ်' ဖြစ်ပေသည်။

ယခုတစ်ဖန် အလယ်အလတ်ရှိသော ပုဂ္ဂိုလ်နှင့် စပ်လျဉ်းသည့် အမိန့်အကြောင်း တင်ပြရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'နေကာဟ်'မပြုသည့်အပေါ် အပြစ်ကျူးလွန်လိမ့်မည်ဟူသော စိုးရိမ်မှု အခိုင်အမာ မရှိသူနှင့် 'နေကာဟ်'ပြုလုပ်သည့် အခြေအနေတွင် အပြစ်တစ်ခုခု ကျူးလွန်လိမ့်မည်ဟူသော စိုးရိမ်မှုသည် လွှမ်းမိုးမနေခြင်းတို့ ဖြစ်သည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ '၎င်းအဖို့ 'နေကာဟ်'ပြုခြင်းသည် အမြတ်ဆုံးဖြစ်ပါသလော။ (သို့) 'နေကာဟ်'မပြုဘဲ 'နဖိလ်အေဗာဒသ်'များ၌ မွေ့လျော်နေခြင်းသည် အကောင်းဆုံး ဖြစ်ပါသလောဆိုရာ၌ ဖေကာဟ်ပညာရှင်များအကြား၌ အဆိုကွဲလွဲမှုများ ရှိသည်။ အေမာမ် အဘူဟနီဖာဟ် (ရဟ) ထံတွင် 'နဖိလ်အေဗာဒသ်'များ ပြုလုပ်ခြင်းထက် 'နေကာဟ်'ပြုခြင်းက အမြတ်ဆုံး ဖြစ်သည်။ အေမာမ်ရှာဖေအီ (ရဟ) ထံတွင် 'အေဗာဒသ်'၌ မွေ့လျော်နေခြင်းက အမြတ်ဆုံးဖြစ်သည်။

ဤသို့ ကွဲလွဲရခြင်း၏ အဓိကအကြောင်းရင်းမှာ 'နေကာဟ်'သည် ပင်ကိုယ်ဇာတိအရ 'မုဗာဟ်' တစ်မျိုး ဖြစ်သည်။ ဥပမာ- စားခြင်း၊ သောက်ခြင်း၊ အိပ်စက်ခြင်း စသော ဘဝသက်တမ်း၏ လိုအပ်ချက် အားလုံးတို့သည် 'မုဗာဟ်'ပင် ဖြစ်သည်။ ထို 'နေကာဟ်'ပြုခြင်းတွင် 'နေကာဟ်'၏ အကြောင်းခံဖြင့် လူသည် မိမိကိုယ်မိမိ အပြစ်ဒုစရိုက်များမှ ရှောင်ကြဉ်နိုင်လိမ့်မည်ဟု 'နီယသ်'ပြုလိုက်ခြင်းဖြင့် 'အေဗာဒသ်' အဖြစ်သို့ ရောက်ရှိသွားသည်။ ထို့အပြင် ကောင်းမြတ်သော သားသမီးရတနာများ မွေးဖွားလိမ့်မည်ဟု ရည်ရွယ်လိုက်ခြင်းဖြင့် 'စဝါးဗ်'ကုသိုလ် ရရှိပေမည်။ ဤသို့ ကောင်းမြတ်သော 'နီယသ်'ပြုခြင်းဖြင့် လူသားတို့ ပြုလုပ်နေမြဲ ကိစ္စများသည် ၎င်းအတွက် 'အေဗာဒသ်'ဖြစ်သွားပေသည်။ စားခြင်း၊ သောက်ခြင်းနှင်

အိပ်စက်ခြင်းများသည်လည်း ဤ 'နီယသ်'အားဖြင့်ပင် 'အေဗာဒသ်'ဖြစ်ရှိသွားလေသည်။ 'အေဗာဒသ်'၌ မွေ့လျော်ခြင်းသည် မိမိ၏ ပင်ကိုယ်ဇာတိအရပင် 'အေဗာဒသ်'ဖြစ်ပေသည်။ ထို့ကြောင့် အေမာမ်ရာဖေအီ (ရဟ) သည် 'အေဗာဒသ်'အတွက် တစ်ကိုယ်တည်း မွေ့လျော်ခြင်းကို 'နေကာဟ်' ပြုခြင်းထက် မြတ်သည်ဟု သတ်မှတ်ခြင်းဖြစ်သည်။ အေမာမ်အဘူဟနီဖဟ် (ရဟ) ထံတော်၌ 'နေကာဟ်'ပြုခြင်းတွင် 'အေဗာဒသ်'၏ အဆင့်သည် အခြားသော 'မုဗာဟ်'များထက် သာပို လွန်ကဲမြင့်မားပေသည်။ ဟဒီးစ်တော်များတွင် 'နေကာဟ်'ပြုခြင်းကို တမန်တော်တို့၏ လမ်းစဉ်နှင့် မိမိ၏ လမ်းစဉ်အဖြစ် သတ်မှတ်လျက် လေးနက်မှုများစွာ ပြုခဲ့ကြောင်း လာရှိသည်။ ထိုဟဒီးစ်ဆင့်ပြန်ချက်များအားဖြင့် 'နေကာဟ်'ပြုခြင်းသည် အခြားသော 'မုဗာဟ်'များကဲ့သို့သော 'မုဗာဟ်'မဟုတ်ဘဲ နဗီတမန်တော်များ၏ စွန္နသ်လမ်းစဉ်ဖြစ်ကြောင်း ပေါ်လွင်စွာ အတည်ဖြစ်သည်။ 'နေကာဟ်'နှင့် စပ်လျဉ်း၍ အလေးအနက်ထားရန် အကြောင်းများလည်း ဟဒီးစ်တော်၌ လာရှိသည်။ 'နေကာဟ်'ပြုခြင်းတွင် 'နီယသ်'ကြောင့်သာ 'အေဗာဒသ်'၏ အဆင့် ရရှိသည် မဟုတ်ဘဲ နဗီတမန်တော်အပေါင်းတို့၏ စွန္နသ်လမ်းစဉ်ဖြစ်ခြင်းကြောင့်လည်း 'အေဗာဒသ်'ဖြစ်ရပေသည်။ အကယ်၍ စားခြင်း၊ သောက်ခြင်းနှင့် အိပ်စက်ခြင်း စသော ကိစ္စများသည်လည်း နဗီတမန်တော်တို့၏ စွန္နသ်ဖြစ်ပါသည်။ အားလုံးတို့သည် ဤကိစ္စများကို ပြုလုပ်ခဲ့ကြသည်သာ ဖြစ်သည်'ဟု လူတစ်ဦးတစ်ယောက်က ပြောဆိုလာပါလျှင် ၎င်း၏ အဖြေမှာ 'ထိုအရာများကို နဗီတမန်တော်အားလုံးတို့က ပြုလုပ်ခဲ့ကြသည့်တိုင် စားခြင်း၊ သောက်ခြင်းနှင့် အိပ်စက်ခြင်းတို့သည် နဗီတမန်တော်တို့၏ စွန္နသ်ဖြစ်သည်'ဟု မည်သူကမျှ မပြောဆိုခဲ့ပေ။ မည်သည့်ဟဒီးစ်တော်၌ လာရှိခြင်းလည်း မရှိခဲ့ပေ။ ထို့မျှမက ထိုကိစ္စများကို လူသားအားလုံးတို့၏ သဘာဝလေ့၏ နောက်လိုက်၊ နဗီတမန်တော်တို့၏ လုပ်ရပ်အဖြစ် သတ်မှတ်ထားပါသည်။ 'နေကာဟ်'မှာမူ ဤကဲ့သို့မဟုတ်ပါ။ 'နေကာဟ်'ကို တမန်တော်တို့၏ 'စွန္နသ်'လမ်းစဉ်နှင့် မိမိ၏လမ်းစဉ်အဖြစ် သတ်မှတ်တော်မူခဲ့ပါသည်။

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဤနေရာ၌ အလယ်အလတ်ကျသော စကားတစ်ရပ်ကို ဆိုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် 'ရမ္မက်ဆန္ဒများ လွှမ်းမိုးခြင်းကြောင့် အကျပ်အတည်းနှင့် ရင်ဆိုင်ရခြင်းလည်း မရှိ။ 'နေကာဟ်'ပြုလုပ်ခြင်းကြောင့် အပြစ်ဒုစရိုက် တစ်စုံတစ်ရာ ကျူးလွန်လိမ့်မည်ဟု စိုးရိမ်ရခြင်းလည်း မရှိ။ ထိုအလယ်အလတ် အခြေအနေ၌ ရှိသူသည် အကယ်၍ 'နေကာဟ်'ပြုလုပ်သည့်တိုင် ('နေကာဟ်'နှင့် အိမ်သူအိမ်သားများနှင့် မွေ့လျော်မှုတို့သည်) 'ကျွန်ုပ်အတွက် အလ္လာဟ်အသျှင်မြတ်အား များမြောင်စွာ သတိရတသမှု၊ အလ္လာဟ်အသျှင်မြတ်ဘက်သို့ အာရုံပြုမှုတို့မှ အတားအဆီးဖြစ်မည်မဟုတ်' ဟု ယူဆပါလျှင် ထိုသူ့အတွက် 'နေကာဟ်'ပြုခြင်းသည် အမြတ်ဆုံးဖြစ်သည်။ နဗီတမန်တော်အပေါင်းနှင့် သူတော်စင်များ၏ အခြေအနေမှာလည်း ဤအတိုင်းပင် ဖြစ်သည်။ အကယ်၍ ထိုသူက 'နေကာဟ်'နှင့် အိမ်သူအိမ်သားများနှင့် မွေ့လျော်မှုတို့သည် ကျွန်ုပ်အဖို့ သာသနာရေးတိုးတက်မှုနှင့် 'ဇိကိရ်'များမြောင်စွာ ပြုခြင်း စသည်တို့အား အဟန့်အတားဖြစ်စေလိမ့်မည်ဟု တွေးတောယူဆခြင်းဖြစ်လျှင် ထိုသူ့အဖို့ 'အေဗာဒသ်'ပြုရန် တစ်ကိုယ်တည်းနေခြင်းနှင့် 'နေကာဟ်'မပြုလုပ်ခြင်းသည် အမြတ်ဆုံးဖြစ်သည်။ ကုရ်အာန်ကျမ်းတော်

မြတ်၏ များစွာသော အာယသ်တော်များသည် ထိုအကြောင်းကို ညွှန်ပြပေးရာ၌ သက်သေသာဓကများပင် ဖြစ်သည်။ ယင်းတို့အနက် အာယသ်တော်တစ်ပါးမှာ-

يَاَيُّهَا الَّذِيْنَ اٰمَنُوْ الَا تُلْهِكُمْ اَمْوَا لُكُمْ وَلَا اَوْلَا دُ كُمْ عَنْ ذِكْرِ اللهِ

ဤအာယသ်တော်တွင် 'လူသား၏ ဥစ္စာပစ္စည်းများနှင့် သားသမီးတို့သည် ၄င်းအား အလ္လာဟ်အသျှင်မြတ်၏ 'ဇိကိရ်'တသမှုမှ မေ့လျော့စေသော အကြောင်းခံမဖြစ်စေရ' ဟု ညွှန်ကြားထားသည်။

وَالصّٰلِحِيْنَ مِنْ عِبَا دِ كُمْ وَ اِمَآ ئِكُمْ

ဆိုလိုသည်မှာ 'မိမိ၏ ကျွန်များနှင့် ကျွန်မများအနက် ကောင်းမြတ်သူတို့အား 'နေကာဟ်'ပြုပေးကြလေကုန်' ဟု ဖြစ်သည်။

ဤသည် ၄င်းတို့၏ ပိုင်ရှင်၊ သခင်များအား မိန့်ကြားထားခြင်းဖြစ်သည်။ ဤနေရာတွင် صَالِحِيْنَ စာလုံးသည် မိမိ၏ အဘိဓါန်အဓိပ္ပာယ်၌ လာရှိသည်မှာ ၄င်းတို့အနက် 'နေကာဟ်'ပြုနိုင်သော အရည်အချင်းနှင့်အင်အားရှိသူတို့အား 'နေကာဟ်'ပြုပေးကြရန် ၄င်းတို့၏ ပိုင်ရှင်သခင်များအား အမိန့်ပေးခြင်းဖြစ်သည်။ အရည်အချင်းဟူသည့် သဘောမှာ 'ဇနီးသည်၏ တာဝန်ဝတ္တရား ကျွေးမွေးစရိတ်၊ 'မဟရ်'လက်ငင်းစသည်တို့အတွက် တာဝန်ကျေပွန်နိုင်သူကို ဆိုလိုခြင်းဖြစ်သည်။ အကယ်၍ صَالِحِيْنَ အား ကျော်ကြားသည့်အဓိပ္ပာယ်ဖြစ်သော 'ကောင်းမြတ်သူများ' ဟု ကောက်ယူမည်ဆိုလျှင် ၄င်းကို အထူးတင်ပြသည့် အကြောင်းမှာ 'နေကာဟ်'၏ အဓိကရည်ရွယ်ချက်သည် မကောင်းမှု၊ အပြစ်ဒုစရိုက်များမှ ရှောင်ကြဉ်ရန် ဖြစ်သည်။ ထိုရည်ရွယ်ချက်သည် ကောင်းမြတ်သော သူတော်စင်များ၌သာ ရှိနိုင်ပေမည်။

မည်သို့ပင်ဆိုစေ ကျွန်များနှင့် ကျွန်မများအနက် 'နေကာဟ်'ပြုနိုင်သော အရည်အချင်းရှိသူတို့ကို 'နေကာဟ်'ပြုပေးရန် ၄င်းတို့၏ ပိုင်ရှင်၊ သခင်များအား အမိန့်ပေးခြင်းဖြစ်သည်။ သဘောမှာ အကယ်၍ ၄င်းတို့သည် မိမိတို့အတွက် 'နေကာဟ်'လိုအပ်ကြောင်း ဖော်ထုတ်လာလျှင်ဖြစ်စေ၊ ၄င်းတို့အား 'နေကာဟ်'ပြုပေးရန် ဆန္ဒရှိလျှင်ဖြစ်စေ ၄င်းတို့၏ ပိုင်ရှင်၊ သခင်များအပေါ်၌ အချို့ပညာရှင်များထံတွင် ၄င်းတို့အား 'နေကာဟ်'ပြုပေးရန် 'ဝါဂျိဗ်'ဖြစ်ပေမည်။ အများစု ဖေကာဟ်ပညာရှင်များထံတွင် 'ထိုပိုင်ရှင်သခင်တို့သည် ၄င်းတို့၏ 'နေကာဟ်'အတွက် တားဆီးပိတ်ပင်ခြင်းမပြုဘဲ ခွင့်ပြုလိုက်ရန် တာဝန်ရှိပေသည်'ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်နှင့် ကျွန်မတို့၏ 'နေကာဟ်'သည် ၄င်းတို့၏ ပိုင်ရှင်၊ သခင်၏ ခွင့်ပြုချက်မရရှိဘဲ မပြုပိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤအမိန့်သည် ကုရ်အာန်၏ အာယသ်တော်တစ်ပါး၏ အမိန့်အတိုင်း ဖြစ်ပေသည်။

وَلَا تَعْضُلُوْ هُنَّ اَنْ يَّنْكِحْنَ اَزْوَا جَهُنَّ

ဆိုလိုသည်မှာ အမျိုးသမီးများ၏ ပိုင်ရှင်၊ အုပ်ထိန်းသူအပေါ်၌ 'မိမိ၏ ပိုင်ဆိုင်မှုလက်အောက်၌ရှိသည့် အမျိုးသမီးများကို 'နေကာဟ်' ပြုခြင်းမှ မတားမြစ်ရ'ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ မိန့်

တော်မူသည်မှာ 'အသင်တို့ထံသို့ 'နေကာဟ်'ပြုရန် တောင်းရမ်းကမ်းလှမ်းလာသူ၏ စာရိတ္တကို အသင်တို့ နှစ်သက်ပါလျှင် ၎င်းအား မုချ 'နေကာဟ်'ပြုပေးလိုက်ပါ။ အကယ်၍ ဤသို့ မပြုလုပ်ကြပါလျှင် ကမ္ဘာမြေပထဝီတွင် ပြဿနာများနှင့် ကျယ်ပြန့်သော အတိုင်းအတာအထိ အရှုပ်အထွေးများ ပေါ်ပေါက်လာပေလိမ့်မည်။ *[သိရ်မေဇီကျမ်း]*

အချုပ်ဆိုရသော် ဤအမိန့်သည် ကျွန်၊ ကျွန်မတို့၏ ပိုင်ရှင်၊ သခင်များအား '၎င်းတို့သည် 'နေကာဟ်' ပြုရန် အခွင့်ပေးရာ၌ ချုတ်ချော်အားနည်းခြင်းများ မရှိကြစေရန် အမိန့်ပေးခြင်းဖြစ်သည်။ ၎င်းတို့ကိုယ်တိုင် မိမိတို့၏ ကျွန်၊ ကျွန်မများကို 'နေကာဟ်'ပြုပေးရန် ၎င်းတို့အပေါ် 'ဝါဂျိဗ်'တာဝန်မဟုတ်ပေ။

اِنْ يَّكُوْنُوْا فُقَرَآءَ يُغْنِهِمُ اللّٰهُ مِنْ فَضْلِهٖ

အာယသ်တော်၏ ဤအပိုဒ်တွင် 'မိမိတို့သာသနာ၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် 'နေကာဟ်' ပြုလိုကြသော သူဆင်းရဲမွတ်စလင်မ်များအတွက် သတင်းကောင်းပေးထားသည်။ ၎င်းတို့သည် ထိုသို့ 'နေကာဟ်'ပြုလိုကြသော်လည်း ၎င်းတို့ထံတွင် 'နေကာဟ်'ပြုရန် အကြောင်းခံ ဥစ္စာပစ္စည်းများ မရှိကြပေ။ ၎င်းတို့သည် မိမိတို့သာသနာ၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တမန်တော်မြတ် ﷺ ၏ လမ်းစဉ်အပေါ် 'အမလ်'ပြုကျင့်ရန် ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် 'နေကာဟ်'ပြုလုပ်မည်ဖြစ်သော် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ပစ္စည်းဥစ္စာများ ပေးသနားတော်မူပေမည်။ ထို့အပြင် ဤအာယသ်တော်တွင် '၎င်းတို့ထံသို့ သူဆင်းရဲများက တောင်းရမ်း၊ ကမ်းလှမ်းရန် ရောက်ရှိလာပါလျှင် ၎င်းတို့၏ လက်ရှိဆင်းရဲနွမ်းပါးခြင်းကြောင့်သာ ၎င်းတို့နှင့် ဆွေမျိုးတော်စပ်ရခြင်းကို မငြင်းဆိုကြလေနှင့်။ ပစ္စည်းဥစ္စာဟူသည် ရလိုက်၊ မရလိုက်၊ ဝင်လိုက်၊ ထွက်လိုက် ဖြစ်ရှိနေမည့်အရာ ဖြစ်သည်။ အဓိကမှာ 'အမလ်'ကိုယ်ကျင့်တရားကောင်းမွန်သည့် အရည်အချင်းသာဖြစ်သည်။ အကယ်၍ ထိုအရည်အချင်းသည် ထိုကမ်းလှမ်းလာသူတွင် ရှိမည်ဆိုလျှင် ၎င်းနှင့် 'နေကာဟ်'ပြုပေးရန် မငြင်းဆိုရ' ဟုလည်း လမ်းညွှန်ထားပေသည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က မိန့်ဆိုသည်မှာ 'ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် မွတ်စလင်မ်အားလုံးကို 'နေကာဟ်'ပြုလုပ်ရန် တိုက်တွန်းထားတော်မူသည်။ လွတ်လပ်သူနှင့် ကျွန်အားလုံးသည် ဤတိုက်တွန်းချက်၌ ပါဝင်သည်။ 'နေကာဟ်'ပြုလုပ်ခြင်းအပေါ် ၎င်းတို့၏ ကြွယ်ဝချမ်းသာမှု ဖြစ်ရှိလာမည့်အကြောင်းကိုလည်း ကတိပြုထားတော်မူသည်။ အိဗ်နေအဘီဟာသင်မ် (ရဟ) က ဟဇရသ်အာဗူဗကရ် ﷺ ထံမှ ဆင့်ပြန်သည်မှာ ဟဇရသ်အာဗူဗကရ်စွိဒ်ဒီးက် ﷺ သည် မွတ်စလင်မ်တို့အား မိန့်ဆိုခဲ့သည်မှာ 'အသင်တို့သည် 'နေကာဟ်'ပြုလုပ်ရာတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်ဆောင်ကြမည်ဖြစ်လျှင် အလ္လာဟ်အသျှင်မြတ်သည် ချမ်းသာကြွယ်ဝမှု ချီးမြှင့်တော်မူသည်ဟူသော ကတိတော်ကို ပြည့်ဝအောင် ပြုပေးတော်မူပေမည်' ဟု ဖြစ်သည်။ ထို့နောက်

اِنْ يَّكُوْ نُوْا فُقَرَآ ءَ يُغْنِهِمُ اللهُ مِنْ فَضْلِهِ

ဟူသော အာယသ်တော်ကို ဖတ်ရွတ်တော်မူလေသည်။

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ က မိန့်ဆိုသည်မှာ 'အသင်တို့သည် ချမ်းသာကြွယ်ဝမှုကို လိုလားကြပါလျှင် 'နေကာဟ်' ပြုလုပ်ကြလေကုန်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်က

اِنْ يَّكُوْ نُوْا فُقَرَآ ءَ يُغْنِهِمُ اللهُ مِنْ فَضْلِهِ

ဟု မိန့်ကြားထားသောကြောင့် ဖြစ်သည်။ *[အိဗ်နေကဆီးရ်]*

သတိပြုရန်အချက်

သဖ်စီးရ်မဇ္ဇဟ်ရီကျမ်းတွင် တင်ပြထားသည့်အပေါ် 'သို့ရာတွင် မှတ်သားရမည့်အချက်မှာ 'နေကာဟ်' ပြုသူအား ချမ်းသာကြွယ်ဝမှုနှင့် ဥစ္စာပစ္စည်းများ ချီးမြှင့်တော်မူမည်ဟူသော အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကတိတော်ပြုခြင်းသည် 'နေကာဟ်'ပြုသူ၏ 'နီယသ်'ရည်ရွယ်ချက်သည် မိမိ၏ သန့်ရှင်းစင်ကြယ်မှု ဂုဏ်သိက္ခာကို ထိန်သိမ်းစောင့်ရှောက်ရန်နှင့် စွန္နသ်လမ်းစဉ်အပေါ်၌ လျှောက်လှမ်းပြီး အလ္လာဟ်သျှင်မြတ်အပေါ် ယုံပုံအားကိုးမှု၊ မှီခိုအားထားမှုများရှိသော အခြေအနေမျိုးတွင် ဖြစ်သည်။

ထိုအကြောင်း အထောက်အထားမှာ ရှေ့၌ လာရှိသော အာယသ်တော်၏ စာလုံးများပင် ဖြစ်သည်။

وَلْيَسْتَعْفِفِ الَّذِيْنَ ٠لا يَجِدُ وْ نَ نِكَا حًا حَتّٰى يُغْنِيَهُمُ اللهُ مِنْ فَضْلِهِ

ဆိုလိုသည်မှာ ပစ္စည်းဥစ္စာများကို ထောက်ရှုခြင်းအားဖြင့် 'နေကာဟ်'ပြုရန် မတတ်စွမ်းနိုင်သူများသည်လည်းကောင်း၊ 'နေကာဟ်'ပြုရာတွင် ဇနီးကြင်ယာ၏ တာဝန်ဝတ္တရားများ မကျေပွန်သည့်အတွက်ကြောင့် အပြစ်ထိုက်သူ ဖြစ်သွားမည်ကို စိုးရိမ်သူများသည်လည်းကောင်း၊ ၄င်းတို့သည် သန့်ရှင်းစင်ကြယ်မှုဂုဏ်ကို ထိန်းသိမ်းစောင့်စည်းခြင်းနှင့် သည်းခံခြင်းတို့ဖြင့် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မိမိတို့အား ချီးမြှင့်တော်မူမည့် ချမ်းသာကြွယ်ဝမှုများကို စောင့်ဆိုင်းနေကြရပေမည်။ ထို့အပြင် သည်းခံတရား ရရှိရန်အတွက် နည်းလမ်းကိုလည်း ဟဒီးစ်တော်မှ ပြသထားသည်မှာ 'ရိုဇာဟ်ဥပုသ် များစွာ စောင့်ထိန်းရပေမည်' ဟု ဖြစ်သည်။ အကယ်၍ ဤသို့ ပြုမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ၄င်းတို့အား 'နေကာဟ်'ပြုနိုင်မည့် အတိုင်းအတာခန့် ဥစ္စာပစ္စည်းများ ချီးမြှင့်တော်မူပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلْيَسْتَعْفِفِ الَّذِينَ لَا يَجِدُونَ نِكَاحًا حَتَّىٰ يُغْنِيَهُمُ اللَّهُ مِن
فَضْلِهِ ۗ وَالَّذِينَ يَبْتَغُونَ الْكِتَابَ مِمَّا مَلَكَتْ أَيْمَانُكُمْ فَكَاتِبُوهُمْ
إِنْ عَلِمْتُمْ فِيهِمْ خَيْرًا ۖ وَآتُوهُم مِّن مَّالِ اللَّهِ الَّذِي آتَاكُمْ ۚ وَلَا
تُكْرِهُوا فَتَيَاتِكُمْ عَلَى الْبِغَاءِ إِنْ أَرَدْنَ تَحَصُّنًا لِّتَبْتَغُوا عَرَضَ الْحَيَاةِ
الدُّنْيَا ۚ وَمَن يُكْرِههُّنَّ فَإِنَّ اللَّهَ مِن بَعْدِ إِكْرَاهِهِنَّ غَفُورٌ رَّحِيمٌ ﴿٣٣﴾

၂၄ : ၃၃ ။ ။ သို့ရာတွင် ထိမ်းမြားရန်အလို့ငှာ (စရိတ်ကြေးငွေ) မရှိကြသော သူတို့မှာမူ၊ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ၎င်းတို့အား ကုံလုံကြွယ်ဝစေတော်မူသည်အထိ (မိမိတို့၏) ကာယိန္ဒြေကို စောင့်စည်း၍ နေကြရမည်။ ထို့ပြင် အသင်တို့၏ ကျေးကျွန်များအနက် အကြင်သူတို့သည် (ကျွန်ဘဝမှ လွတ်မြောက်ရန်) ကတိစာချုပ် ချုပ်ဆိုလိုကြ၏။ အကယ်၍ အသင်တို့သည် ထိုသူတို့၌ ကောင်းကျိုးတစ်စုံတစ်ရာကို တွေ့ရှိခဲ့ကြပါလျှင် ၎င်းတို့နှင့် ကတိစာချုပ်ကို ချုပ်ဆိုကြလေကုန်။ ထို့ပြင် အသင်တို့ကို အလ္လာဟ်အသျှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော အကြင်ဥစ္စာပစ္စည်းအနက်မှလည်း ၎င်းတို့အား ပေးကမ်းကြလေကုန်။ ထို့ပြင် အသင်တို့သည် အသင်တို့ မျက်မှောက်လောကီဘဝ၏ ဥစ္စာပစ္စည်း ရရှိကြရန်အလို့ငှာ ကာယိန္ဒြေကို စောင့်စည်းလိုသော မိမိတို့၏ ကျွန်မများအား ပြည့်တန်ဆာလုပ်ငန်း ပြုလုပ်ကြရန် အတင်းအကြပ် မပြုကြကုန်လင့်။ စင်စစ် မည်သူမဆို ၎င်းတို့အား အတင်းအကြပ် ပြုစေခဲ့သည်ရှိသော်၊ ဧကန်မလွဲ (အလ္လာဟ်အသျှင်မြတ်သည် ထိုကျွန်မများအား အပြစ်မှ ကင်းလွတ်တော်မူပေမည်။) အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အသင်တို့၏ ကျေးကျွန်များအနက် (ကျွန်အမျိုးသားဖြစ်စေ၊ ကျွန်အမျိုးသမီးဖြစ်စေ) 'မကာသဗ်' (ကျွန်ဘဝမှ လွတ်မြောက်ရန် လိုလားသူ) များဖြစ်ပါလျှင် (အကောင်းဆုံးမှာ) အကယ်၍ ၎င်းတို့တွင် ကောင်းရာကောင်းကျိုးဖြစ်မည့် (လက္ခဏာများ) တွေ့ရှိရပါလျှင် ၎င်းတို့အား ကတိစာချုပ် ချုပ်ပေးကြလေကုန်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ (ချီးမြှင့်ထားသည့်) ဥစ္စာပစ္စည်းများအနက်မှ ၎င်းတို့ကိုလည်း ပေးကမ်းကြလေကုန်။ (သို့မှသာ အလျင်အမြန် ကျွန်ဘဝမှ လွတ်မြောက်နိုင်မည်ဖြစ်သည်) ထို့ပြင် အသင်တို့သည် မိမိတို့၏ ကျွန်မများကို 'ဇေနာ' ပြုရန် အတင်းအကြပ် မခိုင်းစေလေနှင့်။ (အထူးသဖြင့်) ကာယိန္ဒြေကို စောင့်စည်းလိုသော ကျွန်မများကို ဖြစ်သည်။ (အသင်တို့၏ ဤယုတ်ညံ့သေးသိမ်သည့် လုပ်ရပ်သည်) အနည်းငယ်မျှသော လောကီရေးအကျိုးအမြတ် (ဥစ္စာပစ္စည်း) ရရှိရန်သာ ဖြစ်ပေသည်။ မည်သူမဆို ထိုကျွန်မတို့အား အတင်းအကြပ် ပြုလုပ်စေသည်ရှိသော် (စင်စစ် ထိုကျွန်မတို့သည် ဤသည့်

လုပ်ရပ်မှ ရှောင်ကြဉ်လိုသူ ဖြစ်လျှင်) အလ္လာဟ်အသျှင်မြတ်သည် ထိုကျွန်မတို့ အတင်းအကြပ် ပြုခံပြီးနောက် (သူမတို့အတွက်) လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

တင်ပြပြီးခဲ့သည့် အာယသ်တော်တွင် 'ကျွန်အမျိုးသားနှင့် အမျိုးသမီးများကို အကယ်၍ 'နေကာဟ်' ပြုရန် လိုအပ်ပါက ၎င်းတို့အား 'နေကာဟ်' ပြုပေးရမည်။ မိမိ၏ ကောင်းကျိုးအတွက် ၎င်းတို့၏ အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်သော ကောင်းကျိုးများကို နှောင့်နှေးမှု မဖြစ်စေရ' ဟူ၍ ၎င်းတို့၏ ပိုင်ရှင်သခင်များကို အမိန့်ပေးထားသည်။ အချုပ်ဆိုရသော် ဤလမ်းညွှန်ခြင်းအမိန့်သည် မိမိတို့၏ ကျွန်၊ ကျွန်မများအား ကောင်းမွန်စွာ ဆက်ဆံရန်နှင့် ၎င်းတို့အား ဒုက္ခများမှ ကင်းဝေးစေရန် ဖြစ်သည်။ ဖော်ပြပါ အာယသ်တော်နှင့် ဆက်စပ်လျက် ဒုတိယအာယသ်တော်တစ်ပါးတွင် ထိုကျွန်၊ ကျွန်မတို့၏ ပိုင်ရှင်သခင်များကို လမ်းညွှန်ထားသည်မှာ အကယ်၍ ဤကျွန်တို့သည်လည်းကောင်း (သို့) ကျွန်မတို့သည်လည်းကောင်း မိမိတို့၏ ပိုင်ရှင်သခင်များနှင့် ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကတိစာချုပ် ချုပ်ဆိုလိုကြပါလျှင် ၎င်းတို့၏ ဆန္ဒကို ဖြည့်ဆည်းပေးခြင်းမှာလည်း ပိုင်ရှင်၊ သခင်တို့အတွက် အမြတ်ဆုံး၊ 'မွတ်စ်သဟာဗ်' နှင့် 'စဝါးဗ်' ကုသိုလ်ရရှိရန် အကြောင်း ဖြစ်ပေသည်။ 'ဟေဒါယဟ်' ကျမ်းရှင်နှင့် ဖေကာဟ်ပညာရှင်အများစုတို့က ဤအမိန့်အား 'မွတ်စ်သဟာဗ်'၏ အမိန့်ဟု သတ်မှတ်ခဲ့ကြသည်။ ဆိုလိုသည်မှာ မိမိ၏ ကျွန်ကို 'မကာသဗ်' စာချုပ်ချုပ်ပေးရန် ပိုင်ရှင်၊ သခင်အတွက် 'ဝါဂျိဗ်' ကားမဟုတ်ပေ။ သို့ရာတွင် 'မွတ်စ်သဟာဗ်' နှင့် အမြတ်ဆုံးဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

'မကာသဗ်' ပြုခြင်း၏ ပုံသဏ္ဍာန်မှာ ကျွန်တစ်ဦးသည် မိမိ၏ ပိုင်ရှင်သခင်အား 'အသင်သည် ကျွန်ုပ်အပေါ်၌ မည်ရွေ့မည်မျှ ငွေပေးရမည်ဟု သတ်မှတ်လိုက်သည်။ ထိုငွေကို ကျွန်ုပ်သည် မိမိ၏ ကြိုးပမ်းရှာဖွေမှုဖြင့် ရရှိအောင် ပြုလုပ်၍ အသင့်အား ပေးဆပ်ပါမည်။ ထိုအခါ ကျွန်ုပ်သည် ကျွန်ဘဝမှ လွတ်မြောက်သွားပါလိမ့်မည်' ဟု ပြောဆိုသည့်အခါ ပိုင်ရှင်က လက်ခံလိုက်ခြင်းဖြစ်သည်။ (သို့မဟုတ်) အထက်ပါပုံသဏ္ဍာန်နှင့် ပြောင်းပြန်အဖြစ် 'ပိုင်ရှင်သခင်က မိမိ၏ ကျွန်သည် သတ်မှတ်ငွေကို မိမိအား ပေးလာလျှင် ကျွန်ဘဝမှ လွတ်မြောက်လိမ့်မည်' ဟု ပြောဆိုရာ ၎င်း၏ ကျွန်ကလည်း ဤသည်ကို သဘောတူလိုက်ခြင်းဖြစ်သည်။ အကယ်၍ ပိုင်ရှင်သခင်နှင့် ကျွန်တို့၏ ကြားအလယ်တွင် အပေးအယူနှင့် ကျွန်ဘဝမှ လွတ်မြောက်ရေးကိစ္စ အတည်ဖြစ်သွားသည့်အခါ ရှရီအသ်တရားတော်အရ ပိုင်ရှင်သခင်အနေဖြင့် ထိုအတည်ဖြစ်ပြီးသည့် ကိစ္စကို ဖျက်သိမ်းခွင့် မရှိတော့ပေ။ မည်သည့်အချိန်မဆို ကျွန်သည် သတ်မှတ်ငွေကို ရှာဖွေ၍ ၎င်းအား ပေးလိုက်ပါလျှင် အလိုအလျောက် ကျွန်ဘဝမှ လွတ်မြောက်သွားပေမည်။

စာချုပ်ချုပ်ဆိုလိုက်သည့် ငွေကြေးပမာဏနှင့် စပ်လျဉ်း၍ ရှရီအသ်တရားတော်မှ မည်သည့် သတ်မှတ်ချက်မှ မပြုထားပေ။ ကျွန်၏ တန်ဖိုးနှင့်အညီဖြစ်စေ၊ နည်း၍ဖြစ်စေ၊ များ၍ဖြစ်စေ၊ ကျွန်နှင့် ပိုင်ရှင်

နှစ်ဦးနှစ်ဘက်မှ သဘောတူ သတ်မှတ်သည့်အတိုင်း ထိုစာချုပ်မှာ အတည်ဖြစ်ပေမည်။ မိမိ၏ ကျွန် အမျိုးသားနှင့် ကျွန်အမျိုးသမီးများအား 'မကာသဗ်'ပြုပေးရန် လမ်းညွှန်ထားခြင်းသည်လည်းကောင်း၊ ထိုသို့ 'မကာသဗ်'ပြုပေးခြင်းကို 'မွတ်စ်သဟဗ်'နှင့် အမြတ်ဆုံးဟု သတ်မှတ်ခြင်းသည်လည်းကောင်း ရှရီအသ်၏ ထူးခြားသော အမိန့်တော်များပင် ဖြစ်သည်။ ထိုအမိန့်တော်များအရ သိရှိရသည်မှာ အစ္စလာမ့် တရားတော်သည် တရားတော်အရ ကျွန်အဖြစ် ရှိနေသူတို့၏ လွတ်မြောက်ရေးတွင် အများတကာ့ အများဆုံး လမ်းကြောင်း ပွင့်သွားရန် လိုလားခြင်းပင် ဖြစ်သည်။ 'ကဖ္ဖရဟ်' (ပလပ်ချေဖျက်ခြင်း) ဟူသရွေ့တွင် ၎င်းတို့၏ လွတ်မြောက်မှုအတွက် အမိန့်တော်များ ပေးထားလေသည်။ ဤအတိုင်းလည်း ကျွန်များကို လွတ်မြောက်စေခြင်းအတွက် အလွန်တရာ ကြီးမားသော အကျိုးကုသိုလ်များ ရှိကြောင်း ကတိပြုထားသည်။ 'မကာသဗ်'ကျွန်၏ အရေးကိစ္စသည်လည်း ဤမည်သောလမ်းကြောင်းတစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် နိူးဆော်ချက်များ ပေးထားခြင်းဖြစ်သည်။ သို့ရာတွင် ထိုလွတ်မြောက်စေခြင်းနှင့်အတူ

ان علمتم فيهم خيرًا

ဆိုလိုသည်မှာ 'မကာသဗ်'ပြုလုပ်ပေးခြင်း အထမြောက်မည်မှာ 'အသင်တို့သည် ၎င်းတို့၌ ကောင်းရာ ကောင်းကျိုးဖြစ်မည့် လက္ခဏာများကို တွေ့ရှိမှသာ ဖြစ်ပေမည်' ဟု ဖြစ်သည်။

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ နှင့် အများစုအေမာမ်ကြီးများက 'ဤကောင်းရာကောင်းကျိုး ၏ အလိုသဘောကို 'ရှာဖွေနိုင်သည့်အင်အား'ဟု ဆိုကြသည်။ ဆိုလိုသည်မှာ 'ကျွန်တစ်ဦးအား 'မကာသဗ်' ပြုပေးတော့မည်ဆိုလျှင် ထိုကျွန်သည် သတ်မှတ်ငွေကို ရှာဖွေစုဆောင်းနိုင်ပါသလားဆိုသည်ကို ကြည့်ရှု ရပေတော့မည်။ ရှာဖွေနိုင်သူဖြစ်လျှင် ၎င်းအား 'မကာသဗ်'ပြုပေးလိုက်ပါ။ ထိုသို့မဟုတ်ပါက ၎င်းအား 'မကာသဗ်'ပြုပေးခြင်းတွင် ၎င်း၏ ကြိုးပမ်းမှုသည်လည်း အချည်းနှီးဖြစ်မည်။ ပိုင်ရှင်အဖို့လည်း ဆုံးရှုံး နစ်နာမှုများ ဖြစ်ပေမည်။ 'ဟေဒါယဟ်'ကျမ်းရှင်က မိန့်သည်မှာ 'ကောင်းရာကောင်းကျိုး'ဟူသည့် သဘော မှာ ဤနေရာတွင် ထိုကျွန်၏ လွတ်မြောက်မှုကြောင့် မွတ်စ္စလင်မ်များအဖို့ မည်သည့်နစ်နာဆုံးရှုံးမှု ရောက်ရှိ ခြင်းကိုမျှ စိုးရိမ်ရန် မရှိတော့ပေ။ ဥပမာ- ထိုသူသည် ကာဖိရ်ဖြစ်၍ မိမိ၏ ကာဖိရ်ညီနောင်များကို ကူညီသူပင်ဖြစ်စေ အမှန်ကန်ဆုံးမှာ ကောင်းရာကောင်းကျိုးဟူသော စကားလုံးသည် ဤနေရာတွင် 'ကျွန်၏ ရှာဖွေနိုင်မှုအင်အား' ဟုလည်းကောင်း၊ ၎င်း၏ လွတ်မြောက်မှုအားဖြင့် မွတ်စ္စလင်မ်များတွင် မည်သည့် စိုးရိမ်ကြောင့်ကြမှုမျှ မရှိခြင်းသည်လည်းကောင်း နှစ်မျိုးစလုံးကို ခြုံငုံထားသည့် အဓိပ္ပာယ်ရှိသည်။

[မဇှဟရီကျမ်း]

وَاٰتُوْهُمْ مِّنْ مَّالِ اللّٰهِ الَّذِيْٓ اٰتٰىكُمْ

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်က အသင်တို့အား ချီးမြှင့်တော်မူထားသည်တို့မှ ၎င်းတို့အား ပေးကမ်းကြလေကုန်'ဟု ဖြစ်သည်။ ဤအမိန့်သည် ခြုံငုံ၍ မွတ်စ္စလင်မ်တို့အားလည်းကောင်း၊ သီးသန့် အားဖြင့် ကျွန်ပိုင်ရှင်၊ သခင်တို့အားလည်းကောင်း ပေးထားသည့် အမိန့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်

'ထိုကျွန်၏ ကျွန်ဘဝမှ လွတ်မြောက်မှုသည် သတ်မှတ်ငွေအချို့ကို စုဆောင်း၍ မိမိ၏ ပိုင်ရှင်အား ပေးခြင်းအပေါ်၌ မူတည်သည်ဖြစ်ရာ မွတ်စ္လင်မ်များအနေဖြင့် ၎င်းအား ကူညီပံ့ပိုးပေးရမည်။ 'ဇကားသ်'ငွေများကိုလည် ၎င်းတို့အား ပေးကမ်းနိုင်သည်။ တစ်ဖန် ပိုင်ရှင်၊ သခင်များကလည်း မိမိတို့ကိုယ်တိုင် ၎င်းတို့အား ကူညီပံ့ပိုးရမည်။ (သို့) စာချုပ်ပါ သတ်မှတ်ငွေမှ လျှော့ပေါ့ပေးရမည်' ဟု ဖြစ်သည်။ ဆွဟာဗာတို့၏ ဓလေ့မှာ စာချုပ်ချုပ်ဆိုရာတွင် ကျွန်အပေါ်၌ သတ်မှတ်ထားသည့် ငွေများအနက် ၃ ပုံ ၁ ပုံ (သို့) ၄ ပုံ ၁ ပုံ (သို့) ထို့ထက်နည်း၍ တတ်နိုင်သမျှ လျှော့ပေါ့ပေးကြခြင်း ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

စီးပွားရှာဖွေခြင်းဆိုင်ရာ ပညာရပ်နှင့် စပ်လျဉ်းသော အရေးကြီးသည် ဓမ္မသတ်တစ်ခုနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ စီရင်ဆုံးဖြတ်ချက်

မျက်မှောက်ခေတ်ကမ္ဘာကြီးသည် ပစ္စည်းဥစ္စာကို ကိုးကွယ်မှုများ ပြုနေကြသည့် အချိန်ဖြစ်သည်။ တစ်လောကလုံးသည် မိမိတို့ နောက်ဆုံးခရီးဖြစ်သည့် တမလွန်ကို မေ့လျော့လျက် စီးပွားရှာဖွေမှုတည်းဟူသော ပိုက်ကွန်ထောင်ချောက်တွင် ပိတ်မိနေကြပေသည်။ ၎င်းတို့၏ သုတေသနပြုခြင်း ပညာရပ်နှင့် တွေးခေါ်ဆင်ခြင်မှုဆိုင်ရာ ပန်းတိုင်သည် စီးပွားရှာဖွေခြင်းဟူသော အတိုင်းအတာအထိမျှသာ ဖြစ်သည်။ ထိုစီးပွားရှာဖွေခြင်းတွင် ငြင်းခုံခြင်း၊ လေ့လာဆန်းစစ်ခြင်းတို့၏ အင်အားသည် မပြောပလောက်သည့် အသေးအဖွဲ့ ဓမ္မသတ်တစ်ခုကို တိကျခိုင်မာသော ပညာရပ်တစ်ခုအသွင် ပြုလုပ်လိုက်ကြသည်။ ထိုပညာရပ်များတွင် အကြီးမားဆုံးပညာရပ်မှာ စီးပွားရှာဖွေမှု စီးပွားရေးပညာရပ်ပင် ဖြစ်သည်။

ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ မျက်မှောက်ခေတ်ကမ္ဘာတွင် အတွေးအခေါ်ပညာရှင်တို့၏ ယူဆချက်အမြင်နှစ်မျိုးမှာ အကျော်ကြားဆုံးဖြစ်သည်။ ထိုယူဆချက်အမြင်နှစ်မျိုးမှာ အချင်းချင်း ဆန့်ကျင်ဘက်များဖြစ်သည်။ ထိုဆန့်ကျင်မှုကြောင့် ကမ္ဘာပေါ်ရှိ အုပ်စုများ၊ လူမျိုးများအတွင်း ဆန့်ကျင်တိုက်ခိုက်မှုများ၊ စစ်ခင်းခြင်းများနှင့် ပြဿနာအရှုပ်အထွေးများ၏ တံခါးများ ပွင့်လျက် ကမ္ဘာလောကတစ်ခုလုံး ငြိမ်းချမ်းသာယာမှု ဆိတ်သုဉ်းခဲ့ရခြင်းဖြစ်သည်။

ယင်းတို့အနက် အစီအမံလမ်းစဉ်တစ်မျိုးမှာ 'အစိုးရအဖွဲ့အစည်းမဟုတ်သော လူပုဂ္ဂိုလ်အချို့က ထွက်ကုန်များနှင့် ထိုထွက်ကုန်များကို ခွဲဝေဖြန့်ချီခြင်းအားဖြင့် လက်ဝါးကြီးအုပ်သော လမ်းစဉ်' ဟု ခေါ်သည်။ ဒုတိယအစီအမံလမ်းစဉ်မှာ လူအများ စုပေါင်းပါဝင်သည့် လမ်းစဉ်ဖြစ်သည်။ ထိုလမ်းစဉ်ကို ကွန်မြူနစ် (သို့) ဆိုရှယ်လစ်လမ်းစဉ်ဟု ခေါ်ဆိုသည်။

ထိုလမ်းစဉ်နှစ်ခုစလုံး၏ အစီအမံများအနက် မည်သည့်လမ်းစဉ်ကိုမျှ ငြင်းဆိုခြင်းငှာမပြုနိုင်။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာလောကတွင် လူသားသည် မိမိ၏ ကြိုးပမ်းမှုဖြင့် ရှာဖွေရရှိသမျှနှင့် ဖန်တီးပြုလုပ်မှုဟူသမျှတို့၏ အရင်းအမြစ်မှာ သဘာဝထွက်ကုန်များ၊ မြေကြီး၊ ရေ နှင့် တွင်းများမှ ထွက်သော သဘာဝထွက်ကုန်ပစ္စည်းများအပေါ်၌ မူတည်သောကြောင့် ဖြစ်သည်။ လူသည် မိမိ၏ တွေးခေါ်ကြံဆခြင်း

နှင့် ကြိုးပမ်းမှုတို့ဖြင့် ထိုသဘာဝထွက်ကုန်များကို ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း အကြောင်းခံများဖြင့် မိမိ၏ လိုအပ်ချက် အသုံးအဆောင် သိန်းပေါင်းများစွာကို ပြုလုပ်ဖန်တီးဖြစ်ပေါ်စေသည်။

ဦးနှောက်အတွေးအခေါ်၏ တောင်းဆိုချက်မှာ ဤအစီအမံနှစ်မျိုးစလုံးသည် အစကနဦးမှပင် 'ဤသဘာဝအကြောင်းခံ ထွက်ကုန်များသည် အလိုအလျောက် ဖြစ်ပေါ်လာခြင်းကား မဟုတ်ပေ။ ၎င်းတို့အား ပြုလုပ်ဖန်ဆင်းသူတစ်ဦးကား ရှိပေသည်' ဟု စဉ်းစားရန်ဖြစ်သည်။ သို့ဖြစ်ပေရာ ၎င်းတို့၏ ပိုင်ရှင်အစစ်သည်လည်း ၎င်းတို့အား ဖန်ဆင်းသောသူသာလျှင် ဖြစ်ပေမည်။ 'ကျွန်ုပ်တို့သည် ထိုအကြောင်းခံဖြစ်သည့် သဘာဝ ထွက်ကုန်များကို ပိုင်စိုးခြင်း၊ ၎င်းတို့၏ ပိုင်ရှင်ဖြစ်ခြင်း၊ (သို့) သုံးစွဲခြင်းတို့၌ လွတ်လပ်မှု မရှိရုံသာမက ဖန်ဆင်းရှင်နှင့် ပိုင်ရှင်အစစ်က အကယ်၍ အချို့သော မိန့်ကြားလမ်းညွှန်မှုများ ပြုပါလျှင် လိုက်နာလျှောက်လှမ်းရမည်မှာ ကျွန်ုပ်တို့၏ တာဝန်သာဖြစ်သည်' ဟု မှတ်ယူရမည်မှာလည်း ပေါ်လွင်ထင်ရှားပေသည်။ သို့ရာတွင် ဥစ္စာငွေကြေးအပေါ် ကိုးကွယ်ကြသည့် ဥစ္စာပစ္စည်းနောက် ကောက်ကောက်ပါအောင် လိုက်ကြသူတို့မှာ ထိုအရာအားလုံးကို ဖန်ဆင်းရှင်နှင့် ပိုင်ရှင်အစစ်အမှန်၏ ဖန်ဆင်း၊ ပိုင်ဆိုင်ခြင်း ဆိုသည်တို့ကို အသိအာရုံမှ မေ့လျော့လိုက်ကြသည်။ ၎င်းတို့အတွက် အငြင်းပွားရန် ကျန်ရှိသည်မှာ 'သဘာဝထွက်ကုန် ပစ္စည်းများကို သိမ်းပိုက်ထိန်းချုပ်လျက် ထိုအရာပစ္စည်းများဖြင့် ဘဝသက်တမ်း၏ လိုအပ်ချက်များကို ပြုလုပ်ဖန်တီးသူသည် ထိုအရာအားလုံး၏ လွတ်လပ်သော ပိုင်ရှင်နှင့် ပြုလိုရာပြုနိုင်သူအဖြစ် အလိုအလျောက် ဖြစ်သွားပါသလား။ (သို့) ထိုအရာအားလုံးသည် အများပြည်သူတို့အတွက် ဖြစ်ပြီး လူသားအားလုံး တူညီစွာ ပိုင်ဆိုင်မှုရှိသည်။ လူတိုင်းလူတိုင်းသည် ထိုပစ္စည်းများဖြင့် အကျိုးခံစားခြင်းကို တူညီသော အခွင့်အရေးရှိပါသလား' ဟု ဖြစ်သည်။

ပထမယူဆချက်အမြင်ဖြစ်သော 'အစိုးရအဖွဲ့အစည်းမဟုတ်သော လူပုဂ္ဂိုလ်အချို့တို့က ထွက်ကုန်ပစ္စည်းများနှင့် ထိုထွက်ကုန်ပစ္စည်းများကို ခွဲဝေဖြန့်ချီခြင်းအားဖြင့် ထိန်းချုပ်လက်ဝါးကြီးအုပ်သော လမ်းစဉ်ဖြစ်သည်။ ထိုလမ်းစဉ်သည် လူသားအား ထိုပစ္စည်းများအပေါ် လွတ်လပ်စွာ ပိုင်ဆိုင်ခွင့်ကို ပေးထားသည့် လမ်းစဉ်ဖြစ်သည်။ မည်သည့်နည်းဖြင့် ရယူသည်ဖြစ်စေ၊ မည်သည့်နေရာ၌ သုံးစွဲသည်ဖြစ်စေ၊ မည်သူမျှ တားဆီးပိတ်ပင်ခွင့် မရှိ။ ဤယူဆချက်အမြင်သည် ရှေးခေတ် မုရှ်ရစ်က်နှင့် ကာဖိရ်တို့၌ ရှိခဲ့သည့်အမြင်ဖြစ်သည်။ ၎င်းတို့သည် ဟဇရတ်ရှုအိုင်ဗ် ﷺ အား စောဒကတက်ခဲ့ကြသည်မှာ 'ဤသည် ကျွန်ုပ်တို့၏ ပစ္စည်းများဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုပစ္စည်းများ၏ ပိုင်ရှင်ဖြစ်သည်။ ဤပစ္စည်းများကို မည်သည့်နေရာ၌ သုံးစွဲခြင်း၊ ပိုင်သည်၊ မပိုင်သည်ဟူ၍ ကျွန်ုပ်တို့အား စည်းကမ်းချက်များ သတ်မှတ်ရန် အသင်၌ မည်သို့ အခွင့်အရေး ရှိပါမည်နည်း' ဟု ဖြစ်သည်။

اَوْاَنْ نَفْعَلَ فِيْٓ اَمْوَا لِنَا مَا نَشٰٓؤُا

ကုရ်အာန်ကျမ်းတော်မြတ်၏ အထက်ပါအာယသ်တော်၏ အလိုသဘောမှာလည်း ဤအတိုင်းပင်ဖြစ်သည်။

ဒုတိယယူဆချက်အမြင်လမ်းစဉ်မှာ ကွန်မြူနစ် (သို့) ဆိုရှယ်လစ်လမ်းစဉ်ဖြစ်သည်။ အများစုပေါင်း ပိုင်ဆိုင်ခြင်းဖြစ်သည်။ ထိုလမ်းစဉ်သည် အရာတစ်ခုကို လူတစ်ဦး၏ ပိုင်ဆိုင်မှုအဖြစ် ခွင့်မပြုပေ။ ထို့မှုမက အရာအားလုံးကို လူသားအားလုံးက စုပေါင်းပိုင်ဆိုင်၍ လူသားအားလုံးသည် ထိုအရာများမှ အကျိုးခံစား ရန် တူညီသော အခွင့်အရေးအဖြစ် သတ်မှတ်ထားသည်။ 'အများစုပေါင်း ပိုင်ဆိုင်ခြင်း၏ အရင်းအမြစ်၏ အဓိကယူဆချက်အမြင်မှာ ဤအတိုင်းပင် ဖြစ်သည်။ သို့ရာတွင် ဤသည်မှာ မဖြစ်နိုင်သော အလုပ် ဖြစ်သည်။ ထိုလမ်းစဉ်အပေါ်၌ မည်သည့်စီမံသတ်မှတ်ခြင်း ဥပဒေမျှ မသက်ရောက်နိုင်သည်ကို တွေ့ရှိ ရသောအခါ အရာအချို့ကို ပိုင်ဆိုင်မှုအတွက်လည်း ဖယ်ထုတ်ကန့်သတ်ခြင်း ပြုလိုက်လေသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် အကျိုးမဲ့သော ထိုအယူအဆနှစ်မျိုးလုံးကို ပယ်ချပြီး ဥပဒေပြဋ္ဌာန်း သည်မှာ စကြဝဠာအတွင်း၌ ရှိရှိသမျှသော အရာဟူသရွေ့တို့သည် နဂိုမူလအရ ၎င်းတို့ကို ပြုလုပ်ဖန်ဆင်း တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှု၌သာ ရှိပေသည်။ တစ်ဖန် ထိုအသျှင်မြတ်က မိမိ၏ ကျေးဇူးတော်ဖြင့် လူသားအား အထူးပြုဥပဒေများအရ ပိုင်ဆိုင်မှုကို ချီးမြှင့်ပေးတော်မူလိုက်သည်။ ထိုဥပဒေ အရ လူသားသည် ပိုင်ရှင်ပြုခံရခြင်းဖြစ်သည်။ ထိုသို့ ပိုင်ဆိုင်ရာတွင် အခြားသူများအနေဖြင့် ၎င်း၏ ခွင့်ပြုချက်မရရှိဘဲ ထိုအရာများကို သုံးစွဲခြင်းအား 'ဟရာမ်'အဖြစ် သတ်မှတ်ပေးထားသည်။ သို့ရာတွင် ပိုင်ရှင်ဖြစ်ပြီးနောက်တွင်လည်း လူသားအား လွတ်လပ်သော ပိုင်ဆိုင်မှုကို ပေးမထားပေ။ မိမိကြိုက်နှစ် သက်သလို ရှာဖွေနိုင်ခြင်း၊ မိမိသုံးစွဲလိုရာ သုံးစွဲနိုင်ခြင်းတို့ကို ခွင့်ပြုမထားဘဲ နှစ်ဘက်စလုံးတွင် မျှတ မှန်ကန်၍ အတွေးအခေါ်နှင့် ကိုက်ညီမှုရှိသော ဥပဒေကို ပြဋ္ဌာန်းထားသည်မှာ မည်သည့်နည်းလမ်းဖြင့် ရှာဖွေခြင်းမှာ 'ဟလာလ်'ဖြစ်၍ မည်သည့်နည်းလမ်းမှာ 'ဟရာမ်'ဖြစ်သည်ဟုလည်းကောင်း၊ မည်သည့် နေရာ၌ သုံးစွဲခြင်းသည် 'ဟလာလ်'ဖြစ်၍ မည်သည့်နေရာ၌ သုံးစွဲခြင်းမှာ 'ဟရာမ်'ဖြစ်သည်ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ ထို့အပြင် ၎င်းအား ပိုင်ဆိုင်မှု ပေးထားသည်တို့အနက် အခြားသူများ၏ ရပိုင်ခွင့်များကိုလည်း ချိတ်ဆက်ပေးထားသည်။ ထိုသူတို့အပေါ်၌ သုံးစွဲမှုဖြင့် တာဝန်ချရန်မှာ ၎င်း၏ တာဝန်ဖြစ်ပေသည်။

ဖော်ပြပါအာယသ်တော်သည် စင်စစ် အခြားအကြောင်းအရာတစ်ခုအတွက် လာရှိခြင်းဖြစ်သည်။ သို့ရာတွင် ထိုအကြောင်းအရာ၏ အောက်တွင် စီးပွားရှာဖွေခြင်း၏ အရေးကြီးသော အချို့သော ဓမ္မသတ် ဥပဒေများ ပေါ်ထွက်လာခဲ့သည်။ အောက်ပါအာယသ်တော်၏ စာလုံးများအပေါ် ကြည့်ရှုမည်ဆိုလျှင်

وَاٰتُوْهُمْ مِّنْ مَّالِ اللّٰهِ الَّذِىْٓ اٰتٰىكُمْ

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်က အသင်တို့အား ပေးကမ်းချီးမြှင့်တော်မူထားသည့် အလ္လာဟ် အသျှင်မြတ်၏ ဥစ္စာပစ္စည်းများအနက် လိုလားတောင့်တမှုရှိသော သူဆင်းရဲများကို ပေးကမ်းကြကုန်' ဟု ဖြစ်သည်။

ဤအမိန့်တော်တွင် အချက် (၃) ချက် ပါဝင်နေသည်။ ၎င်းတို့မှာ-

(၁) ပစ္စည်းဥစ္စာများနှင့် အရာဟူသရွေ့ကို ပိုင်ဆိုင်တော်မူသော မူရင်းပိုင်ရှင်မှာ အလ္လာဟ် အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

(၂) ထိုအသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် မိမိ၏ ပိုင်ဆိုင်မှုမှ အစိတ်အပိုင်းတစ်ခု ကို အသင်တို့အား ပိုင်ဆိုင်သူအဖြစ် ပြုပေးတော်မူသည်။

(၃) အသင်တို့အား ပိုင်ဆိုင်သူအဖြစ် ပြုပေးခြင်းတွင် ထိုပစ္စည်းများ၏ ပိုင်ဆိုင်ခြင်း၌ အချို့ တာဝန်များလည်း သတ်မှတ်ပေးတော်မူထားသည်။ အချို့ဥစ္စာပစ္စည်းများ သုံးစွဲခြင်းကို တားမြစ်ထားသည်။ အချို့ကိုမူ သုံးစွဲရန် တာဝန်အဖြစ် သတ်မှတ်ထားသည်။ အချို့ကို သုံးစွဲခြင်းအား 'မွတ်စ်သဟဗ်'နှင့် အမြတ်ဆုံးဟု သတ်မှတ်ထားတော်မူသည်။

ဒုတိယအမိန့်မှာ ဤအာယသ်တော်တွင် အမှောင်ခေတ်၏ ဒုစရိုက်များကို ချေမှုန်းရန်နှင့် 'ဇေနာ' စသည့် မကောင်းမှုဒုစရိုက်များအား တားဆီးပိတ်ပင်ရန် အမိန့်ပေးတော်မူထားသည်။

وَلَا تُكْرِهُوْا فَتَيٰتِكُمْ عَلَى الْبِغَآءِ

ဆိုလိုသည်မှာ 'မိမိ၏ ကျွန်မများအား 'ဇေနာ'အမှုကျူးလွန်ပြီး ငွေကြေးရှာဖွေ၍ အသင်တို့အား ပေးရမည်ဟု အတင်းအကြပ် မပြုလေနှင့်' ဟု ဖြစ်သည်။

အမှောင်ခေတ်တွင် များစွာသောသူတို့သည် ကျွန်မများကို ဤအလုပ်အတွက် အသုံးပြုလေ့ ရှိခဲ့ကြသည်။ အစ္စလာမ်သာသနာသည် 'ဇေနာ'အမှု ကျူးလွန်ခြင်းအပေါ် ပြင်းထန်စွာသော အပြစ်ဒဏ်များ ချမှတ်၍ လွတ်လပ်သူနှင့် ကျွန်အားလုံးသည် ဤအမိန့်ကို လိုက်နာရန် အရေးကြီးကြောင်း ပြဌာန်းခဲ့သည်။ အမှောင်ခေတ်၏ ဤစရိုက်ဆိုးများကို တွန်းလှန်ဖယ်ရှားရန်အတွက် အထူးအမိန့်တော်များ ချမှတ်ခဲ့သည်။

اِنْ اَرَدْنَ تَحَصُّنًا

ဆိုလိုသည်မှာ ထိုကျွန်မများသည် 'ဇေနာ'အမှုကျူးလွန်ခြင်းကို ရှောင်ကြဉ်ရန်နှင့် သန့်ရှင်းစင်ကြယ် သူများအဖြစ် နေလိုသူများဖြစ်ကြပါလျှင် အသင်တို့၏ အတင်းအကြပ်ပြုမှုခြင်းသည် အလွန်တရာ အရှက်မဲ့သော လုပ်ရပ်ဖြစ်ပေသည်' ဟု ဖြစ်သည်။

ဤစာလုံးများသည် အမှန်စင်စစ် စည်းကမ်းသတ်မှတ်ချက်၏ အသွင်သဏ္ဌာန်ရှိသည်။ သို့ရာတွင် 'အိဂ်ျမာအ်'အရ ၎င်း၏ အလိုသဘောမှာ စည်းကမ်းသတ်မှတ်ချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ကျွန်မများသည် 'ဇေနာ'အမှုမှ ရှောင်ကြဉ်လိုကြသည့်အခါ သူမတို့အား 'ဇေနာ'မှုပြုရန် အတင်းအကြပ် မပြုရပေ။ ထိုမျှသာမကဘဲ တင်ပြလိုသည်မှာ များသောအားဖြင့် ကျွန်မများတွင် အရှက်သိက္ခာရှိခြင်းနှင့် သန့်ရှင်းစင်ကြယ်စွာ နေလိုကြသည်ဆိုခြင်းမှာ အမှောင်ခေတ်တွင် မရှိခဲ့ပါချေ။ အစ္စလာမ်၏ အမိန့်တော်

များ ကျရောက်လာပြီးနောက် သူမတို့သည် 'သောင်ဗာဟ်'ပြုလိုက်ကြသည်။ ထိုအချိန်တွင် သူမတို့၏ ပိုင်ရှင်သခင်များက အတင်းအကြပ် ပြုလိုသောအခါ 'ထိုကျွန်မတို့က 'ဇေနာ'အမှု ကျူးလွန်ခြင်းမှ ရှောင်ကြဉ် လိုကြသည့်အခါ အသင်တို့သည် အတင်းအကြပ် မပြုကြလေနှင့်' ဟူသော အမိန့်တော် ကျရောက်လာ ခဲ့သည်။ ထိုအမိန့်တော်တွင် ထိုကျွန်မတို့၏ ပိုင်ရှင်သခင်များကို 'အသင်တို့၏ ကျွန်မများသည် သန့်ရှင်း စွာ နေလိုကြသည်။ အသင်တို့က 'ဇေနာ'အမှု ပြုရန် သူမတို့အား အတင်းအကြပ် ပြုနေကြသည်မှာ အလွန်တရာ အရှက်သိက္ခာမဲ့သော အရှက်အကြောက်တရားမရှိသော လုပ်ရပ်ဖြစ်သည်ဟူ၍ ခြိမ်းခြောက် သတိပေးခြင်း ဖြစ်သည်။

فَاِنَّ اللّٰهَ مِنْۢ بَعْدِ اِكْرَاهِهِنَّ غَفُوْرٌ رَّحِيْمٌ

ဤအာယသ်တော်၏ အလိုသဘောမှာ ကျွန်များကို 'ဇေနာ'မှုပြုရန် အတင်းအကြပ် စေခိုင်းခြင်းမှာ 'ဟရာမ်'ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် ဤသို့ ပြုမူခဲ့လျှင်သော်လည်းကောင်း၊ သူမ၏ ပိုင်ရှင်မှ အတင်းအဓမ္မ ပြုစေခြင်းကြောင့် မလွှဲမရှောင်သာ 'ဇေနာ'အမှု ကျူးလွန်လိုက်ရလျှင်လည်းကောင်း၊ အလ္လာဟ် အသျှင်မြတ်သည် ထိုကျွန်မ၏ အပြစ်ကို ပလပ်ခွင့်လွှတ်ပေးတော်မူပေမည်။ ထိုကျွန်မ၏ အပြစ်အားလုံး သည် ထိုသို့ အတင်းအကြပ် အဓမ္မပြုစေသူအပေါ်၌ ဖြစ်ပေလိမ့်မည်။ *[မဇ္ဇဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلَقَدْ اَنْزَلْنَآ اِلَيْكُمْ اٰيٰتٍ مُّبَيِّنٰتٍ وَّمَثَلًا مِّنَ الَّذِيْنَ
خَلَوْا مِنْ قَبْلِكُمْ وَمَوْعِظَةً لِّلْمُتَّقِيْنَ ﴿٣٤﴾

၂၄ : ၃၄ ။ ။ ထို့ပြင် ကေန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ထံသို့ ထင်ရှားလှစွာသော အမိန့်တော်များကို လည်းကောင်း၊ အသင်တို့အလျင် လွန်လေပြီးဖြစ်သော ရှေးလူဟောင်းတို့၏ အလားတူ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ သူမွန် သူမြတ်တို့၏ အကျိုးငှာ အဆုံးအမတရားကိုလည်းကောင်း ချပေးသနားတော်မူခဲ့ပြီး ဖြစ်ပေသည်။

اَللّٰهُ نُوْرُ السَّمٰوٰتِ
وَالْاَرْضِ ۗ مَثَلُ نُوْرِهٖ كَمِشْكٰوةٍ فِيْهَا مِصْبَاحٌ ۗ اَلْمِصْبَاحُ فِيْ
زُجَاجَةٍ ۗ اَلزُّجَاجَةُ كَاَنَّهَا كَوْكَبٌ دُرِّيٌّ يُّوْقَدُ مِنْ شَجَرَةٍ
مُّبٰرَكَةٍ زَيْتُوْنَةٍ لَّا شَرْقِيَّةٍ وَّلَا غَرْبِيَّةٍ ۙ يَّكَادُ زَيْتُهَا يُضِيْٓءُ وَلَوْ

لَمْ تَمْسَسْهُ نَارٌ ۚ نُّورٌ عَلَىٰ نُورٍ ۗ يَهْدِي اللَّهُ لِنُورِهِ مَن يَشَاءُ ۚ وَ
يَضْرِبُ اللَّهُ الْأَمْثَالَ لِلنَّاسِ ۗ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿٣٥﴾

၂၄ : ၃၅ ။ ။ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၏ ရောင်ခြည်တော် ဖြစ်တော်မူသည်။ (တစ်နည်း) အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာတစ်ခုလုံး၏ လင်းရောင်ခြည် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်၏ လင်းရောင်ခြည်၏ ဥပမာသည် နံရံအတွင်းရှိ အကြင် လိုဏ်ဂူ (ခေါင်း) ၌ ရှိနေသော ဆီမီးခွက်နှင့် အလားတူ၏။ ထိုဆီမီးခွက်သည် မှန်အိမ်ထဲ၌ ရှိ၍၊ ထိုမှန်အိမ်သည် လင်းဝင်းတောက်ပသော ကြယ်နှင့် အလားတူ၏။ ယင်းဆီမီးသည် အကျိုးအာနိသင်နှင့် ပြည့်စုံသော (အကာအကွယ်တစ်ခုခု၏) အရှေ့ဘက်လည်း မကျသော၊ အနောက်ဘက်လည်းမကျသော၊ (တစ်နေကုန် နေရောင်ခြည် ရရှိနေသော) သံလွင်ပင်မှ (သံလွင်) ဆီဖြင့် ထွန်းညှိလေ့ရှိ၏။ ယင်းသံလွင့်ပင်မှ ဆီသည် မီး (နှင့် မထိ) မတို့ရသော်ငြားလည်း၊ အလိုအလျောက် ထတောက်အံ့ဆဲဆဲ ဖြစ်နေပေ၏။ (ဤသို့အားဖြင့်) ရောင်ခြည်ပေါ် ရောင်ခြည်သည် ထပ်လျက်ပင် ရှိနေ၏။ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား မိမိ၏ ရောင်ခြည်တော်သို့ လမ်းညွှန်တော်မူ၏၊ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် လူတို့အကျိုးငှာ ဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းမိန့်ကြားတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

فِي بُيُوتٍ أَذِنَ اللَّهُ أَن تُرْفَعَ وَيُذْكَرَ فِيهَا اسْمُهُ يُسَبِّحُ لَهُ فِيهَا بِالْغُدُوِّ وَالْآصَالِ ﴿٣٦﴾

၂၄ : ၃၆ ။ ။ (ယင်းမှန်အိမ်သည်) အကြင်အိမ်တော်များ၌ ရှိ၏။ အလ္လာဟ်အသျှင်မြတ်သည် ထိုအိမ်တော်များကို ရိုသေချီးမြှင့်ရန်လည်းကောင်း၊ ထိုအိမ်တော်များ၌ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို အောက်မေ့တသရန်လည်းကောင်း အမိန့်တော် ထုတ်ပြန်တော်မူ၏။ ထိုအိမ်တော်များတွင် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်းများ၌လည်းကောင်း၊ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ချီးကျူး မြွက်ဆိုလျက် ရှိကြကုန်၏။

رِجَالٌ لَّا تُلْهِيهِمْ تِجَارَةٌ وَلَا بَيْعٌ عَن ذِكْرِ اللَّهِ وَإِقَامِ الصَّلَاةِ وَ
إِيتَاءِ الزَّكَاةِ ۙ يَخَافُونَ يَوْمًا تَتَقَلَّبُ فِيهِ الْقُلُوبُ وَالْأَبْصَارُ ﴿٣٧﴾

၂၄ : ၃၇ ။ ။ အကြင်ကဲ့သို့သော ယောကျ်ားတို့သည် ထိုသူတို့အား မည်သည့်ကုန်သွယ်မှုနှင့် မည်သည့် ရောင်း (ဝယ်ဖောက်ကား) မှုမျှပင် အလ္လာဟ်အသျှင်မြတ်အား အောက်မေ့တသခြင်းမှလည်းကောင်း၊ 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ခြင်းမှလည်းကောင်း၊ 'ဇကားသ်' ပေးဆောင်ခြင်းမှလည်းကောင်း အာရုံပြောင်းစေခြင်း မရှိပေ။ ၎င်း (ယောကျ်ား) တို့သည် စိတ်နှလုံးများနှင့် မျက်စိများ ယောက်ယက်ခတ်နေမည့် နေ့ကို ကြောက်ရွံ့စိုးရိမ်လျက် ရှိကြကုန်၏။

لِيَجْزِيَهُمُ اللّٰهُ اَحْسَنَ مَا عَمِلُوْا وَيَزِيْدَهُمْ مِّنْ فَضْلِهٖ ۗ وَاللّٰهُ يَرْزُقُ
مَنْ يَّشَآءُ بِغَيْرِ حِسَابٍ ﴿٣٨﴾

၂၄ : ၃၈ ။ ။ နောက်ဆုံးတွင်မူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ကျင့်မူခဲ့ကြကုန်သော ကောင်းမှု သုစရိုက်များနှင့် စပ်လျဉ်း၍ အကောင်းဆုံးသော အကျိုးကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူမည့်အပြင် မိမိ၏ ကျေးဇူး တော်ဖြင့် ပိုမို၍ပင် ချီးမြှင့်ပေးသနားတော်မူဦးမည် ဖြစ်ပေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူ သော သူအား အကန့်အသတ်မရှိ ချီးမြှင့်ပေးသနားတော်မူပေသည်။

وَالَّذِيْنَ كَفَرُوْٓا اَعْمَالُهُمْ كَسَرَابٍۭ
بِقِيْعَةٍ يَّحْسَبُهُ الظَّمْاٰنُ مَآءً ۗ حَتّٰٓى اِذَا جَآءَهٗ لَمْ يَجِدْهُ شَيْـًٔا وَّ
وَجَدَ اللّٰهَ عِنْدَهٗ فَوَفّٰىهُ حِسَابَهٗ ۗ وَاللّٰهُ سَرِيْعُ الْحِسَابِ ﴿٣٩﴾

၂၄ : ၃၉ ။ ။ သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့မှာမူ ၎င်းတို့၏ ပြုကျင့်မှုသည် ရေခေါင်းပါးသော လွင်တီးပြင်၌ ရှိသည့် တံလျှပ်နှင့် အလားတူ၏။ ရေမွတ်သိပ်သော သူသည် ယင်းတံလျှပ်ကို ရေဟု ထင်မှတ်လေသည်။ နောက်ဆုံးတွင် ၎င်းသည် ယင်းတံလျှပ်အနီးသို့ ရောက်ရှိခဲ့သောအခါ တစ်စုံတစ်ရာ ဘာမျှ (ရေကို) မတွေ့ရှိခဲ့ရသည့်အပြင် ယင်း၏ အနီးတွင် အလ္လာဟ်အသျှင်မြတ်၏ (အမိန့်တော်ကိုသာ) တွေ့ရှိခဲ့ရလေသည်။ သို့ဖြစ်ပေရာ အသျှင်မြတ်သည် ၎င်း၏ စာရင်းအင်းကို အပြည့်အဝ ရှင်းလင်းတော်မူခဲ့လေသည်။ (တစ်နည်း) ၎င်း၏ သက်တမ်းကို ကုန်ဆုံးစေတော်မူခဲ့လေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

اَوْ كَظُلُمٰتٍ فِيْ بَحْرٍ لُّجِّيٍّ يَّغْشٰىهُ مَوْجٌ مِّنْ فَوْقِهٖ مَوْجٌ مِّنْ فَوْقِهٖ
سَحَابٌ ۗ ظُلُمٰتٌۢ بَعْضُهَا فَوْقَ بَعْضٍ ۗ اِذَآ اَخْرَجَ يَدَهٗ لَمْ يَكَدْ
يَرٰىهَا ۗ وَمَنْ لَّمْ يَجْعَلِ اللّٰهُ لَهٗ نُوْرًا فَمَا لَهٗ مِنْ نُّوْرٍ ﴿٤٠﴾

၂၄ : ၄၀ ။ ။ သို့တည်းမဟုတ် (ထိုကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့၏ မကောင်းမှုများသည်) အကြင်နက်ရှိုင်း သော ပင်လယ်သမုဒ္ဒရာအတွင်းရှိ အမိုက်မှောင်များနှင့် ပမာတူ၏။ ထိုပင်လယ်သမုဒ္ဒရာကို လှိုင်းတံပိုး လွှမ်းမိုးလျက်ရှိ၏။ (တစ်ဖန်) ထိုလှိုင်းတံပိုး၏ ထက်ဝယ် (အခြားသော) လှိုင်းတံပိုးတစ်ခုသည်လည်း ရှိပြန်၏။ (တစ်ဖန်) ထိုလှိုင်းတံပိုး၏ အထက်၌ မိုးတိမ်များလည်း ရှိနေပြန်၏။ (အချုပ်မှာ) အမိုက်မှောင်များအပေါ်၌ အမိုက်မှောင်ထပ်လျက်ပင် ရှိနေပေရာ (အမိုက်မှောင် အထပ်ထပ်၌ ရှိနေသော) အကြင်သူတစ်ဦးတစ်ယောက်သည် မိမိ၏ လက်ကို ထုတ် (၍ ကြည့်) သောအခါ မြင်နိုင်ရန် လက္ခဏာမရှိချေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလင်းရောင် ချီးမြှင့်တော်မမူတော့လျှင် အလင်းရောင် စိုးစဉ်းမျှကိုပင် ရရှိနိုင်မည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် (အသင်တို့အား 'ဟောဒါယသ်'တရားလမ်းမှန်ကို ရရှိစေရန် ဤစူရဟ်တွင်လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်းကောင်း တမန်တော်မြတ် ﷺ ၏ အကြောင်းခံဖြင့်) အသင်တို့ထံသို့ ပွင့်လင်းထင်ရှားသော အမိန့်ပညတ်တော်များ (အသိပညာများနှင့် ကျင့်စဉ်ကျင့်ရပ်များ) ကို ပို့ချပေးတော်မူခဲ့သည်။ ထို့အပြင် အသင်တို့အလျင် လွန်လေပြီးသော ရှေးလူတို့၏ (သို့မဟုတ် ထိုလူတို့ကဲ့သို့သော သူများ၏) အချို့သော အတ္တုပ္ပတ္တိများကိုလည်း ချပေးတော်မူခဲ့သည်။ ထို့ပြင် (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့ကြသူများအတွက် အဆုံးအမတရားများကိုလည်း (ချပေးတော်မူခဲ့သည်။) အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်၌ (နေထိုင်ကြသူတို့ကိုလည်းကောင်း) မြေပထဝီ၌ (နေထိုင်ကြသူတို့ကိုလည်းကောင်း) 'နူးရ်'ရောင်ခြည်တော် (တရားလမ်းမှန်) ကို ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ဆိုလိုသည်မှာ မိုးကောင်းကင်နှင့် မြေပထဝီ၌ ရှိကြသူများတွင် တရားလမ်းမှန် ရရှိကြသူအားလုံးမှာ အလ္လာဟ်အသျှင်မြတ်၏ တရားလမ်းမှန် ချီးမြှင့်မှုပင် ဖြစ်သည်။ မိုးကောင်းကင်နှင့် မြေပထဝီဟု ဆိုရာ၌ စကြဝဠာ ကမ္ဘာလောကအပေါင်းတို့ကို ဆိုလိုသည်။ မိုးကောင်းကင်နှင့် မြေပထဝီ၏ ပြင်ပ၌ရှိသော အဖန်ဆင်းခံများဖြစ်သော ဥပမာ– 'အရ်ရှ်'ပလ္လင်တော်ကို ထမ်းထားသည့် အဖန်ဆင်းခံများလည်း ပါဝင်ပေသည်။) ထိုအသျှင်မြတ်၏ ရောင်ခြည်တော် (တရားလမ်းမှန်) ၏ ဥပမာမှာ နံရံလိုဏ်ဂူတစ်ခု ရှိမည်။ ထိုနံရံလိုဏ်ဂူတွင် ဆီမီးမှန်အိမ်တစ်ခု (ထား) ရှိမည်။ ထိုဆီမီးမှန်အိမ်မှာ (တိုက်ရိုက် နံရံလိုဏ်ဂူ၌ ထားသည်မဟုတ်ဘဲ) 'ဖန်'ပေါင်းချောင်တစ်ခုအတွင်း၌ ရှိပေသည်။ ('ဖန်'ပေါင်းချောင်သည် နံရံလိုဏ်ဂူ၌ ထားရှိခြင်းဖြစ်သည်။)

ထို 'ဖန်'ပေါင်းချောင်သည်ကား (သန့်စင်ဖြူဖွေး၍) ထွန်းလင်းတောက်ပသော ကြယ်စင်တစ်လုံးကဲ့သို့ ဖြစ်သည်။ (ထို့အပြင်) ထိုဆီမီးမှာ အလွန်တရာ အကျိုးဖြစ်ထွန်းသော သစ်ပင်တစ်ပင် (၏ ဆီ) ဖြင့် ထွန်းညှိရသည်။ ထိုအပင်သည်ကား 'ဇိုင်သူးန်' သံလွင် (ပင်) ဖြစ်ပေသည်။ ထိုသံလွင်ပင်သည် (အကာအကွယ်တစ်ခုခုကြောင့်) အရှေ့ဘက်သို့လည်း မလှည့်၊ အနောက်ဘက်သို့လည်း မလှည့်ပေ။ (ဆိုလိုသည်မှာ နံနက်နေထွက်ချိန်၌ ၎င်းအပင်ပေါ်သို့ နေပူရှိန် မကျရောက်နိုင်အောင် ၎င်း၏ အရှေ့ဘက်တွင် သစ်ပင်သည်လည်းကောင်း၊ တောင်သည်လည်းကောင်း အကာအကွယ်အဖြစ် မရှိပါချေ။ ၎င်း၏ အနောက်ဘက်၌လည်း ၎င်းအပေါ် နေပူရှိန်ကျရောက်ခြင်းကို အကာအကွယ်ပြုမည့် သစ်ပင်များသည်လည်းကောင်း၊ တောင်သည်လည်းကောင်း ရှိမနေဘဲ တစ်နေ့လုံး နေပူရှိန် ကျရောက်လျက်ရှိသည့် ကွင်းပြင်ကျယ်၌ ဖြစ်သည်။ ဤကဲ့သို့သော သစ်ပင်၏ အဆီသည် ပါးလွှာ၊ သန့်စင်ပြီး အလင်းရောင်ရရှိပေသည်။ ထို့ပြင်) ထိုသံလွင်ပင်၏ အဆီသည် အကယ်၍ ၎င်းအား မီးဖြင့် မထိသည့်တိုင် အလိုအလျောက် တောက်လောင်အံ့ဆဲဆဲ ဖြစ်နေသည်ဟု ထင်ရလောက်အောင်ပင် ဖြစ်သည်။ (မီးစွဲလောင်သွားသည့်အခါတွင်မူ) ရောင်ခြည်ပေါ် ရောင်ခြည်ထပ်လျက် ရှိပေသည်။ (ဆိုလိုသည်မှာ ထိုရောင်ခြည်တွင် အတိုင်းထက်

လွန်သော အဆင့်ရှိပြီး ရောင်ခြည်ရှိသည်။ တစ်ဖန် အပေါ်မှ မီးတောက်လောင်မှုနှင့် ပေါင်းစပ်သွားသည်။ ထိုသို့ ပေါင်းစပ်လိုက်ခြင်း၌လည်း ဆီမီးမှန်အိမ်သည် 'ဖန်'ပေါင်းချောင်၌ ထားရှိခြင်းဖြစ်သည်။ ထိုသို့ ထားရှိခြင်းဖြင့် အလင်းရောင်မှာ ပို၍ များပြားသွားသည်။ တစ်ဖန် ထို 'ဖန်'ပေါင်းချောင်သည် တစ်ဖက်ပိတ်ဖြစ်သော နံရံလိုဏ်ဂူ၌ ထားရှိသည့်အခါ မီးတောက်အလင်းတန်းသည် တစ်နေရာတည်း၌ပင် စု၍ အလွန်စူးရှသော အလင်းရောင်ဖြစ်သွားပေသည်။ ဆီမှာလည်း စင်ကြယ်သန့်ရှင်း၍ မီးခိုးအထွက်နည်းခြင်း၌ ကျော်ကြားသည့် သံလွင်ဆီဖြစ်သောအခါ အလင်းရောင်များစွာတို့ကို ပေါင်းစပ်ဖွဲ့စည်းသည့်အလားစူးရှလင်းထိန်သော ရောင်ခြည် ဖြစ်သွားပေသည်။ ထိုရောင်ခြည်ကို نُوْرٌ عَلٰى نُوْرٍ 'ရောင်ခြည်အပေါ် ရောင်ခြည်ထပ်လျက် ရှိသည်' ဟု မိန့်ကြားတော်မူခြင်းဖြစ်သည်။ ဤနေရာတွင် ပုံပမာပေးခြင်း ပြီးဆုံးသွားလေပြီ။

သို့ဖြစ်ပေရာ မုအ်မင်န်၏ နှလုံးသားတွင် အလ္လာဟ်အသျှင်မြတ်က 'ဟေဒါယဟ်'တရားလမ်းမှန်၏ ရောင်ခြည်တော်ကို ထည့်သွင်းပေးတော်မူလိုက်သည့်အခါ နေ့စဉ်နှင့်အမျှ ထိုတရားလမ်းမှန်၏ ကျယ်ပြန့်မှုသည် အမှန်တရားကို လက်ခံရန်အတွက် တိုးတက်လျက်ရှိနေပေသည်။ အချိန်တိုင်းတွင် အမိန့်တော်များအပေါ် လိုက်နာကျင့်ဆောင်ရန် အသင့်အနေအထားတွင် ရှိနေပေသည်။ အမိန့်တော်များ၏ အသိပညာ မရှိသည့် တိုင် ဤသို့ ဖြစ်နေပေမည်။ အကြောင်းမှာ အသိပညာဟူသည် တစ်ဖြည်းဖြည်း ရရှိသောကြောင့် ဖြစ်သည်။ ဥပမာ- ထို 'ဇိုင်သူးန်'သံလွင်ဆီသည် မီးနှင့် မထိတွေ့မီကပင် အလင်းရောင်အတွက် အသင့်ဖြစ်နေသည်။ မုအ်မင်န်သည်လည်း အသိပညာနှင့် အမိန့်ပညတ်တော်များအလျင်ကပင် ၎င်းတို့အပေါ် လိုက်နာကျင့်ဆောင်ရန် အသင့်ဖြစ်နေခြင်း ဖြစ်သည်။ ၎င်းအဖို့ အသိပညာ ရရှိသွားသည့်အခါ 'နူရေ့အမလ်' လိုက်နာကျင့်ဆောင်ရန် အပြည့်အဝ ဆန္ဒပြုရည်ရွယ်ခြင်းနှင့်အတူ 'နူရေ့အိလ်မ်' (အသိပညာ၏ ရောင်ခြည်) လည်း ရရှိသွားပေသည်။ ထိုအသိပညာ၏ ရောင်ခြည်ဖြင့် ထိုသူသည် ချက်ချင်းပင် လက်ခံမှု ပြုလိုက်လေသည်။ သို့ဖြစ်ပေရာ 'ကျင့်ဆောင်ခြင်းလုပ်ရပ်'နှင့် 'အသိပညာ' တို့ ပေါင်းစပ်လျက် ဖြစ်ပေါ်လာလေသည်။ ဤနေရာတွင် အမိန့်တော်များ၏ အသိပညာ ရရှိပြီးနောက် 'အကယ်၍ စိတ်နှင့် တိုက်ဆိုင်မှုရှိပါက လက်ခံလိုက်မည်။ ထိုသို့ မဟုတ်ပါက ပယ်လိုက်မည်'ဟု စဉ်းစားတွေဝေခြင်း ဒွိဟသံသယဖြစ်ခြင်းတို့ကို ဆိုလိုခြင်းမဟုတ်ပေ။ ဤတိုးတက်ကျယ်ပြန့်မှုနှင့် 'နူရ်'ရောင်ခြည်ကို အခြားသော အာယသ်တော်၌ မိန့်ကြားသည်မှာ-

اَفَمَنْ شَرَحَ اللّٰهُ صَدْرَهٗ لِلْاِسْلَامِ فَهُوَ عَلٰى نُوْرٍ مِّنْ رَّبِّهٖ

'အကြင်သူတစ်ဦး၏ ရင်ဘတ် (နှလုံးသား) ကို အလ္လာဟ်အသျှင်မြတ်သည် သာသနာအတွက် ဖွင့်ပေးတော်မူလိုက်သည့်အခါ ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်မှ 'နူရ်'ရောင်ခြည်တစ်ခုအပေါ်၌ ရှိနေပေသည်' ဟု ဖြစ်သည်။ အခြားတစ်နေရာ၌ မိန့်ကြားထားသည်မှာ-

فمن يُّرِد الله اَنْ يَّهد يهٗ يشرح صد ره للا سلام

(အလ္လာဟ်အသျှင်မြတ်သည် မိမိနှစ်သက်သူကို လမ်းမှန်တရား ရရှိစေရန်အလို့ငှာ ၎င်းသူ၏ ရင်ခွင်ကို သာသနာတော်အတွက် ဖွင့်ပေးတော်မူ၏) ဟု ဖြစ်သည်။ အချုပ်မှာ ဤသည် အလ္လာဟ်အသျှင်မြတ်၏ 'ဟေဒါယသ်' တရားလမ်းမှန်တရား၏ 'နူရ်' ရောင်ခြည်တော်၏ ပမာပုံဆောင်ချက်ပင် ဖြစ်သည်။ ထို့ပြင်) အလ္လာဟ်အသျှင် မြတ်သည် မိမိ၏ (ထို) 'နူရ်' ရောင်ခြည်တော် ('ဟေဒါယသ်' တရားလမ်းမှန်) အထိသို့တိုင် မိမိအလိုရှိ သူကို လမ်းပြ (ပို့ဆောင်) ပေးတော်မူသည်။ ထို့နောက် ('ဟေဒါယသ်'အတွက် ပမာနိုင်းနှိုင်းမှုများ ပြုထားသကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်တွင် များစွာသော ပမာနိုင်းနှိုင်းခြင်းများလည်း ဖော်ပြထားသည်။ သို့ဖြစ်ပေရာ ထိုသို့ ပမာနိုင်းနှိုင်းခြင်းများသည်လည်း လူတို့၏ 'ဟေဒါယသ်'အတွက်သာ ရည်ရွယ်ခြင်း ဖြစ်သည်။ ထို့ကြောင့်) အလ္လာဟ်အသျှင်မြတ်သည် လူသားတို့ (၏ 'ဟေဒါယသ်') အတွက် (ဤ) ပမာနိုင်းနှိုင်းခြင်းများကို တင်ပြတော်မူထားသည်။ (သို့မှသာ ဦးနှောက်မှ အလိုသဘောများသည် ထိတွေ့ခံစားရသော အရာများကဲ့သို့ နားလည်သဘောပေါက်သည့် အဆင့်သို့ နီးကပ်ရောက်ရှိသွားပေမည်။) အလ္လာဟ်အသျှင်မြတ်သည် အရာဟူသရွေ့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အကြောင်းမှာ အကျိုးသက်ရောက်စေသော ပမာပုံဆောင်ချက်များ၏ ရည်ရွယ်ချက်မှာ လုံလောက်သောကြောင့် ဖြစ်သည်။) အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်က တင်ပြတော်မူထားသည့် ပမာပုံဆောင်ချက်များသည် အလွန်သင့်လျော်ကောင်းမြတ်မှု ရှိပြီး 'ဟေဒါယသ်'တရားလမ်းမှန် ရရှိစေနိုင်သောကြောင့် ဖြစ်သည်။ ရှေ့တွင် 'ဟေဒါယသ်'တရားလမ်းမှန် ရရှိသူတို့၏ အခြေအနေကို တင်ပြမိန့်ကြားတော်မူထားသည်မှာ ယင်းမှအ်မင်နိသည်) အကြင်အိမ်တော်များ၌ (သွားရောက်၍ 'အေဗာဒသ်'ပြုလေ့) ရှိသည်။ အလ္လာဟ်အသျှင်မြတ်က ထိုအိမ်တော်များနှင့် စပ်လျဉ်း၍ ထိုအိမ်တော်များအား ရိုသေလေးစားရမည်ကိုလည်းကောင်း၊ ထိုအိမ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ နာမတော်များကို တသရန်လည်းကောင်း မိန့်ကြားထားတော်မူသည်။ (အိမ်တော်များဟူသည် ဗလီဝတ်ကျောင်းတော်များကို ဆိုလိုခြင်းဖြစ်သည်။ ထိုဗလီများကို ရိုသေလေးစားရမည်ဆိုခြင်းမှာ ထိုဗလီများတွင် ကိုယ်မသန့်၍ ရေချိုးရန်ထိုက်သူများနှင့် ဓမ္မတာရာသီ ဖြစ်ပေါ်နေသူ အမျိုးသမီးများ ဝင်ရောက်ခြင်းမပြုရ။ ထိုဗလီဝတ်ကျောင်းတော်များတွင် မသန့်သော မည်သည့်အရာမျှ ယူဆောင်လာခြင်း မပြုရ။ ဟစ်အော်ဆူညံမှုများ မပြုရ။ လောကီရေးလုပ်ငန်းဆောင်တာများ လုပ်ကိုင်ခြင်းနှင့် လောကီရေးစကားများကို ဗလီ၌ ထိုင်၍ ပြောကြားခြင်း၊ အနံ့အသက်ပြင်းသော အရာများ စားသောက်လျက် ဗလီဝတ်ကျောင်းတော်များသို့ သွားခြင်း စသည်တို့ကို မပြုရန် ဖြစ်ပေသည်။ အချုပ်မှာ) ထို (ဗလီဝတ်ကျောင်းတော်များတွင်) နံနက်၊ ညနေ အလ္လာဟ်အသျှင်မြတ်၏ သန့်ရှင်းစင်ကြယ်ခြင်းကို (နမာဇ်များအတွင်း၌) ထုတ်ဖော်တသနေကြသူများအဖို့ အလ္လာဟ်အသျှင်မြတ်၏ သတိရတသမှု (အမိန့်နာခံမှု) ကိုလည်းကောင်း၊ (မည်သည့်အချိန်အခါနှင့် ပတ်သက်၍ အမိန့်ရှိစေကာမူ၊ အထူးသဖြင့်) နမာဇ်ဝတ်ပြုခြင်းကိုလည်းကောင်း၊ 'ဇကားသ်'ပေးဆောင်ခြင်းကိုလည်းကောင်း (ဤသည်

မှာ ခွဲထွက်သော အမိန့်ပညတ်တော်များတွင် အရေးပါဆုံး ဖြစ်သည်။) မည်သည့်ရောင်းဝယ်ဖောက်ကားမှုကမျှ အာရုံပြောင်း မေ့လျော့ခြင်း မဖြစ်စေနိုင်ပေ။ (အမိန့်နာခံမှုနှင့် 'အေဗာဒသ်'များ ပြုကြသည့်တိုင် ၎င်းတို့၏ ကြောက်ရွံ့စိတ်အခြေအနေမှာ) ၎င်းတို့သည် စိတ်နှလုံးများနှင့် မျက်စိများစွာတို့ ယောက်ယက်ခတ်နေမည့်နေ့ကို ကြောက်ရွံ့စိုးရိမ်လျက် ရှိနေကြသည်။ (အခြားအာယသ်တော်တစ်ပါးတွင်

يؤ تون مَآ اٰتَوا وقلو بهم وجلة انّهم الٰى ربّهم رٰجعون

'ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲမှုပြုကြသည်။ ထိုသို့ပြုသည့်တိုင် ၎င်းတို့၏ နှလုံးသားများသည် 'ကေယာမသ်'နေ့တွင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်တော်သို့ ပြန်သွားရပြီး စစ်ဆေးမေးမြန်းခံရမည်ကို ကြောက်ရွံ့လျက် ရှိကြကုန်၏' ဟု ဖြစ်သည်။

ဤအကြောင်းကို တင်ပြသည့် ရည်ရွယ်ချက်မှာ 'ဟေဒါယသ်'တရားလမ်းမှန်၏ 'နူရ်'ရောင်ခြည်တော်ကို ရရှိသူ၏ ဂုဏ်ရည်များနှင့် ကျင့်စဉ်များကို ဖော်ပြန်ရန် ဖြစ်သည်။ ရှေ့တွင် ၎င်းတို့၏ ဆုံးခန်းရလဒ်များအကြောင်း တင်ပြထားသည်မှာ (ထိုသူတို့၏) အောင်မြင်မှု ရလဒ်သည်ကား အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ပြုမူဆောင်ရွက်သည့် ကျင့်စဉ်များအတွက် အလွန်ကောင်းမွန်သော အကျိုးကို အစားပေးတော်မူပေမည်။ (ဆိုလိုသည်မှာ 'ဂျန္နသ်' ကို ပေးတော်မူပေမည်။) ထို့နောက် (ထိုအကျိုးအစားအပြင်) ၎င်းတို့အား မိမိ၏ ကျေးဇူးတော်ဖြင့် ထပ်မံ၍လည်း ချီးမြှင့်တော်မူဦးမည် ဖြစ်သည်။ (အကျိုးအစားပေးဆိုသည်မှာ ထိုအကျိုးအစားပေးခြင်းနှင့် စပ်လျဉ်း၍ ကတိတော်ကို အကျယ်တဝင့် တင်ပြခဲ့သည်။ ထပ်မံ၍ တိုးပေးမည်ဆိုသည်မှာ ၎င်းနှင့် စပ်လျဉ်း၍ ကတိတော်ကို အကျယ်တဝင့် တင်ပြခြင်းမရှိဘဲ အကျဉ်းချုံးသော အကြောင်းအရာများနှင့် တင်ပြထားခြင်းများ ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူကို အတိုင်းအတာမရှိ (အလွန် များပြားစွာ) ပေးကမ်းချီးမြှင့်တော်မူသည်။ (သို့ဖြစ်ပေရာ ထိုသူတို့အား 'ဂျန္နသ်'တွင် အတိုင်းအတာမရှိ ပေးကမ်းချီးမြှင့်တော်မူပေမည်။ ဤနေရာအထိ 'ဟေဒါယသ်'တရားလမ်းမှန်နှင့် တရားလမ်းမှန် ရရှိသူများအကြောင်း တင်ပြထားသည်။ ရှေ့တွင် လမ်းမှားခြင်းနှင့် လမ်းမှားသူတို့အကြောင်း တင်ပြသည်မှာ) ထို့နောက် ကာဖိရ် (လမ်းမှားသူများနှင့် တရားလမ်းမှန်၏ လင်းရောင်ခြည်နှင့် ဝေးကွာသူများ) ၏ ပြုမူဆောင်ရွက်ချက်များမှာ (ကာဖိရ်နှစ်မျိုးနှစ်စားဖြစ်ခြင်းကြောင့် ပုံပမာဆောင်ချက်မှာလည်း နှစ်မျိုးနှစ်စား ဖြစ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်တစ်မျိုးသည် 'အာခေရသ်'တမလွန်နှင့် 'ကေယာမသ်'ကို ယုံကြည်သူဖြစ်သည်။ မိမိတို့၏ အချို့သော ပြုမူဆောင်ရွက်ချက်များအပေါ် မိမိ၏ ယူဆချက်အရ 'စဝါးဗ်'ကုသိုလ်ရှိသော ကောင်းမှုများ ဖြစ်သည်ဟု 'အာခေရသ်'၏ 'စဝါးဗ်'အကျိုးကုသိုလ် ရရှိရေးကို မျှော်လင့်ကြသူများ ဖြစ်သည်။

ဒုတိယအမျိုးအစားမှာ 'အာခေရသ်'တမလွန်နှင့် 'ကေယာမသ်'ကို ငြင်းပယ်သူများ ဖြစ်ကြသည်။ ပထမအမျိုးအစားဖြစ်သော ကာဖိရ်၏ ပြုမူဆောင်ရွက်ချက်များမှာ) လွင်တီးခေါင်ပြင်၌ အရောင်လက်လျက် ရှိသည့် သဲသောင်ပြင် (တံလျှပ်) ကို ရေဝတ်မွတ်သူသည် ၎င်းတံလျှပ်အား (အဝေးမှ) ရေဟူ၍

ထင်မှတ်နေသည်။ (ထို့နောက် ထိုတံလျှပ်ရှိရာသို့ ပြေးသွားခဲ့သည်။) နောက်တွင် ထိုတံလျှပ်ရှိရာ အနီးသို့ ရောက်ရှိလေသော် ၎င်းသူအဖို (ထင်မြင်ယူဆထားသည့်အတိုင်း) မည်သည့် (ရေ) ကိုမျှ မတွေ့ရပေ။ ထို့အပြင် (အတိုင်းမရှိ ရေငတ်မွတ်ခြင်းနှင့် အလွန့်အလွန် မျှော်လင့်မှု မက်ထားရခြင်းတို့ဖြင့် ကိုယ်ရော စိတ်ပါ အလွန်ဒုက္ခရောက် နာကျင်ရလေသည်။ ထိုဒုက္ခများဖြင့် လူးလိမ့်၍ သေဆုံးသွားသောအခါ ၎င်းအား ပြောဆိုရန် ထိုက်သည်မှာ ရေရှိခြင်းအစား) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (သေခြင်းတရား) ကိုသာ ရရှိသွားပေသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ (သက်တမ်း) ၏ စာရင်းအင်းကို အပြည့်အဝ ရှင်းလင်းတော်မူခဲ့လေသည်။ (ဆိုလိုသည်မှာ ဘဝသက်တမ်းကို ကုန်ဆုံးစေတော်မူလိုက်သည်။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် (သတ်မှတ်ချိန် ရောက်ရှိလာသည့် အရာများကို) အလျင်အမြန်ပင် စာရင်းအင်း ပြုတော်မူပေသည်။ (သတ်မှတ်ချိန်ထက် နောက်ကျခြင်းနှင့် ကြန့်ကြာခြင်းတို့ကြောင့် ထိုသူ့အား မည်သည့် အရှုပ်အထွေးမျှ မဖြစ်စေရပေ။ သို့ဖြစ်ပေရာ ဤအကြောင်းအရာသည် အခြားတစ်နေရာမှ မိန့်ကြားချက် ကဲ့သို့

إِنَّ أَجَلَ اللهِ إِذَا جَآءَ لَا يُؤَخَّرُ

لَن يُؤَخِّرَ اللهُ نَفْسًا إِذَا جَآءَ أَجَلُهَا

(မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် သတ်မှတ်ထားသည့်အချိန် ရောက်ရှိလာလျှင် အနည်းငယ်မျှ စောင့်ဆိုင်းတော်မူခြင်း မရှိပေ) ဟူသော အမိန့်တော်များအတိုင်း ဖြစ်သည်။ ထိုပမာဆောင်ချက်များအရ ဥပမာ- ရေငတ်မွတ်သူသည် တံလျှပ်ကို ရေထင်မှတ်ခဲ့သည့်အတိုင်း ဤကာဖိရ်သည်လည်း မိမိ၏ ပြုမူ လုပ်ဆောင်ချက်များကို အပေါ်ယံ ပုံပန်းသဏ္ဌာန်အားဖြင့် လက်ခံခြင်း ပြုခံရမည်။ တမလွန်၌ အကျိုးပြု မည့် ရလဒ်များဟု ထင်မှတ်နေခဲ့သည်။ တံလျှပ်သည် ရေမဟုတ်သကဲ့သို့ ကာဖိရ်၏ ဤပြုမူဆောင်ရွက် ချက်များသည်လည်း လက်ခံထိုက်သည့် စည်းကမ်းချက်ဖြစ်သော အီမာန်သက်ဝင် ယုံကြည်မှုမရှိသော ကြောင့် လက်ခံမှုမပြုခံရခြင်းနှင့် အကျိုးဖြစ်ထွန်းမှုမရှိခြင်းတို့ ဖြစ်သည်။ ထိုတံလျှပ်ရှိရာအနီးသို့ ရောက်ရှိ သွားပြီး ရေငတ်သူအဖို့ အစစ်အမှန်ကို သိရှိသွားသကဲ့သို့ ထိုသူသည် 'အာခေရသ်'တမလွန်သို့ ရောက်ရှိ ပြီး အစစ်အမှန်ကို သိရှိရပေလိမ့်မည်။ ထို့အပြင် ရေငတ်မွတ်သူသည် မိမိ၏ မျှော်လင့်ချက်များ လွဲသွား ရခြင်းကြောင့် ပူဆွေးဝမ်းနည်း ယူကျုံးမရဖြစ်ပြီး ပျက်စီးသေဆုံးသွားသကဲ့သို့ ဤကာဖိရ်သည်လည်း မိမိ၏ ယုံကြည်မျှော်လင့်ထားသည်များ လွဲမှားခြင်းအပေါ် ထိုအချိန်တွင် ပူဆွေးသောကများဖြင့် ထာဝရ ပျက်စီးခြင်း (ဝါ) 'ဂျဟန္နမ်' ငရဲဘုံ၏ အပြစ်ဒဏ်အတွင်း၌ ကျရောက်သွားပေမည်။ ဤသည် ကာဖိရ် တစ်မျိုး၏ ပုံဆောင်ချက်၊ ပမာပေးခြင်း ဖြစ်သည်။ ရှေ့တွင် အခြားဒုတိယအမျိုးအစား ကာဖိရ်တို့၏ ပုံဆောင်ချက်ပမာပေးခြင်း လာရှိသည်မှာ) သို့တည်းမဟုတ် ထိုကာဖိရ်တို့၏ (ပြုမူဆောင်ရွက်ချက်များ ကို ထောက်ရှု၍လည်းကောင်း၊ အထူးသဖြင့် 'ကေယာမသ်'နေ့ကို ငြင်းပယ်သူများဖြစ်ခြင်းကြောင့် လည်းကောင်း) အခြေအနေမှာ နက်ရှိုင်းသော ပင်လယ်သမုဒ္ဒရာ၏ အတွင်းပိုင်းအမှောင်ထုနှင့် ပမာတူသည်။

(အကြောင်းတစ်ခုမှာ ထိုသမုဒ္ဒရာပင်လယ်၏ နက်ရှိုင်းမှုကြောင့် ဖြစ်သည်။ ထို့နောက်တစ်ဖန် ဤအမှောင် ထုသည်) ထို (သမုဒ္ဒရာပင်လယ်၏ မူလမျက်နှာပြင်) ကို ကြီးမားသော လှိုင်းလုံးကြီးများက လွှမ်းမိုး ထားသည်။

(တစ်ဖန် ထိုလှိုင်းတံပိုးများသည်လည်း တစ်မျိုးတည်းမဟုတ်ပေ။) ထို (လှိုင်းတံပိုး) ၏ အပေါ်တွင် အခြားသော လှိုင်းတံပိုးတစ်ခုကား (ရှိနေပြန်သည်။ တစ်ဖန်) ထိုလှိုင်းတံပိုး၏ အထက်တွင် မိုးတိမ်များ ရှိနေပြန်သည်။ (ထို့ကြောင့် ကြယ်တာရာ စသည်တို့၏ အလင်းရောင်ပင် မရောက်ရှိနိုင်ပေ။ အချုပ်မှာ) အထက်ရေအောက်ပါ အလွန်မိုက်မှောင်ခြင်း (မက မိုက်မှောင်ခြင်းသာ) ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် အကယ်၍ (ဤအခြေအနေမျိုးတွင် လူတစ်ဦးသည် သမုဒ္ဒရာပင်လယ်အောက်တွင်) မိမိလက် ကို ထုတ်လိုက် (ကြည့်လို) ပါမူ (မြင်နိုင်ရန် ဝေးစွ။) မြင်နိုင်သည့် လက္ခဏာပင် မရှိပေ။ (ဤပမာ ပုံဆောင်ချက်အရ သိရှိရသည်မှာ တမလွန်နှင့် 'ကေယာမသ်' ကိုသာမက ထိုတမလွန်နှင့် 'ကေယာမသ်' တွင် အကျိုးအစားပေးခြင်းနှင့် အပြစ်အစားပေးခြင်းတို့ကို ငြင်းပယ်သော ကာဖိရ်များထံသို့ ထင်ယောင် ထင်မှား လင်းရောင်ခြည်ပင် မရောက်ရှိပေ။ ပထမအမျိုးအစားဖြစ်သော ကာဖိရ်များထံသို့ ထင်ယောင် ထင်မှား 'နူရ်' အလင်းရောင်တစ်မျိုး ရောက်ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အချို့သော ကောင်းမှုများကို မိမိတို့၏ တမလွန်၏ ရိက္ခာများအဖြစ် မှတ်ယူခဲ့ကြသောကြောင့် ဖြစ်သည်။ သို့သော် ငြားလည်း ၎င်းတို့သည် အီမာန်သက်ဝင်ယုံကြည်မှု မရှိကြသောကြောင့် 'နူရ်' လင်းရောင်ခြည်တော် အစစ် ကိုကား မရရှိကြပေ။ တမလွန်အား ငြင်းဆိုကြသူတို့မှာမူ မိမိတို့၏ ယုံကြည်ချက် အယူဝါဒများအရ လည်း တမလွန်အတွက် မည်သည့်အလုပ်ကိုမျှပင် မပြုလုပ်ခဲ့ကြပါချေ။ အချုပ်မှာ ၎င်းတို့ထံတွင် မိုက်မှောင် ခြင်းမက မိုက်မှောင်ခြင်းသာ ဖြစ်ပေသည်။ ထင်ယောင်ထင်မှား လင်ရောင်ခြည်ပင် မရှိနိုင်ပါချေ။ သမုဒ္ဒရာ ပင်လယ်အောက်နှင့် ပမာတူပေသည်။ လက်ကိုပင် မမြင်နိုင်ဟူ၍ လက်ကိုသာ အထူးရွေးချယ် တင်ပြ၍ မိန့်ကြားရခြင်းမှာ လူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် လက်သည် အနီးဆုံးဖြစ်သည်။ ထိုလက်ကို နီးကပ်လိုသမျှ နီးကပ်စေနိုင်သည်။ သို့ဖြစ်ပေရာ လက်ကိုပင် မမြင်ရဟုဆိုလျှင် အခြားသော အစိတ် အပိုင်းများအဖို့ ပို၍ မလွယ်ဆိုသည်မှာ ထင်ရှားပါသည်။) ထို့နောက် (ရှေ့တွင် ထိုကာဖိရ်တို့၏ အမိုက် မှောင်အတွင်း၌ ရှိရခြင်းအကြောင်းကို မိန့်ကြားတော်မူသည်မှာ) အလ္လာဟ်အသျှင်မြတ်ကသာ 'နူရ်' (တရားလမ်းမှန်) ချီးမြှင့်တော်မမူပါလျှင် ထိုသူ့အဖို့ (မည်သည့်နေရာကမျှ) 'နူရ်' တရားလမ်းမှန် (ရရှိနိုင် စရာ) အကြောင်း မဖြစ်နိုင်ပါ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်အား ပညာရှင်များက လင်းရောင်ခြည်တော်၏ အာယသ်တော်ဟူ၍ ရေးသား ကြသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်တွင် 'အီမာန်၏ ရောင်ခြည်တော်' နှင့် 'ကုဖွရ်၏ မိုက်မှောင်ခြင်း' တို့ကို အသေးစိတ်ဥပမာများဖြင့် ရှင်းလင်းထားသောကြောင့် ဖြစ်သည်။

'နူရ်' (ရောင်ခြည်) အား ရှင်းလင်းခြင်း

အေမာမ်ဂဇာလီ (ရဟ) က မိန့်ဆိုသည်မှာ

الظا هر بنفسه والمظهر لغيره

'မိမိ၏ ပင်ကိုယ်ဇာတိအပေါ် ပေါ်လွင်စေခြင်း၊ လင်းဝင်းတောက်ပစေခြင်းနှင့် အခြားသော အရာများကို ပေါ်လွင်စေခြင်း၊ လင်းဝင်းတောက်ပစေခြင်း ဖြစ်သည်' ဟူ၏။

သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဖော်ပြသည်မှာ 'နူရ်' (ရောင်ခြည်) ၏ မူလဇစ်မြစ်မှာ လူသား၏ ကြည့်မြင်နိုင်သည့် အားဖြင့် ပထမဦးစွာ သိရှိအောင် ပြုပြီးနောက် တစ်ဖန် ထိုအမြင်အားဖြင့် အရာအားလုံးကို သိရှိအောင် ပြုလုပ်ခြင်း၏ အမည်ဖြစ်သည်။ ဤသည်မှာ မျက်စိဖြင့် ကြည့်ရှုခြင်းဖြစ်သည်။ ဥပမာ- နေနှင့် လတို့၏ အလင်းတန်းများသည် ၎င်းတို့၏ ထိပ်တိုက် မျက်နှာချင်းဆိုင်တွင် ရှိသော ထုထည်ကြီးမားသည့် အရာများအပေါ်၌ ကျရောက်ပြီး ဦးစွာပထမ ထိုအရာများကို အလင်းပေးလေသည်။ ထို့နောက် တစ်ဖန် ထိုအရာများမှတစ်ဆင့် အလင်းတန်းသည် ရောင်ပြန်ဟပ်၍ အခြားသော အရာများကို အလင်းပေးလေသည်။

ထိုအချက်အားဖြင့် သိရှိရသည်မှာ نور 'နူရ်'ဟူသော စာလုံးသည် မိမိ၏ အဘိဓါန်နှင့် ကျော်ကြားမှု ဝေါဟာရအဓိပ္ပာယ်များအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ ပင်ကိုယ်ဇာတိတော်အပေါ် သက်ရောက်မှု မရှိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်ခန္ဓာထုထည်မှအစ အရာအားလုံးနှင့် လွတ်ကင်းသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့ကြောင့် ဖော်ပြပါအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်အတွက် သုံးနှုန်းထားသည့် نور 'နူရ်'ဟူသော စာလုံး၏ သက်ရောက်သည့် အဓိပ္ပာယ်မှာ သဖ်စီးရ်အဖွင့်ပညာရှင်အားလုံးထံတွင် مُنَوِّر 'မုနောင်ဝိရ်' (အလင်းပေးသူ) ဟု ဖြစ်သည်။ တစ်ဖန် သာပိုမှု အဓိပ္ပာယ်ဆောင်သည့် စာလုံးများကဲ့သို့ အလင်းပေးသူကို 'အလင်း'ဟု နိုင်းနှိုင်းထားသည်။ ဂုဏ်သိက္ခာရှင်ကို ဂုဏ်သိက္ခာဟုလည်းကောင်း၊ တရားမျှတသူကို တရား မျှတခြင်းဟုလည်းကောင်း ပြောဆိုလေ့ရှိသည့်အတိုင်း ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ဖတ်ရှုပြီးခဲ့သည့်အတိုင်း 'အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင် ကမ္ဘာမြေပဝထဝီနှင့် ၎င်းတို့အတွင်း၌ နေထိုင်ကြကုန်သော အဖန်ဆင်းခံများကို 'နူရ်'ရောင်ခြည်တော် ချီးမြှင့်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်' ဟု ဖြစ်သည်။ ထို 'နူရ်'၏ အလိုသဘောမှာ 'ဟေဒါယသ်' (တရားလမ်းမှန်ခြင်း)၊ 'ရောင်ခြည်တော်' ဟု ဖြစ်သည်။ အိဗ်နေကစီးရ်သည် အိဗ်နေအဗ္ဗားစ် ﷺ ၏ ထံမှ ၎င်း၏ သဖ်စီးရ်ကို ဆင့်ပြန်ခဲ့သည်မှာ-

الله ها دی اهل السموت الارض

ဟု ဖြစ်သည်။

မုအ်မင်နိ၏ 'နူရ်' (ဟေဒါယသ်)

مَثَلُ نُوْرِهِ كَمِشْكٰوةٍ

အလ္လာဟ်အသျှင်မြတ်၏ 'ဟေဒါယသ်' (တရားလမ်းမှန်) ၏ 'နူရ်'ရောင်ခြည်တော်သည် မုအ်မင်နိ၏ နှလုံးသားအတွင်း၌ ရောက်ရှိကိန်းဝပ်လာသည်။ ဤသည် အံ့သြဖွယ်ဥပမာတစ်ခုပင် အိဗ်နေဂျရီးရ် (ရဟ) က ဟဇရသ်အုဗိုင်ဗင်နိကအဗ် ﷺ ထံမှ ၎င်း၏ သဗ်စီးရ်ကို ဆင့်ပြန်ခဲ့သည်မှာ-

هو المؤ من ا لّذى جعل الله الا يمان والقراٰن فى صد ره فضرب الله مثله
فقال الله نو ر السموت والارض فبد أ بنورنفسه ثمّ ذكر نورللمؤ من فقال
مثل نور مَنْ اٰمَن بِه فكان ابىّ بن كعب يقرأ ها مثل نور من اٰمن به

'အလ္လာဟ်အသျှင်မြတ်က အီမာန်နှင့် ကုရ်အာန်၏ 'ဟေဒါယသ်'တရားလမ်းမှန်ကို နှလုံးသား၌ ထည့်သွင်းပေးတော်မူထားသည့် မုအ်မင်နိ၏ ပမာဖြစ်သည်။ ဤအာယသ်တော်တွင် ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'နူရ်'ရောင်ခြည်တော်အကြောင်း တင်ပြထားသည်။

الله نورالسمٰوت والاَرض

တစ်ဖန် မုအ်မင်နိ၏ နှလုံးသားရှိ 'ဟေဒါယသ်'၏ ရောင်ခြည်တော်အကြောင်း တင်ပြထားတော်မူသည်မှာ **مَثَلُ نورِه** ဟု ဖြစ်သည်။ ဤအာယသ်တော်၏ 'ကိရအသ်'တွင်လည်း ဟဇရသ်အုဗိုင်ဗင်နိကအဗ် ﷺ ၏ 'ကိရအသ်'အရ **مَثَلُ نُوْرِه** ၏ နေရာတွင် **مَثَلُ نُوْرِ مَن اٰمن به** ဟု ဖြစ်သည်။ ဟဇရသ်စအီးဒ်ဗင်နိဂျုဗိုင်ရ် (ရဟ) သည် ဤ 'ကိရအသ်'နှင့် အာယသ်တော်၏ အလိုသဘောကိုပင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ထံမှလည်း ဆင့်ပြန်ခဲ့လေသည်။ အိဗ်နေကစီးရ် (ရဟ) က ဤဆင့်ပြန်ချက်များကို ဆင့်ပြန်ပြီးနောက် ရေးသားခဲ့သည်မှာ **مثل نوره** ၏ နာမ်စားနှင့် ပတ်သက်၍ သဗ်စီးရ် အဖွင့်ပညာရှင်များအကြား အဆိုနှစ်ရပ်ရှိသည်။ ယင်းတို့အနက် အဆိုတစ်ရပ်မှာ ဤနာမ်စားသည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ညွှန်းခြင်းဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ အဓိပ္ပာယ်မှာ မုအ်မင်နိ၏ နှလုံးသားတွင် သဘာဝအလျောက် ထည့်သွင်းခံရသည့် 'ဟေဒါယသ်'၏ 'နူရ်' ဥပမာမှာ **كمشكٰوة** ဖြစ်သည်။ ဤအဆိုသည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ အဆိုဖြစ်သည်။

ဒုတိယအဆိုမှာ ဤနာမ်စားသည် မုအ်မင်နိ၏ဘက်သို့သာ လှည့်သော နာမ်စားဖြစ်သည်။ ထို့ကြောင့် ထိုဥပမာ၏ အလိုသဘောမှာ မုအ်မင်နိ၏ ရင်ဘတ်သည် နံရံလိုဏ်ဂူနှင့် ပမာတူသည်။ ၎င်း၏ နှလုံးသားသည် ဖလ်မီးအိမ်နှင့် အလားတူသည်။ ထိုဖန်မီးအိမ်တွင် အလွန်သန့်ရှင်းသော သံလွင်ဆီသည် 'တရားလမ်းမှန် ရောင်ခြည်၏ ဥပမာဖြစ်သည်။ ထိုရောင်ခြည်သည် မုအ်မင်နိအဖို့ အပ်နှံ့ပစ္စည်း ဖြစ်ပေသည်။

ကိုယ်တိုင်သည်လည်း 'အမှန်တရားကို လက်ခံခြင်း' ဖြစ်သေည်။ သံလွင်ဆီသည် မီးတောက်လောင်မှုဖြင့် အခြားသော အရာများကို အလင်းရောင်ပေးသကဲ့သို့ မုအ်မင်န်၏ နှလုံးသားအတွင်း၌ ထားရှိသော 'တရားလမ်းမှန်၏ ရောင်ခြည်' သည် အသျှင်မြတ်၏ 'ဝဟီ'အမိန့်တော်နှင့် အသျှင်မြတ်၏ အသိရှေ့ဉာဏ်တော်တို့နှင့်အတူ ဆက်သွယ်မှု ရရှိသွားသည့်အခါ လင်းဝင်း၍ လောကကို အလင်းရောင်ပေးလေသည်။ ဆွဟာဗာဟ်များနှင့် သာဗိအီးန်များက ဤဥပမာကို မုအ်မင်န်၏ နှလုံးသားကိုသာ အထူးပြု ညွှန်းဆိုမိန့်ကြားခြင်းမှာ များသောအားဖြင့် ဤ 'နူရ်' (ဟေဒါယသ်) ၏ အကျိုးကို မုအ်မင်န်ကသာလျှင် ခံစားရသောကြောင့် ဖြစ်သည်။ ထိုသို့မဟုတ်ပါက သဘာဝအလျောက် 'ဟေဒါယသ်'၏ 'နူရ်' ဖြစ်မည်ဆိုလျှင် ကနဦးဖန်ဆင်းစဉ်က လူသား၏ နှလုံးသားတွင် ထည့်သွင်းပေးခဲ့သော 'ဟေဒါယသ်'၏ 'နူရ်'သည် မုအ်မင်န်အတွက်သာ အထူး မဟုတ်တော့ဘဲ လူသားတိုင်း၏ ဖန်ဆင်းမှုသဘာဝတွင် 'ဟေဒါယသ်'၏ 'နူရ်' ထည့်ပေးခံရခြင်း ဖြစ်ပေသည်။ ၎င်း၏ သက်ရောက်မှုမှာ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၊ ဒေသတိုင်းနှင့် ဘာသာတိုင်းမှ လူတို့သည် ၎င်းတို့၏ ပုံဖော်လုပ်ဆောင်မှုနှင့် နှိုင်းယှဉ်မှုများတွင် မည်ကဲ့သို့ပင် မှားယွင်းလွဲချော်နေကြသည်ဖြစ်စေ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ် တည်ရှိမှုနှင့် ထိုအသျှင်မြတ်၏ ကြီးမားလှစွာသော တန်ခိုးတော်တို့ကို သဘာဝအလျောက် လက်ခံလျက် ရှိကြသည်။ ထိုအသျှင်မြတ်ဘက်တော်သို့ ဦးလှည့်နေကြသည်။ သို့သော် အလ္လာဟ်အသျှင်မြတ် တည်ရှိနေတော်မူခြင်းကို လက်ခံကြပြီး အချို့ဗီဇပျက်စီးသွားသူများသာလျှင် အလ္လာဟ်အသျှင်မြတ်ကို ငြင်းပယ်ကြသည်။

ဟဒီးစ်တော်တစ်ပုဒ်တွင် ထိုအကြောင်းကို ထောက်ခံထားသည်မှာ-

كُلُّ مَوْلُوْدٍ يُوْلَدُ عَلَى الْفِطْرَةِ

'မွေးဖွားလာသမျှ ကလေးတိုင်းသည် အီမာန်၏ လမ်းမှန်တရားအပေါ်တွင် မွေးဖွားလာကြခြင်းဖြစ်သည်။ တစ်ဖန် ၎င်း၏ မိဘများက ၎င်းကို အီမာန်၏ လမ်းမှန်တရား၏ တောင်းဆိုချက်များမှ လွှဲဖယ်၍ လွဲမှားသော လမ်းကြောင်းအပေါ် ထည့်သွင်းလိုက်ခြင်းသာ ဖြစ်သည်'ဟူ၏။ အီမာန်၏ လမ်းမှန်တရားနှင့် ၎င်း၏ 'နူရ်'သည် လူသား၏ မွေးဖွားချိန်မှာပင် ၎င်း၏အတွင်း၌ ထည့်သွင်းထားရှိခြင်းခံရသည်။ ထိုတရားလမ်းမှန်၏ ရောင်ခြည်ဖြင့်ပင် ထိုလူသားတွင် အမှန်တရားကို လက်ခံနိုင်သော အရည်အချင်းများ ဖြစ်ပေါ်လာသည်။ နဗီတမန်တော်တို့နှင့် ၎င်းတို့၏ လက်ထောက်ကိုယ်စားလှယ်များ၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ'ဗျာဒိတ်တော်၏ အသိပညာများ ရောက်ရှိလာပါလျှင် ၎င်းတို့သည် ထိုအသိပညာများကို လွယ်လင့်တကူပင် လက်ခံလိုက်ကြသည်။ သို့ရာတွင် ထို 'နူရ်'ရောင်ခြည်တော်ကို မိမိတို့၏ လုပ်ရပ်များဖြင့် ဖယ်ရှားခြင်းပြုသည့် ယိုယွင်းပျက်စီး၊ နဖူးစာမဲ့သူများကား ထိုသူတို့တွင် မပါဝင်ပေ။ ထို့ကြောင့် ဤအာယသ်တော်၏အစတွင် 'နူရ်'ချီးမြှင့်ခြင်းကို ခြုံငုံ၍ မိန့်ကြားထားခြင်း ဖြစ်ပေသည်။ မြေပထဝီတွင် ရှိသူများနှင့် မိုးကောင်းကင်တွင် ရှိသူအားလုံး ပါဝင်သည်။ မုအ်မင်န်၊ ကာဖိရ်ဟူ၍ မည်သည့် အထူးသတ်မှတ်ချက်မျှ မရှိပေ။ နောက်ဆုံးအာယသ်တော်တွင်

يَهْدِى اللهُ لِنُوْرِهٖ مَنْ يَّشَآءُ

'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'နူရ်'အီမာန်ဘက်သို့ အလိုရှိသူကို လမ်းညွှန်တော်မူသည်' ဤနေရာတွင် အသျှင်မြတ်၏ အလိုတော်တူမှု၏ သတ်မှတ်ချက်သည် လူသားတိုင်းတွင် ထည့်သွင်းထားရှိသည့် ဖန်ဆင်းမှုသဘာဝ၏ 'နူရ်'ကို ဆိုလိုခြင်းမဟုတ်ဘဲ ကုရ်အာန်၏ 'နူရ်'ကို ဆိုလိုခြင်းဖြစ်သည်။ ထို 'နူရ်'သည် လူတိုင်း ရရှိသည့် 'နူရ်'မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ စွမ်းအားပေးခံရသည့် နဖူးစာကောင်းသူများသာ ရရှိခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါလျှင် လူသား၏ ကြိုးစားမှုသည်လည်း အလ္လာဟ်အသျှင်မြတ်၏ စွမ်းအားပေးမှု မပါရှိပါက အချည်းအနှီးဖြစ်ရုံမျှမကဘဲ တစ်ခါတစ်ရံ ဘေးဒဏ်ပင် သင့်တတ်ပါသည်။

اذا لم يكن عون من الله للفتى فا وّل مايجنى عليه اجتها د ه

ဆိုလိုသည်မှာ 'အကယ်၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဗန္ဒာဟ်လူသားအတွက် ကူညီစောင်မမှုမရှိပါလျှင် ၎င်း၏ ကြိုးပမ်းမှုသည်ပင် ၎င်းအား ပြန်၍ ဆုံးရှုံးစေနိုင်ပါသည်။'

နဗီတမန်တော်မြတ် ﷺ ၏ 'နူရ်' ရောင်ခြည်တော်

အေမာမ်ဗဂဝီ (ရဟ) က ဆင့်ပြန့်ချက်တစ်ခုကို ဆင့်ပြန့်ခဲ့သည်မှာ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သည် ကအဗ်အဟ်ဗားရ်အား ဤ مَثَلُ نُوْرِهٖ كَمِشْكٰوةٍ ဟူသော အာယတ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ 'အသင် မည်သို့ မြင်ပါသနည်း'ဟု မေးမြန်းခဲ့သည်။ ကအဗ်အဟ်ဗားရ်သည် 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်းတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သော အာလင်မ်မွတ်စ္စလင်မ် ဖြစ်သည်။ ၎င်းက ပြောဆိုသည်မှာ ဤဥပမာသည် တမန်တော်မြတ် ﷺ ၏ မြင့်မြတ်သော နှလုံးသားကို ဖော်ကျူးခြင်း ဖြစ်သည်။ مشكوة သည် ကိုယ်တော်မြတ် ﷺ ၏ ရင်ဘတ်တော်၊ زجاجه ဖလ်ပေါင်းချောင်သည် ကိုယ်တော်မြတ် ﷺ ၏ မြင့်မြတ်သော နှလုံးသားနှင့် مصباح (မီးအိမ်) သည် 'နဗူဝသ်'ဖြစ်သည်။ ထို 'နဗူဝသ်' ၏ အရည်အချင်းမှာ 'နဗူဝသ်' ကို ထုတ်ဖော်ကြေညာခြင်းမပြုမီကပင် ထို 'နဗူဝသ်'အတွင်း၌ လူသားတို့အတွက် လင်းရောင်ခြည်၏ အကြောင်းခံ ပစ္စည်းများ ပါရှိလေသည်။ တစ်ဖန် ထို 'နဗူဝသ်'၏ ထုတ်ဖော်ကြေညာခြင်းနှင့် အသျှင်မြတ်၏ 'ဝဟီ' ဗျာဒိတ်တော်တို့ ပေါင်းစပ်သွားသည့်အခါ ဤ 'နူရ်'သည် တစ်လောကလုံးကို လင်းဝင်းစေသော 'နူရ်'အဖြစ်သို့ ရောက်ရှိသွားသည်' ဟု ဖြစ်သည်။

နဗီကိုယ်တော်မြတ် ﷺ ၏ နဗီဖြစ်ကြောင်း ထုတ်ဖော်ကြေညာခြင်းနှင့် နဗီအဖြစ် စေလွှတ်ခြင်း မခံရမီကသာမက ကိုယ်တော်မြတ် ﷺ မွေးဖွားတော်မမူမီအလျင်ကပင် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်ခဲ့သည့် အံ့ဖွယ်ဆန်းကြယ် ဖြစ်ရပ်များသည် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်' နဗီဖြစ်ခြင်းကို သတင်းကောင်းပေး

နေခြင်းများ ဖြစ်သည်။ ဤဖြစ်ရပ်များကို မုဟဒ်ဒီးစ်တို့၏ ဝေါဟာရတွင် **ارهاصات** 'အိရ်ဟာဆွားသ်' ဟု ခေါ်သည်။ အကြောင်းမှာ **معجزه** 'မုအ်ဂျေဇာဟ်' ဟူသော စာလုံးမှာ 'နဗူဝသ်'၏ ကြေညာခြင်းကို ထောက်ခံရန် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ နဗီတမန်တော်တစ်ပါးပါး၏ လက်ဖြင့် ဖြစ်ပေါ်စေသော ဖြစ်ရပ်များ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့နောက် 'နဗူဝသ်'ကို မကြွေးကြော်မီအလျှင် ကမ္ဘာလောကတွင် ဖြစ်ပေါ် ခဲ့သော အံ့ဖွယ်ဆန်းကြယ်ကိစ္စများကို **ارهاصات** 'အိရ်ဟာဆွားသ်' ဟု ခေါ်သည်။ အလားတူ များစွာသော အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်များသည် ဆွဟီးဟ်မှန်ကန်သော ဆင့်ပြန်ချက်များဖြင့် အတည် ဖြစ်ခဲ့သည်။ ၎င်းတို့ကို ရှိုင်ခ်ဂျလာလွဒ်ဒီန်စီယူသွီး (ရဟ) က ဂျဆွာအိဆ်ွကုဗ်ရာကျမ်း၌လည်းကောင်း၊ အဘူနအီးမ်က ဒလာအိလွန်းနဗူဝသ်ကျမ်း၌လည်းကောင်း အခြားသော ပညာရှင်များသည် မိမိတို့၏ ခိုင်မာသော ကျမ်းများ၌လည်းကောင်း စုစည်းတင်ပြကြလေသည်။ ထိုအထဲတွင် ပြည့်စုံသော အပိုင်းတစ်ခုအဖြစ် သဖ်စီးရ် မဇ္ဇဟရီကျမ်း၌လည်း ဆင့်ပြန်ထားလေသည်။

သံလွင်ဆီ၏ 'ဗရ်ကသ်' မင်္ဂလာတော်များ

شَجَرَةٍ مُبٰرَكَةٍ زَيْتُوْنَةٍ

ဤအာယသ်တော်အားဖြင့် သံလွင်ဆီနှင့် သံလွင်ပင်တို့သည် ထူးမြတ်၍ အကျိုးဖြစ်ထွန်းစေ ကြောင်း အတည်ဖြစ်သည်။ ပညာရှင်များက မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုသံလွင်ဆီတွင် များစွာသော အကျိုးအာနိသင်များနှင့် အကျိုးထူးများကို ထည့်သွင်းပေးထားတော်မူသည်။ သံလွင်ဆီအား ဆီမီးများ၌ အလင်းရောင်အတွက် အသုံးပြုကြလေသည်။ သံလွင်ဆီဖြင့် ထွန်းညှိသည့် အလင်းရောင်သည် အခြားဆီဟူသရွေ့၏ အလင်းရောင်ထက် များစွာ စူးရှလင်းဝင်းသည်။ ၎င်းကို ရိုတီ၊ မုန့်နှင့်အတူ ဟင်းအစားအသုံးပြု၍ စားသုံးရသည်။ သံလွင်အသီးကို သစ်သီးဝလံများကဲ့သို့ စားသုံးရသည်။ သံလွင်ဆီကို ထုတ်ယူရန် မည်သည့်စက်၊ မည်သည့်ဆုံ စသည်တို့ မလိုအပ်ပေ။ အလိုအလျောက် အသီးမှ ထွက်သော ဆီဖြစ်သည်။ တမန်တော်မြတ် ﷺ က 'သံလွင်ဆီကို စားသုံးခြင်းလည်း ပြုကြကုန်။ ခန္ဓာကိုယ်၌ လိမ်းကျံခြင်းလည်း ပြုကြလေကုန်။ အဘယ်ကြောင့်ဆိုသော် ဤသံလွင်ပင်သည် ထူးကဲသော 'ဗရ်ကသ်'မင်္ဂလာတော်များ ရှိသောကြောင့်ပင် ဖြစ်သည်'ဟု မိန့်ကြားတော်မူခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

فِيْ بُيُوْتٍ اَذِنَ اللّٰهُ اَنْ تُرْفَعَ وَيُذْكَرَ فِيْهَا اسْمُهٗ يُسَبِّحُ لَهٗ فِيْهَا بِالْغُدُوِّ وَالْاٰصَالِ

ရှေ့၌ လာပြီးဖြစ်သည့် အာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်၏ နှလုံးသားတွင် မိမိ၏ 'ဟေဒါယသ်'၏ 'နူရ်'ကို ထည့်ပေးခြင်းအကြောင်း အထူးဥပမာတစ်ခုနှင့် တင်ပြခဲ့သည်။ ထို့နောက် နောက်ဆုံးတွင် ထို 'နူရ်'ဖြင့် အကျိုးခံစားခွင့်သည် အလ္လာဟ်အသျှင်မြတ် အလိုတော်ဟူ၍

ထိုအသျှင်မြတ်က စွမ်းအားပေးခံရသော သူများသာ ရရှိပေမည်ဟု မိန့်ကြားတော်မူထားသည်။ ဤအာယသ်တော်တွင် ဤကဲ့သို့သော မုအ်မင်န်တို့၏ အဓိကနေရာသည် အထူးသဖြင့် (၅) ကြိမ်နမာဇ်များတွင် အချိန်အများဆုံး ၎င်းတို့အား တွေ့မြင်နိုင်သော နေရာများ ဖြစ်သည်။ ထိုနေရာများနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်က ထိုနေရာများကို မြင့်မားစွာ ထားရှိကြကုန်ဟု မိန့်ဆိုထားပြီး ထိုနေရာများတွင် အလ္လာဟ်အသျှင်မြတ်၏ တသမှုကို ပြုကြရမည်'ဟု အမိန့်ပေးထားတော်မူသည်။ ထိုအဆောက်အအုံ၊ နေရာများ၏ ထူးမြတ်မှုမှာ ထိုနေရာများတွင် အလ္လာဟ်အသျှင်မြတ်၏ နာမတော်၏ စင်ကြယ်သန့်ရှင်းမှုကို နံနက်၊ ညနေ အချိန်တိုင်းတွင် ဤကဲ့သို့ သောသူများက ပြုလျက်ရှိနေကြသည်။ ထိုသူတို့၏ ထူးခြားသော ဂုဏ်ရည်များကို ရှေ့တွင် ဖော်ပြပါမည်။

ဤအကြောင်းကို တင်ပြရခြင်းမှာ သဒ္ဒါပညာအရ ပေါင်းစပ်မှုတွင် فِى بُيُوْتٍ ၏ ဆက်နွယ်မှုသည် အာယသ်တော်၏ စာပိုဒ်တစ်ပိုဒ်ဖြစ်သော يَهْدِى اللّٰهُ لِنُوْرِهٖ နှင့် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အချို့ပညာရှင်များက 'ဤဆက်နွယ်မှုသည် မြုပ်နှံထားသော يُسَبِّحُ ဟူသော စာလုံးနှင့် ဖြစ်သည်။ ၎င်းအပေါ်တွင် ရှေ့၌လာရှိသော يُسَبِّحُ ဟူသော စာလုံးတို့က ညွှန်ပြနေသည်'ဟု ဆိုကြသည်။ သို့ရာတွင် ပထမအဓိပ္ပာယ်ကောက်ယူမှုသည် စာလုံးအသွားအလာကို ထောက်ရှုခြင်းအားဖြင့် အကောင်းဆုံး ဖြစ်သည်ဟု ယူဆရပါသည်။ သို့ရှိရာ အာယသ်တော်၏ အလိုသဘောမှာ ရှေ့မှ ဥပမာတွင် အလ္လာဟ်အသျှင်မြတ်၏ 'ဟေဒါယသ်'၏ 'နူရ်'အကြောင်းကို တင်ပြထားသည်။ ၎င်းကို ရရှိရန်မှာ နံနက်၊ ညနေ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို တသနေသည့် အဆောက်အဦး၊ နေရာများတွင် ဖြစ်သည်' ဟူ၏။ အများစု အဖွင့်ပညာရှင်တို့ထံတွင် ထိုအဆောက်အဦး၊ အိမ်၊ နေရာများသည် ဗလီဝတ်ကျောင်းတော်များကို ဆိုလိုခြင်းဖြစ်သည်' ဟု ဆိုကြသည်။

ဗလီဝတ်ကျောင်းတော်များသည် အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်များဖြစ်၍ ၎င်းအိမ်တော်များကို ရိုသေလေးစားရန်မှာ 'ဝါဂျိဗ်' ဖြစ်ခြင်း

ကုရ်သုဗီ (ရဟ) သည် ဤသည်ကိုပင် ဦးစားပေးခဲ့သည်။ အထောက်အထားအဖြစ် ဟဇရသ်အနတ်စ် ၏ ဟဒီးစ်တော်ကို တင်ပြခဲ့သည်။ ဤဟဒီးစ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ-

من احبّ الله عزّ وجلّ فليحبّنى ومن احبّنى فليحبّ اصحا بى ومن احبّ

اصحابى فليحبّ القراٰن ومن احب القراٰن فليحبّ المساجد فانها افنية الله

اذ ن الله فى رفعها وبارك فيها ميمو نة ميمون اهلها محفوظة محفوظ اهلها هم
فى صلا تهم والله عزّ وجلّ فى حوا ئحجهم هم فى المساجد والله من ورا ئهم

'အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အား ချစ်မြတ်နိုးလိုပါလျှင် ထိုသူသည် ကျွန်ုပ်အား ချစ်မြတ်နိုးရမည်။ ကျွန်ုပ်အား ချစ်မြတ်နိုးလိုပါလျှင် ကျွန်ုပ်၏ ဆွဟာဗာများကို ချစ်မြတ်နိုးရမည်။ ဆွဟာဗာသာဝကများကို ချစ်မြတ်နိုးလိုပါလျှင် ထိုသူသည် ကုရ်အာန်ကို ချစ်မြတ်နိုးရမည်။ ကုရ်အာန်အား ချစ်မြတ်နိုးလိုပါလျှင် ဗလီဝတ်ကျောင်းတော်များကို ချစ်မြတ်နိုးရမည်။ အဘယ်ကြောင့်ဆိုသော် ထိုဗလီဝတ်ကျောင်းတော်များသည် အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်များဖြစ်ပြီး အလ္လာဟ်အသျှင်မြတ်က ထိုအိမ်တော်များကို အလေးအမြတ်ပြုရန် အမိန့်ပေးထားသောကြောင့် ဖြစ်သည်။ ထိုဗလီဝတ်ကျောင်းတော်များတွင် အလ္လာဟ်အသျှင်မြတ်သည် 'ဗရ်ကသ်'မင်္ဂလာတော်များကို ထားရှိတော်မူသည်။ ဗလီဝတ်ကျောင်းတော်များသည်လည်း 'ဗရ်ကသ်'မင်္ဂလာတော်နှင့် ပြည့်စုံသည်။ ထိုဗလီဝတ်ကျောင်းတော်အတွင်း၌ ရှိနေကြသူတို့သည်လည်း 'ဗရ်ကသ်'မင်္ဂလာတော်များနှင့် ပြည့်စုံကြသည်။ ထိုဝတ်ကျောင်းတော်များသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုတွင် ဖြစ်သည်။ ၎င်းတို့သည် မိမိတို့၏ နမာဇ်များတွင် မွေ့လျော်နေကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အလုပ်များကို ပြီးမြောက်စေတော်မူသည်။ ထို့နောက် ၎င်းတို့၏ လိုလားချက်များကို ဖြည့်ဆည်းပေးတော်မူသည်။ ၎င်းတို့သည် ဗလီဝတ်ကျောင်းတော်များ၌ ရှိကြသောအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ နောက်မှ ဥစ္စာပစ္စည်းများကို ကာကွယ်စောင့်ရှောက်ပေးတော်မူသည်။ *[ကုရ်သုဗီကျမ်း]*

ဗလီဝတ်ကျောင်းတော်များကို မြှင့်တင်ခြင်း (ရိုသေလေးမြတ်ခြင်း) ၏ အဓိပ္ပာယ်

اَذِنَ اللهُ اَنْ تُرْفَعَ

اَذِنَ သည် اِذْنٌ ဟူသော စာလုံးမှ ခွဲထွက်သည့် စာလုံးဖြစ်သည်။ 'ခွင့်ပြုခြင်း'ဟု အဓိပ္ပာယ်ရသည်။ تُرْفَعَ သည် رَفْعٌ ဟူသော စာလုံးမှ ဆင်းသက်လာသည့် စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'မြှင့်တင်ခြင်း'၊ 'ရိုသေလေးမြတ်ခြင်း' ဟု ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် ဗလီဝတ်ကျောင်းတော်များကို မြှင့်တင်ခြင်းပြုရန် ခွင့်ပြုတော်မူသည်' ဟု ဖြစ်သည်။ ခွင့်ပြုခြင်းဟူသည့်သဘောမှာ ထိုသို့ပြုရန် အမိန့်ပေးခြင်းကို ဆိုလိုသည်။ မြှင့်တင်ခြင်းဟူသည့် သဘောမှာ ရိုသေလေးမြတ်မှုပြုရန်ဟု ဆိုလိုခြင်းဖြစ်သည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က မိန့်ဆိုသည်မှာ 'မြှင့်တင်ခြင်း' (ရိုသေလေးစားခြင်း) ပြုရန်ဟူသော အမိန့်တွင် အလ္လာဟ်အသျှင်မြတ်သည် ဗလီဝတ်ကျောင်းတော်များတွင် အလဟာသ အချည်းအနှီးကိစ္စများပြုခြင်းနှင့် အကျိုးမဲ့စကားများ ပြောဆိုခြင်းမှ တားမြစ်တော်မူခြင်းဖြစ်သည်'ဟူ၏။ *[အိဗ်နေကဆီးရ်]*

အက္ကရမဟ် (ရဟ) နှင့် မုဂျာဟိဒ် (ရဟ) တို့က မိန့်ဆိုသည်မှာ **رفع** (မြှင့်တင်ခြင်း) ၏ အလို သဘောမှာ 'ဗလီဆောက်လုပ်ခြင်း ဖြစ်သည်' ဟု ဆိုကြသည်။ ဥပမာ- 'ကအ်ဗာဟ်' ဆောက်လုပ်ခြင်း နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင်

وَاِذْ يَرْفَعُ اِبْرَاهِيْمُ الْقَوَاعِدَ مِنَ الْبَيْتِ

ဟု လာရှိထားသည်။ ဤအာယသ်တော်တွင် **رفع قواعد** 'အုတ်မြစ်မြှင့်တင်ခြင်း' ဆိုသည်မှာ အုတ်မြစ်ချ ဆောက်လုပ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဟစန်ဗဆွရီ (ရဟ) က မိန့်ဆိုသည်မှာ **مساجد** **رفع** ၏ အလိုသဘောမှာ ဗလီဝတ်ကျောင်းတော်များကို လေးစားဂုဏ်ပေးခြင်း၊ အထွတ်အမြတ်ထား ခြင်း၊ အညစ်အကြေး၊ မသန့်သောအရာများမှ သန့်ရှင်းစွာ ထားခြင်းဖြစ်သည်ဟု ဖြစ်သည်။ ဥပမာ- ဟဒီးစ်တော်တစ်ပါးတွင် လာရှိသည်မှာ 'ဗလီဝတ်ကျောင်းတော်တွင် မသန့်သော အညစ်အကြေး ယူဆောင် လာမည်ဆိုပါက ဗလီဝတ်ကျောင်းတော်သည် ထိုအညစ်အကြေးကြောင့် လူ၏ အရေပြား၌ မီးထိလျှင် တွန့်သွားသကဲ့သို့ ဗလီဝတ်ကျောင်းတော်မှာ တွန့်သွားလေသည်။' ဟဇရသ်အဘူစအီးဒ်ခွ်ဒရီ ﷺ က မိန့်ဆို သည်မှာ 'တမန်တော်မြတ် ﷺ က 'အကြင်သူသည် ဗလီဝတ်ကျောင်းတော်မှ မသန့်သော အရာများ၊ အညစ်အကြေးများနှင့် ဒုက္ခရောက်စေသော အရာများကို ဖယ်ရှားပေးခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ် သည် ၎င်းသူအတွက် 'ဂျန္နသ်' တွင် အိမ်ဆောက်လုပ်ပေးတော်မူမည်' ဟု မိန့်ကြားတော်မူခဲ့သည်' ဟု ဖြစ်သည်။ *[အိဗ်နေမာဂျာဟ်]*

ဟဇရသ်စ္စိဒ်ဒီးက်အာအေရှာဟ် ﷺ သခင်မက မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ သည် ကျွန်ုပ် တို့အား 'မိမိတို့အိမ်များတွင်လည်း ဗလီများ (နမာဇ်ဝတ်ပြုရန် အထူးသီးသန့်နေရာများ) ပြုလုပ်ကြကုန်။ ထို့နောက် ထိုနေရာများကို သန့်ရှင်းစွာထားရန် အလေးအနက်ပြုကြကုန်' ဟု အမိန့်ပေးတော်မူခဲ့သည်။

[ကုရ်သုဗီကျမ်း]

အဓိကအချက်မှာ **تُرْفَعَ** ဟူသော စာလုံးတွင် ဗလီဝတ်ကျောင်းတော်များ ဆောက်လုပ်ခြင်းလည်း ပါဝင်သည်။ ထိုဗလီဝတ်ကျောင်းတော်များကို ရိုသေလေးစားရန်နှင့် သန့်ရှင်းစင်ကြယ်စွာ ထားရှိရန်လည်း ဖြစ်သည်။ သန့်ရှင်းစင်ကြယ်စွာ ထားရမည်ဆိုခြင်းတွင် မသန့်သော အရာတိုင်းနှင့် အညစ်အကြေး ဟူသရွေ့ တို့မှ သန့်ရှင်းစွာ ထားခြင်းလည်း ပါဝင်သည်။ ထို့ပြင် ဗလီဝတ်ကျောင်းတော်များကို နံသည့် အရာများမှ သန့်ရှင်းစွာ ထားရန်လည်း ပါဝင်သည်။ ထို့ကြောင့်ပင် တမန်တော်မြတ် ﷺ က ကြက်သွန်ဖြူ (သို့) ကြက်သွန်နီများ စားသုံးပြီး ပါးစပ်ကို သန့်စင်ခြင်းမပြုဘဲ ဗလီဝတ်ကျောင်းတော်၌ လာခြင်းကို တားမြစ် တော်မူခဲ့ခြင်း ဖြစ်သည်။ ဤအကြောင်းသည် ဟဒီးစ်ကျမ်းကြီးများ၌ လာရှိပေသည်။ စီးကရက်၊ ဆေးတံ နှင့် ကွမ်းယာမှ ဆေးများ စားသုံး၍ ဗလီဝတ်ကျောင်းတော်သို့ သွားခြင်းသည်လည်း ဤအမိန့်အတိုင်းပင် ဖြစ်သည်။ ဗလီဝတ်ကျောင်းတော်၌ ရေနံဆီ မီးခွက်ထွန်းရာတွင် နံသည့် အနံ့လာရှိသည်ဖြစ်ရာ ဤသည် မှာလည်း ဖော်ပြပါ အမိန့်အတိုင်းဖြစ်သည်။ မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အုမရ် ﷺ က ဆင့်ပြန်ခဲ့

သည်မှာ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ က အကြင်သူ၏ ပါးစပ်မှ ကြက်သွန်ဖြူ (သို့) ကြက်သွန်နီ၏ အနံ့ဆိုးရရှိပါလျှင် ထိုသူ့အား ဗလီမှ မောင်းထုတ်၍ ဗကီးအ် (သင်္ချိုင်း) တွင် လွှတ်လိုက်သည်။ ထို့နောက် 'အကြင်သူသည် ကြက်သွန်ဖြူ (သို့) ကြက်သွန်နီစားရန် ဖြစ်ပါလျှင် ၎င်းတို့ကို အနံ့ပျောက်သည်အထိ ကောင်းစွာ ချက်ပြုတ်၍ စားသောက်ကြလေကုန်' ဟု မိန့်ကြားတော်မူသည်ကို တွေ့မြင်ခဲ့ရပါသည်။

ဖေကာဟ်ပညာရှင်များက ထိုဟဒီးစ်ဖြင့် ကိုးကား၍ မိန့်ဆိုကြသည်မှာ 'အကြင်သူ၌ ဤကဲ့သို့သော ရောဂါမျိုးရှိသည်။ ထိုရောဂါကြောင့် ထိုသူ၏ အနီးအပါး၌ ရပ်ကြသူများကို ဒုက္ခရောက်စေနိုင်ပါလျှင် ထိုသူအားလည်း ဗလီမှ ဖယ်ရှားပစ်နိုင်သည်။ ထိုသူ့အဖို့လည်း ဤရောဂါရှိနေသရွေ့ နမာဇ်ကို အိမ်၌ပင် ဖတ်သင့်သည်။

'မတ်စ်ဂျီဒ်ဒွေရဖအ်' (ဗလီဝတ်ကျောင်းတော်ကို မြင့်တင်ခြင်း) ၏ အလိုသဘောသည် ဆွဟာဗာအများစုနှင့် သာဗိအီန် (ရဟ) သခင်တို့ထံတွင် ဗလီဝတ်ကျောင်းတော်များ ဆောက်လုပ်ခြင်းနှင့် ထိုဝတ်ကျောင်းတော်များကို မကောင်းခြင်းဟူသရွေ့မှ သန့်ရှင်းစင်ကြယ်စွာ ထားရှိခြင်းပင် ဖြစ်သည်။ အချို့ပညာရှင်များက ဤနေရာတွင် ဗလီဝတ်ကျောင်းတော်များ၏ ပေါ်လွင်ထင်ရှားသော ခံ့ညားထည်ဝါမှုနှင့် အဆောက်အဦးမြင့်မားခြင်းတို့ကိုလည်း ထည့်သွင်းသတ်မှတ်ကြသည်။ ၎င်းတို့က အထောက်အထား တင်ပြကြသည်မှာ ဟဇရတ်အွတ်စမာန်းဂနီ ﷺ သည် 'မတ်စ်ဂျီဒ်ဒွေနဗဝီ' တမန်တော်မြတ် ﷺ ၏ ဗလီဝတ်ကျောင်းတော်ကို (စားလ်) မည်သော (ကျွန်း (သို့) ကျွန်းကဲ့သို့သော) အကောင်းဆုံးသစ်များဖြင့် ခံ့ညားထည်ဝါစွာ ဆောက်လုပ်ခဲ့သည်။ ဟဇရတ်အုမရ်ဗင်န်အဗ်ဒွလ်အဇီးဇ် (ရဟ) သည် 'မတ်စ်ဂျီဒ်ဒွေနဗဝီ' ဗလီဝတ်ကျောင်းတော်ကို အလွန်လှပတင့်တယ်စွာ အကောင်းဆုံး ဆောက်လုပ်ခဲ့သည်။ ဤသည်မှာ ဆွဟာဗာများ သက်ရှိထင်ရှားရှိသည့် ခေတ်သမယဖြစ်သည်။ မည်သည့်ဆွဟာဗာကမျှ ၎င်း၏ ဤလုပ်ရပ်ကို ဆန့်ကျင်မှု မပြုခဲ့ကြပေ။ နောက်ပိုင်းခေတ် ဘုရင်များသည် ဗလီများဆောက်လုပ်ရာတွင် များစွာသော ဥစ္စာငွေကြေးများကို သုံးစွဲခဲ့ကြသည်။ ဝလီးဒ်ဗင်န်အဗ်ဒွလ်မလီက်သည် မိမိ၏ ခိလာဖသ်ဖြစ်သည့် ကာလတွင် 'ဒမတ်စကတ်'ရှိ 'ဂျာမိအ်'ဗလီကြီးကို ဆောက်လုပ်ခြင်းနှင့် အလှဆင်ခြယ်သရာတွင် ဆီးရီးယားတစ်နိုင်ငံလုံး၏ တစ်နှစ်တာဝင်ငွေထက်သုံးဆပို၍ ဥစ္စာငွေကြေးများကို သုံးစွဲခဲ့သည်။ ၎င်းဆောက်လုပ်ခဲ့သည့် ဤဗလီကြီးသည် ယခုတိုင် တည်ရှိနေသည်။ အေမာမ်အဘူဟနီဖာဟ် (ရဟ) ထံတွင် အမည်ကျော်ကြားရန်၊ ကြွားဝါရန်အတွက်မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်ကို ဂုဏ်ပေးလေးစားခြင်းဟူသော 'နီယသ်'ဖြင့် ဗလီကို ခံ့ညားထည်ဝါစွာလည်းကောင်း၊ မြင့်မားခိုင်ခံ့စွာလည်းကောင်း၊ လှပတင့်တယ်စွာလည်းကောင်း ဆောက်လုပ်ခဲ့မည်ဆိုလျှင် မည်သည့်တားမြစ်ချက်မျှ မရှိသည့်အပြင် 'စဝါးဗ်'ကုသိုလ်ကို မျှော်ကိုးဖွယ်ရာပင် ဖြစ်သည်။

ဗလီဝတ်ကျောင်းတော်၏ အချို့ထူးမြတ်မှုများ

အဘူဒါဝူးဒ် (ရဟ) သည် ဟဇရတ်အဘူအုမာမဟ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အကြင်သူသည် မိမိအိမ်မှ ဝူဇူပြု၍ 'ဖွရဇ်'နမာဇ်အတွက် ဗလီဝတ်ကျောင်း

တော်သို့ သွားပါလျှင် ၎င်း၏ အကျိုးစဝါးမ်သည် 'အိဟ်ရာမ်'ဝတ်လျက် အိမ်မှ 'ဟဂျ်'ပြုရန် ထွက်ခွာသူကဲ့သို့ ဖြစ်သည်။ ထို့အပြင် အကြင်သူသည် 'အိရှ်ရားက်' နမာဇ်အတွက် မိမိအိမ်မှ ဝူဇူပြုလျက် ဗလီသို့ သွားပါလျှင် ထိုသူ၏ အကျိုးစဝါးမ်မှာ 'အွမ်ရာဟ်'ပြုသူကဲ့သို့ ဖြစ်သည်။ ထို့ပြင် နမာဇ်တစ်ကြိမ်ပြီးလျှင် နောက်လာမည့် နမာဇ်အတွင်း ကြားကာလတွင် မည်သည့်အလုပ်မှ မလုပ်၊ (သို့) မည်သည့်စကားမျှ မပြောဆိုသူအဖို့ 'အိလ်လီယီးန်' ('ဂျန္နသ်'၏ အမြင့်ဆုံးအဆင့်၌ နေရသူများ) တွင် ရေးမှတ်ခြင်း ခံရပေမည်။ ဟဇရသ်ဗရီဒဟ် ﷺ က ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ က 'ညဥ့်အမှောင်၌ ဗလီသို့ သွားသူများအဖို့ 'ကေယာမသ်'နေ့တွင် နူရ်လင်းဝင်းမှု ရောင်ခြည်အပြည့် ရရှိလိမ့်မည်ဟု သတင်းကောင်းပေးကြကုန်'ဟု မိန့်ကြားတော်မူခဲ့သည်။ *[မွတ်စ္စလင်မ်ကျမ်း]*

မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ မှ ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အမျိုးသား၏ နမာဇ်သည် 'ဂျမာအသ်'နှင့်အတူ 'အဒါ'ပြု ထမ်းဆောင်လိုက်ခြင်းသည် အိမ်၌လည်းကောင်း (သို့) ဆိုင်၌လည်းကောင်း နမာဇ်ဖတ်ခြင်းထက် အဆနှစ်ဆယ်ပိုသော ထူးမြတ်မှုဖြစ်သည်။ အကြောင်းမှာ လူတစ်ဦးသည် (စွန္နသ်နှင့်အညီ) ကောင်းစွာ ဝူဇူပြုလိုက်သည်။ ထို့နောက် ဗလီဝတ်ကျောင်းတော်သို့ နမာဇ်၏ နီယသ်သက်သက်ဖြင့် သွားသည်။ အခြားသော မည်သည့် ရည်ရွယ်ချက်မျှ မပါရှိပါလျှင် ဗလီမရောက်မချင်း ၎င်း၏ ခြေလှမ်းတိုင်းတွင် ၎င်းအတွက် အဆင့်တစ်ခု တိုး၍ အပြစ်တစ်ခု ပလပ်ခြင်း ခံရပေသည်။ တစ်ဖန် 'ဂျမာအသ်'ကို စောင့်ဆိုင်းခြင်း၌ ထိုင်နေသရွေ့ နမာဇ်ဝတ်ပြုနေသည့်အလား 'စဝါးမ်'ရရှိလျက် ရှိနေပေမည်။ ဖရစ်ရှ်သာဟ်များက ၎င်းသူအတွက် 'အို့၊ အလ္လာဟ်၊ ထိုသူ့အပေါ် 'ရဟ်မသ်' ပို့ချပေးတော်မူပါ။ ၎င်းအား 'မဂ်ဖွေရသ်' (လွတ်ငြိမ်းချမ်းသာခွင့်) ပေးတော်မူပါ' ဟူ၍ ထိုသူက မည်သူ့ကိုမျှ ဒုက္ခမရောက်စေလျှင်သော်လည်းကောင်း၊ ၎င်း၏ ဝူဇူမပျက်မချင်းသော်လည်းကောင်း ဒိုအာဆုမွန် တောင်းပေးလျက် ရှိကြပေမည်။

ဟဇရသ်ဟိကမ်ဗင်နိအုမိုင်းရ် ﷺ က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'လောကတွင် ဧည့်သည့်များသဖွယ် နေထိုင်ကြကုန်။ ဗလီဝတ်ကျောင်းတော်များကို မိမိတို့၏ အိမ်များအဖြစ် ပြုကြကုန်။ မိမိတို့၏ စိတ်များကို နူးညံ့သိမ်မွေ့မှုရှိအောင် ပြုကျင့်ကြကုန်။ ထို့အပြင် (အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များတွင်) များမြောင်စွာ စဥ်းစားခြင်းပြုကြလေကုန်။ ထို့နောက် များမြောင်စွာ (အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့၍) ငိုကြလေကုန်။ လောက၏ ရမ္မက်ဆန္ဒများက အသင့်အား ဤအခြေအနေများမှ ကွဲလွဲစွာ ပြုခြင်း မဖြစ်စေနှင့်။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် အိမ်များကို အကျိုးမဲ့ ဆောက်လုပ်ခြင်းများ၌ လုံးပမ်းကြသည်။ စင်စစ် ထိုအိမ်များသည် အသင်တို့ နေထိုင်ရမည် မဟုတ်ပေ။ တစ်ဖန် လိုအပ်သည်ထက် ပို၍ ဥစ္စာပစ္စည်းများ စုဆောင်းခြင်း၏ သောက၌ နစ်မွန်းနေကြသည်။ အနာဂတ်အတွက် အသင်တို့ မရရှိနိုင်သော အရာများအတွက် အကျိုးမဲ့သော မျှော်လင့်ချက်များ၌ နစ်မွန်းနေကြသည်' ဟု ဖြစ်သည်။

ဟဇရသ်အဘူဒရ်ဒါဟ် ﷺ က မိမိ၏ သားကို ဆုံးမစကား ပြောကြားသည်မှာ 'အသင်၏ အိမ်သည် ဗလီဖြစ်ရမည်။ အကြောင်းမှာ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ က 'ဗလီဝတ်ကျောင်းတော်များသည်

ပြစ်မှု ရှောင်ကြဉ်သူများ၏ အိမ်ဖြစ်သည်။ အကြင်သူသည် ဗလီဝတ်ကျောင်းတော်များကို ('ဇိကိရ်' များ မြောင်စွာ ပြုခြင်းအားဖြင့်) မိမိ၏ အိမ်အဖြစ် ပြုလုပ်လိုက်ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့ အတွက် အေးချမ်းသာယာမှုနှင့် 'ပွလ်ဆွေရားသ်' တံတားကို လွယ်ကူစွာ ဖြတ်ကျော်နိုင်စေရန် တာဝန်ယူသူ ဖြစ်သွားပေသည်'ဟု မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသောကြောင့် ဖြစ်သည်'ဟု ပြောပြလေသည်။

အဘူဆွာဒိက်အဇ်ဝီက ရှုအိုင်ဗ်ဗင်န်ဟိဂျားဗ်အား 'ဗလီများကို အလေးထားပါ။ အဘယ်ကြောင့် ဆိုသော် 'ဗလီဝတ်ကျောင်းတော်များသည် နဗီတမန်တော်တို့၏ ထိုင်ဝိုင်းများ ဖြစ်ခဲ့သည်'ဟူသော ဆင့်ပြန် ချက် ကျွန်ုပ်ထံသို့ ရောက်ရှိခဲ့သောကြောင့် ဖြစ်သည်'ဟူ၍ စာရေးပို့ခဲ့သည်။

ဟဒီးစ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'နောက်ဆုံး ခေတ်သယမ တွင် ဗလီဝတ်ကျောင်းတော်များတွင် လာရောက်၍ လူတို့သည် ဝိုင်းများဖွဲ့၍ ထိုင်ကြပေမည်။ ဗလီတွင် လောကီရေးနှင့် လောကီရေး ချစ်ခင်ခြင်းများအကြောင်းကိုသာ ပြောဆိုသူများ ပေါ်ပေါက်လာပေလိမ့် မည်။ အသင်တို့သည် ဤကဲ့သို့သော သူများနှင့် အတူမထိုင်ကြလေနှင့်။ အကြောင်းမှာ အလ္လာဟ်အသျှင် မြတ်အဖို့ ဤနည်းဖြင့် ဗလီဝတ်ကျောင်းတော်၌ လာရောက် သူများကို လိုအပ်တော်မမူသောကြောင့် ဖြစ် သည်' ဟူ၏။ ဟဇရသ်စအီးဒ်ဗင်န်မုစိုင်ယဗ် ؓ က မိန့်ဆိုသည်မှာ 'အကြင်သူသည် ဗလီဝတ်ကျောင်း တော်၌ ထိုင်နေပါလျှင် ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ ထိုင်ဝိုင်းတွင် ထိုင်နေသူဖြစ်သည်။ ထို့ကြောင့် 'ကောင်းသော စကားများမှအပ အခြားသော စကားများ မပြောမိစေရန်မှာ ထိုသူ၏ တာဝန်ဖြစ်သည်။

[ကုရ်သုဗီကျမ်း]

ဗလီနှင့် စပ်လျဉ်းသော စည်းကမ်းချက် (၁၅) ချက်

ပညာရှင်များက ဗလီနှင့် စပ်လျဉ်းသော စည်းကမ်းချက်များတွင် (၁၅) ချက်ကို တင်ပြထားသည်။ ယင်းတို့မှာ-

(၁) ဗလီသို့ ရောက်သည့်အခါ လူအချို့ထိုင်နေသည်ကို တွေ့ရလျှင် ၎င်းတို့အား 'စလာမ်' ပေးရမည်။ အကယ်၍ မည်သူမျှ မရှိပါလျှင်

اَلسَّلَامُ عَلَيْنَا وَعَلٰى عِبَادِ اللهِ الصَّالِحِيْنَ

ဟု ဆိုရမည်။ (သို့သော် ဤအခြေအနေမှာ ဗလီ၌ ရှိသူတို့သည် 'နဖိလ်နမာဇ်' ဖတ်ခြင်း၊ 'သေလာဝသ်' နှင့် 'သတ်စ်ဗီးဟ်' စသည်များတွင် မွေ့လျော်မနေသော အခြေအနေတွင် ဖြစ်သည်။ ထိုသို့ မဟုတ်ပါက ၎င်းတို့အပေါ် 'စလာမ်'ပေးခြင်း မပိုင်။)

(၂) ဗလီဝတ်ကျောင်းတော်အတွင်းသို့ ဝင်ရောက်၍ မထိုင်မီ 'သဟီယသွလ်မတ်စ်ဂျိဒ်' နမာဇ် နှစ်ရကအသ်ဖတ်ရမည်။ (ဤသည်မှာလည်း နမာဇ်ဝတ်ပြုရန် 'မက္ကရူးဟ်'ဖြစ်သော အချိန်များတွင် မဖြစ်ရပေ။ ဥပမာ- နေထွက်ချိန်၊ မွန်းတည့်ချိန်နှင့် နေဝင်ချိန်တို့ ဖြစ်သည်)

(၃) ဗလီတွင် အရောင်းအဝယ်မပြုလုပ်ရ။

(၄) ဗလီတွင် မြှားတံနှင့် ဓါးများ မထုတ်ရ။
(၅) ဗလီတွင် မိမိ၏ ပျောက်ဆုံးပစ္စည်း ရှာဖွေရန် ကြေညာခြင်းမပြုရ။
(၆) ဗလီ၌ အသံကျယ်လောင်မှု မဖြစ်စေရ။
(၇) ဗလီတွင် လောကီရေးစကားများ မပြောဆိုရ။
(၈) ဗလီတွင် ထိုင်သည့်နေရာ၌ မည်သူနှင့်မျှ ပြဿနာမဖြစ်စေရ။
(၉) 'ဆွဖ်'လိုင်းတွင် တန်းစီရာတွင် မဆန့်သော နေရာတွင် ဝင်၍ လူတို့အား ဒုက္ခမရောက်စေရ။
(၁၀) နမာဇ်ဖတ်သူတစ်ဦးဦးရှေ့မှ ဖြတ်ကျော်ခြင်း မပြုရ။
(၁၁) ဗလီတွင် တံတွေးထွေးခြင်းနှင့် နှပ်ညှစ်ခြင်းတို့ကို ဆင်ခြင်ရမည်။
(၁၂) ဗလီတွင် မိမိ၏ လက်ချောင်း၊ ခြေချောင်းများကို မချိုးရ။
(၁၃) ဗလီတွင် မိမိ၏ ခန္ဓာကိုယ်မှ အစိတ်အပိုင်းတစ်ခုခုဖြင့် ဆော့ကစားခြင်း မပြုရ။
(၁၄) အညစ်အကြေး၊ မသန့်များမှ သန့်ရှင်းစင်ကြယ်စွာ နေရမည်။ ကလေးငယ်များနှင့် ရူးသွပ်သော သူများကို ဗလီသို့ မခေါ်လာရ။
(၁၅) ဗလီတွင် များမြောင်စွာ အလ္လာဟ်အသျှင်မြတ်၏ သတိရတသခြင်းကို ပြုရမည်။

ကုရ်သုဗီက ဤ (၁၅) ချက်ကို ရေးသားတင်ပြပြီးနောက် 'အကြင်သူသည် ဤအလုပ်များကို ပြုလုပ်လိုက်ပါလျှင် ထိုသူသည် ဗလီဝတ်ကျောင်းတော်၏ တာဝန်များကို ထမ်းဆောင်လိုက်သူ ဖြစ်သည်။ ဗလီသည် ၎င်းသူအတွက် လုံခြုံငြိမ်းချမ်းသော နေရာဖြစ်သွားပေသည်' ဟု မိန့်ဆိုခဲ့ပေသည်။

အသျှင်မြတ်အား တသမှု၊ ကုရ်အာန်သင်ကြားမှုနှင့် သာသနာ့ပညာ သင်ကြားမှုများအတွက် သတ်မှတ်ထားသည့် နေရာများသည်လည်း ဗလီဝတ်ကျောင်းတော်များ၏ အမိန့်အတိုင်းဖြစ်ခြင်း

သဖ်စီးရ်ဗဟရ်မုဟီးသ်ကျမ်းတွင် အဘူဟိုင်ယားန်က မိန့်သည်မှာ في بيوت ဟူသော စာလုံးသည် ကုရ်အာန် တွင် ခြုံငုံ၍ မိန့်ကြားထားသော စာလုံးဖြစ်သည်။ ဤစာလုံးတွင် ဗလီဝတ်ကျောင်းတော်များ ပါဝင်သကဲ့သို့ ကုရ်အာန်သင်ကြားမှု၊ သာသနာ့ပညာ သင်ကြားမှု (သို့) တရားဓမ္မဟောကြားမှု၊ ဥပမာ- မဒရ်ဆဟ်ကျောင်း များ၊ 'ခန်ကာဟ်'များသည်လည်း ဤအမိန့်၌ ပါဝင်လေသည်။ ထိုနေရာများကိုလည်း ရိုသေလေးစားရ မည်'ဟု ဖြစ်သည်။

اَذِنَ اللّٰهُ اَنْ تُرْفَعَ တွင် اذن ဟူသော စာလုံးနှင့် စပ်လျဉ်း၍ အထူးအမြော်အမြင်

အဖွင့်ပညာရှင်များက တစ်ညီတစ်ညွတ်တည်း မိန့်ဆိုကြသည်မှာ ဤနေရာတွင် اذن သည် အမိန့်ပေးခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ သို့သော် မေးစရာမေးခွန်း ပေါ်ပေါက်လာသည်မှာ اذن ဟူသော

စာလုံးကို ဤနေရာတွင် ယူလာရခြင်းမှာ မည်သည့်ရည်ရွယ်ချက်ပါနည်း'ဟု ဖြစ်သည်။ ရှုဟွလ်မအာနီ ကျမ်းတွင် သိမ်မွေ့သော ရည်ရွယ်ချက်တစ်ခုကို တင်ပြထားသည်။ ထိုဖော်ပြချက်တွင် 'ကောင်းမြတ်သော မုအ်မင်န်တို့အား ရိုသေမှုကို သင်ကြားပေးခြင်းနှင့် နှိုးဆော်ပေးရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်လိုမှုကို ရယူရန် အလုပ်တိုင်း၊ ကိစ္စတိုင်းအတွက် အသျှင်မြတ်၏ အမိန့်တော်ကို စောင့်ဆိုင်းနေရန် မလိုဘဲ ကျွန်ုပ်တို့သည် ဤကိစ္စအတွက် အခွင့်ရရှိပါလျှင် ထိုကိစ္စအပေါ် ကျွန်ုပ်တို့သည် နဖူးစာကောင်းခြင်းကို ရယူကြပါမည်'ဟူ၍ အသင့်အနေအထားတွင် ရှိနေရမည်ဖြစ်သည်။

يُذْ كَرَ فِيْهَا اسْمُهُ

ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ သတိရတသခြင်းဟူသရွေ့ အကျုံးဝင်သည်။ 'သတ်စ်ဗီးဟ်'၊ 'သဟ်မီးဒ်' စသည်များလည်း ပါဝင်သည်။ 'နဖိလ်'နမာဇ်များ၊ ကုရ်အာန် 'သေလာဝသ်'ပြုခြင်းများ၊ တရားဓမ္မ ဟောကြားခြင်းများ၊ သာသနာ့ပညာ သင်ပေးသင်ယူ ပြုခြင်းများနှင့် သာသနာ့ပညာနှင့် သက်ဆိုင်သော ကိစ္စရပ်အားလုံး ပါဝင်သည်။

رِجَالٌ لَّا تُلْهِيْهِمْ تِجَارَةٌ وَّلَا بَيْعٌ عَنْ ذِ كْرِ اللهِ

ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ 'ဟေဒါယသ်'တရားလမ်းမှန်၏ ရောင်ခြည်ကို အထူးစူးရှ သက်ရောက်မှုနှင့် ဗလီဝတ်ကျောင်းတော်များကို စည်ကားအောင် ပြုလုပ်သူ မုအ်မင်န်တို့၏ ထူးခြားသော ဂုဏ်ရည်များကို ဖော်ပြထားသည်။ ဤဖော်ပြချက်တွင် رِجَالٌ ဟူသော စာလုံးကို သုံးနှုန်းခြင်းသည် ဗလီဝတ်ကျောင်းတော်များ တည်ရှိရခြင်းမှာ အမျိုးသားများအတွက်သာ ဖြစ်သည်။ အမျိုးသမီးတို့သည် မိမိတို့၏ အိမ်များ၌သာ နမာဇ်ဝတ်ပြုခြင်းသည် အမြတ်ဆုံးဖြစ်သည်ဟူ၍ ညွှန်းဆိုရန်အတွက် ဖြစ်သည်။

မွတ်စ်နဒ်အဟ်မဒ်ကျမ်းနှင့် ဗိုင်ဟကီကျမ်းများတွင် ဟဇရသ်အွန်းမေ့စလ်မဟ် ﷻ သခင်မ၏ ဟဒီးစ် လာရှိသည်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့သည်မှာ-

خير مسا جد النساء قعر بيو تهن

ဆိုလိုသည်မှာ 'အမျိုးသမီးတို့၏ အကောင်းဆုံးသော ဗလီဝတ်ကျောင်းတော်များဟူသည် သူမတို့၏ အိမ်များအတွင်း ကျဉ်းမြောင်း၍ မှောင်မိုက်သော ထောင့်တစ်နေရာပင် ဖြစ်သည်'ဟူ၏။ ဤအာယသ်တော်တွင် ကုန်ကူးသန်းခြင်းနှင့် ရောင်းဝယ်မှုတို့ကြောင့် အလ္လာဟ်အသျှင်မြတ်အား 'ဇိကရ်'တသခြင်းကို မေ့လျော့မသွားသည့် ကောင်းမြတ်သော မုအ်မင်န်တို့၏ ဂုဏ်ရည်ကို ဖော်ပြထားသည်။ تِجَارَت 'ကုန်ကူးသန်းခြင်း' ဟူသော စာလုံးတွင် بَيْع ရောင်းချခြင်းလည်း ပါဝင်နေသည်။ ထို့ကြောင့် အချို့အဖွင့်ပညာရှင်များက ဤနေရာတွင် تجارت ကို ဝယ်ယူခြင်းဟုလည်းကောင်း بيع ကို ရောင်းချခြင်းဟုလည်းကောင်း အလိုသဘော ကောက်ယူကြသည်။ အချို့ကမူ تجارت ကို မိမိ၏ အဓိပ္ပာယ်အတိုင်းပင် ထားကြသည်။

ဆိုလိုသည်မှာ အပေးအယူ၊ အရောင်းအဝယ်ကိစ္စရပ်များ ဖြစ်သည်။ တစ်ဖန် بيع စာလုံးကို ခွဲခြား၍ တင်ပြရခြင်း၏ လျှို့ဝှက်ချက်ကို ဖော်ပြကြသည်မှာ تجارت ကုန်ကူးသန်းမှု၏ ကိစ္စသည် ကျယ်ပြန့်သော အဓိပ္ပာယ်တစ်ရပ်ဖြစ်သည်။ ယင်း၏ အကျိုးအမြတ်သည် တစ်ခါတစ်ရံ ကာလများစွာ ကြာပြီးမှ ရတတ်ကြသည်။ အရာတစ်ခုကို ရောင်းချခြင်းနှင့် တန်ဖိုးငွေကို အမြတ်အစွန်းနှင့်အတူ လက်ငင်းရယူခြင်း၏ အကျိုးသည် လက်ငင်း အကျိုးအမြတ်ဖြစ်သည်။ ထိုသို့ ရောင်းချခြင်းကို အထူးအားဖြင့် သီးသန့်တင်ပြရခြင်းမှာ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် နမာဇ်ဝတ်ပြုခြင်းတို့ကို ယှဉ်ပြိုင်ရာတွင် ၄င်းတို့သည် အလွန်ကြီးမား များပြားသော လောကီရေးအကျိုးအမြတ်ကိုပင် အာရုံမထားကြတော့' ဟူသော အကြောင်းကြောင့် ဖြစ်သည်။

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ က မိန့်ဆိုသည်မှာ 'ဤအာယသ်တော်သည် ဈေးသူဈေးသားများအတွက် ကျရောက်ခဲ့ခြင်းဖြစ်သည်' ဟူ၏။ ၄င်း၏ သား ဟဇရတ်စာလင်မ် ﷺ က မိန့်သည်မှာ 'တစ်နေ့သောအခါ ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န် အုမရ် ﷺ သည် ဈေးမှ ဖြတ်သွားစဉ် နမာဇ်အချိန် ကျရောက်လာခဲ့သည်။ လူတို့သည် ဆိုင်များကို ပိတ်၍ ဗလီဘက်သို့ သွားနေကြသည်ကို တွေ့ရလေသော် 'ဤသို့သော ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကုရ်အာန်၏ ဤအမိန့်တော် ကျရောက်လာခဲ့သည်ဟု ပြောလေသည်။

رِجَا لٌ لَّا تُلْهِيهِمْ تِجَارَ ةٌ وَّلَا بَيْعٌ عَنْ ذِ كْرِ اللهِ

တမန်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ဆွဟာဗီနှစ်ဦး ရှိခဲ့သည်။ တစ်ဦးမှာ အရောင်းအဝယ်ပြုလုပ်သူဖြစ်သည်။ ကျန်တစ်ဦးမှာ ပန်းဘဲအလုပ်ကို လုပ်ကိုင်၍ ဓါးများပြုလုပ်၍ ရောင်းချသူဖြစ်သည်။ ပထမဆွဟာဗီ၏ ရောင်းဝယ်မှုအခြေအနေမှာ အကယ်၍ ပစ္စည်းကို ချိန်ခွင်၌ ချိန်တွယ်နေစဉ် 'အဇာန်' ၏ အသံသည် နားထဲသို့ ရောက်ရှိလာပါလျှင် ထိုနေရာ၌ပင် ချိန်ခွင်ကို ပစ်ချလျက် နမာဇ်အတွက် ရပ်လေ့ရှိသည်။ ဒုတိယဆွဟာဗီ၏ အခြေအနေမှာ သံအပူကို တူဖြင့် ထုရိုက်နေစဉ် နားအတွင်းသို့ 'အဇာန်' ဆိုသည့် အသံရောက်ရှိလာပါလျှင် အကယ်၍ တူအား ပခုံးအထက်မြှောက်လိုက်ပြီးဖြစ်သည့်တိုင် ယင်းတူကို ပခုံး၏ နောက်ဘက်သို့ ပစ်ချလျက် နမာဇ်အတွက် ထွက်သွားလေတော့သည်။ မြှောက်လက်စတူကို ထုရိုက်လျက် အလုပ်လုပ်ရန်ပင် မလိုလားကြပေ။ ၄င်းတို့၏ ချီးမွမ်းဂုဏ်ပြုခြင်းအဖြစ် ဤအာယသ်တော် ကျရောက်လာခဲ့သည်ဟု ပြောလေသည်။

ဆွဟာဗာတို့သည် များသောအားဖြင့် ကုန်သည် (အရောင်းအဝယ်) ပြုကြသူများ ဖြစ်ခြင်း

ဤအာယသ်တော်အားဖြင့် ဆွဟာဗာအများစုသည် ကုန်သည် (အရောင်းအဝယ်) နှင့် လက်မှုလုပ်ငန်းများ လုပ်ကိုင်ကြသူများဖြစ်ကြောင်း သိရှိရသည်။ ဤလုပ်ငန်းတို့သည် ဈေးများနှင့် ဆက်နွယ်သော လုပ်ငန်းများဖြစ်သည်။ အကြောင်းမှာ ရောင်းခြင်း၊ ဝယ်ခြင်း၊ ပြုလုပ်သူတို့၏ ရောင်းခြင်း၊ ဝယ်ခြင်း

တို့သည် အလ္လာဟ်အသျှင်မြတ်အား သတိရ၊ တသမှုကို အဟန့်အတား မဖြစ်စေသောကြောင့် ၎င်းတို့၏ ဂုဏ်ရည်များကို တင်ပြရခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက တင်ပြခြင်းသည်ပင် အကျိုးမဲ့ ဖြစ်ပေမည်။

[ရှုဟွလ်မအာနီကျမ်း]

يَخَافُوْنَ يَوْمًا تَتَقَلَّبُ فِيْهِ الْقُلُوْبُ وَالْاَبْصَارُ

ဤသည် အထက်တွင် တင်ပြခဲ့သော မုအ်မင်နိတို့၏ နောက်ဆုံးဂုဏ်ရည်များဖြစ်သည်။ ထိုတင်ပြချက်တွင် ဤပုဂ္ဂိုလ်တို့သည် အချိန်တိုင်းတွင် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှု အမိန့်နာခံမှုနှင့် 'အေဗာဒသ်'ပြုခြင်းများတွင် မွေ့လျော်နေကြသည့်တိုင် သောကမဲ့၊ အကြောက်တရားမဲ့စွာ နေကြသည် မဟုတ်ဘဲ 'ကေယာမသ်'နေ့၏ စာရင်းစစ်ဆေးခြင်း၏ အကြောက်တရားသည် ၎င်းတို့အပေါ်၌ စိုးမိုးနေသည်။ ဤသည်မှာ ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူထားသည့် တရားလမ်းမှန်၏ ရောင်ခြည်တော်၏ ပြည့်ဝသော အရည်အချင်းကြောင့်ပင် ဖြစ်ပေသည်။ ထိုအကြောင်းကို အောက်ပါအာယသ်တော်

يَهْدِى اللّٰهُ لِنُوْرِهٖ مَنْ يَّشَاءُ

တွင် မိန့်ကြားတော်မူပြီး ဖြစ်သည်။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များအား အကောင်းဆုံးသော အကျိုးကုသိုလ် အစားပေးခြင်းအဖြစ် ချီးမြှင့်တော်မူမည့်အကြောင်း တင်ပြပြီး မိန့်ကြားတော်မူသည်မှာ-

وَيَزِيْدُهُمْ مِّنْ فَضْلِهٖ

'ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များအတွက် အစားပေးခြင်းမျှသာ မဟုတ်ဘဲ မိမိဘက်မှ အပို ချီးမြှင့်မှု ဆုလာဘ်များလည်း ၎င်းတို့ ရရှိကြပေလိမ့်မည်။' ထို့နောက်

وَاللّٰهُ يَرْزُقُ مَنْ يَّشَآءُ بِغَيْرِ حِسَابٍ

'အလ္လာဟ်အသျှင်မြတ်အဖို့ မည်သည့်ဥပဒေ ပြဋ္ဌာန်းချက်မျှ မရှိ။ ထိုအသျှင်မြတ်၏ ဘဏ္ဍာတော်တွင်လည်း မည်သည့်အခါပင်ဖြစ်စေ၊ မည်သည့်လျော့နည်းမှုမျှ မဖြစ်၊ ထိုအသျှင်မြတ်သည် မိမိအလိုတော်ရှိသူကို စာရင်းအင်းမရှိ၊ အတိုင်းအတာမဲ့ ပေးကမ်းချီးမြှင့်တော်မူပေသည်။'

ဤမျှအထိ တင်ပြခြင်းသည် နှလုံးသားအတွင်း၌ 'ဟေဒါယသ်'၏ 'နူရ်'ကို အထူးလက်ခံခြင်းပြုသော ကောင်းမြတ်သည့် မုအ်မင်နိတို့၏ အကြောင်းဖြစ်သည်။ ရှေ့တွင် ကာဖိရ်သွေဖည်သူတို့အကြောင်း တင်ပြထားသည်။ ထိုကာဖိရ်တို့သည် ဖန်ဆင်းမှုသဘာဝအရ ၎င်းတို့အတွင်းဝယ် 'ဟေဒါယသ်'၏ ရောင်ခြည်ကို အလ္လာဟ်အသျှင်မြတ်က ထည့်သွင်းပေးတော်မူခဲ့သည်။ သို့ရာတွင် ထို 'ဟေဒါယသ်'တရားလမ်းမှန်၏ ရောင်ခြည်ကို လင်းဝင်းတောက်ပစေသော အသျှင်မြတ်၏ 'ဝဟီ'အမိန့်တော်များ ၎င်းတို့ထံသို့ ရောက်ရှိလာသောအခါ ၎င်းတို့သည် ထို 'ဝဟီ'အမိန့်တော်များကို ကျောခိုင်းခဲ့ကြပြီး သွေဖည်ငြင်းပယ်ခဲ့ကြသည်။

ထို့ကြောင့် 'နူရ်' ရောင်ခြည်တော်မှ နဖူးစာမဲ့သူများ ဖြစ်သွားကြရသည်။ အမှောင်တကာ့ အမှောင်ဆုံးတွင် နေရစ်ခဲ့ကြရသည်။ ၎င်းတို့တွင် ကာဖိရ်သွေဖည်ငြင်းပယ်သူနှစ်မျိုးနှစ်စားဖြစ်သွားကြသည်။ ထို့ကြောင့် ၎င်းတို့အတွက် ဥပမာ– နှစ်မျိုးကို တင်ပြခဲ့သည်။ ၎င်းတို့အကြောင်း ဖွင့်ဆိုချက်အနှစ်ချုပ်တွင် အကျယ်တဝင့် ဖော်ပြပြီးဖြစ်သည်။ ထိုဥပမာနှစ်ခုလုံးကို တင်ပြပြီးနောက် မိန့်ကြားသည်မှာ–

وَمَنْ لَّمْ يَجْعَلِ اللّٰهُ لَهٗ نُوْرًا فَمَا لَهٗ مِنْ نُّوْرٍ

ဤအာယသ်တော်သည် يَهْدِى اللّٰهُ لِنُوْرِهٖ مَنْ يَّشَآءُ ဟူ၍ မုအ်မင်နိတို့အတွက် ကျရောက်ခဲ့သကဲ့သို့ ကာဖိရ်များအတွက်လည်း ဤအာယသ်တော်ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ကာဖိရ်တို့အတွက် ဤအာယသ်တော်တွင် တရားလမ်းမှန်၏ ရောင်ခြည်တော်မှ လက်မဲ့ဖြစ်ရသည့်အကြောင်း တင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အသျှင်မြတ်၏ အမိန့်တော်များကို ကျော်ခိုင်းလျက် မိမိတို့၌ ရှိပြီးဖြစ်သည့် သဘာဝအလင်းရောင်ကို ဖျက်ဆီးပစ်ကြသည်။ ယခုမူ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ တရားလမ်းမှန်၏ ရောင်ခြည်တော်မှ နဖူးစာမဲ့သွားကြရသည့်အခါ အလင်းရောင်ဟူသည်ကို မည်သို့ ရရှိနိုင်အံ့နည်း။

ဤအာယသ်တော်အရ လူတစ်ဦးသည် သိနိုင်၊ မြင်နိုင်သော အကြောင်းခံများ ပြည့်စုံခြင်းအားဖြင့် သိသူ၊ မြင်သူ မဖြစ်ရုံသာမက ဤသည် အလ္လာဟ်အသျှင်မြတ်၏ ပေးကမ်းချီးမြှင့်တော်မူခြင်းဖြင့်သာ ရရှိကြောင်း သိရှိရပေသည်။

ထို့ကြောင့်ပင် များစွာသောသူများကို လောကီရေးကိစ္စများတွင် လုံးဝဥဿုံ သိနားလည်ခြင်း မရှိဟု ထင်ရသော်ငြားလည်း တမလွန်အရေးတွင် ၎င်းတို့သည် အမြင်ရှိသူများ၊ တွေးတောဆင်ခြင်တတ်သူများဖြစ်ခြင်းမှာ မုချမလွဲမသွေပင် ဖြစ်သည်။ ထိုနည်းတူစွာ ၎င်းနှင့် ဆန့်ကျင်၍ များစွာသော သူတို့သည် လောကီရေးကိစ္စများတွင် တတ်ကျွမ်းနားလည်၍ အမြင်ကျယ်သူများ ဖြစ်ကြသော်လည်း တမလွန်အရေးတွင်မူ အသိတရားခေါင်းပါးသူ၊ ပညာမဲ့သူများ ဖြစ်ကြသည်မှာလည်း အမှန်ပင် ဖြစ်ပေသည်။

[မဇ္ဇဟရီကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اَلَمْ تَرَ اَنَّ اللّٰهَ يُسَبِّحُ لَهٗ مَنْ فِى السَّمٰوٰتِ وَالْاَرْضِ وَالطَّيْرُ صٰٓفّٰتٍ ؕ كُلٌّ قَدْ

عَلِمَ صَلَاتَهٗ وَتَسْبِيْحَهٗ ؕ وَاللّٰهُ عَلِيْمٌۢ بِمَا يَفْعَلُوْنَ ﴿٤١﴾

၂၄ : ၄၁ ။ ။ စောန်စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေဝယ်၌ ရှိသူတို့သည်လည်းကောင်း၊ အတောင်ပံများ ဖြန့် (၍ ပျံဝဲ) လျက် ရှိနေသော ငှက်တိရစ္ဆာန်တို့သည်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ချီးကျူးမြွက်ဆိုလျက် ရှိကြသည်ကို အသင်သည် မသိမမြင်ခဲ့လေသလော။ (၎င်းတို့အနက်) အသီးသီးတို့သည် မိမိတို့၏ ဆုတောင်းပြုနည်းကိုလည်းကောင်း၊ မိမိတို့၏ ဘာဝနာ စီးဖြန်းပုံကိုလည်းကောင်း စောန်အမှန် သိရှိပြီး ဖြစ်ကြကုန်၏။

အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ပြုလုပ်လျက် ရှိကြသည်တို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۖ وَإِلَى اللَّهِ الْمَصِيرُ ﴿٤٢﴾

၂၄ : ၄၂ ။ ။ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေတွင် စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိပေသည်။ ထို့ပြင် (နောက်ဆုံး) ပြန်လည်ရာစခန်းသည်လည်း အလ္လာဟ်အသျှင်မြတ်ထံတော်၌သာလျှင် ဖြစ်ပေသည်။

أَلَمْ تَرَ أَنَّ اللَّهَ يُزْجِي سَحَابًا ثُمَّ
يُؤَلِّفُ بَيْنَهُ ثُمَّ يَجْعَلُهُ رُكَامًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلَالِهِ وَيُنَزِّلُ
مِنَ السَّمَاءِ مِنْ جِبَالٍ فِيهَا مِنْ بَرَدٍ فَيُصِيبُ بِهِ مَنْ يَشَاءُ وَ
يَصْرِفُهُ عَنْ مَنْ يَشَاءُ ۖ يَكَادُ سَنَا بَرْقِهِ يَذْهَبُ بِالْأَبْصَارِ ﴿٤٣﴾

၂၄ : ၄၃ ။ ။ အသင်သည် မမြင်ခဲ့လေသလော။ ကေန်အလွဲ အလ္လာဟ်အသျှင်မြတ်သည် မိုးတိမ်များ၊ (တစ်ခုစီ) ကို တစ်ဖြည်းဖြည်း ရွေ့လျား (မောင်းနှင်) စေတော်မူ၏။ ထို့နောက် ယင်းမိုးတိမ်များကို (တစ်ခုနှင့် တစ်ခု) အချင်းချင်း ပေါင်းစပ်တော်မူ၏။ ထို့နောက် ၎င်းတို့အား စုပေါင်း၍ တစ်ခဲနက်တည်း (အထပ်ထပ်) ဖြစ်စေတော်မူ၏။ ထိုအခါ အသင်သည် ယင်းမိုးတိမ်များ၏ အကြားမှ မိုးပေါက်များထွက်၍ (ရွာသွန်း) လာသည်ကို တွေ့မြင်ရလေသည်။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် ထိုမိုးတိမ်မှပင် (တစ်နည်း) ထိုမိုးတိမ်၏ အစိုင်အခဲကြီးများမှပင် မိုးသီးများကို ကျစေတော်မူ၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ၎င်းမိုးသီးများဖြင့် မိမိအလိုရှိတော်မူသော သူအား ထိခိုက်စေတော်မူ၍ မိမိအလိုရှိတော်မူသော သူမှ ယင်းမိုးသီးများကို လွှဲဖယ်တော်မူ၏။ ယင်းမိုးတီး၏ လျှပ်ပြက်ရောင်သည် မျက်စိအလင်းကို သိမ်းယူသွားအံ့ဆဲဆဲ ဖြစ်ပေ၏။

يُقَلِّبُ اللَّهُ اللَّيْلَ وَالنَّهَارَ ۚ إِنَّ فِي ذَٰلِكَ لَعِبْرَةً لِأُولِي الْأَبْصَارِ ﴿٤٤﴾

၂၄ : ၄၄ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ညဥ့်နှင့် နေ့ကို (အလှည့်ကျ) လွဲပြောင်းပေးတော်မူပေသည်။ ကေန်မလွဲ ဤသည်၌ (ဉာဏ်) မျက်စိ ရှိသူတို့အဖို့၊ (မှတ်သားဖွယ်) သင်ခန်းစာသည် အမှန်ပင် ရှိပေသည်။

وَاللَّهُ خَلَقَ كُلَّ دَابَّةٍ مِنْ مَاءٍ ۖ فَمِنْهُمْ مَنْ يَمْشِي عَلَىٰ بَطْنِهِ وَمِنْهُمْ
مَنْ يَمْشِي عَلَىٰ رِجْلَيْنِ وَمِنْهُمْ مَنْ يَمْشِي عَلَىٰ أَرْبَعٍ ۚ يَخْلُقُ اللَّهُ مَا
يَشَاءُ ۚ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٤٥﴾

၂၄ : ၄၅ ။ ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် သွားလာ လှုပ်ရှားလျက်ရှိသော သတ္တဝါအသီးသီးကို ရေဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်း (သတ္တဝါ) တို့တွင် မိမိ၏ ဝမ်းဗိုက်ဖြင့် သွားသော သတ္တဝါမျိုးလည်း ရှိ၏။ ထို့ပြင် ၎င်းတို့

တွင် အချို့မှာ ခြေနှစ်ချောင်းဖြင့် သွားလာကြ၍ အချို့မှာ ခြေလေးချောင်းဖြင့် သွားလာကြသော သတ္တဝါမျိုးလည်း ရှိကြ၏။ အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူပေသည်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ ပြောဆိုခြင်းခံရသူ) အသင့်အဖို့ (အထောက်အထားများနှင့် မြင်တွေ့နေရသည်များဖြင့်) မသိရှိပါသလော။ အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီအတွင်းတို့၌ ရှိသမျှ (အဖန်ဆင်းခံ) အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းမှုကို မြွက်ဆိုလျက် ရှိနေကြသည်။ (အချို့အဖန်ဆင်းခံများတွင် တွေ့မြင်နိုင်သော 'နှုတ်ဖြင့် မြွက်ဟခြင်း' အားဖြင့်ဖြစ်စေ၊ အဖန်ဆင်းခံအားလုံးတွင် အသိဉာဏ်၏ ညွှန်ပြချက်အားဖြင့် 'အခြေအနေ ပုံပန်းသဏ္ဌာန်အရ' မြွက်ဟခြင်းဖြစ်စေ၊ အသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းမှုကို မြွက်ဟနေကြပေသည်။) ထို့အပြင် (အထူးအားဖြင့်) အတောင်များ ဖြန့်၍ (ပျံသန်းနေသည့်) ငှက်များသည် (လည်း ထိုအသျှင်မြတ်၏ တည်ရှိနေခြင်းအပေါ် ညွှန်းဆိုလျက် ရှိကြကုန်၏။ ပို၍ အံ့သြဖွယ်ဖြစ်ရသည်မှာ ၎င်းတို့၏ ခန္ဓာကိုယ်များသည် လေးလံခြင်းရှိပါလျက် လေထုထဲ၌ ရပ်တန့်နေကြခြင်းပင် ဖြစ်သည်။ ထို့အပြင်) ငှက်များ (အားလုံး) သည် မိမိတို့၏ ဒိုအာ (အလ္လာဟ်အသျှင်မြတ်ထံတော်၌ တောင်းခံခြင်း) နှင့် မိမိတို့၏ 'သတ်စ်ဗီးဟ်' (အသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းမှုကို ရွတ်ဆိုသည့် နည်းလမ်းများကို အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ နှလုံးသားတွင် ထည့်ပေးခြင်းဖြင့်) ဧကန်အမှန် သိရှိပြီးဖြစ်ကြသည်။ (ထိုကဲ့သို့သော အထောက်အထားများ ရှိသည့်တိုင် အချို့လူတို့သည် 'သောင်ဟီးဒ်' ကို လက်ခံခြင်း မပြုကြပေ။) အလ္လာဟ်အသျှင်မြတ်အဖို့ ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်အားလုံးကို သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထိုငြင်းပယ်မှုနှင့် ကျောခိုင်းမှုတို့၏ အကျိုးအပြစ်ကို ပေးတော်မူပေမည်။) ထို့ပြင် မိုးကောင်းကင်များတွင်လည်းကောင်း၊ ပထဝီမြေတွင်လည်းကောင်း စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိတော်မူသည်။ ထို့အပြင် (အရာအားလုံးတို့သည်) ထိုအသျှင်မြတ်ထံတော်သို့သာ လှည့်ပြန်ကြရမည် ဖြစ်ပေသည်။ (ထိုအချိန်၌လည်း အမိန့်အာဏာ သုံးစွဲခြင်း အခွင့်အရေးသည် ထိုအသျှင်မြတ်တွင်သာ ရှိပေမည်။ ထို့ကြောင့် အုပ်ချုပ်မှုအမိန့်အာဏာ၏ လက္ခဏာတစ်ရပ်ကို တင်ပြထားသည်မှာ 'အို၊ ပြောဆိုခြင်းခံရသူ) အသင် မသိပါလေသလော။ အဘယ်ကြောင့်ဆိုသော် ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မိုးတိမ်တိုက် (တစ်ခု) ကို (အခြားသော မိုးတိမ်တိုက်ဘက်သို့) ရွေ့လျားစေတော်မူသည်။ (ထို့နောက်) ထိုမိုးတိမ်တိုက် (အစုများ) ကို အချင်းချင်း ပေါင်းစပ်စေတော်မူသည်။ ထို့နောက် ထိုမိုးတိမ်တိုက်များကို တစ်ခုအောက်တွင် တစ်ခု (အထပ်ထပ်) ဖြစ်စေတော်မူ၏။ ထိုအခါ အသင်သည် ထို (မိုးတိမ်များ) ၏ ကြားမှ (မိုးပေါက်များ) ထွက်၍ မိုးရွာသွန်းလာသည်ကို တွေ့မြင်ရပေသည်။ ထို့အပြင် ထိုမိုးတိမ် အစိုင်အခဲကြီးများမှ မိုးသီးများကို ရွာသွန်းစေတော်မူသည်။

တစ်ဖန် ထိုမိုးသီးများကို (လူသတ္တဝါ (သို့) အရာဝတ္ထုများအနက်) မိမိအလိုရှိသည့်အပေါ်သို့ ကျရောက်စေတော်မူသည်။ (သို့ဖြင့် နစ်နာဆုံးရှုံးပျက်စီးသွားပေသည်။) မိမိအလိုတော်ရှိသူအား လွှဲဖယ်စေတော်မူသည်။ (၎င်း၏ အသက်စည်းစိမ်နှင့် အိုးအိမ်ပစ္စည်းများကို ကယ်တင်တော်မူသည်။ ထို့အပြင်) ထိုမိုးတိမ် (အတွင်းမှ လျှပ်စီးလည်း ဖြစ်ပေါ်လာသည်။ ၎င်းလျှပ်စီး၏ လင်းလက်မှုမှာ ထိုမိုးတိမ်) ၏ လျှပ်စီးအလင်းသည် ယခုပင် စက္ခုအလင်းကို သိမ်းယူသွားသည်ဟု ထင်ရလောက်အောင်ပင် ဖြစ်ပေသည်။ (ဤသည်မှာလည်း အလ္လာဟ်အသျှင်မြတ်၏ လုပ်ပိုင်ခွင့်များအနက်မှ ဖြစ်သည်။ ထို့အပြင်) အလ္လာဟ်အသျှင်မြတ်သည် ညဉ့်နှင့် နေ့ကို ပြောင်းလဲပေးတော်မူသည်။ (ဤသည်မှာလည်း အလ္လာဟ်အသျှင်မြတ်၏ လုပ်ပိုင်ခွင့် စွမ်းဆောင်တော်မူခြင်းများမှ ဖြစ်သည်။) ထို (အရာအားလုံးတို့တွင်) အသိဉာဏ်ရှိသူတို့အဖို့ အထောက်အထား (၏ အခွင့်အရေး) ပင် ဖြစ်သည်။ (ထိုအထောက်အထားဖြင့် 'သောင်ဟီးဒ်' နှင့်

له ملك السموت والارض

၏ အကြောင်းအရာများအပေါ် အထောက်အထားဖြစ်စေသည်။) ထို့အပြင် အလ္လာဟ်အသျှင်မြတ် (၏ လုပ်ပိုင်ခွင့်အရ စွမ်းဆောင်ချက်များတွင် ပါဝင်သည်မှာ ထိုအသျှင်မြတ်) သည် လမ်းလျှောက်သွားသည့် သတ္တဝါဟူသရွေ့ကို (ကုန်းသတ္တဝါဖြစ်စေ၊ ရေသတ္တဝါဖြစ်စေ) ရေဖြင့် ဖန်ဆင်းတော်မူသည်။ ထို့နောက် ထို (သတ္တဝါများ) တွင် အချို့မှာ မိမိတို့၏ ဝမ်းဗိုက်ဖြင့် တွားသွားသော သတ္တဝါများလည်း ရှိသည်။ (ဥပမာ- မြွေ၊ ငါးတို့ဖြစ်သည်။) ၎င်းတို့အနက် အချို့မှာ ခြေနှစ်ချောင်းဖြင့် သွားလာကြသည့် သတ္တဝါများဖြစ်သည်။ (ဥပမာ- လူနှင့် လေပေါ်၌မဟုတ်ဘဲ ကုန်းပေါ်၌ ရှိနေစဉ်တွင် ဖြစ်သော ငှက်များ ဖြစ်ကြသည်။) ၎င်းတို့အနက် အချို့မှာ ခြေလေးချောင်းဖြင့် သွားလာကြသည်။ ဥပမာ- သားရဲတိရစ္ဆာန်များ ဖြစ်ကြသည်။ ဤအတိုင်းပင် အချို့မှာ ခြေလေးချောင်းထက် ပိုသည်များလည်း ရှိကြသေးသည်။ အမှန်စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုတော်ရှိသည်ကို ဖန်ဆင်းတော်မူပေသည်။ ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထိုအသျှင်မြတ်အဖို့ မည်သည့်ခက်ခဲမှုမျှ မရှိပါချေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

كُلٌّ قَدْ عَلِمَ صَلَاتَهُ وَتَسْبِيْحَهُ

အာယသ်တော်၏ အစတွင် မိန့်ကြားထားသည်မှာ 'မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီအပြင် ၎င်းတို့အတွင်း၌ ရှိကြကုန်သော အဖန်ဆင်းခံနှင့် အရာအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုရာ၌ မွေ့လျော်နေကြသည်' ဟု လာရှိထားသည်။

ထို 'သတ်စ်ဗီးဟ်' စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုခြင်း၏ အဓိပ္ပာယ်အလိုသဘောကို ဟဇရသ်စွဖ်ယာန် ﷺ က တင်ပြထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် လောကတွင် ရှိရှိသမျှသော

အရာများတွင် မိုးကောင်းကင်၊ ကမ္ဘာမြေပထဝီ၊ နေ၊ လ၊ ကြယ်တာရာများနှင့် ဂြိုဟ်အသီးသီး၊ ကမ္ဘာပေါ်ရှိ ဓါတ်ကြီးလေးပါး၊ မီး၊ ရေ၊ လေ၊ မြေတို့အားလုံးကို သီးခြား အလုပ်များအတွက် ဖန်ဆင်းထားတော်မူသည်။ အလုပ်တစ်ခုအတွက် ဖန်ဆင်းခံရသော အရာသည် ထိုအလုပ်အပေါ်၌ အတည်တကျ ပုံမှန် ရှိနေသည်။ ဆံချည်မျှင်တစ်ချောင်း၏ ထိပ်ဖျားမျှပင် အတိမ်းအစောင်းမရှိ ရပ်တည်နေပါသည်။ ထိုသို့ အမိန့်နာခံခြင်း၊ လိုက်နာခြင်းကို ထိုအရာများ၏ 'သတ်စ်ဗီးဟ်'ဖြစ်သည်ဟု မိန့်ကြားထားခြင်း ဖြစ်သည်။ အချုပ်ဆိုရသော် ၎င်းတို့၏ 'သတ်စ်ဗီးဟ်' (စင်ကြယ်သန့်ရှင်းကြောင်း မြွက်ဆိုခြင်း) သည် ပုံပန်းသဏ္ဌာန်အရ ဖြစ်ပါသည်။ နှုတ်မှ ရွတ်ဆိုခြင်းအရ မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်အား စင်ကြယ်သန့်ရှင်း၍ အကြီးကျယ်ဆုံးဖြစ်ကြောင်း မှတ်ယူလျက် ထိုအသျှင်မြတ်၏ အမိန့်နာခံမှု၌သာ ရှိနေပြီး ၎င်းတို့၏ 'ဖြစ်ရပ်နှင့် ပုံပန်းသဏ္ဌာန်တည်းဟူသော နှုတ်လျှာ' မှ မြွက်ဟလျက် ရှိနေကြခြင်းသာ ဖြစ်ပေသည်။

ဇမခ်ရှရီ (ရဟ) နှင့် အခြားသော မုဖပ်စိရ် အဖွင့်ပညာရှင်တို့က မိန့်ဆိုကြသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အရာဝတ္ထုတိုင်း၏ အတွင်းဝယ် မိမိတို့၏ ဖန်ဆင်းရှင်ကို သိရှိနိုင်သော အသိတရားကို ထည့်ပေးတော်မူထားသည်ဟုဆိုလျှင်လည်း မည်သို့မျှ မဖြစ်နိုင်စရာအကြောင်း မရှိပေ။ ၎င်းတို့အား သီးခြား စကားတစ်မျိုး ပြောဆိုနိုင်ရန် ချီးမြှင့်ခြင်းနှင့် သီးသန့် 'သတ်စ်ဗီးဟ်'နှင့် 'အေဗာဒသ်'၏ နည်းလမ်းများ သင်ကြားပေးထားတော်မူခြင်းနှင့် ထိုကိစ္စများတွင် မွေ့လျော်နေစေတော်မူသည်ဟု ဆိုလျှင်လည်း မှားရန် အကြောင်းမရှိပါချေ။ အာယသ်တော်၏ နောက်ဆုံးအပိုဒ်ဖြစ်သော كُلٌّ قَدْ عَلِمَ صَلَاتَهُ တွင် အလ္လာဟ်အသျှင်မြတ်၏ 'သတ်စ်ဗီးဟ်' စင်ကြယ်သန့်ရှင်းတော်မူကြောင်း) မြွက်ဆိုခြင်းနှင့် နမာဇ်တွင် အဖန်ဆင်းခံအားလုံး မွေ့လျော်နေကြသည့် အကြောင်းအရာကို ညွှန်းဆိုကြောင်း တွေ့ရှိရသည်။ သို့ရာတွင် အရာတိုင်း၏ နမာဇ်နှင့် 'သတ်စ်ဗီးဟ်'ပြုခြင်း နည်းလမ်းများနှင့် ပုံပန်းသဏ္ဌာန်များက ပုံစံတစ်မျိုး၊ လူသားများက တစ်ဖုံ၊ သစ်ပင်များက တစ်ပုံစံ၊ ကျောက်စိုင်ကျောက်ခဲများက တစ်နည်း စသည်ဖြင့် 'အေဗာဒသ်'နှင့် 'သတ်စ်ဗီးဟ်' များ ပြုလုပ်ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ပါးအရလည်း ဤသည့်အကြောင်းအရာကို ထောက်ခံနေကြောင်း သိရှိရသည်။ ထိုအာယသ်တော်၌ မိန့်ကြားထားတော်မူသည်မှာ–

أَعْطَىٰ كُلَّ شَيْءٍ خَلْقَهُ ثُمَّ هَدَىٰ

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူပြီး တစ်ဖန် ၎င်းတို့ကို 'ဟေဒါယသ်'လမ်းမှန် ပြသတော်မူသည်' ဟု မိန့်တော်မူထားရာ ထို 'ဟေဒါယသ်'မှာ 'အဆိုပါ အရာဝတ္ထုတို့သည် အချိန်တိုင်းတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှု၌ မွေ့လျော်နေကြပြီး မိမိတို့အား ပေးအပ်ထားသည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည်ဟု ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် မိမိတို့၏ ဘဝရပ်တည် ရှင်သန်မှုအတွက် လိုအပ်ချက်များနှင့် စပ်လျဉ်း၍လည်း အလွန်ကြီးမားလှစွာသော အတွေးအခေါ်ပညာရှင်တို့၏ ဦးနှောက်များ မောဟိုက်သွားစေသည့် 'ဟေဒါယသ်'ညွှန်ကြား သင်ပေးခြင်း

များကိုလည်း ဖြစ်စေတော်မူသည်။ ၎င်းတို့သည် မိမိတို့၏ နေ့ထိုင်ရန် အသိုက်အမြုံနှင့် မြေတွင်းများ စသည်တို့ကို ပြုလုပ်နိုင်စွမ်းရှိကြသည်။ မိမိတို့၏ အစားအစာ စသည်များ ရရှိရန်အတွက် မည်ကဲ့သို့သော စီမံဆောင်ရွက်မှုများကို ပြုကြပါသနည်း။

مِنَ السَّمَآءِ مِن جِبَالٍ فِيهَا

ဤနေရာတွင် سماء ၏ အလိုသဘောမှာ မိုးတိမ်တိုက်ဟု ဖြစ်သည်။ جِبَالٌ သည် ကြီးမားလှသော တိမ်တိုက်များကို ဆိုလိုသည်။ بَرَدٌ သည် မိုးသီးများကို ခေါ်ဆိုသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

لَقَدْ أَنزَلْنَآ ءَايَٰتٍ مُّبَيِّنَٰتٍ ۚ وَٱللَّهُ يَهْدِى مَن يَشَآءُ إِلَىٰ صِرَٰطٍ مُّسْتَقِيمٍ ﴿٤٦﴾

၂၄ : ၄၆ ။ ။ ကေန်စင်စစ် ငါအသျှင်မြတ်သည် ရှင်းလင်းထင်ရှားလှစွာသော သက်သေလက္ခဏာတော် (အာယသ်တော်) များကို ချပေးသနားတော်မူခဲ့၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ဖြောင့်မတ်မှန်ကန်သော တရားလမ်းသို့ ညွှန်ပြပို့ဆောင်တော်မူပေသည်။

وَيَقُولُونَ ءَامَنَّا بِٱللَّهِ وَبِٱلرَّسُولِ وَأَطَعْنَا ثُمَّ يَتَوَلَّىٰ فَرِيقٌ مِّنْهُم مِّنۢ بَعْدِ ذَٰلِكَ ۚ وَمَآ أُو۟لَٰٓئِكَ بِٱلْمُؤْمِنِينَ ﴿٤٧﴾

၂၄ : ၄၇ ။ ။ ထို့ပြင် ၎င်း (မုနာဖစ်က်) တို့က 'ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား သက်ဝင်ယုံကြည်ကြပြီ။ ၎င်းပြင် ကျွန်ုပ်တို့သည် (အသျှင်မြတ်၏ အမိန့်တော်များနှင့် ရစူလ်တမန်တော်မြတ်၏ အမိန့်တော်များကိုလည်း) နာခံကြပါပြီ' ဟု ပြောဆိုကြလေသည်။ တစ်ဖန် ယင်းသို့ ပြောဆိုပြီးနောက် ၎င်းတို့အနက် လူတစ်စုသည် (အမိန့်နာခံခြင်းမှ) မျက်နှာလွှဲ၍ ရှောင်ဖယ်သွားကြကုန်၏။ စင်စစ် ၎င်းတို့သည် မုအ်မင်န်သက်ဝင် ယုံကြည်သူများ မဟုတ်ကြချေ။

وَإِذَا دُعُوٓا۟ إِلَى ٱللَّهِ وَرَسُولِهِۦ لِيَحْكُمَ بَيْنَهُمْ إِذَا فَرِيقٌ مِّنْهُم مُّعْرِضُونَ ﴿٤٨﴾

၂၄ : ၄၈ ။ ။ ထို့ပြင် ၎င်းသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်ထံတော်သို့ ၎င်းတို့အချင်းချင်း၏ အမှုကို ရစူလ်တမန်တော်မြတ်က စီရင်ဆုံးဖြတ်တော်မူရန် ဖိတ်ခေါ်ခြင်းကို ခံကြရသောအခါ ၎င်းတို့အနက် လူတစ်စုသည် ရုတ်တရက် (ချက်ချင်း) လွှဲရှောင်သွားကြကုန်၏။

وَإِنْ يَكُنْ لَهُمُ الْحَقُّ يَأْتُوا إِلَيْهِ مُذْعِنِينَ ﴿٤٩﴾

၂၄ : ၄၉ ॥ ॥ သို့ရာတွင် အကယ်၍ ၎င်းတို့၌ အခွင့်အရေးရှိလျှင် ၎င်းတို့သည် ထိုရစူလ်တမန်တော်မြတ်ထံသို့ (အလျင်အမြန်) ကျိုးနွံစွာနှင့် ရောက်ရှိလာကြကုန်၏။

أَفِي قُلُوبِهِمْ مَرَضٌ أَمِ ارْتَابُوا أَمْ
يَخَافُونَ أَنْ يَحِيفَ اللَّهُ عَلَيْهِمْ وَرَسُولُهُ ۚ بَلْ أُولَٰئِكَ هُمُ الظَّالِمُونَ ﴿٥٠﴾

၂၄ : ၅၀ ॥ ॥ မည်သို့ပါနည်း။ ၎င်းတို့၏ စိတ်နှလုံးတွင်းဝယ် (အယောင်ဆောင်မှု၏) ရောဂါ ရှိနေသလော။ သို့တည်းမဟုတ် ၎င်းတို့သည် (တမန်တော်မြတ်၏ တမန်တော်ဖြစ်မှုနှင့် စပ်လျဉ်း၍) သံသယဖြစ်နေကြသလော။ သို့တည်းမဟုတ် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် ထိုသူတို့အပေါ်၌ မတရား ပြုလုပ်တော်မူမည်ဟု စိုးရိမ်နေကြသလော။ ထိုသို့ အလျဉ်းမဟုတ်ပေ။ စင်စစ်မှာမူ ၎င်းတို့ကိုယ်တိုင် မတရားပြုမူသူများ ဖြစ်ကြကုန်သည်။

إِنَّمَا كَانَ قَوْلَ الْمُؤْمِنِينَ إِذَا دُعُوا إِلَى اللَّهِ وَرَسُولِهِ لِيَحْكُمَ
بَيْنَهُمْ أَنْ يَقُولُوا سَمِعْنَا وَأَطَعْنَا ۚ وَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿٥١﴾

၂၄ : ၅၁ ॥ ॥ (သို့ရာတွင်) မုအ်မင်နိသက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်ထံသို့၊ ၎င်းတို့အချင်းချင်း၏ အမှုကို ရစူလ်တမန်တော်မြတ်က စီရင်ဆုံးဖြတ်၍ ပေးတော်မူရန်အလို့ငှာ ဖိတ်ခေါ်ခြင်း ခံကြရသောအခါ ၎င်းတို့က 'ကျွန်တော်မျိုးတို့သည် ကြားနာကြပါပြီ။ ထို့ပြင် ကျွန်တော်မျိုးတို့သည် လိုက်နာကြပါပြီ'ဟူ၍ ပြောဆိုကြကုန်၏။ စင်စစ်မှာ ဤကဲ့သို့သော သူတို့သည်သာလျှင် အောင်မြင်မှု ရရှိကြသူများ ဖြစ်ကြကုန်၏။

وَمَنْ يُطِعِ اللَّهَ وَرَسُولَهُ وَيَخْشَ اللَّهَ وَيَتَّقْهِ فَأُولَٰئِكَ هُمُ الْفَائِزُونَ ﴿٥٢﴾

၂၄ : ၅၂ ॥ ॥ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ အမိန့်တော်များကို နာခံကြ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်၏။ ၎င်းပြင် ထိုသူသည် အသျှင်မြတ်၏ အမိန့်တော်များကို (ဖီဆန်ခြင်းမှ) ရှောင်ကြဉ်ပါမူ၊ ထိုကဲ့သို့သော သူတို့သည်သာလျှင် အလိုဆန္ဒ ပြည့်ဝအောင်မြင်သူများ ဖြစ်ကြပေမည်။

وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِنْ أَمَرْتَهُمْ لَيَخْرُجُنَّ ۖ قُلْ لَا
تُقْسِمُوا ۖ طَاعَةٌ مَعْرُوفَةٌ ۚ إِنَّ اللَّهَ خَبِيرٌ بِمَا تَعْمَلُونَ ﴿٥٣﴾

၂၄ : ၅၃ ॥ ॥ ၎င်း (မုနာဖစ်က်) တို့က အကယ်၍ 'ကိုယ်တော်သည် အမိန့်ပေးတော်မူပါလျှင် (အိုးအိမ်များကို စွန့်၍ အသျှင်မြတ်၏ လမ်းသို့) ထွက်ကြပါမည်'ဟု အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို တည်တည်၍ အစွမ်းကုန် ကျိန်တွယ်

ပြောဆိုကြကုန်၏။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် ကျိန်တွယ်ခြင်းကို မပြုကြကုန်လင့်။ (အသင်တို့၏) အမိန့်နာခံမှုသည် ထင်ရှားပြီးဖြစ်သည်။ (တစ်နည်း) အသင်တို့အပေါ်၌ စည်းကမ်းနှင့်လျော်ညီစွာ အမိန့်နာခံရန်သာ ရှိပေသည်။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုလုပ်လျက်ရှိကြသည်တို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။'

قُلْ أَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ ۖ فَإِن تَوَلَّوْا فَإِنَّمَا عَلَيْهِ مَا حُمِّلَ وَعَلَيْكُم مَّا حُمِّلْتُمْ ۖ وَإِن تُطِيعُوهُ تَهْتَدُوا ۚ وَمَا عَلَى الرَّسُولِ إِلَّا الْبَلَاغُ الْمُبِينُ ﴿٥٤﴾

၂၄ : ၅၄ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ အမိန့်တော်များကိုလည်း လိုက်နာကြလေကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (မျက်နှာလွှဲ) ရှောင်ဖယ်ခဲ့ကြလျှင် ထိုရစူလ်တမန်တော်မြတ်၏ အပေါ်၌ မိမိအား ပေးထားသော (အမိန့်တော် ပို့ဆောင်ရန်) တာဝန်ကို ထမ်းဆောင်ရန်သာ ရှိပေသည်။ ထိုနည်းတူစွာ အသင်တို့အပေါ်၌လည်း မိမိတို့ တာဝန်ပေးခြင်း ခံခဲ့ကြရသည်နှင့်အညီ (အမိန့်တော်များကို လိုက်နာရန်သာ) ရှိပေသည်။ ၎င်းအပြင် အကယ်၍ အသင်တို့သည် ထိုရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကို လိုက်နာကြပါလျှင် အသင်တို့သည် တရားလမ်းမှန်ကို ရရှိကြပေမည်။ စင်စစ် ရစူလ်တမန်တော်မြတ်၏ အပေါ်၌မူ (ငါအသျှင်မြတ်၏ အမိန့်တော်များကို) ထင်ရှားပြတ်သားစွာ ပို့ဆောင်ခြင်းမှအပ အခြားမည်သည့်တာဝန်မျှ မရှိချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ကေန်အမှန် ငါအသျှင်မြတ်သည် (အမှန်တရားကို) ရှင်းလင်းတင်ပြသည့် အထောက်အထားများကို (ခြင့်မှုရှိသော တရားလမ်းမှန်အတွက်) ချပေးတော်မူခဲ့သည်။ ထို့နောက် (ထိုခြင့်မှုအနက်) မိမိအလိုတော်ရှိသူကို ဖြောင့်မတ်မှန်ကန်သော တရားလမ်းဘက်သို့ (အထူး) လမ်းပြပို့ဆောင်တော်မူသည်။ (အဘယ်ကြောင့်ဆိုသော် ထိုသူသည် ကိုးကွယ်ရာအသျှင်မြတ်၏ ဝတ္တရားများ၏ အသိပညာ (သို့) မှန်ကန်သော အယူဝါဒရှိသူဖြစ်ခြင်းနှင့် ကျင့်စဉ်ကျင့်ရပ်တို့၏ တာဝန်ဝတ္တရား (သို့) အမိန့်နာခံမှုကို ပြုမူဆောင်ရွက်သူဖြစ်ပေမည်။ ထိုသို့မဟုတ်ပါက လွန်စွာ နဖူးစာဆိုးခြင်းအဖြစ်နှင့် ရှိနေပေမည်။) ထို့အပြင် ဤမုနာဖစ်က်တို့က (နှုတ်မှ) ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်အား ယုံကြည်ကြပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် (အလ္လာဟ်နှင့် ရစူလ်၏) အမိန့်တော်များကို (စိတ်မှ) နာခံကြပါသည်ဟု ကြွေးကြော်ကြသည်။ တစ်ဖန် ထို့နောက် (မိမိတို့၏ ကြွေးကြော်မှုကို လက်တွေ့ပြသရမည့် အချိန် ရောက်ရှိလာသောအခါ) ၎င်းတို့အနက် အုပ်စုတစ်စုသည် (အလွန်ဆိုးသွမ်းသော အုပ်စုဖြစ်သည်။

၎င်းတို့က အလ္လာဟ်နှင့် ရစူလ်၏ အမိန့်တော်များကို) မျက်နှာလွှဲဖယ်ကျောခိုင်းသွားကြလေသည်။ (ဆိုလိုသည်မှာ ၎င်းမုနာဖစ်က်တို့ထံမှ ရပိုင်ခွင့်ရှိသူက ထိုမုနာဖစ်က်အား တမန်တော်မြတ် ﷺ ၏ တရားရုံးတော်တွင် ဤအမှုကို ဆုံးဖြတ်မည်ဟု တောင်းဆိုလာသည့်အခါ ၎င်းတို့သည် လွှဲရှောင်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းတွင် အမှန်တရားအတိုင်း စီရင်ဆုံးဖြတ်လိမ့်မည်'ဟု ၎င်းတို့က သိရှိထားကြသောကြောင့် ဖြစ်သည်။

ရှေ့၌ လာရှိမည့် အာယသ်တော် وَاِذَا دُعُوٓا တွင် ဤအကြောင်းကိုပင် ဖော်ပြထားသည်။ မုနာဖစ်က်ဟူသမျှသည် ဤအတိုင်းပင် ဖြစ်ပါလျက် အုပ်စုတစ်စုဟူ၍ အထူးပြု မိန့်ကြားရခြင်းမှာ ဆင်းရဲနွမ်းပါးသူများအဖို့ စိတ်မှ နှစ်မြို့မှုမရှိသည့်တိုင် ၎င်းတို့အား ပေါ်ပေါ်ထင်ထင် ငြင်းဆိုရန် မဝံ့ဖြစ်ရသောကြောင့်ပင် ဖြစ်သည်။ ဤမတရားမှုအလုပ်ကို အရှိန်အဝါရှိသူ၊ အင်အားရှိသူတို့ကသာ ပြုလုပ်ကြသောကြောင့်လည်း ဖြစ်သည်။) စင်စစ် ၎င်းတို့သည် လုံးဝပင် သက်ဝင်ယုံကြည်ခြင်း မရှိသူများ ဖြစ်သည်။ (ဆိုလိုသည်မှာ နှလုံးသားတွင်မူ မည်သည့်မုနာဖိက်မျှ သက်ဝင်ယုံကြည်မှု မရှိကြပေ။ သို့ရာတွင် ၎င်းတို့မှာမူ အပေါ်ယံ အရောင်တင်ထားသော အီမာန်ပင် မရှိကြခြင်းကို ဆိုလိုသည်။ အခြားအာယသ်တော်တွင်

وَلَقَدْ قَالُوْا كَلِمَةَ الْكُفْرِ وَكَفَرُوْا بَعْدَ اِسْلَامِهِمْ

ဟု လာရှိထားသည့်အတိုင်း ဖြစ်သည်။ အခြားအာယသ်တော်တစ်ပါးတွင်လည်း

قَدْ كَفَرْتُمْ بَعْدَ اِيْمَانِكُمْ

ဟု လာရှိထားပြန်သည်။) ထို့အပြင် ထိုသူတို့သည် အလ္လာဟ်နှင့် အလ္လာဟ်အသျှင်မြတ်၏ တမန်တော်မြတ် ﷺ ထံတော်သို့ ၎င်းတို့ (နှင့် ၎င်းတို့အချင်းချင်း၏ ပြဿနာများ) အကြား တမန်တော်မြတ် ﷺ က ဆုံးဖြတ်ပေးရန် ခေါ်ယူပါလျှင် ၎င်းတို့အနက် လူတစ်စုသည် (ထိုတမန်တော်မြတ် ﷺ ထံတော် လာရောက်ခြင်းမှ) လွှဲရှောင်သွားကြသည်။ (ဤသို့ ခေါ်ယူခြင်းသည် စင်စစ် တမန်တော်မြတ် ﷺ ၏ ဘက်တော်မှသာ ဖြစ်သော်လည်း တမန်တော်မြတ် ﷺ ၏ စီရင်ဆုံးဖြတ်မှုသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရသာ ဖြစ်ပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်နှင့်လည်း ပတ်သက်ဆက်နွယ်နေသည်။ အချုပ်မှာ လူတစ်ဦးက ၎င်းတို့ထံမှ ရပိုင်ခွင့် တောင်းဆိုလာသည့်အခါ ၎င်းတို့၏ အခြေအနေမှာ ဤအတိုင်းပင် ဖြစ်သည်။) ထို့အပြင် အကယ်၍ (ရုတ်တရက်) ၎င်းတို့၏ အခွင့်အရေး (အခြားသူတစ်ဦးအပေါ်၌ တာဝန်အဖြစ်) ရှိလျှင်မူ ၎င်းတို့သည် ကျိုးနွံစွာဖြင့် လက်ခံလျက် (ကိုယ်တော်မြတ် ﷺ ၏ ခေါ်ယူတော်မူခြင်းအပေါ် မဆိုင်းမတွ) ကိုယ်တော့်ထံသို့ ရောက်ရှိလာကြသည်။ (အကြောင်းမှာ ထိုအချိန်တွင် အမှန်တရားအပေါ် စီရင်ဆုံးဖြတ်တော်မူလိမ့်မည်။ ထိုစီရင်ဆုံးဖြတ်မှုတွင် ကျွန်ုပ်တို့အဖို့ အကျိုးအမြတ်ရှိသည်ဟု သိရှိကြပြီး စိတ်ချလက်ချ ရောက်ရှိလာကြခြင်းဖြစ်သည်။ ရှေ့တွင် ထိုသူတို့၏ မျက်နှာလွှဲဖယ်ခြင်းနှင့် ရစူလ်တမန်တော်မြတ် ﷺ ထံတော်၌ မရောက်ရှိလာခြင်းတို့၏ အကြောင်းခံများကို အချို့သော ဖြစ်နိုင်ချေရှိသည့်

အခြေအနေများကို တင်ပြလျက် ထိုဖြစ်နိုင်ချေများကို ငြင်းဆိုပြီး ဖြစ်နိုင်ချေတစ်ခုကိုသာ အတည်ပြု တင်ပြထားပေသည်။

ထိုသူတို့က ဤကဲ့သို့ မျက်နှာလွဲရှောင်ဖယ်ရခြင်းအကြောင်းမှာ) ၎င်းတို့၏ စိတ်နှလုံးသားအတွင်း တွင် (မုချ 'ကုဖွ်ရ်' ငြင်းဆိုခြင်း၏) ရောဂါရှိနေပါသလော။ (၎င်းတို့၏ ယုံကြည်ချက်မှာ ကိုယ်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မဟုတ်ဟု ဖြစ်သည်။) သို့မဟုတ်ပါက ထိုသူတို့သည် ('နဗူဝသ်'အပေါ်) သံသယ ဖြစ်နေကြပါသလော။ (ရစူလ်မဟုတ်ကြောင်း ယုံကြည်ခြင်းမရှိသော်လည်း ရစူလ်ဖြစ်ကြောင်းကိုလည်း မယုံကြည်ကြပေ။) သို့တည်းမဟုတ် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်က ၎င်းတို့အပေါ် မတရားပြုကြလိမ့်မည်ဟု စိုးရိမ်နေကြခြင်းလော။ (၎င်းတို့က ပေးအပ် ရမည့် အခွင့်အရေးများကို ပေးရမည်ထက် ပို၍ ပေးခိုင်းစေမည်ကို စိုးရိမ်နေကြသည်။ သို့ဖြစ်ပေရာ စင်စစ် ဤအကြောင်းခံများအနက် မည်သည့်အကြောင်းခံမျှ) အလျှဉ်းမဟုတ်ပါ။ ထို့မျှမက (အဓိကအကြောင်း ရင်းမှာ) ထိုသူများသာလျှင် (ထိုတရားရေးရင်ဆိုင်မှုများတွင်) မတရားပြုသူများ ဖြစ်ကြပေသည်။ (ထို့ကြောင့် ကျွန်ုပ်တို့ ရှုံးနိမ့်သွားကြလိမ့်မည်ဟူ၍ ယူဆပြီး နဗီတမန်တော် ﷺ ၏ တရားရုံးတော်တွင် အမှုတင်သွင်း ခြင်းကို မနှစ်သက်ကြခြင်းဖြစ်ပေသည်။ ကျန်ရှိသော ယခင်တင်ပြခဲ့သည့် အကြောင်းခံများမှာ မဟုတ် မမှန်သော အကြောင်းခံများ ဖြစ်သည်။) မွတ်စ္စလင်မ်တို့ (၏ ကြီးမြတ်မှုနှင့် ၎င်းတို့) ၏ ပြောဆိုမှုမှာ ၎င်းတို့အား (အမှုကိစ္စတစ်စုံတစ်ရာအပေါ်) အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော် ဘက်သို့ ခေါ်ယူခြင်းခံရလျှင် ၎င်းတို့သည် (ပျော်ရွှင်ဝမ်းမြောက်စွာဖြင့်) 'ကျွန်တော်မျိုးတို့သည် (အသင်၏ စကားများကို) ကြားနာကြရပါပြီ။ ထို့ပြင် ကျွန်တော်မျိုးတို့သည် (ထိုစကားများကို) လိုက်နာကြပါပြီဟု ပြောဆိုကြခြင်း ဖြစ်သည်။ (ထို့နောက် ချက်ချင်းပင် ၎င်းတို့သည် ဆင့်ခေါ်ရာသို့ ရောက်ရှိသွားကြသည်။ ဤသည်မှာ ထိုကဲ့သို့သော သူများ၏ ကျွန်တော်မျိုးတို့ သက်ဝင်ယုံကြည်ကြပါသည်။ ကျွန်တော်မျိုးတို့ လိုက်နာကြပါပြီ'ဟု ပြောဆိုခြင်းသည် 'ဒွန်နယာ'လောက၌လည်း ရှိသည်မှာ အမှန်ပင်ဖြစ်ကြောင်း သက်သေ လက္ခဏာပင် ဖြစ်သည်။)

ထို့နောက် ဤကဲ့သို့သော သူများသာလျှင် (တမလွန်၌လည်း) အောင်မြင်မှု ရရှိသူများ ဖြစ်ကြ သည်။ ထို့အပြင် (ငါအသျှင်မြတ်၏ ထံတော်၌ ပုံသေနည်းဥပဒေတစ်ရပ် ရှိသည်မှာ) မည်သူမဆို အလ္လာဟ် အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကို နာခံသည်။ အလ္လာဟ်အသျှင်မြတ် အား ကြောက်ရွံ့သည်။ အသျှင်မြတ်၏ အမိန့်တော်ကို ဖီဆန်ခြင်းမှ ရှောင်ကြဉ်၏။ သို့ဖြစ်ပေရာ ထိုကဲ့သို့ သော သူများသာလျှင် အလိုဆန္ဒပြည့်ဝအောင်မြင်သူများ ဖြစ်ကြပေသည်။ ထို့ပြင် (မုနာဖစ်က်တို့၏ အခြေ အနေမှာ) ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား အစွမ်းကုန် တိုင်တည်၍ ကျိန်ဆိုကြသည် (မှာ ကျွန်ုပ် တို့သည် ဤကဲ့သို့ အမိန့်နာခံသူများ ဖြစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော်) အကယ်၍ အသင်သည် ၎င်းတို့ကို (ကျွန်ုပ်တို့အား) အမိန့်ပေးလိုက်သည်။ (အသင်တို့၏ အိုးအိမ်များကို စွန့်လွှတ်ကြကုန်ဟု) ဆိုလျှင် ထိုသူတို့ (ကျွန်ုပ်တို့) သည် ယခုပင် (အားလုံးကို စွန့်လွှတ်၍) ထွက်ကြပါမည် (ဟု ဖြစ်သည်။ အို၊ နဗီ

တမန်တော်၊ အသင်သည်) ၎င်းတို့အား ပြောကြားပါလေ။ အသင်တို့သည် 'ကစမ်'ကျိန်ဆိုခြင်းများ မပြုကြလေနှင့်။ (အသင်တို့၏) အမိန့်နာခံခြင်း၏ အရင်းအမြစ်ကို သိရှိပြီး ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ပြုလုပ်လျက် ရှိကြသည်တို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထိုအသျှင်မြတ်က ကျွန်ုပ်အား အသိပေးတော်မူထားပြီး ဖြစ်သည်။ အခြားတစ်နေရာ၌

قُل لَّا تَعْتَذِرُوا لَن نُّؤْمِنَ لَكُمْ قَدْ نَبَّأَنَا اللَّهُ مِنْ أَخْبَارِكُمْ

ဟူသော အာယသ်တော်၌ လာရှိသကဲ့သို့ ဖြစ်သည်။ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ စကားများ ပြောဆိုခြင်းဖြင့် အလုပ်မဖြစ်မြောက်ပါ။ လက်တွေ့ကျသော အလုပ်ကို ပြုလုပ်ကြပါ။) အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုကို ပြုကြလေကုန်။ ထို့နောက် ရစူလ်တမန်တော်၏ ထိုပြောကြားခြင်းများနှင့် 'သဗ်လီးဂ်'ပို့ချမှုပြုပြီးနောက်) တစ်ဖန် အကယ်၍ ဤသူတို့သည် (အမိန့်တော်များကို လိုက်နာခြင်းမှ) သွေဖည်လွှဲရှောင်ခဲ့ကြပါလျှင် (ရစူလ်တမန်တော်အဖို့ မည်သည့်နစ်နာဆုံးရှုံးခြင်းမျှ မရှိပါချေ။ အဘယ်ကြောင့်ဆိုသော်) ထိုရစူလ်တမန်တော်သည် မိမိအား ပေးအပ်ထားသော 'သဗ်လီးဂ်' ပို့ချခြင်း (၏ အလုပ်တာဝန်) ကို ထမ်းဆောင်ရန်သာ ရှိသည်။ (ထိုအလုပ်တာဝန်ကို ထမ်းဆောင်ပြီးလျှင် တာဝန်ကျေပြီးဖြစ်သည်။) ထိုနည်းတူစွာ အသင်တို့သည်လည်း အသင်တို့အပေါ်၌ ပေးအပ်ထားသည့် (အမိန့်တော်များကို လိုက်နာရန်) တာဝန်ကို ထမ်းဆောင်ကြရပေမည်။ (ထိုအမိန့်တော်များကို လိုက်နာခြင်း မရှိပါလျှင် အသင်တို့သာလျှင် နစ်နာဆုံးရှုံးကြရပေမည်။) ထို့နောက် အကယ်၍ အသင်တို့သည် (သွေဖည်လွှဲရှောင်ခြင်း မပြုဘဲ) ထိုတမန်တော်၏ အမိန့်ကို လိုက်နာခဲ့ကြလျှင် (ဤသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာခြင်းသာ ဖြစ်သည်။) အသင်တို့သည် တရားလမ်းမှန်ကို ရရှိကြပေလိမ့်မည်။ (မည်သို့ပင်ဆိုစေ) ရစူလ်တမန်တော်၏ တာဝန်မှာ ထင်ရှားပြတ်သားစွာ ပို့ဆောင်ခြင်းသာ ဖြစ်သည်။ (ရှေ့တွင် အသင်တို့အား လက်ခံသည်၊ လက်မခံသည်ကို မေးမြန်းမည်သာ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များသည် သီးခြားဖြစ်ရပ်တွင် ကျရောက်ခဲ့သော အာယသ်တော်များ ဖြစ်သည်။ သွဗ်ရာနီ စသည်တို့က ဤဖြစ်ရပ်ကို တင်ပြကြသည်မှာ မုနာဖစ်က်များအနက် 'ဗိရှ်ရ်'အမည်ရှိ လူတစ်ဦး ရှိခဲ့သည်။ ၎င်းမှာ ယဟူဒီတစ်ဦးတို့အကြား မြေကွက်တစ်ကွက်နှင့် စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်ခဲ့သည်။ ယဟူဒီက 'ဤသို့ဆိုလျှင် အသင်တို့၏ ရစူလ်တမန်တော်ထံတွင် အဆုံးအဖြတ်နာယူကြမည်'ဟု ပြောဆိုသည်။ သို့ရာတွင် မုနာဖစ်က် ဗိရှ်ရ်သည် မမှန်ကန်သူ၊ မတရားပြုသူ ဖြစ်သည့်အလျောက် တမန်တော်မြတ် ﷺ ထံတော်၌ အမှုကို တင်သွင်းလိုက်ပါက ကိုယ်တော်မြတ် ﷺ သည် အမှန်တရားနှင့်အညီ စီရင်ဆုံးဖြတ်တော်မူပေသည်။ ထိုအခါ ကျွန်ုပ်သည် ရှုံးနိမ့်သွားပေလိမ့်မည်ဟု သိထားသည့်အတွက် ငြင်းဆိုလိုက်သည်။

ထို့နောက် တမန်တော်မြတ် ﷺ ထံတော်သို့ သွားရမည့်အစား ကအ့ဗ်ဗင်န်အရှ်ရဖ် ယဟူဒီထံ၌ ဤအမှုကို တင်သွင်းရန် ပြောဆိုလေသည်။ ထိုဖြစ်ရပ်အပေါ် ဤအာယသ်တော်များ ကျရောက်လာခဲ့ခြင်း ဖြစ်သည်။

ထို့နောက် فِي قُلُوبِهِم مَّرَضٌ ဟူသော အာယသ်တော်တွင် ထိုမုနာဖစ်က်တို့၏ စိတ်နှလုံးသားတွင် မုချသွေဖည်ငြင်းဆိုသော ရောဂါ (သို့) 'နဖ္ဖာသ်'ကို သံသယဖြစ်ခြင်းများအား ပယ်ချထားခြင်းဖြစ်သည်။ အလိုသဘောမှာ ဤမုချသွေဖည်ငြင်းပယ်သော ရောဂါ (သို့) သံသယဖြစ်ခြင်းတို့သည် ၎င်းတို့က နဗီတမန်တော်မြတ် ﷺ ၏ ထံတော်ပါး၌ အမှုကို တင်သွင်းရန် ငြင်းဆိုရခြင်း၏ အကြောင်းခံမဟုတ်ပေ။ အမှန်စင်စစ် ငြင်းပယ်ခြင်းနှင့် သံသယဖြစ်ရခြင်းတို့မှာ မုနာဖစ်က်တို့တွင် ရှိစမြဲနှင့် ထင်ပေါ်သော လုပ်ရပ်များပင် ဖြစ်ပေသည်။ သို့သော် အမှုတင်သွင်းမှု မပြုခြင်း၏ အကြောင်းခံအစစ်မှာ 'အမှန်တရားနှင့်အညီ စီရင်ဆုံးဖြတ်ခြင်း ပြုလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့ ရှုံးနိမ့်သွားကြလိမ့်မည်'ဟု သိရှိကြခြင်းကြောင့် ဖြစ်သည်။

အလိုဆန္ဒပြည့်ဝအောင်မြင်ရန် စည်းကမ်းချက် (၄) ရပ်

وَمَن يُطِعِ اللَّهَ وَرَسُولَهُ وَيَخْشَ اللَّهَ وَيَتَّقْهِ فَأُولَٰئِكَ هُمُ الْفَائِزُونَ ○

ဤအာယသ်တော်တွင် အချက် (၄) ချက်အပေါ် စွဲမြဲစွာ လိုက်နာမှု ပြုသူသည် အလိုဆန္ဒပြည့်ဝအောင်မြင်သူဖြစ်၍ လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် အောင်မြင်သူများ ဖြစ်သည်။

အံ့ဖွယ်ဖြစ်စဉ်တစ်ရပ်

သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် ဤနေရာ၌ ဟဇရသ်အုမရ် ﷺ သခင်၏ ဖြစ်ရပ်တစ်ခုကို ဆင့်ပြန်ခဲ့၏။ ထိုဖြစ်ရပ်အားဖြင့် ထိုအချက် (၄) ချက်၏ အဓိပ္ပာယ်ကို ခွဲခြားနားလည်ပြီး ရှင်းလင်းသွားပေမည်။ ဖြစ်ရပ်မှာ ဟဇရသ်အုမရ် ﷺ သည် တစ်နေ့သောအခါ 'မတ်စ်ဂျိဒ်နဗဝီ' ဗလီဝတ်ကျောင်းတော်တွင် ရပ်နေသည်။ ထိုစဉ် ရုတ်တရက် ရောမသားတစ်ဦး ရောက်ရှိလာပြီး ကိုယ်တော်မြတ် ﷺ ၏ ရှေ့တည့်တည့်တွင် ရပ်လိုက်လေသည်။ ထို့နောက်

انا اشهد ان لا اله الا الله وان محمد رّسول الله

ဟု ပြောဆိုလေသည်။ ဟဇရသ်အုမရ် ﷺ သခင်က 'အသင် မည်သည့်အရာကို ပြောဆိုနေပါသနည်း' ဟု မေးရာ ၎င်းက 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်အတွက် မွတ်စ္စလင်မ်ဖြစ်သွားပါပြီ' ဟု ပြောဆိုလေသည်။ ဟဇရသ်အုမရ် ﷺ က 'ဤသို့ဖြစ်ရခြင်း၏ အကြောင်းတရားမှာ မည်သို့ပါနည်း' ဟု မေးရာ ထိုသူက 'ကျွန်ုပ်သည် 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်'၊ 'ဇဗူရ်'ကျမ်းနှင့် ရှေးနဗီများဆိုင်ရာ ကျမ်းစာများစွာတို့ကို လေ့လာဖတ်ရှုခဲ့ပါသည်။ သို့ရာတွင် အကျဉ်းကျနေသော မွတ်စ္စလင်မ်တစ်ဦး၏ ကုရ်အာန် အာယသ်တော်တစ်ပါး ဖတ်ရွတ်နေသည့် အသံကို ကြားပြီး 'ဤမျှ သေးငယ်သော အာယသ်တော်သည်

ရှေးကျမ်းအားလုံးကို မိမိအတွင်း၌ သိမ်းသွင်းဆွဲငင်ယူလိုက်သည်'ကို သိရှိလိုက်ရပြီး ဤသည်မှာ အလ္လာဟ် အသျှင်မြတ်ဘက်တော်မှသာ ဖြစ်သည်ကို ကျွန်ုပ် ယုံကြည်လိုက်ပါသည်' ဟု ပြောဆိုလေသည်။ ဟဇရတ် အုမရ် ﷺ သခင်က 'ဤသည်မှာ မည်သည့်အာယသ်တော် ဖြစ်ပါသနည်း' ဟု မေးရာ ၎င်းက ဖော်ပြပါ အာယသ်တော်ကို ဖတ်ကြားပြလေသည်။ ထိုသို့ ဖတ်ကြားခြင်းနှင့်အတူ အာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆို ချက်ကိုလည်း အံ့ဖွယ်တင်ပြသည်မှာ مَنْ يُّطِعِ اللّٰهَ သည် အလ္လာဟ်၏ 'ဖွရ်ဇ်'တာဝန်များနှင့် စပ်လျဉ်း သော အပိုဒ် ဖြစ်သည်။ وَرَسُوْلَهٗ သည် နဗီတမန်တော်မြတ် ﷺ ၏ စွန္နသ်တော်များနှင့် စပ်လျဉ်းသည့် အပိုဒ် ဖြစ်သည်။ وَيَخْشَ اللّٰهَ သည် ကုန်လွန်ပြီးသော သက်တမ်းနှင့် စပ်လျဉ်းသော အပိုဒ်ဖြစ်သည်။ وَيَتَّقْهِ သည် ကျန်ရှိနေသော လာမည့်သက်တမ်းနှင့် စပ်လျဉ်းသောအပိုဒ်ဖြစ်သည်။ လူသားသည် ထိုအချက် (၄) ချက်ကို ကျင့်သုံးပါလျှင် فَاُولٰٓئِكَ هُمُ الْفَآئِزُوْنَ ၏ ကောင်းသတင်းကို ရရှိပေမည်။ فَآئِزَ သည် 'ဂျဟန္နမ်'မှ လွတ်ကင်း၍ 'ဂျန္နသ်'ကို ရရှိသူဖြစ်သည်' ဟု ပြောဆိုလေသည်။ ဟဇရတ်အုမရ် ﷺ သည် ဤစကားများကို ကြားသိရပြီး မိန့်ကြားသည်မှာ နဗီကိုယ်တော်မြတ် ﷺ (၏ မိန့်ကြားချက်တွင် ထိုသူ့အား ထောက်ခံခြင်းများ ပါရှိသည်။ ကိုယ်တော်မြတ် ﷺ) က မိန့်ကြားတော်မူသည်မှာ-

اُوتيت جوا مع الكلم

'အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား ဤသို့ နက်နဲသိမ်မွေ့သည့် 'ကလေမာဟ်' စာပိုဒ်များကို ချီးမြှင့်တော်မူသည်။ ဤ 'ကလေမာဟ်'စာပိုဒ်များ၏ စာလုံးများမှာ သေးငယ်တိုတောင်းပြီး အဓိပ္ပာယ်တွင် အလွန်ကျယ်ပြန့်မှုရှိသည်' ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا مِنْكُمْ وَ
عَمِلُوا الصّٰلِحٰتِ لَيَسْتَخْلِفَنَّهُمْ فِى الْاَرْضِ كَمَا اسْتَخْلَفَ الَّذِيْنَ
مِنْ قَبْلِهِمْ ۖ وَلَيُمَكِّنَنَّ لَهُمْ دِيْنَهُمُ الَّذِى ارْتَضٰى لَهُمْ وَلَيُبَدِّلَنَّهُمْ
مِّنْ بَعْدِ خَوْفِهِمْ اَمْنًا ۗ يَعْبُدُوْنَنِىْ لَا يُشْرِكُوْنَ بِىْ شَيْـًٔا ۗ وَمَنْ
كَفَرَ بَعْدَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ﴿٥٥﴾

၂၄ : ၅၅ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက် အီမာန်သက်ဝင် ယုံကြည်ပြီး ကောင်းမြတ်သော အကျင့် သီလများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အား (ဤသို့) ကတိပေးတော်မူခဲ့သည်။ ထိုအသျှင်မြတ်သည် ၎င်းတို့

အလျင် ရှိခဲ့ကြကုန်သော သူတို့အား (ကမ္ဘာမြေဝယ်) အုပ်ချုပ်စေတော်မူခဲ့သည့်နည်းတူ ၎င်းတို့အားလည်း အုပ်ချုပ်စေတော်မူမည်။ ထို့ပြင် ၎င်းတို့အဖို့ မိမိတို့ နှစ်သက်တော်မူသော (အစ္စလာမ်) သာသနာတော်ကို ၎င်းတို့အကျိုးငှာ မြဲမြံခိုင်ခံ့စေတော်မူမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ စိုးရိမ်မှုနောက်တွင် ငြိမ်းချမ်းမှုကို ပြောင်းလဲ၍ ပေးတော်မူမည်။ (အကယ်၍) ၎င်းတို့သည် တစ်စုံတစ်ရာကို ငါအသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခြင်းမပြုဘဲ၊ ငါအသျှင်မြတ်ကိုသာလျှင် ကိုးကွယ်ဆည်းကပ်ကြရမည်။ သို့ရာတွင် မည်သူမဆို ဤသည့်နောက်တွင် ကုဖွ်ရ် (သွေဖည်ငြင်းဆန်မှု) ပြုခဲ့သည်ရှိသော်၊ ယင်းကဲ့သို့သော သူတို့သည်သာလျှင် အမိန့်တော်ကို ဖီဆန်သူများ ဖြစ်ကြကုန်သည်။

وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاَطِيْعُوا الرَّسُوْلَ لَعَلَّكُمْ تُرْحَمُوْنَ ﴿٥٦﴾

၂၄ : ၅၆ ။ ။ ထို့ပြင် အသင်တို့သည် (အသျှင်မြတ်၏) သနားကရုဏာတော်ကို ခံစားကြရန်အလို့ငှာ 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ထို့ပြင် 'ဇကားသ်' ပေးဆောင်ကြလေကုန်။ ထို့ပြင် ရစူလ်တမန်တော်မြတ်၏ အမိန့်တော်ကို နာခံကြလေကုန်။

لَا تَحْسَبَنَّ الَّذِيْنَ كَفَرُوْا مُعْجِزِيْنَ فِى الْاَرْضِ ۚ وَمَاْوٰىهُمُ النَّارُ ۗ وَلَبِئْسَ الْمَصِيْرُ ﴿٥٧﴾

၂၄ : ၅၇ ။ ။ ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့သည် (ငါအသျှင်မြတ်အား) ကမ္ဘာမြေဝယ် မစွမ်းဆောင်နိုင်အောင် (အရေးရှုံးနိမ့်အောင်) ပြုနိုင်ကြမည်ဟု အသင်သည် အလျဉ်းမထင်မှတ်လေနှင့်။ အမှန်စင်စစ် ၎င်း (ကာဖိရ်) တို့၏ ခိုလှုံရာဌာနသည် (ဂျဟန္နမ်) ငရဲမီးပင် ဖြစ်ပေသည်။ စင်စစ် ယင်း (ငရဲ) မီးသည် အလွန်တရာ ဆိုးရွားလှသော ပြန်လည်ရာစခန်းပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ အမွှသ်သားအပေါင်းတို့) အသင်တို့အနက် အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမှုများ ပြုလုပ်ကြသူတို့အား (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ် ပို့ချတော်မူသော တရားလမ်းမှန်၏ ရောင်ခြည်တော်ကို အပြည့်အဝ လိုက်နာကျင့်ဆောင်မှု ပြုသူတို့အား) အလ္လာဟ်အသဆင်မြတ်သည် ကတိတော်ပြုထားသည်မှာ ၎င်းတို့အား (ထိုလိုက်နာကျင့်ဆောင်ခြင်း၏ 'ဗရ်ကာသ်' ဖြင့်) ကမ္ဘာမြေပေါ်တွင် ၎င်းတို့၏ အလျင်က ရှိခဲ့ကြသော (တရားလမ်းမှန်အပေါ်၌ ရှိခဲ့) သူများကို အုပ်ချုပ်မှုအာဏာ ချီးမြှင့်တော်မူသကဲ့သို့ (ဥပမာ–ဗနီအီစ်ရာအီးလ်မျိုးနွယ်တို့ကို ဖိရ်အောင်န်နှင့် ၎င်း၏ မျိုးနွယ် ကိဗ်သွီတို့အပေါ် အောင်နိုင်မှု ပြုခဲ့သည်။ တစ်ဖန် ဆီးရီးယားနိုင်ငံတွင် 'အမာလကဟ်' ကဲ့သို့သော ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် မျိုးနွယ်စုအပေါ် ၎င်းတို့အား အောင်နိုင်မှုကို ချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် အီဂျစ်နှင့် ဆီးရီးယားနိုင်ငံတို့၏ အုပ်ချုပ်မှုအာဏာကို ၎င်းတို့အား ချီးမြှင့်တော်မူခဲ့သည်။ (ထိုသို့ အုပ်ချုပ်မှုအာဏာ ချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်သည်) ၎င်းတို့အတွက် နှစ်သက်တော်မူသည့် သာသနာကို (အစ္စလာမ်သာသနာကို ဆိုလိုသည်။ အခြားအာယသ်တော်တစ်ပါးတွင်

رَضِيْتُ لَكُمُ الْاِسْلَامَ دِيْنًا

ဟု လာရှိသည့်အတိုင်း) ထိုသာသနာကို ၎င်းတို့၏ (တမလွန်အကျိုး) အတွက် ခိုင်မြဲစေတော်မူမည်။ ထို့ပြင် (၎င်းတို့အဖို့ ရန်သူများကို ကြောက်ရွံ့ရခြင်း ရှိသည်ဖြစ်ရာ) ၎င်းတို့၏ ထိုစိုးရိမ်ကြောက်ရွံ့ရခြင်းနောက်တွင် ၎င်းတို့အား ငြိမ်းချမ်းမှုနှင့် ပြောင်းလဲပေးတော်မူပေမည်။ စည်းကမ်းသတ်မှတ်ချက်မှာ ငါအသျှင်မြတ်၏ 'အေဗာဒသ်'ပြုလျက် ရှိနေရမည်ဖြစ်သည်။ (ထို့အပြင်) ငါအသျှင်မြတ်မှအပ အခြားမည်သည့်အရာကိုမျှ တုဖက်နှိုင်းယှဉ် ကိုးကွယ်ခြင်းလည်း မပြုရပေ။ ('ရှရစ်က်ဂျလီ' ကိုလည်းကောင်း၊ 'ရှရစ်က်ခဖီ' ကိုလည်းကောင်း မပြုရပေ။ ဆိုလိုသည်မှာ ဤကတိတော်သည် အလ္လာဟ်အသျှင်မြတ်၏ စည်းကမ်းသတ်မှတ်ချက်ပင် ဖြစ်သည်။ သာသနာအပေါ်၌ အပြည့်အဝ မြဲမြံစွာ ရပ်တည်ရန်ဖြစ်သည်။ ဤကတိတော်မှာ လောကအတွက်ဖြစ်သည်။ တမလွန်အတွက် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်ခြင်းအပေါ် ကြီးမားသော အကျိုးကုသိုလ်နှင့် အမြဲထာဝရ ငြိမ်းချမ်းမှု ရရှိမည်ဟူသော ကတိတော်မှာ သီးခြားဖြစ်သည်။)

ထို့အပြင် မည်သူမဆို ထို (ကတိတော်) ၏ နောက်တွင် ငြင်းဆိုကျေးဇူးကန်ခြင်း ပြုခဲ့သော် (သာသနာ့လမ်းစဉ်ကို ကျောခိုင်းဆန့်ကျင်သော လမ်းကို ရွေးချယ် ခဲ့သော် ထိုကဲ့သို့သော သူများအတွက် ဤကတိတော်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသူတို့သည် အမိန့်တော်ကို ဖီဆန်သူများ ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။ အဆိုပါကတိတော်မှာ အမိန့်နာခံသူများအတွက်သာ ဖြစ်သည်။ ဖီဆန်သူတို့အတွက်မူ လောကတွင်လည်း အုပ်ချုပ်မှုအာဏာပေးမည့် ကတိလည်း မရှိပေ။ တမလွန်၏ အပြစ်ဒဏ်မှာ သီးခြားဖြစ်သည်။) ထို့နောက် (အို၊ မွတ်စ္လင်မ်အပေါင်းတို့၊ အသင်တို့သည် အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်ခြင်းတို့နှင့် စပ်လျဉ်းသော လောကီနှင့် လောကုတ္တရာ အကျိုးကျေးဇူးများအကြောင်း ကြားသိရပြီး ဖြစ်သည့်အခါ အသင်တို့အဖို့ ကောင်းစွာ ပြုကျင့်သင့်သည်မှာ) 'ဆွလာသ်'ဝတ်ပြုမှုကို ဆောက်တည်ကြကုန်။ ထို့အပြင် 'ဇကားသ်'ပေးဆောင်မှုကို ပြုကြလေကုန်။ ထို့နောက် (ကျန်ရှိ အမိန့်တော်များ၌လည်း) တမန်တော်မြတ် ﷺ ၏ အမိန့်နာခံခြင်းကိုလည်း ပြုကြလေကုန်။ သို့မှသာ အသင်တို့အပေါ်တွင် (ပြည့်ဝသော) ဂရုဏာပြုခြင်း ခံကြရပေမည်။ (ရှေ့တွင် ကုဖွရ်နှင့် အပြစ် ကျူးလွန်ခြင်းတို့၏ ဆိုးကျိုးများကို တင်ပြထားသည်မှာ အို၊ ပြောဆိုခြင်းခံရသူ) ကာဖိရ်များနှင့် စပ်လျဉ်း၍ ဤသို့ မထင်မှတ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုကာဖိရ်တို့သည် ကမ္ဘာမြေ (၏ ဒေသတစ်ခုခု) တွင် (ထွက်ပြေးသွားကြလိမ့်မည်။ ထို့နောက် ငါအသျှင်မြတ်အား) ရှုံးနိမ့်စေလိမ့်မည် (ဟု မထင်မှတ်လေနှင့်။ ငါအသျှင်မြတ်၏ အပြစ်ဒဏ်မှ လွတ်ကင်းနိုင်ကြရန် မရှိဘဲ ၎င်းတို့ကိုယ်တိုင်ပင် ရှုံးနိမ့်ကျဆုံးကြမည် ဖြစ်သည်။ ဤသည် လောက၏ ဆိုးကျိုးဖြစ်သည်။) ထို့နောက် (တမလွန်တွင်) ၎င်းတို့၏ လားရာစခန်းမှာ ငရဲဘုံပင် ဖြစ်သည်။ ထိုငရဲဘုံသည် အလွန်တရာ ဆိုးရွားလှသော နေရာဌာန ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ခေါင်းစဉ်များ

အာယသ်တော် ကျရောက်လာခြင်းအကြောင်း

ကုရ်သုဗီ (ရဟ) သည် အဘွလ်အာလီယဟ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် 'ဝဟီ' ကျရောက်ခြင်းနှင့် 'နဗူဝသ်'ကို ကြေညာပြီးနောက်တွင် (၁၀) နှစ်တိုင်တိုင် မက္ကာဟ်မြို့၌ နေထိုင်တော်မူခဲ့သည်။ အချိန်တိုင်းတွင် ကာဖိရ်၊ မုရှ်ရစ်က်တို့၏ ဒုက္ခပေးခြင်းကို စိုးရိမ်နေရသည်။ မဒီနာသို့ ဟိဂျ်ရသ်ပြုရန် အမိန့်တော်ကျရောက်လာပြီး မဒီနာ၌လည်း မုရှ်ရစ်က်တို့၏ ရန်မူခြင်းများကို အခါမလပ် စိုးရိမ်ကြောက်ရွံ့နေရသည်။ လူတစ်ဦးက ကိုယ်တော်မြတ် ﷺ အား 'အို့၊ တမန်တော်မြတ်၊ ကျွန်တော်မျိုးတို့သည် လက်နက်များ စွန့်လွှတ်၍ အေးချမ်းသာယာစွာ နေနိုင်သောအချိန်သည် ကျွန်တော်မျိုးတို့အပေါ်သို့ ကျရောက်လာရန် ရှိပါသလား'ဟု လျှောက်ထားမေးမြန်းသူ ကိုယ်တော်မြတ် ﷺ က 'ဤကဲ့သို့သော အချိန်ကာလသည် အလွန်လျင်မြန်စွာ ရောက်ရှိလာပေလိမ့်မည်' ဟု မိန့်ကြားတော်မူသည်။ ထိုဖြစ်ရပ်ဖြစ်ပေါ်ခြင်းအပေါ် ဤအာယသ်တော်များ ကျရောက်လာခဲ့သည်။ *[ကုရ်သုဗီကျမ်း၊ ဇဟရ်ကျမ်း]*

ဟာဖေရသ်အဗ်ဒွလ္လာဟ်ဗင်နိအဗ္ဗားစ် ؓ သခင်က မိန့်ဆိုသည်မှာ 'ဤအာယသ်တော်များတွင် ပါရှိသော အလ္လာဟ်အသျှင်မြတ်၏ ကတိတော်များသည် အွမ္မသ်မုဟမ္မဒီယဟ်တို့အား ၎င်းတို့ ဖြစ်ပေါ်မလာမီကပင် 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းများတွင် အလ္လာဟ်အသျှင်မြတ်က ကတိပြု မိန့်ဆိုခဲ့ပြီးဖြစ်သည်' ဟူ၏။ *[ဇဟရ်မုဟီးသွ်ကျမ်း]*

အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား (၃) မျိုးသော အရာနှင့် စပ်လျဉ်း၍ ကတိပြုတော်မူခဲ့သည်။ ၎င်းတို့မှာ-

- (၁) ကိုယ်တော်မြတ် ﷺ ၏ အွမ္မသ်ကို ကမ္ဘာမြေပထဝီ၏ 'ခလီဖာဟ်'နှင့် အုပ်ချုပ်မှု အာဏာများ ချီးမြှင့်တော်မူမည်။
- (၂) အလ္လာဟ်အသျှင်မြတ် သဘောတူလက်ခံတော်မူသော အစ္စလာမ်သာသနာကို အောင်မြင်သော သာသနာအဖြစ် ပြုပေးတော်မူမည်။
- (၃) မွတ်စ္စလင်မ်များအား ၎င်းတို့၏ ရန်သူများမှ မည်သည့်ကြောက်ရွံ့စိုးရိမ်ခြင်းမျှ မရှိစေနိုင်သော အင်အားနှင့် ဂုဏ်သိက္ခာကို ချီးမြှင့်တော်မူမည်ဟု ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဤကတိတော်နှင့်အညီ ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယမှာပင် မက္ကာဟ်၊ ခိုင်ဗရ်၊ ဗဟ်ရိုင်းန် (ဘာရိန်း) နှင့် အာရစ်ကျွန်းဆွယ်တစ်ခုလုံးအပြင် ယမန်နိုင်ငံတစ်ခွင်လုံးကို ကိုယ်တော်မြတ် ﷺ ၏ အကြောင်းခံဖြင့် အောင်မြင်သိမ်းပိုက်စေတော်မူခဲ့သည်။

ထို့ပြင် هجر (ဟဂျာရ်) ရှိ မဂျူစီ' မီးကိုးကွယ်သူများအားလည်းကောင်း၊ ဆီးရီးယားနိုင်ငံ၏ အချို့ဒေသများအားလည်းကောင်း အခွန်ငွေရယူနိုင်ခဲ့သည်။ ထို့မျှမက ရောမဘုရင် ဟိရတ်က်လ်သည်

လည်းကောင်း၊ အီဂျစ်နိုင်ငံ ဘုရင် အတ်စ်ကန်ဒရီယဟ် မကူကိစ်သည်လည်းကောင်း၊ အမ္မာန် (ဂျော်ဒန်) ဘုရင်သည်လည်းကောင်း၊ ဟဗ်ရှဟ်၏ ဘုရင် နဂ်ဂျာရှီ စသော ဘုရင်တို့သည်လည်းကောင်း ကိုယ်တော်မြတ် ﷺ ထံတော်သို့ လက်ဆောင်ပဏ္ဏာများ ပေးပို့လျက် ကိုယ်တော်မြတ် ﷺ အား အထူးအလေးမြတ်ထား ဂုဏ်ပေးခဲ့ကြသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်တော်မူပြီးနောက် ဟဇရသ်အဘူဗကရ် စိဒ်ဒီးက် ﵁ ခလီဖဟ်အဖြစ် ဆက်ခံရာတွင် ပြဿနာအချို့ ပေါ်ပေါက်လာခဲ့သည်။ ထိုပြဿနာများကို အဆုံးသတ်နိုင်ခဲ့သည်။ ထို့နောက် ပါရှင်း (အီရန်) နိုင်ငံ၏ မြို့ရွာများ၊ ဆီးရီးယားနိုင်ငံရှိ မြို့ရွာများနှင့် အီဂျစ်နိုင်ငံရှိ မြို့ရွာများဘက်သို့ အစ္စလာမ့်စစ်တပ်များကို စေလွှတ်ခဲ့သည်။ ဗဆွရဟ်နှင့် ဒမတ်စကတ်တို့မှာ ဟဇရသ်အဘူဗကရ် ﵁ ၏ ခေတ်သမယ၌ပင် အောင်နိုင်ခဲ့သည်။ အခြားသော နိုင်ငံများတွင်လည်း တစ်စိတ်တစ်ဒေသအောင်နိုင်ခြင်းများ ရှိခဲ့သည်။

ဟဇရသ်အဘူဗကရ်စိဒ်ဒီးက် ﵁ ၏ 'ဝဖားသ်'ကွယ်လွန်မည့်အချိန် ရောက်ရှိလာသောအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ နှလုံးသား၌ မိမိ၏နောက်တွင် အုမရ်ဗင်န်ခတ္တ်သွားဗ် ﵁ အား ခလီဖဟ်အဖြစ် ပြုပေးရန် 'အိလ်ဟားမ်' အသိကို ထည့်ပေးတော်မူလိုက်သည်။ အုမရ်ဗင်န်ခတ္တ်သွားဗ် ﵁ 'ခလီဖာဟ်' ဖြစ်သောအခါ နဗီတမန်တော်တို့၏ နောက်ပိုင်းတွင် မိုးကောင်းကင်အနေဖြင့် မမြင်ဘူးလောက်အောင် ပြောင်မြောက်သည့် 'ခိလာဖသ်'၏ အစီအမံများကို ချမှတ်ကျင့်ဆောင်နိုင်ခဲ့သည်။ ၎င်း၏ ခေတ်သမယတွင် ဆီးရီးယားနိုင်ငံလုံးကို အောင်နိုင်ခဲ့သည်။ အလားတူ အီဂျစ်တစ်နိုင်ငံလုံးနှင့် ပါရှင်းနိုင်ငံ၏ ဒေသအများစုကိုလည်း သိမ်းပိုက်အောင်နိုင်ခဲ့သည်။ ၎င်း၏ ခေတ်သမယမှာပင် 'ကိုင်ဆွာရ်'နှင့် 'ကိစ္စရာ'တို့ကိုလည်းကောင်း၊ 'ကိုင်ဆွာရ်'ဝါဒနှင့် 'ကိစ္စရာ'ဝါဒတို့ကိုလည်းကောင်း ချေမှုန်းနိုင်ခဲ့သည်။ ၎င်း၏ နောက်ပိုင်းတွင် ဟဇရသ်ဥဿမားန်ဂနီ ﵁ သခင်၏ ခေတ်သမယ ရောက်ရှိလာသည့်အခါ အစ္စလာမ်၏ အောင်မြင်မှုများ၏ အတိုင်းအတာသည် အရှေ့နိုင်ငံများအထိလည်းကောင်း၊ အနောက်နိုင်ငံများအထိလည်းကောင်း ကျယ်ပြန့်လာခဲ့သည်။ အနောက်ဘက်နိုင်ငံများတွင် စပိန်နိုင်ငံနှင့် قبرص (ကဗ်ရဆ္ဆ်) တို့အထိ ဖြစ်ပြီး အရှေ့ဖျားနိုင်ငံများတွင် တရုတ်နိုင်ငံအထိလည်းကောင်း၊ အီရတ်၊ အဟ်ဝါးနှင့် ခုရာစားန်နယ်မြေဒေသများသည်လည်းကောင်း၊ သိမ်းပိုက်အောင်နိုင်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည့် ဆွဟီးဟ်ဟဒီးစ်တော်တွင် 'ကျွန်ုပ်အား ကမ္ဘာမြေတစ်ခွင်လုံး၏ အရှေ့ဒေသများနှင့် အနောက်ဒေသများကို ခြုံငုံ၍ ပြသတော်မူခဲ့သည်'ဟု ဖြစ်သည်။ ထိုသို့ ပြသခဲ့သည့်အတိုင်း ငါကိုယ်တော်၏ အုမ္မသ်၏ အုပ်ချုပ်မှုသည် အဆိုပါဒေသများအထိ ရောက်ရှိမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤကတိတော်ကို ဟဇရသ်ဥဿမားန် ﵁ ၏ ခေတ်သမယ၌ပင် ပြည့်ဝစေတော်မူလိုက်သည်။ (ဤအကြောင်းအရာအားလုံးကို အိဗ်နေကစီးရ်ကျမ်းမှ ကောက်နုတ်တင်ပြခြင်း ဖြစ်သည်။)

အခြားဟဒီးစ်တော်တစ်ရပ်၌ လာရှိသည်မှာ 'ခေလာဖသ်သည် ငါကိုယ်တော်မြတ်၏ နောက်တွင် နှစ် (၃၀) ရှိလိမ့်မည်'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ခုလဖာအေရာရှိဒီးန်' ဖြစ်သည်။ ၎င်းတို့သည် နဗီကိုယ်တော်မြတ် ﷺ ၏ ဖဝါးခြေထပ် စွန္နသ်လမ်းစဉ်များအတိုင်း ရပ်တည်ကြသူများပင် ဖြစ်သည်။ ဟဇရသ်

အလီ ﷺ ၏ ခေတ်သမယအထိ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤနှစ် (၃၀) ၏ အတိုင်းအတာသည် ဟဇရတ်အလီ ﷺ ၏ ခေတ်တွင် ပြည့်သွားသောကြောင့် ဖြစ်သည်။

အိမ်နေကစီးရ် (ရဟ) က ဤနေရာတွင် ဆွဟီးဟ်မွတ်စ္စလင်မ်၏ ဟဒီးစ်ကို ဆင့်ပြန်ခဲ့သည်။ ဟဇရတ်စမုရဟ် ﷺ က ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ 'ငါကိုယ်တော်၏ အုမ္မသ်တွင် ခလီဖဟ် (၁၂) ပါး ရှိနေသရွေ့ ငါကိုယ်တော်၏ အုမ္မသ်၏ အလုပ်များ ရှင်သန်နေပေလိမ့်မည်'ဟု မိန့်ကြားတော်မူခဲ့သည်။

အိမ်နေကစီးရ် (ရဟ) က ဤဟဒီးစ်ကို ဆင့်ပြန်လျက် မိန့်ဆိုသည်မှာ ဤဟဒီးစ်သည် တရားမျှတခြင်းရှိသော ခလီဖဟ် (၁၂) ပါး ဤအုမ္မသ်အတွင်း၌ ရှိကြောင်းကို သတင်းပေးခြင်းဖြစ်သည်။ ထိုခလီဖဟ်အားလုံးသည် စဉ်ဆက်မပြတ်ဘဲ ဆက်တိုက်ပေါ်ပေါက်လာရန်ကား အရေးမကြီးပေ။ ထို့မျှမက ခေတ်ကာလများခြား၍ ပေါ်ပေါက်လာခြင်းလည်း ဖြစ်နိုင်သည်။ ၎င်းတို့အနက် ခုလဖာအေရာရှိဒီးန် (၄) ဦးမှာမူ တစ်ဦးပြီးတစ်ဦး ဆက်တိုက်ပေါ်ပေါက်လာခဲ့ပြီး ဖြစ်သည်။ တစ်ဖန် ကာလအတန်ကြာ ခြားပြီးနောက် ဟဇရတ်အုမရ်ဗင်န်အဗ်ဒုလ်အဇီးဇ် (ရဟ) ပေါ်ပေါက်ခဲ့သည်။ ၎င်းနောက်ပိုင်းတွင်လည်း ခေတ်များစွာတို့၌ ဤကဲ့သို့သော ခလီဖဟ်များ ပေါ်ပေါက်ခဲ့သည်။ ဤနည်းဖြင့် 'ကေယာမသ်'နေ့ထိတိုင် ရှိနေပေလိမ့်မည်။ နောက်ဆုံး ခလီဖဟ်မှာ ဟဇရတ်မဟ်ဒီ ဖြစ်လိမ့်မည်။ ရဝါဖိဇ်တို့ သတ်မှတ်သည့် ခလီဖဟ် (၁၂) ပါးနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်တွင် မည်သည့်အထောက်အထားမျှ မရှိရုံမျှမက အချို့မှာ 'ခေလာဖသ်' နှင့် မည်သို့မျှ ပတ်သက်ဆက်နွယ်မှု မရှိသူများလည်း ပါဝင်နေပေသည်။ ထို့အပြင် ၎င်းတို့သည် အဆင့်အတန်းတူညီသူများ ဖြစ်ရမည်ဆိုသည်မှာလည်း အရေးမကြီးပေ။ ၎င်းတို့အားလုံး၏ ခေတ်သမယတိုင်းတွင် ငြိမ်းချမ်းသာယာမှု တူညီနေရန်လည်း အရေးကြီးသော အချက်မဟုတ်ပေ။ ထို့မျှမက ထိုကတိတော်သည် အီမာန်သက်ဝင် ယုံကြည်မှုနှင့် ကောင်းမှုကိုယ်ကျင့်တရားများ ရှိခြင်းနှင့် အမိန့်တော်များကို အပြည့်အဝ လိုက်နာကျင့်ဆောင်ခြင်းတို့အပေါ်၌သာ မူတည်ပေသည်။ ၎င်းတို့၏ အဆင့်အတန်းများ မတူညီကြခြင်းဖြင့် အုပ်ချုပ်မှု အမျိုးအစားနည်းစနစ်များနှင့် အင်အားများသည်လည်း မတူညီ ကွဲပြားမှုများ ဖြစ်ပေါ်ပေလိမ့်မည်။ အစ္စလာမ်၏ နှစ်ပေါင်း (၁၄၀၀) သက်တမ်းသည် ဤသည်ကိုပင် သက်သေပြနေပေသည်။ အဘယ်ကြောင့်ဆိုသော် ကွဲပြားခြားနားသည့် ခေတ်ကာလများတွင် မတူညီသော နိုင်ငံများ၌ တရားမျှတ၍ ကောင်းမြတ်သော မွတ်စ္စလင်မ်ဘုရင်များ ပေါ်ပေါက်ခဲ့ပါသည်။ ၎င်းတို့သည် မိမိတို့၏ ကျင့်စဉ်ကျင့်ရပ်များ၏ အတိုင်းအတာဖြင့် အလ္လာဟ်အသျှင်မြတ်၏ ထိုကတိတော်၏ တစ်စိတ်တစ်ဒေသကို ရယူခဲ့ကြသည်သာ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင်

إِنَّ حِزْبَ اللَّهِ هُمُ الْغَالِبُونَ

ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ အုပ်စုသည်ပင် အောင်မြင်မှု ရရှိပေလိမ့်မည်' ဟူ၍ မိန့်ကြားသကဲ့သို့ ဖြစ်သည်။

ဖော်ပြပါ အာယသ်တော်အားဖြင့် 'ခုလဖာအေရာရှိဒီးန်' တို့၏ 'ခိလာဖသ်' ရာထူးနှင့် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံခြင်းခံရသူများဖြစ်ကြောင်း အထောက်အထား

ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'၏ အထောက်အထားလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်တွင် ကြိုတင်မိန့်ကြားချက် လာရှိသည့်အကြောင်းများသည် ထိုသို့ ကြိုတင်မိန့်ကြားသည့်အတိုင်း အပြည့်အဝ ဖြစ်ပေါ်ပြီးသောကြောင့် ဖြစ်သည်။ အလားတူ ဤအာယသ်တော်သည် 'ခုလဖာအေရာရှိဒီးန်'တို့၏ 'ခေလာဖသ်'သည် မှန်ကန်မှုရှိကြောင်းနှင့် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံခြင်းပြုခံရသူများ ဖြစ်ကြောင်း အထောက်အထား ဖြစ်ပေသည်။ အကြောင်းမှာ ဤအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်နှင့် ထိုတမန်တော်၏ အွမ္မသ်သားများအပေါ် ပြုထားသည့် ကတိတော်များသည် ထိုပုဂ္ဂိုလ် (ခုလဖာအေရာရှိဒီးန်) တို့၏ ခေတ်သမယများတွင် ပြည့်ဝဖြစ်မြောက်ခဲ့သောကြောင့် ဖြစ်သည်။ အကယ်၍ ထိုပုဂ္ဂိုလ်ကြီးတို့၏ 'ခိလာဖသ်'ကို မမှန်ကန်ဟူ၍ လက်မခံပါလျှင် (ဥပမာ- 'ရဝါဖိဇ်'တို့၏ အယူဝါဒမျိုးဖြစ်သည်။) ကုရ်အာန်၏ ဤကတိတော်သည် မည်သည့်အခါတွင်မှ ပြည့်ဝလိမ့်မည်မဟုတ်ပေ။ 'ရဝါဖိဇ်'တို့၏ ပြောဆိုချက်မှာ ဤကတိတော်သည် ဟဇရသ်မဟ်ဒီ၏ ခေတ်သမယတွင် ပြည့်ဝပြီး အဆုံးသတ်လိမ့်မည်ဟု ဖြစ်သည်။ ရယ်စရာစကားတစ်ခုပင် ဖြစ်သည်။ ဆိုလိုသည်မှာ နှစ်ပေါင်း (၁၄၀၀) တွင်မူ အွမ္မသ်အားလုံးတို့အဖို့ သေးသိမ်မှု၌ နေကြရမည်။ 'ကေယာမသ်'နီးကပ်လာသည့်အခါ ကာလအနည်းငယ်အတွက် ၎င်းတို့အဖို့ ဤအုပ်ချုပ်မှုအာဏာ ရရှိလိမ့်မည်။ ထိုအုပ်ချုပ်မှုအာဏာပင်လျှင် ဤအာယသ်တော်၌ ပါရှိသော ကတိတော်ဟု ဆိုလိုခြင်းဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ဤအယူဝါဒမှ ခိုလှုံပါ၏။) အမှန်စင်စစ် ဤကတိတော်ကို အလ္လာဟ်အသျှင်မြတ်သည် အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများအပေါ် အခြေခံ၍သာ မိန့်တော်မူခြင်းဖြစ်သည်။ ထိုစည်းကမ်းချက်များသည်လည်း ဤပုဂ္ဂိုလ် (ခုလဖာအေရာရှိဒီးန်) တို့တွင် အပြည့်အဝဆုံး ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်သည်လည်း ထိုပုဂ္ဂိုလ်တို့၏ ခေတ်သမယများတွင် အပြည့်အဝ ဖြစ်ပေါ်ပြီးမြောက်ခဲ့သည်။ ၎င်းတို့၏ ခေတ်များနောက်ပိုင်းတွင် အီမာန်နှင့် ကိုယ်ကျင့်တရားများ၏ အဆင့်အတန်းလည်း မရှိတော့ပေ။ 'ခေလာဖသ်'နှင့် အုပ်ချုပ်မှုအာဏာတို့တွင်လည်း ထိုပုဂ္ဂိုလ်တို့၏ ဂုဏ်သိက္ခာမျိုးလည်း မကျန်ရှိတော့ပေ။

وَمَنْ كَفَرَ بَعْدَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ

'ကုဖွရ်'၏ အဘိဓါန်အဓိပ္ပာယ်မှာ 'ကျေးဇူးမသိခြင်း'၊ 'ကျေးဇူးကန်းခြင်း'ဟု ဖြစ်သည်။ ဝေါဟာရအသုံးအနှုန်းအရ အဓိပ္ပာယ်မှာ 'အီမာန်သက်ဝင်ယုံကြည်ခြင်း၏ ဆန့်ကျင်ဘက်' အဓိပ္ပာယ်ဖြစ်သည်။ ဤနေရာတွင် အဘိဓါန်၏ အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။ ဝေါဟာရအသုံးအနှုန်း၏ အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်တို့အား မိမိ၏

ကတိတော်ကို ပြည့်ဝစေတော်မူခြင်း၊ မွတ်စ္စလင်မ်တို့အား အုပ်ချုပ်မှုအာဏာ၏ အင်အားများ ချီးမြှင့်ခြင်း၊ အေးချမ်းသာယာမှု ဖြစ်ပေါ်စေခြင်းနှင့် သာသနာတော်ကို ခိုင်မာမှုများ ရရှိစေခြင်းတို့ ဖြစ်ပေါ်ပြီးနောက်တွင်လည်း လူတစ်ဦးသည် 'ကုဖွရ်' (ငြင်းပယ်မှု) (သို့) အစ္စလာမ်မှ ကျောခိုင်းသွေဖည်သွားခြင်း (သို့) ကျေးဇူးကန်းခြင်းများ ပြုလုပ်ခြင်း၊ ဆိုလိုသည်မှာ အစ္စလာမ်အုပ်ချုပ်ရေးနှင့် ဥပဒေကို မလိုက်နာခြင်းများ ပြုပါလျှင် ဤသို့သော သူများသည် စည်းဘောင်မှ ထွက်သွားသူများ ဖြစ်ကြသည်ဟု ဖြစ်သည်။ ပထမပုံသဏ္ဍာန်မှာ အီမာန်မှ ထွက်သွားခဲ့သည်။ ဒုတိယပုံသဏ္ဍာန်မှာ အမိန့်နာခံခြင်းမှ ထွက်သွားခဲ့သည်။ 'ကုဖွရ်'သွေဖည်ငြင်းပယ်ခြင်းနှင့် ကျေးဇူးကန်းခြင်းတို့သည် အချိန်တိုင်းနှင့် အခြေအနေတိုင်းတွင် ကြီးလေးသော ပြစ်မှုဒုစရိုက်များ ဖြစ်သည်။ သို့ရာတွင် အစ္စလာမ်နှင့် မွတ်စ္စလင်မ်တို့တွင် ဂုဏ်သိက္ခာနှင့် အုပ်ချုပ်မှုအာဏာများ ရရှိလာပြီးနောက်တွင် ထိုအရာများသည် အခြားသော ပြစ်မှုများ ဖြစ်သွားကြတော့သည်။ ထို့ကြောင့် بَعْدَ ذٰلِكَ ဖြင့် လေးနက်စွာ မိန့်ကြားခြင်းဖြစ်သည်။

အေမာမ်ဗဂ်ဝီ (ရဟ) က မိန့်ဆိုသည်မှာ အဖွင့်ပညာရှင်တို့သည် ကုရ်အာန်၏ ဤအပိုဒ်၏ ပထမဦးဆုံး ဆိုလိုရင်းကို 'တတိယခလီဖဟ် ဟဇရသ်အွတ်စ်မာန်း ﷺ အား 'ရှဟီးဒ်'ပြု လုပ်ကြံသတ်ဖြတ်သူများကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် ဤကြီးလေးသော ပြစ်မှုကို ကျူးလွန်လေသောအခါ အလ္လာဟ်အသျှင်မြတ်၏ ဖော်ပြပါကျေးဇူးတော်များသည်လည်း လျော့နည်းလာခဲ့လေသည်။ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ခြင်းဖြင့် ကြောက်ရွံ့စိုးရိမ်ဖွယ်ရာများ၌ နစ်မွန်းခဲ့ရသည်။ ထို့နောက် ညီနောင်များဖြစ်ကြသူ အချင်းချင်း တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြတော့သည်' ဟု ဖွင့်ဆိုကြသည်။ ဗဂ်ဝီ (ရဟ) သည် မိမိစနဒ်နှင့်အတူ ဟဇရသ်အဗ်ဒွလ္လာဟ်အိဗ်နေစလာမ်၏ 'ခွသ်ဗာဟ်'ကို ကောက်နုတ်တင်ပြထားသည်။ ယင်း 'ခွသ်ဗာဟ်'ကို ဟဇရသ်အွတ်စ်မာန်း ﷺ ဆန့်ကျင်ဆူပူမှုဖြစ်သော အချိန်တွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ ထို 'ခွသ်ဗာဟ်' မိန့်ခွန်း၏ စကားလုံးများမှာ 'အလ္လာဟ်အသျှင်မြတ်၏ ဖရစ်ရှ်သာဟ်တို့သည် အသင်တို့၏ မြို့ပတ်လည်တွင် မြို့ကို ကာကွယ်စောင့်ရှောက်ခြင်း၌ မွေ့လျော်နေသည်မှာ မဒီနာသို့ တမန်တော်မြတ် ﷺ ရောက်ရှိ ခြေချတော်မူသည့် အချိန်မှစ၍ ယနေ့တိုင် အဆက်မပြတ်ရှိခဲ့သည်။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အကယ်၍ အသင်တို့သည် အွတ်စ်မာန်း ﷺ အား သတ်ဖြတ်ပစ်လိုက်ကြပါလျှင် ဤဖရစ်ရှ်သာဟ်များသည် လှည့်၍ ပြန်သွားပေလိမ့်မည်။ မည်သည့်အခါမှ လှည့်ပြန်လာကြမည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်တို့အနက် ၎င်းအား သတ်ဖြတ်သူသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် လက်ပြတ်အဖြစ်နှင့် ဝင်ရောက်ရပေလိမ့်မည်။ ထို့အပြင် အလ္လာဟ်အသျှင်မြတ်၏ ဓါးသည် ယခုတိုင် ဓါးအိမ်အတွင်း၌ပင် ရှိနေသည်။ အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ ထိုဓါးသည် ဓါးအိမ်မှ ထွက်လာပြီဆိုလျှင် မည်သည့်အခါမျှ ဓါးအိမ်အတွင်းသို့ ပြန်လည်ရောက်ရှိသွားမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်တစ်ပါးကို သတ်ဖြတ်လိုက်ခြင်းအတွက် အသက်ပေါင်း (၇၀၀၀၀) အသတ်ခံရသည့်အစား ရှိပြီး ခလီဖဟ်တစ်ဦးကို သတ်ဖြတ်လိုက်ခြင်း၏အစားသည် လူပေါင်း (၃၅၀၀၀) အသတ်ခံရမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်'ဟူ၏။ */ မဇ္ဟရီ /*

သို့ဖြစ်ပေရာ ဟဇရသ်အွစ်မာန်းဂနီ ﷺ အသတ်ဖြတ်ခံရခြင်းဖြင့် အွမ္မသ်အချင်းချင်း သတ်ဖြတ်မှုများ၊ သွေးချောင်းစီးစေခြင်းများ ဖြစ်ပေါ်လာခဲ့သည်။ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များဖြစ်သော 'ခိလာဖသ်'နှင့် ခိုင်မာသော သာသနာတော်ကို ဆန့်ကျင်ခြင်း၊ ကျေးဇူးကန်းခြင်း လုပ်ရပ်များကို ဟဇရသ်အွတ်စ်မာန်ဂနီ ﷺ အား သတ်ဖြတ်သူများက ပြုခဲ့ကြသကဲ့သို့ ၎င်းတို့၏ နောက်ပိုင်းတွင် 'ရဝါဖိဇ်' နှင့် 'ခဝါရိဂျ်' တို့ကလည်း 'ခုလဖာအေရာရှိဒီးန်' အား ဆန့်ကျင်သော အုပ်စုများ ဖွဲ့စည်းခဲ့ကြသည်။ ဤသည့် အကျိုးဆက်တွင် ဟဇရသ်ဟုစိုင်န် ﷺ ၏ 'ရှဟီးဒ်'ဖြစ်ပေါ်ရခြင်းသည် ကြီးမားသော အနိဋ္ဌာရုံ ဖြစ်ခဲ့ရသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لِيَسْتَـْٔذِنكُمُ ٱلَّذِينَ مَلَكَتْ
أَيْمَٰنُكُمْ وَٱلَّذِينَ لَمْ يَبْلُغُوا۟ ٱلْحُلُمَ مِنكُمْ ثَلَٰثَ مَرَّٰتٍ ۚ مِّن
قَبْلِ صَلَوٰةِ ٱلْفَجْرِ وَحِينَ تَضَعُونَ ثِيَابَكُم مِّنَ ٱلظَّهِيرَةِ
وَمِنۢ بَعْدِ صَلَوٰةِ ٱلْعِشَآءِ ۚ ثَلَٰثُ عَوْرَٰتٍ لَّكُمْ ۚ لَيْسَ عَلَيْكُمْ وَ
لَا عَلَيْهِمْ جُنَاحٌۢ بَعْدَهُنَّ ۚ طَوَّٰفُونَ عَلَيْكُم بَعْضُكُمْ عَلَىٰ
بَعْضٍ ۚ كَذَٰلِكَ يُبَيِّنُ ٱللَّهُ لَكُمُ ٱلْءَايَٰتِ ۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿٥٨﴾

၂၄ : ၅၈ ။ ။ အို့၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ကျွန်၊ ကျွန်မများနှင့် အသင်တို့အနက် အရွယ်သို့ မရောက်သေးသည့် ယောကျာ်းကလေးတို့သည် (အသင်တို့အိမ်တွင် ဝင်ထွက်သွားလာကြရန်အလို့ငှာ) အချိန်သုံးချိန်တွင် အသင်တို့ထံ ခွင့်တောင်း (ပြီး ဝင်ရောက်) ကြရမည်။ နံနက် (ဖွဂျ်ရ်) နမာဇ်အလျင် (တစ်ချိန်)၊ အသင်တို့သည် မိမိတို့၏ အဝတ်အစားများကို ချွတ်၍ ထားလေ့ရှိကြသော နေ့လည်အချိန် (၌ တစ်ချိန်) နှင့် 'အေရှာဟ်နမာဇ်'အပြီး၌ (တစ်ချိန်၊ ဤ) သုံးချိန်သည် အသင်တို့အဖို့ ဆိတ်ကွယ်၍ (လွတ်လပ်စွာ) နေသော အချိန်များပင် ဖြစ်ကြ၏။ (သို့ရာတွင်) ၎င်း (သုံးချိန်) မှအပ၊ (အခြားအချိန်များတွင်မူ ခွင့်မတောင်းဘဲ ဝင်ထွက်သွားလာခြင်းကြောင့်) အသင်တို့အပေါ်၌လည်းကောင်း၊ မည်သို့မျှ အပြစ်မရှိပေ။ ၎င်းတို့သည် အသင်တို့ထံ များစွာ ဝင်ထွက်သွားလာသူများ ဖြစ်ကြပေသည်။ အသင်တို့အနက် တစ်ဦးသည် တစ်ဦး၏ထံသို့ (ဝင်ထွက်သွားလာသူများ ဖြစ်ကြကုန်။) အလ္လာဟ်အသျှင်မြတ်သည် ဤနည်းအတိုင်းပင် အမိန့်တော်များကို အသင်တို့အကျိုးငှာ ထုတ်ဖော်မိန့်ကြားတော်မူလေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအသျှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَإِذَا بَلَغَ الْأَطْفَالُ مِنكُمُ الْحُلُمَ فَلْيَسْتَأْذِنُوا كَمَا
اسْتَأْذَنَ الَّذِينَ مِن قَبْلِهِمْ ۚ كَذَٰلِكَ يُبَيِّنُ اللَّهُ لَكُمْ
آيَاتِهِ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٥٩﴾

၂၄ : ၅၉ ။ ။ သို့ရာတွင် အသင်တို့အနက်မှ ယောကျ်ားကလေးများသည် အရွယ်ရောက်လာခဲ့ကြသောအခါ ၎င်းတို့သည်လည်း မိမိတို့အထက်မှ (လူကြီးများ) ခွင့်တောင်းခဲ့ကြသည့်နည်းတူ ခွင့်တောင်းကြရပေမည်။ အလ္လာဟ်အသျှင်မြတ်သည် ဤနည်းနှင့် မိမိ၏ အမိန့်တော်များကို အသင်တို့အကျိုးငှာ ထုတ်ဖော်မိန့်ကြားတော်မူလေသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَالْقَوَاعِدُ مِنَ النِّسَاءِ اللَّاتِي
لَا يَرْجُونَ نِكَاحًا فَلَيْسَ عَلَيْهِنَّ جُنَاحٌ أَن يَضَعْنَ
ثِيَابَهُنَّ غَيْرَ مُتَبَرِّجَاتٍ بِزِينَةٍ ۖ وَأَن يَسْتَعْفِفْنَ
خَيْرٌ لَّهُنَّ ۗ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿٦٠﴾

၂၄ : ၆၀ ။ ။ ၎င်းပြင် အရွယ်လွန်၍ ထိမ်းမြားရန် မျှော်လင့်ချက်မရှိကြသော မိန်းမများသည် လှပမှုကို ဖော်ခြင်း မပြုဘဲ၊ မိမိတို့၏ (အပေါ်ခြုံထည်) အဝတ်များကို ချွတ်ထားခြင်းကြောင့် ၎င်းတို့အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ သို့တစေလည်း ၎င်းတို့သည် (ဤသည်မှ) ရှောင်ကြဉ်ကြပါလျှင် ၎င်းတို့အဖို့ ပိုမို၍ ကောင်းမွန်လှ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို၊ အီမာန်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ (အသင်တို့ထံ လာရောက်ရန်အတွက်) အသင်တို့၏ ကျွန်၊ ကျွန်မများနှင့် အသင်တို့အနက်မှ အရွယ်မရောက်သေးသူများအဖို့ အချိန် (၃) ချိန်တွင် အခွင့်တောင်းခံရပေမည်။ (အချိန်တစ်ချိန်မှာ) 'ဖဂျရ်နမာဇ်' အလျင် ဖြစ်ပြီး (ဒုတိယအချိန်မှာ) နေ့လည်ခင်း (အိပ်စက်ခြင်း၊ လဲလျောင်းခြင်းတို့အတွက်) မိမိ၏ (အဖို့) အဝတ်အစားများ ချွတ်ထားလေ့ရှိသော အချိန်နှင့် (တတိယအချိန်မှာ) 'အေရှာဟ်နမာဇ်' အပြီး အချိန်တို့ ဖြစ်သည်။ ထိုအချိန် (၃) ချိန်သည် အသင်တို့အဖို့ 'ပရ်ဒဟ်' ၏ အချိန်များ ဖြစ်သည်။ (ဆိုလိုသည်မှာ ဤအချိန်များသည် အလေ့အထအရ လွတ်လပ်စွာ

အနားယူသော အချိန်များ ဖြစ်သည်။ ထိုအချိန်တွင် လူသည် လွတ်လပ်စွာ နေလိုကြသည်။ တစ်ဦးတည်း ရှိနေချိန်တွင် တစ်ခါတစ်ရံ ဖုံးကွယ်အပ်သော ခန္ဓာကိုယ်အစိတ်အပိုင်းများလည်း ပွင့်ပေါ်လေ့ ရှိတတ်ကြသည်။ (သို့) အကြောင်းတစ်စုံတစ်ရာကြောင့် ဖွင့်ဖော်ထားခြင်းများလည်း ရှိတတ်ကြသည်။ ထို့ကြောင့် မိမိ၏ ကျွန်နှင့် ကျွန်မများကိုလည်းကောင်း၊ မိမိ၏ အရွယ်မရောက်သေးသည့် ကလေးများကိုလည်းကောင်း အကြောင်းမကြား၍ဖြစ်စေ၊ အခွင့်မတောင်းခံ၍ဖြစ်စေ ထိုအချိန်များ၌ အသင်တို့ထံ မလာရဟု ပြောဆိုထားရမည်။ ထို့ပြင်) ထိုအချိန်များမှအပ (အခွင့်မတောင်းဘဲ ဝင်ရောက်စေခြင်းနှင့် မတားမြစ်ခြင်းတို့တွင်) အသင်တို့အပေါ်၌လည်းကောင်း၊ ထိုသူတို့အပေါ်၌လည်းကောင်း မည်သို့မျှ အပြစ်မရှိပေ။

(အကြောင်းမှာ) ၎င်းတို့သည် အသင်တို့ထံ၌ များစွာ ဝင်ထွက်သွားလာသူများ ဖြစ် (သောကြောင့်ပင် ဖြစ်ပေသည်။ တစ်ဦးထံသို့ တစ်ဦးက ဝင်ထွက်သွားလာနေကြခြင်းပင် ဖြစ်သည်။ (သို့ဖြစ်ပေရာ အချိန်တိုင်း အခွင့်တောင်းခံရန်မှာ အခက်အခဲရှိပေသည်။ အကြောင်းမှာ ဤအချိန်သည် 'ပရ်ဒဟ်'ထားရှိရမည့်အချိန် မဟုတ်ပေ။ ထို့ကြောင့် ထိုအချိန်များတွင် မိမိ၏ ဖုံးကွယ်အပ်သော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖုံးကွယ်ထားရန် မည်သို့မျှ ခက်ခဲမှု မရှိပေ။ ဤနည်းအတိုင်းပင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား (မိမိ၏) အမိန့်ပညတ်ချက်တော်များကို ရှင်းလင်းစွာ ထုတ်ဖော်မိန့်ကြားတော်မူသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းကို အကြွင်းမဲ့ သိတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့ပြင် အသင်တို့အနက် (လွတ်လပ်သူများအနက်) ထိုကလေးများသည် (၎င်းတို့အပေါ် အမိန့်တော်များ ကျရောက်လာသည်။) အရွယ်ရောက်ခြင်းအဆင့်ကို ရောက်ရှိလာလျှင် (အရွယ်ရောက်သွားခြင်း၊ သို့မဟုတ် အရွယ်ရောက်လုနီးပါး ဖြစ်ရှိလာလျှင်) ၎င်းတို့သည်လည်း ၎င်းတို့အလျှင် ခွင့်တောင်းခံကြသူများကဲ့သို့ (၎င်းတို့ထက် အသက်အရွယ်ကြီးရင့်သူများကဲ့သို့) ခွင့်တောင်းခံကြရပေမည်။ ဤနည်းအတိုင်းပင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား မိမိ၏ အမိန့်တော်များကို ရှင်းလင်းစွာ ထုတ်ဖော်မိန့်ကြားတော်မူသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အရာရာကို အကြွင်းမဲ့ သိတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထို့နောက် (သိနားလည်ထားရမည့် အချက်တစ်ချက်မှာ 'ပရ်ဒဟ်'၏ အမိန့်တော်များသည် လွန်စွာ ပြဿနာများ ဖြစ်ပွားခြင်းကို ကြောက်ရွံ့စိုးရိမ်ရခြင်းအပေါ်၌ မူတည်သည်။ ဤနေရာတွင် သဘာဝအရ ပြဿနာဖြစ်ပွားရန် မစိုးရိမ်ရသူများ၊ ဥပမာ-) အရွယ်လွန်၍ အိုမင်းမစွမ်းသော အမျိုးသမီးများအဖို့ (တစ်စုံတစ်ဦး၏) 'နေကာဟ်' ထိမ်းမြားခြင်းတွင်မျှ (ရောက်ရှိရန်) မျှော်လင့်ချက်မရှိသော အမျိုးသမီးကြီးများအဖို့ (ဆိုလိုသည်မှာ သူမတို့သည် စွဲလန်းဖွယ်ရာများ မရှိကြတော့ပေ။ ဤဖွင့်ဆိုချက်သည် အလွန်အိုမင်းရင့်ရော်ခြင်းအပေါ် ဖွင့်ဆိုချက်ဖြစ်သည်။) သူမတို့အဖို့ မိမိတို့၏ (အပို) အဝတ်များကို (မျက်နှာ စသည်တို့ကို ဖုံးအုပ်ရသော အဝတ်ကို 'နေကာဟ်'ပြုပိုင်သူများ ရှေ့တွင်လည်း) လှပမှုကို မထုတ်ဖော်ဘဲ ချွတ်ထားပါလျှင် သူမတို့အပေါ် အပြစ်တစ်စုံတစ်ရာ မရှိပေ။ ('နေကာဟ်'ပြုပိုင်သူများ၏ ရှေ့တွင် ဖွင့်ဖော်ရန် လုံးဝမပိုင်သော မျက်နှာ၊ လက်ဖဝါး

စသည်များနှင့် အချို့ပညာရှင်တို့၏ အဆိုအရ ခြေနှစ်ဖက်ကိုလည်း ဖွင့်ဖော်ရန် မပိုင်ပေ။ သူမတို့သည် ပျို့ရွယ်သူ အမျိုးသမီးများနှင့်ကား ဆန့်ကျင်ခြားနားသည်။ ပျို့ရွယ်သူအမျိုးသမီးတို့မှာမူ ပြဿနာအရှုပ်အထွေးများ ဖြစ်ပေါ်နိုင်သောကြောင့် မျက်နှာ စသည်တို့ကိုလည်း 'ပရ်ဒဟ်'ပြုရန် အရေးကြီးသည်။) ထို့ပြင် (စင်စစ် အသက်အရွယ်ကြီးရင့်သူ အမျိုးသမီးများအဖို့ 'နေကာဟ်'ပြုပိုင်သူတို့၏ ရှေ့တွင် မျက်နှာကို ဖွင့်ဖော်ရန် ပိုင်ပေသည်။ သို့သော်လည်း) ထိုသို့ မျက်နှာဖွင့်ဖော်ခြင်းကိုလည်း ဆင်ခြင်လိုက်ပါလျှင် သူမတို့အဖို့ ပို၍ပင် ကောင်းမွန်လှပေသည်။ ဆိုလိုသည်မှာ 'ပရ်ဒါ'မဲ့ခြင်းကို လုံးဝ ပိတ်ပင်ရန် ရည်ရွယ်ခြင်းပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် အရာရာကို အကြွင်းမဲ့ ကြားတော်မူသော၊ အရာရာကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်၏အစတွင် စူရာဟ်နူးရ်၏ အမိန့်ပညတ်တော်များစွာတို့သည် အရှက်ကင်းမဲ့မှုများနှင့် ရှက်ဖွယ်လိလိ ကိစ္စရပ်များကို ပိတ်ပင်တားဆီးရန် ဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်သည်။ ထိုပတ်သက်ဆက်နွယ်မှုဖြင့် လူမှုဆက်ဆံရေး နည်းစနစ်များနှင့် အချင်းချင်း တွေ့ဆုံခြင်းများအကြောင်းကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ တစ်ဖန် အမျိုးသမီးများ၏ 'ပရ်ဒဟ်'၏ အမိန့်ပညတ်ချက်များကိုလည်း တင်ပြထားသည်။

ဆွေမျိုးရင်းချာနှင့် 'နေကာဟ်'မပြုပိုင်သူများအတွက် သီးသန့်အချိန်များတွင် 'ဝင်ခွင့် တောင်းခံခြင်း' ဆိုင်ရာ အမိန့်တော်

လူမှုဆက်ဆံရေး စည်းကမ်းများနှင့် အချင်းချင်း တွေ့ဆုံခြင်း စည်းကမ်းများကို ဤစူရာဟ်အတွင်း အာယသ်တော် (၂၇-၂၈-၂၉) တို့တွင် 'ဝင်ခွင့်တောင်းခံခြင်း' ခေါင်းစဉ်ဖြင့် တင်ပြခဲ့ပြီး ဖြစ်သည်။ တစ်စုံတစ်ဦးနှင့် တွေ့ဆုံရန် သွားလျှင် ၎င်း၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏ အိမ်သို့ ဝင်ရောက်ခြင်း မပြုရဟု ဖြစ်သည်။ အမျိုးသမီး၏ အိမ်ဖြစ်စေ၊ အမျိုးသား၏ အိမ်ဖြစ်စေ၊ လာရောက်သူသည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ အားလုံးအတွက် တစ်စုံတစ်ဦး၏ အိမ်တွင် မဝင်ရောက်မီ ခွင့်တောင်းခံခြင်းကို 'ဝါဂျိဗ်' အဖြစ် သတ်မှတ်ထားသည်။ သို့ရာတွင် ဤဝင်ခွင့်တောင်းခံခြင်းအမိန့်သည် အပြင်မှ တွေ့ဆုံရန် လာရောက်သည့် သူစိမ်းတရံစာများအတွက် ဖြစ်သည်။

ဖော်ပြပါအာယသ်တော်များတွင် အခြားသော 'ဝင်ခွင့်တောင်းခံခြင်း' တစ်မျိုး၏ အမိန့်တော်များကို တင်ပြထားသည်။ ထိုအမိန့်တော်များသည် များသောအားဖြင့် အိမ်တစ်အိမ်တည်းတွင် နေထိုင်ပြီး အချိန်မရွေး ဝင်ထွက်သွားလာနေသူများနှင့် စပ်လျဉ်းသော အမိန့်တော်များ ဖြစ်သည်။ ၎င်းတို့သည် အမျိုးသမီးများနှင့်လည်း 'ပရ်ဒဟ်'မရှိပေ။ ထိုကဲ့သို့သော သူများအတွက်လည်း အကယ်၍ အိမ်သို့ ဝင်ရောက်သည့်အခါ အနည်းဆုံး ခြေသံပြင်းပြင်း လျှောက်ခြင်းဖြင့်လည်းကောင်း၊ ချောင်းဟန့်သံပေးခြင်းဖြင့်လည်း

ကောင်း အသံပြု အသိပေးပြီးမှ အိမ်သို့ ဝင်ရောက်ရန် အမိန့်သတ်မှတ်ထားသည်။ ထို့နောက် ဤဝင်ခွင့်တောင်းခံခြင်းသည် ဤကဲ့သို့သော ဆွေမျိုးရင်းချာများအတွက် 'ဝါဂျိဗ်'မဟုတ်ပေ။ 'မွတ်စ်သဟဗ်' ဖြစ်သည်။ ဤနည်းအတိုင်း မပြုလုပ်လျှင် 'မက္ကရူးဟ်သန်ဇီဟီး' ဖြစ်သည်။ သဖ်စီးရ်မဇွ်ဟရီကျမ်းတွင်

فمن اراد الد خول فى بيت نفسه و فيه محر ماته يكره له الدخول فيه
من غير استيذ ان تنزيها لاحتمال روية واحد ة منهنّ
عريانة وهو احتمال ضعيف ومقتضا ه التنز ه

ဤအမိန့်မှာမူ အိမ်၌ မဝင်ရောက်မီအလျှင် ပြုကျင့်ရမည့် အမိန့်ဖြစ်သည်။ သို့ရာတွင် အိမ်၌ ဝင်ရောက်ပြီးနောက် ၎င်းတို့အားလုံးသည် တစ်နေရာတည်း၌ တစ်ဦးရှေ့တွင် တစ်ဦး နေထိုင်ကြပြီး တစ်ဦးထံသို့ တစ်ဦးက ဝင်ထွက်သွားလာလျက် ရှိနေကြသူတို့အတွက် လူသားအဖို့ လွတ်လပ်စွာ နေထိုင်သည့် သီးသန့်အချိန် (၃) ချိန်တွင် ဝင်ခွင့်တောင်းခံခြင်း ပြုရသော အမိန့်တစ်ရပ်ကို ဤအာယသ်တော်၌ တင်ပြထားသည်။ ထိုအချိန် (၃) ချိန်မှာ 'ဖဂျရ်နမာဇ်'၏ အလျှင် တစ်ချိန်၊ နေ့လည်ခင်း အနားယူသည့်အချိန်နှင့် 'အေရှာဟ်နမာဇ်'၏ နောက်ပိုင်းအချိန်တို့ ဖြစ်သည်။ ထိုအချိန်များတွင် 'နေကာဟ်'မပြုပိုင်သူများနှင့် သားချင်းတို့မှ အစ မိမိ၏ အသိကြွယ်သော အရွယ်မရောက်သေးသည့် ကလေးများနှင့် ကျွန်မများကိုလည်း ဤအချိန်သုံးချိန်တွင် မည်သူမျှ မည်သူ၏ တစ်ကိုယ်ရေနားနေခန်းသို့ ခွင့်တောင်းခံခြင်းမရှိဘဲ မသွားရဟူ၍ ဝင်ခွင့်တောင်းခံခြင်းဥပဒေကို ပြဋ္ဌာန်းထားသည်။ အဘယ်ကြောင့်ဆိုသော် ဤသို့သော အချိန်မျိုးတွင် လူတိုင်းသည် လွတ်လပ်စွာ နေလိုကြပြီး အပိုအဝတ်အစားကို ချွတ်ပစ်လေ့ရှိသည်။ တစ်ခါတစ်ရံ မိမိ၏ ဇနီးနှင့်အတူ လွတ်လွတ်လပ်လပ် ဖက်လှဲတကင်း နေသည်များလည်း ရှိတတ်သောကြောင့် ဖြစ်သည်။ ထိုအချိန်မျိုးတွင် အသိကြွယ်သည့် ကလေး (သို့) အိမ်မှ အမျိုးသမီးတစ်ဦးဦး (သို့) မိမိ၏ သားသမီးများအနက် တစ်ဦးဦးသည် ဝင်ခွင့်တောင်းခံခြင်းမပြုဘဲ အတွင်းသို့ ဝင်သွားပါလျှင် များသောအားဖြင့် ဖော်ပြပါအခြေအနေမျိုးနှင့် ကြုံတွေ့ရတတ်သည်။ ဤကဲ့သို့ ကြုံတွေ့ရခြင်းဖြင့် အရှက်ရသွားပေမည်။ အလွန်ပင် စိတ်သောကရောက်သွားပေမည်။ အနိမ့်ဆုံးအနေဖြင့် ထိုသူ၏ လွတ်လပ်စွာ နေထိုင်မှုနှင့် အနားယူမှုတို့တွင် အနှောက်အယှက်ဖြစ်သွားမည်မှာ သေချာသည်။ ထို့ကြောင့် ဖော်ပြပါအာယသ်တော်တွင် ၎င်းတို့အတွက် 'ထိုအချိန်သုံးချိန်တွင် မည်သူသည်မျှ မည်သူ့ထံသို့ အခွင့်မရှိဘဲ မသွားရ' ဟူ၍ ဝင်ခွင့်တောင်းခံခြင်းအတွက် သီးခြားအမိန့်ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည်။ ထိုအမိန့်တော်များနောက်တွင် ဆက်၍ မိန့်ကြားသည်မှာ-

لَيْسَ عَلَيْكُمْ وَلَاعَلَيْهِمْ جُنَاحٌ بَعْدَ هُنَّ

ဆိုလိုသည်မှာ ထိုအချိန်များမှအပ မည်သို့မျှ ကိစ္စမရှိပေ။ အဘယ်ကြောင့်ဆိုသော် တစ်ဦးထံသို့ တစ်ဦးက ခွင့်တောင်းခံခြင်းမပြုဘဲ ဝင်ထွက်သွားလာခြင်း ပြုနိုင်၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်များ

တွင် များသောအားဖြင့် လူတိုင်းအဖို့ လုပ်ငန်းများ၌ မွေ့လျော်နေခြင်းနှင့် ဖုံးကွယ်အပ်သော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖုံးကွယ်ထားကြသော အချိန်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုအချိန်များတွင် မိမိ၏ဇနီးနှင့် ဖက်လဲတကင်း ပြုခြင်းများလည်း မရှိသောကြောင့်ပင် ဖြစ်သည်။

ဤနေရာတွင် မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ 'ဤအာယသ်တော်တွင် အရွယ်ရောက်ပြီးသော အမျိုးသားနှင့် အမျိုးသမီးတို့အား 'ဝင်ခွင့်တောင်းခံခြင်း' အတွက် အမိန့်ပေးထားသည်မှာမူ ထင်ရှားသည်။ သို့ရာတွင် ရှရီအသ်တရားတော်၏ အမိန့်တာဝန်များ မရှိသေးသည့်အရွယ် မရောက်သေးသော ကလေးကို ဤအမိန့်ပေးသည်မှာမူ ဥပဒေနှင့် ဆန့်ကျင်နေပါသည်' ဟု ဖြစ်သည်။

ထိုမေးခွန်း၏အဖြေမှာ ထိုအမိန့်ပေးခံရသူများသည် အမှန်စင်စစ် အမျိုးသားနှင့် အမျိုးသမီးများအပေါ်၌ ဖြစ်သည်။ ၎င်းတို့သည် ဤအချိန်များတွင် မမေးမမြန်းဘဲ အတွင်းသို့ ဝင်ရောက်ခြင်းမပြုရ' ဟူ၍ ကလေးများကို ရှင်းပြရန် ဖြစ်သည်။ ၎င်းမှာ ဟဒီးစ်တော်တစ်ပါး၌ လာရှိသကဲ့သို့ ဖြစ်သည်။ ယင်းဟဒီးစ်တော်၌ တင်ပြထားသည်မှာ ကလေးများသည် (၇) နှစ်သားအရွယ်သို့ ရောက်သည့်အခါ ၎င်းတို့အား နမာဇ်ဖတ်ခြင်းကို သင်ကြားပေးရမည်။ ထို့နောက် နမာဇ်ဖတ်ရန် အမိန့်ပေးပါ။ (၁၀) နှစ်အရွယ်သို့ ရောက်သည့်အခါ ထိုကလေးများကို အတင်းအကြပ် နမာဇ်ဖတ်စေရမည်။ လိုက်နာခြင်းမပြုပါက ရိုက်၍ နမာဇ်ဖတ်စေရမည်။ အလားတူ ဤဝင်ခွင့်တောင်းခံခြင်း၏ အမိန့်၏ အဓိကရည်ရွယ်ချက်မှာ အရွယ်ရောက်ပြီးသူ အမျိုးသားနှင့် အမျိုးသမီးများကို ဖြစ်သည်။ ဖော်ပြပါစာပိုဒ်တွင် လာရှိသော စာလုံးများတွင် 'ထိုအချိန်များမှအပ အခြားအချိန်များတွင် အသင်တို့အပေါ်တွင် လည်း جُنَاحٌ 'ကိစ္စမရှိ' ဟူသော စကာလုံးများ ပါရှိသည်။ အဘယ်ကြောင့်ဆိုသော် '၎င်းတို့အား ခွင့်တောင်းခံခြင်း မပြုဘဲ ဝင်ရောက်စေပါ' ဟု ဖြစ်သည်။ ထို့အပြင် ထို (ဝင်၊ ထွက်၊ သွားလာ) သူတို့အပေါ်တွင်လည်း 'မည်သည့် جُنَاحٌ ကိစ္စမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ခွင့်တောင်းခံခြင်းမရှိဘဲ ဝင်ထွက်သွားလာနေကြသည်' ဟု ဖြစ်သည်။ ဤနေရာတွင် အမှန်စင်စစ် جُنَاحٌ ဟူသော စာလုံး လာရှိသည်။ ထိုစာလုံးသည် များသောအားဖြင့် 'အပြစ်' ဟူသော အဓိပ္ပာယ်တွင် အသုံးပြုသော စာလုံး ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ ပြဿနာ၊ ကိစ္စ၏ အဓိပ္ပာယ်များအတွက်လည်း လာရှိသည်။ ဤနေရာတွင် لا جناح ၏ အဓိပ္ပာယ်မှာ 'မည်သို့မျှ ကိစ္စမရှိ။ မည်သို့မျှ အကျပ်အတည်းမရှိ' ဟု ဖြစ်သည်။ ထိုအဓိပ္ပာယ်အားဖြင့် ကလေးများသည် အမိန့်ပညတ်တော်များ၏ တာဝန်ရှိသူများနှင့် အပြစ်ထိုက်သူများဟူသော သံသယများ အဆုံးသတ်သွားပေသည်။

[ဗယာနုလ်ကုရ်အာန်]

ဓမ္မသတ် ။ ။ ဖော်ပြပါအာယသ်တော်တွင် الذين ملكت ايمانكم ဟူသော စာလုံး လာရှိထားသည်။ အဓိပ္ပာယ်မှာ ကျွန်အမျိုးသားနှင့် ကျွန်အမျိုးသမီးနှစ်ဦး အပေါ်၌ သက်ရောက်သော အဓိပ္ပာယ်ဖြစ်သည်။ ၎င်းတို့တွင် ကျွန်အမျိုးသားသည် အရွယ်ရောက်ပြီးသူဖြစ်မှု ၎င်းသည် တရားတော်အရ

'နေကာဟ်'ပြုပိုင်သော သူစိမ်းတစ်ရံစာ အမျိုးသား၏ အမိန့်တွင် ရှိသည်။ ၎င်း၏ ပိုင်ရှင် အမျိုးသမီးသည် ၎င်းနှင့် 'ပရ်ဒဟ်'ပြုရန် 'ဝါဂျိဗ်'ဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် ဤစာလုံး၏ အလိုသဘောမှာ ကျွန်မများ (သို့) အရွယ်မရောက်သေးသည့် ကျွန်ကလေးများဟု ဖြစ်သည်။ ၎င်းတို့သည် အိမ်တွင် ဝင်ထွက်သွားလာနေလေ့ ရှိကြပေသည်။

ဓမ္မသတ် ။ ။ ဤနေရာတွင် အိုလမာသာသနာ့ပညာရှင်များနှင့် ဖေကာဟ်ပညာရှင်များအကြား ကွဲလွဲသည်မှာ ဤသီးသန့် ဝင်ခွင့်တောင်းခံခြင်း အမိန့်သည် ဆွေမျိုးရင်းချာ သားချင်းများအတွက် 'ဝါဂျိဗ်' ဖြစ်ပါသလော။ (သို့) 'မွတ်စ်သဟဗ်'အမိန့် ဖြစ်ပါသလော။ ထို့ပြင် ဤအမိန့်သည် ယခုတိုင် ရှိနေပါသလော။ (သို့) မန်စူးခ်' (အမိန့်ရုပ်သိမ်းပြီး) ဖြစ်ပါသလော' ဟု ဖြစ်သည်။ အများစုဖေကာဟ်ပညာရှင်တို့ထံတွင် ဤအာယသ်တော်သည် 'မန်စူးခ်'မဟုတ်ပေ။ 'ဝါဂျိဗ်'၏ အမိန့်အတွက် ဖြစ်သည်။ အမျိုးသားများအတွက်လည်း ဖြစ်သည်။ အမျိုးသမီးများအတွက်လည်း ဖြစ်သည်'ဟု ဆိုကြသည်။ *[ကုရ်သုဗီကျမ်း]*

သို့ရာတွင် ဤအမိန့် 'ဝါဂျိဗ်'ဖြစ်ရခြင်းအကြောင်းမှာ အထက်၌ တင်ပြခဲ့ပြီးဖြစ်သကဲ့သို့ ထိုအချိန်သုံးချိန်တွင် လူအများစုတို့သည် လွတ်လပ်မှုကို လိုလားကြသည်။ ထိုအချိန်များတွင် များသောအားဖြင့် မိမိ၏ ဇနီးနှင့်လည်း ဖက်လဲတကင်း ရှိတတ်ကြသည်။ တစ်ခါတစ်ရံ ဖုံးကွယ်အပ်သော အစိတ်အပိုင်းများလည်း ပွင့်ပေါ်နေတတ်သည်။ အကယ်၍ အချို့လူတို့သည် ဤအချိန်များတွင်လည်း ဖုံးကွယ်အပ်သည့် ခန္ဓာကိုယ်အစိတ်အိုင်းများကို ဖုံးအုပ်သည့် အကျင့်ပြုလုပ်လိုက်သည်။ ထို့နောက် ဇနီးနှင့် ဖက်လဲတကင်း နေခြင်းကို လည်း မည်သူမျှ ရောက်လာရန်မရှိဟု ယူဆရသော အချိန်မှလွဲ၍ အခြားအချိန်များတွင် မပြုလုပ်ဘဲ ဤသို့ ဆင်ခြင်မှု အလေ့အကျင့် ရရှိသွားပါလျှင် ထိုအခြေအနေမျိုးတွင် ထိုသူတို့အပေါ်၌လည်း 'ဝါဂျိဗ်'မဟုတ်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ သားချင်းများနှင့် ကလေးများကို ဝင်ခွင့်တောင်းခံစေခြင်း မပြုရတော့ပေ။ သားချင်းများအပေါ်၌လည်း 'ဝါဂျိဗ်'မဟုတ်တော့ပေ။ သို့ရာတွင် 'ထိုခွင့်တောင်းခံခြင်းသည် ကောင်းမြတ်ခြင်းနှင့် 'မွတ်စ်သဟဗ်'ဖြစ်သည် ဆိုခြင်းတို့မှာ အခြေအနေတိုင်းတွင် ရှိနေပေသည်။ သို့သော် များသောအားဖြင့် ဤအတိုင်း ကျင့်ဆောင်ခြင်းသည် ခေတ်ကာလများစွာမှပင် ပပျောက်သကဲ့သို့ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ခုတွင်မူ အလွန်ပြင်းထန်သည့် စကားလုံးများ သုံးနှုန်းထားသည်။ အခြားဆင့်ပြန်ချက်တစ်ခုတွင်မူ ဤကိစ္စအပေါ် လိုက်နာကျင့်သုံးမှု မပြုသူတို့၏ အချို့သော ချွင်းချက်များကို တင်ပြထားသည်။ ပထမဆင့်ပြန်ချက်အား အိဗ်နေကစီးရ်သည် အိဗ်နေအဘီဟာသင်မ်၏ စနဒ်ဖြင့် ဆင့်ပြန်ခဲ့သည်မှာ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ က 'အာယသ်တော် (၃) ပါးနှင့် စပ်လျဉ်း၍ လူတို့က 'အမလ်'ကျင့်ဆောင်မှုကို စွန့်လွှတ် လိုက်ကြသည်'ဟု မိန့်ဆိုခဲ့သည်။ ထိုအာယသ်တော်များအနက် ပထမအာယသ်တော်မှာ ဤဝင်ခွင့် တောင်းခံခြင်းဆိုင်ရာ အာယသ်တော် ဖြစ်သည်။ ၎င်းမှာ–

يَاَيُّهَا الَّذِيْنَ اٰمَنُوْا لِيَسْتَاْ ذِنْكُمُ الَّذِيْنَ مَلَكَتْ اَيْمَا نُكُمْ

ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်တွင် သားချင်းများနှင့် အရွယ်မရောက်သေးသော ကလေးများကိုလည်း ဝင်ခွင့်တောင်းခံခြင်းကို သင်ကြားလမ်းညွှန်ထားတော်မူသည်။ ဒုတိယအာယသ်တော်ဖြစ်သော

وَ اِذَا حَضَرَ الْقِسْمَةَ اُولوا الْقُرْبٰى

တွင် အမွေပစ္စည်းများ ခွဲဝေကြသောအခါ အမွေခံများအပေါ် လမ်းညွှန်ထားခြင်းအကြောင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ အမွေပစ္စည်းများ ခွဲဝေနေစဉ်တွင် အမွေခွဲဝေမှု ဥပဒေအရ မည်သည့်ဝေစုမျှ ရရန်မရှိသော သားချင်းဆွေမျိုးများလည်း ထိုနေရာ၌ ရှိနေခဲ့ပါက ၄င်းတို့ကိုလည်း အနည်းငယ်မျှ ပေးကြလေကုန်' ဟု ဖြစ်သည်။ အကြောင်းမှာ ၄င်းတို့အဖို့ စိတ်ထိခိုက်မသွားစေရန် ဖြစ်သည်။ တတိယအာယသ်တော်မှာ-

اِنَّ اَكْرَ مَكُمْ عِنْدَ اللهِ اَتْقَاكُمْ

ဟူ၍ ဖြစ်သည်။ ထိုအာယသ်တော်တွင် 'အမွန်မြတ်ဆုံးသော သူဆိုသည်မှာ ပြစ်မှုများမှ ရှောင်ကြဉ်သူဖြစ်သည်' ဟု တင်ပြထားသည်။ မျက်မှောက်ခေတ် လူတို့သည် အမွန်မြတ်ဆုံးသောသူ ဆိုသည်မှာ 'ပိုက်ဆံငွေကြေး ကြွယ်ဝသူဖြစ်သည်။ ၄င်းထံတွင် ခံ့ညားထည်ဝါသော တိုက်တာများရှိသည် ဆိုလျှင် ထိုသူသည်ပင် အလွန်မြတ်ဆုံး၊ လေးစားထိုက်ဆုံးဖြစ်သည်'ဟု ယူဆကြသည်။

အချို့ဆင့်ပြန်ချက်များ၏ စကားလုံးများသည် ထိုဆင့်ပြန်ချက်၌လည်း အိဗ်နေအဗ္ဗားစ် ﷺ သခင်က 'အာယသ်တော် (၃) ပါးနှင့် စပ်လျဉ်း၍ လူတို့အပေါ်တွင် ရှိုက်သွာန် လွှမ်းမိုးသွားပြီ'ဟု မိန့်ဆိုခဲ့သည်။ ထို့နောက် ဆက်လက်၍ 'ကျွန်ုပ်သည် မိမိ၏ ကျွန်မကိုလည်း ထိုအချိန်သုံးချိန်တွင် ကျွန်ုပ်ထံသို့ မလာရ' ဟူ၍ စည်းကမ်းသတ်မှတ်ထားသည်' ဟုလည်း မိန့်ဆိုခဲ့သည်။

ဒုတိယဆင့်ပြန်ချက်အား အိဗ်နေအဘီဟာသင်မ်၏ အညွှန်းဖြင့်ပင် ဟဇရသ်အိက်ရိမဟ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ပုဂ္ဂိုလ်နှစ်ဦးသည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ အား ထိုသားချင်းတို့၏ ဝင်ခွင့်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ 'ဤဝင်ခွင့်တောင်းခံခြင်းအမိန့်အပေါ် လူတို့သည် လိုက်နာကျင့်ဆောင်ခြင်း မပြုကြပါ' ဟု မေးမြန်းလေရာ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က မိန့်ဆိုသည်မှာ-

انَّ الله استير يحبّ السّتر

'အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ အရှက်ဖုံးအုပ်တော်မူသည်။ အရှက်ဖုံးအုပ်ခြင်းကိုလည်း နှစ်သက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။'

ဤအာယသ်တော်များ ကျရောက်သည့်အချိန်တွင် လူမှုရေးနယ်ပယ်တွင် အလွန်ရိုးရှင်းလွန်းလှသည့် လူတို့၏ အိမ်တံခါးပေါက်များတွင် ခန်းဆီးလိုက်ကာများလည်း မရှိခဲ့။ အိမ်အတွင်းခန်းအတွက်လည်း ခန်းဆီးများ မထားခဲ့ကြပေ။ ထိုအချိန်မျိုးတွင် အိမ်မှ အလုပ်သမား (သို့) သား (သို့) သမီးတို့သည်

ရုတ်တရက် ဝင်ရောက်လာနိုင်သည်။ ထိုအချိန်တွင် မိမိ၏ ဇနီးနှင့် ဖက်လဲတကင်းပြုနေသော အချိန် ဖြစ်နိုင်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထိုအာယသ်တော်များတွင် အချိန်သုံးချိန်၌ ဝင်ခွင့်တောင်းခံရန် တာဝန်သတ်မှတ်တော်မူလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်ပေရာ တံခါးများတွင် လိုက်ကာများနှင့် အိမ်အတွင်းခန်းများအတွက် ခန်းဆီးများ ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့် လူတို့သည် 'ဤလိုက်ကာခန်းဆီးများဖြင့် လုံလောက်ပေပြီ။ ဝင်ခွင့်တောင်းခံရန် မလိုအပ်တော့' ဟု ယူဆနေကြသည်။ မည်သို့ပင်ဆိုစေ အိမ်နေအစ္စားစ် ﷺ ၏ ဤဒုတိယဆင့်ပြန်ချက်အားဖြင့် 'မိမိ၏ ဇနီးနှင့် ဖက်လဲတကင်းပြုနေသော အချိန် (သို့) ခန္ဓာကိုယ်အစိတ်အပိုင်းများ ပွင့်ပေါ်နေသောအချိန်နှင့် တစ်စုံတစ်ဦး ဝင်ရောက်လာလိမ့်မည် ဟု ယူဆရသော အခြေအနေမျိုးတွင် အထက်ဖော်ပြပါ ဖြစ်ရပ်များ ဖြစ်ပေါ်ရန် စိုးရိမ်စရာမရှိဘဲ နှစ်ဦးနှစ်ဖက် လွယ်ကူမှုများ ဖြစ်ပေါ်သည်မှာ အမှန်ပင်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် စင်ကြယ်သန့်ရှင်းသော လူမှုဆက်ဆံရေးကို သင်ကြားပေးခြင်း

အဘယ်ကြောင့်ဆိုသော် မည်သူကမျှ မည်သူတစ်ဦးတစ်ယောက်၏ လွတ်လပ်မှုကို အနှောင့်အယှက် မပြုရ။ အားလုံး အေးချမ်းသာယာစွာ နေကြရမည်။ ဤကဲ့သို့ ဝင်ခွင့်တောင်းခံခြင်း အမိန့်အား လိုက်နာရန် မိမိ၏ မိသားစုအပေါ် သတ်မှတ်မပေးသူသည် ၎င်းကိုယ်တိုင်ပင် ဒုက္ခတွင် နစ်မွန်းရပေသည်။ မိမိ၏ လိုအပ်ချက်များနှင့် စိတ်အလိုကျ လုပ်ကိုင်ရာတွင် အကျပ်အတည်း အခက်အခဲများနှင့် ရင်ဆိုင်ရပေမည်။

အမျိုးသမီးအတွက် 'ပရ်ဒဟ်'အမိန့်၏ လေးနက်မှုနှင့် ထိုအမိန့်များအနက်မှ ထပ်မံ ဖယ်ထုတ်ခြင်းတစ်ခု

ဤအာယသ်တော်၏အလျင် အမျိုးသမီးများ၏ 'ပရ်ဒဟ်'၏ အမိန့်တော်များကို အာယသ်တော်နှစ်ပါးတွင် အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်သည်။ ဤအာယသ်တော်တွင် အမိန့်မှ ဖယ်ထုတ်ခံရသူနှစ်ဦး အကြောင်းလည်း တင်ပြထားသည်။ ဖယ်ထုတ်ခံရသူတစ်ဦးမှာ ကြည့်ရှုတွေ့မြင်ခြင်းကို ထောက်ရှု၍ ဖြစ်သည်။ အခြားဖယ်ထုတ်ခံရသူတစ်ဦးမှာ အကြည့်ခံရခြင်းကို ထောက်ရှု၍ ဖြစ်သည်။ ကြည့်ရှုတွေ့မြင်ခြင်းအရ 'နေကာဟ်'မပြုပိုင်သူ သားချင်းများကိုလည်းကောင်း၊ မိမိ၏ လက်အောက်ခံ ကျွန်မများနှင့် အရွယ်မရောက်သည့် ကလေးများကိုလည်းကောင်း ဖယ်ထုတ်ထားသည်။ ဒုတိယမှာ ကြည့်ရှုခြင်းအမြင်မှ ဖုံးအုပ်ရန်ဖြစ်သော အရာများကို ရည်ရွယ်သည်။ ထိုသို့ ရည်ရွယ်ထောက်ရှုခြင်းအားဖြင့် ပေါ်လွင်သော လုပမှုကို ဖယ်ထုတ်ထားသည်။ ထိုဖယ်ထုတ်ထားသည်များတွင် အပေါ်မှ ဝတ်ဆင်ရသော 'ဗုရ်ကအ်' (သို့) ရှည်လျားသော ခြုံများကို ဆိုလိုကြောင်း ပညာရှင်များက တစ်ညီတစ်ညွတ်တည်း မိန့်ဆိုထားကြသည်။ အချို့ပညာများထံတွင် အမျိုးသမီး၏ မျက်နှာနှင့် လက်ဖဝါးများသည်လည်း ထိုဖယ်ထုတ်ခံရခြင်း၌ ပါဝင်ပေသည်။

ဤနေရာ၌ ပထမအာယသ်တော်တွင် တတိယမြောက် ဖယ်ထုတ်ခံရသူတစ်ဦးအဖြစ် အမျိုးသမီး၏ အခြေအနေကို ထောက်ရှု၍ တင်ပြထားသည်မှာ ယင်းအမျိုးသမီးသည် အရွယ်လွန် အိုမင်းရင့်ရော်နေပြီး သူမကို စိတ်ဝင်စားစွဲလန်းသူမရှိ။ သူမမှာလည်း 'နေကာဟ်'ပြုနိုင်သည့် အရည်အချင်းမရှိ ဖြစ်သွားလျှင် ထိုအမျိုးသမီးအဖို့ 'ပရ်ဒဟ်'၏ အမိန့်များတွင် လွယ်ကူမှု ပေးထားသည်မှာ သူစိမ်းများသည်လည်း 'နေကာဟ်' မပြုပိုင်သည့် သားချင်းများကဲ့သို့ ဖြစ်သွားပေသည်။ 'နေကာဟ်'မပြုပိုင်သော သားချင်းများနှင့် ဖုံးအုပ်ရန် အရေးမကြီးသော အစိတ်အပိုင်းများသည် ထိုအမျိုးသမီးအဖို့ သူစိမ်းတရံစာများရှေ့တွင်လည်း ဖုံးအုပ်ရန် အရေးမကြီးတော့ပေ။ ထို့ကြောင့်

وَالْقَوَاعِدُ مِنَ النِّسَاءِ الّٰتِىْ الآيه

ဟု မိန့်ကြားထားခြင်းဖြစ်သည်။ ၎င်း၏ ဖွင့်ဆိုချက်အကျဉ်းကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ဤကဲ့သို့သော အရွယ်လွန် အိုမင်းရင့်ရော်သည့် အမျိုးသမီးအဖို့လည်း သတ်မှတ်ချက်တစ်ရပ်ရှိသည်မှာ 'နေကာဟ်'မပြုနိုင်သူများ၏ ရှေ့၌ ဖွင့်ဖော်ပိုင်သော အစိတ်အပိုင်းများကို 'နေကာဟ်'ပြုပိုင်သော သူစိမ်းတရံစာများရှေ့၌လည်း အလှပြင်ဆင်ခြင်း မပြုဘဲနှင့် ဆိုလျှင် ပိုင်ပေသည်။ ဒုတိယအချက်မှာ နောက်ဆုံးတွင်

وَاَنْ يَّسْتَعْفِفْنَ خَيْرٌ لَّهُنَّ

ဟူ၍ မိန့်ကြားထားတော်မူသည်။ ဆိုလိုသည်မှာ အကယ်၍ ထိုအမျိုးသမီးသည် 'နေကာဟ်'ပြုပိုင်သော သူစိမ်းတရံစာများရှေ့၌ လာခြင်းမှ လုံးဝရှောင်ကြဉ်ပါလျှင် ဤသည် သူမတို့အတွက် အကောင်းဆုံးဖြစ်ပေသည်'ဟူ၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

لَيْسَ عَلَى الْاَعْمٰى

حَرَجٌ وَّلَا عَلَى الْاَعْرَجِ حَرَجٌ وَّلَا عَلَى الْمَرِيْضِ حَرَجٌ

وَّلَا عَلٰٓى اَنْفُسِكُمْ اَنْ تَاْكُلُوْا مِنْۢ بُيُوْتِكُمْ اَوْ

بُيُوْتِ اٰبَآئِكُمْ اَوْ بُيُوْتِ اُمَّهٰتِكُمْ اَوْ بُيُوْتِ اِخْوَانِكُمْ

اَوْ بُيُوْتِ اَخَوٰتِكُمْ اَوْ بُيُوْتِ اَعْمَامِكُمْ اَوْ بُيُوْتِ عَمّٰتِكُمْ

اَوْ بُيُوْتِ اَخْوَالِكُمْ اَوْ بُيُوْتِ خٰلٰتِكُمْ اَوْ مَا مَلَكْتُمْ

مَّفَاتِحَهٗۤ اَوۡ صَدِيۡقِكُمۡ‌ؕ لَيۡسَ عَلَيۡكُمۡ جُنَاحٌ اَنۡ
تَاۡكُلُوۡا جَمِيۡعًا اَوۡ اَشۡتَاتًا‌ ؕ فَاِذَا دَخَلۡتُمۡ بُيُوۡتًا
فَسَلِّمُوۡا عَلٰٓى اَنۡفُسِكُمۡ تَحِيَّةً مِّنۡ عِنۡدِ اللّٰهِ مُبٰرَكَةً
طَيِّبَةً‌ ؕ كَذٰلِكَ يُبَيِّنُ اللّٰهُ لَـكُمُ الۡاٰيٰتِ لَعَلَّكُمۡ تَعۡقِلُوۡنَ ۝٦١

၂၄ ; ၆၁ ။ ။ မျက်စိကန်းသူ၏အပေါ်၌လည်းကောင်း၊ ခြေမသန်မစွမ်းသောသူ၏ အပေါ်၌လည်းကောင်း၊ မကျန်းမမာသော သူ၏အပေါ်၌လည်းကောင်း၊ အသင်တို့ကိုယ်တိုင်အပေါ်၌လည်းကောင်း၊ မိမိအိမ်များမှဖြစ်စေ၊ မိမိတို့ ဖခင်များ၏ အိမ်များမှ ဖြစ်စေ၊ မိမိတို့ညီများ၊ အစ်ကိုများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ညီမများ၊ အစ်မများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ ဘကြီး၊ ဘထွေးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့အရီးကြီး၊ အရီးကလေးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ ဦးကြီး၊ ဦးလေးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ မိကြီး၊ မိထွေးများ၏ အိမ်များမှ ဖြစ်စေ၊ မိမိတို့ သော့ထိန်းကြရသော အိမ်များမှဖြစ်စေ၊ မိမိတို့၏ မိတ်ဆွေများ၏ အိမ်များမှဖြစ်စေ၊ (၎င်းအိမ်တို့မှ) အသင်တို့၏ စားသုံးခြင်း၌ တစ်စုံတစ်ရာ တားမြစ်ခြင်း မရှိပေ။ အသင်တို့သည် အတူရောနှော၍ စုရုံးလျက် စားသုံးကြသည်ဖြစ်စေ၊ တစ်သီးတစ်ခြားစီ (စားသုံးကြသည်ဖြစ်စေ) အသင်တို့အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှ မရှိပေ။

သို့ရာတွင် အသင်တို့သည် အိမ်များသို့ ဝင်ရောက်သောအခါ မိမိတို့အချင်းချင်း စလာမ်မေတ္တာ ပို့သကြလေကုန်။ ယင်း (စလာမ်မေတ္တာ ပို့သခြင်း) သည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ (သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော) နှုတ်ခွန်းဆက်စကား၊ ဆုတောင်းပြုချက်ပင် ဖြစ်၏။ ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံ၍ ကောင်းမြတ်လှ၏။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ နားလည် (ကျင့်သုံး) ကြရန် အလို့ငှာ ဤနည်းအတိုင်းပင် အသင်တို့ရှေ့ဝယ် အမိန့်တော်များကို ရှင်းလင်းထုတ်ဖော် မိန့်ကြားတော်မူလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကယ်၍ အသင်တို့သည် မျက်ကန်း၊ ခြေမသန်စွမ်းသူနှင့် မကျန်းမာသူတို့အား မိမိ၏ အရင်းအခြာ (သို့) မိမိတွေ့ဆုံရန် သွားသည့် အိမ်သို့ ခေါ်သွားပြီး ၎င်းတို့အား ကျွေးမွေးသည်ဖြစ်စေ၊ (သို့) ကိုယ်တိုင် စားသောက်သည်ဖြစ်စေ။ ထိုမိမိ၏ အရင်းအခြာပုဂ္ဂိုလ် (သို့) တွေ့ဆုံရမည့်သူက မိမိတို့၏ စားသောက်ခြင်းနှင့် ကျွေးမွေးရခြင်းတို့အပေါ် မည်သို့မျှ ဒုက္ခမရောက်ဘဲ သဘောတူနှစ်သက်ကြောင်း ယတိပြတ် သိရှိရပါလျှင် ထိုအခြေအနေတွင်) မျက်ကန်းအပေါ်၌လည်းကောင်း၊ ခြေမသန်စွမ်းသူအပေါ်၌လည်းကောင်း၊ မကျန်းမာသူအပေါ်၌လည်းကောင်း၊ အသင်တို့ကိုယ်တိုင်အပေါ်၌လည်းကောင်း၊ ဤကိစ္စတွင် တစ်စုံတစ်ရာ တားမြစ်ချက်မျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် (ကိုယ်တိုင်ပင်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုချို့ယွင်းချက်ရှိသူအားလုံးနှင့်အတူ ဖြစ်စေ) မိမိတို့၏ အိမ်များမှ (ထိုအိမ်များတွင် ဇနီး၏ အိမ်သည်လည်း

ကောင်း၊ သားသမီးများ၏ အိမ်သည်လည်းကောင်း ပါဝင်လာသည်။) စားသုံးခြင်း၊ သို့မဟုတ် (ရှေ့၌ ဖော်ပြမည့် အိမ်များမှ စားသုံးခြင်း ဆိုလိုသည်မှာ အသင်တို့ကိုယ်တိုင် စားသုံးခြင်းသည်လည်းကောင်း၊ အသင်တို့အပေါ်၌လည်း မည်သည့်အပြစ်တစ်စုံတစ်ရာမျှ မရှိ။ ထိုခြွင်းချက်ရှိသူတို့အား ကျွေးမွေးခြင်း၌ လည်း အပြစ်တစ်စုံတစ်ရာမျှ မရှိပေ။ ထို့အတူ အသင်တို့အား ကျွေးမွေးခြင်းနှင့် ထိုခြွင်းချက်ရှိသူတို့က လည်း စားသုံးလိုက်ခြင်းဖြင့် အပြစ်တစ်စုံတစ်ရာမျှ မရှိပေ။ ထိုအိမ်များမှာ ဥပမာ) မိမိ၏ဖခင်၏ အိမ်မှ (စားသုံးခြင်း၊ ကျွေးမွေးခြင်းသည်) လည်းကောင်း၊ သို့မဟုတ် မိမိ၏ မိခင်များ၏ အိမ်မှလည်းကောင်း၊ သို့မဟုတ် မိမိညီအစ်ကိုများ၏ အိမ်များမှလည်းကောင်း၊ သို့မဟုတ် မိမိညီမ၊ အစ်မတို့၏ အိမ်များမှ လည်းကောင်း၊ သို့မဟုတ် မိမိ၏ ဦးရီးတို့၏ အိမ်များမှ လည်းကောင်း၊ သို့မဟုတ် မိမိ၏ ဒေါ်ကြီး၊ ဒေါ်လေးတို့၏ အိမ်များမှလည်းကောင်း၊ သို့မဟုတ် မိမိ၏ ဦးကြီး၊ ဦးလေးတို့၏ အိမ်များမှလည်းကောင်း၊ သို့မဟုတ် မိမိတို့က သော့ထိန်းရသော အိမ်များမှလည်းကောင်း၊ သို့မဟုတ် အသင်တို့၏ မိတ်ဆွေတို့၏ အိမ်များမှလည်းကောင်း၊ အသင်တို့ စားသုံးခြင်းတွင် တစ်စုံတစ်ရာတားမြစ်ချက် မရှိပေ။ (ထိုသို့ စားသုံး ခြင်းတွင်လည်း) အသင်တို့အားလုံး စုပေါင်း၍ အတူတူစားသုံးကြသည်ဖြစ်စေ၊ သီးခြားစီ စားသုံးကြသည် ဖြစ်စေ အပြစ်တစ်စုံတစ်ရာမျှ မရှိပါချေ။ (တစ်ဖန် သိရှိထားရဦးမည်မှာ) အသင်တို့သည် အိမ်များသို့ ဝင်ရောက်ကြသည့်အခါ မိမိတို့အချင်းချင်း (ထိုအိမ်၌ ရှိသော မွတ်စ္စလင်မ်များကို) 'စလာမ်'ပေးကြလေ ကုန်။ (ယင်း 'စလာမ်'သည်ကား) ဒိုအာဆုမွန်ဖြစ်ခြင်း (နှင့်) အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ပြဋ္ဌာန်း ချက်ဖြစ်သည်။ ထို့အပြင် (ထိုသူ့အပေါ်၌ 'စဝါးဗ်'ကုသိုလ်ရရှိရန်နှင့်) 'ဗရ်ကသ်'မင်္ဂလာနှင့် ပြည့်စုံသော အရာ ဖြစ်သည်။ (ထို့အပြင် 'စလာမ်'ပေးခံရသူအဖို့ စိတ်နှလုံးရွှင်ပြုံးစေသော) ကောင်းမြတ်သည့်အရာ ဖြစ်သည်။ ဤနည်းပုံစံများဖြင့် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား (မိမိ၏) အမိန့်တော်များကို ရှင်းလင်းစွာ ထုတ်ပြန် မိန့်ကြားတော်မူလေသည်။ သို့မှသာ အသင်တို့သည် နားလည်သဘောပေါက်ကြ ပေမည်။ ('အမလ်'ကျင့်ဆောင်မှု ပြုကြပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အိမ်များတွင် ဝင်ရောက်ပြီးနောက် အချို့သော အမိန့်တော်များနှင့် လူမှုရေး စည်းကမ်းများ

ကုန်လွန်ခဲ့သော အာယသ်တော်များတွင် အိမ်အတွင်း မဝင်ရောက်မီ ဝင်ခွင့်ရ၍ အိမ်အတွင်း ဝင်ရောက် ပြီးနောက် 'မွတ်စ်သဟဗ်' (သို့) 'ဝါဂျိဗ်'ဖြစ်သော အမိန့်နှင့် စည်းကမ်းချက်များကို တင်ပြထားသည်။ ဤအာယသ်တော်၏ အလိုသဘောနှင့် အာယသ်တော်၌ တင်ပြထားသည့် အမိန့်ပညတ်တော်များကိုလည်း သဘောပေါက်ရန် ဦးစွာပထမ ဤအာယသ်တော် ကျရောက်လာရသည့် အခြေအနေများကို သိရှိရန် သင့်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ သင်ကြားပေးမှုများတွင် 'ဟုကူကွလ် အေဗာဒသ်' (အဖန်ဆင်းခံတို့၏ ဝတ္တရား) များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ထားခြင်းတို့အတွက် အလေးအနက် မိန့်ကြားသည်များကို မည်သည့်မှတ်စွလင်မ်ကမျှ မသိသည်ဟူ၍ မရှိပါချေ။ အခြားသူတစ်ဦး၏ ဥစ္စာပစ္စည်းကို ၎င်းသူ၏ အခွင့်မရရှိဘဲ သုံးစွဲမှုပြုခြင်းအပေါ် ပြင်းထန်သော သတိပေးနိုးဆော်ချက်များ ရှိသည်။ အခြားတစ်ဖက်တွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နောက်ဆုံး တမန်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်းအတွက် အလ္လာဟ်နှင့် တမန်တော်မြတ် ﷺ ၏ အမိန့်တော်များကို ကြားနာရန်အသင့်ဖြစ်နေသူများနှင့် အမိန့်ဟူသရွေ့ကို လိုက်နာရာတွင် မိမိတို့၌ ရှိသမျှ အင်အားများကို သုံးစွဲသောနမူးစာ ကောင်းသူများကို ရွေးချယ်တော်မူလေသည်။ ကုရ်အာန်၏ သင်ကြားမှုအပေါ် လိုက်နာကျင့်ဆောင်ခြင်းနှင့်အတူ တမန်တော်မြတ် ﷺ ၏ အဖိုးအနဂ္ဃ ထိုက်တန်သော ထိုင်ဝိုင်း၏ စူးရှသက်ရောက်မှုအားဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဖရစ်ရှိသာဟ်များကပင် ဂုဏ်ယူရသော အုပ်စုအဖြစ် ပြုပေးတော်မူခဲ့သည်။ အခြားသူတို့၏ ဥစ္စာပစ္စည်းကို ၎င်းသူ၏ ခွင့်ပြုချက်နှင့် သဘောတူချက်မရရှိဘဲ မပြောပလောက်သော အသေးအဖွဲ့မျှပင် သုံးစွဲခြင်းကို မနှစ်မြို့ခြင်း၊ တစ်ပါးသူ တစ်ဦးတစ်ယောက်ကို အနည်းငယ်မျှ ဒုက္ခရောက်စေခြင်းမှပင် ရှောင်ကြဉ်ခြင်းနှင့် ထိုကိစ္စများတွင် အမြင့်မားဆုံးအဆင့်ရှိသော 'သက္ကဝါ' အပေါ်၌ ရပ်တည်ခြင်းတို့သည် ဆွဟာဗာအားလုံး၏ ဂုဏ်ရည်များပင် ဖြစ်ခဲ့သည်။

ဤအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဖော်ပြပါအာယသ်တော်၏ အမိန့်တော်များ ကျရောက်လာရခြင်းဆိုင်ရာ ဖြစ်ရပ်အချို့ တမန်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ဖြစ်ပေါ်ခဲ့သည်။ အဖွင့်ပညာရှင်များကထိုဖြစ်ရပ်အားလုံးကို ရေးသားတင်ပြခဲ့ကြသည်။ ၎င်းတို့အနက် အချို့က ဖြစ်ရပ်တစ်ခုကို 'ရှာနေနုဇူလ်' (အာယသ်တော် ကျရောက်ရခြင်း၏ အကြောင်းခံဖြစ်ရပ်) ဟု သတ်မှတ်ကြသည်။ အချို့က အခြားသောဖြစ်ရပ်တစ်ခုကို သတ်မှတ်ကြသည်။ သို့သော်လည်း အမှန်ကန်ဆုံးအချက်မှာ ထိုအဆိုများတွင် မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိပါ။ ဤဖြစ်ရပ်အားလုံးသည်ပင် ဤအာယသ်တော်၏ 'ရှာနေနုဇူးလ်' ပင် ဖြစ်သည်။ ဖြစ်ရပ်များမှာ-

(၁) အေမာမ်ဗဂဝီ (ရဟ) သည် သဖ်စီးရ်အဖွင့်ပညာရှင် အေမာမ်ကြီးများ ဖြစ်သော ဟဇရသ်စအီးဒ်ဗင်န်ဂျုဗိုင်ရ် နှင့် ဒွဟ်ဟာက်တို့ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'လောက၏ နိယာမနှင့် လူတို့၏ သဘောသဘာဝမှာ မသန်မစွမ်းဖြစ်သူများ၊ မျက်ကန်းများနှင့် မကျန်းမာသူများနှင့်အတူ ထိုင်၍ စားသောက်ရသည်ကို ရွံရှာတတ်ကြသည်။ နှစ်မြို့မှု မရှိကြချေ။ ဆွဟာဗာများတွင် ဤသို့သော ခြွင်းချက်ဖြစ်ပေါ်သူများရှိခဲ့ကြသည်။ ၎င်းတို့က 'ကျွန်ုပ်တို့သည် အခြားသူ တစ်ဦးတစ်ယောက်နှင့်အတူ စားသောက်ရာ၌ပါဝင်လိုက်ပါက ထိုသူ့အဖို့ ဒုက္ခရောက်လိမ့်မည်' ဟု ယူဆကြသည်။ ထို့ကြောင့် ၎င်းတို့သည် ကျန်းမာသန်စွမ်းသူများနှင့်အတူ စားသောက်ရာ၌ ပါဝင်ခြင်းကို ရှောင်ကြဉ်ကြလေသည်။ မျက်မမြင်ပုဂ္ဂိုလ်ကလည်းလူအများ စားသုံးရာ၌ ပါဝင်လိုက်လျှင် ထိုသို့ ပါဝင်သူသည် အခြားသူများထက် ပို၍ စားသုံးခြင်းမပြုဘဲအားလုံး တန်တူဖြစ်ရမည်မှာ မျှတမှု၏ တောင်းဆိုချက်ဖြစ်သည်။ ကျွန်ုပ်မှာ မျက်မမြင်ဖြစ်နေသည့်အတွက်

ထိုမျှောမှုကို ခန့်မှန်းချင့်ချိန်ခြင်းငှာ မပြုနိုင်ပေ။ ကျွန်ုပ်သည် အခြားသူတို့ထက် ပို၍ စားသောက်မိပါလျှင် ထိုသူတို့၏ အခွင့်အရေးဆုံးရှုံးမှု ဖြစ်နိုင်သည်' ဟု ယူဆလေသည်။ ထိုနည်းတူစွာ ခြေမသန်မစွမ်းဖြစ်သူကလည်း ကျွန်ုပ်သည် သန်စွမ်းသူများကဲ့သို့ ကောင်းမွန်စွာ ထိုင်နိုင်ခြင်း မရှိပါ။ လူနှစ်ဦးစာကို ထိုင်ရပေမည်။ စားသုံးသည့်အချိန် အခြားသူများနှင့် ထိုင်ရမည်ဆိုလျှင် ထိုသူတို့အဖို့ အကျပ်အတည်းနှင့် ဒုက္ခရင်ဆိုင်ကြရပေမည်ဟု တွေးထင်ယူဆလေသည်။ ၎င်းတို့၏ ဤသို့ အဆုံးတိုင် ဆင်ခြင်မှုများသည် ၎င်းတို့ကိုယ်တိုင်အပေါ် အခက်အခဲဒုက္ခ ဖြစ်ပေါ်ရသည်မှာ ပေါ်လွင်ပေသည်။ ထို့ကြောင့် ဤအာယသ်တော်ကျရောက်လာခဲ့သည်။ အာယသ်တော်တွင် ၎င်းတို့အဖို့ အခြားသူများနှင့် ရောနှော၍ စားသောက်ခွင့်နှင့် ၎င်းတို့အဖို့ ဒုက္ခရောက်စေသည့် ဤသို့ အသေးစိတ် ဆင်ခြင်မှုများကို စွန့်လွှတ်ရန် မိန့်ကြားထားသည်။

ထို့နောက် အေမာမ်ဗဂဝီ (ရဟ) သည် အိဗ်နေဂျရီးရ်၏ ဆင့်ပြန်ချက်ဖြင့် ဟဇရသ်အိဗ်နေအဗ္ဗားဟ် ﷺ ထံမှ အခြားဖြစ်ရပ်တစ်ခုကို ဆင့်ပြန်ခဲ့သည်။ ဤဖြစ်ရပ်မှာ အထက်ဖော်ပြပါဖြစ်ရပ်နှင့် တစ်ခြားစီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတွင်

لاتاكلو اموالكم بينكم بالبا طل

ဆိုလိုသည်မှာ 'အခြားသူတစ်ဦးတစ်ယောက်၏ ဥစ္စာပစ္စည်းကို မတရားသောနည်းဖြင့် မစားသုံးကြလေနှင့်' ဟူသော အာယသ်တော် ကျရောက်လာသည့်အခါ လူတို့အဖို့ 'မျက်မမြင်များ၊ မသန်စွမ်းသူများနှင့် မကျန်းမာသူတို့နှင့်အတူ ရောနှော၍ စားသောက်ကြရာတွင် မကျန်းမာသူများမှာ သဘာဝအလျောက်နည်းပါးစွာ စားသောက်ကြသည်။ မျက်မမြင်မှာ စားသောက်ဖွယ်ရာများတွင် မည်သည့်အရာသည် အကောင်းဖြစ်သည်ကို ခွဲခြားခြင်း မပြုနိုင်ပေ။ မသန်မစွမ်းဖြစ်သူမှာ မိမိထိုင်ရန် နေရာ အဆင်မပြေဖြစ်ရသည့်အတွက် စားသောက်ရာတွင် ဒုက္ခရောက်ပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့သည် လျော့နည်းစွာ စားသောက်ကြပြီး စားသောက်ဖွယ်ရာတို့သည် ကျွန်ုပ်တို့ထံသို့ ပို၍ ရောက်ရှိလာလျှင် ၎င်းတို့၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် စုပေါင်းရောနှော၍ စားသောက်ရာတွင် အားလုံး၏ ဝေစုမှာ ညီတူမျှတူ ဖြစ်ရမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုသို့ ဖြစ်ရခြင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။ အာယသ်တော်တွင် ထိုကဲ့သို့ လေးလေးနက်နက် အသေးစိတ် စဉ်းစားဆင်ခြင်၍ ဒုက္ခခံနေကြသော ထိုသူ ၄ ကို လွတ်လပ်ခွင့်ပေးလိုက်သည်။ အားလုံးစုပေါင်း၍ စားသောက်ကြကုန်။ မပြောပလောက်သော လျော့နည်းမှုနှင့် သာပိုမှုတို့အပေါ် စဉ်းစားဆင်ခြင်မှု မပြုကြလေနှင့်' ဟု ဖြစ်သည်။

စအီးဒ်ဗင်န်မုစိုင်ယဗ် (ရဟ) က မိန့်ဆိုသည်မှာ 'မွတ်စ္စလင်မ်တို့သည် 'ဂျီဟားဒ်' နှင့် 'ဂဇဝဟ်' စစ်ပွဲများအတွက် သွားကြသည့်အခါ မိမိတို့၏ အိမ်သော့များကို ထိုခြွင်းချက်ရှိသူတို့အား ပေးအပ်၍ သွားလေ့ရှိကြသည်။ ထို့အပြင် 'အိမ်၌ ရှိသမျှတို့ကို အသင်တို့ စားသောက်နိုင်ကြသည်ဟု မှာတမ်းသွားလေ့ရှိသည်။ သို့ရာတွင် ဤ (ခြွင်းချက်ရှိ) သူတို့သည် 'ထိုသူတို့၏ သဘောဆန္ဒနှင့် ဆန့်ကျင်သော သုံးစွဲမှုမျိုး ဖြစ်သွားနိုင်ဖွယ် ရှိသည်' ဟူသော ဆင်ခြင်မှုဖြင့် ထိုအိမ်များမှ မည်သည့်အရာကိုမျှ စားသုံးမှု မပြုကြပေ။ ထိုဖြစ်ရပ်အပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်' ဟု ဖြစ်သည်။

မုစ်နဒ်ဗဇားရ်ကျမ်းတွင် ဆွဟီးဟ်စနဒ်ဖြင့် ဟဇရသ်အာအေရှာဟ် ؓ သခင်မထံမှလည်း ဤသည့် အကြောင်းအရာကိုပင် ဆင့်ပြန့်ထားသည်မှာ တမန်တော်မြတ် ﷺ သည် စစ်ပွဲတစ်နေရာသို့ ကြွမြန်းတော်မူသည့်အခါ ဆွဟာဗာတို့၏ စိတ်ဓါတ်မှာ 'တမန်တော်မြတ် ﷺ နှင့်အတူ 'ဂျိဟားဒ်' တွင် ပါဝင်ရန် လိုလားကြခြင်း ဖြစ်သည်။ ထို့ပြင် မိမိတို့အိမ်များ၏ သော့များကို ထိုခြွင်းချက်ရှိသူများထံ အပ်နှံ၍ ၎င်းတို့အား 'ကျွန်ုပ်တို့ မရှိသည့်နောက် အသင်တို့သည် ကျွန်ုပ်တို့၏ အိမ်များမှ ရှိသမျှတို့ကို စားသောက်နိုင်ကြသည်' ဟု ခွင့်ပြုမှာကြားလေ့ ရှိသည်။ သို့ပါသော်လည်း ဤသူတို့သည် အဆုံးမဲ့ 'သက္ကဝါ' ရှောင်ကြဉ်မှုအားဖြင့် 'ထိုသူတို့၏ ဤခွင့်ပြုချက်သည် လိုလိုလားလား နှစ်သက်မှုရှိသော ခွင့်ပြုချက်မဖြစ်နိုင်' ဟု စိုးရိမ်စိတ်ဖြင့် စားသောက်ခြင်းကို ရှောင်ကြဉ်လေ့ ရှိကြသည်ဟု ဖြစ်သည်။

ဗဂဝီ (ရဟ) က ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ထံမှ ဤအကြောင်းကိုလည်း ဆင့်ပြန့်ခဲ့သေးသည်။ ယင်းမှာ ဖော်ပြပါအာယသ်တော်၌ صَدِيقِكُمْ ဟူသော စာလုံးလာရှိထားသည်။ ဆိုလိုသည်မှာ 'မိမိ၏ မိတ်ဆွေ၏ အိမ်မှလည်း စားသောက်ခြင်းပြုရာတွင် မည်သို့မျှ ကိစ္စမရှိပေ' ဟု ဖြစ်သည်။ ဤသည် ဟာရိဆ် ဗင်န် အမရ် ؓ ၏ ဖြစ်ရပ်အပေါ် ကျရောက်လာခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် '၎င်းသည် စစ်ပွဲတစ်ခုတွင် တမန်တော်မြတ် ﷺ နှင့် လိုက်ပါသွားခဲ့သည်။ မိမိ၏ မိတ်ဆွေမာလိက်ဗင်နဇိုက်ဒ် ؓ အား မိမိအိမ်နှင့် အိမ်သူအိမ်သားများကို စောင့်ရှောက်ပါရန် အပ်နှံခဲ့သည်။ ဤသို့ဖြင့် ဟာရိဆ် ؓ သည် စစ်ပွဲမှ ပြန်လည်ရောက်ရှိလာသည့်အခါ မာလိက်ဗင်နဇိုက်ဒ် ؓ အား အလွန်ပင် အားအင်ချည့်နဲ့နေသည်ကို တွေ့ရှိရလေသည်။ ဖြစ်ပုံကို မေးမြန်းသည့်အခါ မာလိက် ؓ က 'ကျွန်ုပ်သည် အသင်မရှိသည့် နောက်ပိုင်းတွင် အသင်၏အိမ်မှ အနည်းငယ် စားသုံးခြင်းကိုပင် မသင့်တော်ဟု ယူဆခဲ့ပါသည်' ဟု ဖြေကြားလေသည်။ (ဤဆင့်ပြန့်ချက်အားလုံးသည် သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ရှိသည်။) အရှင်းဆုံးအချက်မှာ ဤအကြောင်းအရာမျိုးကဲ့သို့ ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်အားလုံးသည် ဤအာယသ်တော် ကျရောက်ရခြင်း၏ အကြောင်းခံ ဖြစ်သည်။

ဓမ္မသတ် ။ ။ အထက်၌ တင်ပြခဲ့သည့်အတိုင်းပင် အိမ်များတွင် အထူးခွင့်ပြုချက်မရှိဘဲ စားသောက်ခွင့်ကို ဤအာယသ်တော်က ခွင့်ပြုထားသည်။ ထိုသို့ ခွင့်ပြုရသည့်အကြောင်းမှာ 'အာရဗ်နိုင်ငံ၏ ဓလေ့အရ ဤသို့ ဆွေမျိုးရင်းခြာများတွင် မည်သည့်အားနာမှုမျှ မရှိကြပေ။ တစ်ဦး၏ အိမ်တွင် တစ်ဦးက စားသောက်လိုက်သည်ဆိုလျှင် အိမ်ရှင်အဖို့ မည်သည့်ဒုက္ခ (သို့) မည်သည့်မနှစ်သက်မှုမျှ မဖြစ်ကြဘဲ ထိုသို့ စားသောက်ခြင်းဖြင့် ပျော်ရွှင်မှုပင် ဖြစ်ကြသည်။ အလားတူ ထိုသို့ စားသောက်သူသည် မိမိနှင့်အတူ ခြွင်းချက်ရှိသူ၊ မကျန်းမာသူနှင့် သူဆင်းရဲများကို ကျွေးမွေးပါလျှင်လည်း ထိုအိမ်ရှင်တို့က ပျော်ရွှင်ကြလေသည်။ ထိုသို့ စားသုံးခြင်းနှင့် ကျွေးမွေးခြင်းများအပေါ် ပွင့်လင်းထင်ရှားသည့် ခွင့်ပြုချက်မရှိသည့်တိုင် ဓလေ့အရ ခွင့်ပြုပြီး ဖြစ်လေသည်။ ဖော်ပြပါ ပြုပိုင်သည့် အကြောင်းအချက်များအရ ဤကဲ့သို့သော ခေတ်ကာလ၊ ဤကဲ့သို့သော နေရာဒေသနှင့် ဤကဲ့သို့သော ဓလေ့ထုံးစံများ မရှိသော အခါမျိုးတွင် ပိုင်ရှင်၏ ခွင့်ပြုချက်မှာ သံသယ၏ ခွင့်ပြုချက်မျိုးဖြစ်ပြီး ပွင့်လင်းထင်ရှားသည့် ခွင့်ပြုချက်မျိုး မဟုတ်

ပါလျှင် ထိုအိမ်မှ စားခြင်း၊ သောက်ခြင်းမှာ 'ဟရာမ်'ဖြစ်သည်။ ယခုခေတ်သမယတွင် ရင်းခြာသော ဆွေမျိုးမိတ်သင်္ဂဟတစ်ဦးသည် ထိုသူတို့၏ အိမ်၌ စားလိုရာစား၊ သောက်လိုရာသောက်၊ အခြားသူများကိုလည်း ကျွေးမွေးလိုက ကျွေးမွေးခြင်းပြုနိုင်သော ဓလေ့ထုံးစံများလည်း မရှိတော့ပေ။ ထိုသို့ ပြုလုပ်ခြင်းအပေါ် အိမ်ရှင်ကလည်း နှစ်သက်ခြင်းမရှိကြတော့ပေ။ ထို့ကြောင့် မျက်မှောက်ခေတ်တွင် လူများအဖို့ ဤခွင့်ပြုချက်မျိုးအပေါ်တွင် လိုက်နာကျင့်ဆောင်ရန် မပိုင်ပေ။ သို့ရာတွင် အရင်းအခြာ ဆွေမျိုးမိတ်သင်္ဂဟတစ်ဦးနှင့် စပ်လျဉ်း၍ ၎င်းသည် မိမိ၏ စား သောက်ခြင်းဖြင့်လည်းကောင်း၊ အခြားသူများအား ကျွေးမွေးခြင်းဖြင့်လည်းကောင်း၊ မည်သည့်ဒုက္ခနှင့် မည်သည့်မနှစ်သက်မှုမျှ မဖြစ်သည့်အပြင် ပျော်ရွှင်မှုပင် ဖြစ်သည်ဟု ယုံကြည်ရလျှင်မူ ၎င်းအနေဖြင့် ထိုကဲ့သို့သောသူ၏ အိမ်မှ စားခြင်း၊ သောက်ခြင်းတွင် ဤအာယသ်တော်၏ အလိုသဘောအရ 'အမလ်' ပြု ကျင့်ဆောင်ခြင်း ပိုင်ပေသည်။

ဓမ္မသတ် ။ ။ ဖော်ပြပါ တင်ပြချက်အရ ဤအမိန့်သည် အစ္စလာမ့်ခေတ်ဦးတွင် ရှိခဲ့သော အမိန့်ဖြစ်သည်။ နောက်ပိုင်းတွင် 'မန်စူးခ်' (အမိန့်ရုပ်သိမ်းခြင်းခံရပြီး) ဖြစ်သည်ဟု ပြောဆိုခြင်း မမှန်ကန်ပေ။ ထိုမျှမက အမိန့်သည် ကနဦးမှစ၍ ယနေ့ထိတိုင် တည်ဆဲဖြစ်သည်။ သို့ရာတွင် ပိုင်ရှင်၏ ခွင့်ပြုကြောင်း ယုံကြည်မှု ရှိရန်မှာ စည်းကမ်းချက်ဖြစ်သည်။ ပိုင်ရှင်၏ ခွင့်ပြုချက်မရှိလျှင် အာယသ်တော်၏ လိုလားချက်၌ ပါဝင်ခြင်းပင် မရှိတော့ပေ။ *[မဇ္ဇ်ဟရီကျမ်း]*

ဓမ္မသတ် ။ ။ ဤအတိုင်းပင် ဤအမိန့်သည် ဆွေမျိုးရင်းခြာများအတွက်သာ သတ်မှတ်ခြင်းမဟုတ်ဘဲ အခြားသောသူများနှင့်လည်း ပတ်သက်ပေသည်။ အကယ်၍ ထိုအိမ်ရှင်ဘက်မှ ကျွန်ုပ်တို့၏ စားခြင်း၊ သောက်ခြင်းနှင့် ကျွေးမွေးခြင်း၊ တိုက်ကျွေးခြင်းတို့အတွက် ခွင့်ပြုချက်ရှိသည်။ ထိုသို့ ပြုခြင်းဖြင့် အိမ်ရှင်အဖို့ ပျော်ရွှင်လိမ့်မည်။ ၎င်းအိမ်ရှင်အဖို့ မည်သည့်ဒုက္ခမှလည်း မဖြစ်နိုင်ဟု ယုံကြည်ရလျှင် ထိုသို့ ပြုခြင်းသည်လည်း ဤဖော်ပြပါအမိန့်အတိုင်းပင် ဖြစ်သည်။ *[မဇ္ဇ်ဟရီကျမ်း]*

ဖော်ပြပါအမိန့်တော်များ၏ ပတ်သက်ဆက်နွယ်မှုသည် လူတစ်ဦး၏ အိမ်တွင် ခွင့်ပြုချက်အရ ဝင်ရောက်ပြီးနောက် ပိုင်သောအဆင့် (သို့) 'မုတ်စ်သဟဗ်'ဖြစ်သော အဆင့်ရှိ လုပ်ရပ်များနှင့် စပ်လျဉ်း၍ ဖြစ်သည်။ ထိုလုပ်ရပ်များတွင် အကြီးမားဆုံးပြဿနာများမှာ စားခြင်း၊ သောက်ခြင်း ဖြစ်သည်။ ထိုအကြောင်းကို ဦးစွာ တင်ပြတော်မူခြင်း ဖြစ်သည်။

ဓမ္မသတ် ။ ။ အိမ်သို့ ဝင်ရောက်ခြင်း စည်းကမ်းများမှာ 'ခွင့်ပြုချက်ဖြင့် အိမ်သို့ ဝင်ရောက်သောအခါ အိမ်၌ ရှိသော မွတ်စ္စလင်မ်များကို 'စလာမ်'ပေးရမည်ဟူသော အာယသ်တော်၏ အလိုသဘောမှာ ဤအတိုင်းဖြစ်သည်။ အကြောင်းမှာ မွတ်စ္စလင်မ်အားလုံးသည် အုပ်စုတစ်စုတည်းသာ ဖြစ်သောကြောင့် ဟဒီးစ်တော်များစွာတို့၌ မွတ်စ္စလင်မ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး 'စလာမ်'ပေးကြရန် အလွန် လေးနက်စွာ မိန့်တော်မူထားပြီး ထူးမြတ်မှုများ လာရှိပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ وَإِذَا كَانُوا
مَعَهُ عَلَىٰ أَمْرٍ جَامِعٍ لَّمْ يَذْهَبُوا حَتَّىٰ يَسْتَأْذِنُوهُ ۚ إِنَّ
الَّذِينَ يَسْتَأْذِنُونَكَ أُولَٰئِكَ الَّذِينَ يُؤْمِنُونَ بِاللَّهِ وَرَسُولِهِ ۚ
فَإِذَا اسْتَأْذَنُوكَ لِبَعْضِ شَأْنِهِمْ فَأْذَن لِّمَن شِئْتَ مِنْهُمْ
وَاسْتَغْفِرْ لَهُمُ اللَّهَ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٦٢﴾

၂၄ : ၆၂ ။ ။ အကြင်သူတို့သည်သာလျှင် မုအ်မင်န်သက်ဝင် ယုံကြည်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ် အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ခဲ့ကြသည့်အပြင် တစ်စုံတစ်ရာ စုပေါင်းဆောင်ရွက်အပ်သော ကိစ္စနှင့် စပ်လျဉ်း၍ ထိုရစူလ်တမန်တော်မြတ်နှင့်အတူ ရှိနေကြသောအခါ ထိုရစူလ်တမန်တော်မြတ်ထံ ခွင့်ပန်ကြားခြင်း မပြုသမျှ ကာလပတ်လုံး ပြန်သွားကြသည် မရှိချေ။ (အို၊ နဗီတမန်တော်) ဧကန်မလွဲ အသင့်ထံ ခွင့်ပန်ကြားကြသော သူတို့သည်သာလျှင် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း သက်ဝင်ယုံကြည်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် အသင့်ထံ မိမိတို့၏ ကိစ္စ တစ်စုံတစ်ရာအတွက် ခွင့်ပန်ခဲ့ကြလျှင် အသင်သည် ၎င်းတို့အနက် မိမိအလိုရှိသော သူအား ခွင့်ပြုပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့အဖို့ အလ္လာဟ်အသျှင်မြတ်ထံတော်၌ အပြစ်မှ ချမ်းသာခွင့် ရရှိရန် ပန်ကြားပါလေ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

لَا تَجْعَلُوا دُعَاءَ
الرَّسُولِ بَيْنَكُمْ كَدُعَاءِ بَعْضِكُم بَعْضًا ۚ قَدْ يَعْلَمُ اللَّهُ الَّذِينَ
يَتَسَلَّلُونَ مِنكُمْ لِوَاذًا ۚ فَلْيَحْذَرِ الَّذِينَ يُخَالِفُونَ عَنْ أَمْرِهِ
أَن تُصِيبَهُمْ فِتْنَةٌ أَوْ يُصِيبَهُمْ عَذَابٌ أَلِيمٌ ﴿٦٣﴾

၂၄ : ၆၃ ။ ။ (အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူ အပေါင်းတို့) အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ ဖိတ်ခေါ် ခြင်းကို မိမိတို့အချင်းချင်း တစ်ဦးကို တစ်ဦးက ဖိတ်ခေါ်သကဲ့သို့ မယူဆကြကုန်လင့်။ (တမန်တော်မြတ်၏ ဖိတ်ခေါ်ခြင်းသည် အချင်းချင်း သာမန်ဖိတ်ခေါ်ခြင်းမျိုးနှင့် မတူပေ။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အနက် အကာအကွယ် ယူ၍ တိတ်တဆိတ် ခိုးထွက်သွားကြသော သူတို့အား ကောင်းစွာ သိရှိတော်မူ၏။ သို့ဖြစ်ပေရာ ထိုရစူလ်တမန်တော်မြတ်၏ အမိန့်တော်မှ ရှောင်လွှဲကြကုန်သော သူတို့သည် မိမိတို့၌ ဒုက္ခတစ်စုံတစ်ရာ သက်ရောက်မည်ကိုသော်လည်းကောင်း၊ သို့မဟုတ် မိမိတို့၏ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်တစ်စုံတစ်ရာ သက်ရောက်မည်ကိုလည်းကောင်း စိုးရိမ်ကြရပေသည်။

أَلَآ إِنَّ لِلَّهِ مَا
فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۖ قَدْ يَعْلَمُ مَآ أَنتُمْ عَلَيْهِ وَيَوْمَ
يُرْجَعُونَ إِلَيْهِ فَيُنَبِّئُهُم بِمَا عَمِلُوا۟ ۗ وَٱللَّهُ بِكُلِّ شَىْءٍ عَلِيمٌۢ ٦٤

၂၄ : ၆၄ ။ ။ သတိပြုကြလေကုန်။ ကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသော အရာများ ဖြစ်ကြကုန်၏။ စေကန်အမှန် ထိုအသျှင်မြတ်သည် အသင်တို့၏ လက်ရှိအခြေအနေကိုလည်း သိတော်မူ၏။ ထို့ပြင် ၎င်းတို့ ထိုအသျှင်မြတ်ထံတော်သို့ ပြန်လည် ရောက်ရှိကြရမည့်နေ့ကိုလည်း သိတော်မူ၏။ (ထိုနေ့တွင်) ထိုအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ကျင့်မူခဲ့သမျှတို့ကို ထုတ်ဖော်၍ ပြသတော်မူပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရဆူလ်တမန်တော်အပေါ် သက်ဝင်ယုံကြည်ပြီး ရဆူလ်တမန်တော်မြတ် ﷺ ထံတော်တွင် ကိစ္စတစ်စုံတစ်ရာအတွက် စုရုံးခြင်း ခံရသောအခါ (ရုတ်တရက် ထိုနေရာမှ အရေးကြီး လိုအပ်ချက်တစ်ခုဖြင့် တစ်နေရာရာသို့ သွားရန် ရှိသော်) ကိုယ်တော်မြတ် ﷺ ထံတော်တွင် ခွင့် မယူသမျှ (ကိုယ်တော်မြတ် ﷺ က ခွင့်မပြုသမျှ ထိုင်ဝိုင်းမှ ထ၍) ပြန်မသွားကြသော သူတို့သည်သာ မွတ်စ္စလင်မ်များ ဖြစ်ကြကုန်၏။ (အို၊ နဗီတမန်တော်) အကြင်သူတို့သည် အသင့်ထံမှ (ဤသို့သော အခြေအနေမျိုးတွင်) ခွင့်ပန်ကြားကြသူတို့သည်သာ အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရဆူလ်တမန်တော်တို့သည်လည်းကောင်း သက်ဝင်ယုံကြည်သူများ ဖြစ်ကြသည်။ (ရှေ့တွင် ဤသို့သော သူများအား ခွင့်ပြုရန် မိန့်ကြားချက် ဖော်ပြထားသည်။) သို့ဖြစ်ပေရာ ထို (အီမာန်သက်ဝင်ယုံကြည်) သူတို့သည် (ဤအခြေအနေမျိုး၌) မိမိတို့၏ ကိစ္စအတွက် အသင့်ထံမှ (သွားရန်) ခွင့်ပန်ကြားပါလျှင် ၎င်းတို့အနက် ခွင့်ပြုရန် (သင့်တော်မည်ဟု ယူဆရသူကို ခွင့်ပြုရန်) အလိုရှိသူကို ခွင့်ပြုပါလေ။ (ထို့အပြင် ခွင့်မပြုသင့်ဟု ယူဆရသူအား ခွင့်မပြုလေနှင့်။ အဘယ်ကြောင့်ဆိုသော် အခွင့်တောင်းခံသူသည် မိမိ၏ အခွင့်တောင်းခံခြင်း ကိစ္စကို အရေးကြီးသည်ဟု ထင်မှတ်နေသည်။ အမှန်စင်စစ် ထိုအလုပ်ကိစ္စသည် အရေးကြီးသော ကိစ္စမဟုတ်ပေ။ (သို့) အရေးကြီးသော ကိစ္စဖြစ်သော်လည်း ထိုကိစ္စအတွက် သွားခြင်းဖြင့် ထို့ထက်ပိုသော ဆုံးရှုံးနစ်နာမှုနှင့် ကြုံတွေ့ရန် စိုးရိမ်ရသည်။ ထို့ကြောင့် ခွင့်ပြုခြင်း၊ ခွင့်မပြုခြင်းကို ကိုယ်တော်မြတ် ﷺ ၏ မှန်ကန်စွာ ဆုံးဖြတ်ချက်အပေါ်၌သာ သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။)

ထို့အပြင် (ခွင့်ပြုပြီးလျှင်လည်း) အသင်သည် ၎င်းတို့အတွက် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ရရန် တောင်းခံပါလေ။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဤခွင့်ပန်ကြားခြင်း

သည် အမှန်စင်စစ် ခိုင်လုံသော အကြောင်းပြချက်ပင် ဖြစ်သော်လည်း ထိုအကြောင်းပြချက်တွင် လောကီရေးကို လောကုတ္တရာ အရေးအပေါ် ဦးစားပေး ရှေ့တန်းတင်သည့် ပုံသဏ္ဍာန် ရှိနေသည်။ ထိုသို့ ပြုမူခြင်းတွင် မှားယွင်းချွတ်ချော်မှု တစ်စုံတစ်ရာ ဖြစ်နိုင်သည်။ ထိုသို့ ဖြစ်နိုင်ခြင်းအတွက် အသင်၏ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံသည့် တောင်းဆုသည် အသုံးဝင်ပေမည်။ ထို့အပြင် အခြားအကြောင်းတစ်ခုလည်း ဖြစ်နိုင်သည်မှာ ခွင့်ပန်ကြားသူသည် ခွင့်ပန်ကြားရခြင်းကိစ္စကို အမှန်ပင် အရေးကြီးသည်ဟု အခိုင်အမာယူဆ၍ ခွင့်ပန်ကြားလိုက်သည်။ ဤနေရာတွင် အရေးမကြီးသည့် ကိစ္စကို အရေးကြီးသည်ဟူ၍ မှားယွင်းစွာ ယူဆမိခဲ့သည်။ ဤမှားယွင်းမှုမှာ အနည်းငယ်မျှ စဉ်းစားဆင်ခြင်ခြင်းဖြင့် အမှားကင်းသွားနိုင်ပါလျက် စဉ်းစားဆင်ခြင်မှု နည်းပါးမှု ကြောင့် ဤသို့ ချွတ်ချော်မှားယွင်းမှု ဖြစ်ပေါ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ထိုမှားယွင်းမှု အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် လိုအပ်ပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အကြောင်းမှာ ၎င်းတို့၏ 'နိယသ်' ဆန္ဒမှာ ကောင်းမွန်သည့်အတွက် ဤသို့သော ချွတ်ချော်မှားယွင်းမှုတွင် အရေးမယူခြင်း ဖြစ်သည်။)

အသင်တို့သည် တမန်တော်မြတ် ﷺ ၏ ဖိတ်ခေါ်ခြင်းကို (အစ္စလာမ်၏ လိုအပ်ချက်တစ်စုံတစ်ရာအတွက် အသင်တို့အား ဖိတ်ခေါ်ခြင်းဖြစ်သည်။) အသင်တို့အချင်းချင်းတွင် တစ်ဦးကိုတစ်ဦးက ဖိတ်ခေါ်သကဲ့သို့ (အသေးအဖွဲ့ ခေါ်ယူခြင်းဟု) မယူဆကြလေနှင့်။ (ဆန္ဒရှိက လာရောက်၍ ဆန္ဒမရှိက လာရောက်ခြင်းမရှိခြင်း၊ ထိုင်လိုသမျှ ထိုင်၍ သွားလိုက အခွင့်တောင်းခံခြင်းမပြုဘဲ ထ၍ သွားခြင်းများ မပြုကြလေနှင့်။ ရစူလ်တမန်တော်မြတ် ﷺ ၏ ဖိတ်ခေါ်မှုသည် ဤသို့မဟုတ်ပေ။ ထို့ပြင်မက တမန်တော်မြတ် ﷺ ၏ ထိုအမိန့်တော်ကို လိုက်နာရန် 'ဝါဂျိဗ်' ဖြစ်သည်။ အခွင့်အတောင်းခံခြင်းမပြုဘဲ ထ၍ ပြန်သွားခြင်းမှာ 'ဟရာမ်' ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် ခွင့်ပန်ကြားခြင်း မပြုဘဲ ထပြန်သွားပါလျှင် တမန်တော်မြတ် ﷺ သည် ၎င်း၏ ထွက်သွားခြင်းအား စိတ်ငြိုငြင်မှု ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့ရာတွင် မှတ်သားထားရမည်မှာ) အလ္လာဟ်အသျှင်မြတ်သည် (အခြားသူများကို) အကာအကွယ်ယူ၍ အသင်တို့အနက်မှ (နဗီတမန်တော်၏ ထိုင်ဝိုင်းမှ) တိတ်တဆိတ် ခိုးထွက်သွားကြသူတို့ကို (ကောင်းစွာ) သိရှိတော်မူသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် (ရစူလ်တမန်တော် ﷺ ၏ အကြောင်းခံဖြင့် ရောက်ရှိသော အမိန့်တော်) များကို သွေဖည်ငြင်းဆိုကြသူတို့အဖို့ (လောက၌) ဒုက္ခတစ်စုံတစ်ရာ သက်ရောက်မည်ကိုလည်းကောင်း၊ စိုးရိမ်ကြောက်ရွံ့ရန် ထိုက်သည်။ (ထို့အပြင် လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် 'အဇာဗ်' အပြစ်ဒဏ်ကျရောက်ခြင်းလည်း ဖြစ်နိုင်သည်။ ထို့ပြင် ဤသည်ကိုလည်း) သတိပြုကြလေကုန်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်နှင့် ပထဝီမြေ၌ ရှိရှိသမျှသော အရာတို့သည် အလ္လာဟ်အသျှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ (လက်ရှိ) အခြေအနေကိုလည်း သိရှိတော်မူသည်။ ထို့ပြင် ၎င်းတို့အားလုံးသည် ထိုအသျှင်မြတ်၏ ထံတော်သို့ (ရှင်ပြန်ထ၍) ပြန်လည်

ရောက်ရှိရမည့်နေ့ကိုလည်း သိတော်မူသည်။ သို့ဖြစ်ပေရာ (ထိုနေ့တွင်) ထိုအသျှင်မြတ်သည် ၄င်းတို့ ပြုကျင့်ခဲ့ကြသမျှကို ပြသတော်မူပေမည်။ (အသင်တို့၏ လက်ရှိအခြေအနေနှင့် 'ကေယာမသ်' နေ့ဟူသည် မှာလည်း အထူးတလည်ကား မဟုတ်ပေ။) အလ္လာဟ်အသျှင်မြတ်သည် အရာရာကို အကြွင်းမဲ့ သိတော်မူ သော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

နဗီတမန်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းကို အထူးပြု၍လည်းကောင်း၊ လူအများနှင့် သက်ဆိုင်သော ထိုင်ဝိုင်းအတွက်လည်းကောင်း၊ အချို့သော စည်းကမ်းများနှင့် အမိန့်ပညတ်ချက်များ

အထက်ပါအာယသ်တော်တွင် အမိန့်တော်နှစ်ရပ်ကို ပြဋ္ဌာန်းထားသည်။

ပထမအမိန့် - တမန်တော်မြတ် ﷺ သည် လူတို့အား သာသနာရေးရာကိစ္စနှင့် 'ဂျိဟားဒ်' စသော ကိစ္စများအတွက် ခေါ်ယူစုရုံးခြင်း ပြုတော်မူပါလျှင် အားလုံး စုရုံးရောက်ရှိလာကြရမည်မှာ အီမာန်၏ လိုလားချက်ဖြစ်သည်။ တစ်ဖန် ကိုယ်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းမှ ကိုယ်တော်၏ ခွင့်ပြုချက်မရဘဲ ပြန် မသွားရပေ။ လိုအပ်ချက်တစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် ကိုယ်တော်မြတ် ﷺ ထံတွင် ခွင့်ပန်ကြားရ မည်။ ဤနေရာတွင် အထူးတလည် ကိစ္စနှင့် လိုအပ်ချက်မရှိပါက ခွင့်ပြုရန် ကိုယ်တော်မြတ် ﷺ အား လမ်းညွှန်ထားသည်။ ဤအခန်းကဏ္ဍတွင် အီမာန်၏ တောင့်တလိုလားချက်ကို ဆန့်ကျင်၍ အမည်ပျက် သွားခြင်းမှ လွတ်ကင်းရန် ရောက်ရှိလာကြသော်လည်း တစ်စုံတစ်ဦးကို အကာအကွယ်ပြု၍ တိတ်တဆိတ် ထွက်ပြေးကြသော မုနာဖစ်က်များကို ရှုတ်ချထားခြင်း ဖြစ်သည်။

ဤအာယသ်တော်သည် 'အဟ်ဇာဗ်' စစ်ပွဲတွင် ကျရောက်လာခဲ့သည်။ အာရဗ်ရှိ မုရှ်ရစ်က်များ နှင့် အခြားသော အုပ်စုများ ပေါင်းစု၍ အလုံးအရင်းဖြင့် မဒီနာသို့ ချီတက်တိုက်ခိုက်စဉ်က ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် ဆွဟာဗာတို့၏ 'မရှ်ဝရဟ်' အကြံဉာဏ်ဖြင့် ၄င်းတို့၏ ရန်မှုတိုက်ခိုက်ခြင်းမှ ကာကွယ်ရန် ကတုတ်ကျင်းများ တူးခဲ့သည်။ ထို့ကြောင့် ဤစစ်ပွဲကို 'ခန်ဒပ်က်' စစ်ပွဲဟုလည်း ခေါ်ဆို ကြသည်။ ဤစစ်ပွဲသည် ဟီဂျ်ရီ (၅) ခုနှစ် ရှောင်ဝါလ်လတွင် ဖြစ်ခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

ဗိုင်ဟကီနှင့် အိဗ်နေအစ္စဟားက်တို့၏ ဆင့်ပြန်ချက်များတွင် ထိုအချိန်က တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်နှင့် ဆွဟာဗာအားလုံးသည် မြေတူးရာ၌ လုံးပမ်းခဲ့ကြသည်။ သို့ရာတွင် မုနာဖစ်က်တို့သည် ဦးစွာပထမ ရောက်ရှိရန် ပျင်းရိလေးတွဲနေကြသည်။ တစ်ဖန် ရောက်ရှိလာပြီးလျှင်လည်း မပြောပလောက် သော အလုပ်ကို လုပ်၍ ပြသကြသည်။ ထို့နောက် တိတ်တဆိတ် ပျောက်သွားကြတော့သည်။ မုအ်မင်န် တို့မှာမူ ၄င်းတို့နှင့် ခြားနားမှုရှိပြီး မုအ်မင်န်အားလုံးသည် ကြိုးစားပမ်းစားဖြင့် အလုပ်၌ နစ်မွန်းနေကြသည်။

အခက်အခဲတစ်စုံတစ်ရာရှိလျှင် ဖြစ်စေ၊ လိုအပ်ချက်တစ်စုံတစ်ရာ ဖြစ်ပေါ်လျှင်ဖြစ်စေ တမန်တော်မြတ် ﷺ ထံတော်မှ ခွင့်ပန်ကြားလျက် သွားလေ့ရှိကြသည်။ ထိုဖြစ်ရပ်အပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

အမေးအဖြေကဏ္ဍ

အမေး ။ ။ ဤအာယသ်တော်အားဖြင့် ကိုယ်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းမှ ကိုယ်တော်မြတ် ﷺ ၏ ခွင့်ပြုမိန့် မရှိဘဲ ထပြန်သွားခြင်းမှာ 'ဟရာမ်'ဖြစ်သည်ဟု သိရှိရပါသည်။ အမှန်စင်စစ် ဆွဟာဗာ၏ ဖြစ်ရပ်များစွာ တို့၌ ၎င်းတို့သည် တမန်တော်မြတ် ﷺ ၏ ထိုင်ဝိုင်း၌ ရှိနေခဲ့ကြပြီး ၎င်းတို့ သွားလိုသည့်အခါ ခွင့်ပန်ကြား ခြင်းကို အရေးကြီးသည်ဟု မယူဆဘဲ ထွက်ခွာသွားလေ့ ရှိကြသည်ကို တွေ့ရှိရပါသည်။ မည်သို့ပါနည်း။

အဖြေ ။ ။ ဤသည် အများထိုင်ဝိုင်းတို့၏ အမိန့်မဟုတ်ပေ။ ထို့မျှမက တမန်တော်မြတ် ﷺ သည် ၎င်းတို့အား 'ခန်ဒပ်က်'စစ်ပွဲကဲ့သို့ လိုအပ်ချက်ကိစ္စဖြင့် ခေါ်ယူတော်မူခြင်း ဖြစ်သည်။ ထိုသို့ အထူးညွှန်ပြခြင်းကို ကုရ်အာန်၏ အာယသ်တော်ကိုယ်တိုင်၏ **عَلَىٰ أَمْرٍ جَامِعٍ** ဟူသော စာလုံးတွင် ညွှန်းဆိုချက် ရှိပေသည်။

အမေး ။ ။ **أَمْرٍ جَامِعٍ** ၏ အလိုသဘောမှာ မည်သို့ပါနည်း။

အဖြေ ။ ။ ဤနေရာတွင် အဆိုကွဲလွဲမှု များစွာ ရှိသည်။ သို့ရာတွင် အရှင်းဆုံးမှာ **أَمْرٍ جَامِعٍ** ၏ အလိုသဘောမှာ ပမာအားဖြင့် တမန်တော်မြတ် ﷺ သည် 'အဟ်ဇာဗ်'စစ်ပွဲ၌ မြေတူးရန် အလုပ်ကိစ္စဖြင့်လည်းကောင်း အထူးကိစ္စနှင့် လူတို့အား ခေါ်ယူစုရုံးရန် အရေးကြီးသည်ဟု မှတ်ယူသော ကိစ္စမျိုးကို ဆိုလိုသည်။ *[ကုရ်သုဗီကျမ်း၊ မဇှဟ်ရီကျမ်း။]*

အမေး ။ ။ ဤအမိန့်သည် ကိုယ်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းအတွက်သာ အထူးဖြစ်ပါသလား။ သို့မဟုတ် အများထိုင်ဝိုင်းတို့နှင့်လည်း သက်ဆိုင်ပါသလား။

အဖြေ ။ ။ ဖေကာဟ်ပညာရှင်များက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြသည်မှာ ဤအမိန့်သည် သာသနာရေးနှင့် အစ္စလာမ်၏ လိုအပ်ချက်တစ်ရပ်အတွက် ချမှတ်ခဲ့သည့် အမိန့်ဖြစ်သည်။ ဤကဲ့သို့သော လိုအပ်ချက်များသည် ခေတ်ကာလတိုင်းတွင် ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ ၏

ထိုဝိုင်းအတွက်သာ သီးသန့်မဟုတ်ဘဲ မွတ်စ္စလင်မ်တို့၏ အုပ်ချုပ်မှုအာဏာပိုင် ဖြစ်သော အေမာမ်တိုင်း ခေါင်းဆောင်တိုင်း၏ အလားတူ ထိုင်ဝိုင်းများအတွက် ဤသည့်အမိန့်အတိုင်းဖြစ်သည်။ ၎င်းတို့က အားလုံးကို စုရုံးရောက်ရှိရန် ခေါ်ယူပါလျှင် ၎င်းတို့၏ အမိန့်ကို လိုက်နာရန်မှာ 'ဝါဂျိဗ်'နှင့် ၎င်းတို့၏ ခွင့်ပြုချက် မရရှိဘဲ ပြန်သွားခြင်း မပိုင်ပေ။ *[ကုရ်သုဗီကျမ်း၊ မဇှဟ်ရီကျမ်း၊ ဗယာနုလ်ကုရ်အာန်ကျမ်း။]*

ကိုယ်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းအတွက် ဤအမိန့်သည် သာပို၍ လေးနက်ပြီး ဤအမိန့်ကို ဆန့်ကျင်သွေဖည်ခြင်းမှာမူ မုနာဖစ်က်များကဲ့သို့ နဖူးစာဆိုးသူဖြစ်ကြောင်း အထင်အရှားဖြစ်သည်။ ထို့ပြင် အစ္စလာမ့်လူမှုရေးစည်းကမ်းများကို ထောက်ရှု၍လည်း ဤအမိန့်သည် အချင်းချင်း စုစည်းမှုနှင့် ထိုင်ဝိုင်များစွာတို့၌လည်း အနိမ့်ဆုံးအဆင့် 'မွတ်စ်သဟဗ်'နှင့် အကောင်းဆုံးဖြစ်သည်မှာ မလွဲပေ။ အဘယ်ကြောင့် ဆိုသော် မွတ်စ္စလင်မ်တို့သည် ထိုင်ဝိုင်းတစ်ခုတွင် လူထုများနှင့် သက်ဆိုင်သည့် ကိစ္စတစ်ခုကို စဉ်းစားခြင်း၊ တိုင်ပင်နှီးနှောခြင်း (သို့) လက်တွေ့အကောင်အထည်ဖော် ပြုလုပ်ရန်အတွက် စုရုံးကြစဉ် ပြန်သွားရန် ဖြစ်ပေါ်လာသည့်အခါ ထိုင်ဝိုင်းရှိ ဦးစီးနာယကထံမှ ခွင့်ပန်ကြား၍ ပြန်ရမည်ဖြစ်သည်။

ဒုတိယအမိန့် - နောက်ဆုံးအာယသ်တော်တွင်

لَا تَجْعَلُوْا دُعَآءَ الرَّسُوْلِ بَيْنَكُمْ

ဟူ၍ လာရှိထားပေသည်။ ၎င်း၏ သဖ်စီးရ်ဖွင့်ဆိုချက်မှာ ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြခဲ့ပြီး ဖြစ်သည်။ دُعَآءَ الرَّسُوْلِ ၏ အလိုသဘောမှာ တမန်တော်မြတ် ﷺ က လူတို့အား ခေါ်ယူခြင်း ဖြစ်သည်။ ('နဟ်ဝ်'သဒ္ဒါဥပဒေအရ 'ဖာအိလ်' ကတ္တားဘက်သို့ ဆက်နွယ်မှုပြုခြင်းဖြစ်သည်။) အာယသ်တော်၏ အဓိပ္ပာယ်မှာ တမန်တော်မြတ် ﷺ က လူတို့အား ခေါ်ယူပါလျှင် ထိုခေါ်ယူခြင်းကို သာမန်လူများ၏ ခေါ်ယူခြင်းကဲ့သို့ မသွားလိုက မသွားဘဲ နေနိုင်သည်ဟု မယူဆကြလေနှင့်။ ထိုမျှမက ထိုအချိန်၌ပင် လာရောက်ရန် 'ဖွရ်ဇ်' ဖြစ်သွားသည်။ အခွင့်မရှိဘဲ ပြန်သွားခြင်း 'ဟရာမ်' ဖြစ်သွားသည်။ အာယသ်တော်၏ ဆိုလိုခြင်းသဘောသည် ဤသဖ်စီးရ်နှင့် ပို၍ အပ်စပ်မှုရှိသည့်အတွက် မဇ္ဇှဟရီကျမ်းနှင့် ဗယာနုလ်ကုရ်အာန်ကျမ်းတို့တွင် ဤသည်ကိုပင် ရွေးချယ်ထားသည်။ ၎င်း၏ အခြားသဖ်စီးရ်တစ်ခုတွင် ဟဇရသ် အဗ်ဒုလ္လာဟ် ဗင်န်အဗ္ဗားစ် ﷺ သခင်ထံမှ အိဗ်နေကစီးရ်နှင့် ကုရ်သုဗီ စသည်တို့က ဆင့်ပြန်ခဲ့ကြသည်မှာ دُعَآءَ الرَّسُوْلِ ၏ အလိုသဘောမှာ 'လူတို့က တမန်တော်မြတ် ﷺ အား ကိစ္စတစ်ခုအတွက် 'ဟစ်ခေါ်ခြင်း၊ ခေါ်ယူခြင်း' ဟု ဖြစ်သည်။ ('နဟ်ဝ်' သဒ္ဒါဥပဒေအရ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အသင်တို့သည် တမန်တော်မြတ် ﷺ အား လိုအပ်ချက်တစ်စုံတစ်ရာကြောင့် ခေါ်ယူသည်ဖြစ်စေ၊ (သို့) စကားပြောဆိုသည့်အခါ၌ဖြစ်စေ သာမန်လူများကဲ့သို့ ကိုယ်တော်မြတ် ﷺ ၏ အမည်တပ်၍ يَامُحَمَّدُ 'ယာမိုဟမ္မဒ်'

ဟု မခေါ်ဆိုကြလေနှင့်။ ဤသည်မှာ အရိုအသေမဲ့ခြင်း၊ ရိုင်းပျခြင်းများ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့မှုမက လေးစားအပ်သော ဝိသေသဂုဏ်ပုဒ်များဖြင့် يَا رَسُوْلَ اللهِ 'ယာရစူလွလ္လာဟ် ﷺ' (သို့) يَانَبِيَّ اللهِ 'ယာနဗီယလ္လာဟ် ﷺ' စသည်တို့ဖြင့် ခေါ်ဝေါ်ရမည်။ အချုပ်ဆိုရသော် တမန်တော်မြတ် ﷺ အား ရိုသေလေးစားရန်မှာ မွတ်စ္စလင်မ်များအဖို့ 'ဝါဂျိဗ်'ဖြစ်သည်။ ထို့အပြင် ကိုယ်တော်မြတ် ﷺ အား ထိခိုက်စေမည့် အရိုအသေမဲ့ခြင်းမျိုးမှုဖြစ်စေ၊ ကိုယ်တော်အား ဒုက္ခရောက်စေသော အရာများမှုဖြစ်စေ ရှောင်ကြဉ်ရပေမည်။ ဤအမိန့်သည် 'စူရာဟ်ဟုဂျူရားသ်' တွင် အလားတူ အမိန့်များစွာကို ပေးထားသကဲ့သို့ ဖြစ်ပေမည်။ ဥပမာ-

لَا تَجْهَرُوْا لَهٗ بِالْقَوْلِ كَجَهْرِ بَعْضِكُمْ لِبَعْضٍ

ဆိုလိုသည်မှာ ကိုယ်တော်မြတ် ﷺ အား စကားပြောဆိုသည့် အခါ ယဉ်ကျေးမှုစည်းကမ်းများကို ထောက်ထားရမည်။ လူအများသည် အချင်းချင်းတွင် အော်ဟစ်ပြောဆိုသကဲ့သို့ လိုအပ်သည်ထက် ပို၍ အသံကျယ်လောင်စွာ မပြောဆိုရပေ။ ဥပမာ- အောက်ပါအာယသ်တော်တွင်

وَاِنَّ الَّذِيْنَ يُنَادُوْنَكَ مِنْ وَّرَآءِ الْحُجُرَاتِ

'ကိုယ်တော်မြတ် ﷺ သည် အဆောင်တော်၌ ရှိနေသည့်အခါ အပြင်မှ အသံပြု၍ ခေါ်ယူခြင်း မပြုလေနှင့်။ ထို့မှုမက ကိုယ်တော်မြတ် ﷺ အပြင်သို့ ထွက်လာသည်ကိုသာ စောင့်ဆိုင်းကြလေကုန်' ဟူ၍ ထိုအကြောင်းကိုပင် တင်ပြထားသည်။

သတိပြုရန်အချက်

ဤဒုတိယသဖ်စီးရ်တွင် အကြီးအကဲများနှင့် သူတော်စင်များဆိုင်ရာ ရိုသေမှု စည်းကမ်းကိုလည်း သိရှိလာရသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ အကြီးအကဲများနှင့်သူတော်စင်တို့အား ၎င်းတို့၏ အမည် တပ်၍ ခေါ်ဝေါ်ခြင်းသည် အရိုအသေကင်းမဲ့ခြင်း ဖြစ်သည်။ ၎င်းတို့၏ ဝိသေသဂုဏ်ပုဒ်များဖြင့် ခေါ်ဝေါ်ရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဖုရ်ကာန်

အမှားအမှန် ခွဲခြားပေးသော ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

تَبٰرَكَ الَّذِيْ نَزَّلَ الْفُرْقَانَ عَلٰى عَبْدِهٖ لِيَكُوْنَ لِلْعٰلَمِيْنَ نَذِيْرَا ۙ ①

၂၅ : ၁ ။ ။ မိမိ၏ ကျွန် (တမန်တော်မိုဟမ္မဒ်) ၏ အပေါ်သို့ အမှားနှင့် အမှန် ဝေဖန်ပိုင်းခြားအပ်သော (ကျမ်းမြတ် ကုရ်အာန်) ကို ချပေးသနားတော်မူခဲ့သော အသျှင်မြတ်သည် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါ၏။ (ယင်းသို့ ချပေးတော်မူခြင်းမှာ) ထိုကျွန် (တမန်တော်မြတ်မိုဟမ္မဒ်) သည် စကြဝဠာခပ်သိမ်းတို့ကို သတိပေးနှိုးဆော်သူဖြစ်ရန် အလို့ငှာ ချပေးသနားတော်မူခြင်းပင် ဖြစ်ပေသည်။ (တစ်နည်း:) မိမိကျွန်၏ အပေါ်ဝယ် ထိုကျွန်သည် စကြဝဠာခပ်သိမ်းတို့ကို သတိပေး နှိုးဆော်သူဖြစ်ရန်အလို့ငှာ အမှားအမှန် ဝေဖန်ပိုင်းခြားပေးအပ်သော ကျမ်းမြတ် (ကုရ်အာန်) ကို ချပေးသနားတော်မူသော အသျှင်မြတ်သည် ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံတော်မူပေသည်။

الَّذِيْ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَلَمْ يَتَّخِذْ وَلَدًا وَّلَمْ يَكُنْ
لَّهٗ شَرِيْكٌ فِى الْمُلْكِ وَخَلَقَ كُلَّ شَيْءٍ فَقَدَّرَهٗ تَقْدِيْرًا ②

၂၅ : ၂ ။ ။ ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်၏။ မိုးကောင်းကင်များနှင့် ပထဝီမြေကို စိုးမိုးအုပ်ချုပ်မှု အာဏာသည် ထိုအသျှင်မြတ်၌သာ ရှိ၏။ စင်စစ် ထိုအသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း (မိမိ၏) သားအဖြစ် သတ်မှတ်တော်မူခဲ့သည်မဟုတ်ပေ။ ၎င်းပြင် ထိုအသျှင်မြတ်၌ စိုးမိုးအုပ်ချုပ်မှုတွင် တွဲဖက်ဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိချေ။ ၎င်းပြင် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့ပြီးနောက် ယင်းအရာများနှင့် စပ်လျဉ်း၍ (ပမာဏ၊ အတိုင်းအတွာ) အထူးသတ်မှတ်ချက်ကို သတ်မှတ်တော်မူခဲ့လေသည်။

وَاتَّخَذُوْا مِنْ دُوْنِهٖٓ اٰلِهَةً لَّا يَخْلُقُوْنَ شَيْـًٔا وَّهُمْ يُخْلَقُوْنَ
وَلَا يَمْلِكُوْنَ لِاَنْفُسِهِمْ ضَرًّا وَّلَا نَفْعًا وَّلَا يَمْلِكُوْنَ مَوْتًا وَّلَا حَيٰوةً وَّلَا نُشُوْرًا ③

၂၅ : ၃ ။ ။ သို့ရာတွင် ၎င်း (မုရှ်ရစ်က်) တို့သည် ထိုအသျှင်မြတ်အပြင် အခြားအကြင်ကိုးကွယ်ရာများကို ပြုလုပ်ခဲ့ကြကုန်၏။ ယင်းကိုးကွယ်ရာများသည် မည်သည့်တစ်စုံတစ်ရာကိုမျှ မဖန်ဆင်းကြသည့်အပြင် ၎င်းတို့ကိုယ်တိုင်ပင် ဖန်ဆင်း

ခြင်းကို ခံကြရလေသည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့ကိုယ်တိုင်နှင့် ပတ်သက်၍ မည်သည့်အကျိုးယုတ်စေမှုကိုလည်းကောင်း၊ မည်သည့်အကျိုးဖြစ်ထွန်းစေမှုကိုလည်းကောင်း ပိုင်ဆိုင်ကြသည်မဟုတ်ပေ။ ထို့ပြင် (တစ်ဦးတစ်ယောက်အား) အသက်သေဆုံးစေခြင်းကိုလည်းကောင်း၊ (တစ်ဦးတစ်ယောက်အား) အသက်ရှင်စေခြင်းကိုလည်းကောင်း၊ (သေသူအား) ရှင်ပြန်ထစေခြင်းကိုလည်းကောင်း (စသည့် အာဏာများကို) အလျဉ်း ပိုင်ဆိုင်ကြသည်လည်း မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလွန်တရာ ကြီးကျယ်မြတ်ထွတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။ ထိုအသျှင်မြတ်သည် မိမိ၏ အထူးကျေးကျွန်ဖြစ်သော (မိုဟမ္မဒ် ﷺ) အပေါ်တွင် ဤအမှားအမှန် ဝေဖန်ပိုင်းခြားပေးအပ်သော (ကုရ်အာန်) ကျမ်းမြတ်ကို ချပေးတော်မူခဲ့သည်။ ထိုသို့ ချပေးတော်မူခြင်းဖြင့် ထိုကျေးကျွန် (မိုဟမ္မဒ် ﷺ) သည် စကြဝဠာခပ်သိမ်းတို့ကို (အီမာန်သက်ဝင်ယုံကြည်ခြင်း မပြုသည့်အခါ အသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်ဖြင့်) သတိပေးနှိုးဆော်သူ ဖြစ်စေရန်ဖြစ်သည်။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်သည့် အာဏာကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ (မိမိ၏) သားအဖြစ် သတ်မှတ်တော်မူထားသည် မဟုတ်ပေ။ ထိုအသျှင်မြတ် စိုးမိုးအုပ်ချုပ်မှုတွင် တွဲဖက်ဟူ၍လည်း မည်သူတစ်ဦးတစ်ယောက်မျှ မရှိပေ။ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ထိုအရာအားလုံးတို့ကို သီးခြားသီးခြား သတ်မှတ်မှုများ ပြုတော်မူထားသည်။ (အချို့အရာများ၏ အာနိသင်၊ ဂုဏ်သတ္တိသည် ပုံစံတစ်မျိုးဖြစ်ပြီး အချို့တို့၏ ဂုဏ်သတ္တိမှာ အခြားတစ်မျိုးဖြစ်သည်။) ထိုမုရှ်ရစ်ကတ်တို့သည် အလ္လာဟ်အသျှင်မြတ်အပြင် (မည်သည့်နည်းနှင့်မျှ ကိုးကွယ်ရာမဖြစ်ထိုက်သည့် အရာများကို) ကိုးကွယ်ရာများ ပြုလုပ်ခဲ့ကြသည်။

၎င်းတို့မှာ မည်သည့်အရာ၏ ဖန်ဆင်းရှင်မျှလည်း မဟုတ်ကြပေ။ ထို့ပြင် ၎င်းတို့ကိုယ်တိုင်ပင် အဖန်ဆင်းခံများ ဖြစ်ကြပေသည်။ ထို့ပြင် မိမိကိုယ်တိုင်နှင့် ပတ်သက်၍ အကျိုးနစ်နာမှု တစ်စုံတစ်ရာ (အား ဝေးကွာအောင်) ပြုလုပ်နိုင်ခြင်းလည်း မရှိ။ မိမိအတွက် အကျိုးတစ်စုံတစ်ရာ (ကို ရရှိအောင်) ပြုနိုင်ခြင်းလည်း မရှိပေ။ ထို့အပြင် တစ်စုံတစ်ယောက်အား သေစေနိုင်ခြင်းလည်း (သက်ရှိတစ်ဦးဦး၏ အသက်ဝိညာဉ်ကို နှုတ်ယူနိုင်ခြင်းလည်း မရှိ။) တစ်စုံတစ်ယောက်အား အသက်ရှင်စေခြင်းလည်း မပြုနိုင်။ (အသက်ဝိညာဉ် မရှိသော အရာတွင် အသက်ဝိညာဉ် ထည့်ပေးခြင်းလည်း မပြုနိုင်။) တစ်စုံတစ်ယောက်အား ('ကေယာမသ်' နေ့တွင်) ပြန်လည်ရှင်ထစေခြင်းလည်း မပြုနိုင်ပေ။ (အကြင်သူသည် ထိုအရာများအပေါ် တတ်စွမ်းနိုင်ခြင်း မရှိသောအခါ ၎င်းသူသည် မည်သို့မျှ ကိုးကွယ်ရာအသျှင်မြတ် မဖြစ်နိုင်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်၏ ထူးခြားမှုများ

ဤစူရာဟ်တစ်ပုဒ်လုံးသည် အဖွင့်ပညာရှင်အများစုထံတွင် 'မက္ကီ' (မက္ကာဟ်မြို့၌ ကျရောက်သည့် စူရာဟ်) ဖြစ်သည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် ကသာဒဟ်တို့နှစ်ဦးက အာယသ်တော် (၃) ပါးနှင့် စပ်လျဉ်း၍ 'ဤသည် 'မက္ကီ' (မက္ကာဟ်၌ ကျရောက်ခြင်း) မဟုတ်။ 'မဒနီ' (မဒီနာ၌ ကျရောက်ခြင်း) ဖြစ်သည်။ ကျန်ရှိ စူရာဟ်တစ်ပုဒ်လုံးသည် 'မက္ကီ' ဖြစ်သည်'ဟု ဆိုကြသည်။ အချို့ပုဂ္ဂိုလ်များက 'ဤစူရာဟ် သည် 'မဒနီ'ဖြစ်သည်။ ဤစူရာဟ်တွင် အချို့အာယသ်တော်များမှာ 'မက္ကီ'ဖြစ်သည်'ဟုလည်း ဆိုကြသည်။

[ကုရ်သုဗီကျမ်း]

အချုပ်မှာကား ဤစူရာဟ်ပါ အကြောင်းအရာများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှုနှင့် တမန်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'တို့သည် မှန်ကန်ကြောင်းအပြင် အစွပ်စွဲလာမှ်ရန်သူများဘက်မှ ၎င်းအပေါ် မေးမြန်းခဲ့သည့် စောဒကများ၏ ဖြေကြားချက်များ ပါဝင်ပေသည်။

تَبَارَكَ သည် بَرَكَتْ ဟူသော စာလုံးမှ ခွဲထွက်သည့် စာလုံးဖြစ်သည်။ بَرَكَتْ 'ဗရ်ကသ်'၏ အဓိပ္ပာယ်မှာ 'ခပ်သိမ်းကုန်သော ကောင်းခြင်းမင်္ဂလာ မြောက်မြားစွာတို့သည် အလ္လာဟ်အသျှင်မြတ် ဘက်တော်မှ ဖြစ်သည်' ဟူ၏။ فُرْقَانْ 'ဖုရ်ကာန်'သည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဂုဏ်ပုဒ်ဖြစ်သည်။ အဘိဓါန်အဓိပ္ပာယ်မှာ 'ခွဲခြားခြင်း၊ ဝေဖန်ပိုင်းခြားခြင်း'ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၏ ထင်ရှားသော အမိန့်များအားဖြင့် အမှန်နှင့် အမှားကို ခွဲခြားမှု၊ ဝေဖန်ပိုင်းခြားမှုများ ပြသထားသည်။ 'မုအ်ဂျေဇာဟ်'အားဖြင့် တရားလမ်းမှန်ရသူများနှင့် လမ်းမှားသူများတွင် ခွဲခြားမှုများ ပြုလုပ်ပေးသည်။ ထို့ကြောင့် ဤကျမ်းမြတ်ကို فرقان 'ဖုရ်ကာန်'ဟု ခေါ်ဆိုခြင်းဖြစ်သည်။ لِلْعٰلَمِيْنَ 'ဤစာပိုဒ်အား ဖြင့် တမန်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'သည် လောကအပေါင်း၊ ခပ်သိမ်းကုန်သော စကြဝဠာ အတွက်ဖြစ်ကြောင်း အထောက်အထားအဖြစ် သိရှိရသည်။ ရှေးနဗီများနှင့်ကား မတူ ခြားနားပေသည်။ အကြောင်းမှာ ရှေးနဗီတို့၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'သည် မသတ်မှတ်ထားသော သီးသန့်လူမျိုးစုတစ်စု (သို့) သတ်မှတ်ထားသော သီးသန့်နေရာဒေသတစ်ခုအတွက်သာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဆွဟီးဟ် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ သည် မိမိ၏ ထူးခြားသော ထူးမြတ်မှု၊ (၆) ခု တင်ပြမိန့်ကြားထားရာ ယင်းတို့အနက် တစ်မျိုးမှာ ဤကိုယ်တော်မြတ် ﷺ ၏ နဗီ၊ ရစူလ်အဖြစ် စေလွှတ်တော်မူခြင်းခံရမှုသည် လောကအပေါင်းအတွက် ဖြစ်ကြောင်းလည်း ပါဝင်ပေသည်။

فَقَدَّرَهُ تَقْدِيرًا

ဖန်ဆင်းခြင်းအကြောင်း မိန့်ကြားပြီးနောက် ထိုအဖန်ဆင်းခံတို့အား သတ်မှတ်စီမံတော်မူခြင်းအကြောင်းကို တင်ပြ မိန့်ကြားတော်မူထားသည်။ ဖန်ဆင်းခြင်း၏ အဓိပ္ပာယ်မှာမူ နဂိုမူလ အရင်းအမြစ်စသည်များ မရှိသော အရာတစ်ခုကို 'မရှိသောအဖြစ်'မှ 'ရှိသောအဖြစ်'သို့ ရောက်ရှိလာအောင် ပြုလုပ်ဖန်ဆင်းခြင်းပင် ဖြစ်သည်။

ဖန်ဆင်းခံများအနက် အရာတိုင်းတွင် ထူးခြားသော လျှို့ဝှက်ချက်များ ရှိခြင်း

'သဖ္ဖဒီးရ်'၏ အလိုသဘောမှာ 'မည်သည့်အရာကိုပင် ဖန်ဆင်းသည်ဖြစ်စေ၊ ထိုအရာ၏ အစိတ်အပိုင်းများ ပုံပန်းသဏ္ဍာန်များ၊ စူးရှမှုများ၊ အာနိသင်၊ ဂုဏ်သတ္တိများကို ရည်ရွယ်သော အရာနှင့် ကိုက်ညီမှုရှိအောင် အလွန်အမြော်အမြင်ကြီးစွာဖြင့် ဖန်ဆင်းတော်မူခြင်းကို ဆိုလို၏။ မိုးကောင်းကင်၏ ပုံသဏ္ဍာန် ၎င်း၏ အစိတ်အပိုင်းများ၊ ဖွဲ့စည်းပေါင်းစပ်ပုံများနှင့် ၎င်း၏ အနေအထား တို့ကို ၎င်း၏ အလုပ်များအတွက် လျော်ကန်သင့်မြတ်သည့် ပုံသဏ္ဍာန်ဖြင့် အလ္လာဟ်အသျှင်မြတ်က ဖန်ဆင်းထားတော်မူသည်။ ဂြိုဟ်များနှင့် ကြယ်တာရာများကို ဖန်ဆင်းခြင်းတွင် ၎င်းတို့၏ လိုလားမှုနှင့် တည်ရှိ နေမှုတို့အတွက် လျော်ကန်သင့်မြတ်သည့် အရာများကိုလည်း ဖန်ဆင်းထားတော်မူသည်။ ကမ္ဘာမြေကြီးနှင့် ၎င်း၏ ရင်ခွင်ဝမ်းဗိုက်အတွင်းရှိ အဖန်ဆင်းခံဟူသရွေ့တို့အပေါ် ကြည့်လျှင် အရာတိုင်း၏ ထုထည်၊ ပုံပန်းသဏ္ဍာန်၊ နူးညံ့မှု၊ ကြမ်းတမ်းမာကျောမှုတို့သည် ၎င်းတို့အတွက် ဖန်ဆင်းထားသောအရာများအား လျော်ကန်သင့်မြတ်စွာ တန်ခိုးတော်အသျှင်မြတ်က ဖန်ဆင်းထားခြင်းဖြစ်သည်။ မြေကြီးကို ၎င်း၏ အပေါ်၌ တင်ထားသမျှတို့သည် ၎င်း၏အတွင်းသို့ နစ်မြုပ်သွားစေသည့် ရေကဲ့သို့ ပါးလွှာသော အသွင်နှင့်လည်း ဖန်ဆင်းမထားပေ။ တူးဖော်ခြင်းငှာ မပြုနိုင်အောင် ကျောက်ခဲ၊ သံခဲများကဲ့သို့လည်း မာကျောသော အဖြစ်နှင့်လည်း ဖန်ဆင်းတော်မူမထားပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းအား တူးဖော်၍ ရေများထုတ်ယူနိုင်သော လိုအပ်ချက်များလည်း ဆက်နွယ်လျက်ရှိသောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် မြေကြီးအား တူးဖော်၍ အုတ်မြစ်များချပြီး မြင့်မားသော အဆောက်အဦးများလည်း ထိုမြေကြီးပေါ်တွင် ဆောက်လုပ်နိုင်ပေသည်။ ရေကိုမူ စီးတွေသော အဖြစ်နှင့် ဖန်ဆင်းထားပေသည်။ ထိုရေအတွင်းတွင် မရေမတွက်နိုင်လောက်သော လျှို့ဝှက်ချက်များ ရှိသည်။ လေသည်လည်း စီးတွေခြင်းအဖြစ်နှင့် ဖန်ဆင်းခံထားရသည်။ သို့ရာတွင် ရေနှင့် ခြားနားမှု ရှိသည်။ ရေသည် နေရာတိုင်းကို အလိုအလျောက် စီးတွေခြင်းငှာ မပြုနိုင်ပေ။ ရေစီးတွေခြင်းတွင် လူသားအဖို့ အချို့သော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရသည်လည်း ရှိပေသည်။ လေကိုမူ တန်ခိုးတော်အသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်အင်အား၏ ကျေးဇူးတော်ကို ချီးမြှင့်တော်မူထားသည်မှာ ထိုလေသည် မည်သူတစ်ဦးတစ်ယောက်၏ ကြိုးပမ်းလုပ်ဆောင်မှုမျှ မပါဘဲ နေရာတိုင်းသို့ ရောက်ရှိနိုင်ရုံသာမက တစ်စုံတစ်ဦးသည် ထိုလေမှ လွတ်ကင်းလိုပါလျှင် ၎င်းအဖို့ ထိုလေမှ လွတ်ကင်းရန် အလုပ်များစွာကို ပြုလုပ်ရပါသည်။

ဤနေရာတွင် အသျှင်မြတ်၏ အဖန်ဆင်းခံများအကြောင်း တင်ပြရန်မဟုတ်ပါ။ အဖန်ဆင်းခံတိုင်းကို ကြည့်ပါလျှင် ၄င်းတို့အနက် တစ်ခုချင်းစီတွင် တန်ခိုးတော်နှင့် လျှို့ဝှက်ချက် အမြော်အမြင်တို့ကို တွေ့ရှိရမည်ဖြစ်သည်။ အေမာမ်ဂဇာလီ (ရဟ) သည် ဤအကြောင်းနှင့်စပ်လျဉ်း၍

الحكمة فى مخلوقات الله تعالى

ဟူသော အမည်ဖြင့် ကျမ်းပြုစုထားသည်။

ဤအာယသ်တော်များ၏ အစ၌ပင် ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှုနှင့် ဤကျမ်းတော်ချပေးခြင်းခံရသူကို عَبْدِهٖ မိမိ၏ ကျွန်ဟု အမည်တပ်၍ ၄င်း၏ ဂုဏ်သိက္ခာနှင့် ကြီးကျယ်မြင့်မြတ်ခြင်းတို့ကို ထူးခြားစွာ တင်ပြထားသည်။ အကြောင်းမှာ ဖန်ဆင်းတော်မူသော အသျှင်မြတ်က 'ဤသည် ငါအသျှင်မြတ်၏ ကျေးကျွန်ဖြစ်သည်' ဟု မိန့်ကြားတော်မူသည့်အခါ မည်သည့်အဖန်ဆင်းခံသည်မျှ ထိုသူ့ထက်ပိုသော မြတ်ထွတ်မှုကို မရရှိနိုင်သောကြောင့် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالَ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّآ اِفْكُ ِۨافْتَرٰىهُ
وَاَعَانَهٗ عَلَيْهِ قَوْمٌ اٰخَرُوْنَ ۛ فَقَدْ جَآءُوْ ظُلْمًا وَّزُوْرًا ۝٤

၂၅ : ၄ ။ ။ ၄င်းပြင် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့က 'ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် ဤသူ (တမန်တော်မြတ်) လီဆယ်ဖန်တီးထားသော မုသားသက်သက်ပင် ဖြစ်သည်။ ဤကိစ္စ၌ ၄င်းအား အခြားအမျိုးသားများကလည်း ကူညီရိုင်းပင်းခဲ့ကြသည်'ဟု ပြောဆို (စွပ်စွဲ) ကြလေသည်။ (ယင်းသို့ ပြောဆို စွပ်စွဲ၍) ၄င်း (ကာဖိရ်သွေဖည် ငြင်းပယ်သော) သူတို့သည် အကြီးအကျယ် မတရားမှုနှင့် အကြီးအကျယ် မုသားစကားကို ကျူးလွန်ခဲ့ကြလေပြီ။

وَقَالُوْٓا اَسَاطِيْرُ الْاَوَّلِيْنَ اكْتَتَبَهَا فَهِيَ
تُمْلٰى عَلَيْهِ بُكْرَةً وَّاَصِيْلًا ۝٥

၂၅ : ၅ ။ ။ ၄င်းပြင် ထို (ကာဖိရ်သွေဖည်ငြင်းပယ်ကြသော) သူတို့က (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) 'ဤသူ (မိုဟမ္မဒ်) ရေးမှတ်စေခဲ့သည့် ရှေးသူဟောင်းတို့၏ အခြေအမြစ်မရှိသော ပုံပြင်မျှသာ ဖြစ်သည်။ တစ်ဖန် ယင်း (အခြေအမြစ်မရှိသော ပုံပြင်များ) ကို ဤသူ၏ ရှေ့ဝယ် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း ဖတ်ကြရလေသည်' ဟု ပြောဆိုကြကုန်၏။

قُلْ أَنزَلَهُ الَّذِي يَعْلَمُ السِّرَّ فِي السَّمَاوَاتِ وَالْأَرْضِ ۚ إِنَّهُ كَانَ غَفُورًا رَّحِيمًا ⑥

၂၅ : ၆ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၄င်းတို့အား၊ ဤသို့) ပြောဆို (ဖြေကြား) ပါလေ။ (အချင်းတို့) 'ဤ (ကုရ်အာန်ကျမ်းမြတ်) ကို မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော လျှို့ဝှက်ချက်တို့ကို သိရှိတော်မူသည့် အသျှင်မြတ်က ချပေးသနားတော်မူခဲ့ပေသည်။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَقَالُوا مَالِ هَٰذَا الرَّسُولِ يَأْكُلُ الطَّعَامَ وَيَمْشِي فِي الْأَسْوَاقِ ۙ
لَوْلَا أُنزِلَ إِلَيْهِ مَلَكٌ فَيَكُونَ مَعَهُ نَذِيرًا ⑦

၂၅ : ၇ ။ ။ ထို့ပြင် ၄င်း (ကာဖိရ်သွေဖည်ငြင်းပယ်သော) 'ဤရစူလ်တမန်တော်သည် မည်သို့သော ရစူလ်တမန်တော်နည်း။ ၄င်းသည် အစားအစာကို စားသုံးလေသည်။ ၄င်းပြင် ဈေးများတွင် လှည့်ပတ်သွားလေလေသည်။ ၄င်းသူနှင့် အတူတကွ ကူညီသတိပေး နှိုးဆော်ရန်အလို့ငှာ ၄င်း၏ ထံသို့ ကောင်းကင်တမန်တော် တစ်ပါးပါးသည် အဘယ်ကြောင့် စေလွှတ်ခြင်း မခံခဲ့ရလေသနည်း' ဟူ၍ ပြောဆိုကြသေး၏။

أَوْ يُلْقَىٰ إِلَيْهِ كَنزٌ أَوْ تَكُونُ لَهُ جَنَّةٌ يَأْكُلُ مِنْهَا ۚ وَقَالَ الظَّالِمُونَ
إِن تَتَّبِعُونَ إِلَّا رَجُلًا مَّسْحُورًا ⑧

၂၅ : ၈ ။ ။ 'သို့တည်းမဟုတ်။ ၄င်း၏ ထံသို့ ဘဏ္ဍာ၊ ရွှေ ငွေ၊ ရတနာများကို အဘယ်ကြောင့် ချပေးခြင်း မခံရသနည်း။ သို့တည်းမဟုတ် ၄င်းစားသောက်ဖို့ရာ ဥယျာဉ်တစ်ခုသည် အဘယ်ကြောင့် မရှိလေသနည်း။ ထို့ပြင် ၄င်းမတရားသော သူတို့က အသင်တို့သည် စုန်းပြုစားခြင်းခံရသော ယောက်ျားတစ်ဦး၏ နောက်သို့သာ လိုက်နေကြသည်' ဟု ပြောဆိုကြကုန်၏။

انظُرْ كَيْفَ ضَرَبُوا لَكَ الْأَمْثَالَ فَضَلُّوا فَلَا يَسْتَطِيعُونَ سَبِيلًا ⑨

၂၅ : ၉ ။ ။ (အို၊ နဗီတမန်တော်) ၄င်းတို့သည် အသင်နှင့် ပတ်သက်၍ မည်ကဲ့သို့သော ဥပမာပုံဆောင်ချက်များ နှိုင်းနှိုင်းခဲ့ကြသည်ကို အသင် ရှုပါလေ။ ထို့ကြောင့်ပင် ၄င်းတို့သည် လမ်းလွဲခဲ့ကြချေပြီ။ သို့ဖြစ်ပေရာ ၄င်းတို့သည် မည်သည့် လမ်း (မှန်) ကိုမျှပင် တွေ့ရှိနိုင်ကြတော့မည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်းအပြင် ကာဖိရ်တို့က (ကုရ်အာန်နှင့် စပ်လျဉ်း၍) ပြောဆိုကြသည်မှာ ဤ (ကုရ်အာန်) သည် (အခြား) မည်သည့်အရာမျှ မဟုတ်ပေ။ လုပ်ကြံလီဆယ်ထားသော အရာသာဖြစ်သည်။ ဤ (ကုရ်အာန်)

ကို ထိုပုဂ္ဂိုလ် (နဗီတမန်တော်မိုဟမ္မဒ် ﷺ) က လုပ်ကြံထားခြင်း ဖြစ်သည်။ ထို့အပြင် အခြားသူများကလည်း ထို (လုပ်ကြံလီဆယ်ခြင်း) ကိစ္စတွင် ၎င်း (နဗီတမန်တော်) အား ကူညီရိုင်းပင်းခဲ့ကြသည်ဟု ပြောဆိုကြသည်။ (ထိုကူညီရိုင်းပင်းသူများဆိုသည်မှာ မွတ်စ္စလင်မ်ဖြစ်လာခဲ့ကြသည့် 'အဟ်လိကီတားဗ်' ရှေးကျမ်းရ ပုဂ္ဂိုလ်များကို ဆိုလိုသည်။ (သို့) ကိုယ်တော်မြတ်၏ အပါးတော်၌ ဤအတိုင်း ခစားနေသူများကို ဆိုလိုသည်။) သို့ဖြစ်ပေရာ (ဤသို့သော စကားများကို ပြောဆိုခြင်းကြောင့်) ထိုကာဖိရ်တို့သည် အကြီးအကျယ်မတရားမှုနှင့် မုသားဝါဒကို ကျူးလွန်ခဲ့ကြလေသည်။ (၎င်းတို့၏ မတရားမှုနှင့် မုသားဖြစ်ကြောင်း အရှေ့၌ ဖော်ပြပါအံ့။) ထို့ပြင် ဤ (ကာဖိရ်) သူတို့သည် (မိမိတို့၏ ပြောကြားချက်စောဒကများ ခိုင်မာစေရန်) ဤ (ကုရ်အာန်) သည် အခြေအမြစ်မရှိသော စကားများပင် ဖြစ်သည်။ ၎င်းကို ရှေးဟောင်းသူတို့က ဆင့်ပြန်လာခဲ့ကြသည်။ ထိုဆင့်ပြန်ချက်ကို ဤသူ (နဗီတမန်တော်) က (ပြေပြစ်သော စာသားများအဖြစ် စဉ်းစား၍ မိမိ၏ ဆွဟာဗာများ၏ လက်ဖြင့်) ရေးသားစေခဲ့သည်။ (သို့မှသာ စုဆောင်းထိန်းသိမ်းပြီးဖြစ်မည်။)

တစ်ဖန် ထို (အကြောင်းအရာများ) ကိုပင် နံနက်ခင်း၌လည်းကောင်း၊ ညနေခင်း၌လည်းကောင်း ဖတ်ကြားခြင်းပင် ဖြစ်သည်။ (သို့မှသာ မှတ်မိသွားပေမည်။ တစ်ဖန် ထိုကျက်မှတ်ထားသည့် အကြောင်းများကို လူထုရှေ့၌ တင်ပြလျက် အလ္လာဟ်အသျှင်မြတ် ဘက်တော်မှ ဖြစ်သည်ဟု ပြောဆိုလေသည်။ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့ တုန့်ပြန်) ပြောကြားပါလေ။ အဘယ်ကြောင့်ဆိုသော် ဤ (ကုရ်အာန်) ကိုမူ မိုးကောင်းကင်နှင့် ပထဝီမြေ၌ ရှိရှိသမျှသော လျှို့ဝှက်ချက်တို့ကို သိရှိတော်မူသည့် အသျှင်မြတ်က ချပေးတော်မူခဲ့သည်။ (ဤဖြေကြားခြင်း၏ အချုပ်မှာ ဤကျမ်းမြတ်၏ 'မုအ်ဂျိဇာဟ်' သည်ပင် ဤကျမ်း၏ မှန်ကန်ခြင်းအတွက် အထင်ရှားဆုံးသော အထောက်အထား ဖြစ်ပေသည်။ ကာဖိရ်တို့၏ ဤစောဒကများသည် မုသားများ၊ မတရားမှုများနှင့် လွဲမှားမှုများသာ ဖြစ်သည်။ အကြောင်းမှာ အကယ်၍ ကုရ်အာန်သည် ရှေးသူဟောင်းတို့၏ ပုံပြင်များ၊ သို့တည်းမဟုတ် အခြားသူတစ်ဦးတစ်ယောက်၏ အကူအညီဖြင့် ပြုစုထားသည့် ကျမ်းဖြစ်ပါလျှင် တစ်လောကလုံးသည် ဤကျမ်းတော်ကဲ့သို့သော ကျမ်းတစ်ဆူ ပြုလုပ်ပြသရန် အဘယ်ကြောင့် မတတ်စွမ်းနိုင်ကြပါသနည်း။) စင်စစ်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။ (ထို့ကြောင့် ဤကဲ့သို့သော မုသားနှင့် မတရားမှုမျိုးကိုပင် ချက်ချင်း အပြစ်ဒဏ်ခတ်တော်မမူခြင်း ဖြစ်သည်။)

ထို့အပြင် ထိုကာဖိရ်တို့က (တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ ဤသို့) ပြောဆိုကြလေသည်။ 'ဤရစူလ်တမန်တော်သည် မည်သို့သော ရစူလ်တမန်တော်ပါသနည်း။ ၎င်းသည် (ကျွန်ုပ်တို့ကဲ့သို့ပင်) အစားအစာများ (လည်း) စားသုံးပေသည်။ ထို့အပြင် (ဝမ်းကျောင်းရန်အတွက် ကျွန်ုပ်တို့ကဲ့သို့) ဈေးများ၌ လှည့်ပတ်သွားလာသည်။' (ဆိုလိုသည်မှာ ရစူလ်တမန်တော်ဟူသည် လူဖြစ်ရမည့်အစား စားခြင်း၊ သောက်ခြင်း စသော လိုအပ်ချက်များမှ ကင်းရှင်းရပေမည်။ အနိမ့်ဆုံးအနေဖြင့် ရစူလ်သည် ကိုယ်တော်

တိုင် ဖရစ်ရှိသာဟ်မဖြစ်သည့်တိုင် ၎င်းနှင့်အတူ နေသူ၊ အကြံဉာဏ်ပေးသူ ဖရစ်ရှိသာဟ်တစ်ပါးပါး ရှိသင့်ပေသည်။ ထို့ကြောင့် ပြောဆိုကြသည်မှာ) 'ထိုသူ (ရစူလ်) ၏ ထံတွင် ၎င်းနှင့်အတူ နေ၍ (လူတို့အား အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' အပြစ်ဒဏ်မှ) သတိပေး ခြိမ်းခြောက်သည့်သူ ဖရစ်ရှိသာဟ်တစ်ပါးသည် အဘယ်ကြောင့် စေလွှတ်ခြင်းမခံရပါသနည်း။ (အကယ်၍ ဤသည်လည်း မဖြစ်နိုင်ဟု ဆိုပါလျှင် ရစူလ်တမန်တော်အဖို့ အနိမ့်ဆုံးစားသောက်ခြင်း လိုအပ်ချက်များမှ သောကကင်းစေရန်) ၎င်းထံသို့ (အကွယ်မှ) ရွှေ၊ ငွေ စသည်တို့၏ ရတနာသိုက် အဘယ်ကြောင့် ချပေးခြင်း မခံရပါသနည်း။ သို့တည်းမဟုတ် ၎င်းထံတွင် စား (သောက်) နိုင်ရန် ဥယျာဉ်တစ်ခုသည် အဘယ်ကြောင့် မရှိလေသနည်း' ဟု ပြောဆိုကြလေသည်။ ထို့ပြင် ထိုမတရားသောသူတို့က (မွတ်စ္စလင်မ်တို့အား) ၎င်းထံတွင် ဖရစ်ရှိသာဟ်တစ်ပါးပါးဟူ၍လည်း မရှိ၊ ရတနာသိုက်လည်း မရှိ၊ ဥယျာဉ်ခြံမြေတစ်ခုလည်း မရှိသည့်တိုင် ၎င်း၏ဦးနှောက်အာရုံ အားနည်းနေကြောင်းကို သိရှိရသည်။ ထို့ကြောင့်) အသင်တို့သည် စုန်းပြုစားခံရသူ အသိတရားခြွင်းချက်ရှိသူ လူတစ်ဦး၏ နောက်သို့သာ လိုက်နေကြသည်ဟု ပြောဆိုကြလေသည်။ (အို၊ မိုဟမ္မဒ်) ဤသူတို့သည် အသင်နှင့် ပတ်သက်၍ မည်ကဲ့သို့သော ဥပမာခိုင်းနှိုင်းချက်များ ပြုကြသည်ကို အသင်ကြည့်ရှုပါလေ။ ထို့ကြောင့် ၎င်းတို့သည် လမ်းလွဲခဲ့ကြပေပြီ။ သို့ဖြစ်ပေရာ (ထိုသို့ မဟုတ်မမှန် လုပ်ကြံမှုများကြောင့်) ၎င်းတို့သည် (လုံး၀) လမ်းမှားခဲ့ကြလေပြီ။ ၎င်းတို့သည် မည်သည့်လမ်းကိုမျှပင် တွေ့ရှိကြတော့မည် မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ကာဖိရ်နှင့် မုရှ်ရစ်က်တို့သည် ကိုယ်တော်မြတ် ﷺ ၏ 'နဗူ၀သ်'နှင့် ကုရ်အာန်အပေါ် စောဒကများစွာ တက်ခဲ့ကြသည်။ ဤနေရာမှစ၍ ၎င်းတို့၏ စောဒကများနှင့် ပြန်လည်ဖြေကြားခြင်းများ၏ အခန်းကဏ္ဍသည် အတန်ငယ် ဝေးလံသည့် အဆင့်သို့ ရောက်ရှိသွားသည်။

ပထမစောဒက ။ ။ ကုရ်အာန်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးတော်မူခြင်း ခံရသည့် ကျမ်းဂန်မဟုတ်ပေ။ ထိုမျှမက ကိုယ်တော်မြတ် ﷺ သည် လီဆယ်လုပ်ကြံ၍ ဖန်တီးထားခြင်းဖြစ်သည်။ သို့မဟုတ်ပါက ရှေးသူဟောင်းတို့၏ အဖြစ်အပျက်များကို ယဟူးဒ်နှင့် နဆွာရာ စသည်တို့ထံမှ ကြားရသည်တို့ကို မိမိ၏ ဆွဟာဗာများဖြင့် ရေးစေခြင်းသာ ဖြစ်သည်။ အကြောင်းမှာ မိမိကိုယ်တိုင်မှာ အရေး၊ အဖတ်၊ မတတ်သူ 'အွမ္မီ'ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ထိုရေးသားထားပြီးသော ဖြစ်ရပ်များကို နံနက်ခင်းနှင့် ညနေခင်းတို့ပတွင် နားထောင်လေ့ရှိသည်။ သို့မှသာ ကျက်မှတ်ပြီးဖြစ်သွားပေမည်။ တစ်ဖန် လူတို့၏ ရှေ့မှောက်တွင် သွားရောက်၍ 'ဤသည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်မြတ်ဖြစ်သည်'ဟု ပြောဆိုခြင်းသာ ဖြစ်သည်' ဟု စောဒကစကားများ ပြောဆိုကြသည်။

ထိုစောဒကကို ကုရ်အာန်ကျမ်းတော်မြတ်က

قُلْ اَنْزَلَهُ الَّذِىْ يَعْلَمُ السِّرَّ فِى السَّمٰوٰتِ وَ الْاَرْضِ

ဟူ၍ တုန့်ပြန်ဖြေကြားထားသည်။ ထိုဖြေကြားချက်၏ ဆိုလိုရင်းမှာ 'ဤကျမ်းတော်မြတ်ကိုယ်တော်တိုင်က မိမိအား ပို့ချပေးတော်မူသော အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီအတွင်းရှိ လျှို့ဝှက်ချက်ဟူသရွေ့ကို သိရှိတော်မူသော အသျှင်ဖြစ်ကြောင်း သက်သေထွက်ဆိုနေပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကို 'မုအ်ဂျေဇာဟ်'၏ ကျမ်းဂန်အဖြစ် ပြုလုပ်တော်မူပြီး တစ်လောကလုံးအား စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'အကယ်၍ ဤကျမ်းမြတ်အား အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်အဖြစ် လက်ခံယုံကြည်မှုမရှိဘဲ လူတစ်ဦးတစ်ယောက်က ပြုစုထားသည့် ကျမ်းဟု မှတ်ယူပါလျှင် အသင်တို့လည်း လူသားများပင် ဖြစ်ပါသည်။ ဤကျမ်းကဲ့သို့ မဟုတ်သည့်တိုင် စူရာဟ်တစ်ပုဒ်၊ သို့မဟုတ် အာယသ်တော်တစ်ပါးမျှ ရေးသားသီကုံး၍ ပြသကြပါကုန်'ဟု ဖြစ်သည်။ ဤသို့ စိန်ခေါ်မှုအပေါ် တုန့်ပြန်ရန်မှာ အာရဗ်ရှိ စာပေပညာရှင်များအဖို့ ခက်ခဲမှုတစ်စုံတစ်ရာ မရှိပေ။ သို့ရာတွင် ၎င်းတို့သည် ထို စိန်ခေါ်ခြင်းမှ လွတ်ရာသို့ တိမ်းရှောင်ကြလေတော့သည်။ ကုရ်အာန်၏ အာယသ်တော်တစ်ပါးနှင့် ယှဉ်၍ ယင်းအာယသ်တော်ကဲ့သို့ အခြားအာယသ်တော်တစ်ပါး ရေးသားနိုင်ရန် မည်သူ့တွင်မှ အစွမ်းအစမရှိကြပေ။ စင်စစ် တမန်တော်မြတ် ﷺ ၏ ဆန့်ကျင်ရေးတွင် မိမိတို့၏ ဥစ္စာပစ္စည်းများသာမက မိမိ၏ သားသမီးများနှင့် မိမိတို့၏ အသက်ကိုပင် သုံးစွဲရန် အသင့်ရှိသူများအဖို့ ကုရ်အာန်ကဲ့သို့သော စူရာဟ်တစ်ပုဒ်မျှပင် ရေးသားတင်ပြနိုင်စွမ်း မရှိကြတော့ပေ။ ဤအထောက်အထားမှာ 'ဤကျမ်းတော်သည် လူသားတစ်ဦး၏ ကျမ်းမဟုတ်ကြောင်း ထင်ရှားသော အထောက်အထားပင် ဖြစ်သည်။ ထိုသို့ မဟုတ်ပါက အခြားသူများသည်လည်း ဤကျမ်းကဲ့သို့သော ကျမ်းများ ရေးသားနိုင်ကြပေမည်။ ဤကျမ်းသည် အရာရာကို အကြွင်းမဲ့ သိရှိတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်သာ ဖြစ်ပေသည်။ စကားအသုံးအနှုန်းကြွယ်ဝခြင်းနှင့် စကားလုံးများ ရှုပ်ထွေးခက်ခဲမှုမရှိ ပြေပြစ်ခြင်းတို့အပြင် အဓိပ္ပာယ်နှင့် အကြောင်းအရာတို့မှာလည်း အတွင်းပိုင်း၊ အပြင်ပိုင်း၏ လျှို့ဝှက်ချက်ဟူသရွေ့ကို သိရှိတော်မူသော အသျှင်မြတ်၏ ဘက်တော်မှသာဖြစ်ကြောင်း အသိပညာများအပေါ် ခြုံငုံ၍ ပါဝင်သော ကျမ်းဖြစ်သည်။

ဒုတိယစောဒက ။ ။ အကယ်၍ ဤသူသည် ရစူလ်တမန်တော်မြတ် ဖြစ်သည်ဆိုလျှင် လူသားများကဲ့သို့ စားသောက်ခြင်းပြုမည်မဟုတ်ဘဲ ဖရစ်ရှ်သာဟ်များကဲ့သို့ စားသောက်ခြင်းများမှ ကင်းရှင်းပေလိမ့်မည်။ အကယ်၍ ဤသို့တည်းမဟုတ်ပါလျှင် အနိမ့်ဆုံး ၎င်း၏ထံတွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ၎င်းအဖို့ စားသောက်ခြင်းအတွက် အပူအပင် မရှိရန် ရတနာသိုက် (သို့) ဥယျာဉ်ခြံများ ရှိရပေမည်။ ဈေးများသို့ သွားလာ လှည့်လည်ခြင်းလည်း မပြုရတော့ပေ။ ထို့ပြင် ၎င်းသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ

စေလွှတ်တော်မူသော ရစူလ်တမန်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့ မည်သို့ ယုံကြည်လက်ခံရမည်နည်း။ ၎င်းသည် ဖရစ်ရှိသာဟ်လည်း မဟုတ်၊ ၎င်းအနီးတွင် ၎င်း၏ စကားများကို ထောက်ခံမှုပြုပေးမည့် ဖရစ်ရှိသာဟ် တစ်ပါးပါးလည်း မရှိပေ။ ထို့ကြောင့် ၎င်းအပေါ် တစ်စုံတစ်ဦးက စုန်းပြုစားထားခြင်းကြောင့် ၎င်း၏ ဦးနှောက်ပျက်စီးသွားသည်။ ထို့ကြောင့် ၎င်းသည် ရှေ့နောက်မညီသည့် စကားများကို ပြောဆိုနေကြောင်း သိရှိနိုင်ပါသည်။ ထိုစောဒကအပေါ် အကျဉ်းချုံးသည့် တုန့်ပြန်ဖြေကြားချက်မှာ-

اُنْظُرْ كَيْفَ ضَرَبُوْا لَكَ الْاَمْثَالَ فَضَلُّوْا فَلَا يَسْتَطِيْعُوْنَ سَبِيْلًا

ဟူသော အာယသ်တော်ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အသင်နှင့် စပ်လျဉ်း၍ မည်သို့သော ပမာနိုင်းနှိုင်းချက်များပြု၍ ပြောဆိုကြသည်ကို အသင် ကြည့်ရှုပါလေ။ ထို့ကြောင့် ၎င်းတို့အားလုံးသည် လမ်းလွဲသူများ ဖြစ်သွားကြပေပြီ။ ယခုမူ ၎င်းတို့အဖို့ မည်သည့်နည်းနှင့်မှ လမ်းမှန်ကို ရရှိကြတော့မည်မဟုတ်ပေ'ဟု ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

تَبٰرَكَ الَّذِيْٓ اِنْ شَآءَ جَعَلَ لَكَ خَيْرًا مِّنْ ذٰلِكَ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۙ وَيَجْعَلْ لَّكَ قُصُوْرًا ⑩

၂၅ း ၁၀ ။ ။ အကြင်အသျှင်မြတ်သည် ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံတော်မူပေသည်။ အကယ်၍ ထိုအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင့်အား (ထိုသူတို့၏ ဥယျာဉ်) တို့ထက်ပင်၊ ပို၍ ကောင်းမွန်သော အကြင်ဥယျာဉ်များကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထိုဥယျာဉ်များ၏ အောက်မှ ချောင်းများသည် စီးတွေလျက် ရှိချေမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင့်အား ကြီးကျယ်ခမ်းနားလှစွာသော အဆောက်အဦးများကိုလည်း ချီးမြှင့်ပေးသနားတော်မူပေမည်။

بَلْ كَذَّبُوْا بِالسَّاعَةِ ۟ وَاَعْتَدْنَا لِمَنْ كَذَّبَ بِالسَّاعَةِ سَعِيْرًا ⑪

၂၅ း ၁၁ ။ ။ ထိုသို့ အလျဉ်းမဟုတ်ပေ။ စင်စစ်မှာ ၎င်းတို့သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်၏။ စင်စစ် ငါအသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြသော သူ၏အဖို့ မီးတောက်မီးလျှံကို အဆင်သင့် ပြုလုပ်၍ ထားတော်မူပြီး ဖြစ်သည်။

اِذَا رَاَتْهُمْ مِّنْ مَّكَانٍۭ بَعِيْدٍ سَمِعُوْا لَهَا تَغَيُّظًا وَّزَفِيْرًا ⑫

၂၅ း ၁၂ ။ ။ ယင်းမီးတောက်မီးလျှံသည် ထိုသူတို့အား အဝေးမှ မြင်လေသောအခါ ထိုသူတို့သည် ယင်း (မီးတောက်မီးလျှံ) ၏ ဆူညံခြင်း၊ အမျက်ဒေါသထွက်ခြင်းနှင့် မြည်ဟိန်းခြင်းကို ကြားကြရပေမည်။

وَإِذَآ أُلْقُوا۟ مِنْهَا مَكَانًا ضَيِّقًا مُّقَرَّنِينَ دَعَوْا۟ هُنَالِكَ ثُبُورًا ﴿١٣﴾

၂၅ : ၁၃ ။ ။ ထို့ပြင် ၎င်းတို့သည် ယင်းငရဲဘုံ၌ ကျဉ်းမြောင်းသော နေရာတစ်ခုခုတွင် (သံကြိုးများဖြင့်) ခြေလက်တုတ်နှောင်လျက် ပစ်ချခြင်း ခံကြရသောအခါ၊ ၎င်းတို့သည် ထိုနေရာ၌ ပျက်စီးခြင်း (သေခြင်းတရား) ကို ဟစ်ခေါ်ကြပေမည်။

لَّا تَدْعُوا۟ ٱلْيَوْمَ ثُبُورًا وَٰحِدًا وَٱدْعُوا۟ ثُبُورًا كَثِيرًا ﴿١٤﴾

၂၅ : ၁၄ ။ ။ (ထိုအခါ ၎င်းတို့သည် ဤသို့ ပြောကြားခြင်းကို ခံကြရပေမည်။) အသင်တို့သည် ယနေ့ တစ်ခုတည်းသော ပျက်စီးခြင်း (သေခြင်းတရား) ကို ဟစ်ခေါ်ခြင်း မပြုကြကုန်လင့်။ မြောက်မြားစွာသော ပျက်စီးခြင်း (သေခြင်းတရား) များကို ဟစ်ခေါ်တသကြလေကုန်။

قُلْ أَذَٰلِكَ خَيْرٌ أَمْ جَنَّةُ ٱلْخُلْدِ ٱلَّتِى وُعِدَ
ٱلْمُتَّقُونَ ۚ كَانَتْ لَهُمْ جَزَآءً وَمَصِيرًا ﴿١٥﴾

၂၅ : ၁၅ ။ ။ (အို့၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ဤ (ဒုက္ခ) သည် ကောင်းလေသလော။ သို့တည်းမဟုတ် 'မွတ်သက္ကီ' သူတော်ကောင်းများအား ကတိပေးခြင်း ခံကြရသော အမြဲထာဝစဉ် နေထိုင်စံမြန်းကြရမည့် 'ဂျန္နသ်' သုခဘုံသည် ကောင်းမြတ်လေသလော။ ယင်း ('ဂျန္နသ်' သုခဘုံ) သည် ထို 'မွတ်သက္ကီ' သူတော်ကောင်းတို့အဖို့ ကုသိုလ်အကျိုးလည်း ဖြစ်သည်။ နောက်ဆုံးပြန်လည်ရာ ဌာနလည်း ဖြစ်ပေသည်။

لَّهُمْ فِيهَا مَا يَشَآءُونَ خَٰلِدِينَ ۚ كَانَ عَلَىٰ رَبِّكَ وَعْدًا مَّسْـُٔولًا ﴿١٦﴾

၂၅ : ၁၆ ။ ။ ၎င်းတို့သည် ယင်း ('ဂျန္နသ်' သုခဘုံ) တွင် မိမိတို့ အလိုရှိကြသည်များကို ရရှိကြပေမည်။ ၎င်းတို့သည် ယင်း ('ဂျန္နသ်' သုခဘုံ) ၌ အမြဲထာဝစဉ် နေထိုင်စံမြန်းသူများ ဖြစ်ကြပေမည်။ (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်၌ (ကျေးဇူးတော်အလျောက်) ပေးဆပ်ရမည့် ကတိသစ္စာတော်ပင် ဖြစ်ပေသည်။

وَيَوْمَ يَحْشُرُهُمْ
وَمَا يَعْبُدُونَ مِن دُونِ ٱللَّهِ فَيَقُولُ ءَأَنتُمْ أَضْلَلْتُمْ
عِبَادِى هَٰٓؤُلَآءِ أَمْ هُمْ ضَلُّوا۟ ٱلسَّبِيلَ ﴿١٧﴾

၂၅ : ၁၇ ။ ။ ၎င်းပြင် အကြင်နေ့တွင် ထိုအသျှင်မြတ်သည် ထိုသူ (ကာဖိရ်) တို့အားလည်းကောင်း၊ ထိုသူ (ကာဖိရ်) တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ၎င်းတို့ကိုးကွယ်လျက် ရှိကြသော ကိုးကွယ်ရာတို့ကိုလည်းကောင်း စုရုံးတော်မူပြီးလျှင် 'အသင်တို့သည်ပင် ငါအသျှင်မြတ်၏ ဤကျွန်များကို လမ်းလွဲစေခဲ့ကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင်ပင် လမ်းလွဲခဲ့ကြလေသလော' ဟု မေးမြန်းတော်မူပေမည်။

قَالُوا سُبْحَانَكَ
مَا كَانَ يَنبَغِي لَنَا أَن نَّتَّخِذَ مِن دُونِكَ مِنْ أَوْلِيَاءَ وَ
لَٰكِن مَّتَّعْتَهُمْ وَآبَاءَهُمْ حَتَّىٰ نَسُوا الذِّكْرَ وَكَانُوا قَوْمًا بُورًا ﴿١٨﴾

၂၅ : ၁၈ ။ ။ (ထိုအခါ) ၎င်းတို့သည် (ဤသို့) ပြောဆိုလျှောက်ထားကြပေမည်။ '(အို၊ အသျှင်မြတ်) အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အပြင် အခြားကာကွယ်စောင့်ရှောက်မည့် အဆွေခင်ပွန်းများ မပြုလုပ်ထိုက်ကြပါ။ သို့ရာတွင် အသျှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ချမ်းသာကြွယ်ဝစေတော်မူခဲ့ပါသည်။ နောက်ဆုံးတွင် ၎င်းတို့သည် (ထိုအသျှင်မြတ်အား) သတိရခြင်းကိုပင် မေ့လျော့ကြပြီးလျှင် ၎င်းတို့ကိုယ်တိုင်ပင် ပျက်စီးသွားခဲ့ကြပါသည်။'

فَقَدْ كَذَّبُوكُم بِمَا تَقُولُونَ فَمَا تَسْتَطِيعُونَ صَرْفًا
وَلَا نَصْرًا ۚ وَمَن يَظْلِم مِّنكُمْ نُذِقْهُ عَذَابًا كَبِيرًا ﴿١٩﴾

၂၅ : ၁၉ ။ ။ ထိုသို့အားဖြင့် ၎င်း (အကိုးအကွယ်ခံ) တို့သည် ယင်း (ကိုးကွယ်) သူတို့အား၊ 'အသင်တို့ ပြောဆိုကြကုန်သော စကားနှင့် စပ်လျဉ်း၍ မဟုတ်မမှန်ဟူ၍ ကန့်ကွက်ငြင်းပယ်ကြပေမည်။ သို့ဖြစ်ပေရာ အသင်တို့သည် မည်သို့မျှ (ပြစ်ဒဏ်ကို) ရှောင်လွှဲနိုင်ကြမည် မဟုတ်ပေ။ မည်သည့်အကူအညီကိုမျှ ရရှိနိုင်ကြမည်လည်းမဟုတ်ပေ။ စင်စစ် အသင်တို့အနက် မည်သူမဆို မတရားပြုကျင့်သည်ရှိသော် ငါအသျှင်မြတ်သည် ထိုသူ့အား ကြီးလေးသော ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူပေမည်။

وَمَا أَرْسَلْنَا قَبْلَكَ مِنَ الْمُرْسَلِينَ إِلَّا إِنَّهُمْ لَيَأْكُلُونَ
الطَّعَامَ وَيَمْشُونَ فِي الْأَسْوَاقِ ۗ وَجَعَلْنَا بَعْضَكُمْ
لِبَعْضٍ فِتْنَةً أَتَصْبِرُونَ ۗ وَكَانَ رَبُّكَ بَصِيرًا ﴿٢٠﴾

၂၅ : ၂၀ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) 'အသင့်အလျင် ငါအသျှင်မြတ် စေလွှတ်တော်မူခဲ့သော ရစူလ်တမန်တော်အပေါင်းတို့သည်လည်း ဧကန်မလွဲ အစားအစာကို မှီဝဲစားသုံးကြလေသည်။ ထို့ပြင် ၎င်းတို့သည် ဈေးများတွင်လည်း လှည့်ပတ်သွားလာကြလေသည်။ စင်စစ်မှာမူ ငါအသျှင်မြတ်သည် အသင်တို့အနက် တစ်ဦးကိုတစ်ဦး၏အဖို့ စမ်းသပ်ရန်အကြောင်း ပြုလုပ်တော်မူခဲ့ပေသည်။ (ယခုသော်) အသင်တို့သည် သည်းခံခြင်းတရား ရှိကြမည်လော။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာ ရှုမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကောင်းချီးမင်္ဂလာတော်များနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်က အကယ်၍ အလိုရှိတော်မူပါလျှင် အသင့်အား (ကာဖိရ်များ ပြောဆိုသည်တို့ထက်ပင်) ပို၍ ကောင်းမွန်သည့် မြောက်မြားစွာသော

ဥယျာဉ်များကို ပေးသနားတော်မူပေမည်။ ထိုဥယျာဉ်များ၏ အောက်တွင် ချောင်းများသည် စီးတွေလျက် ရှိပေမည်။ (ပို၍ ကောင်းသည်ဟူ၍ ပြောဆိုရခြင်းအကြောင်းမှာ ထိုသူများသည် ဥယျာဉ်တစ်ခုတည်း ဟူသာ ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် ဥယျာဉ်များဆိုသည်မှာ ဥယျာဉ်တစ်ခုတည်းထက် ပို၍ ကောင်း သည်ဆိုသည်မှာ အထင်အရှားဖြစ်သည်။) ထို့အပြင် (ထိုမျှသာမကသေးဘဲ ဥယျာဉ်များနှင့် ထပ်မံ၍ လည်း လျော်ကန်သင့်မြတ်သည့် အရာများလည်း ပေးသနားတော်မူထားသည်။ ထိုအရာများနှင့် စပ်လျဉ်း ၍ ထိုကာဖိရ်များက ပြောဆိုခြင်းပင် မရှိခဲ့ပေ။ ဆိုလိုသည်မှာ) အသင့်အား ခမ်းနားထည်ဝါသော အဆောက် အဦးများစွာကိုလည်း ချီးမြှင့်တော်မူနိုင်ပေသည်။ (ထိုအဆောက်အဦးများသည် ဥယျာဉ်များတွင်ဖြစ်စေ၊ သို့မဟုတ် အပြင်ဘက်၌ဖြစ်စေ၊ ဆောက်လုပ်သည်လည်း ဖြစ်နိုင်သည်။

ထိုအချက်အားဖြင့် ၎င်းတို့၏ ပြောဆိုချက်များထက် ပို၍ များပြားသော ကျေးဇူးတော်များဖြင့် ပြည့်စုံပေသည်။ ဆိုလိုသည့်သဘောမှာ ဤသည် 'ဂျန္နသ်'တွင် ရရှိပေလိမ့်မည်။ အကယ်၍ အလ္လာဟ်အသျှင် မြတ် အလိုတော်ရှိပါလျှင် အသင့်အား လောက၌ပင် ပေးသနားတော်မူလိမ့်မည်။ သို့ရာတွင် အချို့သော အမြော်အမြင် လျှို့ဝှက်ချက်များကြောင့် အလိုတော် မတူခြင်းပင် ဖြစ်သည်။ ကာဖိရ်တို့၏ ထိုဖော်ပြပါ သံသယများ ဖြစ်ပေါ်ရခြင်း၏ အကြောင်းမှာ ၎င်းတို့သည် အမှန်တရားကို ရှာဖွေခြင်း၊ လိုလားခြင်းနှင့် သောကဖြစ်ရခြင်းတို့ကြောင့် မဟုတ်ပေ။ ထိုကာလအတွင်း ဆန်းစစ်လေ့လာခြင်း မပြုမီ၊ ထိုမျှမက စောဒက တက်ရခြင်းများ၊ ဆိုးသွမ်းမိုက်မဲခြင်းနှင့် အမှန်တရားကို လိုလားခြင်းမှ သောကမရှိခြင်းတို့ကြောင့် ဖြစ်သည်။ ထို့နောက် သောကမရှိခြင်းနှင့် ဆိုးသွမ်းမိုက်မဲခြင်း၏ အကြောင်းခံမှာ) ၎င်းတို့သည် 'ကေယာမသ်'နေ့ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြလေသည်။ (ထို့ကြောင့် နောက်နောင်အတွက် သောကမရှိကြခြင်းဖြစ်သည်။ စိတ်၌ လာသည့်အတိုင်း ပြုလုပ်ကြ၊ ပြောဆိုကြခြင်းဖြစ်သည်။) ထို့နောက် ငါအသျှင်မြတ်သည် 'ကေယာမသ်' နေ့ကို မဟုတ်မမှန်ဟု ငြင်းပယ်သော ဤကဲ့သို့သောသူ၏ (အပြစ်ဒဏ်) အတွက် 'ဂျဟန္နမ်' အပယ်ငရဲဘုံကို အသင့်ပြုလုပ်ထားတော်မူပြီး ဖြစ်ပေသည်။ (အဘယ်ကြောင့်ဆိုသော် 'ကေယာမသ်'နေ့ကို ငြင်းပယ်ခြင်းဖြင့် အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်ကို ငြင်းပယ်ခြင်းဖြစ်သည်။ ဤသည်ပင် 'ဂျဟန္နမ်'ငရဲဘုံ သို့ လားရမည့်အကြောင်းခံ ဖြစ်ပေသည်။ ထို့ပြင် ထိုငရဲ၏ အဖြစ်မှာ ထိုငရဲ (မီးတောက်မီးလျှံ) သည် ၎င်းတို့အား အဝေးမှပင် မြင်လေသောအခါ (တွေ့မြင်သည်နှင့် အမျက်ချောင်းချောင်းထွက်၍ ဆူပွက်သွား မည်မှာ) ထိုကာဖိရ်တို့သည် (အဝေးမှပင်) ထို 'ဂျဟန္နမ်'ငရဲ၏ အမျက်ချောင်းချောင်းထွက်ခြင်းနှင့် ဆူညံ မြည်ဟီးခြင်းတို့ကို ကြားကြရပေမည်။ ထို့နောက် (တစ်ဖန်) ၎င်းတို့သည် ထို (ဂျဟန္နမ်) ငရဲ၏ ကျဉ်းမြောင်း သော နေရာသို့ ခြေလက်များ တုပ်နှောင်၍ ပစ်ချခြင်းခံရသောအခါ ၎င်းတို့သည် ထိုနေရာတွင် သေခြင်း တရားကိုသာ ဟစ်ခေါ်နေကြပေမည်။

(ဒုက္ခရောက်ပြီဆိုလျှင် သေခြင်းတရားကို ဟစ်ခေါ်တမ်းတကြသကဲ့သို့ ဖြစ်သည်။ ထိုအချိန်တွင် ၎င်းတို့အား ပြောဆိုသည်မှာ) အသင်တို့သည် ယနေ့ တစ်ခုတည်းသော သေခြင်းတရားကိုသာ ဟစ်ခေါ် ခြင်း မပြုကြလေနှင့်။ မြောက်မြားစွာသော သေခြင်းတရားများကို ဟစ်ခေါ်ကြလေကုန်။ (အဘယ်ကြောင့် ဆိုသော် သေခြင်းတရားအား ဟစ်ခေါ်ရခြင်းမှာ ဒုက္ခခံစားရသောကြောင့် ဖြစ်သည်။ ထို့ပြင် အသင်တို့၏

ဒုက္ခသည် အဆုံးမရှိသော ဒုက္ခဖြစ်သည်။ ဒုက္ခတိုင်း၏ တောင်းဆိုမှုသည် သေခြင်းတရားကို ဟစ်ခေါ်ခြင်းပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ဟစ်ခေါ်ခြင်းသည်လည်း များစွာသော သေခြင်းတရားများဟု ခေါ်ဆိုခြင်းဖြစ်သည်။) အသင်သည် (၄င်းတို့အား ဤဒုက္ခများအကြောင်းကို ကြားနာစေလျက်) ဤ (ဒုက္ခ၏) အခြေအနေသည် ကောင်းမွန်ပါသလော။ (ဤသည် အသင်တို့၏ 'ကုဖွရ်'ငြင်းပယ်ခြင်းတို့၏ တောင်းဆိုမှုပင် ဖြစ်သည်။) သို့တည်းမဟုတ် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည့်သူ (အီမာန်ရှင်) ထိုကတိပေးထားခြင်းခံရသော ထာဝရစံမြန်းရမည့် 'ဂျန္နသ်'သည် ကောင်းမြတ်ပါသလောဟု ပြောကြားပါလေ။ ထို 'ဂျန္နသ်'သုခဘုံသည် ၄င်းတို့အဖို့ (၄င်းတို့၏ အမိန့်နာခံမှု၏) အစား ဖြစ်သည်။ ထို့ပြင် ၄င်းတို့၏ (နောက်ဆုံး) ပြန်လည်ရာစခန်းလည်း ဖြစ်သည်။ ၄င်းတို့သည် ထို 'ဂျန္နသ်'ဥယျာဉ်တွင် အမြဲထာဝရ နေထိုင်စံမြန်းကြရပေမည်။ (အို၊ နဗီတမန်တော်) ဤသည် (ပေးကမ်းချီးမြှင့်သည့် ကျေးဇူးတော်အဖြစ်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အတွက် ဖြည့်ဆည်းပေးရမည့် ကတိတော်နှင့် တောင်းခံအပ်သော အရာဖြစ်ပေသည်။ ('ဂျန္နသွလ်ခွလ်ဒ်' ထာဝရနေထိုင်စံမြန်းရမည့် 'ဂျန္နသ်'သည်သာ အကောင်းဆုံးဖြစ်ကြောင်း ပေါ်လွင်ပေသည်။ သို့ဖြစ်ပေရာ ခြိမ်းခြောက်သတိပေးခြင်းများပြုပြီးနောက် အီမာန်သက်ဝင်ယုံကြည်ရန် နှိုးဆော်ခြင်းများကို တင်ပြထားသည်။)

ထို့နောက် (ထိုနေ့နှင့် စပ်လျဉ်း၍ ၄င်းတို့အား သတိရစေသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ထို (ကာဖိရ်သွေဖည်) သူတို့ကိုလည်းကောင်း၊ ၄င်းတို့က အလ္လာဟ်အသျှင်မြတ်အပြင် ကိုးကွယ်ကြသည့် အရာများကိုလည်းကောင်း၊ ရုပ်တုဖြစ်စေ၊ သို့မဟုတ် ဖရစ်ရှ်သာဟ်များဖြစ်စေ ၄င်းတို့က မိမိတို့၏ လုပ်ပိုင်ခွင့်ဖြင့် မည်သူ့ကိုမျှ လမ်းမှားအောင် ပြုလုပ်ခြင်း မရှိခဲ့ကြသူများ ဖြစ်သည်။) စုရုံးခေါ်ယူတော်မူမည့်နေ့တွင် (ထိုကိုးကွယ်ရာများကို ၄င်းတို့အား ကိုးကွယ်သူများ၏ ဂုဏ်သေးသိမ်စေရန်) 'အသင်တို့သည် ငါအသျှင်မြတ်၏ ဤကျေးကျွန်တို့ကို (လမ်းမှန်ခြင်းတရားပေါ်မှ) လမ်းမှားစေခဲ့ကြပါသလော။ သို့တည်းမဟုတ် ၄င်းတို့ (ကိုယ်တိုင်သည်ပင်) သည် လမ်း (မှန်) မှ လမ်းမှားခြင်း ဖြစ်ကြပါသလော'ဟု မေးမြန်းမိန့်ကြားတော်မူပေမည်။ ဆိုလိုသည်မှာ '၄င်းတို့သည် အသင်တို့အား ခဝပ်မှုပြုကြသည်မှာ အသင်တို့၏ အမိန့်နှင့် သဘောတူခြင်းများကြောင့် ဖြစ်ပါသလော။' ဥပမာ- ဤကိုးကွယ်ရာများက 'ကျွန်ုပ်တို့ ခဝပ်ကိုးကွယ်ခြင်းကို ကျေနပ်ပျော်ရွှင်ကြသည်။ ထိုသို့ ကျေနပ် ပျော်ရွှင်ပြီး အလ္လာဟ်အသျှင်မြတ်ထံတော်၌ 'ရှဖာအသ်'ပြုပေးကြလိမ့်မည်ဟု ယူဆကြခြင်း၊ သို့မဟုတ် မိမိတို့၏ မှားယွင်းသော အယူအဆများဖြင့် အသစ်အဆန်း အတွေးအခေါ်များ တီထွင်ခဲ့ခြင်း ဖြစ်ပါသလော။)'

ထို (ကိုးကွယ်ရာ) များက လျှောက်ထားကြမည်မှာ အသျှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အပြင် ကျွန်တော်မျိုးတို့အား ကာကွယ်စောင့်ရှောက်မည့် အဆွေခင်ပွန်းများအဖြစ် (မိမိတို့၏ ယုံကြည်ချက်တွင်) အခြားမည်သူ့ကိုမျှ ပြုလုပ်နိုင်စွမ်း မရှိပါ။ (ခြုံငုံ၍ ပြောဆိုခြင်းဖြစ်သည်။ ထိုကာကွယ်စောင့်ရှောက်မည့် အဆွေခင်ပွန်းသည် ကျွန်တော်မျိုးတို့ ရွေးချယ်ပြုလုပ်နိုင်စွမ်း မရှိပါ။ ဆိုလိုသည်မှာ ကိုးကွယ်ခြင်းခံထိုက်မှုသည် အသျှင်မြတ်၌သာ ရှိသည်ဟု ခံယူ

ထားပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးတို့သည် ရှရစ်ကိပြုလုပ်ရန် ၎င်းတို့အား အမိန့်ပေးခြင်း၊ (သို့) ထိုသို့ ပြုလုပ်ခြင်းအပေါ် ပျော်ရွှင်ကျေနပ်မှုကို အဘယ်ကြောင့် ထုတ်ဖော်ရပါမည်နည်း။) သို့ရာတွင် (၎င်းတို့ကိုယ်တိုင်ပင် လမ်းမှားသို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုသို့ လမ်းမှားရခြင်းတွင်လည်း ၎င်းတို့သည် ကျေးဇူးတရား၏ အကြောင်းခံများကို သွေဖည်ဆန့်ကျင်ခြင်း၏ အကြောင်းခံများအဖြစ် ပြုလုပ်တတ်သည့် အသိတရားခေါင်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပေရာ) အသျှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ထိုသူတို့၏ အကြီးအကဲ (အဘ၊ ဘိုး၊ ဘေး) တို့အားလည်းကောင်း (ကောင်းစွာ) ချမ်းသာကြွယ်ဝစေတော်မူခဲ့ပါသည်။

(ထိုသို့ ချမ်းသာကြွယ်ဝစေသည့် သဘောဆန္ဒမှာ ကြွယ်ဝစေသူအား သိရှိပြီး ကျေးဇူးတုန့်ပြန်ခြင်းနှင့် အမိန့်တော်များ နာခံစေရန် ဖြစ်သော်လည်း ၎င်းတို့သည်) နောက်ဆုံးတွင် (အလိုရမ္မက်များနှင့် စိမ်ခံယစ်မူးခြင်းများ၌သာ လွန်စွာ မွေ့လျော်နေကြပြီး အသျှင်မြတ်အား သတိရတသခြင်းကို (ပင်) မေ့လျော့သွားခဲ့ကြသည်။ ထို့နောက် ၎င်းတို့ကိုယ်တိုင်ပင် ပျက်စီးသွားကြခြင်း ဖြစ်ပါသည်။ (ဆိုလိုသည်မှာ 'နဖူးစာဆိုခြင်းနှစ်မျိုးအနက် မိမိတို့ကိုယ်တိုင် လမ်းမှားသည့် နဖူးစာဆိုးခြင်းကို ရွေးချယ်ကြခြင်းဖြစ်ပါသည်။ ကျွန်တော်မျိုးတို့ ပြုလုပ်ခဲ့ခြင်း မရှိပါ' ဟု လျှောက်ထားကြမည်။ ၎င်းတို့၏ လမ်းမှားခြင်းကို အလ္လာဟ်အသျှင်မြတ်၏ ကြီးမားစွာသော ကျေးဇူးတော်များကို ၎င်းတို့အပေါ်၌ များစွာ ချီးမြှင့်တော်မူခဲ့ခြင်းအပေါ် တင်ပြလျက် ပို၍ ထင်ရှားစေခဲ့သည်။ ထိုအချိန်တွင် အလ္လာဟ်အသျှင်မြတ်သည် ထိုကိုးကွယ်သူတို့အား အဖြေမရှိသော အဖြစ်တွင် ပြုလုပ်၍ ဖော်ပြပါမေးခွန်းဖြင့် မေးမြန်းတော်မူမည်မှာ) သို့ဖြစ်ပေရာ ထို (အကိုးအကွယ်ခံ) သူတို့သည် အသင်တို့အား အသင်တို့၏ စကားရပ် (အားလုံး) တွင် မဟုတ်မမှန်ဟူ၍ ကန့်ကွက်ငြင်းဆိုကြပါသည်။ (၎င်းတို့သည်လည်း အသင်တို့နှင့်အတူ ပါဝင်ခြင်း မရှိခဲ့ပါဟု ဆိုကြပါသည်။ ပြစ်မှုအားလုံးသည် ရှင်းလင်းသွားခဲ့ပေပြီ။) သို့ဖြစ်ပေရာ (ယခု) အသင်တို့သည် မိမိတို့ကိုယ်တိုင် ('အဇာဗ်' အပြစ်ဒဏ်ကို မိမိအပေါ်မှ) ဖယ်ရှားရှောင်တိမ်းခြင်း ပြုနိုင်ကြမည်မဟုတ်ပါ။ ထို့အပြင် (အခြားမည်သူ တစ်ဦးတစ်ယောက်ဘက်မှ) မည်သည့်အကူအညီမျှ ပေးနိုင်ကြမည်မဟုတ်ပေ။ (နောက်ဆုံးတွင် ၎င်းတို့ အပြည့်အဝ အားကိုးအားထားပြုခဲ့ကြသူတို့ကလည်း ပွင့်ပွင့်လင်းလင်းပင် ငြင်းဆိုကြပေမည်။ အသင်တို့အား ပွင့်လင်းစွာ ဆန့်ကျင်ကြပေမည်။) ထို့နောက် အသင်တို့အနက် မည်သူမဆို မတရားပြုသူ (မုရှ်ရစ်က်) ဖြစ်မည်ဆိုလျှင် ငါအသျှင်မြတ်သည် ၎င်းအား ကြီးလေးသော 'အဇာဗ်' အပြစ်ဒဏ်ကို မြည်းစားစေတော်မူမည်။

(ထိုအချိန်တွင် ရှေ့တော်မှောက်၌ ရှိကြသူအားလုံးမှာ မုရှ်ရစ်က်များသာ ဖြစ်ပေမည်။ သို့သော် ထိုသို့ မိန့်ကြားရသည့် အကြောင်းမှာ မတရားမှု၏ တောင်းဆိုမှုသည် 'အဇာဗ်' အပြစ်ဒဏ်သာ ဖြစ်ကြောင်း တင်ပြမိန့်ကြားလိုသောကြောင့် ဖြစ်သည်။ အို၊ နဗီတမန်တော်) အသင့်အလျင်က ငါအသျှင်မြတ် စေလွှတ်တော်မူခဲ့သော နဗီတမန်တော်အားလုံးသည်လည်း ဧကန်မလွဲ အစားအစာများကို မှီဝဲစားသုံးခဲ့ကြသည်။ ဈေးများတွင်လည်း လှည့်လည်သွားလာခဲ့ကြလေသည်။ (နဗီဖြစ်ခြင်းနှင့် စားသောက်ခြင်း စသော ကိစ္စများသည် ဆန့်ကျင်မှု မရှိပါချေ။ စောဒကတက်သူများ လက်မခံသည်ပင်ဖြစ်စေ၊ ထိုနဗီတမန်တော်တို့၏ နဗီ

ဖြစ်ခြင်း အထောက်အထားမှာ ပြည့်စုံပါသည်။ အသင့်အပေါ်၌ စောဒကတက်ခြင်းများသည်လည်း မှားယွင်းပါသည်။) ထို့နောက် (အို၊ နဗီတမန်တော်၊ အို၊ နဗီတမန်တော်၏ နောက်လိုက်အပေါင်းတို့၊ အသင်တို့သည် ထိုကာဖိရ်တို့၏ အကျိုးမဲ့ အချည်းနှီးစကားများကြောင့် စိတ်သောကပူပင်ခြင်း မဖြစ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် အသင်တို့ (အားလုံး) အနက် တစ်ဦးကို တစ်ဦးအတွက် စမ်းသပ်ရန် စီမံပြုလုပ်ထားတော်မူသည်။ (ဖြစ်လေ့ဖြစ်ထရှိသော သဘာဝအလျောက် နဗီတမန်တော်များအား ၎င်းတို့၏ လူသားဖြစ်ခြင်းအပေါ် ကြည့်၍ မည်သူက ငြင်းပယ်မည်။ ထိုနဗီတမန်တော်များ၏ နဗီဖြစ်ခြင်း၏ ပြည့်ဝသည့် ဂုဏ်ရည်တော်များကို ကြည့်၍ မည်သူက လက်ခံမည်ကို စမ်းသပ်တော်မူရန် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤအချက်ကို သိရှိပြီးသောအခါ) အသင်တို့သည် (ယခုအချိန်၌လည်း) သည်းခံခြင်းတရား ရှိကြပါမည်လား။ (သည်းခံခြင်းတရား ထားကြရပေမည်။) ထို့အပြင် (ဤအချက်သည် မုချဧကန် အမှန်ဖြစ်သည်မှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကောင်းစွာ ရှုမြင်တော်မူပေသည်။ (သို့ဖြစ်ပေရာ ကတိပြု သတ်မှတ်ထားသည့်အချိန်တွင် ၎င်းတို့အား အပြစ်ဒဏ်များ ပေးတော်မူပေလိမ့်မည်။ သို့ပါ၍ အသင်သည် အဘယ်ကြောင့် ပူပင်သောက ဖြစ်နေရပါသနည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပြီးခဲ့သည့် အာယသ်တော်များတွင် ကာဖိရ်နှင့် မုရှ်ရစ်က်တို့ဘက်မှ ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်' နှင့် 'ရိစာလသ်' အပေါ်တွင် သံသယပွားမှုများအကြောင်း တင်ပြထားသည်။ တစ်ဖန် ထိုနေရာ၌ပင် ၎င်းတို့အပေါ် အကျဉ်းချုံး တုန့်ပြန်ဖြေကြားမှုများ ပေးခဲ့သည်။ ဤအာယသ်တော်များတွင် ထိုအကြောင်းကို အကျယ်တဝင့် တင်ပြထားသည်။ ၎င်း၏ အလိုသဘောမှာ 'အသင်တို့သည် မိမိတို့၏ အသိတရား ခေါင်းပါးမှုနှင့် အရင်းအမြစ်ကို သိနားလည်ခြင်းမှ ဝေးလံမှုတို့ကြောင့် 'အကယ်၍ ဤသူသည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ပါလျှင် ၎င်းထံတွင် မြောက်မြားစွာသော ရတနာသိုက်များ၊ ဥစ္စာပစ္စည်းများနှင့် ဥယျာဉ်ခြံမြေများ ရှိပေလိမ့်မည်။ သို့မှသာ ၎င်းသည် ဥစ္စာရှာဖွေမှုမှ အပူအပင်မရှိ ဖြစ်ပေမည်' ဟု ပြောဆိုခဲ့ကြသည်။ ထိုသို့ ပြောကြားခြင်းအပေါ် တုန့်ပြန်ဖြေကြားထားသည်မှာ 'ဤကဲ့သို့ပြုပေးရန်မှာ ငါအသျှင်မြတ်အဖို့ မည်သည့်ခက်ခဲမှုမျှ မရှိပါချေ။ မိမိ၏ ရစူလ်တမန်တော်အား ရတနာသိုက်များ ပေးကမ်းချီးမြှင့်တော်မူနိုင်ပေသည်။ ဤမျှသာမကသေးဘဲ အလွန်ကြီးမားသည့် အုပ်ချုပ်မှု အာဏာများလည်း ချီးမြှင့်နိုင်သည်။ ၎င်းအလျင်က ဟဇရသ်ဒါဝူးဒ် ﷺ နှင့် စုလိုင်မာန် ﷺ တို့ကို ဤကဲ့သို့သော ကြွယ်ဝချမ်းသာမှုနှင့် တစ်ကမ္ဘာလုံးအပေါ် အနိုင်းမဲ့သော အုပ်ချုပ်မှုအာဏာကို ချီးမြှင့်တော်မူပြီးနောက် မိမိ၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်များကို ပေါ်လွင်စေတော်မူခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အဖန်ဆင်းခံများ၏ ကောင်းကျိုးနှင့် မရေမတွက်နိုင်သော အမြော်အမြင် လျှို့ဝှက်ချက်တို့၏ တောင်းဆိုချက်အရ နဗီတမန်တော်များကို လောကီရေးအဆင်ပြေမှုနှင့် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာခြင်းများမှ သီးခြားဖြစ်စေတော်မူခဲ့သည်။ အထူးသဖြင့် တမန်တော်မြတ် ﷺ အတွက် အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်သူဆင်းရဲတို့၏ အတန်း၌လည်းကောင်း၊ ထိုသူဆင်းရဲတို့၏ အခြေအနေများ၌ လည်းကောင်း၊ နေစေရန် နှစ်သက်

တော်မူသည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်ကလည်း မိမိအတွက် ဤသည့်အခြေအနေကိုပင် နှစ်သက်တော်မူခဲ့သည်။ မွတ်စ်နဒ်အဟ်မဟ်နှင့် သိရ်မေဇီကျမ်းတို့တွင် ဟဇရသ်အဘူအိုမာမဟ် ؓ ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ က 'ငါကိုယ်တော်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ ငါအသျှင်မြတ်သည် အသင့်အဖို့ မက္ကာဟ်နှင့် မက္ကာဟ်ရှိ တောင်များကို ရွှေအဖြစ် ပြုလုပ်ပေးတော်မူမည်။ ထိုအခါ ငါကိုယ်တော်က 'အို၊ ကျွန်တော်မျိုး၏ အသျှင်၊ ကျွန်တော်မျိုးသည် တစ်ရက်ဗိုက်အပြည့်စားရန် အစားအစာရရှိပြီး (ထိုသို့ ရရှိသည့်အပေါ် အလ္လာဟ်အသျှင်မြတ်အား 'ရှကုရ်' ကျေးဇူးသိတတ်မှု ပြုပါမည်။) ထို့နောက် တစ်နေ့ အငတ်နေခြင်း (ထိုအပေါ်၌ သည်းခံခြင်း) ကို နှစ်သက်ပါသည်' ဟု လျှောက်ထားခဲ့ပါသည်' ဟု မိန့်ကြားတော်မူလေသည်။ ဟဇရသ်အာအေရှာဟ် ؓ သခင်မက မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ က 'အကယ်၍ ငါကိုယ်တော် အလိုရှိခဲ့ပါလျှင် ရွှေတောင်များသည် ငါကိုယ်တော်နှင့်အတူ လှည့်လည်နေလိမ့်မည်' ဟု မိန့်ကြားတော်မူသည်။ *[မဇ္ဇ်ဟရီကျမ်း]*

အချုပ်ဆိုရသော် နဗီတမန်တော်အပေါင်းတို့၏ အခြေအနေမှာ များသောအားဖြင့် ငတ်မွတ်ဆာလောင်မှုများဖြင့် နေရခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ မရေမတွက်နိုင်သော အမြော်အမြင်လျှို့ဝှက်ချက်များနှင့် လူသားတို့၏ ကောင်းကျိုးများစွာတို့ကို ရှေးရှုသောကြောင့် ဖြစ်သည်။ ဤသို့ဖြစ်ကြရာတွင်လည်း ၎င်းတို့သည် ဤအခြေအနေအပေါ်တွင် အကျပ်အတည်း မဖြစ်ကြပေ။ အကယ်၍ ၎င်းတို့သာ အလိုရှိပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အလွန် ကြီးမားသော ဥစ္စာရှင်ကြွယ်ဝသူများအဖြစ် ပြုပေးတော်မူနိုင်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အခြေခံအရင်းအမြစ်ကို 'ဥစ္စာပစ္စည်းများအပေါ် စွဲလန်းခင်တွယ်ခြင်း မဖြစ်စေရန် စီမံ ပြုလုပ်ထားတော်မူခဲ့သည်။ ၎င်းတို့သည် ဆင်းရဲမွဲတေ ငတ်မွတ်ဆာလောင်ခြင်းကိုသာ ခုံမင်နှစ်သက်ခဲ့ကြသည်။

ဒုတိယအချက်မှာ ကာဖိရ်တို့က '၎င်းတို့သည် နဗီတမန်တော်များ ဖြစ်ကြပါလျှင် လူသားများကဲ့သို့ စားခြင်း၊ သောက်ခြင်းများ ပြုကြမည်မဟုတ်ပေ။ ဝမ်းစာရှာဖွေရန် ဈေးများ၌ လှည့်လည်နေကြမည်မဟုတ်ပေ' ဟု ပြောဆိုကြလေသည်။ ဤစောဒကများ၏ အရင်းအမြစ်နှင့် များစွာသော ကာဖိရ်တို့၏ အယူအဆမှာ 'အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဟူသည်မှာ လူသားမဖြစ်နိုင်။ ဖရစ်ရှ်သာဟ်သာလျှင် ဖြစ်နိုင်သည်' ဟု ဖြစ်သည်။ ၎င်းတို့၏ အဖြေသည် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတွင် လာရှိပေသည်။ ဤနေရာတွင် ၎င်းတို့အား ဖြေကြားထားသည်မှာ 'အသင်တို့က နဗီ၊ ရစူလ်ဟု လက်ခံယုံကြည်ခြင်း ခံရသူများသည်လည်း လူသားများပင် ဖြစ်ခဲ့ကြသည်။ လူသားများကဲ့သို့ပင် စားခြင်း၊ သောက်ခြင်းနှင့် ဈေးများ၌ လှည့်လည်သွားလာခြင်းများလည်း ပြုကြသည်။ ဤအချက်အားဖြင့် အသင်တို့အား ထုတ်နှုတ်ပြလိုသည်မှာ စားခြင်း၊ သောက်ခြင်းနှင့် ဈေးများ၌ လှည့်လည်သွားလာခြင်းတို့သည် နဗီနှင့် ရစူလ်တမန်တော်တို့၏ အဆင့်အတန်းနှင့် ဆန့်ကျင်ဘက် မဖြစ်ပေ။ ဖော်ပြပါအာယသ်တော်များတွင်

وما ارسلنا قبلك من المرسلين اِلاّ انّهم ليا كُلُوْنَ الطعام

တွင် ဤသည့်အကြောင်းကိုပင် ဖော်ပြထားသည်။

အပန်ဆင်းခံများတွင် လူနေမှုအဆင့် မတူညီခြင်းတို့သည် ကြီးမားစွာသော အမြော်အမြင် လျှို့ဝှက်ချက်အပေါ် မူတည်ခြင်း

وجعلنا بعضكم لبعض فتنه

ဟူသော အာယသ်တော်တွင် ညွှန်းဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်အဖို့ အရာရာကို ပြုနိုင်စွမ်းရှိတော်မူသည်။ ထိုအသျှင်မြတ်သည် လူသားခပ်သိမ်းကို တူညီစွာ ချမ်းသာကြွယ်ဝသူများအဖြစ် ပြုပေးခြင်း၊ အားလုံးကို ကျန်းမာသန်စွမ်းစေခြင်း၊ မည်သူမျှ ရောဂါသည်ဟူ၍ မရှိစေခြင်း၊ အားလုံးကို ဂုဏ်သိက္ခာပေးခြင်း၊ မြင့်မားသော ရာထူးရာခံများဖြင့် အောင်မြင်စေခြင်းနှင့် မည်သူမျှ အဆင့်နိမ့်သောသူအဖြစ်မရှိစေခြင်းတို့ကို ပြုပေးနိုင်စွမ်းသော အသျှင်မြတ် ဖြစ်တော်မူသည်။ သို့ရာတွင် စကြဝဠာအား ထိန်းသိမ်းစောင့်ရှောက်မှု အစီအမံပြုခြင်းတွင် ထိုသို့ တူညီမှုများ ဖြစ်နေခြင်းကြောင့် ကြီးမားစွာသော အခက်အခဲများ ပေါ်ပေါက်လာပေမည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် အချို့ကို ကြွယ်ဝချမ်းသာ၊ အချို့ကို ဆင်းရဲနွမ်းပါးသူ၊ အချို့ကို အင်အားရှိသူ၊ အချို့ကို အင်အားချည့်နဲ့သူ၊ အချို့ကို ကျန်းမာသန်စွမ်းသူ၊ အချို့ကို ရောဂါဘယဖြစ်သူ အချို့ကို သိက္ခာရှိသူ၊ အချို့ကို အမည်မရှိသူများအဖြစ် ပြုလုပ်စီမံထားတော်မူသည်။ ဤသို့ ကွဲလွဲသော၊ အမျိုးအစား မတူညီသော ဂုဏ်ရည်များနှင့် ခြားနားသော အခြေအနေများတွင် ထား၍ အဆင့်တိုင်း၌ ရှိသူတိုင်းကို စမ်းသပ်၊ စစ်ဆေးခြင်း ဖြစ်သည်။ ချမ်းသာသူ၏ ကျေးဇူးသိတတ်မှုနှင့် သူဆင်းရဲ၏ သည်းခံမှုကို စမ်းသပ်ခြင်းပင် ဖြစ်သည်။ အလားတူ ရောဂါသည်နှင့် ကျန်းမာသူတို့၏ အခြေအနေဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ ၏ လမ်းညွှန်သင်ကြားပေးခြင်းမှာ 'အသင်တို့၏ ရှုမြင်မှုသည် ဥစ္စာပစ္စည်းအရာတွင် အသင်တို့ထက် များပြားသူအပေါ်သို့ ကျရောက်လျှင်ဖြစ်စေ၊ (သို့) ကျန်းမာရေး၊ အင်အား၊ ဂုဏ်သိက္ခာနှင့် ရာထူးတို့တွင် အသင်တို့ထက် ကြီးမားသူအပေါ်၌ အသင်တို့၏ ရှုမြင်မှု ကျရောက်လျှင်ဖြစ်စေ ထိုအခါ အသင်တို့သည် အဆိုပါအရာများတွင် အသင်တို့ထက် အဆင့်နိမ့်သူများဘက်သို့ ကြည့်ကြလေကုန်။' (သို့မှသာ 'အသင်တို့သည် မနာလိုဝန်တိုမှု၏ အပြစ်ဒုစရိုက်မှ ကင်းလွတ်၍ မိမိ၏ လက်ရှိအခြေအနေတွင် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးသိတတ်သည့် စွမ်းအားရရှိပေမည်' ဟု ဖြစ်သည်။ *[ဘုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း၊ မဇ္ဇဟရီကျမ်း။]*

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးကိ' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၁၈]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ ۝

معارف القرآن

"အသင်တို့ မသိကြပါမူ
တတ်သူများအား မေးမြန်းကြလေကုန်။"